# မြန်မာ့
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၀၆

# မြန်မာ
# စွယ်စုံကျမ်း
# နှစ်ချုပ်

၂၀၀၆

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၆ ခုနှစ်၊ အုပ်ရေ ၄၀၀၀

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)
(မှတ်ပုံတင်အမှတ် ၉၆၁-ယာယီ)ဖြင့် ဖိုတိုလစ်သို့ပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅-ယာယီ)ဖြင့် ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၀၃ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(၁) ဦးသော်ကောင်း ... ဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့

(၂) ဒေါက်တာ ကျော်စိန် ... အဖွဲ့ဝင်
အငြိမ်းစားပညာရေးဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၃) ဒေါက်တာ မျိုးသန့်တင် ... အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ဓတ္တုဗေဒနည်းပညာ
ဖြန့်ဖြူးရေးလုပ်ငန်း

(၄) ဒေါက်တာ ဦးခင်အေး ... အဖွဲ့ဝင်
(မောင်ခင်မင်–ဓနုဖြူ)
ပါမောက္ခ၊ မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

(၅) ဒေါ်တင်ဘုန်းနွယ် ... အဖွဲ့ဝင်
အငြိမ်းစားစာကြည့်တိုက်မှူးကြီး
တက္ကသိုလ်များဗဟိုစာကြည့်တိုက်

(၆) ဦးမြင့်ကြိုင် ... အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန

(၇) ဒေါက်တာ တိုးလှ ... အဖွဲ့ဝင်
အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသန
ဦးစီးဌာန

(၈) ဒေါက်တာ ခင်မောင်ညွန့် ... အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၉) ဦးထွန်းအောင်ချိန် ... အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့ဝင်၊
မြန်မာသမိုင်းအဖွဲ့

(၁၀) ဦးတင်ခ (တက္ကသိုလ်တင်ခ) ... အဖွဲ့ဝင်
အငြိမ်းစားဦးဆောင်ညွှန်ကြားရေးမှူး၊
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၁၁) ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ) ... အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေး
နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၂) ဦးလှကြိုင် (ပါရဂူ) ... အဖွဲ့ဝင်
စာရေးဆရာကြီး

(၁၃) ဦးဘသန်း (မဟာဝိဇ္ဇာ) ... အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊
ဝန်ထမ်းရေးရာဦးစီးဌာန

(၁၄) ဒေါ်ကြန် (မကြန်) ... အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၅) ဦးမျိုးသန့် (မောင်ဆုရှင်) ... အဖွဲ့ဝင်
အကြံပေးအရာရှိ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၆) ဦးထွန်းတင် ... အဖွဲ့ဝင်
မြန်မာစာအဖွဲ့ဝင်
မြန်မာစာအဖွဲ့ဦးစီးဌာန

(၁၇) ဦးမောင်လှိုင် (မောင်ဆွေငယ်) ... အတွင်းရေးမှူး
စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၆) ခုနှစ် စာတည်းအဖွဲ့

| | |
|---|---|
| စာတည်း (တာဝန်ခံ) | ဦးအုန်းလွင် |
| စာတည်းများ | ဦးစိုးမြင့်သန်း (နွေသင်နိုင်) |
| | ဒေါ်မျိုးမျိုးကြည် |
| ကွန်ပျူတာစာစီနှင့် ဒီနိုင်း | ဦးစန်းငွေ၊ မအေးစုမြတ် (စာပေဗိမာန်စာတည်းဌာန) |

ဤကျမ်းကို မရှစားမိ

**အပိုင်း (၁)**


၂၀၀၅ ခုနှစ် ဖြစ်ရပ်များ ... ... ... ... ... ... ... ... ၁


**အပိုင်း (၂)**

သဘာဝဘေးဒဏ်၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ စာပေရေးရာနှင့် အခြား နှစ်ချုပ် ဆောင်းပါးများ


| | | |
|---|---|---|
| ● တပ်မတော်အစိုးရလက်ထက်တိုးတက် ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များ | .... ဒေါ်အေးအေးမြင့် | ... ၄၄–၅၇ |
| ● ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ | .... ဦးကျော်ဟိုး (မဟာဝိဇ္ဇာ) | ... ၅၈–၆၇ |
| ● ၂၀၀၅ ခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့ခဲ့ ရသော သဘာဝဘေးဒဏ်များ | .... ဦးအုန်းလွင် | ... ၆၈–၇၉ |
| ● အမျိုးသားပြတိုက်၏ပြပွဲများ | .... ဦးမြင့်ကြိုင် | ... ၈၀–၈၇ |
| ● လူတိုင်းအကျုံးဝင်ပညာရေး | .... ဦးသန်းဦး ဦးတင်ညို | ... ၈၈–၉၉ |
| ● ချင်းတွင်းသင်္ဘောကျင်း (မုံရွာ) | .... စိုးတင့် (IWT) | ... ၁၀၀–၁၀၅ |
| ● ဖွံ့ဖြိုးတိုးတက်လာသောမြန်မာ့ဂျာနယ် လောက | .... နွေသင်နိုင် | ... ၁၀၆–၁၁၁ |
| ● ဉာဏပစ္စည်းများဆိုင်ရာမူပိုင်ခွင့် | .... မောင်ဆုရှင် | ... ၁၁၂–၁၁၉ |
| ● သိကောင်းစရာဒစ်ဂျစ်တယ်နည်းပညာ | .... မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) | ... ၁၂၀–၁၂၆ |


**အပိုင်း (၃)**


၂၀၀၅ ခုနှစ် အကြောင်းရပ်များ ... ၁၂၇

အက္ခရာစဉ်အညွှန်း ... ၃၁၈

# ဤကျမ်းကိုမရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၆ ခုနှစ်ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၅ ပါ အကြောင်းရပ်များနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၀၅ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၀၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၇ ခုနှစ် ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၀၅ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် သဘာဝ ဘေးဒဏ်၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲ၊ စာပေရေးရာနှင့် အခြားနှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ၉ ပုဒ်ပါဝင်ပါသည်။ ဒုတိယပိုင်းတွင်ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ် အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်းဖော်ပြ ခဲ့ပါသည်။ နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သောထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်း ဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၂၀၀၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ–စွယ်စုံနှစ်ချုပ် ၁၉၉၉)နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၅ ခုနှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ညွှန်းထားပါသည်။

စာပေဗိမာန်

# အပိုင်း-၁

## ၂၀၀၅ ခုနှစ် အကြောင်းရပ်များ

၂၀၀၅ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်းများအဖြစ် ရေးသားပြုစုဖော်ပြထားပါသည်။



(စာ ၂၅၆)



နှစ်ချုပ်
အထူး
ဆောင်းပါး
(စာ ၈၈)

နှစ်ချုပ်အထူး
ဆောင်းပါး (စာ ၁၂၆)



# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၆)

## မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ



ဗုဒ္ဓဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးအား
တရားဦးဟောတော်မူပုံ
(ကွယ်လွန်သူ ပန်းချီဆရာကြီး
ဦးဘကြည်၏ ပန်းချီကား)



သီတိုဋ္ဌ်ရှင်ဘုရား၏ စီးသင့်သွားသော
တံကဲတော်မှ ဗုဒ္ဓဝင်ဇာတ်တော်လာ
ပန်းပုလက်ရာ

၂၀၀၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ





ပခုက္ကူလေဆိပ်



ပုဂံပြတိုက်



ရှေးခေတ်မြန်မာမိသားစုတစ်စု၏
လက်ရည်တစ်ပြင်တည်း
ထမင်းဝိုင်းဖွဲ့စားသောက်နေပုံ



မြန်မာ့ရိုးရာ တထိန်ပွဲတစ်ခုတွင် ဗူထတန်း
ကျောင်းသားနှင့် ကျောင်းသူတစ်ဦး နှစ်ပါးသွား
အကဖြင့် ပျော်မြူးတင်ဆက်စဉ်



မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ
ပင်လယ်ကမ်းရိုးတန်းသွား
သံလွင်သင်္ဘော

# ၂၀၀၅ ခုနှစ် ဖြစ်ရပ်များ

၁-၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တောင်ကြီးမြို့တွင် တာဝန်ရှိပုဂ္ဂိုလ်များ ငြိမ်းချမ်းရေးအဖွဲ့များမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဆွေးနွေးမှာကြားသည်။

၂ အိန္ဒိယနိုင်ငံ၏ အိုင်တီလုပ်ငန်းသည် ၂၀၀၅ ခုနှစ်တွင် ၂၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်လာဖွယ်ရှိရာ အာရှ-ပစိဖိတ်ဒေသအတွင်း အမြန်ဆုံးကြီးထွားတိုးတက်လာသောလုပ်ငန်းကြီးဖြစ်လာသည်ဟုနိုင်ငံတကာဆိုင်ရာအိန္ဒိယသတင်းအချက်အလက်ကော်ပိုရေးရှင်းက ထုတ်ပြန်သည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည်။

၅ ၂၀၀၅ ခုနှစ် (၅၈) နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေးညှိနှိုင်း



၂၀၀၅ ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်း အမှတ်ဧည့်ခံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့တက်ရောက်စဉ်

အစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ရှိ နယူးကာစတယ်တက္ကသိုလ်မှ ဂွန်အိဒ်ကင်နှင့် ချာရစ်အင်န်စဝှတ်တို့က ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဖိုမျိုးပွားဆဲလ်ကို ခွဲခြားဆန်းစစ်နိုင်သော စက်တစ်မျိုးကို အောင်မြင်စွာတီထွင်နိုင်ခဲ့ပြီဖြစ်ရာ သားသမီးမထွန်းကားနိုင်သော အမျိုးသားတို့ ကလေးအဖေများဖြစ်လာနိုင်တော့မည်ဖြစ်ကြောင်း နယူးဆိုင်းယင့်စ် မဂ္ဂဇင်းက ဖော်ပြသည်။

၉ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသော တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမှတ်စဉ် (၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောသည်။

၈ ၂၀၀၄-၂၀၀၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌စတင်ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေဂေါက်သီးရိုက်ယှဉ်ပြိုင်ပွဲကိုကြည့်ရှုအားပေးသည်။

၁၀ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိမြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ ကျင်းပသောပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ်အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အားပေးချီးမြှင့်ပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖာတာလှုပ်ရှားမှုအဖွဲ့မှ သမ္မတလောင်းဖြစ်သူ မာမွတ်အဘတ်စ်သည် ဆန္ဒမဲ ၆၀ ရာခိုင်နှုန်းကျော် ရရှိကာ ပါလက်စတိုင်းသမ္မတအဖြစ် အရွေးခံရသည်။

၁၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနဝန်ကြီး H.E.Mr. Mani Shankar Aiyar နှင့်အဖွဲ့အား



မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှစ်ခုရရှိခဲ့သော ပေါ်ဦး

ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံစွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီး H.E.Mr. A.K.M Mosharraf Hossain နှင့်အဖွဲ့ကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မရွေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/ ၂၀၀၅) ထုတ်ပြန်သည်။

နိုင်ငံခြားကမ္ဘာလှည့်ခရီးသည် အရေအတွက်တိုးမြင့်ရန် ကြီးပမ်းဆောင်ရွက်မှုအဖြစ် အင်ဒိုနီးရှားနှင့် စင်ကာပူအစိုးရတို့သည် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် လေကြောင်းအဆက်အသွယ်ပိုမိုတိုးချဲ့ရန် သဘောတူညီခဲ့ကြသည်။

၁၄ အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရန်ကုန်မြို့ ဇီဝကလမ်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ခန်းမ၌ ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၅ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းလှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၆ ဟောလီးဝုဒ်နိုင်ငံခြားသတင်းစာဆရာများအသင်းဝင် ၉၃ ဦးက ရွေးချယ် ချီးမြှင့်လိုက်သော၆၂နှစ်မြောက်နှစ်ပတ်လည်ရွှေကမ္ဘာလုံးဆုရရှိသူများကို ထုတ်ပြန်ကြေညာလိုက်သည်။ The Aviator က ရုပ်ရှင်ဇာတ်ကားဆုကိုလည်းကောင်း၊ Million Dollar Baby ဇာတ်ကားမှHilary Swank ကအမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆုကိုလည်းကောင်း၊




**ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့ ဘီဗာလီဟီးလ်ရှိ ဘီဗာလီဟီလ်တန်အဆောက်အအုံ၌ ကျင်းပသည့် (၆၂) နှစ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲတွင် အကောင်းဆုံးသရုပ်ဆောင်ဆုများရရှိသွားသည့် လီယိုနာဒိုဒီကာပရီရိုနှင့် အင်နက်တီဘီနင်းကို တွေ့ရစဉ်**

The Aviator ဇာတ်ကားမှ Leonardo Dicaprio က အမျိုးသားရုပ်ရှင်သရုပ်ဆောင်ဆုကိုလည်းကောင်း၊ Million Dollar Baby ဇာတ်ကားရိုက်ကူးသူ Clint Eastwood က ဒါရိုက်တာဆုကိုလည်းကောင်း၊ Closer ဇာတ်ကားမှ Natalie Portman က အမျိုးသမီးဇာတ်ပို့ဆုနှင့် Clive Owen က အမျိုးသားဇာတ်ပို့ဆုကိုလည်းကောင်း၊ Being Julia ဇာတ်ကားမှ အင်နက်တီဘီနင်းက အမျိုးသမီးဟာသ သရုပ်ဆောင်ဆုကိုလည်းကောင်း အသီးသီးရရှိကြသည်။

၁၇ ၂၀၀၄ ခုနှစ်အတွင်း ကုန်စည်ပမာဏအရ ရှန်ဟိုင်းမြို့သည် စင်ကာပူမြို့ပြီးလျှင် ကမ္ဘာ့ဒုတိယအကြီးဆုံးဆိပ်ကမ်းဖြစ်လာခဲ့သည်။ ရှန်ဟိုင်းဆိပ်ကမ်းသည် ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်၌ ကုန်စည်တန် ၃၇၉ သန်းကို အတင်အချပြုလုပ်ပေးခဲ့ရာ ၂၀၀၃ ခုနှစ်ကထက် ၁၉ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုခဲ့ပြီး စင်ကာပူထက် ၂ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ရှန်ဟိုင်းဒေလီသတင်းစာက ဖော်ပြသည်။

၁၈ ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်သွားရန် မျှော်လင့်ထားကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်ဟု ဆီးရီးယားသတင်းဌာန ဆာနာက သတင်းထုတ်ပြန်သည်။

၁၉ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝကဆေးပညာစာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်



**အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်**

တက်ရောက်၍ အမှာစကားပြောကြားပြီး အကောင်းဆုံးသုတေသနဆုနှင့် ပိုစတာဆုများ ချီးမြှင့်ပေးအပ်သည်။

၂၀ ရုရှားနိုင်ငံ၏ပလီဆက်စ်အာကာသစခန်းမှလွှတ်တင်ခဲ့သည့် ကော့စမို ၃ အမ်ဒုံးပျံသည်ရည်ရွယ်သတ်မှတ်ထားသောကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဂြိုဟ်တုနှစ်လုံးကို ပို့ပေးခဲ့ကြောင်း အင်တာဖက်သတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

၂၂ ကျည်ဆန်ရထားများ၊ မောင်းသူမဲ့ဂေါက်လှည်းများ၊ ရုပ်မြင်သံကြားများနှင့် ဒီဂျစ်တယ်နာရီများအကြောင်းကြိုတင်ဟောကိန်းထုတ်ရေးသားခဲ့သော ၁၈၉၂ ခုနှစ်က စာအုပ်တစ်အုပ်ကို ပေါင် ၁၂၀၀ (အမေရိကန်ဒေါ်လာ ၂၂၄၀) ဖြင့် လေလံတင်ရောင်းချလိုက်သည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံအီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ (The Fourth Myanmar ICT Week 2005) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပသည်။ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

အီဂျစ်နိုင်ငံသို့ ၂၀၀၄ ခုနှစ် အတွင်း လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ၇ ဒသမ ၅ သန်းရှိခဲ့ရာ ၂၀၀၃ ခုနှစ်ကရောက်ရှိခဲ့သည့် ၆ ဒသမ ၄ သန်းနှင့်နှိုင်းစာလျှင် ၁၇ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ကြောင်း မီနာသတင်းဌာနကဖော်ပြသည်။

၂၄ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံဖွင့်ပွဲအခမ်းအနားနှင့် ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ၌ ကျင်းပသည်။ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး တက်ရောက်၍ အဆောက်အအုံသစ်ကမှည်းမော်ကွန်းကိုစက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီးအစည်းအဝေးတွင် အမှာ စကားပြောကြားသည်။

အကြမ်းဖက်မှုနှင့် ဆီးရီးယားနိုင်ငံဆက်စပ်မှုရှိကြောင်း အမေရိကန်ပြည်ထောင်စုက ဆီးရီးယားနိုင်ငံအား စွပ်စွဲခဲ့ခြင်းအတွက် ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုကို ပြစ်တင်ရှုတ်ချလိုက်သည်။

၂၅ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး ၁/၂၀၀၅ ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

နောက်ဆုံးလက်ကျန် ခြေလျင်တပ်သားကြီးဟု ထင်ရှားသော ပထမကမ္ဘာစစ်မှအီတလီစစ်မှုထမ်းဟောင်းကြီးကာလို အိုရီလီသည် အသက်(၁၁၀) ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း အီတလီအစိုးရက ကြေညာသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကျန်းမာရေးကာကွယ်မှုဆိုင်ရာစီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၇၅၀ ကို မိုက်ခရိုဆော့ဖ်ဥက္ကဋ္ဌဖြစ်သူသန်းကြွယ်သူဌေးကြီးဘဲလ်ဂိတ်စ်က လှူဒါန်းမည်ဖြစ်ကြောင်း ဗြိတိသျှသတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

၂၆ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၆)မှ သင်တန်းသားသင်တန်းသူများအား ဩဝါဒစကား မြွက်ကြားစဉ်။**



အအုံ၌ကျင်းပသော ၁၅ ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန် ညီလာခံနှင့် အပြည်ပြည်ဆိုင်ရာသွား ဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းတို့၏ ဆဌမအကြိမ်ပူးတွဲအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာ စကားပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၀၄ ခုနှစ် တွင် ဂျပန်နိုင်ငံ၏အကြီးမားဆုံးကုန်သွယ် ဖက်နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စု ၏နေရာကို အစားထိုးယူခဲ့ကြောင်းဘဏ္ဍာ ရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

၂၇ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း နှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားများကို ကရင်ပြည်နယ် ဘားအံခရိုင်ဘားအံမြို့ နယ် အိန္ဒုစံပြကျေးရွာ အားကစားကွင်း နှင့်မန္တလေးတိုင်းညောင်ဦးခရိုင် ညောင်ဦး မြို့နယ် သန့်စင်ကြယ်စံပြကျေးရွာတို့တွင် အသီးသီးကျင်းပကြသည်။

ဆေးလိပ်သောက်ခြင်းသည် ပန် ကရိယကင်ဆာကြီးထွားနှုန်းကို မြန်ဆန် စေဖွယ်ရှိကြောင်း၊ ငယ်ရွယ်သူများ ဆေးလိပ်သောက်ခြင်းကြောင့် ယင်းပန် ကရိယကင်ဆာကို ဖြစ်ပွားစေကြောင်း အမေရိကန်သုတေသီများကအစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှသင်တန်းသားသင်တန်းသူ များက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ လွှတ်တော်အဆောက်အအုံမင်္ဂလာခန်းမ ၌တွေ့ဆုံဂါရဝပြုပြီးဩဝါဒခံယူကြသည်။ ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်း ဆီထုတ်လုပ်မှုနှင့်တင်ပို့ရောင်းချမှုအများ ဆုံးဖြစ်လာပြီးနောက် နိုင်ငံအတွင်း စားအုန်း ဆီစိုက်ဧရိယာများ တိုးချဲ့ရန်သမ္မတဆူဆီ လိုဘန်းဘန်းယူဒိုယိုနိုက ဆူမတ္တရား တောင်ပိုင်းသို့ လာရောက်လည်ပတ်စဉ် တောင်သူများအား တိုက်တွန်းပြောကြား ချက်ကို ဒေသဆိုင်ရာသတင်းစာတစ် စောင်က ရေးသားဖော်ပြသည်။

၂၉ ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပသော မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ ဆဌမအကြိမ်မြောက် နိုင်ငံလုံး ဆိုင်ရာညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ သည်။ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် ၍ အမှာစကားပြောကြားသည်။

၃၀ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)သည် ပြည် ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ရေးတက္ကသိုလ်ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၆)မှ သင်တန်း သား သင်တန်းသူများကို ရန်ကုန်မြို့ မြရိပ်ညိုရှိဧည့်ခန်းဆောင်ဖြစ်သော ဝင်းရမ်ယံ? 

၃၁ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်း နှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

## ဖေဖော်ဝါရီလ

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသိဒ္ဓိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာ နိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ပြန်လည်ထွက်ခွာမည့် ထိုင်းနိုင်ငံ ထိုင်း ဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General chaisit Shinawatra ဦးဆောင် သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

### ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်



၂ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာအရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်ပြောကြားခဲ့သည့် ပြည်ထောင်စုမိန့်ခွန်းတွင် ဆီးရီးယားနိုင်ငံသည် အကြမ်းဖက်မှုကို ထောက်ခံအားပေးကြောင်း စွပ်စွဲပြောဆိုထားရာ ယင်းစွပ်စွဲချက်သည် အခြေအမြစ်မရှိဟုဆိုကာ ဆီးရီးယားနိုင်ငံက ငြင်းဆိုလိုက်သည်။

၄/၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မွန်ပြည်နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများကို လှည့်လည်စစ်ဆေးကြည့်ရှုပြီးလိုအပ်သည်များကို လမ်းညွှန်မိန့်ကြားသည်။

ထိုင်းနိုင်ငံသည် လာမည့် သီတင်းပတ်အတွင်း နိုင်ငံတကာဇီဝမျိုးကွဲဆိုင်ရာ အစည်းအဝေးနှစ်ရပ်ကို ကျင်းပရန် စီစဉ်

လျက်ရှိကြောင်း၊ ဒေသဆိုင်ရာ ဇီဝမျိုးကွဲများ ကာကွယ်စောင့်ရှောက်ရန် ဘုံလမ်းညွှန်ချက်များ မည်သို့ထူထောင်သွားမည်ကို ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်မူဝါဒဆိုင်ရာ စီမံကိန်းညွှန်ချုပ်နီဆာကွန်းကိုစစ်ရက်၏ ပြောကြားချက်ကို ထိုင်းသတင်းဌာနက ကိုးကားဖော်ပြသည်။

၆ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်မည့် ၅၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြို ဆိုသောအားဖြင့်မြန်မာနိုင်ငံ၌အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်သော သံလွင်မြစ်ကူးသံလွင်တံတား(မော်လမြိုင်)ကို ဖွင့်လှစ်လိုက်သည်။

၇ ၂၀၁၀ပြည့်နှစ်တွင် အရှေ့တောင်အာရှနှင့် အာဖရိက ဈေးကွက်များသို့ နှစ်စဉ်မော်တော်ဆိုင်ကယ်စီးရေနှစ်သန်းထက်မနည်း တင်ပို့ရောင်းချခြင်းဖြင့် ကမ္ဘာတွင် မော်တော်ဆိုင်ကယ်အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ရန် ဗီယက်နမ်နိုင်ငံက ရည်ရွယ်သည်။

၈ ၂၀၀၅ ခုနှစ် (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ (၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ချီးမြှင့်သည်။

ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်နှင့် သီရိလင်္ကာသမ္မတ ချန်ဒရီကာကုမာရာတွန်ဂါတို့နှစ်ဦးသည် အစ္စလမ္မာဘတ်မြို့တွင် တွေ့ဆုံကြပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနည်းလမ်းများနှင့်ဒေသဆိုင်ရာပြဿနာများနှင့်စပ်လျဉ်း၍ သဘောထားအမြင်ချင်း ဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း ပါကစ္စတန်အေပီသတင်းဌာနကသတင်း ဖော်ပြလိုက်သည်။

၉ အကြမ်းဖက်မှုကို ဆန့်ကျင်တိုက်ဖျက်ရာတွင် တစ်ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၌ နိုင်ငံတကာဆိုင်ရာအကြမ်းဖက်တိုက်ဖျက်ရေးဌာနတစ်ခုထူထောင်ရေးအတွက် ဆော်ဒီအာရေဗျနိုင်ငံ မင်းသားအဗ္ဗဒူလာဘင်အဒူအဇစ်က ဆော်ဩလိုက်သည်။

၁၀ ၅၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်၍ အောင်မြင်စွာပြီးစီးသွားသော နာနတ်



**နိုင်ငံတကာအကြမ်းဖက်တိုက်ဖျက်ရေးဌာန ထူထောင်ရန် ဆော်ဩလိုက်သော မင်းသားအဗ္ဗဒူလာဘင်အဒူအဇစ် (ဝဲ)**

တောင်းကျော်တံတားဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဗဟိုလမ်းနှင့် နာနတ်တောလမ်းဆုံအနီး တံတားထိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဈေးကွက်သစ် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခြေအနေကို တိုးတက်စေရန်နှင့် ပြုပြင်ပြောင်းလဲသွားရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကတိပြုလိုက်သည်။

၁၁ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့က



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

တည်ခင်းဧည့်ခံသော ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

ဆိုဗီယက်ခေတ်လွန်ကာလတွင် စီးပွားရေးကျဆင်းနေခဲ့ရပြီးနောက် ကျူးဘားနိုင်ငံ၏ စီးပွားရေးသည် ယခုအခါ ပြန်လည်ရှင်သန်တိုးတက်လျက်ရှိကြောင်း မိမိတို့၏ စီးပွားရေးသည် ပြာပုံဘဝမှ ပြန်လည်ရုန်းထလာခဲ့ရပြီး မိမိတို့အစိုးရက စီးပွားရေးလုပ်ငန်းများကို ပိုမိုထိန်းချုပ်လာနိုင်ကြောင်း တရုတ်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့ထံမှ ရရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့၏ စီးပွားရေးပြန်လည်ရှင်သန်ရေးတွင် အရေးပါကြောင်းသမ္မတဖီဒယ်လ်ကက်စထရိုက သုံးသပ်ပြောဆိုသည်။

၁၃ ပြန်ကြားရေး ဝန်ကြီးဌာနလုပ်ငန်း အကောင်အထည်ဖော်နိုင်မှုဂုဏ်ပြုပွဲကို မြန်မာ့အသံတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီးဂုဏ်ပြုခံဝန်ထမ်းများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီးစိုးဝင်း)သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အထူးကိုယ်စားလှယ် Dr. Nafis Sadik ကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အထူးကိုယ်စားလှယ် Dr. Nafis Sadik ကို ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။**

အာရှဆူနာမီ ဘေးဒုက္ခသည်များအတွက် ပေးသောအထောက်အကူများသည်အာဖရိကတိုက်၌ ငတ်မွတ်ခေါင်းပါးနေကြသည့် ပြည်သူများအတွက်ပေးသောရန်ပုံငွေများကို လမ်းကြောင်းပြောင်းပေးထားခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကပြောကြားလိုက်ပြီးပေးစာကမ်းစာအပေါ်အမှီပြုနေကြရသော အာဖရိကပြည်သူ ၂၂ သန်းကို မေ့မထားရန် အလှူရှင်များအားကုလသမဂ္ဂကမေတ္တာရပ်ခံလိုက်သည်။

၁၅ အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)၏ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပေါင်းစည်းရေးအတွက် စင်ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ခိုင်မာစွာပူးပေါင်းဆောင်ရွက်ကြရန်စင်ကာပူသမ္မတအက်စ်အာရ်နာသန်က တိုက်တွန်းလိုက်သည်။

၁၇ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်စတင်ကျင်းပသည်။ အစည်းအဝေးတွင် သဘာပတိအမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အဖွင့် မိန့်ခွန်းပြောကြားသည်။

၁၈ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅၆) သင်တန်းဆင်းအခမ်းအနားကိုဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိနဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍အမှာစကားပြောကြားသည်။

၂၀ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) သည် ဖိလစ်ပိုင်သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက်အထူးလေယာဉ်ဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ထွက်ခွာသည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ပြီးရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၂၃ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကိုရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်၌ ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်အတူ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မန္တလေးတိုင်း၊စစ်ကိုင်းတိုင်းရှိ သဖန်းဆိပ်ရေလှောင်တမံနှင့်ကန့်ဘလူကျွန်းအထူးစိုက်ခင်းများ၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို သွားရောက်စစ်ဆေးကြည့်ရှုသည်။

၂၄ ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပေးအပ်သည့် ဘေဘီဖရင်းဒလီဆုကို ကမ္ဘောဒီးယားနိုင်ငံအမျိုးသား မိခင်နှင့် ကလေးကျန်းမာရေးဗဟိုဌာန(အင်န်အမ်ဒီအိတ်ချ်စီ)က ပထမဆုံးရရှိသည့် ဆေးရုံဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနမှသိရသည်။

၂၅ ထိုင်းနိုင်ငံ၏ ပညာရေးစနစ်ကိုတိုးမြှင့်သွားရန်အတွက် ငွေကြေးရန်ပုံငွေ ပိုမိုပေးသွားမည်ဖြစ်ကြောင်းထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်ထရာက ကတိပေးလိုက်သည်ဟု ထိုင်းသတင်းဌာနကသတင်းဖော်ပြသည်။

၂၇ ဟောလီးဝုဒ်ရှိ ကိုဒတ်ရုပ်ရှင်ရုံတွင် ကျင်းပသည့် (၇၇)ကြိမ်မြောက်နှစ်ပတ်လည်အကယ်ဒမီဆုချီးမြှင့်ပွဲ၌ ရရှိသည့် စာရင်းအပြည့်အစုံကို ထုတ်ပြန်ကြေညာလိုက်သည်။ အကောင်းဆုံးဇာတ်ကားဆုကို ဝါနာဘရော့စ်ကုမ္ပဏီက ရိုက်ကူးခဲ့သည့် မီလျံဒေါ်လာဘေဘီရုပ်ရှင်ကားကလည်းကောင်း၊ အကောင်းဆုံးဒါရိုက်တာဆုကို မီလျံဒေါ်လာဘေဘီဇာတ်ကားအားရိုက်ကူးခဲ့သော ကလင့်အီစ်ဝုဒ်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်မင်းသားဆုကို ရေးရုပ်ရှင်ဇာတ်ကား၌သရုပ်ဆောင်ခဲ့သောဂျယ်မီဖောက်စ်ကလည်းကောင်း၊အကောင်းဆုံးရုပ်ရှင်မင်းသမီးဆုကို မီလျံဒေါ်လာဘေဘီရုပ်ရှင်ကား၌ သရုပ်ဆောင်ခဲ့သောဟီလာရီဆွမ့်ကလည်းကောင်း၊အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို မီလျံဒေါ်လာဘေဘီရုပ်ရှင်

**ကား၌ သရုပ်ဆောင်ခဲ့သူမော်ဂန်ဖရီးမင်း** ကလည်းကောင်း၊ အကောင်းဆုံးအမျိုး သမီးဇာတ်ပို့ဆုကိုသည်အဗီယေတာရုပ်ရှင် ကား၌ သရုပ်ဆောင်ခဲ့သူ ကိတ်ဗလန်ချက် ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိ ကြသည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြား ချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မ တော် (ကြည်းတပ်) ဦးစီးချုပ် General Prawit Wongsuwon ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ် ဖြင့် ရောက်ရှိလာကြသည်။

နိုင်ငံတကာဆိုင်ရာ အာကာသ စခန်းယာဉ် (အိုင်အက်စ်အက်စ်)၌ တာဝန် ထမ်းဆောင်နေကြသည့် အာကာသယာဉ် မှူးများထံ အစားအစာနှင့် အခြားကုန် ပစ္စည်းများပေးပို့ရန်အတွက် ကုန်တင် အာကာသယာဉ်ကို ရုရှားနိုင်ငံက လွှတ် တင်လိုက်သည်။

## မတ်လ

၁ ဆင်းရဲသော မိသားစုများ၏ ဝင် ငွေကို တိုးမြှင့်စေရန်အစိုးရများက ရည်မှန်းချက်ထားကိုင်တွယ်ဆောင်ရွက်နေ သော်လည်း ကမ္ဘာ့ချမ်းသာသော နိုင်ငံများ တွင်ရှိသည့် ကလေးငယ်များအနေဖြင့် ဆင်းရဲနွမ်းပါးမှုမှာပိုမိုတိုးတက်မြင့်မားလာ လျက်ရှိကြောင်း ကုလသမဂ္ဂအစီရင်ခံစာ တစ်ရပ်၌ ဖော်ပြထားသည်။

၂ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သည် ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူး ချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးလိုက်ပါ၍ ရန်ကုန် မြောက်ပိုင်းခရိုင်လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့တွင်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန် မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၃ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူး ကြီးသန်းရွှေသည် သီရိလင်္ကာဒီမိုကရက် တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံပါလီမန်ဥက္ကဋ္ဌ H.E.Mr.W.J.M Lokubandara နှင့်အဖွဲ့ ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ် တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမေရိကန်ပြည်ထောင်စုနိုင်ငံ ခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိကြောင်း အစီရင်ခံစာ တစ်စောင် ထုတ်ပြန်ကြေညာခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ချက်တစ်ရပ်ကိုထုတ်ပြန်ကြေညာသည်။

၅ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)သည်ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ရုံးအစည်းအဝေးခန်းမ၌ ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ပြည်နယ်/တိုင်းအုပ်ချုပ်ရေးမှူး များကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

၇ အမျိုးသားညီလာခံစုံညီအစည်း အဝေးကို ရန်ကုန်တိုင်း မှော်ဘီ မြို့နယ်ညောင်နှစ်ပင်စခန်းရှိပြည်ထောင်စု ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိ အဖြစ်ဆောင်ရွက်ပြီး ညီလာခံသို့တက် ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးအနက် ၁၀၇၂ ဦးတက်ရောက် သည့်အတွက်အစည်းအဝေးအထမြောက် သည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) သည် Daewoo Int'l Corporation ဥက္ကဋ္ဌ Mr.Tae Yong Lee နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဇမ်ဘာဘွေနိုင်ငံမှ ခုနစ်လသား အရွယ် ရင်ချင်းဆက်နေသည့်အမြွှာ ညီ အစ်ကိုနှစ်ဦးအား အသည်းတစ်ခုတည်း ကို မျှဝေခွဲစိတ်ပေးပြီးနောက် တိုရွန်တို မြို့ရှိ ဆစ်ကတ်စ်ဆေးရုံ၌ သီးခြားစီဖြစ် အောင်အောင်မြင်စွာခွဲစိတ်ပေးလိုက်သည်။

၉ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို မြို့ရှိ အနုပညာပြတိုက်၌ ပြသ ထားသော ရွှေသရဖူသည် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ ဘုရားကျောင်းတစ်ခုမှ ခိုးယူသွားခဲ့သောပစ္စည်းဖြစ်ပြီးအမေရိကန် ပြည်ထောင်စုသို့ တရားမဝင်ပေးပို့ရောင်းချ



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီသတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသော သတင်းစာဆရာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။**

ခဲ့ခြင်းဖြစ်သည်ဟုထိုင်းအာဏာပိုင်များက တာဝန်ပေးထားသောကျွမ်းကျင်အဖွဲ့၏ ပဏာမ တွေ့ရှိချက်များအရ သိရသည်။

၁၀ ကမ္ဘာတွင် ချမ်းသာကြွယ်ဝဆုံး သောကုဋေကြွယ်မဟာသူဌေးကြီးများ၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်စာရင်းကို ဖိုဘက်စ်မဂ္ဂဇင်းက ထုတ်ပြန်ကြေညာလိုက်သည်။

၁၁/၁၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ပဲခူးတိုင်းသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၁၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) က တစ်ဖက်သတ်စွပ်စွဲဖိအားပေးနေမှုများ၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်များ SURA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ် လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီးနောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပဲခူးတိုင်း ပဲခူးမြို့ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံနှင့်အလုပ်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန်အတွက် ထိရောက်သောဆောင်ရွက်ချက်များပိုမိုလုပ်ဆောင်ရန် စက်မှုရှစ်နိုင်ငံအုပ်စု (ဂျီ-၈)မှ ဝန်ကြီးများကို ကျွမ်းကျင်သူများနှင့် သိပ္ပံပညာရှင်များကတိုက်တွန်းလိုက်သည်။

၁၉ အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဒုတိယမြောက်

**နှစ်**ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် **ဥရောပ**တစ်ဝန်းရှိ မြို့ကြီးများတွင် စစ်**ဆန့်**ကျင်သူ ထောင်ပေါင်းများစွာသည် **စုစည်း**ဆန္ဒပြခဲ့ကြသည်။

၂၁ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)တွင်လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ခန့်က တည်ရှိခဲ့သော ကျောက်**ခေတ်**နှောင်းပိုင်းကာလ၌ အသုံးပြုခဲ့သည့် **ရှေး**ခေတ်လက်နက်များကို သုတေသန**ပညာ**ရှင်များက ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု **ဂေါ့**ဖ်နယူးစ်နေ့စဉ် ထုတ်သတင်းစာတွင် **ဖော်**ပြထားသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ**ဥက္ကဋ္ဌ** ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နှစ်(၆၀)ပြည့် တပ်မတော် နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေး ပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်းဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၄ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲမင်္ဂလာ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့တက်ရောက်ကြည်ညိုကြသည်။

၂၅ နှစ် (၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးကို ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံအပြီး အမှတ်တရဓာတ်ပုံမြင်ကွင်း**

ကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်မန္တလေးတိုင်းရမည်းသင်းခရိုင်ပျဉ်းမနားမြို့နယ်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နှစ်စဉ်ကလေးများသေဆုံးမှု၏ ၇၃ ရာခိုင်နှုန်းသည် ကာကွယ်တားဆီးနိုင်သော အဓိကရောဂါကြီးခြောက်မျိုးကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ အဆုတ်ရောင်ရောဂါ၊ ဝမ်းလျှောခြင်း၊ လမစေ့မီမွေးဖွားခြင်း၊ ငှက်ဖျား၊ သွေးကူးစက်ခြင်းနှင့် မွေးဖွားချိန်၌ အောက်စီဂျင်ချို့တဲ့ခြင်းတို့ကြောင့် ကလေးများသေဆုံးကြရသည်ဟုဆိုသည်။

၂၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး မစ္စတာကေ၊ နတ်ဝါဆင်းနှင့် အဖွဲ့ဝင်များကို ရန်ကုန်မြို့ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၇ ၂၀၀၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ခွန်းမြွက်ကြားသည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကိုယ်စားလှယ် Mr. Rajiv Kapur အား ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၉ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန် နှစ်နိုင်ငံတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့တွင် အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ကြရေးအတွက် လွတ်လပ်သောကုန်သွယ်ရေးသဘောတူချက် (အက်ဖ်တီအေ)တွင် လက်မှတ်ရေးထိုးကြရန် နှစ်ဦးနှစ်ဖက်အစိုးရများအား ကရာချိကိုယ်စားလှယ်အဖွဲ့ကတိုက်တွန်းလိုက်သည်။

၃၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂက သတ်မှတ်ထားသော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ပြည့်မြောက်စေရာတွင် ဖွံ့ဖြိုးပြီးကမ္ဘာသည် ကတိကဝတ်ပြုထားသောအထောက်အကူပေးမှုကို တိုးချဲ့သွားရန် ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်က တိုက်တွန်းလိုက်သည်။

၃၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိခဲ့သော ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလုံးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

အင်ဒိုနီးရှားသမ္မတဆူစီလိုဘန်ဘန်ယူဒိုယိုနိုသည် လျောင်လူပ်ခဲ့သည့်နီအယ်စ်ကျွန်းသို့ သွားရောက်ကာ အရေးပေါ်ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား တိုက်တွန်းခဲ့သည်။

## ဧပြီလ

၁ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညီလာခံစခန်းရပ်နားသဖြင့် ဌာနေသို့ ပြန်မည့်ညီလာခံကိုယ်စားလှယ်များကို ညောင်နှစ်ပင်စခန်းတွင် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်းရေးစွက်ဖက်မှုကို အပြစ်လွတ်စေရန်အတွက် လူ့အခွင့်အရေးအား အသုံးချနေခြင်းကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံခြားရေးဌာနမှ လီယူကျင်ချောင်က ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်ရုပ်ရှင်အစည်းအရုံးခန်းမတွင် ကျင်းပသော မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ကုလသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ထောက်ခံရန် ဘရာဇီးသမ္မတလူဝစ် အင်နာစီယိုလူလာဒါဆင်လ်ဗာဇာအား ပြောဆိုဆွေးနွေးခဲ့သည်ဟု ဆင်ဟွာ သတင်းဌာနကဖော်ပြသည်။

၃ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် မြိတ်မြို့စန္ဒဝတီကုန်းတော်၌ တည်ထားသည့် မဟာသိဒ္ဓိဇယစေတီဌာပနာတော်သွင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုစေတီအထွတ်သို့ပင့်ဆောင်တင်လှူသည်။

၄ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Senior Lieutenant General, Phung Quang Thanh နှင့် အဖွဲ့အား ရန်ကုန်ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၅ ၂၀၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ကျေးရွာအားလုံး၌ လျှပ်စစ်မီးများ ရရှိစေမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ဝန်ခံကတိပြုလိုက်သည်ဟု ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၆ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး) အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၇ တနင်္သာရီတိုင်း ခရီးစဉ်အဖြစ် ထားဝယ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထားဝယ်တပ်နယ်နှင့်မြို့နယ်မှဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အနာဂတ်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ခိုင်မာတိုးတက်ကောင်းမွန်စေရန်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံက အဆင်သင့်ရှိနေကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟွန်ဂျွန်က ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပုဂံညောင်ဦးတွင် ကျင်းပသော ပုဂံနန်းမြင့်မျှော်စင်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဗထူးတပ်မြို့တွင် ကျင်းပသော တပ်မတော်(ကြည်း) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)သင်တန်းဆင်းပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၈ အမေရိကန် ပြည်ထောင်စုနှင့် ဂျာမနီပြီးလျှင် တရုတ်နိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံးကုန်ပစ္စည်းတင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ (W.T.O) က အတည်ပြုလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်မှ အမေရိကန်တော်လှန်တိုက်ခိုက်ရေးသမားဟု ယူဆသော လူများကို ဖမ်းဆီးလျက်ရှိကြောင်း အင်တာနက်သတင်းကဖော်ပြသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၅ ခုနှစ်၊ အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိကကွန်ဖရင့်အထိမ်းအမှတ်ရွှေရတုအခမ်းအနားသို့ တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီသတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ပြေးစစ်ခမ်ဖနှင့် ဆက်နွယ်နေသည့် အဖွဲ့များကို မတရားသင်းအဖြစ်ကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၂၃ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)သည် သရက်ခရိုင်၊ အောင်လံမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိလယ်ယာ



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာဆရာကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



မိုဆူးလ်မြို့တောင်ဘက် ဆယ်လာမီယက်ကျေးရွာတွင် အီရတ်များအား
အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။



**ဧပြီ ၂၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာ ကိုဖီ အေ၊ အန်နန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့** Jakarta Convention Center **အခန်းအမှတ် (၄)၌ တွေ့ဆုံနှုတ်ဆက်စဉ်**

စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဒုရက်ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအန်နန်တို့သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၊ အခန်းအမှတ် (၄)၌ တွေ့ဆုံသည်။

၂၈ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)သည် ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ် တောင်ဘက်ရှိ ဧရာဝတီမြစ်အနောက်ဘက်ကမ်းစိုက်ပျိုးမြေဧက ၅၀၀၀ အကျိုးပြုမည့် ကန်စွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

၂၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်၊ မန်တုံမြို့တွင်ကျင်းပသော ဦးအိုက်မုန်းခေါင်းဆောင်သည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

## မေလ

၂ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲသို့ အသင်းနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်အမှာစကားပြောကြားသည်။

၃ ရန်ကုန်မြို့၊ စိန်ရတုခန်းမတွင်ကျင်းပသည့် ၂၀၀၅ အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောကြားသည်။

အီရတ်နှင့် သံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန် ဆီးရီးယားက ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်းဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနရေးအယ်လ်ရှာရာက ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၄ အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားတိုက်ခိုက်မှုများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၅ လက်ဘနွန်မှ ဆီးရီးယားတပ်များအားလုံးကို ရုပ်သိမ်းပြီးဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မိကာတိက အတည်ပြုပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၇ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) သည် မကွေးတိုင်းအတွင်းရှိ ဓာတ်မြေသြဇာစက်ရုံများ၊ ဥမင်ကိုးပေါက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မန်းရေနံမြေနှင့် သရက်ဘိလပ်မြေစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယတပ်မတော်အမှတ် (၃) တပ်မကြီးမှူး Lt, Gen.Dalijeect Singh နှင့်အဖွဲ့အား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၁၂ ရန်ကုန်တောင်ပိုင်းခရိုင်၊ သံလျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောကြားပြီးကမ္ပည်းကျောက်စာတိုင်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(၇)ကြိမ်မြောက် အာရှ ဥရောပအစည်းအဝေး(အေဆမ်)နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကိုဂျပန်နိုင်ငံတိုကျိုမြို့တွင် ကျင်းပသည်။

၁၃ အာဆီယံနှင့် ဆက်ဆံရေးပိုမိုခိုင်မာစေရန် ကြိုးပမ်းမည်ဖြစ်ကြောင်းပါကစ္စတန်ဝန်ကြီးချုပ်ရှောကတ်အဇစ်က ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၄ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး) သည် ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်ရှိ တစ်နေ့တန် (၂၀၀) ပျော့ဖတ်စက္ကူစက်ရုံ (သာပေါင်း)ဖွင့်ပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အိန္ဒိယနှင့် နျူကလီးယားစွမ်းအင်ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရန် ရုရှားနိုင်ငံက အသင့်ရှိကြောင်း သမ္မတဗလာဒီမာပူတင်က ပြောကြားလိုက်သည်ဟု ပီတီအိုင် သတင်းဌာနက ဖော်ပြသည်။

၁၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၇ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့တွင်း (၃)နေရာ၌ ဆက်တိုက်ဗုံးပေါက်ကွဲမှုကြောင့်ထိခိုက်ဒဏ်ရာရသူများအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဗီယက်နမ်နိုင်ငံ၊ ဟန်နွိုင်းမြို့၌ ကျင်းပသော ဒုလျှအိတ်ချ်အိုအစည်းအဝေးမှ အာရှနိုင်ငံများဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါပူးပေါင်းကာကွယ်ရေးကိစ္စကို တိုက်တွန်းပြောဆိုခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ (၄)ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၀ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ (၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောကြားသည်။



**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ဆန္ဒပြသူများက ကားတစ်စင်းကို မီးရှို့ဖျက်ဆီးစဉ်**

၂၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်ရှိ သံလွင်တံတား(တာပါး)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များအား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၂၅ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး အဆိုပြုချက်အား အီဂျစ်၏ ထောက်ခံမှုရရှိရန်အတွက် အတွင်းရေးမှူးချုပ် ကိုဖီအန်နန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၈ ကျူးဘားနိုင်ငံသည် အကြမ်းဖက်ဝါဒနှင့်အမေရိကန်ပြည်ထောင်စု၏ ရန်လိုသော မူဝါဒကို ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ကျူးဘားသမ္မတ ဖီဒယ်ကက်စ်ထရိုက ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၃၀ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုဗိုလ်ချုပ်ကြီး)တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

## ဇွန်လ

၂ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံစစ်သံမှူးများအား ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်တွင် လက်ခံတွေ့ဆုံသည်။

ထိုင်းနိုင်ငံသည် သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးဌာနကိုပထမဆုံးဖွင့်လှစ်လိုက်သည့် နိုင်ငံဖြစ်ကြောင်း ထိုင်းသတင်းစာများက ရေးသားဖော်ပြသည်။

၄ တိပိဋကဓရတိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်

မှတ်ဆက်ကပ်ပူဇော်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုဆက်ကပ်လှူဒါန်းသည်။

၆ IBC တွင် ကျင်းပသော ၂၀၀၅ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားသို့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်၏အစီရင်ခံစာတွင် အေအိုင်ဒီအက်ရောဂါသည် ကမ္ဘာအနှံ့ ဆက်လက်ကူးစက်ပျံ့နှံ့နိုင်သဖြင့် စိန်ခေါ်မှုများကို အရေးတကြီးအာရုံစိုက်ရန်လိုအပ်သည်ဟုပါဝင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၇ မြန်မာနှင့် တရုတ်သံတမန်ဆက်သွယ်မှု ၅၅ နှစ်မြောက် အထိမ်းအမှတ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တရုတ်သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

၈ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr.Li Jin Jun က ဧည့်ခံကျင်းပသော မြန်မာနှင့် တရုတ်သံတမန်ဆက်သွယ်မှု ၅၅ နှစ်မြောက် အခမ်းအနားသို့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး တက်ရောက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၏ ဒီမိုကရေစီနိုင်ငံရေးအဆိုပြုချက်အားလက်တင်အမေရိကနိုင်ငံများက ပြင်းပြင်းထန်ထန်ကန့်ကွက်လိုက်ကြောင်း MMAPTI သတင်းဌာနက ဖော်ပြသည်။

၁၀ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ ၆ နှစ်ပြည့် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍အမှာစကားပြောကြားသည်။

၁၂ SSNA စိုင်းရီ၊ SSA ရွက်ဆစ်တို့နှင့် ၎င်းတို့၏ အဖွဲ့ဝင်များ၏ နိုင်ငံတော်ပြိုကွဲရေးလုပ်ဆောင်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ၅/၂၀၀၅ ကို ကျင်းပသည်။

ကုလသမဂ္ဂကို ပြုပြင်ပြောင်းလဲရန်နှင့် ခိုင်မာတောင့်တင်းစေရန်အတွက် အခြားကုလသမဂ္ဂအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်နိုင်ငံအား အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က တိုက်တွန်းလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၃ အီရတ်တွင် အမေရိကန်၏ မတရားဖမ်းဆီးခံရသော အပြစ်မဲ့အီရတ်လူမျိုးထောင်ချီ၍ ရှိနေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်၏ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၄ အင်ဒိုနီးရှား၌ အကြမ်းဖက်မှုများကို တားဆီးကာကွယ်ကြရန် ပြည်နယ်အုပ်ချုပ်ရေးမှူးများအား သမ္မတက တိုက်တွန်းလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၅ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု ဗိုလ်ချုပ်ကြီး)သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၈) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၉ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်ရှိ အစိုးရနည်းပညာကောလိပ် (ကျိုင်းတုံ) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲသို့တက်ရောက်ချီးမြှင့်၍အမှာစကားပြောကြားသည်။

၂၀ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ရုပ်ရှင်ပြသမှုဆိုင်ရာမွမ်းမံသင်တန်း ၁/၂၀၀၅ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အီရတ်နိုင်ငံ၊ ဖလူးဂျာမြို့တွင် အီရတ်အစ္စလာမ်ပါတီဌာနချုပ်အနီး၌ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အဖွဲ့ဝင် ၁၄ ဦး သေဆုံးပြီး ၈ ဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်သည် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့်သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

၂၃ မြန်မာအမျိုးသမီးနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို အဖွဲ့ချုပ်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

၂၄ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး



**အီရန်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် တီဟီရန်မြို့တော်ဝန် မာမွတ်အမာဒင်ဂျက်မဲဆန္ဒပေးနေစဉ်**

ဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဆဌမအကြိမ် သုတစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၂၅ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ဖူးမြော်ကြည်ညိုသည်။

တီဟီရန်မြို့တော်ဝန် မာမွတ်အမာဒင်ဂျက်သည် အီရန်သမ္မတအဖြစ် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း အီရန်ပြည်ထဲရေးဝန်ကြီးဌာနကကြေညာလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၆ ရန်ကုန်မြို့၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ပြုလုပ်သော မူးယစ်ဆေးဝါးများ (၁၉) ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲသို့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

ကုလသမဂ္ဂ၏ ရသုံးငွေစာရင်းသို့ အမေရိကန်ပြည်ထောင်စုက ထည့်သွင်းရန်ရှိသည့်ငွေကြေးအား တစ်ဖက်သတ်ဖြတ်တောက်မည့် အမေရိကန်အောက်လွှတ်တော်အမတ် ဟင်နရီဟိုဒ်တင်သွင်းသည့် အဆိုကိုကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြစ်တင်ရှုတ်ချလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၇ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)သို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

အီရတ်၊ ဖလူးဂျာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၍၊ သုံးဦးပျောက်ဆုံးနေကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နီပေါနိုင်ငံသံအမတ်ကြီးမစ္စတာဗစ်ထရီအက်စ်ဂျေဘီယာနာအား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

၂၉ မြန်မာနိုင်ငံ၊ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) တတိယနေ့အစီအစဉ်ကို မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဆက်လက်ကျင်းပသည်။

## ဇူလိုင်လ

၁ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၅)နှစ်မြောက်နှစ်ပတ်လည်နေ့နှင့် ဝန်ကြီးဌာနကျောင်းနေဝန်ထမ်းသားသမီးများအားပညာသင်ထောက်ပံ့ကြေးပေးခြင်းအခမ်းအနားကို သိမ်ဖြူလမ်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမတွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းတက်ရောက်သည်။

၂ အမေရိကန်အစိုးရက မိမိတို့အပေါ် ရန်လိုသည့် သဘောထားများရှိနေသမျှကာလပတ်လုံး အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ရည်ရွယ်ချက်မရှိကြောင်း အီရန်သမ္မတအဖြစ် လောလောလတ်လတ်တင်မြှောက်ခံရသည့် မာမွတ်

အမာဒင်ဂျက်က တီဟီရန်မြို့တွင် ပြောကြားလိုက်ကြောင်း အမ်အင်အေ၊ ဆင်ဟွာသတင်းက ဖော်ပြသည်။

၃-၅ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအမှူးပြုသော တာဝန်ရှိသူများကတရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကူမင်းမြို့တွင် ကျင်းပမည့် ဒုတိယ အကြိမ် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

၄ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် အမြင့် ၄၁ ပေ ၇ လက်မရှိ ကမ္ဘာ့အမြင့်ဆုံး သုံးဘီးယာဉ်ကို တီထွင်သူက စီးပြသည်။ အရှည် ၃၇ ပေ ၄ လက်မ၊ အချင်း ၁၄ ပေ ၁၀ လက်မရှိ ဘီးများတပ်ထားသော ထိုသုံးဘီးယာဉ်ကို နှစ်နှစ်ခွဲကြာတည်ဆောက်ခဲ့ရသည်။

၆ သဟဇာတဖြစ်သော ဆက်ဆံမှုသည် ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတိုးတက်စေရန်အရေးကြီးသော အချက်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ရှော်ကက်အဇစ်နှင့် ဆွေးနွေးစဉ် တရုတ်သမ္မတဟူကျင်တောင်က ပြောကြားသည်။

၇ လန်ဒန်မြို့လယ်ခေါင်တွင် ပြေးဆွဲသော ဘတ်စ်ကားတစ်စီးပေါ်နှင့် မြေအောက်မီးရထားတွဲများပေါ်တွင် အကြမ်းဖက်သမားများ ထောင်ထားသည့် ဗုံးများပေါက်ကွဲရာအနည်းဆုံး လူ ၄၉ ဦး သေဆုံး၍ ၇၀၀ ကျော် ဒဏ်ရာရရှိသည်။

၈ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိ




**လန်ဒန်မြို့လယ်ခေါင်တွင် ပြေးဆွဲသောဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရသည့်မြင်ကွင်း**

ရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို သိမ်ဖြူလမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် ပြုလုပ်သည်။ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်အမှာစကားပြောသည်။

အကြမ်းဖက်မှုသည် သူရဲဘောကြောင်သည့်လုပ်ရပ်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက ပြောကြားပြီး ၎င်းအနိဋ္ဌာရုံကို ပြတ်ပြတ်သားသားတိုက်ဖျက်ရန်ကမ္ဘာ့ဒီမိုကရေစီအင်အားစုများ စုပေါင်းကြိုးပမ်းသင့်ကြောင်း တိုက်တွန်းလိုက်သည်။

၁၀ တည်ဆောက်ပြီးစီးသည့် အစိုးရနည်းပညာကောလိပ် (ဗန်းမော်) ပင်မအဆောက်အအုံသစ်ဖွင့်ပွဲကို ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အီရတ်နိုင်ငံတွင် ဗုံးခွဲသူများက တစ်ရက်တည်းဗုံးခွဲတိုက်ခိုက်မှု ငါးကြိမ်ပြုလုပ်ရာ လူ ၄၀ ကျော် သေဆုံးသည်။ ဘဂ္ဂဒက်မြို့လယ်ခေါင်မူသာနာလေယာဉ်ကွင်းတွင် ဖောက်ခွဲရေးပစ္စည်းများ ကိုယ်တွင်ချည်ထားသူတစ်ဦးက ဗုံးဖောက်ခွဲ၍ လူ ၂၅ ဦးသေပြီး ၄၇ ဦး ဒဏ်ရာရသည်။ တစ်ခြားနေရာများတွင် တိုက်ခိုက်မှုများကြောင့်လည်း လူ ၁၄ ဦး သေဆုံးသည်။ ဧပြီလ ၂၈ ရက်မှစ၍ ယခုအထိ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် လူ ၆၅၀၀ ကျော်သေဆုံးခဲ့ကြောင်း အင်တာနက်ကဆိုသည်။

၁၁ မကွေးတိုင်း ပခုက္ကူခရိုင်၊ ပေါက်မြို့နယ် ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း၊ ယောချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသည့် အမှတ် (၂) ပေါက်တံတား (ရေပြာ)ဖွင့်ပွဲကို အဆိုပါတံတားဖွင့်ပွဲမင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

၁၂ ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့တွင် ဇူလ ၁၇ မှ ၃၁ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် ကမ္ဘာ့ရေကူးပြိုင်ပွဲနှင့် ကမ္ဘာ့ရေကူးအဖွဲ့ချုပ်ညီလာခံသို့ ယှဉ်ပြိုင်တက်ရောက်ရန် မြန်မာရေကူးအဖွဲ့ ထွက်ခွာသည်။ အဆိုပါရေကူးပြိုင်ပွဲကို မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သည် ပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

၁၃ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ် (၈)သင်တန်းဆင်းပွဲအခမ်းအနားကို မှော်ဘီမြို့နယ် အဆိုပါအသင်းသင်တန်းကျောင်းရှိပြည်ထောင်စုခန်းမတွင် ကျင်းပသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောသည်။

စက်ရုပ်များ ဘောလုံးပြိုင်ပွဲ 'ရိုဘိုဖလား ၂၀၀၅' ကိုဂျပန်နိုင်ငံအိုဆာကာမြို့တွင်ကျင်းပသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရေးအတွက် အိန္ဒိယနိုင်ငံကြိုးပမ်းမှုကို တရုတ်က ထောက်ခံမည်ဖြစ်ကြောင်း သို့သော် လုံခြုံရေးကောင်စီဝင်တိုးချဲ့ခြင်းကို ညှိနှိုင်းဆွေးနွေးရန် လိုအပ်ကြောင်း တရုတ်ခေါင်းဆောင်ပိုင်းကပြောသည်။

၁၄ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ပေါင်ချိန်စက်များ လှူဒါန်းပွဲအခမ်းအနားကိုတောင်ဥက္ကလာပမြို့နယ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမတွင် ကျင်းပသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

၁၅ ၂၀၀၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ဆီဒိုးနားဟိုတယ်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောသည်။

၁၇ အိန္ဒိယအရှေ့ မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်သည်။ လူ ၁၂ ဦးသေဆုံးသည်။ တစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်သည်။

၁၈ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်)တွင်(၁၁)ကြိမ်မြောက်ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုကို သွားရောက်ကြည့်ရှုသည်။

၁၉ အမေရိကန်နှင့် ဗြိတိသျှတပ်များက ၂၀၀၃ ခုနှစ် မတ်လမှစ၍ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်အရပ်သား ၂၅၀၀၀ ခန့် သေဆုံးခဲ့ပြီးဖြစ်ကြောင်း၊ နေ့စဉ်ပျမ်းမျှ ၃၄ ဦး သေဆုံးခဲ့ကြောင်း ဗြိတိသျှသုတေသနဌာနတစ်ခုက အစီရင်ခံစာ ထုတ်ပြန်သည်။

၂၀ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကို ဒဂုံမြို့သစ် (တောင်ပိုင်း)၊ နိကာယ်စာသင်တိုက် ပြည်လုံးချမ်းသာမဟာသိမ်တော်ကြီးတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းသည်။

၂၃ အီဂျစ်နိုင်ငံ ရှမ်အယ်ရှိတ်ပင်လယ်နီ အပန်းဖြေစခန်းတွင် ကားဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားသည်။ လူ ၈၃ ဦးသေဆုံးသည်။ ၁၀၀ကျော်ဒဏ်ရာရသည်။ အီဂျစ်နိုင်ငံတွင် ၈ နှစ်အတွင်း အသေအပျောက်အများဆုံးတိုက်ခိုက်မှုဖြစ်သည်။

၂၄ ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ ၆ နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်း



**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာလီကျောက်ရှင်းကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

အနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်သည်။

၂၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် HE Dr. Surakiart Sathirathan နှင့်အဖွဲ့ကို ပြည်သူ့လွှတ်တော်အဆောက်အအုံသံတမန်ခန်းမတွင် တွေ့ဆုံသည်။

၂၆ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် (၂၉) ကြိမ်မြောက်အမျိုးသားတံခွန်စိုက်အပြည်ပြည်ဆိုင်ရာဖိတ်ခေါ်မြားပစ်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ပွဲစဉ်များအပြီး၌ မြန်မာမြားပစ် အားကစားအဖွဲ့သည် ဆုတံဆိပ်စုစုပေါင်း ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခုနစ်ခု၊ ကြေးတံဆိပ်ခြောက်ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမရရှိသည်။

၂၇ အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂိုအာပြည်နယ် မာဂါအိုမြို့ ရခမ်မွန်ဒေသ၊ မဟာရတ်ရှ်ထရာပြည်နယ် ရိုင်ဂတ်ဒေသ၊ နိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်နှင့် ဒေသအချို့တွင် မိုးအဆ မပြတ်ရွာသွန်းပြီး အကြီးအကျယ်မြေပြိုသည်။ အနည်းဆုံး လူ ၃၅ ဦး သေဆုံးသည်။ လူ ၂၀၀ မြေပြိုမှုများ အောက်တွင် ပိတ်မိနေသည်။ ၁၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်သည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာလီကျောက်ရှင်းနှင့်အဖွဲ့ကိုပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဓမ္မစေတီလမ်း၊အလယ်တောရစံပြစာသင်တိုက်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်သည်။

## သြဂုတ်လ

၂ အမျိုးသားကျန်းမာရေးကော်မတီ (၄၃)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့၊ ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်ခန်းမတွင် ကျင်းပသည်။ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ဆွေးနွေးမှာကြားသည်။

အီရတ်နိုင်ငံတွင် ယခုနှစ်စမှစ၍ ဇူလိုင်အထိ အီရတ်နိုင်ငံသား ၄၀၀၀ ကျော် သေဆုံးခဲ့ရာ တစ်ဝက်ကျော်မှာ အရပ်သားများဖြစ်ကြောင်း တရားဝင်သတင်းကဖော်ပြသည်။

၃ ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပသည်။

သုတေသန ပညာရှင်များက နှစ်ပေါင်း ၂၄၀၀ ခန့်ကဟု အကဲဖြတ်သော ငွေဖြင့်ပြုလုပ်ထားသည့် တိရစ္ဆာန်တစ်ကောင်၏ ဦးခေါင်းပုံရှေးဟောင်းသောက်ရေခွက်တစ်ခွက်ကိုဘူဂေးရီးယားနိုင်ငံ၊ ဆိုဖိယာမြို့အရှေ့ဘက် မိုင် ၁၈၀ အကွာ ကျေးရွာတစ်ရွာအနီးတွင် ရှာဖွေတွေ့ရှိသည်။

၅ ချစ်ဦး (ဧရာဝတီတိုင်း)သည်(၂၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဒုတိယအကြိမ် သုံးမျိုးအားကစားပြိုင်ပွဲ လူရွေးပွဲတွင် ဗိုလ်စွဲပြီး ဆုကြေးငွေ ၁၀ သိန်း ဆွတ်ခူးသည်။

၇ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း-ရေ-လေ) မိသားစုနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ပွဲများစိုက်ထူလှူဒါန်းပွဲတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၈ ဂျပန်နိုင်ငံ နာဂါဆာကီမြို့တွင် အမေရိကန်တို့ အဏုမြူဗုံးကြဲချသည့်အကြိမ် (၃၀) မြောက် နှစ်ပတ်လည်နေ့အခမ်းအနားပြုလုပ်သည်။ ဂျပန်




**(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဒုတိယအကြိမ် သုံးမျိုးစုံအားကစားပြိုင်ပွဲ လူရွေးပွဲတွင် ဗိုလ်စွဲပြီး ကျပ် ၁၀ သိန်း ဆွတ်ခူးသွားသည့် ချစ်ဦး (ဧရာဝတီတိုင်း)**

ဝန်ကြီးချုပ်ကိုအိဇုမိအပါအဝင် ပြည်သူ ၆၀၀၀ ခန့် တက်ရောက်သည်။ မြို့တော်ဝန်အီတိုကန္နျူကလီးယားဖြင့်ခြိမ်းခြောက်နေသည့် အမေရိကန်ပြည်ထောင်စုကို ဝေဖန်လိုက်သည်။

၄ အာကာသယာဉ်မှူး ခုနစ်ဦးလိုက်ပါသွားခဲ့သော ဒစ္စကာဗာရီလွန်းပျံယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ကမ္ဘာမြေပြင်သို့ ပြန်လည်ထွက်ခွာလာရာ ဒေသစံတော်ချိန် ၅ နာရီ ၁၂ မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၂ နာရီ ၁၂ မိနစ်) (မြန်မာစံတော်ချိန်ညနေ ၆ နာရီ ၄၂ မိနစ်)၌ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားမြေပြင်စခန်းသို့ချောမောစွာ ပြန်လည်ဆင်းသက်သည်။ ယင်းလွန်းပျံယာဉ်သည် လွှတ်တင်သည့်အချိန်မှဆင်းသက်ချိန်အထိ ၁၄ ရက်ကြာမြင့်သည်။

၁၀ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လှယ်အိတ်နှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးတွင်ကျင်းပသည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လှူဒါန်းပစ္စည်းများကို သက်ဆိုင်ရာ ဦးစီးဌာနနှင့် အသင်းသို့ ပေးအပ်လှူဒါန်းသည်။

၁၁ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကို မှော်ဘီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသင်တန်းကျောင်း ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။ အသင်းဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်အမှာစကားပြောသည်။

ဂျပန်လူမျိုးများဖြစ်သော အသက် ၁၀၄ နှစ်ရှိ အဘိုးရှိုင်ချီဂိုမိနှင့် အသက် ၁၀၃ နှစ်ရှိ အဘွားကာရိုနိုတို့သည် ကမ္ဘာ့အသက်အကြီးဆုံးဇနီးမောင်နှံဆုဆွတ်ခူးပြီး ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ခံရသည်။

၁၂ / ၁၆ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပခုက္ကူခရိုင်ရေရရှိရေးလုပ်ငန်းများ၊ စက်ရုံများ၊ စက်မှုဇုန်များကို ကြည့်ရှုစစ်ဆေးသည်။ စီးပွားရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ပခုက္ကူ-ကလေး-ဂန့်ဂေါရထားလမ်းမှ ပုံညာတောင်ရထားလမ်း ဥမင်ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မုံရွာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်များကို သွားရောက်စစ်ဆေးသည်။ ထို့နောက် ရှမ်းပြည်နယ်၊ ရွှာင်မြို့နယ်ဇော်ဂျီ (မြို့ကြီး) ရေလှောင်တမံစီမံကိန်းကို စစ်ဆေးကြည့်ရှုသည်။ ထို့မှတစ်ဆင့်မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကို ရောက်ရှိစစ်ဆေးသည်။ တစ်ဖန်မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးနှင့်

စိုက်ပျိုးရေရရှိရေး အစည်းအဝေးသို့ တက်ရောက်သည်။

၁၃ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် (၂၉) အခြေခံမူလတန်းကျောင်း၊ အမှတ် (၃၀) အခြေခံမူလတန်းကျောင်းနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းများ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

၁၆ ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ဘက် ဆန်ဒိုင်းမြို့အနီး ဟီယာဂီကမ်းလွန် သမုဒ္ဒရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိငလျင်လှုပ်သည်။အဆောက်အအုံများ ပျက်စီးပြီး လူ ၅၉ ဦး ဒဏ်ရာရသည်။

၁၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr. Ali Alatas ကို ရန်ကုန်၊ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

၂၀၀၅ ခုနှစ် အာဆီယံအသက်(၂၀)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို အင်ဒိုနီးရှားနိုင်ငံ ပါလမ်ဘမ်မြို့တွင် ကျင်းပသည်။ မြန်မာလူငယ်အသင်းက မလေးရှားလူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပွားသော ဗုံးဖောက်ခွဲမှုများသည် အီရန်နိုင်ငံနှင့် ဆက်စပ်မှုရှိသည်ဟု အမေရိကန်က စွပ်စွဲသည်။ အီရန်ခေါင်းဆောင်အယာတိုလာအလီခါမေနီက စွပ်စွဲချက်ကိုငြင်းဆိုလိုက်သည်။

၂၀ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး အမှတ်စဉ် (၃/၂၀၀၅)ကို ရန်ကုန်၊ ကျိုက္ကဆံကွင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးခန်းမတွင်ပြုလုပ်သည်။ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်အမှာစကားပြောသည်။

တောင်တရုတ်ပင်လယ်တွင် ဂျပန်ကမ်းရိုးတန်းကင်းလှည့် ရေယာဉ်များစစ်ရေးလေ့ကျင့်မှုပြုလုပ်သည်။

၂၁ ၂၀၀၅ ခုနှစ် အာဆီယံအသက် (၂၀) အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်း ပြန်လည်ရောက်ရှိသည်။မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်အမှူးပြု၍ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အမေရိကန်တို့ ပါဝင်ပတ်သက်လျက်ရှိသော အီရတ်အရေးအခင်းမှာ ဗီယက်နမ်စစ်ပွဲနှင့်ပိုမိုဆင်တူလာကြောင်း အမေရိကန်တို့ အီရတ်မှ ထွက်ခွာနိုင်ရေးနည်းလမ်းရှာကြရန် ဩဇာတိက္ကမကြီးသော အမေရိကန်ရီပတ်ဘလီကန် အထက်လွှတ်တော် အမတ်တစ်ဦးက ဝေဖန်ပြောကြားလိုက်သည်။

၂၂ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် (၃) တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်းရှိ Fair Sun Mould and Die Industry ၏ မိုနှင့်ဒိုင် စက်မှုလုပ်ငန်းစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။

သားအိမ်ကင်ဆာရောဂါ မဖြစ်ပွားမီတစ်နှစ်ခန့်ကြိုတင်၍ လက္ခဏာပြတတ်ကြောင်း၊ ဝမ်းဗိုက်အောက်ပိုင်းရောင်ရမ်းခြင်းနှင့် တင်ပါးဆုံရိုးများနာကျင်ခြင်းဝေဒနာများ ခံစားနေရပါက ဆရာဝန်ထံပြသင့်ကြောင်း ဆေးဘက်ဆိုင်ရာကာလီဖိုးနီးယားတက္ကသိုလ်မှ ဒေါက်တာအယ်လ်လေ့စမစ်က ပြောကြားသည်။

၂၃ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Col. Vietor S. Timoshkov နှင့် စစ်သံမှူး အသစ်ဖြစ်သည့် Col. Vladimir I. Konchakov တို့ကို ရန်ကုန် ဇေယျာသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ရှီဆမ်အမည်ရှိ တရုတ်နိုင်ငံသားအမျိုးသားသည် ကမ္ဘာ့အရပ် အရှည်ဆုံးယောကျ်ားသားအဖြစ် ဂင်းနက်စ်မှတ်တမ်းစာအုပ်တွင် ဖော်ပြခံရသည်။ အသက် ၅၄ နှစ်ရှိ အဆိုပါ အမျိုးသားသည် အရပ် ၇ ပေ ၈ ဒသမ ၉၅ လက်မ မြင့်သည်။

၂၄ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်ဝန်ကြီးရုံး ဧည့်ခန်းမတွင်ကျင်းပသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အသုံးပြုရန်နှင့်မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် မလေးရှားနိုင်ငံ Gano Excel ကုမ္ပဏီက အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အလှူငွေလက်ခံကျေးဇူးတင်စကားပြောကြားသည်။

၂၅ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ်လ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသောစတုတ္ထအကြိမ်မြောက်အာရှသင်တန်းအလိုက် ရေကူးနှင့်ဒိုင်ဗင်ပြိုင်ပွဲတွင် မြန်မာရေကူးအဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခုဆွတ်ခူးရရှိသည်။

အီရတ်မှ ရိုမေးနီးယားတပ်ဖွဲ့ဝင်များကို စတင်ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ရိုမေးနီးယားကာကွယ်ရေးဝန်ကြီးတိုဒေါ်အတာနာဆူက ပြောကြားလိုက်သည်။

၂၆ အာရှတိုရစ္စာန် ဆေးကုတက္ကသိုလ်များအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဩဂုတ်လ ၂၄ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Maruay Garden Hotel တွင် ကျင်းပသည်။ အကောင်းဆုံးစာတမ်းများကို ရွေးချယ်၍ ထူးချွန်ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံမွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ရောဂါဗေဒနှင့်အဏုဇီဝဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာကျော်ဆန်း တင်သွင်းသောစာတမ်းသည် ထူးချွန်ဆုရွေးချယ်ခံရပြီး အာရှ တိုရစ္စာန် ဆေးသိပ္ပံပညာ ထူးချွန်ဆု ဂျပန်ယန်းတစ်သိန်း ချီးမြှင့်ခံရသည်။

၂၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက်အဖျက်သမားများ၊ အဖွဲ့များကပြည်တွင်းမတည်ငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရခဲ့မှုများ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပအကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)ကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှူးပြု၍ ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ ဂျာနယ်ဆရာများ၊ မြန်မာနိုင်ငံစာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

၂၉ / ၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်း



ကာထရီနာဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုဒဏ်ခံရသည့် နယူးအော်လင်းမြို့မြင်ကွင်းတစ်ခု

ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဇေရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

၂၉ ကာထရီနာ ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီ ၁၄၅ မိုင်နှုန်းနှင့် အမေရိကန်ပြည်ထောင်စု နယူးအော်လင်းမြို့အနီး ဖြတ်သန်းတိုက်ခတ်သည်။ အိုးအိမ်များပျက်စီး၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ပြီး လူ ၉၀၀၀ ခန့် ဘေးဒုက္ခကြုံတွေ့သည်။

၃၁ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ရှီးယားတစ်သန်းကျော်သည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘာသာရေးပွဲတော်တစ်ခုသို့ ချီတက်ကြရာ တီကရစ်မြစ်ဖြတ်ကူးတံတားပေါ် အရောက်တွင် ပွဲတော်အတွင်းအသေခံဗုံးခွဲမည်ဟူသော ကောလဟလ သတင်းများပေါ် ထွက်လာသောကြောင့် စုပြုံတိုးဝှေ့ ထွက်ပြေးကြရာမှ လူ ၁၀၀၀ ခန့် သေဆုံးပြီး ၃၂၂ ဦး ဒဏ်ရာရကြောင်း အင်တာနက်က ဖော်ပြသည်။

## စက်တင်ဘာလ

၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိသည့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာကန်သတီဆုဖမုန်ခွန်ကို ရန်ကုန်ပြည်သူ့လွှတ်တော် အဆောက်အအုံ၊ သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

အမေရိကန်၏ အီရတ် စစ်ပွဲဆိုင်ရာ လစဉ်ကုန်ကျ စရိတ်မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံရှိကြောင်း၊ ၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွှန်နှစ်များက ဗီယက်နမ်နိုင်ငံအတွင်း အမေရိကန်တို့ စစ်ဆင်တိုက်ခိုက်စဉ်က လစဉ် ကုန်ကျစရိတ်ထက် ပိုမိုများပြားကြောင်း အစီရင်ခံစာတစ်စောင်က ဖော်ပြသည်။

၂ ၂၀၀၅ ခုနှစ် အာဆီယံ အသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည်။ မြန်မာလူငယ်ဘောလုံးအသင်းက လာအိုလူငယ်ဘောလုံးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိပြီးဗိုလ်လုပွဲသို့တက်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲသည်။ ယင်းဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာပြီးခဲ့သည့် နှစ်ရက်ကျော်ခန့်က လူတစ်ထောင်ခန့်သေဆုံးခဲ့ရသည့်တီကရစ်မြစ်ကူးတံတားမှ နှစ်မိုင်ခန့် အကွာတွင်ဖြစ်သည်။

၄ ၂၀၀၅ ခုနှစ်အာဆီယံ အသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲစဉ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည်။ မြန်မာလူငယ်ဘောလုံးအသင်းက ထိုင်းလူငယ် ဘောလုံးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရသည်။



**အောင်ပွဲရမြန်မာလူငယ်ဘောလုံးအသင်း၏ ချန်ပီယံဆုဖလားနှင့်အတူ ဆွတ်ခူးရရှိခဲ့သောအသန့်ရှင်းဆုံးဆုဖလား**

၅ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် ၃/၂၀၀၅ ကို အမှတ် (၁) စက်မှုဝန်ကြီးဌာနအစည်းအဝေး ခန်းမတွင် ကျင်းပသည်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အမေရိကန်ပြည်ထောင်စု နယူးအော်လင်းနှင့် အခြားဟာရီကိန်းဒဏ်ခံရသော ဒေသများတွင် သေဆုံးသူများ အရေအတွက်မှာ ၁၀၀၀၀ ခန့်ဖြစ်နိုင်ချေရှိကြောင်း နယူးအော်လင်းမြို့တော်ဝန်က ပြောကြားသည်။

၆ ၂၀၀၅ ခုနှစ် အာဆီယံအသက် ၁၇ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဂျပန်နိုင်ငံတွင် နဘီတိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၅ ဦးရှိပြီး ဒဏ်ရာရသူ ၁၁၉ ဦး ရှိသည်။ ထိုမုန်တိုင်းသည် ဂျပန်တောင်ပိုင်း ကျူးရှူးကျွန်းမှ မြောက်ပိုင်းဟော့ကိုင်းဒိုးကျွန်းသို့ ဦးတည်တိုက်ခိုက်သည်။

၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကို မှော်ဘီပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စကို နိုင်ငံတကာက တရားနည်းလမ်းတကျ လေ့လာကာ ငြိမ်းချမ်းစွာဖြေရှင်းရန်လိုကြောင်း ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်က ပြောကြားသည်။

အီဂျစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အီဂျစ်သမ္မတမူဘာရက်သည် ထပ်မံရွေးချယ်ခံရသည်။

၈ ၂၀၀၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ စိန်ရတုခန်းမတွင် ကျင်းပသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုလေဆိပ်တွင် ဆော်ဒီအာရေဗျလေကြောင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းသည် လေဆိပ်မှ ပြန်မတက်မီ ဗုံးသံသယရှိ



**အီဂျစ်နိုင်ငံသမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် ထပ်မံရွေးချယ်ခံရသည့် မူဘာရက် (အလယ်မှပုဂ္ဂိုလ်)က ၎င်းအား ထောက်ခံသူများကို နှုတ်ဆက်နေစဉ်**

သည်ဟု ကောလာဟလဖြစ်ရာမှ ဗုံးလန့်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး လူတစ်ဒါဇင်ကျော် ဒဏ်ရာရရှိသည်။ တာဝန်ရှိသူများက စစ်ဆေးရှာဖွေရာ၌ ဗုံးမတွေ့ရှိရကြောင်း ကောလာဟလမျှသာဖြစ်ကြောင်း ဒုတိယရဲမှူးကြီး ဂါမဏိပါရီယာက ပြောသည်။

၉-၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ(တီကျစ်)၊ တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၊ လွိုင်ကော်တက္ကသိုလ်၊ လွိုင်ကော်အစိုးရနည်းပညာကောလိပ်တည်ဆောက်မည့် မြေနေရာ၊ လွိုင်ကော်အစိုးရကွန်ပျူတာကောလိပ်၊ လွိုင်ကော်ကုတင် ၂၀၀ ဆံ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၁ အီရန်နိုင်ငံက အစ္စဖာမန်ဈူကလီးယားဆောင်ရွက်ချက်များကို အပြည့်အဝရပ်ဆိုင်းရန် ငြင်းဆိုလိုက်ပြီး တစ်စုံတစ်ရာ ကြိုတင်သတ်မှတ်ချက်များထားလာလျှင်ဥရောပသမဂ္ဂ(အီးယူ)နှင့် စေ့စပ်ဆွေးနွေးပွဲများ မပြုလုပ်တော့ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

၁၃ ရင်ဆိုင်နေရသော ကမ္ဘာ့ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကတိပြုလျက် ညီလာခံဥက္ကဋ္ဌသစ် ဂျန်ဖလီယာဆွန်က နှစ် (၆၀)ပြည့် ကုလသမဂ္ဂအထွေထွေညီလာခံကို ဖွင့်လှစ်ပေးလိုက်သည်။

၁၅ တေရသမအကြိမ် (၁၃) ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်အမျိုးသားပြတိုက် အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ကျင်းပရေးဦးစီးကော်မတီနာယက အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ဆွေးနွေးမှာကြားသည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းသောဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ကုလသမဂ္ဂကို တည်ထောင်ခဲ့သည့်နှစ် ၆၀ ပြည့် အခမ်းအနားနှင့် ထိပ်သီးအစည်းအဝေးတွင် တရုတ်သမ္မတဟူကျင်တောင်က ပြောကြားသည်။

၁၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာ့မီးရထား၏ မြစ်ငယ်လူစီးတွဲနှင့်ကုန်တွဲစက်ရုံ၊ ကွန်ကရစ်ဇလီဖားစက်ရုံ (မြစ်ငယ်)၊ စစ်ကိုင်းပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တံခွန်သစ်အခြေခံစက်မှုလက်မှုကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ရှင်းလင်းချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းလမ်းညွှန်သည်။

၁၇ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အကြား ရန်ကုန်-မန္တလေးခြောက်လမ်းသွားကားလမ်းပေါ်ရှိ ဒုဋ္ဌဝတီမြစ်ပေါ်ဖြတ်သန်းတည်ဆောက်ထားသည့် မြစ်ငယ်တံတားဖွင့်ပွဲအခမ်းအနားကို စဉ့်ကိုင်မြို့နယ်ဘက်ခြမ်းမဏ္ဍပ်တွင်ကျင်းပသည်။ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်အမှာစကားပြောသည်။

၁၈ အီရန်သမ္မတမာမွတ်အမာဒင်ဂျက်ကမိမိနိုင်ငံသည် ဈူကလီးယားလောင်စာ ထုတ်လုပ်ပိုင်ခွင့်ရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုက တစ်ကမ္ဘာလုံးဆိုင်ရာ ဈူကလီယားစာချုပ်များကို ချိုးဖောက်နေကြောင်း ပြောကြားလိုက်သည်။

၂၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ဝင်များကို ရန်ကုန်ဗေဟျာသီရိဗိမာန်တွင်လက်ခံတွေ့ဆုံသည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပုဂံ-ညောင်ဦးသို့ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ထွက်ခွာသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်သည်။

၂၄ အမေရိကန်သမ္မတက မြန်မာနိုင်ငံသည် လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံတကာမူးယစ်ဆေးဝါးဆိုင်ရာ

သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်သည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့်ရန်ကုန်မှ ထွက်ခွာသည်။

ရုရှားနိုင်ငံသည် နောင် ၁၅ နှစ်ကြာလျှင် အပြည်ပြည်ဆိုင်ရာ မြင်ကွင်းတွင် အင်အားကြီးမားသောနိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာဗ်ရော့ဗ်က ပြောကြားလိုက်သည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးခရီးပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွင် ပထမဆုကို ဖိလစ်ပိုင်မယ်၊ ဒုတိယဆုကို ဗိုမီနီကန်မယ်၊ တတိယဆုကို ဖင်လန်မယ်တို့က အသီးသီးဆွတ်ခူးရရှိကြသည်။

၂၉ မစ္စတာ ဗာကလပ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူးတူး၏ "ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်း-ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပေါ် အရေးယူရန် တောင်းဆိုခြင်း" အမည်ရှိ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

## စက်တင်ဘာလ

၁ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့် အထည်စက်ရုံ (ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားကို အဆိုပါစက်ရုံ၌ ကျင်းပသည်။စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်အမှာစကားပြောကြားသည်။

အမေရိကန်နိုင်ငံ လူဝီစီယားနားနှင့် တက္ကဆက်ပြည်နယ်များသို့ ရီတာဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် လူအများအပြားဒုက္ခမျိုးစုံကြုံတွေ့ကြသည်။

၂-၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း မိုးကုတ်မြို့၊ မွန်းလွဲပိုင်းတွင် မန္တလေးမြို့များသို့ရောက်ရှိသည်။ မန္တလေးကန်တော်ကြီးသာယာလှပရေးလုပ်ငန်းနှင့် မန္တလေးကမ်းနားလမ်းခြောက်လမ်းသွားလမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်း၊ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။အောက်တိုဘာ ၃ ရက်နေ့၌ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

၃ ၂၀၀၅ ခုနှစ် အာဆီယံအသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-1) Youth Championship (2005) ၌ အနိုင်ရဗိုလ်စွဲခဲ့သော ချန်ပီယံမြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုခြင်းအခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ကမ္ဘာ့တတိယ အာကာသခရီးစဉ်အဖြစ် ဂရီဂိုရီအော်ဆင်နှင့် အာကာသယာဉ်မှူးနှစ်ဦးကို တင်ဆောင်ပျံသန်းလာသော ရုရှားအာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့အောင်မြင်စွာ ဆင်းသက်သည်။

အိန္ဒိယနှင့် ပါကစ္စတန်၊ နှစ်နိုင်ငံဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုတွင် ကြိုတင်သတိပေးအကြောင်းကြားမှုနှင့် အိန္ဒိယကမ်းရိုးတန်းအစောင့်တပ်ဖွဲ့နှင့်ပါကစ္စတန်နိုင်ငံ ပင်လယ်ပြင်လုံခြုံရေးအေဂျင်စီတို့အကြား အရေးပေါ် တယ်လီဖုန်းလိုင်းတစ်ခုဆက်သွယ်နိုင်ရေးတို့ကို နှစ်နိုင်ငံတို့က သဘောတူလက်မှတ်ရေးထိုးကြသည်။

၅ အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ (World Teacher's Day) အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ

ဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

၄ ပဲခူးတိုင်း၊ ပဲခူးမြို့နယ် ဉသျှာမြို့သစ်မဇင်းရေလှောင်တမံအနီး၌တည်ထားသည့် သိရီဝေရောစနစေတီတော်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို အဆိုပါစေတီတော်၌ ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုတင်လှူပူဇော်ပေးသည်။

၈ တောင်အာရှတွင် နှစ်ပေါင်း ၁၀၀ အတွင်း အပြင်းထန်ဆုံးဖြစ်ခဲ့သည့် ရစ်ချ်တာစကေး ၇ ဒသမ ၆ ရှိသော မြေငလျင်လှုပ်ခဲ့သည်။ ယင်းငလျင်လှုပ်ပြီးနောက် ပါကစ္စတန်၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်နိုင်ငံတို့နှင့် အဆက်အသွယ်ပြုလုပ်ကြောင်း ကုလသမဂ္ဂက ကြေညာသည်။ ငလျင်ကြောင့်ပါကစ္စတန်၊ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် လူ ၃၀,၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟုဆိုသည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဒါတွခ်ဆရီဆိုဒ်ဟာမစ်အယ်လ်ဘာဘင်ဆိုဒ်ဂျာဖအယ်လ်ဘာနှင့် အဖွဲ့ကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၂ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ပျူတာသုံး မြန်မာစာစနစ်အကောင်အထည်ဖော်ခြင်း သုတေသနလုပ်ငန်း၏ ယူနီကုဒ် (Unicode) သုံး မြန်မာစာလုံးစနစ် ဖြန့်ချိခြင်းအခမ်းအနားကို လှိုင်တက္ကသိုလ်နယ်မြေရှိMyanmar Info-Tech ခန်းမ၌ ကျင်းပသည်။

တရုတ်နိုင်ငံသည် လူတစ်ဦးထက်ပို၍ လိုက်ပါနိုင်သော အာကာသယာဉ် ရှန်းကြိုး-၆ ကို အောင်မြင်စွာ လွှတ်တင်လိုက်သည်။ အမေရိကန်နှင့် ရုရှားတို့ပြီးလျှင် အာကာသသို့ လူလိုက်ပါနိုင်သော အာကာသယာဉ်လွှတ်တင်နိုင်သည့် တတိယနိုင်ငံဖြစ်သည်။

၁၃ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

၁၆ ၂၀၀၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ထူးချွန်ဆုရမြို့နယ်နှင့် တောင်သူတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

၁၇ / ၂၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းလူမျိုးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့တော်၌ ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် အောက်တိုဘာ ၁၇ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နန်နင်းမြို့သို့ ထွက်ခွာသည်။ အောက်တိုဘာ ၂၀ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၂၀ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာဘာဒါဝီ၏ ဇနီးဖြစ်သူ အင်ဒွန်မာမွတ် (၆၄ နှစ်)သည် ရင်သားကင်ဆာရောဂါဖြင့် ကွယ်လွန်သွားသည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၅) ကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အနောက်နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပအဖျက်သမားများက ဖုံးကွယ်လှည့်စားထားသော နိုင်ငံရေးရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သော ရှုထောင့်မှ အဆိုးရွားဆုံး ပုံဖော်ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်အရေးယူပေးရန် တောင်းဆိုလှုံ့ဆော်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

၂၄ နှစ် (၆၀)ပြည့် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေး



**မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာဘာဒါဝီ၏ ဇနီး ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားသော အင်ဒွန် (Endon) ကို မကွယ်လွန်မီက ၎င်း၏ခင်ပွန်းဝန်ကြီးချုပ်နှင့်အတူတွေ့ရစဉ်**

နှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်နမ့်စန်မြို့နယ်၏ အနောက်မြောက်ဘက် ခြောက်မိုင်အကွာဝမ်ပုံကျေးရွာအနီးရှိ ဝမ်ပုံရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

၂၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General JJ Singh, PVSM, AVSM, VSM, ADC ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech သို့ သွားရောက်ပြီး တာဝန်ရှိသူများ IT နည်းပညာရှင်များ၊ လုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံ၍ IT နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကွယ်လွန်သွားပြီဖြစ်သော ပုပ်ရဟန်းမင်းကြီးဂျွန်ပေါ-၂ ပိုင်သောကားတစ်စီးကို လေလံရုံး၌ အမေရိကန်ဒေါ်လာ ၆,၈၀,၀၀၀ ဖြင့်ဟူစတန်အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေနှင့် ကားစုဆောင်းသူတစ်ဦးက ရောင်းချလိုက်သည်။ ကားအမျိုးအစားမှာ ၁၉၇၅ ပေါင်ဒါဘလူးဖို့စ်ကော့ဖြစ်သည်။

၃၀ ဂျပန်ဝန်ကြီးချုပ် ဂျွန်နီချီရိုကိုအိဇုမိက သူ၏ ဝန်ကြီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းလိုက်သည်။ ကိုအိဇုမိက လက်ရှိဝန်ကြီးအဖွဲ့တွင် ဝန်ကြီး ၁၇ ဦးအား အစားထိုးခဲ့ပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ ယာယီအတွင်းရေးမှူးချုပ်ရှင်စိုအဘီ (၅၁)အား ဝန်ကြီးအဖွဲ့အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

## နိုဝင်ဘာလ

၁-၃ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန်အထူးလေယာဉ်ဖြင့် နိုဝင်ဘာ ၁ ရက်နေ့တွင် ရန်ကုန်မြို့မှ ဗန်ကောက်မြို့သို့ ထွက်ခွာသည်။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ

ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်အစိုးရအဖွဲ့အကြီးအကဲများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အစိုးရအိမ်တော် Santi Maitri Building ရှိ အဝါရောင်ခန်းမ၌ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ထိုင်းနိုင်ငံနှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ အက်မက်စ်စီးပွားရေးလုပ်ငန်းကောင်စီဝင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် နိုဝင်ဘာ ၂ ရက်နေ့၌ တွေ့ဆုံဆွေးနွေးသည်။ ၃ ရက်နေ့တွင် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့အစိုးရအိမ်တော်ရှိ အဝါရောင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ နိုဝင်ဘာ ၃ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၁ တေရသမအကြိမ် (၁၃) ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍မိန့်ခွန်းပြောကြားပြီးဆုများချီးမြှင့်သည်။

ရုရှားနိုင်ငံက တိုပိုအမည်ရှိဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့သည့်အပြင်စီစဉ်ထားသော ပစ်မှတ်ကိုလည်းထိမှန်အောင် ပစ်နိုင်ခဲ့ကြောင်း အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

၂ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံ၌ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသိရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃-၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)ကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

ပြင်သစ်နိုင်ငံသမိုင်းတွင် ပါရီမြို့အပါအဝင်နိုင်ငံအဝန်းရှိ မြို့ကြီးအချို့၌ ဆယ်စုနှစ်များအတွင်း အဆိုးဝါးဆုံးဆူပူအုံကြွမှုမှာ နိုဝင်ဘာ ၅ ရက်နေ့တွင် ၁၀ ရက်မြောက်အဖြစ် ဆက်တိုက်ဖြစ်ပွားသည်။

၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅) စတုတ္ထနေ့သို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြားသည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် Petrochina ရေနံကုမ္ပဏီ၏ Senior Vice President Mr. Su Shulin ခေါင်းဆောင်သော အဖွဲ့ကို ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသိရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၉ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Nippon Telegraph and Telephone Corporation (NTT) တို့ ပူးပေါင်းကျင်းပသည့်ဆဋ္ဌမအကြိမ်မြောက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာအာရှနှင့် ပစိဖိတ်အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ၁၀ ဦးမြောက်သမ္မတဖြစ်ခဲ့သော ကေအာနာရာယာနန်သည် နယူးဒေလီမြို့၌အဆုတ်ရောဂါဖြင့် ကွယ်လွန်သည်။ ၎င်းသည် အိန္ဒိယနိုင်ငံ၏ သမ္မတအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၀ ထိုင်းမင်းသမီး မဟာချက်ကရီသီရိဒုံသည် ကမ္ဘောဒီးယားနိုင်ငံ

ကွမ်ပေါင်ယွန်ပြည်နယ်၌ သူမ လှူဒါန်းထားသော ကျောင်းတစ်ကျောင်းကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးသည်။ အဆိုပါကျောင်း ဆောက်လုပ်လှူဒါန်းရခြင်းမှာ ကမ္ဘောဒီးယားနိုင်ငံသို့ သူမ သွားတိုင်း ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူတို့က နွေးထွေးစွာ ကြိုဆိုမှုနှင့် ဖော်ရွေစွာ ဆက်ဆံခြင်းတို့ကို ကျေးဇူးတုံ့ပြန်သောအားဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း ထိုမင်းသမီးကအခမ်းအနားတွင် ပြောကြားသည်။

၁၂ ဟောင်ကောင်ကွန်ဖူးနှင့် စူပါစတားဂျက်ကီချန်းသည် (၂၅) ကြိမ်မြောက် ရွှေကြက်ဖရုပ်ရှင်ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို ဆွတ်ခူးရရှိကြောင်း တရုတ်အော်စကာဆုချီးမြှင့်ရေးအဖွဲ့ကကြေညာသည်။ ဂျက်ကီချန်းရရှိသော ဇာတ်ကားမှာ နယူးပူးလစ်စတိုရီဇာတ်ကားဖြစ်ကြောင်း၊ ယင်းမှာ အဆိုပါရွှေကြက်ဖရုပ်ရှင်ပွဲတော်၌ ဟောင်ကောင်၊ မကာအိုနှင့် တရုတ် (တိုင်ပေ)တို့မှ ပထမဆုံးဆွတ်ခူးရရှိခြင်းဖြစ်ကြောင်း သိရသည်။

၁၅ ဝရဒါဌာဓာတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသက်နန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်ကြည်ညို၍ ဓမ္မစက္ကမုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရွှေကြာသက်နန်းဆက်ကပ်လှူဒါန်းကြသည်။

ဂျပန်မင်းသမီး ဆာယာကိုနှင့် တိုကျိုမြို့အစိုးရဝန်ထမ်းတစ်ဦးဖြစ်သော ယိုရှိကီကူရိုဒါတို့သည် တစ်နှစ်ကြာ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ပြင်ဆင်ခဲ့ကြပြီးနောက် နိုဝင်ဘာ ၁၅ ရက်နေ့တွင် လက်ထပ်လိုက်ကြသည်။ အသက် ၄၀ အရွယ်ရှိကူရိုဒါအား အသက်၃၆ နှစ်အရွယ်ရှိ မင်းသမီးဆာယာတိုက လက်ထပ်ခြင်းသည် သူမအနေဖြင့် တော်ဝင်မိသားစုနှင့်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်အရ သူမ၏ တော်ဝင်ဘွဲ့ကို စွန့်လွှတ်လိုက်ခြင်းဖြစ်သည်။

၁၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌမစ္စတာဝမ်ကျောက်ဂေါ်နှင့်အဖွဲ့ဝင်များကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၇ ၂၀၀၅ ခုနှစ် (၄၇) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)



**သီရိလင်္ကာနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး နိုင်ငံ၏ ပဥ္စမမြောက် သမ္မတဖြစ်လာသည့် မဟင်ဒါရာဂျာ ပက်(ခ်)စီ**

ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည်။

သီရိလင်္ကာနိုင်ငံသမ္မတရွေးချယ်ပွဲတွင် မဟင်ဒါရာဂျာပက်(စ်)စီကို သီရိလင်္ကာနိုင်ငံ၏ ပဥ္စမမြောက်သမ္မတအဖြစ် နိုဝင်ဘာ ၁၇ ရက်နေ့က ရွေးချယ်လိုက်ကြောင်း သီရိလင်္ကာရွေးကောက်ပွဲကော်မရှင်မင်းကြီးက နိုဝင်ဘာ ၁၈ ရက်နေ့တွင် ကြေညာသည်။

၂၀ ရခိုင်ပြည်နယ်စစ်တွေမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ အဖိုးရနည်းပညာကောလိပ်(စစ်တွေ) တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

၂၁ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး

၂၂ ဗိုလ်မှူးချုပ်ကျော်ဆန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် (၆)ကြိမ်မြောက် ဘက်မလိုက်အဖွဲ့ မြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို တက်ရောက်သည်။

၂၃ သီရိလင်္ကာ ထိပ်တန်းနိုင်ငံရေးဆိုင်ရာပုဂ္ဂိုလ်ရတနာသီရိဝိကြမနာယာကေးသည် ၁၄ ဦးမြောက် သီရိလင်္ကာဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အသက် ၇၂ နှစ်အရွယ်ရှိပြီဖြစ်သော ရတနာသီရိဝိကြမနာယာကေးသည်ဒုတိယအကြိမ်ဝန်ကြီးချုပ်ဖြစ်လာခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလနှင့် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလက ပထမအကြိမ်ဝန်ကြီးချုပ်ဖြစ်ခဲ့ဖူးသည်။

၂၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ် ဦးစီးချုပ်နှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ချစ်ကြည်ရေးခရီးလည်ပတ်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိသည်။

၂၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များကို ရန်ကုန်မြို့ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၃၀ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅၇) သင်တန်းဆင်းပွဲအခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပသည်။ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

## ဒီဇင်ဘာလ

၁ အမျိုးသားညီလာခံကျင်းပခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိအမျိုးသားညီလာခံကျင်းပရေးကော်မရှင်ရုံးဧည့်ခန်းမ၌ကျင်းပသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ တရားရုံးအဆောက်အအုံတစ်ခုအနီး၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သဖြင့် ရဲအရာရှိနှစ်ဦးအပါအဝင် လူ ၂၅ ဦးခန့် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

၂ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာ စကားပြောကြားပြီး ထူးချွန်ဆုများ ချီးမြှင့်သည်။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေ

ကိုယ်စားလှယ်များအား နံနက် ၁၀ နာရီ တွင်လည်းကောင်း၊ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများအား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ရုံး ဧည့်ခန်းမ၌တွေ့ဆုံ၍အမျိုးသား ညီလာခံ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်၊

ဩစတြေးလျနိုင်ငံသား ငုယင် သောင်ဗန်အား စင်ကာပူနိုင်ငံ၌ နှစ်နိုင်ငံ ပြည်သူများအကြား ဆက်ဆံရေးပျက်ပြား အောင်ပြုလုပ်ခဲ့သည့်အတွက် သေဒဏ် စီရင်ချက်ချမှတ်လိုက်ပြီဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောဝဒ် က ပြောကြားသည်။ အသက် (၂၅)ရှိ ငုယင်အား ၂၀၀၂ ခုနှစ်က စင်ကာပူ ချန်ဂီလေဆိပ်၌ ဆေးခြောက် ၃၉၆ ဂရမ် သယ်ဆောင်လာမှုဖြင့် ဖမ်းဆီးအရေးယူ ခဲ့သည့်အမှုဖြစ်သည်။

၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ



ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘင်္ဂလားဒေ့ရှ်တပ်မတော်ကြည်းတပ်ဦးစီးချုပ် Lieutenant General Moeen U Ahmed, psc အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

၅ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှ မတ်လ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပသည်။

၇ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းပြည်ထောင်စုခန်းမ၌ ကျင်းပရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်၍အမှာစကားပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံပြည်သူ ၁၃,၅၀၀ ခန့် ရေဘေးဒုက္ခခံစားခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံမြို့ပြကာကွယ်ရေးရုံး (အိုစီဒီ)က သတင်းထုတ်ပြန်သည်။ မနီလာမြို့တောင်ဘက်ကီလိုမီတာ ၁၃၀ခန့်အကွာရှိ ကွီဇမ်ပြည်နယ်လူစီနာမြို့မှာ ရေလွှမ်းမိုးမှုဒဏ်အများဆုံးကြုံတွေ့ခဲ့ရပြီး ဒေသခံပြည်သူ ၁၂,၆၀၀ ခန့်မှာ ဘေးကင်းရာအဆောက်အအုံများသို့ ရွှေ့ပြောင်းခဲ့ကြရကြောင်း အိုစီဒီက ပြောကြားသည်။

စင်ကာပူနိုင်ငံအား ခေတ်မီနိုင်ငံဖြစ်အောင်တည်ဆောက်ခဲ့သောလီကွမ်ယုနှင့် သဘောထား ကွဲလွဲခဲ့သည့် စင်ကာပူသမ္မတဟောင်းဒေဗင်နဲယားသည် အသက်(၈၂)နှစ်အရွယ်တွင်ကနေဒါနိုင်ငံ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာန နယူးစ်အာရှက ဖော်ပြသည်။

၈ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာ၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိသတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့လိုက် သဘာပတိအဖွဲ့ဝင်များနှင့်ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဘဂ္ဂဒက်မြို့ရှိ လူစည်ကားသည့် ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ဘတ်စ်ကားတစ်စီးဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အနည်းဆုံး လူ ၃၀ သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၉ ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၁၀ လိုက်ပါလာသော နိုက်ဂျီးရီးယားခရီးသည်တင် လေယာဉ်တစ်စီးသည် ပို့ဟာကုတ်၌ ပေါက်ကွဲမီးလောင်ပျက်ကျသွားခဲ့ရာ လူ ၁၀၃ ဦး သေဆုံးသွားကြောင်း နိုက်ဂျီးရီးယားလေကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၁၀/၁၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆီရီအဗ္ဗဒူလာဘင်ဟာဂျီအာမက် ဘာဒါဝီ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ဒုတိယအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအကြီးအကဲများ ထိပ်သီးအစည်းအဝေး၊ အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး၊ အာဆီယံ-ရုရှားထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ်အရှေ့အာရှထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ရန် ဒီဇင်ဘာ၁၀ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၅ရက်တွင်ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။

၁၁ ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၆) ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုနှင်းသဘင် အခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိသူ စာပေပညာရှင်များအား ဆုများပေးအပ်ချီးမြှင့်သည်။

၁၅ တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့်ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ဆွေးနွေးသည်။ ပူထရာဂျာယာတွင် ဆွေးနွေးပွဲကျင်းပစဉ်နှစ်နိုင်ငံကြားမဟာဗျူဟာနှင့် ဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုအတွက် နက်ရှိုင်းစွာဆောင်ရွက်ရေးအပေါ် နှစ်နိုင်ငံ၏ဆန္ဒသဘောထားများကိုကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

၁၆ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ပြင်ဦးလွင်မြို့စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၈ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ)ကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ Aureum Palace Resort (Bagan) Hotel ဖွင့်ပွဲအခမ်းအနားကို အဆိုပါဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတက်ရောက်အားပေးသည်။

အီရတ်နိုင်ငံတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ ဓားစာခံအဖြစ် ပြန်ပေးဆွဲခံထားရသူ ဂျာမန်ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးဖြစ်သည့် အသက် (၄၃)နှစ်အရွယ်ရှိ ဆူဆာနီအော့သိုဖ်သည် ပြန်လည်လွတ်မြောက်လာကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဖရန်ဝေါလ်တာစတီမီနာက ပြောကြားသည်။ ၎င်းမှာ နိုဝင်ဘာ ၂၅ ရက်က ၎င်း၏ ယာဉ်မောင်းနှင့်အတူ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

၁၉ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ပုဂံညောင်ဦးရှိ ရှေးဟောင်းဘုရားများကို လှည့်လည်ဖူးမျှော်ကြည်ညိုသည်၊ ထို့နောက် ညောင်ဦးမြို့နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၂) က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ညောင်ဦးမြို့နယ် မြကန်စိမ်းလန်းသာယာစိုပြည်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀ မိုက်ဝက်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စီးသည် ပျံတက်ပြီး မကြာမီတွင် လေယာဉ်ဘီးအတင်အချချွတ်ယွင်းမှုကြောင့် ဘော့စတွန်မြို့ လိုဂန်လေဆိပ်ပေါ်တွင် လောင်စာဆီလျှော့နည်းသွားစေရန်အတွက် တစ်နာရီခန့် ကြာအောင် ပျံဝဲခဲ့ပြီးနောက် လေဆိပ်သို့ ဘေးကင်းစွာဆင်းသက်ခဲ့သည်။ လေယာဉ်ဆင်းသက်ချိန်တွင် ပြေးလမ်းနှင့် လေယာဉ်ဘီးများ ထိတွေ့ရာ၌ မီးများပွင့်ထွက်ခဲ့ပုံကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

၂၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းဘက်စုံရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းအဆင့်မြင့် မီးခံအုတ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်မြို့အရှေ့ဘက် ၅ မိုင် ၃ ဖာလုံအကွာရှိ ကျောက်ဆည်စက်ရုံများ နယ်မြေတွင် ကျင်းပရာနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်အားပေးချီးမြှင့်သည်။

၂၂ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတေ ာ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြင်ဦးလွင်မြို့ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)ရှိ ပရဆေးစိုက်ခင်းနှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆေးဝါးစက်ရုံ (ပြင်ဦးလွင်) တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

၂၃ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတႏု ငံ Chengdu Military Area Command မှ Deputy Commander, Lt.Gen. Gui Quanzhi ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အမျိုးသားညီလာခံကို ထောက်ခံဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းမှော်ဘီမြို့နယ်အထယ်ကျေးရွာအနီး ညောင်နှစ်ပင်စခန်းသို့ သွားရောက်သည့် လမ်းမကြီးနံဘေးရှိ အဆိုပါ ရေသန့်စင်စက်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇေယျာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးမြို့ မန္တလေးစက်မှုဇုန် (၂)ရှိ မန္တလေးတော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက်၏ ခေတ်မီသံရည်ကျိုစက်ခုတ်ခေား၊ ပုံလောင်းပုံဖိစက်ရုံအလုပ်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၈ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည်။ ညနေ ၆ နာရီတွင် တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

၃၀ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားကာ ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသူများအား ရွှေစင်ရုပ်ဆုများ ချီးမြှင့်သည်။

# အပိုင်း-၂

## သဘာဝဘေးဒဏ်၊ ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲ၊ စာပေရေးရာနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ


| | | |
|---|---|---|
| တပ်မတော်အစိုးရလက်ထက်တိုးတက်ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ..... | ဒေါ်အေးအေးမြင့် ..... | ၄၄-၅၇ |
| ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ..... | ဦးကျော်ဟိုး (မဟာဝိဇ္ဇာ) ..... | ၅၈-၆၇ |
| ၂၀၀၅ ခုနှစ် ကမ္ဘာ့တစ်ဝန်း ကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်များ ..... | ဦးအုန်းလွင် ..... | ၆၈-၇၉ |
| အမျိုးသားပြတိုက်ဖော်ပြပွဲများ ..... | ဦးမြင့်ကြိုင် ..... | ၈၀-၈၇ |
| လူတိုင်းအကျိုးဝင်ပညာရေး ..... | ဦးသန်းဦး ဦးတင်ညို ..... | ၈၈-၉၉ |
| ချင်းတွင်းသင်္ဘောကျင်း (မုံရွာ) ..... | စိုးတင့် (IWT) ..... | ၁၀၀-၁၀၅ |
| ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့ဂျာနယ်လောက ..... | နွေသင်နိုင် ..... | ၁၀၆-၁၁၁ |
| ဉာဏပစ္စည်းများဆိုင်ရာမူပိုင်ခွင့် ..... | မောင်ဆုရှင် ..... | ၁၁၂-၁၁၉ |
| သိကောင်းစရာဒစ်ဂျစ်တယ်နည်းပညာ ..... | မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ..... | ၁၂၀-၁၂၆ |

# တပ်မတော်အစိုးရ လက်ထက်
# တိုးတက်ဖြစ်ထွန်း လာသည့်
# တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်များ











ဒေါ်အေးအေးမြင့်



# တပ်မတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲပြီး အေးချမ်းတည်ငြိမ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် အခွန့်ရှည်စွာ ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းသော လူမျိုးကြီးအဖြစ် အစဉ်သဖြင့် ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တက္ကသိုလ်များသည် အလွန်အရေးပါ သည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွက် အလွန်အရေးပါသည့် တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်စည်ပင်ရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးစသည့် ကဏ္ဍများအပေါ် တွင် မျက်မှောက်ခေတ်တိုးတက်ပြောင်းလဲမှုများသည် အရှိန်ပြင်းစွာ ရိုက်ခတ်လျက်ရှိသည်။ ထိုကဲ့သို့ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို စဉ်ဆက်မပြတ်ရယူအသုံးပြုနိုင်ရန်အတွက် တပ်မတော်အစိုးရသည် မြန်မာနိုင်ငံတွင် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍပညာရေးသမိုင်းစဉ်ကို လေ့လာမည်ဆိုလျှင် မြန်မာနိုင်ငံတွင် ပညာရေးကို ရှေးပဝေသဏီကပင် လွန်စွာအလေးထားခဲ့ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၌ တက္ကသိုလ်ပညာနှင့် ပတ်သက်၍ ရာစုနှစ်များစွာကပင် တည်ရှိခဲ့ပြီး မြန်မာမင်းများလက်ထက်က အဆင့်မြင့်ပညာသင်ယူရာဌာနများမှာ ထင်ရှားသော ဘုန်းတော်ကြီးကျောင်းများပင်ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထိုကဲ့သို့ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ရာမှ ဗြိတိသျှကိုလိုနီအဖြစ် အဓမ္မသိမ်းယူခြင်းခံရသည့်အခါတွင် ကိုလိုနီပညာရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ဤစနစ်သည် အနောက်တိုင်းပညာရပ်ကိုသာ အားပေးချီးမြှင့်ပြီး အင်္ဂလိပ်ယဉ်ကျေးမှုအထင်ကြီးစေသော လူတန်းစားတစ်ရပ်ကို မွေးထုတ်ခဲ့သည်။ ထိုလူတန်းစားကို တိုင်းရင်းသားများနှင့် အုပ်ချုပ်သူနယ်ချဲ့တို့အကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ပြီး သင်ကြားပေးခဲ့ကြောင်း တွေ့ရှိရပေသည်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံတွင်အစိုးရအသီးသီးသည် မြန်မာနိုင်ငံပညာရေးကဏ္ဍမြင့်မားရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ကိုလိုနီအစိုးရကာလ၊ ပါလီမန်အစိုးရကာလ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလဟူ၍ မြန်မာ့သမိုင်းစဉ်ကာလများတွင် ဤဆောင်းပါးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ တပ်မတော်အစိုးရလက်ထက်အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်ကောလိပ်များ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြထားခြင်းဖြစ်ပါသည်။

အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းပိုမိုရရှိရေး လုပ်ငန်းစဉ်တွင် တက္ကသိုလ်ဒီဂရီကောလိပ်များ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းတို့ကို ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးရေးဒေသကြီးများအလိုက် အကြားအလပ်မရှိ ကွက်လပ်ပြည့်ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၈၈ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့အောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၃၂)ကျောင်းရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ဝန်ကြီးဌာန (၁၂)ခုနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တို့အောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်း (၁၅၆)ခုအထိ တိုးတက်လာပါသည်။ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင် ဒေသကြီးတိုင်း၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၃)ကျောင်းနှင့် အထက်တွင်ရှိနေပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၀၆ ခုနှစ် ဝန်ကြီးဌာနများအောက်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များစာရင်းကို ဝန်ကြီးဌာနအလိုက် ပြည်နယ်/တိုင်းအလိုက် အဆင့်မြင့်ပညာကဏ္ဍတွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

| စဉ် | | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ဝန်ကြီးဌာန |
|---|---|---|---|
| ကချင်ပြည်နယ် | | | |
| ၁ | ၁ | မြစ်ကြီးနားတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၂ | ၂ | ဗန်းမော်ဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၃ | ၃ | မိုးညှင်းဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၄ | ၄ | မြစ်ကြီးနားပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၅ | ၅ | အစိုးရနည်းပညာကောလိပ်၊ မြစ်ကြီးနား | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၆ | ၆ | အစိုးရနည်းပညာကောလိပ်၊ ဗန်းမော် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇ | ၇ | အစိုးရကွန်ပျူတာကောလိပ်၊ မြစ်ကြီးနား | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၈ | ၈ | အစိုးရကွန်ပျူတာကောလိပ်၊ ဗန်းမော် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ကယားပြည်နယ် | | | |
| ၉ | ၁ | လွိုင်ကော်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀ | ၂ | အစိုးရနည်းပညာကောလိပ်၊ လွိုင်ကော် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၁ | ၃ | အစိုးရကွန်ပျူတာကောလိပ်၊ လွိုင်ကော် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ကရင်ပြည်နယ် | | | |
| ၁၂ | ၁ | ဘားအံတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၃ | ၂ | ဘားအံပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |

တပ်မတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | | ဝန်ကြီးဌာန |
|---|---|---|---|
| ၁၄ | ၃ | အစိုးရနည်းပညာကောလိပ်၊ ဘားအံ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၅ | ၄ | အစိုးရကွန်ပျူတာကောလိပ်၊ ဘားအံ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ချင်းပြည်နယ် | | | |
| ၁၆ | ၁ | ကလေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၇ | ၂ | အစိုးရနည်းပညာကောလိပ်၊ ကလေး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၈ | ၃ | အစိုးရကွန်ပျူတာကောလိပ်၊ ကလေး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| စစ်ကိုင်းတိုင်း | | | |
| ၁၉ | ၁ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၂၀ | ၂ | မုံရွာတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၂၁ | ၃ | မုံရွာစီးပွားရေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၂၂ | ၄ | ရွှေဘိုဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၂၃ | ၅ | စစ်ကိုင်းပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၂၄ | ၆ | မုံရွာပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၂၅ | ၇ | အစိုးရနည်းပညာကောလိပ်၊ မုံရွာ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၂၆ | ၈ | အစိုးရကွန်ပျူတာကောလိပ်၊ မုံရွာ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၂၇ | ၉ | သမဝါယမကောလိပ်၊ စစ်ကိုင်း | သမဝါယမဝန်ကြီးဌာန |
| ၂၈ | ၁၀ | ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ |
| တနင်္သာရီတိုင်း | | | |
| ၂၉ | ၁ | ထားဝယ်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၃၀ | ၂ | မြိတ်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၃၁ | ၃ | ထားဝယ်ပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၃၂ | ၄ | အစိုးရနည်းပညာကောလိပ်၊ ထားဝယ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၃၃ | ၅ | အစိုးရနည်းပညာကောလိပ်၊ မြိတ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၃၄ | ၆ | အစိုးရကွန်ပျူတာကောလိပ်၊ မြိတ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၃၅ | ၇ | အစိုးရကွန်ပျူတာကောလိပ်၊ ထားဝယ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |




ဘားအံတက္ကသိုလ်



တနင်္သာရီတိုင်းမှ မြိတ်တက္ကသိုလ်

## တပ်မတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ

| စဉ် | | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ဝန်ကြီးဌာန |
|---|---|---|---|
| ပဲခူးတိုင်း | | | |
| ၃၆ | ၁ | တောင်ငူတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၃၇ | ၂ | ပြည်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၃၈ | ၃ | ပဲခူးဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၃၉ | ၄ | တောင်ငူပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၄၀ | ၅ | ပြည်ပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၄၁ | ၆ | ပြည်နည်းပညာတက္ကသိုလ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၄၂ | ၇ | အစိုးရနည်းပညာကောလိပ်၊ တောင်ငူ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၄၃ | ၈ | အစိုးရနည်းပညာကောလိပ်၊ ပြည် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၄၄ | ၉ | အစိုးရကွန်ပျူတာကောလိပ်၊ တောင်ငူ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၄၅ | ၁၀ | အစိုးရကွန်ပျူတာကောလိပ်၊ ပြည် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| မကွေးတိုင်း | | | |
| ၄၆ | ၁ | မကွေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၄၇ | ၂ | ပခုက္ကူတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၄၈ | ၃ | ရေနံချောင်းဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၄၉ | ၄ | ပခုက္ကူပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၅၀ | ၅ | မကွေးပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၅၁ | ၆ | ဆေးတက္ကသိုလ်၊ မကွေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၂ | ၇ | အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅၃ | ၈ | အစိုးရနည်းပညာကောလိပ်၊ မကွေး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၅၄ | ၉ | အစိုးရနည်းပညာကောလိပ်၊ ပခုက္ကူ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၅၅ | ၁၀ | အစိုးရကွန်ပျူတာကောလိပ်၊ မကွေး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၅၆ | ၁၁ | အစိုးရကွန်ပျူတာကောလိပ်၊ ပခုက္ကူ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| မန္တလေးတိုင်း | | | |
| ၅၇ | ၁ | မန္တလေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၅၈ | ၂ | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၅၉ | ၃ | မန္တလေးအဝေးသင်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |

တပ်မတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ

| စဉ် | | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ဝန်ကြီးဌာန |
|---|---|---|---|
| ၆၀ | ၄ | ရတနာပုံတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၆၁ | ၅ | မိတ္ထီလာတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၆၂ | ၆ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၆၃ | ၇ | ကျောက်ဆည်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၆၄ | ၈ | မြင်းခြံဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၆၅ | ၉ | မန္တလေးပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၆၆ | ၁၀ | မိတ္ထီလာပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၆၇ | ၁၁ | ဆေးတက္ကသိုလ်၊ မန္တလေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆၈ | ၁၂ | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ မန္တလေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆၉ | ၁၃ | သူနာပြုတက္ကသိုလ်၊ မန္တလေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၀ | ၁၄ | ဆေးဘက်ပညာသည်တက္ကသိုလ်၊ မန္တလေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၁ | ၁၅ | ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ မန္တလေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၂ | ၁၆ | တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇၃ | ၁၇ | မန္တလေးနည်းပညာတက္ကသိုလ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇၄ | ၁၈ | မန္တလေးကွန်ပျူတာတက္ကသိုလ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇၅ | ၁၉ | လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၊ မိတ္ထီလာ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇၆ | ၂၀ | အစိုးရနည်းပညာကောလိပ်၊ မန္တလေး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇၇ | ၂၁ | အစိုးရနည်းပညာကောလိပ်၊ မိတ္ထီလာ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇၈ | ၂၂ | အစိုးရနည်းပညာကောလိပ်၊ ကျောက်ဆည် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၇၉ | ၂၃ | အစိုးရကွန်ပျူတာကောလိပ်၊ မန္တလေး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၈၀ | ၂၄ | အစိုးရကွန်ပျူတာကောလိပ်၊ မိတ္ထီလာ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၈၁ | ၂၅ | စစ်တက္ကသိုလ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၂ | ၂၆ | တပ်မတော်နည်းပညာတက္ကသိုလ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၃ | ၂၇ | ယဉ်ကျေးမှုတက္ကသိုလ်၊ မန္တလေး | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၈၄ | ၂၈ | သစ်တောတက္ကသိုလ် | သစ်တောရေးရာဝန်ကြီးဌာန |
| ၈၅ | ၂၉ | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၈၆ | ၃၀ | မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် | မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |

| စဉ် | | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ဝန်ကြီးဌာန |
|---|---|---|---|
| ၈၇ | ၃၁ | သမဝါယမကောလိပ်၊ မန္တလေး | သမဝါယမဝန်ကြီးဌာန |
| ၈၈ | ၃၂ | ယွန်းပညာကောလိပ် | သမဝါယမဝန်ကြီးဌာန |
| ၈၉ | ၃၃ | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး) | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| မွန်ပြည်နယ် | | | |
| ၉၀ | ၁ | မော်လမြိုင်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၉၁ | ၂ | မော်လမြိုင်ပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၉၂ | ၃ | အစိုးရနည်းပညာကောလိပ်၊ မော်လမြိုင် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၉၃ | ၄ | အစိုးရကွန်ပျူတာကောလိပ်၊ မော်လမြိုင် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ရခိုင်ပြည်နယ် | | | |
| ၉၄ | ၁ | စစ်တွေတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၉၅ | ၂ | ကျောက်ဖြူပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၉၆ | ၃ | အစိုးရနည်းပညာကောလိပ်၊ စစ်တွေ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၉၇ | ၄ | အစိုးရကွန်ပျူတာကောလိပ်၊ စစ်တွေ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ရန်ကုန်တိုင်း | | | |
| ၉၈ | ၁ | ရန်ကုန်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၉၉ | ၂ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၀ | ၃ | ရန်ကုန်ပညာရေးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၁ | ၄ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၂ | ၅ | ဒဂုံတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၃ | ၆ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၄ | ၇ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၅ | ၈ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၆ | ၉ | အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၇ | ၁၀ | ရန်ကင်းပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၈ | ၁၁ | လှည်းကူးပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀၉ | ၁၂ | သင်္ဃန်းကျွန်းပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |

## တပ်မတော်အစိုးရလက်ထက် တိုးတက်ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | | ဝန်ကြီးဌာန |
|---|---|---|---|
| ၁၀၀ | ၁၃ | ဆေးတက္ကသိုလ် (၁) ရန်ကုန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၁ | ၁၄ | ဆေးတက္ကသိုလ် (၂) ရန်ကုန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၂ | ၁၅ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၃ | ၁၆ | သူနာပြုတက္ကသိုလ်၊ ရန်ကုန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၄ | ၁၇ | ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၅ | ၁၈ | ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ရန်ကုန် | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၆ | ၁၉ | ရန်ကုန်နည်းပညာတက္ကသိုလ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၀၇ | ၂၀ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၀၈ | ၂၁ | အစိုးရနည်းပညာကောလိပ်၊ သန်လျင် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၀၉ | ၂၂ | အစိုးရနည်းပညာကောလိပ်၊ မှော်ဘီ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၁၀ | ၂၃ | အစိုးရကွန်ပျူတာကောလိပ်၊ ရန်ကုန် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၁၁ | ၂၄ | တပ်မတော်ဆေးတက္ကသိုလ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁၂ | ၂၅ | တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသင်တက္ကသိုလ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁၃ | ၂၆ | ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန် | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၁၁၄ | ၂၇ | ရန်ကုန်သမဝါယမဒီဂရီကောလိပ် | သမဝါယမဝန်ကြီးဌာန |
| ၁၁၅ | ၂၈ | ဗဟိုသမဝါယမကောလိပ်၊ ဖောင်ကြီး | သမဝါယမဝန်ကြီးဌာန |
| ၁၁၆ | ၂၉ | အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် | သာသနာရေးဝန်ကြီးဌာန |
| ၁၁၇ | ၃၀ | ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၁၁၈ | ၃၁ | မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန် | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၁၁၉ | ၃၂ | မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းဒီဂရီကောလိပ် | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၁၂၀ | ၃၃ | မြန်မာနိုင်ငံမြို့ပြလေကြောင်းကောလိပ် | ပို့ဆောင်ရေးဝန်ကြီးဌာန |

| စဉ် | | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ဝန်ကြီးဌာန |
|---|---|---|---|
| ရှမ်းပြည်နယ် | | | |
| ၁၃၁ | ၁ | တောင်ကြီးတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၃၂ | ၂ | ပင်လုံတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၃၃ | ၃ | လားရှိုးဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃၄ | ၄ | ကျိုင်းတုံဒီဂရီကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃၅ | ၅ | တောင်ကြီးပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃၆ | ၆ | အစိုးရနည်းပညာကောလိပ်၊ အေးသာယာ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၃၇ | ၇ | အစိုးရနည်းပညာကောလိပ်၊ လားရှိုး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၃၈ | ၈ | အစိုးရနည်းပညာကောလိပ်၊ ကျိုင်းတုံ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၃၉ | ၉ | အစိုးရနည်းပညာကောလိပ်၊ ပင်လုံ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၄၀ | ၁၀ | အစိုးရကွန်ပျူတာကောလိပ်၊ တောင်ကြီး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၄၁ | ၁၁ | အစိုးရကွန်ပျူတာကောလိပ်၊ လားရှိုး | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၄၂ | ၁၂ | အစိုးရကွန်ပျူတာကောလိပ်၊ ကျိုင်းတုံ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၄၃ | ၁၃ | အစိုးရကွန်ပျူတာကောလိပ်၊ ပင်လုံ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၄၄ | ၁၄ | တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ | ကာကွယ်ရေးဝန်ကြီးဌာန |
| ရေဝတီတိုင်း | | | |
| ၁၄၅ | ၁ | ပုသိမ်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၄၆ | ၂ | ဟင်္သာတတက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၄၇ | ၃ | မအူပင်တက္ကသိုလ် | ပညာရေးဝန်ကြီးဌာန |
| ၁၄၈ | ၄ | ပုသိမ်ပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၄၉ | ၅ | ဘိုကလေးပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅၀ | ၆ | မြောင်းမြပညာရေးကောလိပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅၁ | ၇ | အစိုးရနည်းပညာကောလိပ်၊ ဟင်္သာတ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၅၂ | ၈ | အစိုးရနည်းပညာကောလိပ်၊ ပုသိမ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၅၃ | ၉ | အစိုးရနည်းပညာကောလိပ်၊ မအူပင် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၅၄ | ၁၀ | အစိုးရကွန်ပျူတာကောလိပ်၊ ပုသိမ် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၅၅ | ၁၁ | အစိုးရကွန်ပျူတာကောလိပ်၊ ဟင်္သာတ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| ၁၅၆ | ၁၂ | အစိုးရကွန်ပျူတာကောလိပ်၊ မအူပင် | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |



ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ပင်လုံနည်းပညာကောလိပ်



စစ်တွေနည်းပညာကောလိပ်

အထက်ပါဇယားတွင် လေ့လာတွေ့ရှိချက်အရ ကချင်ပြည်နယ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ် (၈) ကျောင်းရှိသည်။ ကယားပြည်နယ်တွင် (၃) ကျောင်းရှိသည်။ ကရင်ပြည်နယ်တွင် (၄) ကျောင်းရှိသည်။ ချင်းပြည်နယ်တွင် (၃) ကျောင်းရှိသည်။ စစ်ကိုင်းတိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် သမဝါယမကောလိပ်အပါအဝင် (၁၀) ကျောင်းရှိသည်။ တနင်္သာရီတိုင်းတွင် ထားဝယ်ပညာရေးကောလိပ်အပါအဝင် (၇) ကျောင်းရှိသည်။ ပဲခူးတိုင်းတွင် တောင်ငူတက္ကသိုလ်အစပြု၍ ပြည်အစိုးရကွန်ပျူတာကောလိပ်အထိ (၁၀) ကျောင်း ဖွင့်လှစ်ထားသည်။ မကွေးတိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် ဆေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်များအပါအဝင် (၁၁) ကျောင်းရှိပါသည်။ မန္တလေးတိုင်းတွင်မူ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့က ဖွင့်လှစ်သော တက္ကသိုလ်ကောလိပ်များအပါအဝင် (၃၃) ကျောင်း၊ မွန်ပြည်နယ်တွင် (၄) ကျောင်း၊ ရခိုင်ပြည်နယ်တွင် (၄) ကျောင်း၊ ရန်ကုန်တိုင်းတွင် (၃၃) ကျောင်း၊ ရှမ်းပြည်နယ်တွင် (၁၄) ကျောင်း၊ ဧရာဝတီတိုင်းတွင် (၁၂) ကျောင်းရှိသောကြောင့် ပြည်နယ်တိုင်းအားလုံးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ကျောင်းပေါင်း (၁၅၆) ကျောင်းရှိနေပြီဖြစ်သည်။ ဖော်ပြပါကျောင်းများအားလုံးသည် မူလရှိကျောင်းများ၊ အဆင့်မြှင့်ထားသည့်ကျောင်းများ၊ အသစ်ဖွင့်လှစ်သော ကျောင်းများဖြစ်ပေသည်။ အသစ်ဖွင့်သည့် ကျောင်းပေါင်း (၁၀၅)ရှိပြီး အဆင့်မြှင့်သည့် ကျောင်းပေါင်း (၄၄) ကျောင်းရှိကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်ငံတော်ကတက္ကသိုလ်ကောလိပ်များကို နယ်စပ်ဒေသပါမကျန် ဒေသအနှံ့တွင် တိုးချဲ့တည်ဆောက်ပေးခြင်းသည် လူငယ်လူရွယ်များ အဆင့်မြင့်ပညာကို မိမိတို့ဒေသမှာပင် လက်လှမ်းတမီ၊ လွယ်လင့်တကူ သင်ကြားနိုင်ရန်အတွက်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် နိုင်ငံသူနိုင်ငံသားများ ပညာရည်မြင့်မားစေရန်၊ အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ပညာသင်ကြားရေးဆိုင်ရာ အခြေခံအဆောက်အအုံများအား အနာဂတ်ကို မျှော်တွေး၍ နိုင်ငံတော်က တည်ဆောက်ပေးနေခြင်းဖြစ်ပေသည်။

တပ်တော်အစိုးရလက်ထက်တွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်၊ ကောလိပ်များ ဒေသအနှံ့ထွန်းကားလာခဲ့ပြီဖြစ်ကြောင်း အထက်ဖော်ပြပါဇယားတွင် လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

တပ်မတော်အစိုးရသည် အခွင့်အလမ်းပွင့်နေ သောပညာရေးစနစ်တစ်ခုကို တည်ဆောက်နိုင်ရန် လိုအပ်သော ပညာရေးဆိုင်ရာ ဖွဲ့စည်းမှုများကို ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို အခြေခံလိုအပ်ချက်စံနှုန်းတစ်ခု သတ်မှတ်၍ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုကြောင့် အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် ပိုမိုမြင့်မားလျက်ရှိနေသည်။ ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်အတွက် သာမက နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်သည့် အသိပညာ၊ အတတ်ပညာများကိုပါ တတ်မြောက်စေရန်အတွက် အလေးထားသင်ကြားပေးလျက်ရှိပါသည်။ သို့ကြောင့်ပင် ယခုအခါတွင် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၏ အကျိုးရလဒ်ကြောင့် ပညာသင်ကြားတတ်မြောက်လာသူ လူငယ်လူရွယ်များသည် အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရည်အဆင့်အတန်းသာမက၊ နိုင်ငံတကာ ပညာရည်အဆင့်အတန်းနှင့် ရင်ပေါင်တန်းလိုက်နိုင်သည်။

၂၁ ရာစုတွင် ကမ္ဘာနှင့်အဝန်း၌ သိပ္ပံနှင့် နည်းပညာများ လျင်မြန်စွာဖြစ်ထွန်းလာပြီး သတင်းအချက်

အလက်နှင့် ဆက်သွယ်မှုဆိုင်ရာနည်းပညာများ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုးတက်ပြောင်းလဲလာနေသည့် နည်းပညာများကို အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက် အဆင့်မြင့်ပညာကဏ္ဍ၌ ဖန်တီးတည်ဆောက်ထားသော e.Education Learning Centre များ No.of Wide Area Network တွင်ရှိ Sites in WAN ကဏ္ဍများမှာ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသအနှံ့ ဖြစ်ပေါ်တိုးတက်လျက်ရှိနေပုံကို အောက်ပါဇယားတွင် လေ့လာသိရှိနိုင်သည်။

ပြည်နယ်/တိုင်းအလိုက် အဆင့်မြင့်ပညာကျောင်းများရှိ
သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစာသင်ခန်းများ

| စဉ် | ပြည်နယ်/တိုင်း | ၁၉၈၈ | ၂၀၀၅ **e-Education Learning Centre** | ၂၀၀၅ **No. of Sites in WAN** |
|---|---|---|---|---|
| ၁ | ကချင် | - | ၄ | ၃ |
| ၂ | ကယား | - | ၁ | ၁ |
| ၃ | ကရင် | - | ၂ | ၁ |
| ၄ | ချင်း | - | ၁ | ၁ |
| ၅ | စစ်ကိုင်း | - | ၈ | ၄ |
| ၆ | တနင်္သာရီ | - | ၃ | ၂ |
| ၇ | ပဲခူး (အရှေ့) | - | ၃ | ၂ |
| ၈ | ပဲခူး (အနောက်) | - | ၂ | ၁ |
| ၉ | မကွေး | - | ၅ | ၃ |
| ၁၀ | မန္တလေး | - | ၁၂ | ၁၀ |
| ၁၁ | မွန် | - | ၂ | ၁ |
| ၁၂ | ရခိုင် | - | ၂ | ၁ |
| ၁၃ | ရန်ကုန် | - | ၁၅ | ၂၀ |
| ၁၄ | ရှမ်း (တောင်) | - | ၃ | ၂ |
| ၁၅ | ရှမ်း (မြောက်) | - | ၁ | ၁ |
| ၁၆ | ရှမ်း (အရှေ့) | - | ၁ | ၁ |
| ၁၇ | ဧရာဝတီ | - | ၆ | ၃ |
| | စုစုပေါင်း | - | ၇၀ | ၅၇ |

ယခင်ကာလက မြန်မာပညာရှင်များသည် ပါရဂူဘွဲ့ကို ပြည်ပနိုင်ငံများတွင်သာ ဆက်လက်ဆည်းပူးခဲ့ကြရသည်။ မျက်မှောက်ခေတ်ကာလ တပ်မတော်အစိုးရလက်ထက်တွင် ပါရဂူဘွဲ့များကို မြန်မာနိုင်ငံတွင်ပင်ပေးအပ်နိုင်အောင် ဖန်တီးဖော်ဆောင်ထားပြီးဖြစ်ရာ၊ ယခုအခါ အရည်အချင်းမြင့်မားသော ပါရဂူများ မြန်မာနိုင်ငံ၌ ပေါ်ထွန်းနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင် အဆင့်မြင့်မားသော မြန်မာပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာလျက်ရှိသကဲ့သို့ မြန်မာပညာရှင်များ၏ အရည်အသွေးနှင့် အရည်အချင်းတိုးတက်မြင့်မားလာစေရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အစီစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတကာနှင့် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရာတွင် နားလည်မှုစာချွန်လွှာ (MOU) ၁၉ စောင်ကို နိုင်ငံ ၁၂ နိုင်ငံနှင့်လည်းကောင်း၊ သဘောတူစာချွန်လွှာ (MOA) ကိုးစောင်နှင့် ပဋိညာဉ်စာချုပ်တစ်စောင်ကို ခြောက်နိုင်ငံနှင့်လည်းကောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး၊ နိုင်ငံတကာဆွေးနွေးပွဲ ၂၆ ကြိမ်၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ၄၅ ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း နေ့စဉ်ထုတ်သတင်းစာများမှ လေ့လာမှတ်သားရသည်။

ထိုကဲ့သို့ အဆင့်မြင့်ကဏ္ဍတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်သဖြင့် ပညာရေးကဏ္ဍအဆင့်မြင့်မားတိုးတက်လာပြီဖြစ်သည့်အပြင် နိုင်ငံတကာအဆင့်မီ ပါရဂူပညာရှင်များလည်း စဉ်ဆက်မပြတ်ပေါ်ထွက်လျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များမှာ ယခင်ခေတ်ကာလများတွင် လုံးဝမရှိခဲ့ဘဲ၊ တပ်မတော်အစိုးရလက်ထက်ရောက်မှသာ အောင်မြင်စွာတိုးမြှင့်ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့တိုးမြှင့်ဖော်ဆောင်ရာတွင် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ တက္ကသိုလ်ကောလိပ်များ၌ သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများ ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံတကာအဆင့်မီ ပညာရပ်များသင်ကြားပို့ချပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနများ ဖွင့်လှစ်ပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆင့်မြင့်ပညာရေးကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနများက ပို့ချပေးခဲ့သော မဟာဘွဲ့သင်တန်း၊ ဒီပလိုမာသင်တန်းနှင့် လက်မှတ်ရသင်တန်းများသည် နိုင်ငံတော်ကိုဝိုင်းဝန်းတည်ဆောက်မည့် အတတ်ပညာရှင်များအတွက် အထောက်အကူပြုလျက်ရှိပေသည်။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကာလ တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်များကို ပြည်နှင့်တိုင်းများအလိုက် အကြားအလပ်မရှိ ဖွင့်လှစ်လျက်ရှိခြင်းသည် အခွင့်အလမ်းပွင့်၊ အရည်အသွေး မြင့်၊ ပညာခက်ဖြာ (Accessibility, Quality and Diversity) ဟူသော ပညာရေးလုပ်ငန်းစဉ်များကို ဖော်ညွှန်းဆောင်ရွက်နေခြင်းဖြစ်ပေသည်။ ထို့အပြင် "မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"ဟူသော ပညာရေးမျှော်မှန်းချက်ကို အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဟူသော ပညာရေးဆောင်ပုဒ်အရ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ အသိပညာ အတတ်ပညာများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပေါ်ထွန်းလာရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်နေခြင်းဖြစ်ပေတော့သည်။

ဒေါ်အေးအေးမြင့်

# ကျေးရွာကိုယ့်အားကိုယ့်ကိုး စာကြည့်တိုက်များ



ဦးကျော်ဟိုး (မဟာဝိဇ္ဇာ)

# ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ

လူ့အဖွဲ့အစည်းတစ်ခု၏ တိုးတက်စည်ပင်ခြင်း၊ ဖွံ့ဖြိုးသာယာခြင်း၊ အေးချမ်းတည်ငြိမ်ခြင်းနှင့် မြင့်မား အောင်မြင်ခြင်း၊ ကောင်းကျိုးရလဒ်သည် ယင်းလူ့အဖွဲ့ အစည်းအတွင်းရှိ လူသားများ၏အတွေးအခေါ်၊ အမြော်အမြင်၊ ဗဟုသုတနှင့် မျှော်မှန်းချက်ကောင်းမွန် မှုအပေါ် မူတည်လျက်ရှိပါသည်။ ပြည်ထောင်စုမြန်မာ နိုင်ငံသည် လူဦးရေ (၅၄)သန်းကျော်ရှိရာ၊ ရာခိုင်နှုန်း (၇၀)ကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ယင်းတို့၏အတွေးအခေါ်၊ အမြော်အမြင်၊ ဗဟုသုတ မြင့်မားသည်နှင့်အမျှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာ ရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများလည်း ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့လူ့ဘောင် အဖွဲ့အစည်းအသီးသီးသည်လည်း ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရပြီဖြစ်သည်။ ဤကဲ့သို့ စိန်ခေါ် မှုများကို ရင်ဆိုင်ရန် အမြဲလေ့လာသင်ယူနေသည့် လူ့ အဖွဲ့အစည်း (Life Long Learning Society) ဖြစ် လာအောင် ဆောင်ရွက်နေကြရမည်ဖြစ်ပါသည်။ အမြဲတမ်းလေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့ အစည်းဖြစ်ရန် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက် လျက်ရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနသည်လူများစု နေထိုင်ကြသည့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်၍ ကူညီပံ့ပိုးလျက်ရှိပါ သည်။

စာကြည့်တိုက်ဆိုသည်မှာလည်း စာအုပ်စာတမ်း များကို စုဆောင်းထားရှိရာနေရာဖြစ်ပါသည်။ စုဆောင်း ထားရှိသောစာအုပ်စာတမ်းများကို စာဖတ်သူတို့ အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျ စီစဉ်ထားရှိသောနေရာလည်းဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက်သည် ပညာဗဟုသုတတိုးပွားလို သူတို့အတွက် လွတ်လပ်စွာရှာဖွေနိုင်သော နေရာမျိုး ဖြစ်သဖြင့် လူထုတက္ကသိုလ်ဟုလည်း ဆိုနိုင်ပါသည်။ ပညာရပ်အမျိုးမျိုး၊ ဆရာအမျိုးမျိုးတွေ့နိုင်သော ဘဝ တက္ကသိုလ်ဟုဆိုနိုင်သည့်အပြင် လောက၏ ပြူတင်း ပေါက်များဟုလည်း ခေါ်ဆိုနိုင်ပါသည်။

စာကြည့်တိုက်များမှ စာအုပ်စာပေများ ဖတ်ရှု လေ့လာခြင်းဖြင့် အသိအမြင်ဗဟုသုတတိုးပွားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုလျက်ရှိပါသည်။ မြန်မာ့သမိုင်းကြောင်းတွင် ကျေးလက် တောင်သူလယ်သမားဘဝမှ ပညာရှိ အမတ်ကြီးအဖြစ် ပေါ်ထွန်းခဲ့သော ဝန်ဇင်ဘိုးရာဇာသည် ကျေးလက် တွင် စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် အသိအမြင် ဗဟုသုတတိုးပွားကာ အတုယူစံပြုထိုက်သော ပညာရှိ အမတ်ကြီးဖြစ်လာခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ တိုင်းရင်း သားပြည်သူများ အသိပညာဗဟုသုတကြွယ်ဝပြီး အခြေ




ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၃-၁-၂၀၀၅ ရက်နေ့ ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာ "မီးရှူးတန်ဆောင်" စာကြည့်တိုက်ဖွင့်ပွဲတွင် စာအုပ်များ ပေးအပ်လှူဒါန်းစဉ်

အနေမှန်ကို သိရှိ၍ မှန်မှန်ကန်ကန်ဝေဖန်ပိုင်းခြားတတ်စေရန်၊ ကျေးလက်ဒေသပြည်သူလူထုစာဖတ်သည့် အလေ့အကျင့်များ တိုးတက်လာစေရန် ရည်ရွယ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ လမ်းညွှန်မှုကို ခံယူလျက် ရည်မှန်းချက် (၃)ရပ်ထားရှိ ဆောင်ရွက်ခဲ့ပါသည်။

**ပထမရည်မှန်းချက်မှာ** ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ခရိုင်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုကြီးများ၊ အထက်တန်း၊ အလယ်တန်းကျောင်းရှိသော ကျေးရွာများ စံပြကျေးရွာကြီးများနှင့် လူစည်ကားသည့် ကျေးရွာကြီးများအား ဦးစားပေး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ရန်ဟူသည့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ လမ်းညွှန်မှုကို ခံယူပြီး စီမံချက် ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ခဲ့သဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စု ရွာကြီး (၁၃၄၇၈)ရွာတွင် စာကြည့်တိုက်များ ဖွင့်လှစ် နိုင်ခဲ့ပါသည်။

**ဒုတိယရည်မှန်းချက်မှာ** ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏လမ်းညွှန်မှုကို ခံယူပြီး စီမံချက်ရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။ တစ်ချိန်တည်းတွင် သတင်းစာ၊ ရုပ်မြင်သံကြားနှင့်ရေဒီယိုတို့မှလည်းအောက်ပါအတိုင်း လှုံ့ဆော်ခဲ့ပါသည်။

## စာအုပ်ဟူသည်

* နေမင်းပမာ၊ ထွန်းလင်းစွာ၏။
* လမင်းပမာ၊ အေးချမ်းသာ၏။
* မျက်လုံးပမာ၊ မြင်တတ်စွာ၏။
* ရထားပမာ၊ ပို့ဆောင်ပါ၏။
* လက်နက်ပမာ၊ ထက်မြက်စွာ၏။
* နှလုံးပမာ၊ သိမ်မွေ့စွာ၏။
* အသည်းပမာ၊ နူးညံ့စွာ၏။

* ပညာတိုးလို စာကိုရှု၊
* အသိတိုးလို စာကိုရှု၊
* ဉာဏ်ထက်မြက်လို စာကိုရှု၊
* ဗဟုသုတ လိုတာရ၍၊
* ဘဝကောင်းကျိုး၊ လွန်သည်ပိုး၍၊
* မြတ်နိုးအပ်စွာ၊ ထိုအရာကား၊
* စာအုပ်စာပေ၊ လူ့မိတ်ဆွေတည်း။

## စာကြည့်တိုက်ဟူသည်

အများအမှန်၊ ဝေဖန်ပိုင်းခြား
သုတပွားကာ၊ သစ္စာအမြင်
ကြည်လင်စေရန်၊ စာပေအမြိုက်
ပညာသိုက်သို့၊ ညွှန်ပြဆိုက်ဆိုက်
စာကြည့်တိုက်

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၇-၈-၂၀၀၄ ရက်နေ့တွင် "ကျေးရွာစာကြည့်တိုက် ရန်ပုံငွေ ထူထောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ" ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ လမ်းညွှန်မှုကို ခံယူပြီး အောက်ပါအတိုင်း ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-

(၁) ဗိုလ်မှူးချုပ်ကျော်ဆန်း — နာယက
ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး၊ ပြန်ကြားရေး — နာယက
ဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး၊ ပြန်ကြားရေး — နာယက
ဝန်ကြီးဌာန

(၄) ဦးချစ်နိုင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၅) ဦးခင်မောင်တင့် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

(၆) ဦးမြင့်ကြွယ် — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံစာပေနှင့်
စာနယ်ဇင်းအဖွဲ့

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန

(၈) ညွှန်ကြားရေးမှူး (စီမံ) — အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၉) ညွှန်ကြားရေးမှူး (စီမံ) — အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ

(၁၀) ညွှန်ကြားရေးမှူး (ထုတ်လုပ်) အဖွဲ့ဝင်
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၁) ဒုတိယအထွေထွေမန်နေဂျာ အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁၂) ဒေါက်တာတင်ထွန်းဦး အဖွဲ့ဝင်
သုတစွယ်စုံစာအုပ်တိုက်

(၁၃) ဒေါက်တာသာထွန်းဦး အဖွဲ့ဝင်
တူဒေးစာအုပ်တိုက်

(၁၄) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
(ပြန်/ဆက်)
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၁၅) လက်ထောက် တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့်
ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး၏လမ်းညွှန်မှုကို ခံယူပြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၏ကြိုးပမ်းမှု၊ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုများ ကြောင့် ကျေးရွာပေါင်း (၆၁၄၄၃) ရွာတွင် ၇-၆-၂၀၀၆ ရက်နေ့အထိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ပေါင်း (၅၄၇၀၇) တိုက်ဖွင့်လှစ်ခဲ့ပါသည်။ ဖွင့်လှစ် ပြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို လည်း ပြည်နယ်/တိုင်းအလိုက် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

ပြည်နယ်/တိုင်း အလိုက်ဖွဲ့စည်းပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ (၇. ၆. ၂၀၀၆)နေ့ထိ

| စဉ် | ပြည်နယ်/တိုင်း | ကျေးရွာဦးရေ | ဖွဲ့စည်းပြီး စာကြည့်တိုက်ဦးရေ | ဆက်လက်ဖွဲ့စည်းနေသော ကျေးရွာများ |
|---|---|---|---|---|
| ၁ | ကချင် | ၁၈၄၉ | ၁၅၅၅ | ၂၉၄ |
| ၂ | ကယား | ၅၉၁ | ၃၃၃ | ၂၅၈ |
| ၃ | ကရင် | ၁၇၃၈ | ၁၃၃၅ | ၄၀၃ |
| ၄ | ချင်း | ၉၈၉ | ၆၇၂ | ၃၁၇ |
| ၅ | စစ်ကိုင်း | ၅၉၁၀ | ၅၈၅၂ | ၄၈ |
| ၆ | တနင်္သာရီ | ၁၁၃၃ | ၁၁၁၆ | ၁၇ |
| ၇ | ပဲခူး (အရှေ့ခြမ်း) | ၃၀၀၅ | ၂၉၉၃ | ၁၂ |
| ၈ | ပဲခူး (အနောက်ခြမ်း) | ၃၆၀၉ | ၃၆၀၉ | - |
| ၉ | မကွေး | ၄၇၇၃ | ၄၇၇၃ | - |
| ၁၀ | မန္တလေး | ၅၅၄၂ | ၅၅၄၂ | - |
| ၁၁ | မွန် | ၁၂၂၈ | ၁၁၉၈ | ၃၀ |
| ၁၂ | ရခိုင် | ၄၁၈၅ | ၄၁၈၅ | - |
| ၁၃ | ရန်ကုန် | ၂၀၅၆ | ၂၀၅၆ | - |
| ၁၄ | ရှမ်း (တောင်ပိုင်း) | ၅၀၇၆ | ၃၀၇၂ | ၂၀၀၄ |
| ၁၅ | ရှမ်း (မြောက်ပိုင်း) | ၄၈၀၀ | ၂၅၈၉ | ၂၂၁၁ |
| ၁၆ | ရှမ်း (အရှေ့) | ၃၁၂၇ | ၁၉၈၅ | ၁၁၄၂ |
| ၁၇ | ဧရာဝတီ | ၁၁၈၃၈ | ၁၁၈၃၈ | - |
| | ပေါင်း | ၆၁၄၄၃ | ၅၄၇၀၇ | ၆၇၃၆ |

## ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ

ဤကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အား၊ စေတနာရှင်ပြည်သူများ၏ အားနှင့် ဒေသခံပြည်သူများ၏အား ဟူသည့် အားသုံးအားဖြင့် ဆောင်ရွက်ခဲ့၍ဖြစ်ပါသည်။

စေတနာရှင် ပြည်သူများ၏ စာအုပ်၊ စာစောင်များနှင့် ငွေသားလှူရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### စာအုပ်၊ စာစောင်များနှင့် ငွေသားလှူဒါန်းလက်ခံရရှိမှုစာရင်း
### (၈. ၆. ၂၀၀၆ ရက်နေ့ထိ)

| စဉ် | အကြောင်းအရာ | အလှူရှင် | ငွေသားလှူဒါန်း | စာအုပ်စာစောင်တန်ဖိုး | |
|---|---|---|---|---|---|
| | | | | အုပ်ရေ | တန်ဖိုး (ကျပ်) |
| ၁ | ပထမအကြိမ် (ဝန်ကြီးရုံး) (၁၇-၈-၂၀၀၄) | ၁၈ | ၉၀၀၀၀ | ၁၄၃၂၅ | ၅၄၈၁၅၉၀ |
| ၂ | ဒုတိယအကြိမ် (ဝန်ကြီးရုံး) (၇-၉-၂၀၀၄) | ၉၀ | ၁၅၄၄၀၀၀ | ၁၂၉၆၃၂ | ၄၉၉၂၉၅၁ |
| ၃ | တတိယအကြိမ် (ဝန်ကြီးရုံး) (၂၄-၉-၂၀၀၄) | ၅၅ | ၃၉၈၉၀၀၀ | ၄၆၇၈၅ | ၇၈၈၅၇၇၅ |
| ၄ | စတုတ္ထအကြိမ် (ဝန်ကြီးရုံး) (၃-၁၂-၂၀၀၄) | ၁၀၃ | ၈၆၇၇၀၀၀ | ၅၂၅၂၈ | ၁၁၂၇၀၅၇၅ |
| ၅ | ပဉ္စမအကြိမ် (ဝန်ကြီးရုံး) (၆-၃-၂၀၀၅) | ၄၈ | ၃၁၂၉၀၀၀ | ၃၉၃၉၆ | ၁၂၅၅၇၅၇၅ |
| ၆ | ဆဋ္ဌမအကြိမ် (ဝန်ကြီးရုံး) (၂၄-၆-၂၀၀၅) | ၆၃ | ၈၃၄၅၀၀၀ | ၃၇၅၂၀၂ | ၁၁၅၂၅၁၉၆ |
| ၇ | သတ္တမအကြိမ် (ဝန်ကြီးရုံး) (၇-၉-၂၀၀၅) | ၁၁၃ | ၂၂၆၀၀၀၀၀ | ၉၉၉၅၈၁ | ၃၂၉၈၁၁၅၀ |
| ၈ | အဋ္ဌမအကြိမ် (ဝန်ကြီးရုံး) (၇-၁-၂၀၀၆) | ၁၁၀ | ၄၆၇၈၀၀၀ | ၉၁၁၈၅ | ၂၆၈၃၆၅၇၀ |
| ၉ | နဝမအကြိမ် (ပျဉ်းမနား) (၂၆-၃-၂၀၀၆) | ၁၄ | ၁၉၆၇၅၀၀ | ၇၆၃၈ | ၁၉၃၃၆၀၀ |
| ၁၀ | ဒသမအကြိမ် (ရန်ကုန်) (၁၀-၄-၂၀၀၆) | ၆ | ၁၀၀၀၀၀၀ | ၁၇၇၃၈ | ၄၉၀၉၄၀၀ |
| ၁၁ | (၁၁ ကြိမ်) မန္တလေး (၂၄-၄-၂၀၀၆) | ၁၅၅ | ၇၇၀၀၀၀၀ | ၁၉၇၃၁၇ | ၂၉၅၉၇၅၅၀ |
| ၁၂ | (၁၂ ကြိမ်) ကျိုင်းတုံ (၂၅-၄-၂၀၀၆) | ၈၉ | ၃၃၆၅၀၀၀ | ၄၆၄၆ | ၇၇၉၀၀၀ |

## ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ

| စဉ် | အကြောင်းအရာ | အလှူရှင် | ငွေသားလှူဒါန်း | စာအုပ်စာစောင်တန်ဖိုး | |
|---|---|---|---|---|---|
| | | | | အုပ်ရေ | တန်ဖိုး (ကျပ်) |
| ၁၃ | (၁၃ ကြိမ်) လားရှိုး (၁-၅-၂၀၀၆) | ၇၀ | ၆၀၇၀၀၀၀ | ၉၁၃၅၈ | ၃၁၂၈၀၀၀၀ |
| ၁၄ | (၁၄ ကြိမ်) မြစ်ကြီးနား (၁၀-၅-၂၀၀၆) | ၃၁၈ | ၂၁၂၅၀၀၀၀ | ၁၄၂၃၁ | ၂၅၅၉၀၁၉ |
| ၁၅ | (၁၅ ကြိမ်) တောင်ငူ (၁၁-၅-၂၀၀၆) | ၁၈ | ၁၂၄၅၀၀၀၀ | ၁၃၁၁၀ | ၅၅၉၀၀၀၀ |
| ၁၆ | (၁၆ ကြိမ်) မော်လမြိုင် (၈-၆-၂၀၀၆) | ၆၂ | ၄၇၉၄၅၀၀ | ၄၀၀၇ | ၃၂၀၅၆၀၀ |




၁၁-၅-၂၀၀၆ နေ့ တောင်ငူမြို့၊ ခပေါင်းခန်းမ၌ ကျင်းပပြုလုပ်သည့် ပဲခူးတိုင်း၊ တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်အောင်ပွဲတွင် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုအား ငွေပဒေသာပင် ပေးအပ်လှူဒါန်းစဉ်

ကျေး ရွာတိုင်း ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ကြစို့

အသိပညာတိုးပွားရေး၊

စာကြည့်တိုက်များ ထူထောင်ပေး။



- ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

- ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေး ဝန်ကြီး ဌာန

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သည် စေတနာရှင်များ လှူဒါန်းသည့် အလှူငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းအမှတ် SF-005189 ဖြင့် ငွေစုဘဏ်စာအုပ်ဖွင့်ကာ စနစ်တကျ အပ်နှံခြင်း၊ ထုတ်ယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ကျေးရွာစာကြည့်တိုက်များ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ယခုကဲ့သို့ဖွဲ့စည်း ထူထောင်နိုင်ခဲ့သဖြင့် ကမ္ဘာတွင် ကျေးရွာစာကြည့်တိုက်များရှိသော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါသည်။ ကျေးရွာစာကြည့်တိုက်များ ဖွဲ့စည်းထူထောင်ခြင်း သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လည်းများစွာ အထောက်အကူပြုလျက်ရှိပါသည်။ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရာတွင် ရည်ရွယ်ချက်များ မြင့်မားစွာထားရှိပါသည်။ ယင်းမှာ-

(က) ကျေးလက်နေလူကြီး၊ လူငယ်တို့အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်ရန်၊

(ခ) စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာနိုင်စေရန်၊

(ဂ) အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်စေရန်၊

(ဃ) အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊

(င) ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်လာစေရန်နှင့်

(စ) နိုင်ငံတော်အကျိုးပြုမည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေရန်တို့ဖြစ်ပါသည်။

## စာအုပ်၊ စာစောင်များနှင့် ငွေသားလက်ခံရရှိမှု
## (၃၀-၆-၂၀၀၆ ရက်နေ့ထိ)

| စဉ် | အကြောင်းအရာ | အလှူရှင် ဦးရေ | ငွေသားလှူဒါန်း (ကျပ်) | စာအုပ်စာစောင်တန်ဖိုး | |
|---|---|---|---|---|---|
| | | | | အုပ်ရေ | တန်ဖိုး (ကျပ်) |
| ၁ | ပထမအကြိမ် (ဝန်ကြီးရုံး) (၁၇-၈-၂၀၀၄) | ၁၈ | ၉၀၀၀၀ | ၁၄၃၂၅ | ၅၄၈၁၅၉၀ |
| ၂ | ဒုတိယအကြိမ် (ဝန်ကြီးရုံး) (၇-၉-၂၀၀၄) | ၉၀ | ၁၅၄၄၀၀၀ | ၁၂၉၆၃၂ | ၄၉၉၂၉၅၁ |
| ၃ | တတိယအကြိမ် (ဝန်ကြီးရုံး) (၂၄-၉-၂၀၀၄) | ၅၅ | ၃၉၈၉၀၀၀ | ၄၆၇၈၅ | ၇၈၈၅၇၇၅ |
| ၄ | စတုတ္ထအကြိမ် (ဝန်ကြီးရုံး) (၃-၁၂-၂၀၀၄) | ၁၀၃ | ၈၆၇၇၀၀၀ | ၅၂၅၂၈ | ၁၁၂၇၀၅၇၅ |
| ၅ | ပဉ္စမအကြိမ် (ဝန်ကြီးရုံး) (၆-၃-၂၀၀၅) | ၄၈ | ၃၁၂၉၀၀၀ | ၃၉၃၉၆ | ၁၂၅၅၇၅၇၅ |
| ၆ | ဆဌမအကြိမ် (ဝန်ကြီးရုံး) (၂၄-၆-၂၀၀၅) | ၆၃ | ၈၃၄၅၀၀၀ | ၃၇၅၂၀၂ | ၁၁၅၂၅၁၉၆ |
| ၇ | သတ္တမအကြိမ် (ဝန်ကြီးရုံး) (၇-၉-၂၀၀၅) | ၁၁၃ | ၂၂၆၀၀၀၀၀ | ၉၉၉၈၅၁ | ၃၂၉၈၁၁၅၀ |
| ၈ | အဌမအကြိမ် (ဝန်ကြီးရုံး) (၇-၁-၂၀၀၆) | ၁၁၀ | ၄၆၇၈၀၀၀ | ၉၁၁၈၅ | ၂၆၈၃၆၅၇၀ |
| ၉ | နဝမအကြိမ် (ပျဉ်းမနား) (၂၆-၃-၂၀၀၆) | ၁၄ | ၁၉၆၇၅၀၀ | ၇၆၃၈ | ၁၉၃၃၆၀၀ |
| ၁၀ | ဒသမအကြိမ် (ရန်ကုန်) (၁၀-၄-၂၀၀၆) | ၆ | ၁၀၀၀၀၀၀ | ၁၇၇၃၈ | ၄၉၀၉၄၀၀ |
| ၁၁ | (၁၁) ကြိမ် (မန္တလေး) (၂၄-၄-၂၀၀၆) | ၁၅၅ | ၇၇၀၀၀၀၀ | ၁၉၇၃၁၇ | ၂၉၅၉၇၅၅၀ |
| ၁၂ | (၁၂) ကြိမ် (ကျိုင်းတုံ) (၂၅-၄-၂၀၀၆) | ၈၉ | ၃၃၆၅၀၀၀ | ၄၆၄၆ | ၇၇၉၀၀၀ |
| ၁၃ | (၁၃) ကြိမ် (လားရှိုး) (၁-၅-၂၀၀၆) | ၇၀ | ၆၀၇၀၀၀၀ | ၉၁၃၅၈ | ၃၁၂၈၀၀၀၀ |
| ၁၄ | (၁၄) ကြိမ် (မြစ်ကြီးနား) (၁၀-၅-၂၀၀၆) | ၃၁၈ | ၂၁၂၅၀၀၀၀ | ၁၄၂၃၁ | ၂၅၅၉၀၁၉ |
| ၁၅ | (၁၅) ကြိမ် (တောင်ငူ) (၁၁-၅-၂၀၀၆) | ၁၈ | ၁၂၄၅၀၀၀၀ | ၁၃၁၁၀ | ၅၅၉၀၀၀၀ |
| ၁၆ | (၁၆) ကြိမ် (မော်လမြိုင်) (၈-၆-၂၀၀၆) | ၆၂ | ၄၇၉၄၅၀၀ | ၄၀၀၇ | ၃၂၀၅၆၀၀ |
| ၁၇ | (၁၇) ကြိမ် (ရန်ကုန်) (၃၀-၆-၂၀၀၆) | ၁၅၅ | ၈၈၉၄၀၀၀ | ၁၅၁၃၃၁ | ၂၀၁၇၃၄၃၈ |

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသည် လူတန်းစားမရွေး၊ ကလေး၊ လူကြီး၊ အရွယ်မရွေး၊ ပညာအရည်အချင်းမကန့်သတ်၊ အယူတိအလတ် အမြတ်မခွဲခြားဘဲ ပြည်သူအားလုံးဖတ်ရှုလေ့လာခွင့်ရှိသော စာကြည့်တိုက်မျိုးဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူများ အသိပညာဗဟုသုတကြွယ်ဝပြီး အခြေအနေမှန်ကို သိရှိ၍ မှန်မှန်ကန်ကန်ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် ကျေးလက်ဒေသပြည်သူလူထုစာဖတ်သည့်အလေ့အကျင့်တိုးတက်စေရန်တို့ကို ဦးတည်ပါသည်။

ဖွဲ့စည်းပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးကို ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဒေသအလိုက် စီမံချက်ရေးဆွဲကာ စတင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းထူထောင်ပြီး ကျေးရွာ စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး၊ ရေရှည်လုပ်ငန်းစဉ် (၅)ရပ်ကို အောက်ပါအတိုင်း ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်ရေး၊

(ခ) ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊

(ဂ) စာကြည့်တိုက်အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊

(ဃ) စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေး၊

(င) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေး၊

ချမှတ်ထားသော လုပ်ငန်းစဉ် (၅) ရပ်ကိုလည်း (၁) ဒေသဆိုင်ရာ အာဏာပိုင်များ၏အား (၂) ကျေးရွာစာကြည့်တိုက်ကော်မတီ၏အား (၃) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏အားနှင့် (၄) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏အားဟူသော အား (၄)အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းအားလေးအားကို မဏ္ဍိုင်ပြု၍ နိုင်ငံတော်၊ စေတနာရှင်ပြည်သူများနှင့် ဒေသခံပြည်သူများစသည့် အားသုံးအားဖြင့် ဖြည့်ဆည်းကြိုးပမ်းခြင်းဖြင့်၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသည် ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ကာ မြန်မာ့သမိုင်းတွင် ကမ္ဗည်းမှတ်တိုင်စိုက်ထူလျက်ရှိနေပါသည်။

ဦးကျော်ဟိုး (မဟာဝိဇ္ဇာ)

# ၂၀၀၅ ခုနှစ်ကမ္ဘာတစ်ဝန်း ကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်များ





ဦးအုန်းလွင်







# ၂၀၀၅ ခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်များ

လူနှင့်ပတ်ဝန်းကျင်လောက ဆက်စပ်နေပုံနှင့် ပတ်သက်၍ ဝါဒနှစ်မျိုးရှိပေသည်။ လူသားတို့၏ ဘဝကို သဘာဝပတ်ဝန်းကျင်လောကက ထိန်းချုပ်ထားသည်ဟူသောဝါဒ (Determinism) နှင့် သဘာဝပတ်ဝန်းကျင်လောကကို လူတို့က လိုသလိုပြုပြင်ခြယ်လှယ်နိုင်သည်ဟူသော ဖြစ်နိုင်ချေပြဝါဒ (Possibilism)တို့ ဖြစ်သည်။

အပူအအေးဒဏ်ခံနိုင်ရန် အဝတ်အထည်နှင့် အဆောက်အအုံများကို ပြုလုပ်နိုင်လာခြင်း၊ သဘာဝပေါက်ကောက်ပဲသီးနှံတို့အပေါ် မှီခိုစားသောက်နေကြရာမှ စိုက်ပျိုးမွေးမြူတတ်လာ၍ သဘာဝအပေါ် အမှီအခိုကင်းလာခြင်း၊ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်စသည်တို့ကို တီထွင်လာနိုင်သောကြောင့် ဝေးလံခက်ခဲသောနေရာများသို့ အလွယ်တကူပေါက်ရောက်လာနိုင်ခြင်း၊ လေအေးလေပူစက်တို့ဖြင့် အပူအအေးကို မျှတစေခြင်းစသည်များသည် သဘာဝလောကကို လူတို့ကလိုသလိုပြုပြင်ခြယ်လှယ်နိုင်ကြောင်း သာဓကများပင်ဖြစ်သည်။

သို့သော် မုန်တိုင်းကျရောက်ခြင်း၊ မိုးအလွန်အမင်းခေါင်ခြင်း၊ မိုးအလွန်အမင်းရွာသွန်းခြင်း၊ ရေကြီးရေလျှံမိုးခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်းစသည့် သဘာဝအချင်းအရာများကိုမူ လူတို့ ယခုတိုင် မတွန်းလှန်နိုင်သေးဘဲ၊ ယင်းတို့၏ ထိန်းချုပ်စိုးမိုးမှုကို ခံနေကြရသည်။ ထိုသဘာဝအချင်းအရာဖြစ်ရပ်များသည် လူတို့အား ဘေးသင့်ကပ်ဆိုက်စေသောကြောင့် ယင်းတို့ကို သဘာဝဘေးဒဏ်များသို့မဟုတ် သဘာဝဘေးအန္တရာယ်များဟု ခေါ်ဆိုကြသည်။ ယင်းသို့သော သဘာဝဘေးဒဏ်များ ကျရောက်လာမည့်အရေးကို ကြိုတင်ခန့်မှန်းသိရှိနိုင်ရန် လူတို့သည် အစဉ်အလာနည်းများဖြင့် ဖြစ်စေ၊ ခေတ်သစ်သိပ္ပံကိရိယာများဖြင့်ဖြစ်စေ တီထွင်ကြံဆမျက်ခြည်မပြတ် လေ့လာထောက်လှမ်းနေသည့်ကြားမှ ဤကမ္ဘာတစ်ဝန်းသည် သဘာဝဘေးဒဏ် တစ်မျိုးမဟုတ်တစ်မျိုးနှင့် နေ့စဉ်ကြုံတွေ့နေရသည်ဟု သုတေသီများကဆိုကြသည်။

မကြာလှသေးသောကာလဖြစ်သည့် ၂၀၀၄ ခုနှစ် အကုန်ပိုင်း ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ် အောက်တိုဘာအထိ (၁၀)လကျော်ကာလအတွင်း ဤကမ္ဘာမြေတွင် သဘာဝဘေးဒဏ်အမျိုးမျိုးကျရောက်သွားခဲ့လေသည်၊ ပြည်ပသတင်းဂျာနယ်တစ်စောင်က "အန္တရာယ်ရှိစွာနေထိုင်ရသောနှစ်" (The year of living dangerously) ဟု ရေးသားဖော်ပြသည်အထိ ငလျင်လှုပ်၊ ရေကြီး၊ မုန်တိုင်းထန်စသော သဘာဝဘေးဒဏ်အမျိုးမျိုးအဆက်မပြတ်ဆိုသလို ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ပြည်ပဂျာနယ်တစ်စောင်က Non-stop disasters ဟူ၍ ထပ်ဆင့်ရေးသားခဲ့ပြန်သည်။

## သဘာဝဘေးဒဏ်ပြက္ခဒိန်

ထို (၁၀)လကျော် ကာလအတွင်း အာရှ အမေရိက၊ ဥရောပနှင့် အာဖရိကဒေသများသည် သဘာဝဘေးဒဏ်တစ်မျိုးမဟုတ် တစ်မျိုးခံခဲ့ကြရသည်။ ယင်းကို သဘာဝဘေးဒဏ်ပြက္ခဒိန် (Calendar of disasters) ဟူ၍ မှတ်တမ်းတင်ထားသည်ကို အောက်ပါအတိုင်းတွေ့ရှိရပေသည်။

ဒီဇင်ဘာ ၂၆ ရက် ၂၀၀၄- တောင်အာရှနှင့် အာဖရိကတစ်ကြောတွင် နှစ်ပေါင်း (၄၀)အတွင်း အပြင်းထန်ဆုံး ငလျင်ကြီးလှုပ်သည်။ ယင်းငလျင်ကို အကြောင်းပြု၍ အလွန်တရာကြောက်မက်ဖွယ်



**သဘာဝဘေးဒဏ်ကြောင့် လူပေါင်းများစွာ ဤသို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်**

ကောင်းသော ရေလှိုင်းကြီးဖြစ်ပေါ်သည်။ "ဆူနာမီ ရေလှိုင်းကြီး" ဟူ၍ ခေါ်ကြသည်။ "ဆူနာမီ"သည် ဂျပန်ဘာသာစကားဖြစ်သည်။ "ကြီးမားသော မြေငလျင် ရေလှိုင်းများ"ဟု အဓိပ္ပါယ်ရသည်။ ဆူနာမီရေလှိုင်းကြီး များသည် နက်ရှိုင်းသော သမုဒ္ဒရာရေပြင်ကို တစ်နာရီ လျှင် ကီလိုမီတာ ၈၀၀ ထက်ကျော်လွန်သောနှုန်းဖြင့် ဖြတ်သန်းသွားလေ့ရှိသည်။ လှိုင်းထိပ်တစ်ခုမှ တစ်ခု အထိ အကွာအဝေးသည် မီတာ ၁၀၀ ကျော်သည်။ (၁ မီတာ ၃. ၂၈၀၈') ပင်လယ်ပြင်တွင် လှိုင်းအမြင့်မှာ ၁၀ စင်တီမီတာခန့်သာရှိ တတ်သော်လည်း ကုန်းတွင်းပိုင်းသို့ ဝင်လာသည်နှင့် အမျှ တစ်စတစ်စကြီးမားလာရာ လှိုင်းအမြင့်မီတာ ၃၀ ကျော်လွန်သည်အထိဖြစ်သည်။

သုံးမီတာမှ ခြောက်မီတာမြင့်သော အတိုင်းအတာ ရှိသည့် ဆူနာမီရေလှိုင်းသည် အသေအပျောက်နှင့် အပျက်အစီးအမြောက်အမြားဖြစ်စေနိုင်သည်။ လှိုင်း အမြင့် မီတာ ၃၀ ရှိသော ဆူနာမီရေလှိုင်းကြီး၏ ဖျက်ဆီးမှုစွမ်းအားသည် ဆိုဖွယ်ရာမရှိတော့ပေ။

ဆူနာမီရေလှိုင်းသည် သမုဒ္ဒရာကြီးတစ်ခုလုံးကို လျင်မြန်စွာဖြတ်သန်းသွားနိုင်သည်။ ၁၈၉၆ ခုနှစ် ဇွန်လ

၁၅ ရက်နေ့၌ ဂျပန်နိုင်ငံ စန်ရီကူခရိုင်တွင် ဆူနာမီရေလှိုင်းကြောင့် အိမ်ခြေ ၁၀၀၀၀ ခန့် နစ်မြုပ်ပျက်စီးသွားပြီး လူပေါင်း ၂၇၀၀၀ ခန့်သေဆုံးခဲ့သည်။ "စန်ရီကူဆူနာမီ"သည် မိုင်ပေါင်း ၄၇၀၀ ခန့်ဝေးသော ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ ၁၀ နာရီ နှင့် ၃၄ မိနစ်အတွင်း အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေရှိ ဆန်ဖရန်စစ္စကို ဆိပ်ကမ်းသို့ ရောက်ရှိသည်။ ထို့အတူ ၁၈၇၇ ခုနှစ် ချီလီနိုင်ငံ "အီကီးကေ" (Iquique) လျှော်ကြောင့်ဖြစ်ပေါ်လာသော ဆူနာမီရေလှိုင်းသည် မိုင် ၁၀၃၀၀ ဝေးသော ဂျပန်နိုင်ငံဟာကိုဒိတ် (Ha Ko Date) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ အတွင်း ပစိဖိတ်သမုဒ္ဒရာတွင် ဆူနာမီပေါင်း ၃၀၀ ကျော်ခန့်ဖြစ်ပေါ်ခဲ့ပြီး အတ္တလန္တိတ်သမုဒ္ဒရာတွင် အကြိမ် ၃၀ ခန့်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

၂၆-၁၂-၂၀၀၄ ရက်နေ့က ဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းကြီးသည် အိန္ဒိယသမုဒ္ဒရာ (၁၁) နိုင်ငံမှ လူပေါင်း ၃၁၀၀၀၀ ၏ အသက်ဇီဝိန်ကို ခြွေခဲ့သည်။ တိုက်တာအိုးအိမ်စက်ရုံအလုပ်ရုံ အဆောက်အအုံပေါင်းစုံကို ဖျက်ဆီးပစ်လိုက်သည်။ အပျက်အစီးများကို ပြန်လည်ပြုပြင်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ အနည်းဆုံး ၁၃ ဘီလီယံအထိ ကုန်ကျလိမ့်မည် ဟု စီးပွားရေးပညာရှင်များက ခန့်မှန်းကြသည်။

**ဇန်နဝါရီလ ၈-၁၅ ရက် ၂၀၀၅**- ဥရောပမြောက်ပိုင်းဒေသများတွင် ရာသီဥတုသည် အဆိုးဝါးဆုံးအခြေအနေသို့ ပြောင်းလဲသွားကာ နှစ် ၄၀ အတွင်း အဆိုးဝါးဆုံးမုန်တိုင်းများကျရောက်သည်။ အိုင်ယာလန်မှ ရုရှားနိုင်ငံအထိ လေကြီးမိုးကြီးကျသည့် သဘာဝ



ပြိုကျပျက်စီးအဆောက် အအုံများအောက်တွင် အသက်ပျောက်ရရှာသော လျှော်သားကောင်တစ်ဦး

# ၂၀၀၅ ခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်များ



**ပါကစ္စတန်ကက်ရှ်မီးယားမှ ငလျင်ဒဏ်ခံရသူများ**



**သဘာဝဘေးဒဏ်ကြောင့် ဒုက္ခရောက်သူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ကူညီစဉ်**

ဘေးဒဏ်ကိုခံကြရသည်။ ဗြိတိန်နိုင်ငံတွင် ရေကြီးမှု ဖြစ်ပြီး လေကြောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ ထိုသဘာဝ ဘေးဒဏ်ကြောင့် လူ ၁၄ ဦး သေဆုံးသည်။ လူနေအိမ်ခြေနှင့် စီးပွားရေးအဆောက်အအုံ ၂၅၀၀၀၀ ကျော်တွင် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားသည်။

**ဖေဖော်ဝါရီ ၆-၁၃ ရက် ၂၀၀၅**- ပါကစ္စတန် အနောက်တောင်ပိုင်းတွင် မိုးကြီးသည်းသည်းမည်း မည်း ပြင်းပြင်းထန်ထန် ရက်ဆက်ရွာသွန်းမှုကြောင့် ရေကြီး ရေလျှံသဘာဝဘေးဒဏ်ကျရောက်သည်။ ရေကြီးမှု ကြောင့် ဆည်သုံးခုကျိုးပေါက်သွားသည်။ လူပေါင်း ၃၅၀



**ငလျင်ဒဏ်ကြောင့် တိမ်းမှောက်သွားသော ကားကို ပြန်လည်တည့်မတ်စဉ်**

အသက်ဆုံးရှုံးသည်။ လူ ၂၀၀၀ မှာ ပျောက်ဆုံးနေသည်။ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။

ဖေဖော်ဝါရီ ၂၂ ရက် ၂၀၀၅- အီရန်နိုင်ငံ အလယ်ပိုင်းတွင် အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်သည်။ ကျေးရွာပေါင်းများစွာ ဗုန်းဗုန်းကျပျက်စီးသည်။ လူ ၅၀၀ ကျော် အသက်ဆုံးရှုံးပြီး လူ ၁၀၀၀ ကျော် ထိခိုက်ဒဏ်ရာရသည်။

မတ်လ ၂၀ ရက် ၂၀၀၅-ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှု (Kyushu) ကျွန်းတွင် ငလျင်လှုပ်သည်။ လူတစ်ဦးသေဆုံးပြီး လူ ၄၀ ဒဏ်ရာရသည်။ အဆောက်အအုံများ ပြိုကျသဖြင့် လူပေါင်းများစွာ ထွက်ပြေးကြရသည်။

မတ်လ ၂၈ ရက် ၂၀၀၅- စုမတ္တရာကျွန်းစုရှိ Nrias တွင် အင်အားပြင်း ငလျင်တစ်ခုလှုပ်သည်။ ခန့်မှန်းခြေ လူပေါင်း ၁၃၀၀ သေဆုံးသည်။ အိမ်ခြေရာခြေ ၁၀ ရာခိုင်နှုန်း ပျက်စီးသည်။ မော်တော်ကားလမ်းများ ကွဲအက်ပေါက်ပြဲသွားသည်။

ဇွန် ၁၀ ရက် ၂၀၀၅- တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံကာ မူလတန်းကျောင်းတစ်ကျောင်းကို ရေလွှမ်းမိုးသည်။ လူပေါင်း ၉၀ သေဆုံးသည်။ သေဆုံးရာတွင် အများစုမှာ ကလေးသူငယ်များဖြစ်သည်။ ဇွန်လကုန်အထိ ရေလွှမ်းမိုးမှုဘေးဒဏ်သင့်ခဲ့ရာ တစ်နိုင်ငံလုံးနှင့်ခြုံလျှင် လူ ၆၀၀ သေဆုံးသည်။

ဇူလိုင်လ ၁၀ ရက် ၂၀၀၅- အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် ဒင်းနစ်ဟာရီကိန်း မုန်တိုင်း (Hurricane Dennrs) ကျရောက်သည်။ လူ ၃၀ အသက်ဆုံးရှုံးသည်။

ဇူလိုင်လ ၁၈ ရက် ၂၀၀၅- တရုတ်နိုင်ငံအရှေ့တောင်ပိုင်းနှင့် တရုတ် (တိုင်ပေ)တွင် တိုက်ဖွန်းဟိုက်တန် (Typhoon Haitang) မုန်တိုင်းတိုက်ခတ်သည်။ လူ ၁၅ ဦးသေဆုံးသည်။

ဇူလိုင်လ ၂၆ ရက် ၂၀၀၅- အိန္ဒိယနိုင်ငံ၊ မဟာရတ်တရာ ပြည်နယ်တွင် မုတ်သုံမိုးအပြင်းအထန်ရွာသွန်းသောကြောင့် ရေဘေးအန္တရာယ်ကျရောက် သည်။ ရေနစ်သေဆုံးသူ ၅၅၀ ခန့်ရှိသည်။ ပြည်နယ်တစ်ဝန်းတွင် လူပေါင်း ၁၀၀၀ ကျော်သေဆုံးသည်။ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရန် ရူပီးငွေ ၅ ဘီလီယံမှ ၇ ဘီလီယံအကြား ကုန်ကျမည်ဟု ခန့်မှန်းသည်။

ဩဂုတ်လ ၅ ရက် ၂၀၀၅- ဂျပန်နိုင်ငံအရှေ့မြောက်ဘက်တွင် အင်အားပြင်းငလျင်လှုပ်သည်။ လူ ၆၀ ထိခိုက်ဒဏ်ရာရသည်။ လူနေအိမ်ခြေ ၁၇၀၀၀ တွင် လျှပ်စစ်မီးပြတ်တောက်သွားသည်။ ငလျင်ဗဟို ချက်မနှင့် ဝေးကွာသော တိုကျိုမြို့ရှိ မိုးမျှော် အဆောက်အအုံများ လှုပ်ခါသွားသည်။

ဩဂုတ်လ ၂၅ ရက် ၂၀၀၅- ဥရောပ တောင်ပိုင်းနှင့် အလယ်ပိုင်းတွင် မုန်းတိုင်းကျရောက်ခဲ့ရာမှ ရေလွှမ်းမိုးမှုဖြစ်ပွားသည်။ လူ ၄၂ ဦးသေဆုံးခဲ့ရာ ရူမေနီးယားနိုင်ငံတွင် ၃၁ ဦးသေဆုံးသည်။ ကျန် ၁၁ ဦးမှာ ဩစတြီးယား၊ ဘူဂေးရီးယား၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံများမှ ဖြစ်သည်။

ဩဂုတ်လ ၂၉ ရက် ၂၀၀၅- အမေရိကန်ပြည်ထောင်စု US Gulf Coast တွင် ဟာရီကိန်းကတ်ထရီနာ (Hurricane Katrina) မုန်တိုင်းကျရောက်သည်။ နယူးအော်လီယံ၊ လူစီယားနား၊ မစ္စစ်စီပီ၊ ဖလော်ရီဒါနှင့် အယ်ဘားမားတို့တွင် စုစုပေါင်း လူ ၅၀၀ ကျော် သေဆုံးသည်။ မုန်တိုင်းဒဏ်ကြောင့် နယူးအောလီယံတွင် အဆောက်အအုံတိုက်တာ အိမ်ခြေ ၈၀ ရာခိုင်နှုန်း ပျက်စီးခဲ့သည်။

ဩဂုတ်လ ၃၁ ရက် ၂၀၀၅- တရုတ်နိုင်ငံအရှေ့ကမ်းခြေနှင့် တရုတ်(တိုင်ပေ)တွင် တိုက်ဖွန်းတာလင် (Typhoon Taluin) မုန်တိုင်းကျရောက်ခဲ့ရာ အသေအပျောက် ၁၀၀ ကျော်ရှိသည်။

## ၂၀၀၅ ခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့ခဲ့ရသော သဘာဝဘေးဒဏ်များ



သဘာဝဘေးဒဏ်ခံရသူများ



သဘာဝဘေးဒဏ်ကြောင့် ကွဲကွာသွားသည့် သားအမိပြန်လည်ဆုံတွေ့စဉ်

**စက်တင်ဘာလ ၆ ရက် ၂၀၀၅-** တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတွင် တိုက်ဖွန်းနာဘီ (Typhoon Nabi) မုန်တိုင်းကျရောက်သည်။ လူ ၃၂ ဦးသေဆုံးပြီး ၁၄၀ ဒဏ်ရာရသည်။ နေအိမ် ၁၀၀၀၀ ခန့် ရေလွှမ်းမိုးနစ်မြုပ်သည်။

**စက်တင်ဘာလ ၁၁ ရက် ၂၀၀၅-** တရုတ်နိုင်ငံအရှေ့တောင်ပိုင်းတွင် တိုက်ဖွန်းခန်နမ် (Typhoon Khanuem) မုန်တိုင်းတိုက်ခတ်သည်။ နေအိမ်ပေါင်း ၇၀၀၀ ကျော်ပျက်စီးဆုံးရှုံးသည်။ လူတစ်သန်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရသည်။ လူ ၁၄ ဦးအသက်ဆုံးရှုံးသည်။

**စက်တင်ဘာလ ၂၇ ရက် ၂၀၀၅-** တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများတွင် တိုက်ဖွန်းဒမ်မရီ (Typhoon Damery) မုန်တိုင်းကျရောက်ရာ ရေကြီးရေလျှံ၊ ရေလွှမ်းမိုးမှုဘေးဒဏ်ခံကြရသည်။ ထို့ပြင်မြေပြိုဘေးဒဏ် (Landslide) လည်း ထပ်ဆင့်ကျရောက်သည်။ လူပေါင်း ၁၂၀ သေဆုံးသည်။ လယ်ယာများပျက်စီးသည်။ ရေလှောင်



သဘာဝဘေးဒဏ်ကြောင့် တိမ်းမှောက်သွားသော ရထားတွဲများ

တမ်များ ကျိုးပေါက်သည်၊ ဆက်သွယ်ရေး လိုင်းများ ပြတ်တောက်သည်၊

အောက်တိုဘာလ ၄ ရက် ၂၀၀၅- မက်ဆီကိုနှင့် အမေရိကအလယ်ပိုင်းတွင် ဟာရီကိန်းဆေတန် (Hurri cane Satan) အမည်ရှိ မုန်တိုင်းကျရောက်သည်၊ ယင်းမုန်တိုင်းကြောင့် ဂွာတီမာလာနိုင်ငံတွင် ရွှံ့နွံပြို ဆင်းမှု (mudslide) ဖြစ်သဖြင့် လူပေါင်း ၂၀၀၀ ဝန်းကျင်သေဆုံးသည်၊

အောက်တိုဘာလ ၈ ရက် ၂၀၀၅- ကက်ရှ်မီး ယားဒေသ (Himalayan region of Kashmir) ကို ဗဟိုပြု၍ ၇ ဒသမ ၆ မက်နီကျု (7.6 manitude) ပြင်းအားရှိသည့် ငလျင်ကြီးလှုပ်သည်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံများ ငလျင်ဒဏ်ကို အကြီးအကျယ်ခံကြရသည်၊ ပါကစ္စတန်သည် ငလျင် ဒဏ်အခံရဆုံးဖြစ်သည်။ ထုထည်ကြီးမားပြင်းထန်သော ထိုငလျင်ဒဏ်ကြောင့် လူပေါင်း ၇၅,၀၀၀ သေဆုံးသည်။ လူတစ်သိန်းမက ထိခိုက်ဒဏ်ရာရကြ သည်၊ လူ ၂ ဒသမ ၅ သန်း (အချို့နိုင်ငံခြားစာစောင် များတွင် ၂. ၃ သန်း)အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည်။

မေ ၂၇ ရက် ၂၀၀၆- အင်ဒိုနီးရှားနိုင်ငံဂျာဗား ကျွန်းအလယ်ပိုင်းဒေသများနှင့် ဂျော့ဂျာကာတာတွင် ၂၀၀၆ ခုနှစ် မေလ ၂၇ ရက်နေ့အရှေ့ရက်တက်အချိန် တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိ မြေငလျင် လှုပ်သွားခဲ့သည်၊ ငလျင်ကြောင့် အိမ်များ၊ အဆောက် အအုံများပြိုကျသည်၊ ၂၀၀၆ မေလ (၂၈)ရက် ထုတ်ပြန် သော အစိုးရအစီရင်ခံစာအရ လူပေါင်း ၅၄၀၀ အထိ သေဆုံးခဲ့သည်၊ ဒဏ်ရာရသူ ၁၀၀၀၀ ကျော်ရှိသည်၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၈လ ကာလ အတွင်းတတိယ မြောက် လှုပ်ခတ်သွားသောငလျင် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ငလျင်

သဘာဝဘေးဒဏ်အမျိုးမျိုးအနက် ငလျင်သည် အဆိုးဝါးဆုံးဖြစ်သည်ဟု ယူဆရပေသည်။ ငလျင် သည် စက္ကန့်ပိုင်းအတွင်း အသက်ပေါင်းသောင်းသိန်း ချီ၍ သေစေနိုင်သည်။ ရုပ်ဝတ္ထုပစ္စည်းများကို ငွေကြေးသိန်း သန်းချီ၍ ပျက်စီးစေနိုင်သည်၊ ထို့အပြင် ငလျင်ကို အကြောင်းခံ၍ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဆူနာမိရေလှိုင်းကြီးများဖြစ်ပေါ်ခြင်းစသော သဘာဝ ဘေးဒဏ်များလည်း နောက်ဆက်တွဲ ပေါ်ပေါက်လာနိုင် ပေသည်၊ ငလျင်အရေးမှာသေးငယ်သောကိစ္စ မဟုတ်၊ ထို့ကြောင့် အတိတ်ကဖြစ်ရပ်အပေါ် သုံးသပ်ဆင်ခြင်၍ အနာဂတ်အတွက် ကြိုတင်စီစဉ်ခြင်းဖြင့် သဘာဝဘေး အန္တရာယ်လျှော့ချကာကွယ်နိုင်မည်ဖြစ်ရာ အင်အား ပြင်းထန်စွာ လှုပ်ခဲ့သောမြန်မာ့ငလျင်အချို့ကိုအကျဉ်းချုပ် ဖော်ပြအပ်ပေသည်။

ရခိုင်မြောက်ပိုင်းငလျင်- ၁၇၆၂ ခုနှစ် ဧပြီလ ၂ ရက်နေ့၌ လှုပ်ခဲ့သည်၊ ဘင်္ဂလားဒေ့ရှ်နှင့် ရခိုင်ရိုးမ တစ်ခုလုံးတုန်ခါသွားသည်။ ရခိုင်ကမ်းခြေ၏ အစိတ် အပိုင်းအချို့ ရေထဲနစ်မြုပ်သွားပြီး အချို့နေရာတွင် မြေပြင်မြင့်တက်လာသည်၊ ရွှံ့မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည်။

အင်းဝ-အမရပူရငလျင်- ၁၈၃၉ ခုနှစ် မတ်လ၂၃ ရက်နေ့၌ လှုပ်ခဲ့သည်။ ကြောက်မက်ဖွယ်တော်လည်း သံနှင့်အတူ စက္ကန့် ၃၀ လှုပ်သည်၊ အမရပူရတစ်မြို့ လုံး ပျက်စီးသည်။ လူပေါင်း ၃၀၀ ကျော် သေ ဆုံးသည်၊ အဆောက်အအုံများအားလုံးနီးပါး လဲပြိုပျက်စီးသည်၊ ဧရာဝတီမြစ် ခေတ္တပြောင်းပြန်ရေစီးသည်။ အင်းတော် ကြီးဘေးရှိ ရှမ်းရွာတစ်ရွာ အင်းထဲနစ်မြုပ်သည်၊




ငလျင်အပျက်အစီးတူမျဉ်းများ ငလျင်ထိပ်နှင့် ငလျင်ဗဟိုချက်မှ ဖြာထွက်သော ငလျင်လှိုင်းများနှင့် ဆက်စပ်နေပုံ

**ပဲခူးငလျင်**- ၁၉၃၀ ပြည့်နှစ် မေလ ၅ ရက်နေ့၌ အပြင်းအထန်လှုပ်သည်။ မြန်မာတစ်ပြည်လုံးတုန်ခါသွားသည့်အပြင် မြန်မာနိုင်ငံတွင် လှုပ်ခဲ့သော ငလျင်များအနက် အသေအပျောက် အပျက်အစီး အများဆုံးဖြစ်သည်။ ထိုအချိန်က ပဲခူးရှုခင်းမှာ သုသာန်နှယ် အလောင်းချင်း ထပ်ခဲ့သည်ဟုဆိုသည်။ မာကယ်လီ (Mercalli) စကေးအရ ငလျင်အဆင့် ၁၀ ဖြစ်သည်။

**ဖြူးငလျင်**- ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့၌ ပြင်းထန်စွာ လှုပ်ခဲ့သည်။ ငလျင်အဆင့်မှာ မာကယ်လီ စကေးအရအဆင့် ၉ ဖြစ်သည်။ ငလျင်ကြောင့် လူပေါင်း ၃၀ ခန့်သေဆုံးပြီး အဆောက်အအုံအမြောက်အမြား ပျက်စီးသည်။

**စစ်ကိုင်းငလျင်**- ၁၉၅၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့၌ ငလျင်အဆင့် မာကယ်လီစကေး ၈ နှင့် ၉ ကြားလှုပ်သည်။ ငလျင်ဒဏ်ကြောင့် လူပေါင်း ၄၀ ကျော်သေဆုံးခဲ့သည်။ စစ်ကိုင်းတံတား အနည်းငယ်ရွေ့သည်။ အဆောက်အအုံနှင့် စေတီအမြောက်အမြား ပျက်စီးသည်။ မန္တလေးမြို့ပေါ်တွင် တိုက်အိုကြီးများ ပြိုကျသည်။

**ပုဂံ-ညောင်ဦးငလျင်**- ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့၌ လှုပ်ခဲ့သည်။ အင်အားအဆင့်မာကယ်လီ စကေး ၈ ကျော်ကျော်ရှိသည်။ အင်အားပမာဏ အနေဖြင့် ရစ်ချတာစကေး ၆ ဒသမ၈ ရှိသည်။ လူနှစ်ဦးသေပြီး ၁၅ ဦးဒဏ်ရာရသည်။အသေအပျောက်နည်းပါးသော်လည်း ရုပ်ဝတ္ထုပစ္စည်းပျက်စီးမှုမှာ တန်ဖိုးမဖြတ်နိုင်အောင် မြင့်မားသည်။ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာဒေသဖြစ်၍လည်း သာမန်အဆောက်အအုံများ ပျက်စီးမှုထက်တန်ဖိုး မြင့်မားရခြင်းဖြစ်သည်။ ငလျင်ဒဏ်ကြောင့် ဧရာဝတီမြစ်ရေစီးဆင်းမှု ခေတ္တရပ်ဆိုင်းသွားပြီး ရေပြင်တွင် လူတစ်ရပ်ကျော် လှိုင်းနက်ကြီး ပေါ်ပေါက်သည်။ မင်းဘူး ရွှေ့မီးတောင်အနီးရှိ ကျောက်ခင်းလမ်းသည် အထက်သို့ နှစ်ပေခန့်မြင့်တက်သည်။

သဘာဝဘေးအန္တရာယ်သည် မဖြစ်အောင် ကာကွယ်၍ မရကြောင်း အထက်တွင် ဖော်ပြခဲ့သော သဘာဝဘေးဒဏ်အမျိုးမျိုးက သက်သေပြနေပေသည်။ သို့သော် အန္တရာယ်ပမာဏလျော့နည်းကျဆင်းအောင် ကာကွယ်၍ ရလေသည်။ တစ်နည်းဆိုသော် 'လျော့ချကာကွယ်'နိုင်ပေသည်။ ယင်းသို့ လျော့ချကာကွယ်နိုင်ရန်လည်း သဘာဝ၏ ဖောက်ပြန်မှုများကို ကြိုတင်ခန့်မှန်းနိုင်ရပေမည်။ အန္တရာယ်ကျရောက်လာပါက မည်သို့ပြုမူဆောင်ရွက်ရမည်ကို သိထားရပေမည်။

သဘာဝဘေးအန္တရာယ် အတွေ့အကြုံများသော နိုင်ငံအချို့သည်ပင် သဘာဝဘေးဒဏ်တစ်ခုနှင့် ကြုံတွေ့လာပြန်သောအခါ မည်သို့ဆောင်ရွက်ရမည်ကို မသိမမြင်ဖြစ်တတ်ကြပြီး သဘာဝဘေးအန္တရာယ်ခံရသည့် ပမာဏသည် ကြီးမားကြရသည်ဟု ဆိုလေသည်။

သဘာဝ ဘေးဒဏ်နှင့် ကြုံတွေ့ခဲ့ဖူးသော ထိုင်းနိုင်ငံ၏ ပင်လယ်ကမ်းနားနေလူထုသည် ဆူနာမီရေလှိုင်းကြီး ဖြစ်ပေါ်လာသောအခါ မည်သို့မည်ပုံ ရှောင်တိမ်း ကာကွယ်ရမည်ကို မသိကြဟုဆိုပေသည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလက ကက်ရှ်မီး ယားဒေသတစ်ဝန်း လှုပ်ခတ်သွားသော ငလျင်ကြီး၏ ပြင်းအားပမာဏသည် ၇.၆ manitude ဖြစ်၏။ အလားတူပြင်းအားရှိသည့် ငလျင်မျိုး အမေရိကန် ပြည်ထောင်စု၊ ပြည်နယ်တစ်နယ်၌လည်း လှုပ်ခဲ့ဖူး သည်ဟု သိရပေသည်။ ငလျင်ပြင်းအားချင်းတူသော် လည်း ကက်ရှ်မီးယားဒေသသည် အမေရိကန်နိုင်ငံ ထက် အသေအပျောက် အပျက်အစီးများသည်ဟု ဆိုသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဆင်းရဲချမ်းသာ ကွာ ဟမှုကြောင့်ဟု အချို့ကဆိုကြသည်။ အမှန်မှာငလျင် ဘေးကိုမည်သို့ ရှောင်တိမ်းကာကွယ်ရမည်ကို မသိမှုနှင့် သိမှုကွာသည် နှင့်အမျှ အန္တရာယ်ဖြစ်မှုပမာဏ ကွာသွားရခြင်းဖြစ်ပေ သည်။ ဂျပန်နိုင်ငံတွင် စာသင်ကျောင်းတိုင်းရှိ ကျောင်း သားလူငယ်များအား ငလျင်လှုပ်ပါက မည်သို့မည်ပုံပြုမူ ဆောင်ရွက်ရမည်ကို သင်ကြားပြသပေးသည်။ ဤသို့ဖြင့် နိုင်ငံအသီးသီးသည် သဘာဝဘေးအန္တရာယ် လျော့ချ ကာကွယ်နည်း နည်းလမ်းများကို ညွှန်ကြားပြသပေး လျက်ရှိသည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထင်ရှားသော လေ့လာတွေ့ရှိချက်များ-** ဒေသတစ်ခုအတွင်း အားကောင်းသော မြေငလျင်များလှုပ်ခါနိုး၌ ကမ္ဘာ့ လေထုအတွင်း နေရှိန်ဖြာထွက်မှုများလာခြင်း၊ လေထု အပူချိန်နှင့် တိုက်လေ၏အလျင်နှုန်းမြင့်တက်လာခြင်း၊ စိုထိုင်းမှုလျော့ကျ၍ မိုးရွာသွန်းမှုနည်းလာခြင်းစသည် တို့ကို ယင်းဒေသတစ်ခွင်တွင် ထူးထူးခြားခြားတွေ့မြင် ရသည်ဟုဆိုသည်။ ၁၉၄၈ ခုနှစ်၌ ဆိုဗီယက်တပ်ခ် မေးနီးယား၏မြို့တော် အက်ရှ်ခါဘက်တွင် မြေငလျင် ပြင်းစွာလှုပ်ခဲ့စဉ်က ယင်းဒေသ၏ လေထုအပူချိန်သည် နှစ်များစွာ၏ ပျမ်းမျှအပူချိန်ထက် သိသိသာသာ မြင့်တက်ခဲ့သည်။ ၁၉၈၄ ခုနှစ်က ဥဇဘက် ကစ္စတန် ရှိဂါဇလီမြို့တွင် ပြင်းထန်သောငလျင်များ လှုပ်ခဲ့စဉ် လွန်ခဲ့သောအနှစ် ၃၀ နှင့် နှိုင်းစာလျှင် မိုးရွာသွန်းမှု အနည်းဆုံးဖြစ်သည်ဟု ၁၉၈၆ ခုနှစ် ဇူလိုင်လထုတ် ကမ္ဘာနှင့် စကြဝဠာ (ရုရှားနိုင်ငံထုတ်) ဂျာနယ်တွင် သိပ္ပံပညာရှင်များက ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ တွင် ကျင်းပသော အမေရိကန်ဘူမိရူပဗေဒပညာ အဖွဲ့ အစည်းအဝေးသို့ ကာလီဖိုးနီးယားစက်မှုနည်းပညာ တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်စုက ၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့၌ စာတမ်းတစ်စောင် တင်သွင်း ခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ် အထိကာလ အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် လှုပ်ခဲ့သော ရစ်ချ်တာ စကေး ၄ ဒသမ ၅ အထက်ရှိ ငလျင်ပေါင်း ၂၅၀၀၀ ခန့်၏ မှတ်တမ်းများကို လေ့လာတင်ပြသော စာတမ်း ဖြစ်သည်။ တစ်သျှူးအမျိုးမျိုးကို အိက်စ်ရောင်ခြည် ဖြတ်သွားစေခြင်းဖြင့် ခန္ဓာကိုယ်အတွင်းပုံရိပ် အမျိုးမျိုး ဖမ်းယူကြည့်ရှုနိုင်သည့် ဆေးပညာသုံး 'ကက်စကင် ကိရိယာ'ကို ငလျင်တိုမိုဂရတ် ဖီစကင်ဟူ၍ ဘူမိဗေဒသုံး ကိရိယာအဖြစ် ပြောင်းလဲသုံးစွဲလေ့လာခြင်းဖြစ်သည်။ ငလျင်လှိုင်းများနှင့် ပတ်သက်သော သတင်းအချက် အလက်များကို ကွန်ပျူတာသုံး၍ စုဆောင်းနှိုင်းယှဉ် လေ့လာခြင်းဖြစ်သည်။

ကမ္ဘာ့မြေလွှာအတွင်းရှိ ကျောက်ရည်နှင့် ကျောက်စိုင်ကျောက်ခဲတို့ကို ဖြတ်သန်းသော ငလျင် လှိုင်းတို့၏ အလျင်နှုန်းကွဲပြားမှုကို လေ့လာ၍ ကမ္ဘာ့ မြေမျက်နှာပြင်အောက် မိုင် ၂၀၀၀ အကွာရှိ ကမ္ဘာ့



ကမ္ဘာ့ငလျင်ရပ်ဝန်းနှင့် ပြတ်ရွေ့ကြောင်းကြီးများပြမြေပုံ

မြေဗဟိုထုနှင့် ကမ္ဘာ့မြေကြားလွှာတို့အကြား နယ်နမိတ်ပြမြေပုံကို ထုတ်ယူခြင်းဖြစ်သည်။ ယင်းမြေပုံသစ်များအရ ဩစတြေးလျအရှေ့ပိုင်း၊ အတ္တလန္တိတ်သမုဒ္ဒရာမြောက်ပိုင်း၊ အာရှအလယ်ပိုင်းတောင်ဘက်စွန်းနှင့် ပစိဖိတ်သမုဒ္ဒရာအရှေ့မြောက်ပိုင်းတို့၏ အောက်တည့်တည့်တွင် တောင်တန်းများရှိကြောင်း အာလာစကာပင်လယ်ကွေ့အောက်ရှိ တောင်တစ်လုံးသည် ခြောက်မိုင်ထက်မနည်း မြင့်မားကြောင်း တွေ့ရှိသည်ဟုဆိုသည်။

ယင်းမြေအောက်တောင်တန်းများကို လေ့လာခြင်းဖြင့် ကမ္ဘာ့တိုက်ကြီးများ ရွေ့လျားပုံကို သိရှိနိုင်ပြီး ကမ္ဘာ့မြေကြားလွှာကို ဖြတ်၍ မျောပါရွေ့လျားနေသော ဧရာမမြေလွှာချပ်ကြီးများ၏ သဘောသဘာဝနှင့် ၎င်းတို့ရွေ့လျားမှုကြောင့် ဟိမဝန္တာတောင်တန်းများဖြစ်ပေါ်လာပုံမှသည် စိန့်ဟယ်လင်မီးတောင်ပေါက်ကွဲရပုံအထိ လေ့လာဖော်ထုတ်နိုင်မည်ဟုဆိုခဲ့ကြသည်။ ထို့အပြင် ဧဝရတ်တောင်ထက်မြင့်သော တောင်တန်းများ၊ အမေရိကန်ဂရင်းကင်ညွန်ချောက်ကြီး (အနက်ပေ ၅၅၀၀ ထက်) ခြောက်ဆမျှနက်သော ကမ်းပါးချောက်ကြီးများကို ကျောက်ရည်ပူများ ဖြတ်သန်းစီးဆင်း၍ ဖြစ်ပေါ်လာသည့် ပွတ်မှုအားကြောင့် ၁၀ ရက်ကြာတိုင်း တစ်ရက်၏ အချိန်အတိုင်းအတာသည် ငါးမီလီစက္ကန့် (တစ်စက္ကန့်၏ တစ်ထောင်ပုံငါးပုံ)မျှ အတိုးအလျှော့ရှိနေခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် ကမ္ဘာ့မြေမျက်နှာသွင်ပြင်နှင့် ကမ္ဘာ့လေထုအတွင်းရှိ တိုက်လေတို့၏ပွတ်မှုအားကြောင့်လည်း တစ်နှစ်တာ၏အချိန်ပမာဏသည် တစ်စက္ကန့်၏ တစ်ထောင်ပုံတစ်ပုံမျှ အတိုးအလျှော့ဖြစ်ရသည်ဟုဆိုသည်။ ယင်းလေ့လာတွေ့ရှိချက်သည် ငလျင်ကို ကြိုတင်ခန့်မှန်းနိုင်ရန် လူသားတို့ လေ့လာရာမှ ထူးခြားစွာသိရှိလာရသော အချက်များဖြစ်သည်။

**သဘာဝဘေးဒဏ်လျော့ပါးရေး- ကုလသမဂ္ဂ အထွေထွေညီလာခံ၏စီးပွားရေးနှင့် ဘဏ္ဍာရေး ကော်မတီ (ဒုတိယကော်မတီ)**သည် သဘာဝဘေး အန္တရာယ်လျော့ပါးရေးအတွက် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်ရန် ဆုံးဖြတ်ချက်မူကြမ်းကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့က အတည်ပြုခဲ့ သည်။ လွန်ခဲ့သောနှစ် ၂၀ အတွင်း သဘာဝဘေး အန္တရာယ်ကျရောက်မှုကြောင့် လူပေါင်း ၈ သန်းထက် မနည်း နစ်နာထိခိုက်ခဲ့ကြပြီး ရုပ်ဝတ္ထုပစ္စည်းတန်ဖိုးများစွာ ဆုံးရှုံးခဲ့ရသည်။ ၁၉၈၈ ခုနှစ် တစ်နှစ်တည်းတွင်ပင် ဆူဒန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ရေလွှမ်းမိုးမှုကြီးများ၊ ဖိလစ်ပိုင်၊ ကာရစ်ဘီယံဒေသနှင့် လက်တင်အမေရိကန် နိုင်ငံအချို့တွင် တိုင်ဖွန်းနှင့် ဟာရီကိန်းမုန်တိုင်းကျရောက် မှုများ၊ အာဖရိကဒေသတွင် ကျိုင်းကောင်များ ကျရောက် ဖျက်ဆီးမှုများစသည့် သဘာဝဘေးဒဏ်များ ဆိုက်ခဲ့ သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် လူသားတို့အား ထိခိုက်စေသည့်ပြဿနာကို တစ်ကမ္ဘာလုံးအတိုင်းအတာ ဖြင့် အဖြေရှာရန် ဆုံးဖြတ်ချက်မူကြမ်းတွင် အလေး အနက်တိုက်တွန်းထားသည်။ ရာသီဥတုပြောင်းလဲမှု ပြဿနာကို အဓိကဦးစားပေးပြဿနာတစ်ရပ်အဖြစ် ထားရှိအဖြေရှာရေး၊ ရာသီဥတုပြောင်းလဲမှု၏ အကြောင်း ရင်းများကို ပိုမိုစူးစိုက်လေ့လာရေးနှင့် ထိန်းသိမ်းကာကွယ် ရေးတို့ကို ဆောင်ရွက်ကြရန် အစိုးရများ၊ အဖွဲ့အစည်း ပေါင်းစုံနှင့် သိပ္ပံပညာရပ်ဆိုင်ရာအသင်းအဖွဲ့များကို ယင်းဆုံးဖြတ်ချက်မူကြမ်းက နှိုးဆော်ထားသည်။

ယင်းသို့နှိုးဆော်ထားသည့်အားလျော်စွာ နိုင်ငံ အသီးသီးသည် မိုးလေဝသအခြေအနေကို ကြိုတင် ခန့်မှန်းနိုင်ရန် မုန်တိုင်းထောက်လှမ်းရေးကိရိယာသစ် များတီထွင်ခြင်း၊ မိုးလေဝသဂြိုဟ်တုများ၊ အာကာသသို့ လွှတ်တင်ခြင်းစသည့် လေ့လာကြိုးပမ်းမှုများကို တစ်နှစ် ထက်တစ်နှစ် တိုးတက်လုပ်ဆောင်နေကြပေသည်။ငလျင် ကြိုတင်ခန့်မှန်းရေးကိုလည်း ဘူမိဗေဒပညာရှင်တို့က စူးစမ်းကြံဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံအနေနှင့်လည်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် ရာသီဥတုပြောင်းလဲ မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ မိုးလေဝသ သတင်းများ နေ့စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ ထို့ပြင် မုန်တိုင်းအထူးသတိပေးချက် မိုးကြီး၊ လေထန်၊ မြစ်ရေလျှံ ခြင်းစသည့် အထူးသတိပေးချက်များ အရေးကြီးလျှင် ကြီးသလို ထုတ်ပြန်ပေးခြင်းဖြင့်လည်း သဘာဝဘေး အန္တရာယ်လျော့ပါးရေးကို လက်တွေ့အကောင်အထည် ဖော်လျက်ရှိနေပေသည်။

သဘာဝဘေးဒဏ်ကျဆင်းရေး ကမ္ဘာ့ညီလာခံ- ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းဖြစ်သော ဇန်နဝါရီလက ဂျပန်နိုင်ငံ ကိုဘီမြို့တွင် "သဘာဝဘေးဒဏ်လျော့ နည်းကျဆင်းရေး ကမ္ဘာ့ညီလာခံ" (The World Conference on Disaster) ကို ကျင်းပခဲ့သည်။ ထို ညီလာခံ ကြီးက ထုတ်ပြန်သော ကြေညာချက်အရ လွန်ခဲ့သည့် ၁၀ လတာကာလအတွင်း သဘာဝဘေးဒဏ်ကြောင့် လူပေါင်း ၄၇၈,၁၀၀ သေဆုံးခဲ့ရပြီး ပစ္စည်းဥစ္စာတိုက်တာ အိမ်ခြေဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိသည်။ စီးပွားရေးလုပ်ငန်းများအနေနှင့် ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၆၉၀ ရှိခဲ့ကြောင်း သိရှိရပေသည်။

ဦးအုန်းလွင်



# အမျိုးသားပြတိုက်၏ပြပွဲများ

ဦးမြင့်ကြိုင်



# အမျိုးသားပြတိုက်၏ ပြပွဲများ

ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းလျက်၊ တိုးတက်ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်၍ နိုင်ငံသူ နိုင်ငံသားများသည် မိမိတို့၏ အစဉ်အလာကောင်းများကို မြတ်နိုးဂုဏ်ယူလေးစားကြကာ နိုင်ငံနှင့်လူမျိုးကို ချစ်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်တိုးပွားခိုင်မာစေရန်" ဟူသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဝါဒနှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတည်းဟူသော အမျိုးသားရေးရည်မှန်းချက်တာဝန်များကို ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနသည် ကျေပွန်စွာထမ်းဆောင်လျက်ရှိပေသည်။

ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနသည် မိမိတို့၏ အဓိကလုပ်ငန်းရည်မှန်းချက်များဖြစ်သော-

(၁) ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ စုဆောင်းခြင်း၊ ရှာဖွေမှတ်တမ်းတင်ခြင်း

(၂) ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

(၃) ပြုပြင်တီထွင်ကြံဆခြင်း

(၄) ယဉ်ကျေးမှုဗဟုသုတများကို ပြန့်ပွားအောင်ဆောင်ရွက်ခြင်း

တို့ဖြင့် ယဉ်ကျေးမှုမျက်နှာစာတွင်ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်နေသည်သာဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ယဉ်ကျေးမှုလုပ်ငန်းများဆိုင်ရာ မူဝါဒများနှင့်အညီ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်များဖြင့် နိုင်ငံတကာနှင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်၊ကြီးကြပ်၊ စီမံခန့်ခွဲတတ်မှုများဖြင့် ပြည်တွင်းအစီအမံတို့ဖြင့်လည်းကောင်း၊ ပြပွဲများပြသပေးခြင်းသည် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၏ လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပေသည်။

၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ထည်ဝါခမ်းနားစွာ ဖွင့်လှစ်ပြီးခဲ့သော အမျိုးသားပြတိုက်အသစ် (အမှတ် ၆၆/၇၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်) ကြီးသည် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားရုပ်တုကြီးများနှင့်အတူ မင်းခမ်းတော်ပစ္စည်းများ၊ ပန်းချီဂီတအနုပညာနှင့် ကျေးလက်အသုံးအဆောင်ပစ္စည်းများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာဓလေ့ထုံးစံဆိုင်ရာယဉ်ကျေးမှုပစ္စည်းများ၊ ဗုဒ္ဓဝင်နှင့် သမိုင်းကြောင်းအထောက်အထားပြဘာသာ၊ စာပေယဉ်ကျေးမှုပစ္စည်းများစွာတို့ဖြင့် စနစ်တကျခင်းကျင်းပြသထားကာ မြန်မာတို့အတွက်ဂုဏ်ယူနိုင်စရာအချက်ပင်ဖြစ်ပေသည်။

အလျား ၃၈၀' ပေ၊ အနံပေ ၂၀၀'ရှိ (၅)ထပ်ပါရှိသည့် အမျိုးသားပြတိုက်အသစ်ကြီးတွင် အလျား ၁၂၀' ပေ၊ အနံ ၈၀' ပေရှိ ဘက်စုံခန်းမသည် လောက နတ်ရုပ် (၂) ရုပ်ပုံပါ ပန်းချီကားချပ်ကြီးနှစ်ခုနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန၏ သင်္ကေတမည်သော ကိန္နရီရုပ်မှာအလယ်ဗဟိုထိပ်နားတွင် ဝင့်ထည်စွာတည်ရှိနေပါသည်။ရန်ကုန်

# အမျိုးသားပြတိုက်၏ပြပွဲများ

အမျိုးသားပြတိုက်
(ရန်ကုန်)တွင်
ပြသထားသော
အနော်ရထာမင်းကြီးရုပ်တု





အမျိုးသားပြတိုက်
(ရန်ကုန်)တွင်
ပြသထားသော
ဘုရင့်နောင်မင်းကြီးရုပ်တု



မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း
(၅၅) နှစ်မြောက် အထိမ်းအမှတ်ပြပွဲမှ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ပုံ

## အမျိုးသားပြတိုက်၏ပြပွဲများ

**မြို့** ပြည်လမ်းရှိ အမျိုးသားပြတိုက်ကြီးကို ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ တရားဝင်ဖွင့်လှစ်ခဲ့ပြီးနောက် ပြည်တွင်း၊ ပြည်ပပြပွဲပေါင်းများစွာသည် အမျိုးသားပြတိုက်၊ ဘက်စုံခန်းမတွင် သမိုင်းဝင်၊ သမိုင်းတွင်စရာအဖြစ် အောင်မြင်သော မှတ်တိုင်များစိုက်ထူခဲ့ကြသည်သာဖြစ်သည်။

အမျိုးသားပြတိုက်ကြီး စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ အောင်မြင်စွာ ခင်းကျင်းပြသခဲ့ပြီးသောပြည်တွင်း ပြည်ပပြပွဲများစွာအနက် သမိုင်းဝင်၊ သမိုင်းတွင်စရာတို့သည် ရှိကြသည်သာဖြစ်ပါသည်။ ထိုထိုတို့အနက် အမျိုးသားပြတိုက်၊ ဘက်စုံခန်းမသည် တေရသမ (၁၃ ကြိမ်)မြောက်အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော အဆို၊ အက၊ အရေး၊ အတီး နိုင်ငံလုံးဆိုင်ရာပြိုင်ပွဲကြီးတွင်ပင် အဆိုပြိုင်ပွဲအတွက် ထည်ဝါခမ်းနားစွာ နေရာပေးအရေးပါစွာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရှာဖွေ၊ ဖော်ထုတ်၊ ထိန်းသိမ်းပြန့်ပွားတိုးတက်ရေးတွင် တစ်တပ်တစ်အား လှုပ်ရှားပါဝင်ခဲ့ပေသည်။

၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားပြတိုက် (ဘက်စုံခန်းမ)တွင် ပြည်တွင်းပြပွဲများ လုံးဝမရှိခဲ့၊ မပြသနိုင်ခဲ့သော်ငြားလည်း ပြည်ပပြပွဲ၊ အထူးပြပွဲများအဖြစ်ကား အောင်မြင်စွာပြသနိုင်ခဲ့မှုများရှိပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၉၉၇ ခုနှစ်၊ ဇူလိုင်လမှ စတင်ဝင်ရောက်ခဲ့သည်) ဖြစ်သည်နှင့်အညီအာဆီယံအဖွဲ့အစည်းအတွင်းပါဝင်ဆောင်ရွက်မှု၊ အာဆီယံနှင့် အခြားနိုင်ငံများပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ယဉ်ကျေးမှုဖလှယ်ရေးစသည်တို့တွင်လည်း လွတ်လပ်တက်ကြွစွာ ပါဝင်ခဲ့သည်နှင့်အညီ အမျိုးသားပြတိုက်(ဘက်စုံခန်းမ) သည်လည်း နိုင်ငံတကာပြပွဲများ၊ အထိမ်းအမှတ်ပြပွဲများကျင်းပရာ ဗဟိုဌာနသဖွယ်ဖြစ်ခဲ့ပေသည်။ အဆိုပါ ပြပွဲများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

(က) အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအရုပ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ။

ယင်းဆွေးနွေးပွဲကို ဆီဒိုးနားဟိုတယ်တွင် (၁၆-၁-၂၀၀၆)မှ (၁၇-၁-၂၀၀၆)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့မှကိုယ်စားလှယ်များက ရိုးရာလက်မှုပစ္စည်းများကို လက်တွေ့သရုပ်ပြ၍ ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့်ပြပွဲဖွင့်ပွဲအခမ်းအနားကို အမျိုးသားပြတိုက်၊ ဘက်စုံခန်းမတွင် ၁၆-၁-၂၀၀၆ ရက်နေ့၊ နံနက် (၈:၃၀) နာရီတွင် ကျင်းပပြုလုပ်ရာ ယဉ်ကျေးမှုဝန်ကြီး ဌာန၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများ၊ ကိုရီးယားနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ် စုစုပေါင်း (၂၅)ဦး တက်ရောက်ခဲ့ကြသည်။

(ခ) အာဆီယံတံဆိပ်ခေါင်းပြိုင်ပွဲ၊ ဆုရတံဆိပ်ခေါင်းများပြပွဲ။ ။

အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီက ကြီးမှူး၍ (၂၇-၄-၂၀၀၅)မှ (၃-၅-၂၀၀၅)အထိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အာဆီယံဆယ်နိုင်ငံမှ တံဆိပ်ခေါင်း (ဆယ်ပုံ) စီနှင့် ဆုရတံဆိပ်ခေါင်းများကို စုစည်းပြသထားခြင်းဖြစ်သည်။ ပြပွဲဖွင့်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျပြသပေးရခြင်းဖြစ်ပေသည်။

# အမျိုးသားပြတိုက်၏ပြပွဲများ




အမျိုးသားပြတိုက်တွင် ၆-၄-၂၀၀၂ က ပြသခဲ့သော ဂျာနယ်ကျော်စီးဆင်းမှုစာပေဆိုင်ရာပြပွဲ



အမျိုးသားပြတိုက်တွင် ပြသခဲ့သော ဂျပန်ရိုးရာပြကွက်တစ်ခု

(ဂ) မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲ။ ။ မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်ပြပွဲဖွင့်ပွဲအခမ်းအနားကို အမျိုးသားပြတိုက်ဘာက်စုံခန်းမ၌ (၉-၆-၂၀၀၅)ရက်မှ (၁၅-၆-၂၀၀၅) ရက်နေ့အထိ ခင်းကျင်းပြသခဲ့သည်။ ပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ပန်းချီကား (၆၂)ကား၊ ဓာတ်ပုံ (၁၅၂)ပုံ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘက်မှ ပန်းချီကား (၁၉)ကားနှင့် နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံများပြကွက်နှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ရှေးအစဉ်အဆက်ကပင် အဆင့်မြင့်သံတမန်ဆက်ဆံမှုရှိခဲ့ကြောင်း မှတ်တမ်းအထောက်အထားပြကွက်တို့ကို ခမ်းနားစွာ ခင်းကျင်းပြသခဲ့သည်။အဆိုပါပြပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ အထူးကိုယ်စားလှယ်အဖြစ် တက်ရောက်လာကြသည့် ယူနန်ပြည်နယ်၊ ထိန်ချုံးခရိုင်အစိုးရ၊ ဒုတိယခရိုင်ဝန် Mr. Geng Weimin နှင့် ထိန်ချုံးခရိုင်ယဉ်ကျေးမှုနှင့်အားကစားဌာန၊ ဒုတိယဌာနမှူး Ms Zhang Kiaoying တို့က ပြပွဲအထိမ်းအမှတ်အဖြစ် အမျိုးသားပြတိုက်၌ထားရှိပြသရန် ပန်းချီကားများကို လက်ဆောင်အဖြစ်ပေးအပ်ရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက လက်ခံရယူပါသည်။

(ဃ) မြန်မာ-ကိုရီးယားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် (၃၀)မြောက် အထိမ်းအမှတ်ခေတ်ပြိုင်ပန်းချီပြပွဲ။ ။ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း နှစ် (၃၀)မြောက် အထိမ်းအမှတ် ခေတ်ပြိုင်ပန်းချီပြပွဲကို အမျိုးသားပြတိုက်ဘက်စုံခန်းမ၌ (၂၁-၇-၂၀၀၅)ရက်နေ့မှ (၂၇-၇-၂၀၀၅) ရက်နေ့အထိ ခင်းကျင်းပြသခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့ တက်ရောက်ခဲ့ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့က ပြပွဲအား ဖွင့်လှစ်ခဲ့ပါသည်။ ပြပွဲတွင် မြန်မာပန်းချီပညာရှင်များက ပန်းချီကား (၂၄)ကားနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ပန်းချီပညာရှင်များက ပန်းချီကား (၅၂)ကား ခင်းကျင်းပြသခဲ့သည်။

(င) အိန္ဒိယနိုင်ငံအမျိုးသားအဆင့် အနုပညာသိပ္ပံ၏ ခေတ်ပြိုင်ပန်းချီပြပွဲ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အိန္ဒိယနိုင်ငံအမျိုးသားအဆင့် အနုပညာသိပ္ပံ၏ ခေတ်ပြိုင်ပန်းချီပြပွဲကို (၁၈-၁၁-၂၀၀၅)ရက်နေ့မှ (၂၅-၁၁-၂၀၀၅)ရက်နေ့အထိ အမျိုးသားပြတိုက်၊ ဘက်စုံခန်းမ၌ ခင်းကျင်းပြသခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့ တက်ရောက်ခဲ့ပြီး အဖွင့်မိန့်ခွန်းများပြောကြားသည်။ အဆိုပါ ပြပွဲတွင် အိန္ဒိယသမ္မတနိုင်ငံမှ ပန်းချီဆရာ (၂၇)ဦး၏ ပန်းချီကား (၂၈) ကားနှင့် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပန်းချီဆရာ (၁၈)ဦး၏ ပန်းချီကား (၂၁)ကားကို ခင်းကျင်းပြသခဲ့သည်။

အမျိုးသားပြတိုက်၊ ဘက်စုံခန်းမရှိ ပြည်တွင်း၊ ပြည်ပပြပွဲများစာရင်းကိုလည်း ၁၈-၉-၁၉၉၆ နောက်ပိုင်းမှစတင်ကာ တစ်ဖက်ပါအတိုင်း သက္ကရာဇ် (ကာလ) စဉ်၍ ဖော်ပြအပ်ပါသည်။

## အမျိုးသားပြတိုက်၏ပြပွဲများ

### ပြည်တွင်းပြပွဲများ

| | | |
|---|---|---|
| ၁။ | သင်းလုံးကျွတ်မြန်မာ့ပန်းချီပန်းပုလက်ရာမွန်ပြပွဲ | ၁၂-၆-၉၈ မှ ၂၈-၆-၉၈ |
| ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးပြပွဲ (လွတ်လပ်ရေးမရမီခေတ်ပြခန်း) | ၁-၁၁-၉၈ မှ ၃၀-၁၁-၉၈ |
| ၃။ | ပျိုးခင်းသစ်ပန်းချီပန်းပုပြပွဲ | ၁၈-၁၂-၉၈ မှ ၂၂-၁၂-၉၈ |
| ၄။ | စာရေးဆရာကြီး သိပ္ပံမောင်ဝ (၁၈၉၉-၁၉၉၉) နှစ်တစ်ရာပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲနှင့်ပြပွဲ | ၇-၆-၉၉ မှ ၈-၆-၉၉ |
| ၅။ | ရှေးဟောင်းရွှေငွေလက်ဝတ်ရတနာနှင့် လက်ရာထူးခြားသောရှေးဟောင်းပစ္စည်းပြပွဲ | ၇-၉-၉၉ မှ ၁၂-၉-၉၉ |
| ၆။ | ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ လက်ရာပန်းချီပြပွဲ | ၂၄-၁-၂၀၀၀ မှ ၂-၂-၂၀၀၀ |
| ၇။ | ရှားပါးစာအုပ်စာနယ်ဇင်းပြပွဲ | ၁၉-၆-၂၀၀၀ မှ ၂၅-၆-၂၀၀၀ |
| ၈။ | မြန်မာ့လည်ဆွဲတန်ဆာ (ပုတီး)ပြပွဲ | ၁၈-၈-၂၀၀၀ မှ ၃၀-၉-၂၀၀၀ |
| ၉။ | မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ | ၂၂-၁၂-၂၀၀၀ မှ ၁၂-၂-၂၀၀၁ |
| ၁၀။ | ပန်းချီဆရာမင်းဝေအောင်၏ တစ်ကိုယ်တော်ပန်းချီပြပွဲ | ၂၃-၃-၂၀၀၁ မှ ၂၉-၃-၂၀၀၁ |
| ၁၁။ | ယဉ်ကျေးမှုအမွေပုဂံမြေပြပွဲ | ၁၅-၈-၂၀၀၁ မှ ၃၀-၉-၂၀၀၁ |
| ၁၂။ | ယဉ်ကျေးမှုဝန်ကြီးဌာန နှစ်ငါးဆယ်ရွှေရတုပြပွဲ | ၂၂-၃-၂၀၀၂ မှ ၂၄-၃-၂၀၀၂ |
| ၁၃။ | ပန်းချီပန်းပုကျောင်း (ရန်ကုန်)၏ ရွှေရတုအထိမ်းအမှတ်ပန်းချီပန်းပုပြပွဲ (၁၉၅၂-၂၀၀၂) | ၂၂-၁၁-၂၀၀၂ မှ ၁-၁၂-၂၀၀၂ |
| ၁၄။ | ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ ပန်းချီဆရာ/ဆရာမများ၏ရသရနံ့ပန်းချီပြပွဲ | ၂၃-၅-၂၀၀၃ မှ ၂၉-၅-၂၀၀၃ |
| ၁၅။ | မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ | ၉-၈-၂၀၀၃ မှ ၂၂-၈-၂၀၀၃ |
| ၁၆။ | "နတ်မတောင်မှသည် ဧရာဝတီသို့" ဓာတ်ပုံနှင့် ပန်းချီပြပွဲ | ၂၀-၁၁-၂၀၀၃ မှ ၃၀-၁၁-၂၀၀၃ |
| ၁၇။ | သုန်သုန်လေရှူးနွေဦးပန်းချီပြပွဲ | ၃-၄-၂၀၀၄ မှ ၇-၄-၂၀၀၄ |

# အမျိုးသားပြတိုက်၏ပြပွဲများ

## ပြည်ပပြပွဲများ

| | | |
|---|---|---|
| ၁။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လက်မှုအနုပညာပစ္စည်း ဓာတ်ပုံနှင့် ရုပ်ရှင်ပြပွဲ | ၂၂-၁၀-၉၇ မှ ၂၈-၁၀-၉၇ |
| ၂။ | အစ္စရေးလ်နိုင်ငံ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်၊ အစ္စရေးလ် ကောင်းကင်ဓာတ်ပုံပြပွဲ | ၆-၁-၉၈ မှ ၂၀-၁-၉၈ |
| ၃။ | ဂျပန်ရိုးရာအရုပ်ပြပွဲ | ၂၀-၃-၉၈ မှ ၂၉-၃-၉၈ |
| ၄။ | ဂျပန်ရိုးရာစွန်နှင့် ဂျင်ပြပွဲ | ၁၉-၂-၉၉ မှ ၂၈-၂-၉၉ |
| ၅။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ဓာတ်ပုံ၊ ရုပ်ရှင်နှင့် စွန်ပြပွဲ | ၂၄-၉-၉၉ မှ ၃၀-၉-၉၉ |
| ၆။ | ဂျပန်ရှုခင်းသာ ဓာတ်ပုံပြပွဲ | ၁၄-၁၂-၉၉ မှ ၁၉-၁၂-၉၉ |
| ၇။ | အစ္စရေးလ်မြို့များပြောင်းလဲပုံအဆင့်ဆင့်ဓာတ်ပုံပြပွဲ | ၁၉-၂-၂၀၀၁ မှ ၂၅-၂-၂၀၀၁ |
| ၈။ | ကိုရီးယားမျက်မှောက်ခေတ်ပန်းချီပြပွဲ | ၄-၅-၂၀၀၁ မှ ၂၅-၅-၂၀၀၁ |
| ၉။ | တရုတ်ပြည်အနောက်ပိုင်းဒေသနှင့် တိဗက်ဒေသဓာတ်ပုံနှင့် ရုပ်ရှင်ပြပွဲ | ၈-၆-၂၀၀၁ မှ ၁၄-၆-၂၀၀၁ |
| ၁၀။ | ဂျပန်ကိုကဲရှီသစ်သားရုပ်ပြပွဲ (ရန်ကုန်) | ၂၂-၆-၂၀၀၁ မှ ၂၈-၆-၂၀၀၁ |
| ၁၁။ | တရုတ်ပြည်ရှိ ကမ္ဘာ့အဆင့်မီရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နေရာများ၊ ဓာတ်ပုံနှင့် ရုပ်ရှင်ပြပွဲ | ၁၁-၁-၂၀၀၂ မှ ၁၇-၁-၂၀၀၂ |
| ၁၂။ | ရွှန်းလဲ့သာယာလှပသည့် တရုတ်ပြည် ဓာတ်ပုံပြပွဲ | ၂၆-၉-၂၀၀၃ မှ ၃၀-၉-၂၀၀၃ |
| ၁၃။ | အာဆီယံနိုင်ငံများမှ ကလေးသူငယ်များ၏ ဆုရပန်းချီပြပွဲ | ၈-၁၂-၂၀၀၃ မှ ၁၄-၁၂-၂၀၀၃ |
| ၁၄။ | မြန်မာ-ထိုင်း တူညီယဉ်ကျေးမှုဖော်ထုတ်ရေး လူငယ်ပန်းချီ ပြိုင်ပွဲဆုရပန်းချီကားများပြပွဲ | ၁၃-၃-၂၀၀၄ မှ ၁၅-၃-၂၀၀၄ |

မြင့်ကြိုင်( ယဉ်ကျေးမှုဗိမာန်)

# လူတိုင်းအကျိုးဝင်ပညာရေး



ဦးသန်းဦး၊ ဦးတင်ညို

# လူတိုင်းအကျုံးဝင်ပညာရေး

"လူတိုင်းအကျုံးဝင်ပညာရေး' (Inclusive Education) ဟူသည် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့် လူတိုင်းအတွက်ပညာရေး၏ ကဏ္ဍတစ်ရပ်ပင်ဖြစ်သဖြင့် လူတိုင်းအတွက် ပညာရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်မှုအခြေအနေကို ဦးစွာ ပထမရှင်းလင်းရန် လိုပါမည်။

မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်က ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ပညာရေးညီလာခံမှ ချမှတ်ခဲ့သော လူတိုင်းအတွက်ပညာရေးလုပ်ငန်းကြီးကို ထိုစဉ်ကာလမှ အစပြုလျက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်နိုင်ရေးအတွက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အမှူးပြုဦးဆောင်သည့် လူတိုင်းအတွက် ပညာရေးပေါင်းစပ်ညှိနှိုင်းမှု ဗဟိုကော်မတီ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးဆောင်သည့် လူတိုင်းအတွက်ပညာရေးဦးစီးကော်မတီ တို့ကို ဖွဲ့စည်းခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် ဆီနီဂေါနိုင်ငံ၊ ဒါကာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးညီလာခံက ချမှတ်ခဲ့ သော 'လူတိုင်းအတွက်ပညာရေးဒါကာရည်မှန်းချက်' (၂၀၀၀-၂၀၁၅) အတွက် မြန်မာနိုင်ငံက စနစ်တကျ ပါဝင်လှုပ်ရှားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် လူတိုင်းအတွက်ပညာရေး နိုင်ငံအဆင့်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ (EFA Forum) နှင့် လူတိုင်းအတွက် ပညာရေးလုပ်ငန်း ဖော်ဆောင်မှုအဖွဲ့ (EFA Task Force) တို့၏ ကြိုးပမ်းမှုဖြင့် လူတိုင်းအတွက် ပညာရေးနိုင်ငံအဆင့် စီမံချက် (Education for All, National Action Plan-EFA NAP) ကို ၂၀၀၃ ခုနှစ်တွင် ပြုစုရေးဆွဲကာ မြန်မာနိုင်ငံနိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရန် အောက်ဖော်ပြပါ 'မြန်မာနိုင်ငံ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်များ' ကို ချမှတ်နိုင်ခဲ့ပါသည်။

(က) ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့မသင်မနေရ၊ အရည်အသွေးကောင်းမွန်သည့် အခြေခံပညာရေးကို ပြီးဆုံးအောင် သင်ယူခွင့်ရရှိရေးအတွက် သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုရရှိလာစေရန် သေချာအောင် ဆောင်ရွက်ရေး

(ခ) ဆရာများ၊ ပညာရေးလုပ်သားများနှင့် သင်ရိုးညွှန်းတမ်းတို့ပါဝင်သည့် အရည်အသွေးကောင်းမွန်သည့် အခြေခံပညာရေးထောင့်စုံ၊ ဘက်စုံ တိုးတက်လာစေရေး

(ဂ) ၂၀၁၅ ခုနှစ်တွင် လူတိုင်းအတွက်လုပ်ငန်းအခြေပြု စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအဆင့်အားလုံး သိသာထင်ရှား စွာ တိုးတက်အောင်မြင်လာစေရေး

(ဃ) ကျောင်းပြင်ပ ပညာရေး၊ ဘဝအတွက်တာကျွမ်းကျင်မှုနှင့် ကာကွယ်တားဆီးမှုပညာရေးအစီအစဉ်များမှတစ်ဆင့် လူရွယ်များနှင့် သက်ကြီးများ၏ သင်ယူမှုလိုအပ်ချက်များ ရရှိလာစေရန် သေချာအောင် ဆောင်ရွက်ရေး

(င) ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေး၊ ၎င်းနှင့်ဆိုင်သော ပညာပေးရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ဆောင်ရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး

(စ) ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးသတင်းအချက်အလက်စနစ်ကို အားဖြည့်ဆောင်ရွက်ရေး

အဆိုပါ ရည်မှန်းချက်များကို အခြေခံလျက် လူတိုင်းအတွက် ပညာရေး၏ နယ်ပယ်ကြီး (၄)ခုဖြစ်သော ပညာသင်ယူမှုအခွင့်အလမ်းနှင့် အရည်အသွေးရှိပညာရေး၊ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာပေးရေး၊ ကျောင်းပြင်ပပညာရေးနှင့် စဉ်ဆက်ပညာရေး၊ ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် ခေတ်မီတိုးတက်စေရေးတို့ကို ရည်မှန်းချက်များအတိုင်း ပြည့်မီစွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် အခြေခံပညာရေးကဏ္ဍ ပညာရေးနှစ်ရှည်စီမံကိန်းတွင်ပါဝင်သည့် အစီအစဉ်များနှင့်လည်း ချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသားပညာရည် မြင့်မားရေး အကောင်အထည်ဖော်ဆောင်ရွက်ချက်

မြန်မာနိုင်ငံတွင် အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ၁၉၉၈ ခုနှစ်မှစ၍ အခြေခံပညာရေးကဏ္ဍပညာရေးမြှင့်တင်မှုလုပ်ငန်းများကို-

ပထမအဆင့် (၁၉၉၈-၁၉၉၉)တွင် လုပ်ငန်းစဉ် (၁၀)ရပ်၊

ဒုတိယအဆင့် (၁၉၉၉-၂၀၀၀)တွင် လုပ်ငန်းစဉ် (၉)ရပ်၊

တတိယအဆင့် (၂၀၀၀-၂၀၀၁)တွင် လုပ်ငန်းစဉ် (၆)ရပ်၊

အသီးသီးချမှတ်ဆောင်ရွက်ခဲ့ပါသည်။ တတိယအဆင့်တွင် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း (၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ) လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်။

ယခု ၂၁ ရာစုပညာခေတ်တွင် ဘဝတစ်သက်တာပညာရေးအတွက် ဆီလျော်မှန်ကန်သော ပညာရေးကို သင်ယူ ၄ (Accessibility) နှင့် အရည်အသွေး (Quality) တို့အတွက် စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲမှုကောင်းများ (Management) အထူးလိုအပ်လျက်ရှိနေပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် 'အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ' (Accessibility, Quality and Diversity) တို့ကို ဖော်ညွှန်းသည့် ပညာရေးမျှော်မှန်းချက်အဖြစ် 'မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန်'ဟူ၍လည်းကောင်း၊ 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်အံ့'ဟူသော ပညာရေးဆောင်ပုဒ်ကို သတ်မှတ်၍လည်းကောင်း ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရည်မြင့်မားရေး၊ အထူးလေးနှစ်စီမံကိန်း ဒုတိယနှစ်လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်၍ အခြေခံပညာကဏ္ဍ အနှစ် (၃၀) နှစ်ရှည်စီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်) လုပ်ငန်းစဉ်များကို ရေးဆွဲခဲ့ပါသည်။ အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်း (၂၀၀၁-၂၀၃၁)ကို နှစ်တို (၅)နှစ် စီမံကိန်း (၆)ခု ပိုင်းခြားသတ်မှတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပညာရေးစနစ်ဖြစ်ထွန်းရေး၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေး၊ အခြေခံပညာရေး အရည်အသွေးမြင့်မားရေး၊ အီလက်ထရွန်နစ်ပညာရေးနှင့် ခေတ်မီဆက်သွယ်ပို့ချမှုနည်းပညာများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အထောက်အကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်ပေးရေး၊ မိဘပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့အပါအဝင် လုပ်ငန်းစဉ် (၁၀)ရပ်ကို စီမံချက် (၃၁)ခုနှင့် စီမံချက်ခွဲ (၁၀၈)ခု ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အောင်မြင်မှုရလဒ်နှင့် စိန်ခေါ်မှု

လူတိုင်းအတွက် ပညာရေးလုပ်ငန်းများအရ နိုင်ငံတော်နှင့် ပြည်သူပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မူလတန်းဆင့်ကျောင်းဝင်နှုန်းမှာ နှစ်အလိုက် တိုးမြင့်လာခြင်း၊ မြန်မာနိုင်ငံသက်ကြီးစာတတ်နှုန်းမှာ ၂၀၀၅ ခုနှစ်တွင် (၉၄ ဒသမ ၁%)အထိ တိုးတက်မြင့်မားလာခြင်း၊ ပညာရေးအရည်အသွေးတိုးမြင့်လာခြင်း၊ ရှေးဦးကလေး

# လူတိုင်းအကျုံးဝင်ပညာရေး



**မြရတနာမူလတန်း ကျောင်း၌ ကလေးများ စာသင်ကြားနေစဉ်**

သူငယ်များစောင့်ရှောက်မှု လုပ်ငန်းပိုမိုကျယ်ပြန့်လာခြင်း၊ လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုနှင့် အသိပညာပေးလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကို ရလဒ်ကောင်းများအဖြစ် တွေ့မြင်လာရပါသည်။

မြန်မာနိုင်ငံသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အစဉ်အဆက်အားထုတ်ခဲ့ရာက ၁၉၉၉ ခုနှစ်မှစ၍ ကျောင်းအပ်နှံရေးသီတင်းပတ် လူထုလှုပ်ရှားဆောင်ရွက်မှုအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လာခဲ့ပါသည်။ ဤလှုပ်ရှားမှုကို ၂၀၀၁ ခုနှစ်မှစ၍ ဝိသေသမြို့နယ်များအဖြစ်သတ်မှတ်ကာ တစ်နှစ်ချင်း တိုးချဲ့ဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၅-၀၆ ယခုပညာသင်နှစ်တွင် တစ်နိုင်ငံလုံးသို့ လွှမ်းခြုံလာခဲ့ပါသည်။ ၂၀၀၅-၀၆ ပညာသင်နှစ်တွင် မူလတန်းကျောင်းဝင်နှုန်းမှာ (၉၇. ၅၈%)အထိ တိုးမြင့်လာခဲ့ကြောင်းတွေ့ရပါသည်။ ဤသည်မှာ နိုင်ငံ တော်၏ လမ်းညွှန်မှုကို အခြေပြုလျက် ပညာရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိဘပြည်သူများ၏ တစ်ခဲနက်ပါဝင် ကြိုးပမ်းမှု၏ ရလဒ်ကောင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။

သို့ရာတွင် ရာနှုန်းပြည့်မီရန် ကြွင်းကျန်နေသေးသော ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းထွက်စောသွားသည့် ကျောင်းပြင်ပရောက် ကလေးများ၏ အရေအတွက်မှာ အတိုင်းအတာတစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေပါသေးသည်။

သို့ဖြစ်ရာ ပညာရေးဝန်ကြီးဌာနသည် အခြားသော ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းမှုကိုရယူလျက် ကြိုးပမ်းဆောင်ရွက်ခဲ့၍ ယခုအခါ သိသာထင်ရှားသော ရလဒ်ကောင်းတစ်ခု ပေါ်ထွက်လာပြန်သည်မှာ ကျောင်းတွင်းသို့ ဝင်ရောက်နိုင်သေးသော တစ်နည်းအားဖြင့်၊ ကျောင်းစနစ်သို့မပါဝင် အကျုံးမဝင်သေးသည့်အုပ်စုကို နွေးနွေးထွေးထွေးဖြင့် ပညာရေးစနစ်သို့ ဝင်လာရန် ကြိုးပမ်းချက်ဖြစ်ပါသည်။ ဤကြိုးပမ်းချက်ကို ပညာရပ်ဝေါဟာရအားဖြင့် 'လူတိုင်းအကျုံးဝင်ပညာရေး'ဟု သုံးနှုန်းကာ ဖော်ဆောင်နေခြင်းဖြစ်ပါသည်။

## လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)

လူတိုင်းအကျုံးဝင် ပညာရေးဟူသည်-

- ကိုယ်ကာယနှင့် ဉာဏ်ရည်ဉာဏ်သွေးအားနည်း သူများ
- လူမှုဆက်ဆံရေးနှင့် ဘာသာစကားအရ ကွဲပြားသူများ

- လူမှုစီးပွားရေးကြောင့် ကျောင်းချိန်တွင် ကျောင်းသို့ မတက်ရောက်နိုင်သူများ
- အလုပ်လုပ်ရသူများ
- HIV/AIDS ရောဂါစွဲကပ်သူများ
- ရောဂါရှိသူမိသားစုဝင်များ
- အစဉ်အမြဲရွှေ့ပြောင်းနေထိုင်ရသူ မိသားစုဝင်များ

အစရှိသူတို့အား ကျောင်းပညာရေးစနစ်တွင် အခြားပုံမှန်ကျောင်းသားများနှင့်အတူ ပညာသင်ယူခွင့်ရရှိစေရေး အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို 'လူတိုင်းအကျုံးဝင် ပညာရေး' အစီအစဉ်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ယူကြသည့်အတိုင်း ကမ္ဘာ့နိုင်ငံများကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ နိုင်ငံတိုင်းမှာလိုလိုပင် ဤအုပ်စုတွင် ဝေးလံခေါင်ဖျားသည့်ဒေသ၊ နယ်စပ်ဒေသရှိ လူနည်းစုလူမျိုးငယ်စုတို့မှ ကလေး များ၊ အိုးအိမ် အတည်တကျမရှိ ပြောင်းရွှေ့နေထိုင်ကြရသူများလည်း ပါဝင်နေတတ်ပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းရာတွင် မည်သည့်အကြောင်းကြောင့်ပင်ဖြစ် စေ ကြွင်းကျန်မှု မရှိစေရေးသည် အထူးအရေးပါလှသည်ဖြစ်၍ ပညာသင်ယူနိုင်ရေး အခက်အခဲအများဆုံးနှင့် အခြေအနေအနည်းဆုံးကလေးများကိုပါ ပညာသင်ယူရေးစနစ်သို့ ရောက်ရှိလာရေး တစ်နည်းအားဖြင့် ကလေးအားလုံးအကျုံးဝင်လာစေရေးအတွက် ကြိုးပမ်းချက်သည် လူတိုင်းအကျုံးဝင်ပညာရေးပင်ဖြစ်ပါသည်။ လူတိုင်းအကျုံးဝင်ပညာရေး၏ အယူအဆမှာအကြောင်းကြောင်းကြောင့် ပညာသင်ခွင့်မရသူများသာ မဟုတ်ဘဲ ကျောင်းများတွင် ပညာသင်ယူနေလင့်ကစား ဆရာ၊ ဆရာမများ၏ လစ်လျူရှုခြင်းခံရသူများလည်း အကျုံးဝင်ပါသည်။

အမှန်စင်စစ် လူတိုင်းအကျုံးဝင်ပညာရေးသည် ယခုအခါမှ စခဲ့သည်တော့မဟုတ်ပါ။ နိုင်ငံတကာပညာရေးအတွက် ညှိနှိုင်းမှုအစဉ်အလာအရ၊ ၁၉၉၄ ခုနှစ် စပိန်နိုင်ငံ စလာမန်ကာမြို့တွင် ကျင်းပသည့် နိုင်ငံ ပေါင်း (၁၆၄)နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သော ပညာရေးအစည်းအဝေးကြီးက စလာမန်ကာ ကြေညာချက် (Slamanca Statement) ကို ထုတ်ပြန်ခဲ့ရာမှ လူတိုင်းအကျုံးဝင်ပညာရေးသည် ပိုမိုရှင်သန်ခွင့်ရလာသည်ဟုဆိုနိုင်ပါသည်။ ယခင်ကာလများ၌ ကျောင်း၊ ဌာနများတွင် ပညာသင်ယူခွင့်ရရှိခြင်း (Institutional Provision) မှ ကျောင်းများတွင် ပေါင်းစည်းသင်ယူလာသည့် (Integration) အဆင့်မှသည် ယခုအခါ ကျောင်းပြင်ပတွင် ကျန်နေသေးသည့် ကလေးများအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး (Inclusion) ဟူသည့် အယူအဆအဖြစ် ကျောင်းသင်ပညာရေးတွင် ပိုမိုပြည့်စုံစွာ ပြောင်းလဲတိုးတက်သင်ယူခွင့်ရလာပြီဖြစ်သည်။ ဤသည်မှာ ရေရှည်တည်တံ့ဖွံ့ဖြိုးစေမည့် လူတိုင်းအကျုံးဝင်ပညာရေး၏ တစ်ဆင့်တက်ခြေလှမ်းအဖြစ် မှတ်ယူနိုင်ပါသည်။

ယခုအခါ တစ်ကမ္ဘာလုံးတွင် လူတိုင်းအတွက်ပညာရေးကို တိုးမြှင့်အကောင်အထည်ဖော်နေချိန်ဖြစ် ပြီး၊ အထူးအားဖြင့် ကျောင်းနေအရွယ်ကလေးများ အတွက် အရည်အသွေးရှိသော အခြေခံပညာသင်ယူ နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျောင်းနေနှုန်းများ မြင့်မားလာခဲ့သည်မှာ ကြိုးစားအကောင်အထည်ဖော်မှု၏ ရလဒ်ကောင်းပင်ဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးကျောင်းသို့ ဝင်ရောက်လာမှုရာခိုင်နှုန်းသည် တိုးတက်လာသည်ဖြစ်၍ ဂုဏ်ယူဖွယ်မှတ်တမ်းဖြစ်သော်လည်း ကျန်နေသေးသည့် ရာနှုန်းမှာလည်း ကလေးအားလုံးကျောင်းနေလာရေးအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်နေလေရာ ကျောင်းသို့ ရောက်မလာနိုင်သောအုပ်စုမှာ မည်သူတို့နည်း၊ မည်သည့်အခက်အခဲများကြောင့်နည်းစသည်တို့ကို တွေးဆကာ ပညာရေးအတွက် ရေရှည်မျှော်မှန်းသည့် ပညာရေးဆိုင်ရာအကြီးအကဲများက စဉ်းစားစီစဉ်မှုများ ပြုလာခဲ့ကြရပါသည်။

ဤသို့သော ကျောင်းမနေသူများ၏ အခြေအနေ ကို ကမ္ဘာ့နိုင်ငံအများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပိုမိုအာရုံစိုက်ဂရုပြုလာကြပါသည်။ အရှိန်မြှင့်တင်ဆောင်ရွက်လာသည်။ ရေရှည်မျှော်မှန်းမှုအတွက် ကျောင်းသို့မရောက်လာနိုင်သေးသည့်ကလေးများအား ပံ့ပိုးရန် ကြိုးပမ်းနေကြပါသည်။ ကမ္ဘာတစ်ဝန်းလုံးက ဤလုပ်ငန်းအတွက် ပိုမိုသိမြင်လာစေရန် နိုင်ငံ




တကာအဖွဲ့အစည်းများပါဝင်လျက် ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် ကမ္ဘာ့လူတိုင်းအတွက်ပညာရေး ဆွေးနွေးပွဲများ၊ လူတိုင်းအကျုံးဝင်ပညာရေးဆွေးနွေးပွဲများမှ နိုင်ငံနှင့် ဒေသအလိုက် ကိုက်ညီအောင် အစီအစဉ်များဖြင့် ပိုမိုပြည့်စုံစွာတိုးမြှင့်ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် လူတိုင်းအကျုံးဝင်ပညာရေးကို မီးမောင်းထိုးအားဖြည့်စေခဲ့ပါသည်။

<u>မြန်မာနိုင်ငံတွင် လူတိုင်းအကျုံးဝင် ပညာရေး အကောင်အထည်ဖော်ဆောင်မှု</u>

မြန်မာနိုင်ငံအနေဖြင့် 'လူတိုင်းအကျုံးဝင်ပညာ ရေး' ဟူသော ဝေါဟာရမှာ အသိနည်းပြီး စိမ်းနေသယောင်ရှိသည်ဟုဆိုနိုင်သော်လည်း မြန်မာနိုင်ငံတွင် ကျင့်သုံးလာခဲ့သည့်ကာလမှာ ကြာမြင့်ခဲ့ပြီဟုဆိုနိုင်ပါသည်။ အစဉ်အလာအရ ပညာသင်ယူခွင့်၊ သင်ယူမှုများရှိနေခဲ့သည်ပင်ဖြစ်ပါသည်။ ယခုဆိုပါမူ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ အမြင်အာရုံ၊ အကြားအာရုံချွတ်ယွင်းသူများ၊ ဉာဏ်ရည်နိမ့်သူများ၊ လူမှုရေး၊ စီးပွားရေးကြောင့် ပညာသင်ခွင့်ငြင်းပယ်ခြင်းခံရသူများ အစရှိသည်တို့ကို ကျောင်းပညာရေးစနစ်တွင် သင်ယူနိုင်ခွင့် ရရှိနိုင်စေရေးအတွက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ အစပြုလျက် တစ်စိုက်မတ်မတ်စုစည်းကြိုးပမ်းလာခဲ့သဖြင့် 'လူတိုင်းအကျုံးဝင်ပညာရေး'သည် သိသာထင်ရှားသည့် ရလဒ်များရရှိလာသည်ကို တွေ့မြင်လာရပါသည်။

ပညာရေးနယ်ပယ်တွင် အကျုံးမဝင်ခဲ့သေးသော အုပ်စု၌ ပညာရေးစနစ်အတွင်း အကျုံးဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုသည် ကြီးမားထူးခြားသည့် ကြိုးပမ်းချက်တစ်ရပ်လည်းဖြစ်ပါသည်။ ဤသို့ အကျုံးဝင် ပညာရေး ကြိုးပမ်းချက်မျိုးကို မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ လူတိုင်းတခုတ်တရ ကြိုးပမ်း အားထုတ်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့လာကြ ရပါသည်။

ပထမဦးစွာ မြန်မာနိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်များကို လေ့လာပါက အောက်ဖော်ပြပါ လုပ်ငန်းများကို တွေ့ရှိရပါမည်-

(က) <u>ကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်း။</u> ကလေးသူငယ်များ၏ သင်ယူမှုအခွင့်အရေးတိုးတက်စေရေးအတွက် ကျောင်းများတိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးများ လက်လှမ်းမီမီ ပညာသင်ယူလာနိုင်မည်ဖြစ်ပါသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မူလတန်းဆင့်သင် (၃၅၉၅၃)ကျောင်း၊ အလယ်တန်းအဆင့်သင် (၂၆၀၅)ကျောင်းနှင့် အထက်တန်းအဆင့်သင် (၁၉၆၇)ကျောင်း စုစုပေါင်း (၄၀၅၂၅)ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုအခါ ကျေးရွာ (၅)ရွာတွင် (၃) ကျောင်း၊ အချင်းဝက်တစ်မိုင်ခွဲအတွင်း (၁) ကျောင်းနှုန်းဖြင့် ဖွင့်လှစ်ထားပြီဖြစ်ပါသည်။

(ခ) <u>ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး</u>။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအစီအစဉ်အရ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှ စတင်၍ ပညာသင်နှစ် မစတင်မီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် စတင်သတ်မှတ်ဆောင်ရွက်ခဲ့သည့် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် (၉၀. ၉၇) ရာခိုင်နှုန်းရှိခဲ့ရာမှ နှစ်စဉ်တိုးချဲ့ဆောင်ရွက်လာမှုများကြောင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ အသက် (၅)နှစ်ပြည့်ပြီး ကလေးဦးရေ၏ (၉၇. ၅၈)ရာခိုင်နှုန်းတက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဂ) <u>ပုံမှန်အသက်ထက်ကျော်လွန်သည့် ကလေးများအတွက် အထူးသင်ကြားရေးအစီအစဉ်</u>။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ပုံမှန်ကျောင်းဝင်ရမည့် အသက်ထက်ကျော်လွန်ပြီးမှ မူလတန်းသို့ တက်ရောက်လာသူကလေးများအတွက် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှစ၍ အထူးသင်ကြားရေးအစီအစဉ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အသက် (၇/၈+)နှစ် အရွယ်ကလေးများအား ပညာသင်ကာလ (၃) နှစ်ဖြင့် လည်းကောင်း၊ အသက် (၉+)နှစ်နှင့်အထက် ကလေးများအား ပညာသင်ကာလ (၂)နှစ်ဖြင့်လည်းကောင်း လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

(ဃ) <u>ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်</u>။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် ကြိုးပမ်းရာတွင် ကျောင်းဖွင့်ချိန်၊ သင်ချိန်ကာလအတွင်း ကျောင်းသို့သွားရောက်သင်ယူနိုင်ရေးအခက်အခဲရှိနေသူများအတွက် နံနက်၊ ညနေချိန်များ (သို့မဟုတ်) ၎င်းတို့အတွက် အဆင်ပြေမည့် အချိန်များတွင် အခြေခံပညာကျောင်း (သို့မဟုတ်) သင့်လျော်ရာ သတ်မှတ်နေရာတစ်ခုခု၌ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် (Non-Formal Primary Education-NFPE) ဖြင့် သင်ယူခွင့်ရရှိရေးကြိုးပမ်းဆောင်ရွက်မှုဖြစ်ပါသည်။ နှစ်နှစ်တာကာလအတွင်း အခြေခံပညာမူလတန်းအဆင့် ပြီးဆုံးနိုင်သည့် အစီအစဉ်ဖြစ်ပါသည်။ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်၌ ကရင်ပြည်နယ်တွင် (၁)မြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)တွင် (၅)မြို့နယ်၊ မွန်ပြည်နယ်တွင် (၁)မြို့နယ်၊ ရခိုင်ပြည်နယ်တွင် (၈)မြို့နယ်၊ ဧရာဝတီတိုင်းတွင် (၁၇)မြို့နယ် စုစုပေါင်းမြို့နယ် (၃၂)မြို့နယ်၌ သင်တန်းဌာနများ ဖွင့်လှစ်ကာ အဆင့် (၁)တွင် (၅၀၀)ဦး၊ အဆင့် (၂)တွင် (၂၂၀)ဦး စုစုပေါင်း ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်တွင် ကလေး (၇၂၀)ဦး သင်ယူလျက်ရှိကြပါသည်။

(င) <u>ရွေ့လျားကျောင်းများ (Mobile Schools)</u>။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေးအတွက် အဟန့်အတားတစ်ခုရှိတတ်သည်မှာ ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများနှင့် အလှမ်းကွာဝေးပြီး ကျောင်းသွားရန် ခက်ခဲမှုရှိကြသည့် ယာယီရွှေ့ပြောင်းလုပ်ကိုင်စားသောက်နေကြရသော မိဘများနှင့်အတူ လိုက်ပါသွားကြရသူ ကလေးများအတွက် ပညာသင်ယူရန် အလှမ်းကွာဝေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူ့တိုင်းအတွက်ပညာရေးအစီအစဉ်အရ ကလေးတိုင်း ပညာသင်ယူနိုင်ခွင့် ရရှိရေးအတွက် အဆိုပါ ယာယီရွှေ့ပြောင်းလုပ်ကိုင်နေထိုင်ကြသော မိသားစုအတွက် ဒေသဆိုင်ရာ ပညာရေးမိသားစုနှင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစည်းကာရွှေ့လျားကျောင်းများ ဖွင့်လှစ်လျက်

ပညာသင်ယူခွင့်ပေးသည့် အစီအစဉ်ဖြစ်ပါသည်။ ဤသို့အားထုတ်မှုဖြင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်ကာလအတွင်း ရွှေ့လျားကျောင်း (၂၈)ကျောင်း၌ ဆရာ ဆရာမ (၃၈)ဦး၏ သင်ကြားပေးမှုဖြင့် ကျောင်းသား၊ကျောင်းသူ (၁၁၃၆)ဦး တက်ရောက်သင်ယူခဲ့ကြပါသည်။

(စ) ဘုန်းတော်ကြီးကျောင်းပညာရေး။ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာတွင် နှစ်ပေါင်းများစွာ လွှမ်းမိုးနေရာယူခဲ့သော ပညာသင်ကြားရေး၏ အစပျိုးရာဖြစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးမှာ မိဘများက ယခုတိုင် လေးစားအားထားနေကြဆဲဖြစ်ပါသည်။ နိုင်ငံတော်မှအစ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုရေးအဖွဲ့အစည်းများ၏ အားပေးထောက်ခံမှု၊ စေတနာရှင်များ၏ ကူညီပံ့ပိုးမှုတို့ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းတာဝန်ယူလျက်ရှိကြသော အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖြစ်ကြသည့် မူလတန်းအဆင့် (၁၁၃၇)ကျောင်း၊ အလယ်တန်းအဆင့် (၁၁၈)ကျောင်းတို့၌ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် မူလတန်းအဆင့်ကျောင်းသား (၁၅၈၉၂၅)ဦးနှင့် အလယ်တန်းအဆင့်ကျောင်းသား (၁၆၁၆၅)ဦး ပညာရှာမှီးနေကြကြောင်း တွေ့ရှိရပါသည်။

(ဆ) မူလတန်းလွန်ကျောင်းများဖွင့်လှစ်ခြင်း။ အခြေခံပညာမူလတန်းပြီးဆုံးသည့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံပညာအလယ်တန်းအဆင့်သို့ တက်ရောက်သင်ယူနှုန်းမြင့်မားရေးအတွက် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစ၍ သင့်လျော်သည့်မူလတန်းကျောင်းများကို မူလတန်းလွန်ကျောင်း အဆင့်တိုးမြင့်ပြီး သတ္တမတန်းအထိ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ယခု ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၆၀၀၃ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးတွင် အခြေခံကဏ္ဍသည် အခြေခံအကျဆုံးဖြစ်ပါသည်။ အခြေခံအုတ်မြစ်ခိုင်ခန့်မှသာ အပေါ်ထပ်အဆောက်အအုံသည်လည်း ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ သို့အတွက် တစ်ဖက်မှ ကျောင်းနေအရွယ်ကလေးများ ကျောင်းဝင် ကျောင်းနေလာရေးအတွက် ကြိုးစားရမည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ကျောင်းမနေဘဲရှိသူ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သူ မသန်စွမ်းကလေးများ (မျက်မမြင်၊ နားမကြား၊ ကိုယ်ကာယ၊ စိတ်ဉာဏ်ရည်ချွတ်ယွင်းသူ) လူမှုဆက်ဆံရေးနှင့် ဘာသာစကားကွဲပြားသူများ၊ လူမှုစီးပွားရေးကြောင့် ကျောင်းချိန်တွင် ကျောင်းသို့မတက်ရောက်နိုင်သူ၊ အလုပ်လုပ်နေရသူ၊ HIV/AIDS ရောဂါစွဲကပ်သူကလေးနှင့် ရောဂါရှိသူမိသားစုဝင်များ၊ အစဉ်အမြဲရွှေ့ပြောင်းနေထိုင်ရသူမိသားစုဝင်များ၏ ကလေးများအတွက်ကိုလည်း အလေးထား စဉ်းစားဆောင်ရွက်ပေးရန် ရှိနေပါသည်။

ထိုကလေးများ ကျန်ရှိနေသေးလျှင် လူတိုင်းအတွက် ပညာရေးသည်ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ထိုကျန်ရှိနေသောကလေးများ ကျောင်းပညာရေးစနစ်တွင် အခြားပုံမှန်ကလေးများနှင့်အတူ ပညာသင်ယူခွင့်ရရှိစေရေး အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်အဖြစ် အကျုံးဝင်ပညာရေးအစီအစဉ်ကို ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

ထူးခြားသည့် အခြေအနေရှိသော ကလေးများအတွက်ဆောင်ရွက်မှုများ

မြန်မာနိုင်ငံအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေးသည် လူတိုင်းအတွက်ပညာရေး၏ ဖြစ်စဉ်တစ်ခုအဖြစ်ခံယူသည့်အတိုင်းလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ နီးနွယ်သည့် ဝန်ကြီးဌာနတို့နှင့်ပူးပေါင်းကာ လုပ်ငန်းဆွေးနွေးပွဲများကျင်းပခြင်း၊ အုပ်စုဝင်ကလေး များစာရင်းကောက်ယူခြင်း၊ ပုံမှန်ကျောင်းများတွင် အုပ်စုဝင်ကလေးများ တက်ရောက်သင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ကျောင်းများကလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ မိဘ၊ ဆရာနှင့် ရွယ်တူကလေးများအတွက် အသိပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆွေးနွေးပွဲကျင်းပလျက် သင်ထောက်ကူပစ္စည်းများ



မျက်မမြင်စာရေးကိရိယာဖြင့် စာရေးနေပုံ

ထုတ်လုပ်ခြင်း၊ သင်ကြားမှုစနစ်များအတွက် သုတေသနပြုခြင်းနှင့် ခက်ခဲနက်နဲသည့် လုပ်ငန်းသဘာဝအရ အထူးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသဖြင့် အချိန်တိုကာလအတွင်း တိုးတက်မှုရလဒ်များရရှိခဲ့သည်ကို ကောင်းစွာတွေ့ရှိရပါသည်။

၂၀၀၅ ခုနှစ်၊ မေလအတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးနှီးနှောဖလှယ်ပွဲများ၊ ထပ်ဆင့်ရှင်းလင်းပွဲများ၊ အသိပေးဖြန့်ချိမှုများဖြင့် လူတိုင်းအကျုံးဝင်ပညာရေးသည် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာပြည်သူများ၊ မိဘများ၊ ဆရာ၊ ဆရာမများနှင့် ရွယ်တူကျောင်းသား၊ ကျောင်းသူတို့အကြား ပိုမိုကျယ်ပြန့်နားလည်လက်ခံလာသကဲ့သို့ တုံ့ပြန်လာသည်ကိုလည်း တွေ့လာရပါသည်။ ပြည်နယ်/တိုင်းအဆင့် အကြီးအကဲနှင့် တာဝန်ရှိသူများကိုယ်တိုင် အားပေးချီးမြှင့်လာခြင်းများ၊ လူမှုရေးအဖွဲ့အစည်းများကပိုမိုဖေးမစောင့်ရှောက်မှုများနှင့်အတူ ပညာရေး တာဝန်ရှိသူများကလည်း နားလည်လက်ခံလာသကဲ့သို့ မိဘများကလည်း ၎င်းတို့ကလေးများကို ပုံမှန်ကျောင်းများသို့ တက်ရောက်စေခြင်း၊ ဆရာ၊ ဆရာမများက နွေးထွေးကြိုဆိုလာခြင်းအပြင် ရွယ်တူကလေးများ၏ ဝိုင်းဝန်းကူညီမှုဖြင့်လည်း ပိုမိုပြည့်စုံလာသည်ဟု ဆိုရပေမည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ်အစတွင် တွေ့မြင်ရမှုများမှာ ယခင်က အမှောင်ရှိနေကြသည့် မသန်စွမ်းကလေးများကို သတ်သတ်မှတ်မှတ် အသိအမှတ်ပြုထောက်ပံ့လာသကဲ့သို့ ၎င်းတို့ကို ကူညီပံ့ပိုးမည့် ရွယ်တူအဖော်များ၏ အားတက်သရောရှိမှုကလည်း ၎င်းတို့ကို ပိုမိုလုံခြုံအားတက်လာစေနိုင်ပါသည်။ မသန်စွမ်းကလေးငယ်များနှင့် ရွယ်တူသူငယ်ချင်းများ ဖော်ထုတ်မှုများကို လေ့လာသော် ဆရာ၊ ဆရာမများ ပညာရေးဝန်ထမ်းများသည် လုပ်ငန်းအစတွင်ပင် လုပ်ငန်း၏ သဘောသဘာဝ၊ စေတနာနှင့်ခံယူရမည့်စိတ်ဓာတ်တို့ရှိသည်မှာ နားလည်သဘောပေါက်မှု ပိုမိုမြင့်လာကြောင်း ထင်ရှားပါသည်။ ပုံမှန်ကျောင်းများသို့ မရောက်နိုင်ကြသူများအတွက် ကူညီဖေးမလက်တွဲခေါ်ယူကြသကဲ့သို့ ကျောင်းသို့ရောက်ရှိလာကြသည့် ကလေးများကိုလည်း ယုယကြင်နာစွာ သင်ကြားပြသပေးမှုများကို ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်လာကြရပြီဖြစ်ပါသည်။

ယခုအခါ လူတိုင်းအတွက်ပညာရေးအစီအစဉ်များ အရှိန်မြှင့်ဆောင်ရွက်နေချိန်၌ လူတိုင်းအကျုံးဝင်ပညာရေးကိုလည်း ပိုမိုပြည့်စုံပြီး ထိရောက်စေရေးအတွက် ပညာရေးဝန်ကြီးဌာနသည် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ အကူအညီ

ကိုရယူလျက် ဖိဖိစီးစီးဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကလေးများအတွက် ပညာသင်ယူခွင့် အစီအစဉ်၊ အကူအညီပေးမှုအစီအစဉ်၊ သင်ယူသင်ကြားမှု အထောက်အကူပစ္စည်းများ ထုတ်လုပ်မှုနှင့် သင်ယူသင်ကြားမှုအစီအစဉ်များစသည်တို့ကို စီစဉ်ဆောင်ရွက်ထားသကဲ့သို့ လူမှုရေးအရပစ်ပယ်ခံရသည့် ကလေးငယ်များအတွက် ကျောင်းဖွင့်လှစ်ပေးခြင်း၊ နယ်စပ်ဒေသကျောင်းများအတွက် ဆရာခန့်ထားရာတွင် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်ထားခြင်းများဆောင်ရွက်လျက်ရှိနေပါသည်။ လူတိုင်းအကျုံးဝင်ပညာရေးနှင့် ဆက်နွယ်သည့်စာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကောက်ယူပြီးဖြစ်ရာ အဆိုပါ ကလေးများအတွက် လိုအပ်သည့် ပံ့ပိုးမှုများဖြင့် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါသည်။

သာဓကများထဲမှ အချို့ကိုတင်ပြရလျှင် ဘောလုံးဝါသနာပါသလို ခြင်းဝိုင်းတွင်လည်း လူကြီးများအကြား အဖြည့်ခံ ပါဝင်ကစားလေ့ရှိသည့် မွေးကတည်းက လက်နှစ်ဖက်မရှိ ခြေတစ်ဖက်သာကောင်းသည့် မုဒုံမြို့နယ်၊ ကမာဝက်ကျေးရွာ၊ အထကမှ ဆဋ္ဌမတန်း ကျောင်းသားလေး မောင်ကျော်ထူးအောင်၏ ဇွဲမာန်မှာ အားရစရာ ချီးမွမ်းဖွယ်ရာဖြစ်ပါသည်။ အလားတူပင် လက်ကလေးများပူးနေသော်လည်း ခဲတံကိုရအောင် ညှပ်ကာ ဇွဲကောင်းကောင်းဖြင့် ကြိုးစားပမ်းစားသင်ယူနေသည့် မောင်အောင်သန့်ကျော် (ဆဋ္ဌမတန်း) မုဒုံမြို့နယ်၊ အထက-ကမာဝက်ကိုလည်း အသိအမှတ်ပြုရမည်သာ။ လက်မပါဘဲ ခြေဖြင့်ပင် စာရေးပုံဆွဲသည်သာမက ပန်းချီဆွဲ၊ ဇာပန်းထိုးသည့်အပြင် ခရေပန်းကလေးများကိုပင် သီကုံးနိုင်စွမ်းရှိပြီး Grade-11 တွင် သင်ယူနေပြီး ၂၀၀၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကြိုးစားဖြေဆိုခဲ့သည့် မြောင်းမြ အထက (၁)မှ မမေဇင်အောင်၏ ဇွဲလုံ့လကိုလည်း အားရစရာပင်ဖြစ်ပါသည်။ အများသိကြပြီး ထင်ရှားသည့် မစုပုံချစ်ကို နမူနာကောင်းယူ



လူတိုင်းအကျုံးဝင်ပညာရေးတွင် ပါဝင်သူကလေး

ကာ ကြိုးစားနေသည်မှာ ကြည်နူးဖွယ်မြင်ကွင်းတစ်ရပ်ပင်ဖြစ်ပေသည်။ ခြေမပါ လက်သက်သက်ဖြင့် ကျောင်းတက်ရပြီး သွားရလာရပင်ပန်း၍ စိတ်မရှည်သည့်အခါ ကျွမ်းထိုးသွားတတ်သောကလေးငယ်မှာလည်း မြင်ရသူက ကရုဏာသက်စေသော်လည်း ၎င်းကမူ ဘဝမှန်တိုင်းကို ကြံ့ကြံ့ခံဖြတ်ကျော်ကြိုးစားလျက်ပင်ဖြစ်ပါသည်။

ယခုကောက်နုတ်တင်ပြချက်များမှာ ဆယ်ပေါင်း၊ ရာပေါင်းများစွာသော ကလေးများမှ မဆိုစလောက်သော သာဓကများပမာသာ အကြားအမြင်အာရုံ မရှိသော ကလေးများ၊ မိဘစီးပွားရေးခက်ခဲကြားမှ ကြိုးစားလှုပ်ရှားနေရသူကလေးများ၏ ဘဝများမှာစာတစ်စောင်ပေတစ်ဖွဲ့ ဖွဲ့လောက်ကြသည်သာ။ ဤသို့သော ကလေးများကို မြင်တွေ့တိုင်း ၎င်းတို့၏ ဘဝချောမွေ့ပြည့်စုံနိုင်ရေးအတွက် အားလုံးကပါဝင်လာခြင်းမှာ သူတို့ဘဝအတွက် ကြီးမားသည့် ရလဒ်ပင်ဖြစ်သည်။ သူတို့ကလည်း ဘဝအတွက် အားငယ်စိတ်မဝင် ကြံ့ကြံ့ခိုင်ခိုင်ဖြင့် ခြေလှမ်းမှန်မှန်လှမ်းနေသည်မှာလည်း အားရဖွယ်ပင်။ ၎င်းတို့စိတ်ဓာတ်ကလည်း တစ်ပါးသူက သနားသည်ကို လက်မခံတတ်၊ စိတ်ဓာတ်ကြံ့ခိုင်မှုအပြည့်ဖြင့် ခရီးဆက်ကြမည်သာဖြစ်ရာ ကူညီသူများကလည်း ၎င်းတို့စိတ်ဓာတ်ကို နားလည်ပြီး ပံ့ပိုးသွားကြရမည်သာဖြစ်ပါသည်။

မစုပုံချစ်ဆိုလျှင် ၂၀၀၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အချိန်ပိုခွင့်ပြုခဲ့သော်လည်း မယူဘဲ သိပ္ပံဘာသာတွဲဖြင့် ကြိုးစားဖြေဆိုခဲ့ရာ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝ ဂုဏ်ထူးလေးဘာသာဖြင့် ထူးချွန်အောင်မြင်ခဲ့ပါသည်။ ယခုအခါ နည်းပညာတက္ကသိုလ်တွင် အဆင့်မီမီတက်ရောက်နေပြီဖြစ်ပါသည်။

အထက (၅) ကြည့်မြင်တိုင်တွင် ပုံမှန်ကျောင်းပညာသင်ယူခဲ့ရသော လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ မောင်မျိုးအောင်၊ မောင်အေးချမ်းသူ၊ မထက်ထက်ထွန်းတို့သည် နှစ်ချင်းပေါက်အောင်မြင်ကြပြီး အပြင်ဖြေ မောင်စိန်လှမောင်လည်း ယခုနှစ်တွင် အောင်မြင်ခဲ့သည်။ တစ်ပြည်လုံးတွင် စုစုပေါင်း(၁၃)ဦးအောင်မြင်ကြကြောင်း သိရှိရပါသည်။ ယင်းတို့မှာ ယနေ့မြန်မာနိုင်ငံပညာရေးနယ်ပယ်၌ မသန်သော် လည်းစွမ်းကြသည့် ပြယုဂ်များပင်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးရှိလာသည့် ဘဝအခြေအနေကြောင့် စိတ်ပျက်လက်လျှော့ဖွယ်မဟုတ်သကဲ့သို့ရှိသည့် အခြေအနေကြားမှ သူတို့ကလေးတွေပညာကို ကြိုးပမ်းသင်ယူနိုင်ကြစေရန် လူမှုဝန်းကျင်အားလုံးက ဝိုင်းဝန်းဖော်ဆောင်ပေးကြရမည်ဖြစ်ပါသည်။

လူတိုင်းအကျုံးဝင်ပညာရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများ၊ မိဘပြည်သူများနှင့် ပညာရေးမိသားစုများ ပိုမိုသိရှိသဘောပေါက်စေရေးအတွက် ပညာရေးဝန်ကြီးဌာန၊ အမှတ် (၁) အခြေခံပညာဦးစီးဌာနသည် 'ဘယ်ပန်းမဟူ' စာစောင်နှစ်အုပ်နှင့် "That All Flowers May Bloom" စာစောင်တစ်အုပ် တို့ကိုထုတ်ဝေဖြန့်ဖြူးခဲ့ပြီး UNESCO က ထုတ်ဝေသည့် "Embracing Diversity: Toolkit for Creating Inclusive Learning Friendly Environment" ကိုလည်း နွေးထွေးပွေ့ယူဘယ်ပန်းမဟူ - လူတိုင်းအကျုံးဝင်သင်ယူပျော်ဝန်းကျင်များတည်ထောင်ရေး လက်စွဲစာစဉ်များအဖြစ် မြန်မာဘာသာသို့ ပြန်ဆို၍ ထုတ်ဝေဖြန့်ဖြူးခဲ့ပြီးလည်းဖြစ်ပါသည်။

သင်ယူမှုဝန်းကျင်ကောင်းနှင့် သင်ယူမှုထိရောက်စေရန်အတွက်လည်း မသန်စွမ်းကလေးများအတွက် ရိပ်သာတစ်ခု (Centre for Inclusive Education) ကို ဒဂုံမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် တည်ထောင်လျက်ရှိနေပါသည်။ ယင်းကဲ့သို့သော အလားတူရိပ်သာများ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးစေမည့် ဝန်းကျင်ကောင်းကို ဖန်တီးတည်ဆောက်လျက်ရှိပါသည်။

လူမှုရေး၊ ကျန်းမာရေးအခြေအနေကြောင့် ပညာသင်ယူမှုအခွင့်အလမ်းနည်းပါးသူကလေးများ၏ ရေရှည်

ဘဝရပ်တည်မှုအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် ယခုအခါ မျက်မမြင်ကျောင်း (၇)ကျောင်း၊ နားမကြားကျောင်း (၂)ကျောင်း၊ မသန်စွမ်း သက်ငယ်ကျောင်းနှင့် သက်ကြီးကျောင်း (၂)ကျောင်း၊ လူငယ်သင်တန်းကျောင်း (၈)ကျောင်းကို အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်ဖွင့်လှစ်၍ ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုအလိုက်၊ သာမန်ဉာဏ် ရည်ပြည့်မီသူ မသန်စွမ်းကလေးများကို အခြေခံပညာ သင်ရိုးမာတိကာများဖြင့် သင်ကြားပေးခဲ့ပြီး ဉာဏ်ရည် နိမ့်သူ ဉာဏ်မမီသူကလေးများအား မိမိတို့ဘဝ ရပ်တည်နိုင်မှုအတွက် အဓိကထားပြီး လက်မှုပညာ၊ ရက်ကန်း၊ ကြိမ်ဝါးရက်လုပ်ခြင်းအတတ်ပညာ၊ အပ်ချုပ် စာအုပ်ချုပ်အတတ်ပညာ အကြိုအသက်မွေးဝမ်း ကျောင်းပညာများအဖြစ် ဝါသနာဗီဇအရ သင်ကြား လေ့ကျင့်ပေးလျက်ရှိပါသည်။ စာပေလက်မှုသင်ကြား ခြင်းလုံးဝမပြုနိုင်သူကလေးများ၏ ဘဝနေပျော်မှု အတွက်၊ နေ့စဉ်ဆောင်ရွက်ရန်သင့်သည့် သီဆိုခြင်း၊ ကပြခြင်း၊ ပုံပြောခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်း၊ ကစားခြင်းများဖြင့်လည်း သင်ယူပျော်ပတ်ဝန်းကျင် အဖြစ် ဖန်တီးလေ့ကျင့်ပေးခြင်းဖြင့် အလေ့အထ ကောင်းများကိုရရှိစေပါသည်။

ကိုယ်စိတ်ချွတ်ယွင်းမှု ဆိုးရွားသည့်ကလေးများမှာ အထူးကျောင်းများ (Special Schools) မှတစ်ဆင့် ကူးပြောင်းသင်ယူလာကြပါသည်။ ဥပမာ-မျက်မမြင် ကျောင်းများအတွက် အခြေခံလိုအပ်သည့် Braille နှင့် နားမကြားကလေးအတွက် (Sign Language) သင်ယူ ရရှိပြီးသူများနှင့် ချွတ်ယွင်းမှုမပြင်းထန်သူများမှာ ယခု အခါ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီး ဌာနတို့ ပူးပေါင်းညှိနှိုင်းမှုဖြင့် ပုံမှန်ကျောင်းများတွင် ပညာဆက်လက်သင်ယူခွင့် ရရှိလာပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အစိုးရနှင့် ပုဂ္ဂလိကတို့က ဖွင့်လှစ် ထားသည့် မျက်မမြင်ကျောင်းများ၊ ဆွံ့အနားမကြား ကျောင်းများသီးသန့်ရှိခဲ့ပါသည်။ အဆိုပါ ကျောင်းများ မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်း (၁၂)ကျောင်း၌ မသန်စွမ်းကလေး (၁၉၆)ဦး တက်ရောက်သင်ယူနေကြောင်း သိရပါသည်။

လူတိုင်းအကျုံးဝင်ပညာရေးသည် နိုင်ငံအသီးသီး တွင် စိန်ခေါ်မှုတစ်ခုဖြစ်သကဲ့သို့ အပြည့်အဝအောင်မြင် လာနိုင်ရေးအတွက် အထူးအားစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းကြီးဖြစ်ပါသည်။ လုပ်ငန်းထုထည်ကြီးမားသည် သာမက အချိန်ကာလရှည်ကြာစွာ တစ်စိုက်မတ်မတ် ဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတကာ၏ ကတိကဝတ်ဖြစ် သော လူတိုင်းအတွက်ပညာရေးကို အပြည့်အဝဖော် ဆောင်လာနိုင်ကြမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျောင်း မနေသေးသော၊ ကျောင်းနေပြီးသော်လည်း ကျောင်း ထွက်စောသောကလေးများအတွက် စီစဉ်ထားသည့် လူတိုင်းအကျုံးဝင်ပညာရေးဖြင့် တာဝန်ရှိသူအသီးသီး နှင့် မိဘပြည်သူများ၏ အမျိုးသားရေး ကြိုးပမ်းမှုဖြင့် ဖြည့်ဆည်းပေးကြရန် အထူးလိုအပ်နေပြီဖြစ်ပါသည်။ အားလုံးသော ပုဂ္ဂိုလ်အသီးသီးတို့က စေတနာပါပါ ဖွဲ့ရှိရှိဖြင့် ကြိုးပမ်းကြရမှသာ ပြည့်စုံမည်ဖြစ်ပါသည်။ လုပ်ငန်းထုထည်ကြီးမားသော်လည်း အားလုံးဝိုင်းဝန်း ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။

ပထမတန်းကျောင်းသုံး မြန်မာဖတ်စာ၊ ဖတ်စာ (၆)တွင် ပါသော-

'ဖွန်ပန်းရုံအနီး
လှည်းဘီးနွံထဲ ကျွံနေသည်။
ကူ၍ တွန်းပေးကြပါ၊
လေးလွန်း၍ မတွန်းနိုင်ဘူးလား၊
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။'

ဟူသည့် စာကြောင်းဝါကျများ အမှတ်ရမိတိုင်း ကလေး များအတွက် လူတိုင်းအကျုံးဝင်ပညာရေးဖြင့်ပျိုးထောင် ဆောင်ရွက်ရာ၌ ပါဝင်ကြိုးပမ်းကြဖို့ရန် လိုအပ်လှပါ သည်တကားဟု အတွေးဝင်မိပါသည်။

ဦးသန်းဦး၊ ဦးတင်ညို

# ချင်းတွင်း သင်္ဘောကျင်း (ဖုံရွာ)

စိုးတင့် (IWT)



# ချင်းတွင်းသင်္ဘောကျင်း (မုံရွာ)



ချင်းတွင်းသင်္ဘောကျင်းသစ် [illegible]

ချင်းတွင်းသင်္ဘောကျင်းသည် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ သင်္ဘောကျင်းကြီး (၆)ခုအနက် (၁)ခုအပါအဝင်ဖြစ်ပြီး အထက်မြန်မာပြည် ချင်းတွင်းဌာနခွဲအတွက် အထူးအရေးပါသော သင်္ဘောကျင်းကြီးတစ်ခုဖြစ်သည်။ ချင်းတွင်းသင်္ဘောကျင်းသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ ကျွဲကြီးရပ်ကွက်အနီးတွင်တည်ရှိပြီး အရှေ့ဘက်တွင် တာပေါင်ရိုးနှင့် အနောက်ဘက်တွင် ဇက်ရေယာဉ်ကူးတို့ဆိပ်တို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။ အကျယ်အဝန်း အရှေ့အနောက် (၁၈၀)ပေနှင့် တောင်မြောက် (၁၄၄၀)ပေ အသီးသီးရှိပြီး ဧရိယာအားဖြင့် (၆)ဧကခန့် ကျယ်ဝန်းသည်။

အထက်အညာဒေသဖြစ်သော မုံရွာအခြေပြု ချင်းတွင်းဌာနခွဲတွင် စက်ရှိ၊ စက်မဲ့ရေယာဉ် စုစုပေါင်း အစီး (၄၀)ရှိပြီး မုံရွာမြို့မှ ခန္တီးမြို့အထိ မိုင်ပေါင်း (၄၅၄) မိုင်ခရီးတွင် အစုန်အဆန် သွားလာနေကြသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်တွဲ

ယာဉ်များအတွက် သဘော်ကျင်းကြီးတစ်ခု တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အင်ဂျင်နီယာဌာန ဝန်ထမ်းများနှင့် မြန်မာမိုးနိုင်ကုမ္ပဏီတို့က ပူးပေါင်းတာဝန်ယူတည်ဆောက်ခဲ့သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာနသည် သဘော်ကျင်းများအား ထိန်းသိမ်းရခြင်း၊ ပြုပြင်ရခြင်း၊ စက်ရှိ စက်မဲ့ရေယာဉ်များနှင့် ဆိပ်ခံတွဲများ၏ ရေယာဉ်ကြံ့ခိုင်မှုဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်ကြံ့ခိုင်စေရန် ရေယာဉ်အဟောင်းများကို အကြီးစား၊ အသေးစားနှင့်အရေးပေါ်ပြန်လည်ပြင်ဆင်ပေးရခြင်း၊ ရေယာဉ်များ၏ စက်များ၊ ဂီယာများကို အောက်ခြေသိမ်းပြင်ဆင်ခြင်း၊ လိုအပ်ချက်နှင့်အညီ စက်သစ်တပ်ဆင်ခြင်း လုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေအသုံးစရိတ်ခွင့်ပြုချက်အပေါ် မူတည်၍ သက်ဆိုင်ရာလုပ်ငန်း ဆက်နွယ်သည့်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အင်ဂျင်နီယာဌာနသည် ချင်းတွင်းသဘော်ကျင်းအပါအဝင် ဒလသဘော်ကျင်း၊ အလုံသဘော်ကျင်း၊ မန္တလေးရတနာပုံသဘော်ကျင်း၊ မုတ္တမသဘော်ကျင်း၊ စစ်တွေသဘော်ကျင်း၊ ရေယာဉ်စု အင်ဂျင်နီယာဌာနခွဲနှင့် စက်ပြင်ဌာနခွဲဟူသည့် ဌာနခွဲ (၈)ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ သဘော်ကျင်းများ၏ လွန်းကျင်းလမ်းများနှင့် တစ်ကြိမ်လျှင် ကျင်းတင်နိုင်သည့် ရေယာဉ်စီးရေ၊ အများဆုံးကျင်းတင်နိုင်သည့် တန်ချိန်ပမာဏစသည့် လုပ်ငန်းစွမ်းဆောင်နိုင်မှု အခြေအနေများကို ယခင်နှင့်ယခု နှိုင်းယှဉ်၍အောက်ပါအတိုင်း ဖော်ပြပါသည်-

| စဉ် | ကျင်းများ | လွန်းလမ်းအရေအတွက် | | တစ်ကြိမ်လျှင် ကျင်းတင်နိုင်သည့်စီးရေ | | ကျင်းတင်နိုင်သည့် အများဆုံးတန်ချိန် | |
|---|---|---|---|---|---|---|---|
| | | ယခင် | ယခု | ယခင် | ယခု | ယခင် | ယခု |
| ၁ | ဒလသဘော်ကျင်း | ၁၂ | ၁၄ | ၁၈ | ၂၂ | ၅၀၀ | ၁၄၀၀ |
| ၂ | အလုံသဘော်ကျင်း | ၄ | ၆ | ၁၃ | ၁၇ | ၂၀၀ | ၃၀၀ |
| ၃ | မန္တလေးသဘော်ကျင်း | ၁ | ၁ | ၅ | ၇ | ၂၀၀ | ၂၀၀ |
| ၄ | သံလွင်သဘော်ကျင်း | ၁ | ၂ | ၁ | ၄ | ၂၀၀ | ၃၀၀ |
| ၅ | စစ်တွေသဘော်ကျင်း | - | ၁ | - | ၃ | ၃၀၀ | ၃၀၀ |
| ၆ | ချင်းတွင်းသဘော်ကျင်း | - | ၁ | - | ၄ | - | ၂၅၀ |
| | | ၁၈ | ၂၅ | ၃၉ | ၅၇ | | |

## ချင်းတွင်းသဘော်ကျင်း (မုံရွာ)

သဘော်ကျင်းများ၏ စွမ်းဆောင်မှုများအနက် အညာဒေသ မုံရွာမြို့ရှိ ချင်းတွင်းသဘော်ကျင်း အကြောင်းကို အထူးအလေးထားတင်ပြလိုပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများကို သင်ခန်းစာယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ငင်းမပြတ်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်သူများ စားဝတ်နေရေးဖူလုံပြီး တစ်ဦးချင်း တစ်နေ့ဝင်ငွေ မြင့်မားစေရန် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ နှင့် ဝန်ဆောင်မှုကဏ္ဍများအတွက် အခြေခံအဆောက်အအုံများကို တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမြော်အမြင်ကြီးမားသော



တိုင်းမှူးနှင့် ဝန်ကြီး သဘော်ကျင်းကို စစ်ဆေးကြည့်ရှုကြစဉ်

ဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြေမပြတ်လေ့လာပြီး ကြိုတင်မျှော်တွေးတတ်ရန် နှင့် ခေတ်ကာလနှင့် လျော်ညီစွာ တီထွင်နိုင်စွမ်းရှိရေး၊ ကြိုးစားကြရေးဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အစိုးရအနေနှင့် နိုင်ငံတော်၏ သမိုင်းပေးတာဝန်ကို မှန်ကန်သောစေတနာဖြင့် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေးအတွက် စဉ်ဆက်လမ်းညွှန်ချက်အရ ပေါ်ထွက်လာသည့် သဘော်ကျင်းကြီးတစ်ခုဖြစ်သည်။

ချင်းတွင်းသဘော်ကျင်းကြီးကို ၂၀၀၀-၂၀၀၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဩဂုတ်လ (၇)ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ချင်းတွင်းသဘော်ကျင်းသစ်ကြီးဖွင့်ပွဲတွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သာအေးတို့က အမှာစကား

မြွက်ကြားကာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒုတိယ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးထွန်းမြင့်နှင့် မြန်မာမိုးနိုင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးကျော်မိုးနိုင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ချင်းတွင်းသင်္ဘော ကျင်းကြီးတည်ဆောက်မှုတန်ဖိုးမှာ (၂၈၆. ၁၇)သန်း ဖြစ်ပြီး တန် (၂၅၀)လွန်းလမ်း (၁)လမ်း၊ အလျား (၁၅၀)ပေ အနံ (၆၀)ပေရှိ ဘေးဆွဲလွန်းကျင်းလမ်း (၁)လမ်း၊ ဝန်ချီစက်ရုံ (၁)ရုံ၊ ကျင်းတင်လှည်း (၂)စီး၊ ပင်မအလုပ်ရုံ (၁)ရုံ၊ မြစ်ဘက်ရှိ ပေ (၅၀၀)ရှည်သော မြေထိန်းနံရံ (၂၅၀၀)ဂါလန်ဆံ့ ကွန်ကရစ်ရေချိုစဉ် (၁)ခု၊ မြေအောက်ရေကန် (၁)ခု၊ ဓာတ်အားခွဲရုံ (၁)ရုံ နှင့် ထရန်စဖော်မာ၊ ဒု-အင်ဂျင်နီယာမှူးကြီးရုံး (၁)ရုံး၊ တာဝန်မှူးရုံး (၁)ရုံး၊ အစည်းအဝေးခန်းမအဆောက် အအုံ (၁)လုံး၊ စတိုအဆောက်အအုံ (၁)လုံး၊ အရာရှိ အိမ် (၂)လုံး၊ ဝန်ထမ်းတန်းလျား (၂)လုံးတို့ပါရှိပြီး သင်္ဘောကျင်းအင်္ဂါရပ်နှင့် ပြည့်စုံသော စစ်ကိုင်းတိုင်း၏ ကျက်သရေဆောင် သင်္ဘောကျင်းကြီး (၁)ခုဖြစ်သည်။

ချင်းတွင်းသင်္ဘောကျင်းသစ်ကြီး တည်ဆောက်ပြီး စီးသည့်အတွက် ချင်းတွင်းမြစ်တွင်းသွား ရေယာဉ်များ အား အရေးပေါ်၊ အသေးစား၊ အကြီးစားနှင့် နှစ်ပတ် လည် ကျင်းတင်ပြင်ဆင်ပေးနိုင်မည်ဖြစ်သည်။ ရေ ယာဉ် (၁)စီးလျှင် တန် (၂၅၀)ရှိသော ရေယာဉ် (၄)စီး အား ဘေးဆွဲလွန်းကျင်းတွင် (၂)စီးနှင့် ပင်မလွန်းကျင်း ပေါ်တွင် (၂)စီး တစ်ပြိုင်တည်း ကျင်းတင်ပြင်ဆင်နိုင် မည်ဖြစ်သဖြင့် (၁)နှစ်လျှင် ရေယာဉ် (၈)စီးခန့် ကျင်း တင်ပြင်ဆင်ပေးနိုင်မည်ဖြစ်သည်။ ချင်းတွင်းမြစ်ရေ အခြေအနေအရ (၁)နှစ်လျှင် ရေများချိန်ကာလ (၆)လ ခန့် (ဇွန်လမှ နိုဝင်ဘာလအထိ) ကျင်းတင်ပြင်ဆင် နိုင်မည်ဖြစ်သည့်အပြင် ရေနည်းချိန်ကာလ (ဒီဇင်ဘာ လမှ မေလအထိ) ရေယာဉ်များ ကျင်းမတင်နိုင်သော်



ချင်းတွင်းသင်္ဘောကျင်းတွင် သင်္ဘောတစ်စင်းကျင်းတင်ပြင်ဆင်မှု

လည်း နှစ်ပတ်လည်ရေယာဉ်များကို ကြိုတင်ကျင်းတင်ထားပြီး (၁)နှစ်လျှင် ရေယာဉ် (၈)စီးခန့် ကျင်းတင်ပြင်ဆင်နိုင်မည်ဖြစ်သည်။ နောင်တစ်ချိန်တွင် ပုဂ္ဂလိကရေယာဉ်များပါ ကျင်းတင်ပြင်ဆင်နိုင်ပြီး နိုင်ငံတော်၏တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (GDP)ပါ တိုးတက်နိုင်မည်ဖြစ်သည်။

ယခင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းဌာနခွဲတွင် စက်မကြီးများကိုသာ အရေးပေါ်ပြင်ဆင်မှု ပြုနိုင်ခဲ့သော်လည်း ယခုအခါတွင် သင်္ဘောကျင်းသစ်ကြီးတည်ဆောက်ပြီးဖြစ်သည့်အတွက် ရေယာဉ်အောက်ပိုင်းသံပြားများကိုပါ လဲလှယ်၍ အောက်ခြေသိမ်းပြင်ဆင်နိုင်မည်ဖြစ်သည်။ ဒေသခံလူငယ်များကို ခန့်ထားပြီး သင်တန်းများ ဖွင့်လှစ်ပို့ချလျက် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ရန်လည်း စီစဉ်လျက်ရှိကြောင်းသိရသည်။

ချင်းတွင်းသင်္ဘောကျင်းသစ်ကြီး ပြီးစီးပြီဖြစ်သည့်အတွက် ဌာနပိုင်ချင်းတွင်းအခြေစိုက် ရေယာဉ်များကို ယခင်ကကဲ့သို့ မိုင်ပေါင်း (၅၆၄)မိုင်ကွာဝေးသည့် ရန်ကုန်သို့ သွားရောက်ကျင်းတင်ရမည့်အစား ချင်းတွင်းသင်္ဘောကျင်း၌ပင် လွန်တင်ပြင်ဆင်နိုင်သည့်အတွက် ရေယာဉ် (၁)စီးလျှင် ရန်ကုန်သို့ အသွား/အပြန် အချိန် (၃)ပတ်ခန့်၊ စက်သုံးဆီ (၂၀၀၇)ဂါလန်ခန့် သက်သာနိုင်ပြီး ငွေကြေးအသုံးစရိတ် အချိန်၊ အုပ်ချုပ်မှုလုပ်ငန်းများပါ လျှော့နည်းသွားမည်ဖြစ်သည့်အတွက် အထူးကောင်းမွန်သော စွမ်းဆောင်ချက်တစ်ရပ်ဖြစ်သည်။ တစ်နည်းအားဖြင့်အဆင့်မီ သင်္ဘောကျင်းသစ်ကြီး ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဌာနဆိုင်ရာများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်ပေါ်လာသော ရလဒ်ဖြစ်သည်။ အမျိုးသားရေးအနှစ်သာရနှင့် ပြည့်စုံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် မြန်မာအင်ဂျင်နီယာပညာရှင်များ၏ စွမ်းရည်မြင့်မားမှုကိုလည်း ပြသနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးတို့အတွက် မော်တော်ကားလမ်းများ၊ မီးရထားလမ်းများနှင့် မြစ်ကူးချောင်းကူးတံတားကြီးများကို ကွန်ရက်သဖွယ်ဖြန့်ကြက်ပြီး တည်ဆောက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းဒေသအနှံ့အပြားတွင် ယခင်ကမမျှော်မှန်းခဲ့ဘူးသော လမ်းတံတားကြီးများကို မျက်ဝါးထင်ထင်မြင်တွေ့နေကြပြီဖြစ်သည်။

အသစ်တည်ဆောက်ဖြစ်ပေါ်လာခဲ့သော လမ်းသစ်ကြီးများ၊ တံတားသစ်ကြီးများကြောင့် တစ်နေရာမှ တစ်နေရာသို့ ဒေသတစ်ခုမှတစ်ခုသို့ မော်တော်ကား၊ မီးရထားတို့ဖြင့် အလွယ်တကူအချိန်တိုတိုဖြင့် သွားလာနိုင်ကြပြီး ကုန်စည်များကို လျင်မြန်စွာ ပို့ဆောင်နိုင်ကြပြီဖြစ်သော်လည်း ကုန်အလေးချိန်များပြီး ထုထည်ပမာဏကြီးမားကျယ်ဝန်းသော ကုန်ပစ္စည်းများကို မော်တော်ကား၊ မီးရထားတို့ဖြင့် မတင်ဆောင်နိုင်ခြင်း၊ သတ်မှတ်ချက်အတိုင်းအတာအရ တင်ဆောင်နိုင်သော ကုန်ပစ္စည်းများမှာလည်း သယ်ဆောင်ခစရိတ်ကြီးမားခြင်းတို့ကြောင့် သယ်ဆောင်စရိတ်ချိုသာပြီး ထုထည်ပမာဏကြီးမားသော ကုန်ပစ္စည်းများကို တစ်ကြိမ်တည်းဖြင့် အများအပြားတင်ဆောင်သယ်ယူပို့ဆောင်နိုင်သည့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းသည် ဆက်လက်အရေးပါနေမည်ဖြစ်သည်။

ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးသည် အထိုက်အလျောက် အချိန်ပေးရသော်လည်း နိုင်ငံတော်၏ (၇၀)ရာခိုင်နှုန်းခန့်သော ပြည်သူအများစုသည် ကျေးလက်ဒေသအသီးသီးတွင် ရှိနေခဲ့သည့်အတွက် မီးရထားလမ်း၊ မော်တော်ကားလမ်းများဖြင့် အလှမ်းဝေးနေသည့် ဒေသများမှ ရေယာဉ်များကိုသာ အားထားနေဆဲဖြစ်ပြီး ကုန်စည်ပို့ဆောင်ရာတွင်လည်း တစ်ကြိမ်တည်း ကုန်အများစုပို့ဆောင်နိုင်သည့်အပြင် ကုန်တင်ခနှုန်းထား သက်သာသည့်အတွက် ရေကြောင်းမှ ရေယာဉ်၊ တွဲရေယာဉ်များနှင့် သယ်ယူပို့ဆောင်ခြင်းကို တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လုပ်ငန်းသုံးရေယာဉ်၊ တွဲယာဉ်များ အဟောင်းပြုပြင်ခြင်း၊ အသစ်တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးသော သင်္ဘောကျင်းများ၏ အခန်းကဏ္ဍသည် အဓိကကျသဖြင့် သင်္ဘောကျင်းလုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးမြှင့်ဆောင်ရွက်နေရဦးမည်သာဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ပေးကြရာတွင် စစ်ကိုင်းတိုင်းဂုဏ်ဆောင် ချင်းတွင်းသင်္ဘောကျင်းသစ်ကြီးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပေပြီ။

**စိုးတင့် (IWT)**






# ပုံ့ဖြိုးတိုးတက်လာသော မြန်မာ့ဂျာနယ်လောက



## နွေသစ်နိုင်






# ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့ဂျာနယ်လောက

မြန်မာ့စာအုပ်ထုတ်ဝေရေးလောက၌ ယနေ့ကာလသည် ဂျာနယ်များ ပလူပျံအောင် ထွက်ပေါ်နေမှု အများဆုံးအချိန်ဟု စာအုပ်ထုတ်ဝေရေးအကဲဖြတ်သမား အများစုက ကောက်ချက်ချကြသည်။ ဂျာနယ်ထုတ်ဝေသူများသည် အရောင်အရုပ်စုံလင်အောင် မွမ်းမံပြင်ဆင်၍ ပြိုင်ပွဲတစ်ခုအလား သူ့ထက်ငါ ကြိုးစားပမ်းစားလုပ်ဆောင်နေကြသည်ကိုလည်း လက်တွေ့ မြင်တွေ့နေရသည်။




**တစ်ခေတ်တစ်ခါက အိုးဝေဂျာနယ်**



**တစ်ခေတ်တစ်ခါက ဟာသဂျာနယ်**

ထိုအခါ ဖွံ့ဖြိုးတိုးတက် လာသော မြန်မာ့ဂျာနယ်လောကဟုဆိုလျှင် ဆိုနိုင် ပါလိမ့်မည်။ ထိုကဲ့သို့ ဆိုနိုင်လောက်အောင်လည်း မြန်မာဂျာနယ်များ လာခဲ့သောလမ်းက ခပ်တိုတိုမဟုတ်ခဲ့သည်ကို သတိပြုစရာရှိပါသည်။

စင်စစ် ဂျာနယ်ဟူသည်မှာ အင်္ဂလိပ်ဘာသာစကား JOURNAL ဟူသော ဝေါဟာရကို တိုက်ရိုက် အသံဖလှယ်၍ ယူငင်အသုံးပြုထားသော စာပေပစ္စည်းဖြစ်သည်။ မျက်မှောက်ကာလ၏ အဓိပ္ပာယ်အားဖြင့် တစ်ပတ်တစ်ကြိမ် (သို့မဟုတ်) နှစ်ပတ်တစ်ကြိမ်ထုတ်စာစောင်ကို ဆိုလိုသည်။ အဘိဓာန်အလိုအားဖြင့်မူ နေ့စဉ်သတင်းစာ၊ အချိန်မှန်နေ့စဉ်မှတ်တမ်း၊ သတင်းစဉ်ဟူ၍ ဖော်ပြပါသည်။ တစ်နည်းအားဖြင့် သတင်းစာပင်ဖြစ်သည်။ သို့သော် သတင်းစာ၏ သဘောသဘာဝနှင့် တဖြည်းဖြည်းကွဲပြားခြားနားလာရာမှ အပတ်စဉ် (Weekly) သဘောသို့ သက်ဝင်လာသည်။

ဤနေရာတွင် ဂျာနယ်သည် သတင်းစာနှင့် ကွဲလွဲသော်လည်း သတင်းစာကဲ့သို့ အရေးပါအရာရောက်



**တစ်ခေတ် တစ်ခါက ယုဝတီဂျာနယ်**

သည့်သဘောကို 'စာနယ်ဇင်း'ဟူသော မြန်မာဝေါဟာရ တစ်ခုက သက်သေပြနေသကဲ့သို့ ရှိပါသည်။ ထို ဝေါဟာရလာ 'စာနယ်ဇင်း'သည် လုံးကောက်အဓိပ္ပာယ် များနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ 'စာ'ဟူသည်မှာ သတင်းစာကို ဆိုလို၍ 'နယ်'ဟူသည်မှာ ဂျာနယ်ကို ဆိုလိုကာ 'ဇင်း'ဟူသည်ကား မဂ္ဂဇင်းကို ဆိုလိုခြင်းဖြစ် သည်။ စာနယ်ဇင်းဟုဆိုလျှင် မြန်မာစာပေပစ္စည်းတစ်ခု ၏ အရေးအကြီးဆုံး စာစောင်ဟု ချက်ချင်းသိနိုင်ပါ သည်။ ထိုဝေါဟာရကို ၁၉၃၅ ခုနှစ်က တိုးတက်ရေး ဦးစိန်ဟုခေါ်သော ဆရာကြီး ဦးပဂျိုင်က ကြံဆသုံးနှုန်း ခဲ့သည်ဟု အဆိုရှိပါသည်။

ဂျာနယ်နှင့်ပတ်သက်၍ စာနယ်ဇင်းသမိုင်းစာတမ်း များ (ပထမတွဲ)၌ ဆရာကြီးငွေဥဒေါင်းဖတ်ကြားခဲ့သည့် ဂျာနယ်မဂ္ဂဇင်းမှတ်တိုင်များ စာတမ်းတွင်

ဂျာနယ်ဟူသော ဝေါဟာရကို ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေသော ဆရာကြီးရွှေဥဒေါင်း၏ "မြန်မာ့ဗျူဟာ ဂျာနယ်မှစတင်သုံးစွဲခဲ့ကြောင်း ကျွန်တော်တို့ အထပ်ထပ်



**အချစ်၊ ကောင်းသတင်း၊ မဟာ ဂျာနယ်များ၏ အယ်ဒီတာချုပ် - မြတ်ခိုင်**

မှတ်သားခဲ့ကြပါပြီ။ ယင်းသို့ ဂျာနယ်ဟူသော ဝေါဟာရ ကို ထုတ်ဖော်သုံးစွဲခဲ့ရသည့် အဓိကရည်ရွယ်ချက်မှာ ထိုစဉ်က ရောထွေးထွက်ပေါ်အသုံးပြုလျက်ရှိကြသော သတင်းစာ၊ မဂ္ဂဇင်းများနှင့် သဘောချင်းခွဲခြားလိုသည့် ရည်ရွယ်ချက်ဖြစ်သည်။"ဟု ဖော်ပြထားသည်ကို တွေ့

**အိုးဝေဂျာနယ် အယ်ဒီတာချုပ် ညိုမြ**



ရပါသည်။ ဤသို့ဆိုလျှင် "ဂျာနယ်အစ မြန်မာ့ဗျူဟာ က"ဟု ဆိုနိုင်ပါလိမ့်မည်။

အချို့ကလည်း ဂျာနယ်၏ သမိုင်းအစနှင့် ပတ်သက်၍ ၁၈၉၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့ဖူးသော "ဟံသာဝတီအပတ်စဉ် ရီဗျူး"ကို ညွှန်းကြသည်။ ထိုအခါ ၁၈၉၀ နှင့် ၁၉၁၉ ကြား ၁၉ နှစ်ကာလအတွင်း ထုတ်ဝေခဲ့ဖူးသော စာစောင်အချို့ကိုလည်း ဂျာနယ်ဟု ညွှန်းဆိုနိုင်ပါလိမ့်မည်။ ၎င်းတို့မှာ စီးပွားရေးစုံစမ်းရေး ဂျာနယ် (၁၉၀၆)၊ ဓမ္မဒေသနာတရားသတင်းစာ (၁၉၀၈)တို့ဖြစ်သည်။ ထိုနှစ်စောင်ကို ဒုတိယအစောဆုံး ဂျာနယ်များဟု ဆိုကြသည်။

၁၉၁၀ တွင် မြန်မာပြည် သုတေသနဂျာနယ်၊ ၁၉၁၈ တွင် သူရိယအပတ်စဉ်ဂျာနယ်များ ထွက်ပေါ် ခဲ့ကြသည်။ သို့သော် အချို့စာပေသုတေသီတို့သည် အထက်ပါစာစောင်များကို ဂျာနယ်ဟု သတ်မှတ်လိုဟန် မရှိခဲ့ပေ။ ၁၉၁၉ နှစ်တွင် ထုတ်ဝေသော မြန်မာ့ဗျူဟာ ကိုသာလျှင် အစဂျာနယ်ဟု သတ်မှတ်လိုကြသည်။ စာပေသုတေသီတို့ တညီတညွတ်တည်းပြောကြသည်မှာ မြန်မာ့ဗျူဟာသည်သာ ဂျာနယ်အပီသဆုံးဂျာနယ် ဟူ၍ဖြစ်သည်။



**ဒီးဒုတ်ဂျာနယ်ကို ထုတ်ဝေခဲ့သော ဒီးဒုတ်ဦးဘချို**

ဤတွင် ဆရာကြီးငွေဥဒေါင်းက ဂျာနယ်စစ်စစ်ကို ပထမဆုံးဖန်တီးသူမှာ ဆရာကြီးရွှေဥဒေါင်းဖြစ်ကြောင်း စာတမ်းတစ်နေရာ၌ အောက်ပါအတိုင်းဆိုထားပါသေးသည်။

"ယင်းသို့ရှိနေသော အခြေတွင်စာနယ်ဇင်းလုပ်ငန်းသဘောကို နားလည်ပြီးဖြစ်ကြသော ဆရာကြီးရွှေဥဒေါင်းတို့အသိုက်က တစ်ပတ်အတွင်း အရေးကြီးသော သတင်းများ၊ သတင်းဝေဖန်ချက်များ၊ ဝတ္ထုတို၊ ရုပ်ပြောင်စသည်ဖြင့် ဂျာနယ်စစ်စစ်ပုံစံမျိုးထုတ်ဝေသည်။



**ဂျာနယ်ကျော်ကို ထုတ်ဝေခဲ့သော ဂျာနယ်ကျော်ဦးချစ်မောင်**

သို့ဖြစ်၍ ဂျာနယ်ဟူသော ဝေါဟာရကို ရဲရဲရင့်ရင့် စတင်သုံးစွဲခဲ့သည်။" ဟူ၍ဖြစ်သည်။

မည်သို့ဆိုစေ မြန်မာဂျာနယ်၏ သက်တမ်းကား မနည်းတော့ပါ။ ပျမ်းမျှအားဖြင့် နှစ်တစ်ရာရှိပြီဟုဆိုနိုင်ပါသည်။ ထို့အတူ ဂျာနယ်ဟူသည် ခေတ်ကာလတိုင်းတွင် 'ခေတ်စား'ခဲ့သော စာပေပစ္စည်းတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ ဝရဇိန်ဂျာနယ်၊ နေပြည်တော်ဂျာနယ်၊ မြန်မာ့ယုဝဂျာနယ်၊ ဘားမားဂျာနယ်၊ တို့ဗမာသတင်းစဉ်၊ ကြွေးကြော်သံဂျာနယ်၊ ဂျာနယ်ကျော်၊ နဂါးနီဂျာနယ်၊ လူထုဂျာနယ်၊



**ဘားမားဂျာနယ်ကို ထုတ်ဝေခဲ့သော ဦးပကိုဒို**



**အလင်းတန်းဂျာနယ် အယ်ဒီတာချုပ် ဝင်းငြိမ်း**

ဇဝနဂျာနယ်၊ ပြည်သူ့အာဏာဂျာနယ်၊ နေသူရိန်ဂျာနယ်၊ တိုင်းရင်းသူဂျာနယ်၊ တိုးတက်ရေးဂျာနယ်၊ ပြည်သူ့ဂျာနယ်၊ လင်းယုန်ဂျာနယ်၊ တိုင်းချစ်ဂျာနယ်၊ ပြည်တော်သစ်ဂျာနယ်၊ ပြည်သူ့တပ်ဦးဂျာနယ်စသည်ဖြင့် ထင်ရှားကျော်ကြားခဲ့သည့် ဂျာနယ်များသည် သူ့ခေတ် သူ့အခါ အလျောက် သူ့နောက်ခံနယ်ပယ်အရ ထွက်ပေါ်လာခဲ့ပါသည်။ ထိုဂျာနယ်များအနက် ဒီးဒုတ်၊ ဗန္ဓုလ၊ နဂါးနီ၊ ဂျာနယ်ကျော်နှင့် ဘားမားတို့က ပို၍ထင်ရှားကျော်ကြားခဲ့သည်။


THE MYANMAR TIMES

Special Report

One year on, May 7 bombings still haunt Yangon

Up Close

**ယနေ့အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသော Myanmar Times ဂျာနယ်**

၁၉၆၀ နောက်ပိုင်းကာလတွင် လမ်းစဉ်သတင်းဂျာနယ်၊ ရှေ့သို့ဂျာနယ်၊ လူငယ်ရှေ့ဆောင်ဂျာနယ်၊ တောင်သူလယ်သမားဂျာနယ်၊ လုပ်သားဂျာနယ်စသည့် အစိုးရထုတ်ဂျာနယ်များ ချင်းတွင်းဂျာနယ်၊ ရှုထောင့်ဂျာနယ်၊ ပြည်သူ့ဂျာနယ်၊ အိုးဝေဂျာနယ်၊ ရွှေတူဂျာနယ်၊ သတင်းဂျာနယ်၊ ယုဝတီဂျာနယ်၊ တိုင်းရင်းမေဂျာနယ်၊ ရွှေမောင်းဂျာနယ်၊ မှန်နန်းဂျာနယ်၊ တံခွန်ဂျာနယ်စသည့် ပုဂ္ဂလိကထုတ် ဂျာနယ်များ ပေါ်ထွက်လာခဲ့သည်။



ဤသို့နှင့် ၁၉၉၅၊ ၁၉၉၆ ကာလတစ်ဝိုက်တွင် ဂျာနယ်များ ဖွံ့ဖြိုးမှု အရှိန်ကောင်းကောင်းနှင့် ထွက်ပေါ်လာခဲ့သည်ကို တွေ့ရသည်။ ဂျာနယ်အရေအတွက် ၃၀ ကျော်ရှိခဲ့သည်။

ယနေ့ ၂၀၀၅၊ ၂၀၀၆ ကာလတွင်မူ ဂျာနယ် ၁၀၀ ကျော်ထွက်ရှိလာခဲ့သည်ကို တွေ့ရသည်။ ၎င်းတို့ အနက် အားကစားနှင့်ပတ်သက်၍ တက်လမ်း၊ World Football Soccer, Golf, Star Sport, Sport time, Sport light၊ အင်အား၊ အိုလံပစ်၊ ချန်ပီယံ၊ Eleven,



**ဂျာနယ်စာမျက်နှာများအား အရုပ်၊ အရောင်များဖြင့် ဖွဲ့စည်းပေးသည့် ပန်းချီဆရာများ မောင်မောင်သိုက်၊ မြင့်မောင်ကျော်၊ မောင်နေကြည်**

90- minutes, Good Players, United တို့က ထင်ရှားသည်။

ကလေးများနှင့်ပတ်သက်၍ ရွှေသွေး၊ ရွှင်ပြုံး၊ ဦးစံရှား၊ တတိုင်းမွှေး၊ Kid Zone၊ မြူးရုပ်စုံ၊ အရုဏ်ဦး၊ မိုးသောက်ပန်း၊ ရင်သွေးအလိမ္မာရတနာစသည့်ဂျာနယ်များက ထင်ရှားသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ Good Health၊ အာယုဒီဃ၊Family Health, နဘယ်စသည့် ဂျာနယ်များက ထင်ရှားသည်။

မှုခင်းရေးရာနှင့်ပတ်သက်၍ တကယ့်ဖြစ်ရပ်မှုခင်း၊ မှုခင်းသတင်း၊ မှုခင်းရှုထောင့်၊ ဖြစ်ရပ်မှန်မှုခင်းစသည့် ဂျာနယ်များက ထင်ရှားသည်။

နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ ရောင်ခြည်မိုး၊ နိုင်ငံတကာရေးရာ၊ Eleven News၊ ဗြိဟ်တု၊ မော်ဒန်စသည့် ဂျာနယ်များက ထင်ရှားသည်။




ယနေ့ထုတ်ဝေနေသော ဂျာနယ်များ

ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်အနေနှင့် ဂမ္ဘီရ၊ မနော မယ၊ နေလ၊ ဂျာနယ်များက ထင်ရှားသည်။

အထွေထွေအရပ်ရပ်အနေနှင့် အလင်းတန်း၊ အချစ်၊ နံနက်ခင်း၊ ပေါ်ပြူလာ၊ မဟာ၊ ကောင်းသတင်း၊ ပန်းလှိုင်၊ ပန်းသတင်း (Flower News) ပန်သစ္စာ၊ တို့ကျေးရွာ၊ စောင့်ကြည့် (Watch News) အကျိုး ဆောင်၊ ပြည်မြန်မာ၊ Custom၊ အလင်္ကာဝတ်ရည်၊ မေမြန်မာ၊ ရွှေမြန်မာ၊ အတွေးသစ်၊ ဝယ်သူ့စိတ်ကြိုက်၊ Voice၊ မြန်မာတိုင်း(မ်)၊ ယုံကြည်မှု၊ ဂီတ၊ ဂီတကမ္ဘာ၊ ဈေးကွက်၊



ယနေ့ထုတ်ဝေနေသော အလင်္ကာဝတ်ရည်ဂျာနယ်၏ အယ်ဒီတာချုပ် နွမ်ဂျာသိုင်း

မိုးဆမ်းပန်း၊ Weekly Eleven News၊ အင်တာနက်၊ ခေတ်မြန်မာ၊ ကုမုဒြာ၊ ဓမ္မဝီရ၊ ဓနသိဒ္ဓိ၊ အခွင့်အလမ်း၊ ပွိုင့် Favourite Tech Digest၊ သတင်းစုံ၊ ဖတ်စရာ၊ စာဖတ်သူ၊ T Club စသည့် ဂျာနယ်များက ထင်ရှားသည်။

ယနေ့ကာလတွင် ထွက်ပေါ်နေသော ဂျာနယ် အရေအတွက် (၁၀၀)ကျော်ဟူသည်မှာ စင်စစ် နည်းနည်းနောနောမဟုတ်ပေ။ အတိုင်းအတာတစ်ခုအရ အလွန်ပင်များပြားပါသည်။ ဂျာနယ်များကို အချိန်မှန်မှန်နှင့် ပုံစံမှန်မှန်ထွက်ရှိရန်ကူညီပေးလျက်ရှိသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနမှလည်း ဂျာနယ်အသစ်များထွက်ရှိရေးကို အားပေးလျက်ရှိသည်။ ထို့ကြောင့် ဆက်လက်ထွက်ပေါ်လာမည့် ဂျာနယ်များကလည်းတစ်နေ့ထက်တစ်နေ့ရှိလာဦးမည်ဖြစ်သည်။

အထက်ပါအခြေအနေနှင့် အချိန်အခါကောင်းများ သည်ပင်လျှင် မြန်မာဂျာနယ်လောက၏ ဖွံ့ဖြိုးတိုးတက်လာမှုများပင်ဖြစ်ပါသည်။

နွေသင်နိုင်

# ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်

မောင်ဆုရှင်



# ဉာဏပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်

## အမျိုးသားယဉ်ကျေးမှု လက်ရာများ

မူပိုင်ခွင့် ဟူသည် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံတကာ စာချုပ်များတွင် ဖော်ပြပါရှိသည့် အခွင့်အရေးတစ်ရပ် ဖြစ်သည်။ ဤကိစ္စသည် အမျိုးသားယဉ်ကျေးမှုလက်ရာ တို့ကို တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ပေး သည့် ခံစားခွင့်ရှိသော အလွန်အရေးပါသည့် လူမှုအခွင့် အရေးတစ်ရပ်ပင် ဖြစ်သည်။ယဉ်ကျေးမှုလက်ရာ [Cultural Works] ဆိုသည်မှာ လူတို့၏ စိတ်အနေနှင့် စိတ်ထားကို ကြွယ်ဝစေရန် တစ်စုံတစ်ဦး ကပြုလုပ် ဖန်တီးသော ဖန်တီးမှုအနုပညာပါသည့် လက်ရာ တစ်မျိုးမျိုးဖြစ်သည်။

မူပိုင်ခွင့် (Copyright) ဆိုသောဝေါဟာရကို တရား ဥပဒေအသွင် ထင်ထင်ရှားရှား ထုတ်ဖော်သုံးစွဲသည့် အထောက် အထားမှာ ၁၀၊ ဇန်နဝါရီ၊ ၁၇၀၉ အင်္ဂလန်အောက် လွှတ်တော်ဥပဒေမူကြမ်း၌ စတင် တွေ့ရှိရသည်။ သို့ရာ တွင်ယင်း ဝေါဟာရကို ‘ဥပဒေ’ဖြင့် ပြဋ္ဌာန်း မသုံးစွဲမီကပင် အခွင့်အရေး ဆိုင်ရာစကားလုံးအဖြစ် သုံးစွဲ နေပြီကို ၂၃၊ ဇွန်၊ ၁၅၈၅ အင်္ဂလန်စတားချိန်ဘာဒီဂရီ တစ်ရပ်၌ တွေ့ခဲ့ရသည်။ စတင်သုံးသည့်ကာလတွင် “မူပိုင်ခွင့်” ဟူသော ဝေါဟာရ၏ဝိဂြိုဟ်မှာ ‘စာအုပ်’ အတွက်သာဖြစ်သည်။ ထို့ကြောင့် ‘မူပိုင်ခွင့်’သည် စာအုပ် စာပေကိစ္စမှ စတင်လာသည်ဟု ပြောရမည်ဖြစ်ပါသည်။

‘မူပိုင်ခွင့်’နှင့် အကျုံးဝင်သော ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းတို့သည် လူတို့၏စိတ်အနေနှင့်အတူ နှလုံးသားမှ ဖြစ်ပေါ် ရရှိခံစားမှုနီးစပ်သဖြင့် ဤဝေါဟာရအသုံးအနှုန်း တွင် စာပေလက်ရာအမျိုးမျိုးတို့ အကျုံးဝင်နေပေသည်။ ဥပမာအားဖြင့် ဝတ္ထုများ၊ ကဗျာများ၊ ဇာတ်ညွှန်းများ အပြင် အမြင်အာရုံနှင့် အကြားအာရုံတို့ဖြင့် ခံစား နိုင်သည့် ပန်းချီလက်ရာ၊ တေးဂီတလက်ရာ၊ ရုပ်ရှင်တို့နှင့် ခက်ခဲနက်နဲသော စက်မှုသိပ္ပံဆိုင်ရာ လူထုဆက်သွယ် ရေးကိရိယာများအထိပါဝင်သည်။အခြားတစ်နည်းအား ဖြင့်လည်း စာပေအပါအဝင် ယဉ်ကျေးမှုပစ္စည်းလက်ရာ ဆိုသည်မှာ လူတို့၏ စိတ်ကူး စိတ်သန်းနှင့် ခံစားမှုများအား အနုပညာမြောက်စွာ ဖန်တီးဖော် ထုတ်ချက်ဟုလည်း ဆိုနိုင်သည်။ ဖတ်သူ၊ ကြည့်သူ၊ နားဆင်သူ တို့အား စေ့ဆော်သော သာယာ လှပခြင်း၊ ဝမ်းနည်းကြေကွဲခြင်း သို့မဟုတ် အတွေးနက်နဲစေ ခြင်းတို့ကို ဖြစ်ပေါ်စေသော လက်မှုနှင့်စက်မှုများပါဝင်သည့် အနုပညာဖန်တီးမှုများသည် လူတို့၏ စိတ်နှလုံးတွင် တိုက် ရိုက်ခံစားမှုရှိစေလျက် စိတ်ကို လှုပ်ရှားအောင် ပြုလုပ်နိုင်ပေ သည်။ အခြားသူတို့၏ အတွေး နှင့်စိတ်ထားကို ထိုလက်ရာတို့ က တစ်နည်းတစ်ဖုံ သြဇာ လွှမ်းနိုင်သည်။




ဂျပန်နိုင်ငံမှ မူပိုင်ခွင့်သုတေသီ တာမိုးဆု ဟိုဇုမိ ရေးသားသည့် စာအုပ် (မြန်မာဘာသာပြန်)

ထိုလက်ရာပစ္စည်းများကို လိုအပ်ချက်ရှိသည်မှာ လူတို့သည် အသက်ဆက်ရှင်သန် နိုင်ရန် ရုပ်ခန္ဓာကိုယ်အတွက်သာ အာဟာရကို လိုအပ် သည်မဟုတ်၊ စိတ်နှလုံးအတွက် အာဟာရကိုပါ မှီဝဲရန် လိုအပ်ခြင်း ကြောင့်ဖြစ်လေသည်။ ယဉ်ကျေးမှုဆိုင်ရာ လက်ရာ ပစ္စည်းများသည် စိတ်နှလုံးအတွက် မှီဝဲရသော အာဟာရများဖြစ်ကြောင်း သဘောပေါက်လျှင် ထိုပစ္စည်းတို့၏

အရေးပါမှုအနက်အဓိပ္ပာယ်ကို ပို၍သဘောပေါက်နိုင်စရာရှိပေသည်။ ကမ္ဘာကြီးတွင် ဝတ္ထု၊ ကဗျာဟူသော ရသစာပေလက်ရာများ၊ တေးဂီတများ၊ ပန်းချီပန်းပု အနုပညာလက်ရာများ မရှိလျှင် လူ့စိတ်အနေဖြင့် ဘယ်နည်းဘယ်ပုံရှိပါမည်နည်း။ လူတို့၏ စိတ်ထားကို ကြွယ်ဝစေရန် ပြုပြင်ပေးသော ယဉ်ကျေးမှုလက်ရာများသည် အဖိုးတန်အမွေများဖြစ်သဖြင့် လူ့သမိုင်းတစ်လျှောက် ထိန်းသိမ်းလာခဲ့ကြသည်။ နှစ်ပရိစ္ဆေဒကြာမြင့်သည်နှင့်အမျှ နိုင်ငံအလိုက် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအမွေများ အစုအဝေးဖြစ်လာခဲ့လေသည်။




ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ချုပ် (WIPO) မှ ညွှန်ကြားရေးမှူး မစ္စတာ ယောဂန် ဘလွန်းကွစ် စာတမ်းတင်သွင်းစဉ်

## မူပိုင်ခွင့်၏ သဘော

မူပိုင်ခွင့်၏အခြေခံသဘောမှာ အဆိုပါပစ္စည်းများကို အမျိုးအစားအလိုက်သတ်မှတ်၍ တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သည်။ မူလပြုလုပ်သောဖန်တီးရှင်တို့အား လူမှုရေးနှင့် စီးပွားရေးအရပါ မူပိုင်ခွင့်သဘောအရ ကာကွယ်စောင့်ရှောက်ပေးရခြင်း ဖြစ်သည်။

မူပိုင်ခွင့်ကိစ္စသည် နားလည်သဘောပေါက်ရန် ခက်ခဲသည်ဟု အချို့ကဆိုတတ်ကြ၏။ အမှန်အားဖြင့် အခြေခံယူချက်မှာ အတော်ပင်ရှင်းလင်းလွယ်ကူသော ကိစ္စဖြစ်ပါသည်။ မူပိုင်ခွင့်ဥပဒေဆိုရာတွင် မူပိုင်ကိစ္စစောင့်ရှောက်ကာကွယ်ပေးခြင်းနှင့်စပ်ဆိုင်ရာ ဥပဒေအားလုံးအကျုံးဝင်သည်။ ထိုဥပဒေများတွင် သဘာဝကျ၍ အကျိုးသင့်အကြောင်းသင့်ဖြစ်သော လူတိုင်းလက်ခံနိုင်သည့် စည်းကမ်းများ ပါဝင်လေသည်။ သာဓကအားဖြင့် အခြားသူများက အားထုတ်လုံ့လပြု၍ ထုတ်လုပ်ဖန်တီးထားသည့် အနုပညာပစ္စည်းများကို လေးစားအသိအမှတ်ထားခြင်း၊ မိမိက အသုံးပြုလိုလျှင် ကြိုတင်၍ ခွင့်ပန်ရခြင်း၊ သဘောတူညီချက်ရယူခြင်း၊ ထိုသို့သုံးစွဲခွင့်အတွက် တစ်စုံတစ်ရာသောတန်ဖိုးကို ပေးခြင်းစသည်တို့ဖြစ်သည်။ ထို့မှတစ်ဆင့် မူပိုင်ခွင့်ကို ကျင့်သုံးခြင်းသည် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ နောက်ထပ်ဖန်တီးပွားများရေးကိုလည်း ကူညီအားပေးရာ ရောက်ပေသည်။

မူပိုင်ခွင့်ဥပဒေသဘော၌ အဆိုပါ ယဉ်ကျေးမှုလက်ရာတစ်မျိုးမျိုးကို ပြုစုဖန်တီးသူတွင် သီးခြားအခွင့်အရေးတစ်မျိုးမျိုး ခံစားခွင့်ရှိ၏။ အခြားသူများက မိမိ၏လက်ရာကိုအသုံးပြုပါက ဖန်တီးသူမှာ အကျိုးကျေးဇူးခံစားခွင့်ရှိစေရန် အာမခံချက်ရှိရသည်။ ယင်းဥပဒေအသုံးအနှုန်းတွင် လက်ရာ(work)ဆိုသည်မှာ ပင်ကိုမူလဖြစ်၍ စာပေ၊ သိပ္ပံ၊ ဂီတနှင့်အနုပညာနယ်ပယ်တို့၌ အကျုံးဝင်သော ရသမြောက်အောင် စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးထားသောပစ္စည်းကိုဆိုလိုသည်။ ထိုလက်ရာကို ကိုယ်တိုင်ပြုလုပ်ဖန်တီးသူအား ပြုလုပ်ဖန်တီးသူ (author) ဟူ၍ သုံးနှုန်းသည်။

လက်ရာတစ်ခုခု ပြုလုပ်ဖန်တီးသူအား မူပိုင်ခွင့်ဖြင့် တရားဥပဒေအရ ကာကွယ်ပေးထားသော အခွင့်အရေးဖြစ်၍ ပြုလုပ်ဖန်တီးသူ၏ အခွင့်အရေးများ (author's rights) ဟူ၍ ခေါ်ဆိုနိုင်သည်။ အမှန်အားဖြင့် ထိုလက်ရာတစ်ခုခု၏ မူပိုင်ခွင့်ကိုပိုင်ဆိုင်သူသည် မူပိုင်ခွင့်ပိုင်ရှင် (Copyright Owner) ပင်ဖြစ်သည်။ အများအားဖြင့် မူပိုင်ခွင့်ပိုင်ရှင်သည် ပြုလုပ်ဖန်တီးသူ ကိုယ်တိုင်ပင်ဖြစ်သည်။ သို့ရာတွင် မူပိုင်ခွင့်ပိုင်ရှင်သည် မူပိုင်ခွင့်ကို လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ငှားရမ်းခွင့်နှင့် လက်လွှဲခွင့်တို့လည်းရှိ၏။ အမွေဆက်ခံသူ သို့မဟုတ် တစ်ဦးတစ်ဦးကိုဖြစ်စေ၊ ကုမ္ပဏီလုပ်ငန်းတစ်ခုခုကိုဖြစ်စေ လွှဲအပ်နိုင်

သဖြင့် မိမိသဘောအလျောက် မူပိုင်ခွင့်ကိစ္စ အပြောင်း အလွဲရှိနိုင်သည်။ ထိုအခြေအနေ၌ မူရင်းပြုလုပ်ဖန်တီး သူသည် မူပိုင်ခွင့်၏ ပိုင်ရှင်မဟုတ်တော့ဘဲ လွှဲပြောင်းပေး ပြီးဖြစ်သည့်အတွက် ထိုအခြေအနေမျိုးကိုလည်း သတိထားရန် လိုအပ်ပေသည်။

မူပိုင်ခွင့်ကိစ္စ၏ တရားကိုယ်သဘောမှာ အနုပညာ လက်ရာကို ဖန်တီးသူနှင့် သုံးစွဲသူတို့နှစ်ဦးနှစ်ဖက် အကျိုး ခံစားခွင့်ရှိရန် ရည်ရွယ်ချက် ပါဝင်လေသည်။

ဉာဏပိုင်းဆိုင်ရာပစ္စည်း

စာပေမူပိုင်ခွင့်ကို အကြောင်းပြုလျက် "မူပိုင်ခွင့်" သဘောဖြစ်ပေါ်လာပြီးနောက် "မူပိုင်ခွင့်"၏ ပင်ကို သဘောကို အနုပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း




မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က စာတမ်းတင်သွင်းစဉ်

ဆိုင်ရာ နယ်ပယ်တို့အတွက် ဆက်လက်ချဲ့ထွင်ဖွင့်ဆို ကြရာမှ ခေတ်ကာလနည်းပညာများ ဖွံ့ဖြိုးမှုအပြောင်း အလဲကာလတွင် "ဉာဏပိုင်းဆိုင်ရာ ပစ္စည်း" ဟူ၍ တိုးချဲ့အမည်တပ်ကာ သုံးနှုန်းလာကြသည်။ အသိဉာဏ် ရည်၊ အသိဉာဏ်၊ ဉာဏပိုင်းတို့နှင့် ဆက်စပ်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာ Copy Right ဟူသော အသုံးအနှုန်းမှ Intellectual Property Rights ဟူ၍ ဖြစ်လာခဲ့သည်။ Copy Right သည် အင်္ဂလိပ် ဘာသာ၌ ကူးယူခွင့် (The right to copy) ဖြစ်၏။ ဘယ်ပစ္စည်းကို ကူးယူခွင့်ရှိသလဲ၊ ဘယ်သူက ခွင့်ပြုနိုင် သလဲ၊ ဘယ်သူတွေအကျိုးခံစားခွင့်ရှိသလဲ၊ ဘယ်သို့သုံးစွဲ လျှင် မူပိုင်ခွင့်ကို ဖောက်ဖျက်ကျူးကျော်ရာရောက်သလဲ ဟူသော ကိစ္စများမှာ မူပိုင်ခွင့်ဆိုင်ရာ အခြေခံပြဿနာ များဖြစ်သည်။

မူပိုင်ခွင့်ကိစ္စယခုကဲ့သို့ မကျယ်ပြန့်မရှုပ်ထွေးမီ အချိန်က မြန်မာတို့နှင့် အာရှတိုက်သားတို့၏ ပင်ကို သဘောနှင့် ဆီလျော်ကိုက်ညီသည့် ခံယူချက်မျိုးရှိခဲ့ သည်။ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ မျှဝေခံစားခြင်း စိတ်ထားတို့ကို အခြေခံလျက် အပေးအယူအသုံးအစွဲ ကိစ္စ၌ အငြင်းပွားစရာမရှိခဲ့ပေ။ ပညာဒါန၊ ဓမ္မဒါနအဖြစ် မွန်မြတ်သော ကိစ္စအဖြစ် အများအားဖြင့် လက်ခံခဲ့ ကြသည်။

သာမန်သုံးစွဲခြင်းမှ စီးပွားဖြစ်သုံးစွဲမှုအသွင်သို့ ပြောင်းလာသောအခါ ကုန်လုပ်ဆက်သွယ်မှုသဘော၌ တစ်မျိုးတစ်ဘာသာ သဘောထားဖို့အကြောင်းဖြစ်လာခဲ့ သည်။ ထိုသို့ဖြစ်စေရန် ဖန်တီးပေးသောနည်းပညာမှာ ပုံနှိပ်ခြင်းအတတ်ဖြစ်သည်။ တစ်နည်းအားဖြင့်တစ်စောင် ချင်း၊ တစ်ပုဒ်ချင်း မိမိစိတ်ကြိုက်ကူးယူရသော အခြေ အနေမှ စောင်ရေများစွာ ပုံနှိပ်၍ ဖြန့်ချိနိုင်သောနည်းဖြစ် သည်။ စောင်ရေပွားများခြင်းသည် စီးပွားကုန်သွယ်မှု ကိစ္စအပြင် လူအများလက်သို့ရောက်ရှိရန် ရည်ရွယ်ချက် ပါသည်။

လူ့အဖွဲ့အစည်းတွင် စီးပွားရေးလုပ်ငန်းစနစ်များ ပီပြင်လာသောအခါ "ဆန်ပေးမှ ဆေးရ" ဟူသော ကုန်ဖလှယ်သည့်စနစ်မျိုး မဟုတ်တော့ဘဲ တန်ဖိုး သတ်မှတ်၍ ငွေကြေးကို ကြားခံပစ္စည်းဟူ၍ အသုံးပြု လာကြသည်။ ထိုအခါ ပစ္စည်းအရောင်းအဝယ်မျှ သာမကဘဲ ဝန်ဆောင်မှုလုပ်အားများကိုလည်း ငွေကြေး တန်ဖိုးဖြင့် ပေးချေရသည်။ ထို့ကြောင့် လူမှုစီးပွားကိစ္စ တွင် ပစ္စည်းတန်ဖိုးအပြင် လုပ်အားတန်ဖိုးနှင့် ဖန်တီးမှု တန်ဖိုးတို့ကိုပါ ထည့်တွက်ရလေသည်။

ကုန်သွယ်မှုစနစ် ထွန်းကားသောကမ္ဘာ၌ ပစ္စည်း၊ ဝန်ဆောင်မှု၊ ပညာပေးမှု၊ ဖြေဖျော်မှုစသည့် တန်ဖိုး အရပေးချေမှုတို့သာ လိုရင်းသဘောဖြစ်လာသည်။ ရေးသားဖန်တီး တီထွင်ရသော ကိစ္စများကိုလည်း ဉာဏပိုင်းဆိုင်ရာပစ္စည်း (Intellectual Property) ဟူ၍




မြန်မာနိုင်ငံက ထုတ်ဝေခဲ့ဖူးသော မူပိုင်ခွင့်ဥပဒေစာအုပ်

ပိုင်ဆိုင်ပစ္စည်း [Pro -perty] အဖြစ် ပြောင်းလဲခေါ်ဝေါ်သမုတ်လာကြသည်။

လူတစ်ဦးချင်း ဖန်တီးမှုလက်ရာကို ပိုင်ဆိုင်သည့် အခွင့်အရေးမှာ တန်ဖိုးစားနားမပေးဘဲ၊ သဘောတူခွင့်ပြုချက်မရဘဲ၊ ထိုစည်းကမ်းကို မကျူးကျော်ကောင်း။ ကျူးကျော်လျှင် (Infringement) ဥပဒေစည်းကမ်းကို ကျူးလွန်ရာကျသည်။ ပိုင်ဆိုင်သူက တရားတပေါင် စွဲပိုင်ခွင့်ရှိသည်။ ကျေနပ်အောင်ပြုလုပ်လျှင် ကျေအေးပိုင်ခွင့်ရှိသည်။ ပိုင်ဆိုင်သူကသာ မိမိပိုင်ခွင့်ရှိသော ဉာဏပစ္စည်းလက်ရာ စာပေ၊ ပန်းချီ၊ ဂီတတို့ကို မိမိသဘောအလျောက် အခမဲ့သုံးစွဲခွင့်လည်းပေးနိုင်သည်။ သုံးစွဲခြင်းကို (Exploitation) ဟုခေါ်သည်။

စိတ်ကူးဉာဏ်ဖြင့် ထုတ်လုပ်ဖန်တီးသော လက်ရာတို့ကို မိမိအစွမ်းအစဖြင့် သီးခြားဖန်တီးထားခြင်းအမှုသေချာမှန်ကန်လျှင် မိမိအကျိုးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးအပ်သော သဘောဖြစ်၏။ ဖန်တီးသူအနုပညာရှင်တို့ကို လေးစားခြင်း၊ ဖန်တီးမှုအနုပညာကို လေးစားခြင်း၊ ကုန်သွယ်မှုလုပ်ငန်းသဘောကို လေးစားခြင်းအထိ အဓိပ္ပာယ်သက်ရောက်လေသည်။

## မူပိုင်ခွင့်၏ ရည်ရွယ်ချက်များ

မူပိုင်ခွင့်ကို ဥပဒေစည်းကမ်းပြုကြသောအခါ ဝါသနာသဘော၊ အပျော်တမ်းသဘောမှ သက်မွေးမှုသဘော၊ စီးပွားရေးလုပ်ငန်းသဘောနှင့် တရားဥပဒေဘောင်အတွင်း အကျုံးဝင်သော သဘောတို့၏ ဘောင်အတွင်းတို့သို့ ဝင်ရောက်လာသည်။ သို့ရာတွင် မူပိုင်ခွင့်သည် ပိုင်ဆိုင်မှု ကို အသိအမှတ်ပြုခြင်းမှ စတင်သောကြောင့် ပိုင်ဆိုင်သူက အခကြေးငွေဖြင့်ခွင့်ပြုသည်ဖြစ်စေ၊ အခမဲ့ခွင့်ပြုသည်ဖြစ်စေ အသိအမှတ်ပြုရခြင်းမှာ အဓိကဖြစ်သည်။ ထိုကိစ္စမှာ မူပိုင်ခွင့်၏ အစိတ်အပိုင်းဖြစ်သော ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေး (moral right) ဖြစ်သည်။ ထို့ကြောင့် ထိုကိစ္စများတွင် သုံးစွဲပိုင်ခွင့်အတွက် စည်းချရသည်။

မူပိုင်ခွင့်သို့မဟုတ် ဉာဏပစ္စည်းများဆိုင်ရာ ဥပဒေ၏ ရည်ရွယ်မှန်းဆထားချက်များကို လေ့လာပါက ယေဘုယျအားဖြင့် အောက်ပါရည်ရွယ်ချက်များပါဝင်သည်ကိုတွေ့နိုင်သည်။ ယင်းတို့မှာ-

- တိုင်းပြည် နိုင်ငံအလိုက် တီထွင်ဖန်တီးမှု အနုပညာများ ဖွံ့ဖြိုးမှုကို အားပေးရန်၊
- ဖန်တီးသူအနုပညာရှင်၏ ထိုက်လျောက်သော အကျိုးခံစားခွင့်ရရှိစေရန်၊
- တီထွင်သော ပစ္စည်းကို မတရားကူးယူ၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းမရှိစေရန်၊
- လက်ရာပစ္စည်းကို အမှီပြု၍ ပြည်တွင်းပြည်ပ ပြန့်ပွားလျက် အကျိုးကျေးဇူးသက်ရောက်စေရန်၊
- ခေတ်မီနည်းပညာများကို သုံးစွဲ၍ ဖန်တီးထုတ်လုပ်ဖြန့်ချိခွင့်များပါ အကျုံးဝင်စေရန်၊
- တီထွင်ပြုစုထားသော လက်ရာကို နီးစပ်ပတ်သက်ရာ အခြားအနုပညာ နည်းနာပုံသဏ္ဌာန်များဖြင့် လွှဲပြောင်းသုံးစွဲမှုတွင် စနစ်တကျရှိစေရန်၊
- အနုပညာလက်ရာပစ္စည်းများကို ဖတ်ရှုကြည့်မြင်နားဆင်ခံစားသုံးစွဲရသော ပရိသတ်များအဖို့ သင့်လျော်မျှတသော အသုံးပြုခွင့်ရရှိစေရန်၊

- စိတ်ကူးစိတ်သမ်းများကို အခြားဖန်တီးသူတို့ အကျိုးရှိစွာ ယူငင်သုံးစွဲမှုရနိုင်စေရန်၊
- မူပိုင်ခွင့် ကျူးကျော်သုံးစွဲမှု အရာမြောက်/မမြောက် သဲကွဲစေဖို့ ပြဋ္ဌာန်းရန်၊
- နည်းပညာနှင့် လုပ်ငန်းသဘောအရ ခေတ်ပြောင်းလဲမှုများနှင့်အညီ မူပိုင်ခွင့်ဥပဒေများကို သင့်တင့်မျှတစွာ အလိုက်သင့်ပြင်ဆင်ဆောင်ရွက်နိုင်စေရန်တို့ ဖြစ်သည်။ အထက်ပါသဘောတို့မှာ ယေဘုယျသာဖြစ်၍ လက်ရာကို သုံးစွဲလိုသော ရည်ရွယ်ချက်တစ်ခုချင်းအပေါ်၌ အကြောင်းအရာ ကွဲပြားမှုများရှိနိုင်သည်။ ဤသည်မှာ ပုံနှိပ်ထုတ်ဝေသောစာပေလက်ရာသာမက စင်တင်ကပြခြင်း၊ တေးဂီတဖွဲ့ဆိုခြင်း၊ အသံသွင်းခြင်း၊ အသံလွှင့်ခြင်း၊ ကွန်ပျူတာပေါ်တွင် တင်ခြင်း၊ စီဒီရွှမ်သတ္တုများပေါ်တွင်တင်ခြင်းစသည်တို့အထိဖြစ်သည်။

မြန်မာနိုင်ငံနှင့် မူပိုင်ခွင့်ဥပဒေ

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်တွင် နေခဲ့ရစဉ်က မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်း၍ ၁၉၁၁ ခုနှစ် အင်ပီးရီးယယ်လ် မူပိုင်ဥပဒေ၊ ၁၉၁၄ ခုနှစ် အိန္ဒိယ မူပိုင်ခွင့်ဥပဒေ၊ ၁၉၄၆ ခုနှစ် မြန်မာနိုင်ငံ ပေးတင့် (Patents) နှင့် ဒီဇိုင်း (Designs) ဥပဒေတို့ကို လိုက်နာခဲ့ရသည်။ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဥပဒေများ၊ ဆက်ခံကျင့်သုံးရေးဥပဒေအရ **အချို့အာဏာပိုင်အမည်ဝေါဟာရများကို မြန်မာနိုင်ငံ၏ အာဏာပိုင်ခွင့်အရ စာပေမူပိုင်ခွင့်နှင့်ပစ္စည်း ဒီဇိုင်းမူပိုင်ခွင့်တို့မှစခဲ့သော လိုက်နာရန် ပြဋ္ဌာန်းသည့် ဥပဒေများသည်** ရေဒီယို၊ ရုပ်မြင်သံကြား၊ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် **ဂြိုဟ်တုဆက်သွယ်ရေးခေတ်သို့ ရောက်လာသော အခါ မူပိုင်ခွင့်သုံးစွဲရေးနှင့်** ကျင့်သုံးရေးမှာ ပိုမို ကျယ်ပြန့်**ရှုပ်ထွေးလာခဲ့သည်။**

**ယခုအခါ** ကမ္ဘာပေါ်တွင် ဉာဏ်လုံ့လထုတ်၍ **ဖန်တီးရသော** လက်ရာပစ္စည်းများနှင့် စပ်လျဉ်း၍ ရယူမှု၊ **သုံးစွဲမှုကိစ္စများကို** လေ့လာ၊ ထိန်းသိမ်း၊ ညှိနှိုင်းစုစည်း**ပေးသည့်** နိုင်ငံတကာအဖွဲ့အစည်းများမှာ အနည်းဆုံး **ခြောက်ဖွဲ့**မျှရှိနေလေသည်။ ယင်းတို့မှာ

၁။ ဘန်းကွန်ဗင်းရှင်း (Berne Convention)

၂။ ကမ္ဘာ့ဉာဏပိုင်းဆိုင်ရာ ပစ္စည်းများအဖွဲ့ (The World Intellectual Property Organization - WIPO)

၃။ နိုင်ငံတကာ မူပိုင်ခွင့် ကွန်ဗင်းရှင်း (Universal Copyright Convention - UCC)

၄။ ရောမ ကွန်ဗင်းရှင်း (Rome Convention)

၅။ ဖိုနိုဂရမ်များဆိုင်ရာ ကွန်ဗင်းရှင်း (Phonograms Convention)

၆။ ကမ္ဘာ့ကုန်သွယ်မှု အဖွဲ့အစည်း (The World Trade Organization - WTO)

မြန်မာနိုင်ငံ စာပေအနုပညာနယ်အတွက် မူပိုင်ခွင့်ဗဟုသုတ တိုးပွားရေး

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေသစ် ပြဋ္ဌာန်းရန် ရေးဆွဲနေချိန်၌ ဥပဒေသစ်ကို လေးစားလိုက်နာ၍ မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရန် ကြိုတင်ပြင်ဆင်အားထုတ်မှုများ ပြုလုပ်လျက်ရှိပါသည်။

မြန်မာစာပေနှင့် အနုပညာနယ်သားများအား မူပိုင်ခွင့်ဗဟုသုတ နောက်ခံတိုးပွားရေး နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ ပက်ခ်ရွိုင်ရယ်ဟိုတယ်တွင် ၂၀၀၆ ခုနှစ်၊ မေလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဒုတိယအကြိမ်ကျင်းပခဲ့သည်။ ထိုနှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့မဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များဖြစ်သော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ရိုးရာပန်း၊ ဓါတ်ပုံပညာရှင်၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူအဖွဲ့အစည်းများက မူပိုင်ခွင့်အခြေအနေကို စာတမ်းများရေးသားတင်သွင်း၍ နှီးနှောဖလှယ်ခဲ့ကြသည်။

ထိုနှီးနှောဖလှယ်ပွဲသို့ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ်မှ ပညာရှင်များနှင့် စင်ကာပူ၊ ဂျပန်စသော နိုင်ငံများမှ ပညာရှင်များလည်းတက်ရောက်၍ အတွေ့အကြုံများ တင်ပြခဲ့သည်။ စာပေနှင့်အနုပညာဆိုင်ရာ အမျိုးသားအဆင့် မူပိုင်ခွင့်နှီးနှောဖလှယ်ပွဲကို ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ရှိ ဂျီနီဗာမြို့၌ရုံးစိုက်သော ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ် (World Intellectual Property Organization - WIPO) ၏အကူအညီဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ပူးတွဲ၍ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အပါအဝင် အထက်ဖော်ပြပါ အင်န်ဂျီအိုအဖွဲ့အစည်း ၇ ဖွဲ့မှ သက်ဆိုင်သူ ကိုယ်စားလှယ်များသည် ကိုယ့်နယ်ပယ် လုပ်ငန်းအလိုက် မူပိုင်ခွင့်ကျင့်သုံးမှု ကိစ္စအခြေအနေ များကို အကြိမ်ကြိမ်ညှိနှိုင်းစည်းဝေးပြီး နောက်ခံစာတမ်း များကို ကြိုတင်ပြုစုရေးသားခဲ့သည်။ ထိုစာတမ်းအသီးသီး ကိုအခြေပြုလျက် စာတမ်း ၄စောင် ပြုစုသည်။ ယင်းတို့မှာ မြန်မာနိုင်ငံမူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေး၊ အနု ပညာတွင် မွေ့လျော်မှုဘဝနှင့် ကျင်လည်ရမှု၊ စာပေ ထုတ်ဝေရေးလုပ်ငန်းအတွက် မူပိုင်ခွင့်များ၊ ဂီတနှင့်ရုပ်ရှင် လုပ်ငန်းနှီးနွှယ်ရာတို့တွင် တွေ့ကြုံရမှုများဟူသော စာတမ်းများဖြစ် သည်။ ထိုအခြေပြု စာတမ်း (၄)စောင်ကို မြန်မာဘက်မှ ပါဝင်ဖတ်ကြားတင်သွင်းခဲ့သည်။

မူပိုင်ခွင့်ဘာသာရပ်နှင့် စပ်လျဉ်း၍ အလားတူ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း ၂၀၀၅ခုနှစ်က ပထမအကြိမ်ကျင်းပခဲ့ဖူးသည်။ ရန်ကုန်မြို့၊ ဆူးလေ ဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ၂၀၀၅ ခု၊ စက်တင်ဘာလ ၇ ရက်မှ ၉ ရက်နေ့အထိ ဖြစ်သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို ဂျပန်နိုင်ငံ ယူနက်စကို အဖွဲ့ခွဲနှင့် ပူးတွဲကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှဌာန ဆိုင်ရာနှင့်ပါဝင်ဆွေးနွေးသူ ၈၀ ခန့် တက်ရောက်ခဲ့ကြ သည်။ ယင်းအစည်းအဝေးမှပင် မူပိုင်ခွင့်ဗဟုသုတ နောက်ခံရရှိရေးအတွက် "အာရှမူပိုင်ခွင့်လက်စွဲ" အမည် ရှိ မြန်မာဘာသာပြန် စာအုပ်တစ်အုပ်နှင့် အလုပ်ရုံ ဆွေးနွေးပွဲ အစီရင်ခံစာတစ်စောင်ကိုလည်း ပုံနှိပ်ဖြန့်ဝေ ခဲ့သည်။

ယခု ဒုတိယအကြိမ် ရန်ကုန်မြို့၌ပြုလုပ်သော ပတ်ရှိုင်ရယ်ဟိုတယ် နှီးနှောဖလှယ်ပွဲတွင် တင်သွင်းရန် စာတမ်းများအတွက် ချမှတ်ထားသော ဦးတည်ချက် လေးရပ်မှာ စာပေအနုပညာနှင့် အကျုံးဝင်သော ဉာဏ ပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်ကိစ္စများကို လွှမ်းခြုံသည်။

ပထမဦးတည်ချက်မှာ "စာပေအနုပညာမူပိုင်ခွင့် များနှင့် ဆက်နွှယ်ရာ အခွင့်အရေးများနှင့် ပဓာနအချက် များ" ဟူ၍ ဖြစ်ပြီး ဝိုက်ပို (WIPO) အဖွဲ့ချုပ်မှ မူပိုင်ခွင့် ဥပဒေဌာန၊ ညွှန်ကြားရေးမှူး မစ္စတာယော်ဂန်ဘလွန်း ကွစ် (Mr. Jorgen Blomqvist)က ဖတ်ကြားပြီး မြန်မာ နိုင်ငံမှ ဥပဒေပညာရှင် ဦးကျော်ဇောနိုင်နှင့် ဦးမြသန်း တို့က မြန်မာ့မူပိုင်ခွင့်ကာကွယ်မှု အခြေအနေများ စာတမ်းကို ဖတ်ကြားသည်။ ထိုခေါင်းစဉ်အောက်တွင် "အနုပညာရှင်တစ်ဦး ကျင်လည်ရသည့် ဘဝနှင့်ဆန္ဒ" ဟူသော ခေါင်းစဉ်ဖြင့် အနုပညာသည်တို့၏ မွေ့လျော်မှု၊ ဖန်တီးမှုနှင့် ထိုလက်ရာတို့ကို အကာအကွယ်နှင့် စောင့်ထိန်း မှု ကျင့်ဝတ် သိက္ခာရှိအပ်ကြောင်းဖြင့် စာတမ်းကို ရုပ်ရှင် အစည်းအရုံးမှ ဗဟိုအမှုဆောင် ဒေါ်ဆွေဇင်ထိုက်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဗဟိုအမှုဆောင် မောင်ဆုရှင်တို့ ပူးတွဲပြုစုဖတ်ကြားသည်။

ဒုတိယ ဦးတည်ချက်မှာ "စာပေနှင့်အနုပညာ မူပိုင်ခွင့်များနှင့် ဆက်နွှယ်ရာ အခွင့်အရေးများသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ် များအတွက် အရေးပါသည်" ဟူသော အကြောင်းအရာ ဖြစ်၏။

စင်ကာပူနိုင်ငံ၊ မူပိုင်ခွင့် ညှိနှိုင်းခွင့်ပြုရေးအဖွဲ့ CLASS မှ မစ္စတာပေါဝီး (Mr. Paul Wee)နှင့် ဂျီနီဗာ မြို့၊ ကုလသမဂ္ဂလက်အောက်ခံ ဝိုက်ပိုရုံးမှ မစ္စတာ ယောဂန်ဘလွန်းကွစ်တို့က စာတမ်းတင်သည်။ ထို စာတမ်းများတွင် မူပိုင်ခွင့်ကာကွယ်ပေးခြင်းကြောင့် သက်ရောက်သော စီးပွားရေးနှင့်လူမှုရေး အကျိုးကျေးဇူး နှင့် မူပိုင်ခွင့်အရ အခမဲ့အသုံးပြုနိုင်သော လျှော့ပါးချက် အခွင့်အရေးများအကြောင်းရပ်တို့ကို သာဓကများဖြင့် ဖော်ပြသည်။

တတိယဦးတည်ချက်မှာ "စာပေထုတ်ဝေခွင့်နှင့် စပ်ဆိုင်သည့် နှီးနွှယ်ရာအခွင့်အရေးများ" ဟူသော အကြောင်းရပ်ဖြစ်သည်။ ထိုခေါင်းစဉ်အောက်တွင် စင်ကာပူနိုင်ငံမှ မစ္စတာပေါဝီးက စာပေထုတ်ဝေရေး ယန္တရားစနစ်၏ ထက်မြက်ပုံနှင့် တန်ဖိုးသက်ရောက်မှု များ အကြောင်းကိုယ်တွေ့ အတွေ့အကြုံများကို ဖတ်ကြား သည်။ မြန်မာနိုင်ငံ ပြည့်စုံစာအုပ်တိုက်မှ ဦးမျိုးအောင် နှင့် မြန်မာနိုင်ငံ ပုံနှိပ်သူနှင့် ထုတ်ဝေသူများ အသင်းမှ ဦးအေးလွင်တို့က မြန်မာစာပေ ထုတ်ဝေရေးနှင့် နှီးနွှယ် သောလုပ်ငန်းများတွင် အငြင်းပွားဖွယ် ပြဿနာအချို့နှင့် ဘာသာပြန်ကိစ္စ အီးဘွတ်၊ ဒီဂျစ်တယ်ထုတ်ဝေရေး ဆိုင်ရာတို့ကို သုံးသပ်တင်ပြ၍ ဖတ်ကြားသည်။

စတုတ္ထ ဦးတည်ချက်မှာ "တေးဂီတနှင့် ရုပ်ရှင်နယ်ပယ်၏ မူပိုင်ခွင့်နှင့်ဆက်နွယ်ရာ အခွင့်အရေးများ" ဟူ၍ဖြစ်သည်။ ထိုခေါင်းစဉ်အောက်တွင် ဂျပန်နိုင်ငံ၊ တေးဂီတထုတ်လုပ်ရေးဆိုင်ရာ မူပိုင်ခွင့်စောင့်ရှောက်မှုအဖွဲ့အစည်းမှ မစ္စတာအီမာမူရာက ဂျပန်တေးဂီတနယ်ပယ်အတွက် ဖွဲ့စည်းဆောင်ရွက်မှုဖြင့် မူပိုင်ခွင့်အသုံးပြုပုံ၊ အကျိုးအမြတ်ခွဲဝေခံစားပုံတို့ကို စာတမ်းဖတ်ကြားသည်။ မြန်မာနိုင်ငံဘက်မှ ရုပ်ရှင်၊ တေးဂီတ၊ ပြဇာတ်၊ သဘင်နှင့် ဓာတ်ပုံပညာဆိုင်ရာ မူပိုင်ခွင့်များကိစ္စနှင့် တွေ့ကြုံရပုံပြဿနာများကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ဗဟိုအမှုဆောင် ဒေါ်နွဲ့ယဉ်ဝင်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးအောင်စိုးဦးတို့က သက်ဆိုင်ရာအနုပညာအဖွဲ့အစည်းအသီးသီး၏ စာတမ်းများကို အခြေပြုရေးသားလျက် ဖတ်ကြားတင်သွင်းပါသည်။

ထိုဦးတည်ချက်လေးရပ်အတွက် စာတမ်းများဖတ်ကြားဆွေးနွေးအပြီးတွင် ဝိုက်ပိုအဖွဲ့ချုပ်မှ ညွှန်ကြားရေးမှူးက မူပိုင်ခွင့်ကိစ္စတွင် ပြဋ္ဌာန်းသောဥပဒေနှင့် မူပိုင်ခွင့်ဥပဒေရုံးရှိရခြင်းတို့အပြင် အနုပညာနယ်သားအချင်းချင်း စောင့်ထိန်းညှိနှိုင်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးဆောင်ရွက် ရမည့် စုပေါင်းစီမံ မှုအဖွဲ့အစည်း (Collective Management Society) များ၏ အရေးပါပုံကို နိုင်ငံတကာကျင့်ထုံးများနှင့်ယှဉ်၍ရှင်းလင်းတင်ပြပါသည်။

ဆက်လက်ဖော်ဆောင်ရန် ရှေ့ခရီး

အဆိုပါ မူပိုင်ခွင့်နှီးနှောဖလှယ်ပွဲ၏ ဒုတိယနေ့ မွန်းလွဲပိုင်း၌ ပြုလုပ်သည့် အပြီးသတ်ဆွေးနွေးပွဲ၌ တက်ရောက်သူ စာပေအနုပညာနယ်ပယ် (၇)ရပ်မှ ပုဂ္ဂိုလ် ၇၀ ကျော်ကို အုပ်စုနှစ်စုခွဲလျက် ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်သုံးသပ်ကြသည်။စာပေထုတ်ဝေရေးဆိုင်ရာ အုပ်စုတစ်စုနှင့် တေးဂီတ၊ ရုပ်ရှင်၊ ရုပ်ရာပန်း၊ ဓာတ်ပုံစသည့် ဆိုင်ရာအုပ်စုတို့ကတစ်စုဟူ၍ ပေါင်းစပ်ဆွေးနွေးကြသည်။

နိဂုံးချုပ်စခန်းသိမ်း အခမ်းအနားမတိုင်မီ စာပေနှင့်အနုပညာမူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ၏ ရလဒ်များကို ခြုံငုံရေးသားထားပြီး ရှေ့အဖို့ ထောက်ခံတင်ပြရန်လိုအပ်သည့် အချက်များပါဝင်သော အပြီးသတ်အစီရင်ခံစာ (Final Draft) မူကြမ်းကို ဖတ်ရှုကြပြီးနောက် အများ သဘောတူလက်ခံအတည်ပြုကြသည်။ ပြည်တွင်းပြည်ပပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ထောက်ခံအကြံပြုချက်များပါဝင်သော ထိုအပြီးသတ်အစီရင်ခံစာကို နှီးနှောဖလှယ်ပွဲတက်ရောက်သူများအား ဝေငှဖြန့်ဖြူးခဲ့သည်။

ဤနှီးနှောဖလှယ်ပွဲမှာ ဂျနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပုဂ္ဂိုလ်များနှင့် တက်ရောက်သူပညာရှင်များ သဘောတူညီကြသည်မှာ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေမပေါ်မီစပ်ကြားနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် လိုက်နာဆောင်ရွက်ပြီး လုပ်ငန်းအရပ်ရပ်အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာနယ်သူနယ်သားများက မူပိုင်ခွင့်ထိန်းသိမ်း စောင့်ရှောက်မှုသဘောနှင့်အညီ စုပေါင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာတွင်ပြုလုပ်သော အစီအစဉ်မျိုးဖြစ်သည့် စုပေါင်းစီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်သို့ တင်ပြပြီး ခွင့်ပြုချက်ဖြင့် လေ့လာဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ကြပါသည်။ ထိုကိစ္စဖြစ်နိုင်ချေ လေ့လာမှုအတွက် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ် (WIPO) ကပင် စရိတ်ကူညီကုန်ကျခံရန် ကြိုတင်ညှိနှိုင်း သဘောတူခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းများမူပိုင်ခွင့်ဥပဒေပေါ်ပေါက်ရေးနှင့် မူပိုင်ခွင့်ဗဟုသုတတိုးပွားရေး လိုအပ်ချက်ကို ပါဝင်အကူအညီ အကောင်အထည်ဖော်ရန်အတွက် ပြီးခဲ့သည့် ၂၀၀၆ခု၊ ဇူလိုင်လဆန်းတွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ၌ကျင်းပခဲ့သော စတုတ္ထအကြိမ် စာပေညီလာခံ၌ စာတမ်းတင်သွင်း၍ ဆုံးဖြတ်ခဲ့ကြသည်။

မောင်ဆုရှင်

# သိကောင်းစရာဒီဂျီတယ်နည်းပညာ






မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)





# သိကောင်းစရာ ဒစ်ဂျစ်တယ်နည်းပညာ

နည်းပညာဆိုင်ရာ ထိုးဖောက်ကျော်ဖြတ်မှုများသည် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သတင်းအချက်အလက်ပျံ့နှံ့မှုကို တော်လှန်ခဲ့ပြီးဖြစ်ပါသည်။ ဥပမာ ၁၈၇၅ ခုနှစ်တွင် တယ်လီဖုန်းတီထွင်မှုသည် အသံမှတစ်ဆင့် အကွာအဝေးကို ဖြတ်တောက်စေခဲ့ပါသည်။ ၁၉၁၀ နှင့် ၁၉၂၀ ခုနှစ်အကြား ပထမဆုံး AM ရေဒီယိုထုတ်လွှင့်မှုများသည် အသံကို ထုတ်လွှင့်ရန် စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၀ နှစ်လွန်ကာလများတွင် တယ်လီဖုန်းသည် အများပြည်သူများ အကြားပျံ့နှံ့လာသည်။ ၁၉၄၃ ခုနှစ်တွင် ကမ္ဘာ့ပထမဆုံးအီလက်ထွန်းနစ်ကွန်ပျူတာကို ဖန်တီးခဲ့သည်။ သို့ရာတွင် ယင်းသည် ၁၉၇၀ နှောင်းပိုင်းတွင် မိုက်ခရိုပရိုဆက်ဆာ၏ တီထွင်မှုနှင့်သာစတင်ခဲ့ သည်။ ဤသို့ဖြင့် ကွန်ပျူတာများကို ပြည်သူလူထု အားလက်ခံလာစေသည်။ ၁၉၉၀ နှောင်းပိုင်းတွင် အင်တာနက်သည် တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ၊ ကော်ပိုရေးရှင်းရုံးချုပ်များနှင့် နေအိမ်များဆီသို့ ရောက်ရှိလာခဲ့သည်။

ယင်းနည်းပညာအားလုံးသည် သတင်းအချက်အလက်သိုလှောင်မှုနှင့် ထုတ်လွှတ်မှုကို ဆက်စပ်ဆောင်ရွက်ရသည်။ သို့ရာတွင် စောစောပိုင်း အင်နာလော့(ဂ်)နည်းပညာများမှအပ ယင်းကို ချမှတ်သော ကွန်ပျူတာနည်းပညာ၏ အသွင်အပြင်လက္ခဏာတစ်ခုသည် ဒစ်ဂျစ်တယ် (Digital) ဖြစ်သည်။ အင်နာလော့(ဂ်)နည်းပညာများသည် သတင်းအချက်အလက်များရရှိရန် အလင်းနှင့် အသံလှိုင်းများ ပေါင်းစပ်ခြင်းကို ပူးပေါင်းလုပ်ဆောင်သည်။ ဤတွင် ဒစ်ဂျစ်တယ်နည်းပညာသည် ယင်း၏စဉ်ဆက်မပြတ်ရှိနေသော အချက်အလက် (သို့) အဖြစ်အပျက်များဆိုင်ရာစနစ်နှင့်အတူ သတင်းအချက်အလက်ကို ကိုယ်စားပြုရန် ကမ္ဘာလုံးဆိုင်ရာ အခြေခံမော်ဒယ်တစ်ခုကို ဖန်တီးသည်။ ယင်းသတင်းအချက်အလက်ကို သတင်းနှင့်အသံလှိုင်းများ အသုံးပြုနေသောတစ်စုံတစ်ရာဖြင့် ဖော်ပြသည်။

စင်စစ် ဒစ်ဂျစ်တယ် (Digital) ဆိုသည်မှာ အချက်အလက် (သို့) ရုပ်ဝတ္ထုပစ္စည်းအရေအတွက် ကို သင်္ချာကိန်းများဖြင့် ကိုယ်စားပြုဖော်ပြခြင်းဖြစ် သည်။ ဒစ်ဂျစ်တယ်စနစ်သည် အင်နာလော့ (Analog) စနစ် (သို့မဟုတ်) စာများ (သို့) ဂရပ်ဖစ်ပုံ အသေးများကဲ့သို့ နံပါတ်မဟုတ်သော သင်္ကေတများ ထက်စာလျှင် အချက်အလက်ထည့်သွင်းမှု၊ ထုတ်လုပ် မှုလုပ်ငန်းစဉ်၊ ထုတ်လွှတ်မှု၊ သိုလှောင်မှု (သို့) ပြသမှု အတွက် နံပါတ်များ (အထူးသဖြင့် ဒွိစုံနံပါတ်များ)ကို အသုံးပြုသော စနစ်တစ်ခုဖြစ်သည်။ ဒစ်ဂျစ်တယ်ဆိုသော စကားလုံးကိုတွက်ချက်ခြင်းနှင့် အီလက်ထရွန်းနစ်တို့တွင် အများဆုံးအသုံးပြုကြသည်။ ဤတွင် ဒွိစုံကိန်းစနစ် (Binary System) ဟူသည် ကွန်ပျူတာဖြင့် တွက်ချက်ရာတွင် သုညနှင့် တစ် ဂဏန်း ၂ လုံးတည်းသာသုံးသည့်စနစ်ဖြစ်သည်။ ဒွိစုံကိန်းစနစ်တွင် သုံးသည့်ဂဏန်းကို Binary Digit ဟုခေါ်သည်။

အင်နာလော့ (Analog) ဟူသည် ကွန်ပျူတာ အီလက်ထရွန်းနစ်လုပ်ငန်းစဉ်တစ်ခုတွင် ကိန်းဂဏန်းများကို ရုပ်ဝတ္ထုအတိုင်းအတာ (အလျားထုထည်စသည်)ဖြင့် အစားထိုးဖော်ပြမှုဖြစ်သည်။ စင်စစ် ဒစ်ဂျစ်တယ်နှင့် အင်နာလော့အကြား ကွဲပြားခြားနားမှုသည် အချက်အလက်ထည့်သွင်းမှုနည်းလမ်း၊ အချက်အလက်သိုလှောင်ထိန်းသိမ်းမှု၊ လွှဲပြောင်းမှု၊ ကိရိယာတစ်ခု၏အတွင်းပိုင်း အလုပ်လုပ်မှုနှင့် ပြသမှု အမျိုးအစားတို့ကို ရည်ညွှန်းကိုးကားနိုင်သည်။ ဤတွင် ဒစ်ဂျစ်တယ် (Digital) ဟူသော စကားလုံးသည်

(Digit) ဟူသော စကားလုံးမှလာသည်။ Digit သည် လက်တင်စကားလုံး Digitas မှလာသည်။ ယင်းစကားလုံးသည် ကွဲပြားခြားနားသော ရေတွက်ခြင်းအတွက် အသုံးပြုသကဲ့သို့ လက်ချောင်းများ ရေတွက်ခြင်းတွင် အသုံးပြုသော 'လက်ချောင်း (Finger) ကို ဆိုလိုသည်။ Digit ဟူသည် 0 မှ 9 အထိ ကိန်းတစ်ခုခုဖြစ်နိုင်သည်။ ဥပမာ 757 တွင် Digit သုံးခုရှိပြီး Character နှစ်ခုသာ ရှိသည်။ ကွန်ပျူတာ



[illegible] ဖွင့်စက်၊ ကင်မရာနှင့် FM [illegible]

တစ်လုံးအတွက် Digit တစ်ခုသည် အချက်အလက်တစ်ခု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ Laptops ဖြစ်စေ၊ ပီစီ (ပါစင်နယ်ကွန်ပျူတာ)များဖြစ်စေ၊ ကြီးမားသော စူပါမော်ဒယ်များဖြစ်စေ ကွန်ပျူတာအားလုံးသည် စက်ဘာသာစကား (Machine Language) ဆိုင်ရာ အချက်အလက်များ၏ တူညီသော ဒစ်ဂျစ်တယ်ပုံစံကို အသုံးပြုကြသည်။ ယင်းဘာသာစကားသည် ဒွိစုံ (Binary) နံပါတ်များပုံစံအဖြစ်ရှိသည်။

အင်နာလော့အချက်ပြမှုများကို ဒစ်ဂျစ်တယ်ပုံစံသို့ပြောင်းလဲပေးသော အီလက်ထရွန်းနစ်ဆားကစ်များရှိသည်။ ဒစ်ဂျစ်တယ်ပုံစံသို့ ပြောင်းလဲပြီးမှသာ ကွန်ပျူတာအတွင်းသို့ ထည့်သွင်းနိုင်သည်။ ဥပမာ ရုပ်ပတ်ဝန်းကျင်ကို တိုင်းတာရန်ပြုလုပ်ထားသော ပစ္စည်းတစ်ခု (Sensor) မှ အပူချိန်လေဖိအားစသည်တို့ကို တိုင်းတာရရှိသော အင်နာလော့အချက်အလက်များကို လျှပ်စစ်ဓာတ်အားအသွင်ဖြင့် ဒစ်ဂျစ်တယ်ပုံစံပြောင်းလဲပြီး ကွန်ပျူတာသို့ထည့်သွင်းကာ လုပ်ငန်းစဉ်ဆောင်ရွက်ရသည်။ တွက်ချက်ခြင်းနှင့် အီလက်ထရွန်းနစ်တွင် စစ်မှန်သော ကမ္ဘာ့သတင်းအချက်အလက်ကို ဒစ်ဂျစ်တယ်အော်ဒီယို (Digital Audio) နှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံ (Digital Photography) တို့တွင် ရှိသကဲ့သို့ ဒွိစုံဂဏန်းပုံစံ အဖြစ်သို့ ပြောင်းလဲသည်။ အင်နာလော့ပင်မအရင်းအမြစ်မှ ဒစ်ဂျစ်တယ်အချက်အလက်သို့ ပြောင်းလဲခြင်းကို အဆင့်နှစ်ဆင့်ဖြင့် ပြုလုပ်သည်။ ပထမအဆင့်မှာ နမူနာယူခြင်း (Sampling) ဖြစ်သည်။ ယင်းသည်ပင်မအရင်းအမြစ် (Source) ကို နမူနာ များ (Samples) ဟုခေါ်သော ကွဲပြားခြားနားသော တန်ဖိုးများသို့ ပြောင်းလဲခြင်းဖြစ်သည်။ ဒုတိယအဆင့်မှာ ရေတွက်တိုင်းတာခြင်း (Quantization) ဖြစ်သည်။ ယင်းသည်နမူနာတစ်ခုစီကို ကိန်းဂဏန်းတစ်ခုသို့ပြောင်းလဲခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံး၏ဆင်ဆာတွင် အာရုံခံစားသည့် အစိတ်အပိုင်းသန်းပေါင်းများစွာ ပါဝင်သည်။

နှိုင်းယှဉ်ဆင်ခြင်မှုဆိုင်ရာ တွေးခေါ်မှုကို အသုံးပြုရန် ဒစ်ဂျစ်တယ်လောကသည် ဘာသာစကား



တစ်ခုဖြင့် ပေါင်းစည်းထားသော ကမ္ဘာကြီးတစ်ခုဖြစ်သည်။ ယင်းကမ္ဘာကြီးတွင် ကမ္ဘာ့တိုက်ကြီးများမှ လူတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်ကူးစိတ်သန်းများ ဝေမျှကြသည်။ ပြီးလျှင် ပရိုဂျက်များနှင့် အိုင်ဒီယာ

များတည်ဆောက်ရန် အတူတကွအလုပ်လုပ်ကြသည်။ အရေအတွက်ပိုမိုများပြားပြီး တိကျသော သတင်းအချက်အလက်ကို စုစည်းပြီး ဆောင်ရွက်ကြသည်။ ထို့နောက် တိတိကျကျ မည်သို့ပြောဆိုသည်ကို နားလည်သော ပရိသတ်ထံသို့ မျက်စိတမှိတ်လျှပ်တပြက်အတွင်း ပို့ဆောင်ပေးခဲ့ကြသည်။ ဤသည်က အပြန်အလှန်အားဖြင့် စိတ်ကူးစိတ်သန်းများ ဖန်တီးရန်နှင့် ပိုမိုများပြားသော အိုင်ဒီယာများကို ပြန်လည်ဖြန့်ဖြူးရန် သတင်းအချက်အလက်လက်ခံရရှိသူများ ကို အသုံးပြုစေသည်။ ရလဒ်အနေဖြင့် တိုးတက်မှုရရှိခဲ့သည်။ ဤစိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေကို နည်းပညာဆိုင်ရာအဆင့်တစ်ခုသို့ ယူသွားသည်။ ဤအဆင့်တွင် ကွန်ပျူတာအမျိုးအစားအားလုံး ယူနစ်တစ်ခုအနေဖြင့် အချင်းချင်းဆက်စပ်ပြီး လုပ်ငန်းဆောင်ရွက်နေသော ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများပါဝင်သည်။ ယနေ့ခေတ်တွင် တယ်လီဖုန်းများသည် ကွန်ပျူတာများနှင့် သတင်းအချက်အလက်ဖလှယ်နေသည်ကို တွေ့မြင်နေရ သည်။ ထို့အပြင် ထည့်သွင်းထားသော အော်ဒီယို အချက်အလက်ပိုင်းများနှင့် ရေဒီယိုများကဲ့သို့ပင် အင်တာနက်ပေါ်တွင် တေးဂီတကို တီးခတ်နိုင်သော Live အော်ဒီယိုအချက်အလက်များကို အသုံးပြုနေသော ကွန်ပျူတာများကိုလည်း တွေ့မြင်နေရပြန်သည်။ ကွန်ပျူတာများသည် ရုပ်ရှင်ကားများနှင့် တေးသွားတီးလုံးကို တယ်လီဗီးရှင်းဆီသို့ရောက်အောင် ဆောင်ရွက်ပေးနိုင်သည်။ အချို့ခေတ်မီနေအိမ်များသည် ကွန်ပျူတာများမှတစ်ဆင့် အလင်းရောင်နှင့် လေအေးပေးခြင်းဖြင့် ဗဟိုအချက်အချာနေရာမှ ထိန်းချုပ်ရန် လူတစ်ဦးကို ဆောင်ရွက်စေသည်။ ဤသည်တို့မှာ ဒစ်ဂျစ်တယ်ကမ္ဘာ၏ အသွင်အပြင်လက္ခဏာ အချို့မျှသာဖြစ်သည်။

စင်စစ် အိုင်စီတီ (ICT) ဟူသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၏ အတိုကောက် စာလုံးပေါင်းဖြစ်သည်။ ယင်းသည် ကွန်ပျူတာများ၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများနှင့်လွှမ်းခြုံအကျုံးဝင်နေသော ကျယ်ပြန့်သည့်နယ်ပယ်တစ်ခုကို ကိုယ်စားပြုပြီး ဝန်ဆောင်မှုလုပ်ငန်းများ သည် ယင်းတို့နှင့် ဆက်နွယ်ပတ်သက်နေသည်။ အိုင်စီတီတွင် တယ်လီဖုန်း၊ ဆယ်လူလာကွန်ရက်များ၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်မီဒီယာနှင့် အခြား ဆက်သွယ်ရေးပုံစံများပါဝင်သည်။ ဒစ်ဂျစ်တယ်နှင့် အိုင်စီတီ တော်လှန်ရေးသည် အမြွာတော်လှန်ရေးများ ဖြစ်ကြသည်။ ယင်းတို့၏ ဆက်နွယ်မှုကို နားလည်ရန်



ဒီဂျစ်တယ်ဗွီဒီယိုရိုကော်ဒါနှင့် သီချင်းပုဒ်ရေ ၁၅၀၀ ခန့်
သိမ်းထားနိုင်သော music Player
ပါဝင်သည့် ဒီဂျစ်တယ်ကိရိယာ

အသံတယ်လီဖုန်းဖြင့် ဆက်သွယ်မှု (Voice Telephony) သမိုင်းကို လေ့လာကြည့်လျှင် တွေ့နိုင် သည်။ ရောဘတ်ဒဗလျူလပ်ကီး (Robert W. Lucky) ၏အဆိုအရ "၁၈၇၅ ခုနှစ်တွင် အလက်ဇန်းဒါးဂရေဟမ်ဘဲလ်၏ တယ်လီဖုန်းတီထွင်မှု၏ အခရာကျမှုသည်အင်နာလော့(ဂ်)ထုတ်လွှင့်မှုဆိုင်ရာ အသုံးပြုမှုဖြစ်ခဲ့သည်။ ယင်းသည်ကား လိုင်းပေါ်သို့ ဗို့အားခတ်နိုပ်ချက်သည် မိုက်ခရိုဖုန်းရှိ အသံဖိအားနှင့် အချိုးကျခြင်းပင်ဖြစ်သည်။" ဟု ဖော်ပြထားသည်။ တယ်လီဖုန်းတိုးတက်မှုသည် အလွန်နှေးကွေးခဲ့သည်။

၁၉၂၀ နှစ်လွန်ကာလထိတိုင်အောင် အမေရိကန် ပြည်ထောင်စုတွင် တယ်လီဖုန်းကွန်ရက်ကို မထူထောင် နိုင်ခဲ့ချေ။ ၁၉၄၀ ခုနှစ်နောက်ပိုင်းတွင် အသံဆိုင်ရာ အင်နာလော့(ဂ်)ထုတ်လွှင့်မှုကို ရွေးချယ်စရာ အခြား နည်းလမ်းတစ်ခုဖြစ်သော လှိုင်းဖြတ်စကားဝှက် လှိုင်းသခြင်း (Pulse code Modulation) နှင့် စဉ်းစားခဲ့ကြသည်။ ယင်းသည် ပင်လျှင် တယ်လီ ဆက်သွယ်ရေးလုပ်ငန်း၏ ဒစ်ဂျစ်တယ်စနစ်အသုံးပြု ခြင်း၏ အစကနဦးကို ဖော်ပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ ၁၉၆၀ ပြည့်နှစ်တွင်ပထမဆုံး ဒစ်ဂျစ်တယ်သယ်ဆောင်ပေးမှုစနစ်ကို တပ်ဆင်ခဲ့ သည်။ ဒစ်ဂျစ်တယ်ခလုတ်များနှင့် တယ်လီဖုန်း အော်ပရေတာများ ကျယ်ကျယ်ပြန့်ပြန့် အစားထိုးမှု သည် ဒစ်ဂျစ်တယ်စနစ် အသုံးပြုခြင်းကို ဆိုလိုသည်။ ၁၉၇၁ ခုနှစ်တွင် ဆက်သွယ်ရေးလုပ်ငန်းများ အတွက် သင့်တော်သော ပထမဆုံး ဖန်မျှင်အလင်း ကေဘယ် ကြိုးများ (Fiber Optic Cables) ကို ထုတ်လုပ်ခဲ့ ရာ အလင်းလှိုင်းများမှတစ်ဆင့် ဆက်သွယ်ရေး သင်္ကေတများပေးပို့ရန် ကြိုးပမ်းမှုများသို့မတိုင်ခင် "Ones and Zeros" သည် အမေရိကန်ပြည်ထောင်စု ရှိ တယ်လီဖုန်းကွန်ရက်များ၏ ဘာသာစကားဖြစ် လာခဲ့သည်။ ဤသို့ဖြင့် ဒစ်ဂျစ်တယ်အသုံးပြုမှုသည် အရေးပါသော ဖွံ့ဖြိုးမှုဖြစ်လာခဲ့သည်။ ဤသည်မှာ ဆူညံသံနှင့် နဂိုသံပျက်ယွင်းမှုများ စုပုံလာခြင်းကို ခွင့်မပြုသော ဒစ်ဂျစ်တယ်ထုတ်လွှတ်မှုကြောင့်ဖြစ် သည်။ စရိတ်နည်းနည်းနှင့် ပိုမိုရှည်လျားသော အကွာ




လေဆိပ်သုံးမျက်ဝန်းစကင်ဖတ်ကိရိယာ

အဝေးများသို့ ပိုမိုရှင်းလင်းကြည်လင်သောဆက်သွယ် ရေးပြုလုပ်နိုင်ခြင်းသည် ယင်း၏ ရလဒ်ပင်ဖြစ်သည်။

ယနေ့ခေတ်တွင် အသံကို အချက်အလက် Packets များအဖြစ်သို့ အသွင်ကူးပြောင်းပြီး တည်နေရာ များကို အဝေးထိန်းရန် ကွန်ရက်များပေါ်သို့ ပေးပို့သည်။ တစ်ခါတစ်ရံ ကီလိုမီတာ ထောင်ပေါင်းများစွာအထိ ကွာဝေးသည်။ ယင်းတို့ကို လက်ခံပြီးအသံအဖြစ်သို့ အသွင်ကူးပြောင်းသည်။ တယ်လီဗီးရှင်းပင်လျှင် ဒစ်ဂျစ်တယ်အသုံးချမှုကို ခံနိုင်ရည်မရှိချေ။ လာမည့် အနာဂတ်တွင် တယ်လီဗီးရှင်း သင်္ကေတများနှင့် တယ်လီဗီးရှင်းပစ္စည်းများသည် ဒစ်ဂျစ်တယ်ဖြစ် လာလိမ့်မည်။ ယင်းသည် တယ်လီဗီးရှင်းကို အင်တာနက်တွင် Surf လုပ်ရန် အသုံးပြုဖို့ ဖြစ်လာ နိုင်လိမ့်မည်။ ပရိုဂရမ်တစ်ခုကို ကြည့်နေစဉ် တစ်ဦး နှင့်တစ်ဦး Chat လုပ်ရန် ကွဲပြားခြားနားသော နေရာများမှ လူများကို ဒစ်ဂျစ်တယ်တီဗီက ခွင့်ပြု လိမ့်မည်။ အရာရာတိုင်း ဒစ်ဂျစ်တယ်ဖြစ်လာခြင်း နှင့်အတူ တယ်လီဗီးရှင်း၊ အသံတယ်လီဖုန်းဖြင့် ဆက်သွယ်မှုနှင့် အင်တာနက်တို့သည် တူညီသော ကွန်ရက်များကို အသုံးပြုနိုင်သည်။ တူညီသော ဒစ်ဂျစ်တယ်ကွန်ရက်မှတစ်ဆင့် ကွဲပြားခြားနားသော ဝန်ဆောင်မှုလုပ်ငန်းများ (တယ်လီဖုန်းဖြင့်ဆက်သွယ် မှု၊ တယ်လီဗီးရှင်း၊ အင်တာနက်)၏ ထုတ်လွှတ်မှုကို တစ်နေရာတည်း၌ ဆုံတွေ့ခြင်း (Convergence) ဟုလည်း လူသိများသည်။

ဒစ်ဂျစ်တယ်နည်းပညာ၏ အဓိကအသွင်အပြင် လက္ခဏာများကို လေ့လာကြည့်ပါက စိတ်ဝင်စားဖွယ် တွေ့ရသည်။ ဒစ်ဂျစ်တယ်နည်းပညာတွင် အဓိက အသွင်အပြင်လက္ခဏာ (၆)မျိုးရှိသည်။ ယင်းတို့မှာ

### ၁။ မီဒီယာတည်တံ့နိုင်မြဲမှု (Media Integrity)

အင်နာလော့(ဂ်)ပုံစံများနှင့် သိမ်းဆည်းထား သော အချက်အလက်များသည် ပျက်စီးသွားခြင်း မရှိဘဲ ပြန်လည် မထုတ်လုပ်နိုင်ချေ။ ကော်ပီများများ ပြုလုပ်လေလေ ယင်းတို့ ပိုမိုဆိုးဝါးသွားလေလေ

ဖြစ်သည်။ အခြားတစ်ဖက်တွင်မူဒစ်ဂျစ်တယ်အချက်အလက်များသည် ပြန်လည်ထုတ်လုပ်မှုပြုရာတွင် ပျက်စီးသွားခြင်းမျိုး မခံစားရချေ။ ဥပမာအားဖြင့် ဒစ်ဂျစ်တယ်ပုံစံနှင့်ရှိသော ရုပ်ရှင်ကားများ၊ ဗီဒီယို များ၊ တေးဂီတနှင့် အော်ဒီယိုဖိုင်များကို ကူးယူနိုင်ပြီး မူလအရည်အသွေးကောင်းအတိုင်း ဖြန့်ချိနိုင်သည်။

၂။ မီဒီယာပေါင်းစည်းခြင်း (Media Integration)

သမားရိုးကျနည်းပညာများ၏ အဓိကကန့်သတ်ထားမှုတစ်ခုမှာ မီဒီယာပုံစံများပေါင်းစည်းရန် ယင်းတို့၏ မစွမ်းဆောင်နိုင်မှုပင်ဖြစ်သည်။ ဥပမာ တယ်လီဖုန်းများသည် အသံကိုပေးပို့နိုင်ပြီး လက်ခံနိုင်သည်။ အလားတူပင် သင်ထုတ်သော မေးခွန်းတစ်ခုကို ဖြေဆိုရန် အသွင်လက္ခဏာတစ်ခုမျှော်လင့်ပြီး တယ်လီဗီးရှင်းကို သင်မကြည့်နိုင်ချေ။ သို့သော်လည်း ဒစ်ဂျစ်တယ်အချက်အလက်သည် မီဒီယာကို ပေါင်းစည်းရန် လွယ်ကူသည်။ ထို့ကြောင့် ဗွီဒီယိုပါရှိသော ဖုန်းများ၊ ရုပ်ပုံများနှင့် အပြန်အလှန်တုံ့ပြန်သော အသံများ ပေါ်ပေါက်လာသည်။ တစ်နည်းအားဖြင့် မီဒီယာပေါင်းစည်းမှုကြောင့် မာလ်တီမီဒီယာ (Multimedia) ဖြစ်ပေါ်လာသည်။

၃။ ပြောင်းလွယ်ပြင်လွယ်သော အပြန်အလှန်တုံ့ပြန်မှု **(Flexible Interaction)**

ဒစ်ဂျစ်တယ်ဒိုမိန်းသည် ကြီးမားသော အပြန်အလှန်တုံ့ပြန်မှုအမျိုးမျိုးကို ကူညီပံ့ပိုးသည်။ ယင်းတို့တွင် ကွန်ဖရင့်တစ်ခုနှင့်တစ်ခု၊ အသံလွှင့်ဌာနတစ်ခုမှ အများသို့ အပြန်အလှန်တုံ့ပြန်မှုများ ပါဝင်ကြသည်။ ထို့ပြင် ယင်းအပြန်အလှန်တုံ့ပြန်မှုများသည် စစ်မှန်သော အချိန်တွင်ရှိကြပြီး ယင်းတို့သည် အချိန်ကိုက်တစ်ပြိုင်တည်းဖြစ်နိုင်သည်။

၄။ အပေးအယူလုပ်ခြင်းများ **(Transactions)**

ဒစ်ဂျစ်တယ်မီဒီယာပါရှိသော ကွန်ပျူတာကွန်ရက်များနှင့် ကွန်ပျူတာများ၏ အပေးအယူပြုလုပ်နိုင်သော စွမ်းဆောင်မှုကို ပေါင်းစပ်ရန် စွမ်းရည်သည် ဒစ်ဂျစ်တယ်ဒိုမိန်း နောက်ထပ်အပြန်အလှန်တုံ့ပြန်နိုင်သော အားသာချက်တစ်ရပ်ပင်ဖြစ်သည်။ အော်ဒါတစ်ခုမှာပြီး အပေးအယူ နောက်ဆုံးပြုလုပ်ခြင်းသည် အီလက်ထရွန်းနစ်ပုံစံတစ်ခုတွင် ဖြည့်ပြီးခလုတ်နှိပ်လိုက်ခြင်းမျိုး လွယ်ကူသကဲ့သို့ ဖြစ်လာသည်။

၅။ အံဝင်ခွင်ကျစီမံထားခြင်း **(Tailoring)**

ဒစ်ဂျစ်တယ်ဆက်သွယ်ခြင်းများနှင့် အပြန်အလှန်တုံ့ပြန်အကျိုးပြုမှုအတွက် ဖွံ့ဖြိုးတိုးတက်ပြီး ဆော့ဖ်ဝဲကို ပုံဖော်ထားသည့်အတွက်ကြောင့် အသုံးပြုသူများသည် သမားရိုးကျ အင်နာလော့ဂ်နည်းပညာများနှင့် မဖြစ်နိုင်သော အသွင်အပြင်တွင် ကိရိယာနှင့်မီဒီယာအပေါ် ယင်းတို့အသုံးပြုမှုကို အံဝင်ခွင်ကျ စီမံနိုင်သည်။

၆။ တည်းဖြတ်ခြင်း **(Editing)**

စာသား၊ အသံ၊ ပုံရိပ်များနှင့် ဗီဒီယိုတို့ကို ကျွမ်းကျင်စွာကိုင်တွယ်ခြင်းအတွက် သမားရိုးကျ အခြားနည်းလမ်းများသည် ဒစ်ဂျစ်တယ်ကိရိယာသစ်များထက် ပိုမို၍ နှေးကွေးလေးလံသည် (သို့) ပိုမိုကန့်သတ်ထားသလိုရှိသည်။ လွန်ခဲ့သောနှစ်များက ဖရန့်စစ်ဖို့ဒ်ကော့ပိုလာက သူ့သမီးငယ်သည် နေအိမ်သုံးဗီဒီယိုကင်မရာကို သယ်ဆောင်လာမည်ဖြစ်ပြီး ရုပ်ရှင်ဆုများရလာမည့်နေ့ဖြစ်လာလိမ့်မည်ဟု ဆိုခဲ့သည်။ ကော်ပိုလာ၏ ကြိုတင်ဟောကိန်းထုတ်မှုသည် အမှန်တကယ်ပင် အလျင်အမြန်ဖြစ်လာခဲ့သည်။ မှန်ကန်သော ဆော့ဖ်ဝဲနှင့် သေးငယ်သော ဆော့ဖ်ဝဲပါရှိသည့် ကွန်ပျူတာများသည် လွန်ခဲ့သောဆယ်စုနှစ်များတွင် ဒေါ်လာထောင်ပေါင်းများစွာတန်သည့် ရုပ်ရှင်နှင့် ဗီဒီယိုတည်းဖြတ်ကိရိယာများအတိုင်း ယနေ့ခေတ်တွင် ပြုလုပ်နိုင်ပြီဖြစ်သည်။

ဒစ်ဂျစ်တယ်နှင့် အိုင်စီတီတော်လှန်ရေး၏ အရေးပါမှုအကျိုးဆက်အချို့ကို လေ့လာကြည့်ပါက စိတ်ဝင်စားဖွယ်တွေ့ရသည်။ ဒစ်ဂျစ်တယ်တော်လှန်



အဆမျှားစွာအနုစိတ်နိုင်သော ကင်မရာ

ရေး၏ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ဂျိမ်းစ်ဘန်နီဂါ ဤသို့ရှင်းပြထားသည်။

"လူထုမီဒီယာနှင့် တယ်လီကွန်မြူနီကေးရှင်း ပါဝင်မှု၏ တိုးတက်သော ဒစ်ဂျစ်တယ်အသုံးပြုမှုသည် လူနှင့် စက်များအကြားကဲ့သို့ သတင်းအချက်အလက်ဆက်သွယ်ရေးနှင့် ယင်း၏လုပ်ငန်းစဉ်ဆောင်ရွက်ခြင်းအကြား ကွဲပြားခွဲခြားမှုများ မှုန်ဝါးစေရန်စတင်ခဲ့သည်။ ဒစ်ဂျစ်တယ် အသုံးပြုမှုသည် လူများမှစက်များသို့ ဆက်သွယ်ခြင်းများကို ပြုလုပ်ပေးသည်။ စက်များအကြားဆက်သွယ်ရေးကို ပြုလုပ်ပေးသည်။ လူနှစ်ဦးအကြားဆက်သွယ်မှုကို လွယ်ကူအောင်ပြုလုပ်ပေးသကဲ့သို့ စက်များမှလူများသို့ ဆက်သွယ်ရေးကိုပင်လျှင် လွယ်ကူအောင် ပြုလုပ်ပေးသည်။ အခြားခွဲခြားရန်မလွယ်သော အချက် များမှာ သတင်းအချက်အလက်ပုံစံများ၊ နံပါတ်များ၊ စကားလုံးများ၊ ရုပ်ပုံများ၊ အသံများအကြားရှိ ထူးခြားသော အရည်အသွေးများပင်ဖြစ်သည်။ အရသာများ၊ အနံ့များအပါအဝင်အားလုံးသည်ပင်လျှင် တစ်နေ့ကျလျှင် အလားတူဒစ်ဂျစ်တယ်ပုံစံတွင် သိမ်းဆည်းနိုင်မည်။ လုပ်ငန်းစဉ်ဆောင်ရွက်နိုင်မည်။

လူမှုအသိုက်အမြုံအဆင့်တွင် ဒစ်ဂျစ်တယ်နှင့် အိုင်စီတီတော်လှန်ရေးသည် အသိပညာဗဟုသုတ နှင့် သတင်းအချက်အလက်ကို ပိုမိုကောင်းမွန်ပြီး ပိုမိုလက်ခံရန် ပြုလုပ်ပေးနိုင်သည်။ ယင်းသည်အပေးအယူပြုလုပ်ခြင်းနှင့် လုပ်ငန်းစဉ်များကို အရှိန်မြှင့်လိုက်ပြီး ကုန်ကျစရိတ်ကို လျှော့ချပေးသည်။ အပြန်အလှန်အားဖြင့် နိုင်ငံသားများနှင့် သုံးစွဲသူများကို အကျိုးဖြစ်ထွန်းစေသည်။

အချိန်နှင့် အကွာအဝေးကို ဖြတ်ကျော်ကူးသန်းရန် အိုင်စီတီ၏ စွမ်းရည်သည် နည်းသစ်များဖြင့် လူသားတို့အား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တုံ့ပြန်စေသည်။ ဤတွင်အကွာအဝေးကိုမူဆက်လက်စဉ်းစားရန်မလိုချေ။ ကွဲပြားခြားနားသော အချိန်ဇုန်များတွင်ရှိသော လူနှစ်ဦးကို စဉ်းစားကြည့်ပါ။ သူတို့သည် မျက်နှာချင်းဆိုင်တွေ့သကဲ့သို့ ပြောဆိုနိုင်ဆဲဖြစ်သည်။ စေ့စပ်ဆွေးနွေးညှိနှိုင်းဆဲ ဖြစ်သည်။ ထို့ကြောင့် လူမှုဗေဒပညာရှင် မန်နျူရယ်လ်ကတ်စ်တဲလ်(စ်)က "နည်းပညာဆိုင်ရာတော်လှန်ရေးများ ကို ယင်းတို့၏ နေရာတကာပျံ့နှံ့မှုများဖြင့် ထူးခြား သည့် သွင်ပြင်လက္ခဏာကို ဖော်ဆောင်ကြသည်။ ဤသည်မှာ လူသားဆောင်ရွက်မှုနယ်ပယ်အားလုံး တွင် ယင်းတို့၏ ထိုးဖောက်မှုကြောင့်ဖြစ်သည်။"

နည်းပညာက လူမှုအသိုက်အမြုံကို ပုံသွင်းသ ကဲ့သို့ နည်းပညာသည်လည်း လူမှုအသိုက်အမြုံ၏ ပုံသွင်းခြင်းခံရကြောင်း သတိရရန် အရေးကြီးပါ သည်။ ထို့ကြောင့် နည်းပညာသစ်များကို ထိန်းချုပ်အသုံးချခြင်းကို စိတ်ဝင်စားသော သူများသည် မှန်ကန်သော ပတ်ဝန်းကျင်ရှင်သန်ရန် ဖန်တီးရေး ကူညီရမည်ဖြစ်ပေသည်။

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

# အပိုင်း-၃

## ၂၀၀၅ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၂၀၀၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထားရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

## ကာတွန်းမောင်ဝဏ္ဏ (ခရစ် ၁၉၄၅-၂၀၀၅)။ ။

ကာတွန်းမောင်ဝဏ္ဏအမည်ခံ ဦးလှိုင်ကြွယ်ကို ၁၉၄၅ ခုနှစ် စက်တင်ဘာလ (၁၉)ရက်နေ့တွင် ဧရာဝတီတိုင်း၊ ဖျာပုံမြို့၌ အဘဦးဝင်းမောင် အမိဒေါ်မြင့်မြင့်တို့က မွေးဖွားခဲ့သည်။

မောင်ဝဏ္ဏသည် ဖျာပုံတွင် မွေးဖွားခဲ့သော်လည်း ရန်ကုန်တွင် ကြီးပြင်းခဲ့ကာ မြို့မကျောင်းတွင် ကျောင်းပညာရပ်များကို သင်ကြားခဲ့သည်။

ကာတွန်းပညာကို လေးတန်းကျောင်းသားက တည်းက စတင်စိတ်ဝင်စားခဲ့သည်။ ထိုစဉ်က နာမည်ကျော် ကာတွန်းဆရာများဖြစ်ကြသည့် ဦးအောင်ရှိန်၊ ဦးသန်းကြွယ်၊ ဦးဝင်းမောင်၊ ဦးသော်ကအစရှိသူတို့၏ ကာတွန်းရုပ်များကိုကြည့်၍ ကာတွန်းသွေးများ နိုးကြွလာခဲ့သည်။ မော်ဒန်ကာတွန်း၊ ကာတွန်းညွန့်ပေါင်း အစရှိသည့်စာစောင်များမှ ကာတွန်းများကိုကြည့်၍ ကာတွန်းလေ့ကျင့်ခန်းများသဖွယ် အရုပ်များကို ကူးယူရေးဆွဲခဲ့သည်။ ထို့နောက် ကာတွန်းမောင်ဝဏ္ဏသည် ကျောင်းနံရံကပ်စာစောင်များ၌ ကာတွန်းများကို စတင်ရေးဆွဲသည်။

နောက်ပိုင်းတွင် ကာတွန်းခင်ဆွေနှင့် အတွဲများလာပြီး ကာတွန်းလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းကာ ကာတွန်းများစွာကို ရေးဆွဲဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ကာတွန်းမောင်ဝဏ္ဏ၏ ကာတွန်းလက်ရာပုံနှိပ်မှတ်တမ်းအနေနှင့် ၁၉၆၆ ခုနှစ်တွင် တေဇရုပ်စုံဂျာနယ်မှစ၍ ကာတွန်းများကို စိုက်လိုက်မတ်တတ်ရေးဆွဲခဲ့သည်ဟု ပြောရမည်ဖြစ်သည်။

၁၉၆၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်း တက္ကသိုလ်ကျောင်းသားဘဝတွင် ကျောင်းတက်ရင်းမှ လုံးချင်းကာတွန်း (၆)အုပ် ရေးဆွဲခဲ့သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် အနုပညာအသင်းတွင် တွဲဖက်အတွင်းရေးမှူး၊ အတွင်းရေးမှူးတာဝန်များယူခဲ့ပြီး ကျောင်းကပွဲများ၌



ကာတွန်းမောင်ဝဏ္ဏ

စင်တင်ပြဇာတ် (၁၀)ပုဒ်ကို ရေးသားတင်ဆက်ကပြခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် B.Econ (P.D) ဘွဲ့ရရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှစ၍ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ဘတ်ဂျက်အရာရှိ၊ ဦးစီးအရာရှိ၊ဒုတိယလက်ထောက်ညွှန်ကြားရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ နိုင်ငံ့ဝန်ထမ်းဘဝတွင်လည်း နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်၌ ဝန်ထမ်းဘဝမှ မိမိဆန္ဒအလျောက် နုတ်ထွက်ခဲ့သည်။ မိမိချစ်သောကာတွန်းလက်ရာများကိုအချိန်ပြည့်ရေးဆွဲနိုင်ရန်လည်းဖြစ်သည်။

ကာတွန်းမောင်ဝဏ္ဏသည် ၁၉၇၀ ပြည့်နှစ်မှစ၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းပေါင်းစုံတို့တွင် ပင်တိုင်ကာတွန်းများကို ရေးဆွဲခဲ့သည်။ ကာတွန်းလုံးချင်းစာအုပ် (၆၀)ကျော်နှင့် ဇာတ်လမ်းတိုကာတွန်းပုဒ်ရေ (၁၅၀၀) ကျော်ကို ရေးဆွဲခဲ့သည်။

ကာတွန်းမောင်ဝဏ္ဏ၏ ထင်ရှားသော ကာတွန်းဇာတ်ဆောင်များမှာ သမိန်ပေါသွပ်၊ ရှင်ဂွမ်းဂွီ၊ တောင်ပုလုမြို့စားကြီးဦးအာလူး၊ အလကားကျော်စွာ၊ အာတာလွတ်မြို့စား၊ ပေတရာ၊ ညောင်ရမ်းဂွတို၊ အာဖျံကွီးနှင့် ဂီတဘိုးအေကြီးစသည်တို့ဖြစ်သည်။ ထိုကာတွန်းဇာတ်ဆောင်များကို ကလေးများသာမက လူကြီးများကပင်စွဲမက်နှစ်ခြိုက်စွာ ဖတ်ရှုကြသည်။

ကာတွန်းမောင်ဝဏ္ဏ၏ အမျိုးစုံသော ကာတွန်း တင်ဆက်မှုများတွင် တစ်ကွက်ကာတွန်းလေးများသည် လည်း တစ်ခုအပါအဝင်အဖြစ် လူကြိုက်များထင်ရှား လှသည်။ နှုတ်တစ်ရာစာတစ်လုံးဟုဆိုလျှင် စာလုံး တစ်ရာ၊ ကာတွန်းတစ်ကွက်ဟူသော အဆိုနှင့် လျော်ညီ စွာ ကာတွန်းရုပ်လေးများကို ပျော်ရွှင်ဖွယ်ဖြစ်အောင် အတွေးဉာဏ်ရင့်သန်အောင် ဖန်တီးရေးဆွဲခဲ့သည်။ အထူးသဖြင့် စာပေဟောပြောပွဲများတွင် လာရောက် ဖိတ်ကြားခဲ့သော နယ်ခံပုဂ္ဂိုလ်အကြီးအကဲများ၏ ပုံတူ ကို တခ်ဏုပ္ပတိဉာဏ်နှင့် ရေးဆွဲပေးခဲ့သဖြင့်ကာတွန်း မှ ဟာသဖြစ်ကာဟောပြောပွဲတစ်ခုလုံးကို ဟာခန် ဟင်ခန်ဖြင့် ပွဲကျသွားစေသည်။ ၎င်းမှာ ကာတွန်း မောင်ဝဏ္ဏ၏ ကာတွန်းပညာအတိမ်အနက်မှ ပေါ်ထွက် လာသော ပညာဉာဏ်ရင့်ကျက်မှုပင်ဖြစ်သည်။

ကာတွန်းမှ ကက်ဆက်ဇာတ်လမ်းခွေ (၁၀)ခု၊ ရုပ်ရှင်ကားကြီး (၃)ကား၊ ဗွီဒီယိုဇာတ်ကား (၁၂)ကား ရိုက်ကူးခဲ့သည်။ မဂ္ဂဇင်းကာတွန်းပေါင်းချုပ် (၉)အုပ်နှင့် ဂျာနယ် ကာတွန်းဇာတ်လမ်းတိုများ (၅)အုပ်ကို ထုတ်ဝေခဲ့သည်။

ကာတွန်းမောင်ဝဏ္ဏသည် ၁၉၉၆ ခုနှစ်တွင် ဂျပန် နိုင်ငံ ဂျပန်ဖောင်ဒေးရှင်းစင်တာ (Japan Foundation Centre) က ဖိတ်ကြားသဖြင့် တိုကျို၊ ကျိုတို၊ အိုမီးယား၊ တာကာရာဇူးကားနှင့် အိုဆာကာမြို့များသို့ သွားရောက် ပြီး ကာတွန်းပြပွဲများ ပြသနိုင်ခဲ့သည်။

**၁၉၉၈ ခုနှစ်တွင် တရုတ်နိုင်ငံ၊** ဘေဂျင်း၊ ရှန်ဟိုင်း၊ **ရှန်ဟဲ၊ ရှင်ကျင့်နှင့်** ဟောင်ကောင်မြို့များသို့ စာပေ **ချစ်ကြည်ရေးခရီး သွား**ရောက်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ကိုရီးယားနိုင်ငံသို့ ကာတွန်းပြပွဲ အတွက် ဖိတ်ကြားခံရသဖြင့် သွားရောက်ခဲ့သည်။

ကာတွန်းမောင်ဝဏ္ဏသည် ကာတွန်းရေးဆွဲခြင်းဖြင့် ထင်ရှားကျော်ကြားသည်သာမကဘဲ စာပေဟောပြော ပွဲများသို့ စာပေရေးရာများ ဟောပြောခြင်းဖြင့်လည်း ထင်ရှားကျော်ကြားခဲ့သည်။ စာပေဟောပြောပွဲတွင် ကာတွန်းရုပ်ကလေးများ၊ ပုံတူကာတွန်းပုံလေးများ ရေးဆွဲ ခြင်းဖြင့် ပရိသတ်၏လက်ခုပ်သံကို ရရှိခဲ့သည်။

ကာတွန်းမောင်ဝဏ္ဏ၏ စာပေဟောပြောပွဲပုံရိပ်အနေ နှင့် မိတ်ဆွေစာရေးဆရာ လယ်တွင်းသားစောချစ်က "ကာတွန်းမောင်ဝဏ္ဏသည် ကျွန်တော်နှင့် လူပုဂ္ဂိုလ်ချင်း ချစ်ခင်ရင်းနှီးသူဖြစ်ပါသည်။ စာပေဟောပြောပွဲများကို လည်း အတူတကွ သွားရောက်ခဲ့ဖူးသူဖြစ်ပါသည်။ ခရီးဖော်လည်းကောင်းပါသည်။ ဟောပြောဖော်လည်း ကောင်းပါသည်။ ဉာဏ်ပညာကြီးရင့်၍ စိတ်သဘော ထားပြည့်ဝသူဖြစ်သည်။ ကျွန်တော်သူ့ကို ချစ်ခင်လေး စားပါသည်ဟု သူ၏စာတစ်ပုဒ်တွင် ရေးသားထား သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဗဟို အမှုဆောင်ကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး The Best Cartoon Advertisement တွင် ဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့ကာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ် လမ်းတွင် နေထိုင်ရင်း ကာတွန်းမောင်ဝဏ္ဏသည် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ပြုံးနှင့် သားနှစ်ယောက် မောင်စည်သူနှင့် မောင်နန္ဒအောင်တို့ ကျန်ရစ်ခဲ့သည်။

နွေသင်နိုင်

**ကာတွန်းသော်က (ခရစ် ၁၉၃၉-၂၀၀၅)**။ ။မြန်မာကာတွန်းလောကတွင် ထင်ရှားကျော်ကြားသော 'ကာတွန်းသော်က'ကို ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့၌ ဧရာဝတီတိုင်း၊မြောင်းမြမြို့တွင် အဘဦးအိမ်တိုင်နှင့် အမိဒေါ်နှင်းနွယ်တို့က မွေးဖွားသည်။ အမည်ရင်း ဦးတင့်လွင်ဖြစ်သည်။

ငယ်စဉ်ကတည်းက အရုပ်ရေးဆွဲခြင်းဝါသနာပါလာခဲ့ရာမှ ကာတွန်းရုပ်ပြောင် ရေးဆွဲခြင်းဘက်ကို အားသန်လာခဲ့သည်။



ကာတွန်းသော်က

အသက် (၂၀)နှစ်အရွယ်၊ ၁၉၅၉ ခုနှစ်တွင် ပေါ်ပြူလာကာတွန်းစာစောင်၌ ကာတွန်းများ စတင်ရေးဆွဲခဲ့သည်။ ထိုစဉ်က ကလောင်အမည်မှာ 'တရဲလေး' ဖြစ်သည်။

ကာတွန်းသော်က၏ ကန့်ကူလက်လှည့် လက်ဦးဆရာမှာ မြောင်းမြမြို့၊ High School ကျောင်းမှ ပုံဆွဲဆရာ ဝေလျှံစိန်ဖြစ်သည်။

ကာတွန်းပညာနှင့် ပတ်သက်၍ ဝါရင့်ကာတွန်းဆရာကြီးများဖြစ်ကြသော ဦးပေါ်မြနှင့် ဦးအောင်ရှိန်တို့ထံတွင် သင်ယူခဲ့သည်။

မဂ္ဂဇင်းပါကာတွန်းများကို လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းတွင် စတင်ရေးဆွဲခဲ့ပြီး ရှုမဝ၊ ပေဖူးလွှာ၊ သပြေ၊ ချယ်ရီ စသည်တို့တွင် ဆက်လက်ရေးဆွဲခဲ့သည်။

ကာတွန်းသော်ကသည် လုံးချင်းကာတွန်း (ရုပ်ပြ) တွင်လည်း စာအုပ်များစွာကို ရေးဆွဲခဲ့သည်။ 'အရိုင်း' ဇာတ်ဆောင်ပါဝင်သော စာအုပ်တွဲများက ထင်ရှားသည်။ ၎င်းတို့အနက် 'အမေ'ဟူသော ရုပ်ပြစာအုပ်သည် အကြိမ်များစွာရိုက်နှိပ်ထုတ်ဝေရသော စာအုပ်အဖြစ်သာမက နိုင်ငံခြားဘာသာသို့ပင် ပြန်ဆိုထုတ်ဝေခြင်းခံရသည်။

ကာတွန်းသော်က နောက်ထပ်ထင်ရှားသော ရုပ်ပြစာအုပ်သည် ချစ်လွန်းသူအမည်ရှိ ခွေးဇာတ်လမ်းဖြစ်သည်။ ၎င်းကို မူလက ချယ်ရီမဂ္ဂဇင်းတွင် အခန်းဆက်ရေးဆွဲခဲ့သည်။ နောက်မှ စာအုပ်အဖြစ် စုပေါင်းထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည်လည်း စောင်ရေများစွာ ရိုက်နှိပ်ထုတ်ဝေရသော စာအုပ်အဖြစ် မြန်မာကာတွန်းလောကတွင် ထင်ရှားကျော်ကြားသည်။

ကာတွန်းသော်ကသည် မဂ္ဂဇင်းများတွင် ကာတွန်းရေးဆွဲသောအခါ ထိုမဂ္ဂဇင်းနှင့် လိုက်ဖက်ညီသောအမည်နာမပေး၍ ရေးဆွဲလေ့ရှိသည်။ ဥပမာ ရှုမဝမဂ္ဂဇင်းတွင် ရေးဆွဲသောအခါ မေရှုမဝဟူသော အမျိုးသမီးဇာတ်ဆောင်အမည်ပေး၍ ရေးဆွဲလေ့ရှိသည်။

ကာတွန်းသော်ကသည် ကာတွန်းပညာနှင့် ပတ်သက်၍ သော်လည်းကောင်း၊ လူမှုရေး၊ အနုပညာရေးနှင့်ပတ်သက်၍သော်လည်းကောင်း မိမိပတ်ဝန်းကျင်မှ လူများနှင့် ရင်းနှီးခင်မင်စွာပေါင်းသင်းဆက်ဆံလေ့ရှိသည်။ ထို့ကြောင့် ပတ်ဝန်းကျင်မှ အရွယ်စုံလူများက ကာတွန်းသော်က ဟုဆိုလျှင် ချစ်ခင်လေးစားကြသည်။ စာနယ်ဇင်းစာမျက်နှာများတွင် ကာတွန်းဆရာသော်ကအကြောင်းဆိုလျှင် စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ စာအုပ်ထုတ်ဝေသူတို့က တခုတ်တရဝေဝေဆာဆာရေးဖွဲ့ကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ကာတွန်းဆရာငယ်များက ဦးစီးကျင်းပသော ကာတွန်းဆရာကြီးများကို ကန်တော့သည့်ပွဲတွင် ခြောက်ကြိမ်မြောက်သည့်တိုင်အောင် ကာတွန်းသော်ကသည် ပါဝင်အကန်တော့ခံခဲ့ရသည်။

ကာတွန်းသော်ကသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့၌ မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကွယ်လွန်ခဲ့သည်။

**ဦးစိုးမြင့်သန်း**

**ကိုရီးယားသမ္မတနိုင်ငံ**။ ။ အမေရိကန်ပက်ထရီးယော့ဒုံးပျံများ ဖြန့်ချထားခြင်းကို တောင်ကိုရီးယားပြည်သူများစွာက မေလ ၁၅ ရက်နေ့တွင် ကွမ်ကျူးမြို့၌ လူထုဆန္ဒပြပွဲပြုလုပ်ပြီး ကန့်ကွက်ခဲ့ကြကြောင်း တောင်ကိုရီးယားသတင်းဌာနက ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုက အင်အားတိုးတက်ရေး ဒေါ်လာ ၁၁ ဘီလီယံအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် နိုဝင်ဘာလအတွင်း ကွမ်ကျူးမြို့၏ အနောက်တောင်ဘက်၌ အဆင့်မြင့်ပက်ထရီယော့ဝေဟင်ပစ် ဒုံးပျံတပ်ဖွဲ့နှစ်ဖွဲ့ကို ဖြန့်ချခဲ့သည်။ ကွမ်ကျူးမြို့တွင် အမေရိကန်ပြည်ထောင်စု၏ စစ်အင်အားတိုးချဲ့ခြင်းကို စိုးရိမ်ကြသော မြို့နေလူထုက ယင်းသို့ အပြင်းအထန်ကန့်ကွက်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ ယင်းဒုံးပျံသစ်များ ချထားခြင်းကြောင့် ကွမ်ကျူးမြို့ တောင်ကိုရီးယားလေတပ်၏ အမှတ် (၁) တိုက်လေယာဉ်အုပ်စု အခြေစိုက်စခန်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းကြသော ဆန္ဒပြသူ ၁၀၀၀ ခန့် နှင့် ရဲတပ်ဖွဲ့ဝင်များ ထွေးလုံးရစ်ပတ်ဖြစ်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ ရိုမူဟွန်း



အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့၏ အီလက်ထရွန်းနစ်စနစ်သုံးဌာနတစ်ခုကို ၂၀၀၆ ခုနှစ်တွင် ဆိုးလ်မြို့၌ ထူထောင်ရန် တောင်ကိုရီးယားနိုင်ငံက မေလ ၂၆ ရက်နေ့တွင် အဆိုပြုလိုက်ကြောင်း တောင်ကိုရီးယားသတင်းဌာန ယွန်တက်က သတင်းထုတ်ပြန်သည်။ အစိုးရအဖွဲ့များ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာနှင့်ပတ်သက်သော အာဆီယံနှင့် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိများ တွေ့ဆုံဆွေးနွေးပွဲကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၌ ကျင်းပစဉ်က အဆိုပါ အီလစ်ထရွန်နစ်စနစ်သုံးဌာနတစ်ခု ထူထောင်ရန်တင်ပြခဲ့ခြင်းဖြစ်သည်။

မေလ ၂၆ ရက်နေ့က ကျင်းပသော အစည်းအဝေး၌ အစိုးရများ၏ အုပ်ချုပ်ရေးဆိုင်ရာ တိုးတက်မှုဖြစ်စေရန် နည်းပညာရပ်များ သုံးစွဲမှုနှင့် အီလစ်ထရွန်းနစ်စနစ်သုံးဌာနထူထောင်ရန်စသော ကိစ္စများ၊ နည်းလမ်းများကို အစည်းအဝေးသို့ တင်ပြလာသော ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများက ဆွေးနွေးသုံးသပ်ခဲ့ကြသည်။ အီလစ်ထရွန်းနစ်စနစ်သုံးဌာနထူထောင်ခြင်းဖြင့် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများအတွင်း လူ့စွမ်းအားအရင်းအမြစ်နည်းပညာ အထောက်အပံ့ ပညာရေးနှင့် လေ့ကျင့်ရေးနယ်ပယ်များတွင် အပြန်အလှန်လျင်မြန်ချောမွေ့စွာ ပေါင်းကူးဆက်စပ်ပေးနိုင်မည့် တံတားသဖွယ်ဖြစ်လာမည်ဟု တောင်ကိုရီးယားအစိုးရစီမံခန့်ခွဲရေးဝန်ကြီး ဟိုယောင်ကျိုက ပြောကြားခဲ့သည်။

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ သမိုင်းပညာရှင်များနှင့် သမိုင်းဆိုင်ရာအဖွဲ့အစည်းများသည် ထိုသုံးနိုင်ငံ၏ သမိုင်းဆိုင်ရာများကို အခြေခံလျက် ကျောင်းသုံးသမိုင်းစာအုပ် ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေလ ၂၈ ရက်နေ့က ဖော်ပြသည်။ မေလ ၂၇ ရက်နေ့က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် တရုတ်နိုင်ငံအရှေ့ပိုင်းနန်နင်းမြို့၌ ၂၀၀၂ ခုနှစ် မတ်လက စတင်ထုတ်ဝေခဲ့သော သမိုင်းစာအုပ်ကဲ့သို့ ယင်းစာအုပ်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း၊ စာအုပ်ထုတ်ဝေရေးပူးတွဲကော်မတီက ပြောကြားသည်။ စာအုပ်ထုတ်ဝေရေးပူးတွဲကော်မတီက ပြုစုရေးသားထားသော အလယ်တန်းကျောင်းသုံး၊ သမိုင်းဖတ်စာအုပ် ထုတ်ဝေခြင်းမပြုမီ အငြင်းပွားမှုများကို ဖြေရှင်းရန် ယင်းကော်မတီက အစည်းအဝေး (၁၀)ကြိမ်ပြုလုပ်ခဲ့

သည်။ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားသမိုင်းပညာရှင်များမှာ သုံးနိုင်ငံနှင့်ဆိုင်သော ဘုံသမိုင်းစာအုပ်ထုတ်ဝေရန် ပူးပေါင်းဆောင်ရွက်ကြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းသမိုင်းစာအုပ်အတွက် ကိုရီးယားစာမူများကို မေလ ၂၆ ရက်နေ့က တရားဝင်ပုံနှိပ်ထုတ်ဝေခဲ့သည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားပြဿနာနှင့် စပ်လျဉ်း၍ ခြောက်ပါတီဆွေးနွေးပွဲများ ဆောလျင်စွာပြန်လည်ကျင်းပရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ကြိုးပမ်းနေကြသည်ဖြစ်ရာ စေ့စပ်ဆွေးနွေးပွဲများက ပြဿနာဖြေရှင်းရေးအတွက် မှန်ကန်သော ရွေးချယ်မှုသာဖြစ်သည်ဟု တရုတ်နိုင်ငံက ယုံကြည်ကြောင်းနှင့် ငြိမ်းချမ်းရေးနည်းလမ်းများဖြင့် ပြဿနာကို ဖြေရှင်းရန် အစွမ်းကုန်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က တိုက်တွန်းခဲ့သည်။ ခြောက်ပါတီဆွေးနွေးပွဲများ အချိန်စောပြီး ပြန်စနိုင်ရေးအတွက် အခြေအနေများကိုဖန်တီးရန် ရိုးသားမှုနှင့် သဘောထားပျော့ပျောင်းမှုကို ပြသကြရန်နှင့် အခွင့်အရေးကို ဆောင်ယူကြရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ဇွန်လ ၂ ရက်နေ့၌ ပေကျင်းမြို့တွင် တိုက်တွန်းခဲ့သည်။

ထိုရည်မှန်းချက်ပန်းတိုင်ကို တောင်ကိုရီးယားနှင့်အတူ တရုတ်နိုင်ငံက နီးကပ်စွာ ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမည့်ပြင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပေကျင်းသို့ ရောက်နှင့်နေသော တောင်ကိုရီးယားဝန်ကြီးချုပ် လီသောချန်နှင့် ဆွေးနွေးစဉ် မစ္စတာဝမ်က ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ ဒေသအတွင်း၌ အရေးကြီးသော နိုင်ငံများဖြစ်ကြကြောင်း၊ အားလုံးကြီးပွားတိုးတက်စေပြီး ဩဇာအရှိန်အဝါကို မြှင့်တင်ရမည်ဖြစ်ကြောင်း မစ္စတာဝမ်က ပြောကြားသည်။ ကိုရီးယားကျွန်းဆွယ်နျူကလီးယားပြဿနာ ငြိမ်းချမ်းစွာအဆုံးသတ်ရေးလုပ်ဆောင်ရာတွင် တရုတ်၊ မြောက်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ တောင်ကိုရီးယားနှင့် ဂျပန်တို့က ပေကျင်းမြို့၌ ခြောက် ပါတီဆွေးနွေးပွဲများကို သုံးကြိမ်ပြုလုပ်ခဲ့သည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အရေးကိစ္စများတွင် တရုတ်နိုင်ငံ၏ အရေးကြီးသော အခန်းကဏ္ဍကို တရုတ်နိုင်ငံ၌ ပထမဆုံးအကြိမ်လာရောက်လည်ပတ်သော တောင်ကိုရီးယားဝန်ကြီးချုပ်က အပြုသဘောပြောကြားသည်။ ဆွေးနွေးပွဲတွင် မစ္စတာဝမ်နှင့် မစ္စတာလီတို့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးကိုအပြန်အလှန်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အီရတ်နိုင်ငံရှိ တောင်ကိုရီးယားတပ်ဖွဲ့ဝင်ဦးရေ သုံးပုံတစ်ပုံလျှော့ချဖွယ်ရှိမည်ဟု တောင်ကိုရီးယားအမတ်က စက်တင်ဘာလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ အီရတ်ရှိ နိုင်ငံခြားတပ်ဖွဲ့ဝင်များအနက် တောင်ကိုရီးယားတပ်ဖွဲ့ဝင်ဦးရေမှာ အမေရိကန်နှင့် ဗြိတိန်ပြီးလျှင် တတိယအများဆုံးဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀၀၀ ခန့်၊ ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေ ၈၅၀၀ နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၃၂၀၀ ရှိသည်။ အီရတ်တွင် အမေရိကန်နှင့် မဟာမိတ်များ၏ ရည်မှန်းချက်မပြည့်မချင်း အီရတ်ရှိ တောင်ကိုရီးယား တပ်ဖွဲ့ဝင်များကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ယခင်က ကြေညာထားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာ လစ်လပ်သွားသောအခါ ထိုနေရာကို တာဝန်ယူရန် တောင်ကိုရီးယားနိုင်ငံက အဆင်သင့်အခြေအနေတွင်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဗန်ကီးမွန်က အောက်တိုဘာလ ၁၉ ရက်နေ့က ပြောကြားသည်။ ယင်းသို့ ပြောကြားရာ၌ တောင်ကိုရီးယားနိုင်ငံမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာကို မည်သူယှဉ်ပြိုင် အရွေးခံမည်ကို ပြောကြားခြင်းမရှိပေ။ တောင်ကိုရီးယားနိုင်ငံမှာ ကုလသမဂ္ဂနှင့် နက်ရှိုင်းသော အဆက်အသွယ်ရှိခဲ့သည်။ ကမ္ဘာ့အင်အားအရာတွင် သင့်တော်သောအနေအထားတွင်ရှိ၍ အတွင်းရေးမှူးချုပ်နေရာကို ဆက်ခံရန် သင့်လျော်သည်။ ကမ္ဘာ့အဖွဲ့အစည်းကြီး၏ ဦးဆောင်မှုကို ယခုအခါ အာရှဟိုက်အလှည့်ရောက်လာသည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် အဆင့်(၁၁)တွင် ရှိနေသည်။ အခက်အခဲများစွာကို ကျော်လွှားခဲ့သော နိုင်ငံဖြစ်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာကို ဆက်ခံရန် သင့်လျော်သည်။ တောင်ကိုရီးယား

နိုင်ငံမှာ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ဆက်သွယ်ပေးနိုင်မည့် အနေအထားတွင်ရှိသည်။ ထိုရာထူးကို ရရှိပါက တောင်ကိုရီးယားနိုင်ငံက ထိရောက်စွာတာဝန်ယူဆောင်ရွက်နိုင်မည်စသည်ဖြင့် မစ္စတာဗန်ကီးနိုက ပြောကြားခဲ့သည်။ မစ္စတာဗန်ကီးနိုမှာ ကာလအတော်ကြာ သံတမန်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သော အတွေ့အကြုံရှိသည်။ နိုင်ငံတကာရေးရာများတွင်လည်း ဆောင်ရွက်ခဲ့ဖူးသည်။ ကုလသမဂ္ဂအဖွဲ့ ဌာနချုပ်၌လည်း ၂၀၀၄ ခုနှစ် ဇန်နဝါရီအထိ ကိုရီးယားကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာဗန်၏ သံတမန အတွေ့အကြုံမှာ ၃၅ နှစ်ရှိပြီဖြစ်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နေရာကို ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဆူရာကီရက်ဆက်သီရာ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံမှ ငြိမ်းချမ်းရေးပါဝင်ဆွေးနွေးခဲ့သူ လာရန်သာဒါနာဘာတို့ကလည်း ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း ကြေညာထားသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်ရာတွင် ၁၉၁ နိုင်ငံပါဝင်သော အထွေထွေညီလာခံက ထောက်ခံတင်ပြရပြီး ၁၅ နိုင်ငံ ပါဝင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များအနက် ကိုးနိုင်ငံက အတည်ပြုမှခန့်ထားနိုင်သည်။ ဤနေရာတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများက သဘောမတူပါက ဗီတိုအာဏာသုံး၍ ကန့်ကွက်နိုင်ခွင့်ရှိသည်။

**နိုင်ငံတကာဆက်ဆံရေး-** အာရှပြင်ဘက်အီလစ်ထရွန်းနစ်ထုတ်လုပ်သူများ ကြီးထွားလာသော ကုန်သွယ်မှုအပေါ် စည်းကြပ်သောအခွန်နှုန်းများဖြတ်တောက်ရန် တောင်ကိုရီးယားနိုင်ငံက ရည်ရွယ်၍ ဧပြီလတွင် စင်ကာပူနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးမည်ဟု တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီးဌာနက မတ်လ ၂၆ ရက်နေ့က ကြေညာခဲ့သည်။ ယင်းစာချုပ်လက်မှတ်ရေးထိုးခြင်းမှာ တောင်ကိုရီးယားနိုင်ငံအတွက် ဒုတိယစာချုပ်ဖြစ်သည်။ ၂၀၀၄ ခုနှစ်က ချီလီနိုင်ငံနှင့် ပထမစာချုပ်ကို လက်မှတ်ရေးထိုး ခဲ့သည်။ စင်ကာပူနှင့် စာချုပ်ရန်မှာ စင်ကာပူနိုင်ငံ၌ လယ်ယာကဏ္ဍာထုတ်ကုန်အနည်းငယ်သာရှိသဖြင့် အလားအလာနည်းပါးသည်ဟု ယင်းဝန်ကြီးဌာနက ပြောကြားသည်။ ယင်းစာချုပ်မှာ ဂျပန်နှင့် လွတ်လပ်သော ကုန်သွယ်ရေးဆွေးနွေးပွဲအရှိန်မြှင့်ဆောင်ရွက်ရာ၌ အထောက်အကူပြုလိမ့်မည်။ အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံ)နှင့် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်းတို့နှင့် အတူ စာချုပ်ရန်ဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ဥရောပကုန်သွယ်ရေးအသင်းတွင် နော်ဝေး၊ အိုက်စလန်၊ ဆွစ်ဇာလန်နိုင်ငံတို့ပါဝင်သည်။ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ

အမေရိကန်နှင့် တောင်ကိုရီးယားစစ်သားများ ပူးတွဲစစ်ရေးလေ့ကျင့်နေစဉ်



၂၀၀၃ ခုနှစ်က နှစ်နိုင်ငံ ကုန်သွယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ဘီလီယံဖိုးရှိခဲ့ရာ လွန်ခဲ့သော ၁၀ နှစ်ကထက် နှစ်ဆတိုးခဲ့သည်။

အာရှနှင့် ပစိဖိတ်ဒေသ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငါးကြိမ်မြောက်ဝန်ကြီးအဆင့် အစည်းအဝေး (အမ်စီအီးဒီ)ကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ မတ်လ ၂၈ ရက်နေ့မှစ၍ နှစ်ရက်ကြာ ကျင်းပခဲ့သည်။ ၂၀၀၅ ခုနှစ်၏ အမ်စီအီးဒီဆောင်ပုဒ် ဖြစ်သော အာရှနှင့် ပစိဖိတ်ဒေသတွင် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ အောင်မြင်မှုများနှင့် စီးပွားရေး တိုးတက် မှုများကို ထိန်းသိမ်းရေးဟူသော ခေါင်းစဉ်ဖြင့် ယင်း အစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းအစည်း အဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန် က သဝဏ်လွှာပေးပို့ရာတွင် အာရှနှင့် ပစိဖိတ်ဒေသ၌ စီးပွားရေးတိုးတက်အောင်မြင်မှုများရှိခဲ့ကြောင်း၊ တစ်ချိန် တည်းမှာပင် စီးပွားရေးတိုးတက်မှုဖြစ်ပေါ်ခြင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းအပေါ် တွင် တိုးတက်ဖိအားပေးလျက်ရှိကြောင်း၊ သို့သော် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ခြင်းတို့ ရည်မှန်းချက်အပြန်အလှန်တူညီမှု မရှိကြောင်း ဖော်ပြထားသည်။ ထို့ပြင် အာရှနှင့် ပစိဖိတ် ဒေသလူမှုရေးကော်မရှင်နှင့် စီးပွားရေးဆိုင်ရာ အတွင်း ရေးမှူး ကင်ဟက်ခ်ဘူက ပြောကြားရာ၌ စီးပွားရေး တိုးတက်မှုမှာ ဒေသ၏သစ်ပင်နှင့် သတ္တဝါတို့အပေါ်တွင် ဖိအားသဖွယ် အကျိုးသက်ရောက်မှုရှိကြောင်း ယခု အခါ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု တိုးတက် ပြုလုပ်စဉ်ဆင်းရဲမှု လျှော့နည်းရေးနှင့် မိမိတို့၏ စီးပွား ရေးတိုးတက်မှု ဆက်လက်မြင့်တင်ရန် မည်သို့ဆောင်ရွက် ရမည်ဆိုသည်မှာ စိန်ခေါ်မှုပင်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

နီပေါနှင့် တောင်ကိုရီးယားအစိုးရများသည် အပြန် အလှန်ယဉ်ကျေးမှုဖလှယ်ရေးအတွက် သဘောတူညီ ချက်ကို မတ်လ ၃၀ ရက်နေ့က ခတ္တမန္ဒူမြို့၌ လက်မှတ် ရေးထိုးခဲ့ကြသည်။ နီပေါနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ နှင့် ယဉ်ကျေးမှုဖလှယ်ရေးစာချုပ် ချုပ်ဆိုသော နဝမ မြောက်နိုင်ငံဖြစ်သည်။ သဘောတူညီချက်မှာ လက်မှတ် ရေးထိုးပြီး တစ်လအကြာတွင် အကျိုးသက်ရောက်စေ မည်ဖြစ်ပြီး ငါးနှစ်တစ်ကြိမ်ပြန်လည်စိစစ်မည်ဖြစ် ကြောင်း နီပေါယဉ်ကျေးမှု၊ ခရီးသွားနှင့် မြို့ပြဝန်ကြီး ဌာနက ကြေညာချက်ထုတ်ပြန်သည်။ ယင်းသဘောတူ ညီချက်အရ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ အပြန်အလှန်ဖလှယ်ကြမည်။ ယဉ်ကျေးမှု၊ အနုပညာ၊ ပညာရေး၊ လူငယ်အားကစားနှင့် ခရီးသွားလာရေး ကဲ့သို့သောကိစ္စကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။ သီးခြားအစီအစဉ်အဖြစ် အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစားနှင့် ခရီးသွားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြမည်ဖြစ်သည်။ လက်မှတ်ရေးထိုးပွဲတွင် နီပေါနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံအမတ်က နီပေါ လူမျိုး ၆၀၀ ခန့် တောင်ကိုရီးယား၌ အလုပ်လုပ်နေချိန် တွင် တောင်ကိုရီးယားလူမျိုး ၁၅၀၀၀ ခန့် နီပေါသို့ နှစ်စဉ်လာရောက်သည်ဟု ပြောကြားသည်။

ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်နှင့် ဧည့်သည် တောင်ကိုရီးယားဝန်ကြီးချုပ် လီသောချန်တို့သည် နှစ် နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အခိုင်အမာပြောဆိုခဲ့ကြကြောင်း ဗီယက်နမ်သတင်းစာက ဧပြီလ ၂၀ ရက်နေ့ ကရေးသားဖော်ပြသည်။ ဧပြီလ ၁၉ ရက်နေ့က ဝန်ကြီးချုပ်နှစ်ဦးတွေ့ဆုံဆွေးနွေးစဉ် ထုတ်ကုန်လုပ်ငန်း များ၊ ဓာတ်သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဓာတု ထုတ်ကုန်လုပ်ငန်း၊ စွမ်းအင်ကဏ္ဍနှင့် ပို့ဆောင်ရေး လုပ်ငန်းများကဲ့သို့သော ကဏ္ဍများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ရန်သဘောတူညီခဲ့ကြသည်။ စီးပွားရေး ကဏ္ဍကို ဆက်လက်တိုးတက်အောင် ဗီယက်နမ်နိုင်ငံက ဆောင်ရွက်မည်၊ တောင်ကိုရီးယားရင်းနှီးမြှုပ်နှံသူများ အား ခွင့်ပြုမည်။ တောင်ကိုရီးယားစီးပွားရေးလုပ်ငန်း များကို မိမိတို့အားပေးမည်။ အထူးသဖြင့် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါသည်ဟု ဗီယက်နမ်ဝန်ကြီးချုပ်က ပြောကြား သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ရေးအတွက် ဗီယက်နမ်၏ ထောက်ခံမှုကို အလေးအနက်ထားပါ

သည်။ တောင်ကိုရီးယားအစိုးရက ဗီယက်နမ်နှင့် မကြာမီဆောင်ရွက်မည့်လုပ်ငန်းများအပေါ် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်စသည်ဖြင့် တောင်ကိုရီးယားဝန်ကြီးချုပ်က ပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်သွားရန် သတင်းအချက်အလက်နည်းပညာ (အိုင်တီ) ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန် တောင်ကိုရီးယားနှင့် ပီရူးသမ္မတတို့က နိုဝင်ဘာလ ၁၆ ရက်နေ့တွင် သဘောတူညီလိုက်ကြသည်။ တောင်ကိုရီးယားသမ္မတရုံးတည်ရှိရာ ချောင်ဝါဒေး၌ ကျင်းပသော ထိပ်သီးဆွေးနွေးပွဲ၌ တောင်ကိုရီးယားသမ္မတရိုမူဟွန်းနှင့် ပီရူး သမ္မတ အလက်ဂျန်ဒရိုတော်လေဒိုတို့က အထက်ပါအတိုင်း သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ တောင်ကိုရီးယားနှင့် ပီရူးနိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတို့၌ အပြန်အလှန်ဖလှယ်သွားကြရန်လည်း သဘောတူညီခဲ့ကြသည်။ ပီရူးသမ္မတတော်လေဒိုသည် ၁၉၉၄ ခုနှစ်နောက်ပိုင်း၌ တောင်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်သော ပထမဆုံးပီရူးခေါင်းဆောင်ဖြစ်သည်။ တော်လေဒိုသည် တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဆူဆန်မြို့တွင်ကျင်းပမည့် အာရှ-ပစိပိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ တောင်ကိုရီးယား (အိုင်တီ)နည်းပညာကုမ္ပဏီများသည် ပီရူးနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သမ္မတရိုမူဟွန်းက သမ္မတတော်လေဒိုနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားပြဿနာများနှင့်ပတ်သက်၍ မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခေါင်းဆောင်နှစ်ဦးက စက်တင်ဘာလ ၂၂ ရက်နေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး ရာတွင် သဘောတူလိုက်ကြသည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ခြောက်နိုင်ငံဆွေးနွေးပွဲ၏ တိုးတက်မှုဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စတင်နေမှု၊ အရှေ့မြောက်အာရှဒေသတွင် တည်ငြိမ်မှုနှင့် ချမ်းသာကြွယ်ဝမှုများ၏ အနေအထားများကို တောင်ကိုရီးယားသမ္မတရိုမူဟွန်းက ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိအား ပြောကြားခဲ့သည်။

တရုတ်နှင့် တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်စေရေးအတွက် မိမိ၏အစိုးရအဖွဲ့က ကူညီသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရိုမူဟွန်းက အောက်တိုဘာလ ၁၀ ရက်နေ့က ပြောကြားခဲ့သည်။ ဆိုးလ်မြို့တွင် အောက်တိုဘာလ ၉ ရက်နေ့က ဖွင့်လှစ်သော အဋ္ဌမအကြိမ်မြောက် ကမ္ဘာ့တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ညီလာခံတွင်အဖွင့်မိန့်ခွန်းပြောကြားရာ၌ သမ္မတရိုမူဟွန်းက ယင်းသို့ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ ၁၉၉၂ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်လိုက်ချိန်မှစ၍ နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုမှာ ၁၂ ဆအထိ တိုးတက်လာခဲ့ပြီး တရုတ်နိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ပင်လယ်ရပ်ခြားနိုင်ငံများရှိ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ၏ အပြန်အလှန်ဆက်ဆံမှုမှာလည်း တိုးတက်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းနှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများမှာ ကမ္ဘာ့ဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်လာနိုင်သည်။ တောင်ကိုရီးယားနိုင်ငံ၏



ဆိုးလ်မြို့ အထက်တန်းကျောင်းတစ်ကျောင်း၏ စာသင်ခန်းတစ်ခုကို တွေ့ရစဉ်

သတင်းအချက်အလက်နည်းပညာနှင့် ဇီဝနည်းပညာ ကဏ္ဍတို့မှာလည်း တိုးတက်အောင်မြင်မှု သိသိသာသာရရှိနေသည်စသည်ဖြင့် တောင်ကိုရီးယား သမ္မတရှိမူဟွန်းက ပြောကြားသည်။

သဘာဝဘေးအန္တရာယ်- တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းသို့ စက်တင်ဘာလ ၆ ရက်နေ့က နာဘီမုန်တိုင်းတိုက်ခတ်ခဲ့ရာ မိုးသက်လေပြင်းများ ကျရောက်ခြင်းကြောင့် လူပေါင်း ၁၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ တောင်ကိုရီးယား နိုင်ငံတောင်ပိုင်းနှင့် အရှေ့ဘက်ကမ်းရိုးတန်းဒေသများရှိ နာဘီမုန်တိုင်းတိုက်ခတ်ခံရသော ဒေသများ၌နေထိုင်သူ လူ ၁၁၀၀ ခန့် နေအိမ်များမှ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု တောင်ကိုရီးယားယွန်ဟက်သတင်းဌာနက သတင်းထုတ်ပြန်သည်။ ယင်းဒေသ၌ ၂၀၀၅ ခုနှစ်အတွင်း နာဘီမုန်တိုင်း ၁၄ကြိမ် တိုက်ခတ်ခဲ့ရာ လေယာဉ်ခရီးစဉ်များ၊ ရထားခရီးစဉ်များနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ အဟန့်အတားဖြစ်ခဲ့ရသည်။ နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတစ်လျှောက်အဝေးပြေးလမ်းမကြီးများ ပိတ်ထားခဲ့ရသည်။ ထိုဒေသများတွင် နေထိုင်သူများ၏ အိုးအိမ်ထောင်ပေါင်းများစွာလည်း လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည်။ နာဘီမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆိုးလ်မြို့မှ ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ ဆူဆန်နှင့် ပိုဟန်မြို့များမှာ အဆိုးရွားဆုံး မုန်တိုင်းဒဏ်ခံခဲ့ရလေရာ ထိုမြို့များရှိ အဆောက်အအုံ ၁၃၀ ခန့် လျှပ်စစ်ပြတ်တောက်ပြီး အဝေးပြေးလမ်းမကြီး ၁၀ ခုပေါ်တွင် ရေလွှမ်းခဲ့သည်။ ဆူဆန်မြို့တွင် အိုးအိမ် ၂၆၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည်။

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းဒေသများတွင် စံချိန်တင်လောက်အောင် နှင်းထူထပ်စွာ ကျခြင်း ကြောင့် ဒေသအများအပြား၌ နှင်းများ ဖုံးလွှမ်းလျက် ရှိကြောင်း ကိုရီးယားယွန်ဟတ်သတင်းဌာနက ဒီဇင်ဘာလ ၂၄ ရက်နေ့က ဖော်ပြသည်။ နိုင်ငံတောင်ပိုင်းကမ်းရိုးတန်းဒေသတွင် နှင်းသိပ်သည်းထူထပ်စွာကျရောက်ခဲ့မှုကြောင့် ပျက်စီးမှုများရှိပြီး ယင်းဒေသများတွင် နိုဝင်ဘာလအတွင်းက ရက်သတ္တနှစ်ပတ်အတွင်းနှင်းထု တစ်မီတာအထိ ကျရောက်ခဲ့သည်။ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူသုံးဦးသေဆုံးခဲ့သည်။ တောင်ပိုင်းတောင်ဂျီအိုလာပြည်နယ် ဂျန်ဂျူမြို့တွင် ညတွင်းချင်း နှင်းထု စင်တီမီတာ ၄၀ ခန့်ကျရောက်ခဲ့သည်။ အပန်းဖြေစခန်းဖြစ်သော ဂျီဂျူကျွန်းတွင်လည်း နှင်းထူထပ်စွာ ကျရောက်မှုကြောင့် ပျက်စီးမှုများရှိခဲ့ရာ ခရီးသွား ၁၀၀၀၀ ခန့် ထိုကျွန်းပေါ်တွင် သောင်တင်နေကြသည်။

စီးပွားရေး- မလေးရှားအမျိုးသားရေနံကုမ္ပဏီနှင့် တောင်ကိုရီးယားကော်ပိုရေးရှင်းတို့က မလေးရှားငွေ ရင်းဂစ်သန်း ၁၅၀ ရင်းနှီးမြှုပ်နှံပြီး မလေးရှားနိုင်ငံ၏ ပထမဆုံးမယ်လမင်းစက်ရုံကို ဖက်စပ်ထူထောင်ကြမည်ဖြစ်သည်။ မယ်လမင်းသည် ယူရီးယားမှထုတ်ထားသော အော်ဂင်းနစ်ဓာတုပစ္စည်းတစ်မျိုးဖြစ်ပြီး သုတ်ဆေး၊ ကော်၊ ရေခဲပျဉ်ချပ်နှင့် အထပ်သားကဲ့သို့သော ထုတ်ကုန်များတွင် အဓိကအသုံးပြုသည်။ မလေးရှားနှင့် တောင်ကိုရီးယားကော်ပိုရေးရှင်းနှစ်ခုက ဘော်နီယိုကျွန်း ဆာရာဝပ်ဒေသအရှေ့ပိုင်း၌ မယ်လမင်းစက်ရုံတည်ထောင်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ကုမ္ပဏီနှစ်ခုလုံးက ဆိုးလ်မြို့ တောင်ဘက်ရှိ နမ်ဘီမယ်လမင်းစက်ရုံကို ဆာရာဝပ်ဒေသသို့ ပြောင်းရွှေ့ ရန် ရင်းဂစ်ငွေသန်း ၁၅၀ (အမေရိကန်ဒေါ်လာသန်း ၄၀) ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။ ယင်းစက်ရုံမှာ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် လည်ပတ်နိုင်မည်ဟု မျှော်လင့်ရသည်။ တစ်နှစ်လျှင် မယ်လမင်းမက်ထရစ်တန်ချိန် ၁၅၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဦးရဲလွင်

မြန်မာသမိုင်းအဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌ
ပညာမင်းကြီး စည်သူဦးကောင်း



**ကောင်း၊ ဦး (စည်သူ) (ခရစ် ၁၉၀၄-၁၉၅၇)။** ။ မြန်မာသမိုင်းအဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌဖြစ်သူ ပညာမင်းကြီးဦးကောင်းကို မြင်းခြံမြို့၌ ၁၉၀၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် အဘလက်ထောက်ယစ်မျိုးမင်းကြီး ဦးဘသော်နှင့် အမိ ဒေါ်ကြင်မြိုင်တို့က မွေးဖွားသည်။ ၅ နှစ်သားအရွယ်မှစ၍ ပညာသင်ကြားခဲ့သည်။ ပထမတန်းမှ နဝမတန်းအထိ မြင်းခြံမြို့ ဘက်ပတစ်ကျောင်း၊ ရန်ကုန်မြို့ကူရှင်အထက်တန်းကျောင်းနှင့် စိန်ပေါကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ နဝမတန်းသို့ ရောက်ရှိသည့် ၁၉၂၀ ပြည့်နှစ်တွင် အင်္ဂလန်သို့သွားရောက်၍ ဆုမ်းမားဆက်ရှိတွန်တန်ပက်ဘလစ်ကျောင်း (Taunton Public School, Taunton, Somerset) ၌ ၂ နှစ်ကြာ ပညာသင်ကြားပြီး ၁၉၂၂ ခုနှစ်တွင် လန်ဒန် တက္ကသိုလ်စာမေးပွဲ (London Matriculation Examiniation) ကို ဖြေဆိုရာ ဂုဏ်ထူး ၅ ခုဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ၁၉၂၃ ခုနှစ်သို့ရောက်သောအခါ ရန်ကုန်ယူနီဗာစတီ ကောလိပ်တွင် ၃ နှစ်ကြာမျှ ပညာသင်ကြားပြီးနောက် ၁၉၂၆ ခုနှစ်တွင် ဘီအေဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဒုတိယအဆင့်မှ အောင်မြင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ရန်ကုန်ယူနီဗာစတီ ကောလိပ်၌ အင်္ဂလိပ်ဘာသာနှင့် စာပေအထက်တန်းနည်းပြဆရာ အဖြစ် ဆောင်ရွက်နေစဉ်အတွင်း နိုင်ငံခြားပညာတော်သင်ဆုကို ရရှိခဲ့သည်။ ထို့ကြောင့် အစိုးရပညာတော်သင်အဖြစ် ပညာရေးဘာသာရပ်ကို လေ့လာရန် အင်္ဂလန်နိုင်ငံလန်ဒန်တက္ကသိုလ် ဘုရင့်ကောလိပ် (University of London, King's College)တွင် ၁ နှစ်ကြာ ပညာဆည်းပူးခဲ့ပြီး ၁၉၂၇ ခုနှစ်တွင် သင်ကြားရေး ဒီပလိုမာ (Diploma in Teaching, D.T.)ကို ရရှိခဲ့သည်။ ထို့နောက် ပညာရေးဘွဲ့လွန်သင်တန်းကို ၂ နှစ်ကြာသင်ကြားခဲ့ပြီး ၁၉၂၉ ခုနှစ် မေလတွင် M.A (In Education) ဘွဲ့ကို ရရှိခဲ့သည်။ မကွေးခရိုင် တောင်တွင်းကြီးမြို့အစိုးရအထက်တန်းကျောင်းတွင် ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၂ ခုနှစ်အထိ ကျောင်းအုပ်ဆရာကြီးအဖြစ် ၂ နှစ်ကြာမျှ အမှုထမ်းခဲ့သည်။

၁၉၃၂ ခုနှစ် ဇွန်လ (၁)ရက်နေ့တွင် စစ်ကိုင်းတိုင်းလက်ထောက်ပညာဝန်အဖြစ်လည်းကောင်း၊ ၁၉၃၃ ခုနှစ်တွင် ဧရာဝတီတိုင်းသို့ တိုင်းပညာဝန်အဖြစ်လည်းကောင်း၊ ၎င်းနှစ်အတွင်း၌ပင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းသို့လည်းကောင်း၊ ၁၉၃၄ ခုနှစ်တွင် ရခိုင်သို့လည်းကောင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ဦးကောင်းသည် ယခင်ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်း၊ ယခု အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်တွင် ၁၉၃၅ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ၅ နှစ်ကြာမျှ ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ် အောက်တိုဘာလတွင် မော်လမြိုင်မြို့၌ တနင်္သာရီတိုင်း ပညာဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ် ပညာမင်းကြီးအဖြစ်လည်း ၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ အမှုထမ်းခဲ့သည်။

ဂျပန်ခေတ်က ရန်ကုန်တိုင်းတွင် ပညာရေးအရာရှိအဖြစ်လည်းကောင်း၊ ပညာမင်းကြီးရုံးတွင် အထူးအရာရှိအဖြစ်လည်းကောင်း၊ လက်ထောက်ပညာမင်းကြီးအဖြစ်လည်းကောင်း တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၅ ခုနှစ်တွင် ဦးကောင်းကို တွဲဖက်လက်ထောက်ပညာမင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဖွဲ့စည်းရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်တွင် အစိုးရ၏ တာဝန်ပေးစေလွှတ်ချက်အရ ဦးကောင်းသည် မြန်မာနိုင်ငံပညာတော်သင်အဖွဲ့အစည်းများဆိုင်ရာ အထက်တန်းပညာရေး အကြံပေးအရာရှိအဖြစ် ဗြိတိန်နိုင်ငံသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းတာဝန်ထမ်းဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံတော်ငွေကြေးဘုတ်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသည်။ ထိုခေတ်က ထုတ်ဝေသုံးစွဲခဲ့သော မြန်မာငွေစက္ကူများပေါ်တွင် "မောင်ကောင်း"ဟူသော လက်မှတ်ပါရှိခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဦးကောင်းသည် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံး၌ ၁၉၄၈ ခုနှစ်တွင် ပညာရေးသံမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး လက်ထောက်ပညာမင်းကြီးအဖြစ်လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် ယူနက်စကိုပညာရေးမစ်ရှင်အဖွဲ့ (The UNESCO Education Mission to Burma)၏ မြန်မာအကြံပေးအရာရှိတစ်ဦးအဖြစ်လည်းကောင်း ဦးကောင်းအားတာဝန်ပေးအပ်ခဲ့သည်။

လက်ထောက်ပညာမင်းကြီး ဦးကောင်းသည် ၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာမင်းကြီးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရသည်။ ၁၉၅၃ ခုနှစ်တွင် ပညာမင်းကြီး ဦးကောင်းအား မြန်မာနိုင်ငံတော်အစိုးရက စည်သူဘွဲ့ကို ချီးမြှင့်ခဲ့သည်။

ဆရာကြီးရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများ

၁။ အမ်အေ (ပညာရေး)ဘွဲ့ကျမ်း "A Survey of the History of Education in Burma (Myanmar) Before the British Conquest and After (1929)"

၂။ Poetry for Pleasure (၁၉၄၂) ထင်ရှားသော အင်္ဂလိပ်ကဗျာ (၆၈)ပုဒ်ကို ရွေးချယ်စုစည်းထားပြီး၊ ကဗျာတစ်ပုဒ်ချင်းအတွက် ဆက်စပ်အဖြေများ၊ ရှင်းလင်းချက်များ၊ လေ့လာမှုလမ်းညွှန်များကို ရေးသားခဲ့သည်။

၃။ Report of the University Organization committee (၁၉၄၇) မြန်မာနိုင်ငံတက္ကသိုလ်ဖွဲ့စည်းရေးကော်မတီတွင် ဦးကောင်း(အတွင်းရေးမှူး) ရေးသားပြုစုခဲ့သော အစီရင်ခံစာ၊

၄။ Report on Education in Burma (Myanmar) before Independence and after Independence (၁၉၅၃) လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေး ရပြီးကာလ မြန်မာနိုင်ငံ၏ ပညာရေးကွာခြားလာပုံကို ရေးသားထားသော အစီရင်ခံစာ၊

၅။ Octennial Report on Education in Burma (Myanmar) (1947-48 to 1954-55) (၁၉၅၆)။ ဦးကောင်းပညာမင်းကြီးအဖြစ်အမှုထမ်းစဉ်ရေးသားထားသော မြန်မာနိုင်ငံပညာရေး (၈)နှစ် အစီရင်ခံစာ၊

၆။ ၁၉၅၅-၅၆ ခုနှစ် မြန်မာနိုင်ငံပညာရေးတိုးတက်မှုအစီရင်ခံစာ၊

၇။ မြန်မာကျောင်းများတွင် စာစီစာကုံးသင်ကြားနည်းကို ရန်ကုန်အစိုးရ အထက်တန်းကျောင်းဆရာကြီးအဖြစ် အမှုထမ်းစဉ်က ရေးသားခဲ့သည်။

အမ်အေဘွဲ့အတွက် သုတေသနပြုရေးသားခဲ့သော အမှတ်စဉ် (၁)ပါ ကျမ်းသည် ဆရာကြီးဦးကောင်း၏ လုပ်ဆောင်ချက်များတွင် အရေးပါသောမှတ်တမ်းတင်သင့်သော ကျမ်းတစ်စောင်ဖြစ်သည်။ ဆရာကြီးကွယ်လွန်ပြီးနောက် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်တွင် ထိုကျမ်းကို အပိုင်းလိုက်ခွဲ၍ ဖော်ပြခဲ့သည်။ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ် အတွဲ (၄၆)၊ အပိုင်း (၂)တွင်မူ ဆရာကြီး၏ ကျမ်းတစ်စောင်လုံးကို သီးခြားဖော်ပြခဲ့သည်။

အဆိုပါကျမ်းကို ပညာရေးဌာနမှ ဦးခင်မောင်ကြည်က မြန်မာဘာသာသို့ပြန်ဆို၍ "ဗြိတိသျှတို့ မသိမ်းပိုက်မီနှင့် သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံ ပညာရေးသမိုင်း" အမည်ဖြင့် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် စာအုပ်ထုတ်ဝေခဲ့သည်။

ဆရာကြီးဦးကောင်းသည် မြန်မာနိုင်ငံတက္ကသိုလ်ဖွဲ့စည်းရေးကော်မတီအတွင်းရေးမှူး ၁၉၄၆-၄၇၊ ယူနက်စကိုပညာရေးမစ်ရှင်အဖွဲ့၏ အကြံပေးအရာရှိ ၁၉၅၀-၅၁၊ မြန်မာနိုင်ငံ ပညာရေးစုံစမ်းလေ့လာရေးမစ်ရှင်ခေါင်းဆောင် ၁၉၅၁-၅၂၊ ပညာရေးပြန်လည်ဖွဲ့စည်းရေးကော်မတီအဖွဲ့ဝင် ၁၉၅၂၊ စက်မှုလက်မှုစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကော်မတီဥက္ကဋ္ဌ

၁၉၅၄-၅၅၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ၁၉၅၄၊ မြန်မာ့စွယ်စုံကျမ်း ပြုစုရေးသုခမိန်အဖွဲ့၊ အဖွဲ့ဝင်၊ မြန်မာနိုင်ငံဘာသာပြန် စာပေအသင်း၊ ဝေါဟာရဘဏ်သုခမိန်အဖွဲ့၊ အဖွဲ့ဝင်စသည့် တာဝန်များကို ဆောင်ရွက်ခဲ့သည်။ ဆရာကြီးစည်သူ ဦးကောင်းပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများ သည် နိုင်ငံနှင့်လူမျိုးအတွက် အထူးအရေးကြီးသည့် အဖွဲ့ အစည်းများဖြစ်ပေသည်။ ဤအဖွဲ့အစည်းများ၏ လုပ်ငန်း အောင်မြင်ရေးအတွက် ဆရာကြီးသည် ထူးချွန်စွာ ဆောင်ရွက်ခဲ့သည်။

ဆရာကြီးဦးကောင်းသည် ဘဝတစ်လျှောက် နိုင်ငံ ၏အကျိုး၊ ပညာရေးလောကအကျိုးကို အဘက်ဘက် မှ သယ်ပိုးဆောင်ရွက်ခဲ့သည်။

ကံကြမ္မာ၏ အကျိုးဆက်ကြောင့် ဆရာကြီးသည် (၁၉-၂-၅၇) ရက်နေ့တွင် အိန္ဒိယနိုင်ငံ ကာလကတ္တား မြို့၌ နိုင်ငံတော်တာဝန် (ပညာရေးတာဝန်) ထမ်းဆောင် ရင်း ယာဉ်တိုက်ခံရ၍ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဆရာကြီး ကွယ်လွန်စဉ်က အသက် ၅၂ နှစ်သာရှိသေး သည်။ (၁၉၃၆) ခုနှစ်၌ အိမ်ထောင်ပြုခဲ့သူ ဇနီး ဒေါ်သိန်း၊ သားကြီး ဦးသော်ကောင်း (ဖုကုအိုက အာရှ ဓလေ့ပညာရှင်ဆုရရှိသူ ဒေါက်တာဦးသော်ကောင်း)၊ သမီးကြီး ဒေါက်တာဒေါ်ကြည်မေကောင်း (ဘောဂ ဗေဒပါရဂူ)နှင့် သမီးငယ် ဒေါ်ရီမေကောင်း (ဝါဏိဇ္ဇ ဗေဒ) တို့ ကျန်ရစ်ခဲ့သည်။

ဒေါ်အေးမြင့် (ပညာတန်ဆောင်)

**ကမ္ဘာ့ဆရာများနေ့**။ ။၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများ နေ့ (World Teachers' Day) အထိမ်းအမှတ်အခမ်း အနားကို ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတု ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက အရေးအတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများရရှိခဲ့ကြ သော အခြေခံပညာကျောင်းသားကျောင်းသူလေးများ က 'မြတ်ဆရာ'သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ် သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။

'ဆရာ'ဟူသည့် မြင့်မြတ်သော ဂုဏ်ပုဒ်ကို အလေး အမြတ်ပြု၍ ဆရာများ၏ အခွင့်အလမ်းနှင့် အခြေ အနေများကို မြှင့်တင်ပေးရန်ဟူသည့် မွန်မြတ်မြင့်မား သော ရည်မှန်းချက်များနှင့်အညီ 'ကမ္ဘာ့ဆရာများနေ့' အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဂုဏ်ပြုကျင်းပ ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ကမ္ဘာ့ဆရာများနေ့ အခမ်းအနား များကို နှစ်စဉ်ဂုဏ်ပြုကျင်းပနေခြင်းသည် ကောင်းမြတ် သော နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများတွင် တာဝန် ကျေပွန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်ပေးခြင်းဖြစ် သကဲ့သို့ မြတ်သောဆရာများကို လေးစားဂုဏ်ပြုကြ သည့် မြန်မာ့ရိုးရာမင်္ဂလာမှုတစ်ရပ်ကို ဖော်ဆောင် မြှင့်တင်ပေးခြင်းလည်းဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် 'ဆရာ'ဟူသည့် ဂုဏ်ဒြပ် မှာ မြင့်မြတ်သော အရည်အသွေးများနှင့် တရားကိုယ် အားဖြင့် ပြည့်စုံထားပြီးဖြစ်သည်ဟု ခံယူထားကြသည်။ မိဘနှစ်ပါးကို ပုဗ္ဗစရိယလက်ဦးဆရာဟူ၍ တန်ဖိုးထား သတ်မှတ်ကြသကဲ့သို့ ဆရာများကိုလည်း ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် တစ်ဂိုဏ်းတည်းထား ရိုကျိုးကော်ရော် ပူဇော်ကြခြင်းသည် မြန်မာနိုင်ငံတည်းတွင်သာရှိသည့် အလွန်လေးစားမြတ်နိုးဖွယ်ကောင်းသော အစဉ်အလာ ဓလေ့တစ်ရပ်ပင်ဖြစ်သည်။

ဆရာများသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် လေးစား ထိုက်သည့် ဩဇာတိက္ကမရှိသူများအဖြစ် အလေးပေး နေရာထားခံကြရသကဲ့သို့ ရပ်ရွာ၏ စံနမူနာပြပုဂ္ဂိုလ်များ ဖြစ်စေရန်လည်း မျှော်လင့်ထားကြသည်။ ထို့ပြင် ဆရာ များအနေနှင့် မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူ များကို စာပေပညာတတ်မြောက်ရုံမျှမက လိမ္မာရေးခြား ရှိအောင် ယဉ်ကျေးသိမ်မွေ့အောင်၊ စာရိတ္တကောင်းမွန် အောင် သွန်သင်ဆုံးမလမ်းမှန်ညွှန်ပြနိုင်သူများအဖြစ် လည်း အားထားယုံကြည်လေ့ရှိကြသည်။ ထို့ကြောင့်




၂၀၀၅ ကမ္ဘာ့ဆရာများနေ့ ပို့စကတ်မှ မအေးဝတီကိုကို၏ ပန်းချီနှင့် မောင်လင်းကြည်၏ ကဗျာ

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဟူ သည့် ဂုဏ်ဒြပ်နှင့် အတူ ဆရာ့ကျင့်ဝတ်နှင့် ဝတ္တရားများပါ ယှဉ်တွဲဖြစ်ထွန်းလျက်ရှိနေသည်။

နိုင်ငံတော်အစိုးရအနေနှင့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများဖြင့် ပညာအရည်အသွေးတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပညာရေးတွင် ပဓာနကျသည့် ဆရာများ၏ အခန်းကဏ္ဍကိုသာမက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသော ဆရာများ၏ ရှေ့ဆောင်လမ်းပြနိုင်မှု အရည်အသွေးနှင့် ဂုဏ်ဒြပ်တို့ကိုပါ အလေးထားထည့်သွင်းစီမံဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် "Quality Teachers for Quality Education; Training for a Stronger Teaching Force" (ပညာရည်မြင့်မားရေးဆရာ့အရည်အသွေးမြှင့်တင်ပေး၊ သင်ပြစွမ်းအင်တို့အားအင်အစဉ်လေ့ကျင့်စွမ်းအားမြှင့်)ဟူသည့် ဆောင်ပုဒ်ကို သတ်မှတ်ထားသည်။ အရည်အသွေးပြည့်ဝသော ပညာရေးကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အချင်းပြည့်မီသည့် ဆရာများလိုအပ်ကြောင်း၊ သင်ကြားမှုစွမ်းအားပိုမိုတောင့်တင်းခိုင်မာလာစေမည့် လေ့ကျင့်မှုများ လိုအပ်ကြောင်း ဖော်ညွှန်းထားခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကဏ္ဍကဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ကြီး ၁၀ ရပ်၌ တတိယလုပ်ငန်းစဉ်အဖြစ်ပါဝင်သည့် 'အခြေခံပညာအရည်အသွေးမြင့်မားရေးလုပ်ငန်းစဉ်'တွင် 'ဆရာအတတ်ပညာဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်'ကို ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိသည်။

ပညာသင်ယူမှုအခွင့်အလမ်းတိုးတက်မြင့်မားလာရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ တိုးပွားလာသကဲ့သို့ အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ တိုးတက်မွေး

ထုတ်ပေးနိုင်ရေးအတွက် ဆရာအတတ်သင်ပညာရေး ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ထူထောင်ပြီး ဆရာအတတ်သင်ဘွဲ့၊ ဒီဂရီသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ် ၃၂ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၃၃,၇၄၇ ကျောင်းသာရှိခဲ့ရာမှ ယခုအခါတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ ခုနှင့် အခြေခံပညာကျောင်းပေါင်း ၄၀,၅၂၅ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ထားပြီးဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်သင်တန်းသား ၁၃၈,၀၀၀ ကျော်နှင့် အခြေခံပညာကျောင်းသားကျောင်းသူ ၅,၂၄၀,၀၀၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၅,၃၇၈,၀၀၀ သာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်သင်တန်းသား ၇,၀၄၈,၀၀၀ ကျော်နှင့် အခြေခံပညာကျောင်းသားကျောင်းသူ ၇,၇၉၀,၀၀၀ စုစုပေါင်း ကျောင်းသားကျောင်းသူ ၁၄၈၃၈၀၀၀ ခန့်အထိ တိုးတက်သင်ယူနေပြီဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ် ဆရာဆရာမ ၆,၅၀၀ ကျော်နှင့် အခြေခံပညာ ဆရာဆရာမ ၁၇၄,၀၀၀ ခန့် စုစုပေါင်း ဆရာဆရာမ ၁၈၀,၅၀၀ ခန့်သာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ် ဆရာဆရာမ ၁၈,၀၀၀ ကျော်နှင့် အခြေခံပညာ ဆရာဆရာမ ၂၄၀,၀၀၀ ကျော် စုစုပေါင်း ဆရာဆရာမ ၂၅၈,၀၀၀ ခန့်အထိ တိုးပွားလာပြီဖြစ်သည်။

နိုင်ငံတော်အနေနှင့် အခြေခံပညာကျောင်းများကို ဒေသအနှံ့ဖွင့်လှစ်ပေးထားသဖြင့် ပျမ်းမျှတစ်မိုင်ခွဲပတ်လည်တွင် အခြေခံပညာကျောင်း တစ်ကျောင်းနှုန်း ဖွင့်လှစ်သင်ကြားပေးနိုင်လျက်ရှိနေပြီဖြစ်သည်။ အခြေခံပညာကျောင်းဦးရေ၏ ၈၉ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ ဖွင့်လှစ်ထားပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ဆရာအတတ်ပညာသင်ကြားပြည့်ဝပြီးသည့် မူလတန်းပြဆရာ ၉၃ ရာခိုင်နှုန်းကျော်ရှိသည့်အပြင် မူလတန်းအဆင့်သင် ဆရာ၊ ကျောင်းသားအချိုးသည် တစ်အချိုး ၃၀ ဒသမ ၄ ရှိနေပြီဖြစ်သည်။

ဆရာအတတ်ပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်က ပညာရေးတက္ကသိုလ်တစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံတစ်ခု၊ ဆရာအတတ်သင်သိပ္ပံလေးခု၊ ဆရာအတတ်သင်ကျောင်း ၁၃ ကျောင်း စုစုပေါင်း တက္ကသိုလ်၊ သိပ္ပံနှင့် ကျောင်း ၁၉ ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ခု၊ ပညာရေးတက္ကသိုလ်နှစ်ခု၊ ပညာရေးကောလိပ် ၂၀ စုစုပေါင်း ပညာရေးတက္ကသိုလ်နှင့် ကောလိပ် ၂၃ ခုအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆရာအတတ်သင် သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည့်အတွက် ပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့စာပေးစာယူသင်တန်း၊ လုပ်ငန်းခွင်အကြို ပညာရေးဘွဲ့သင်တန်း၊ လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းများအပြင် ဘွဲ့လွန်လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာ (DTEC) သင်တန်း၊ ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ (PGDT) သင်တန်း၊ မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ (ပညာရေး) (PGDMA) သင်တန်း၊ မဟာဘွဲ့ရများအတွက် ပညာရေး နည်းပညာ (CET) သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေပြီး မဟာဒသသနပညာရေးဘွဲ့၊ မဟာပညာရေးဘွဲ့နှင့် ပညာရေးပါရဂူဘွဲ့အထိ မြှင့်တင်ဖွင့်လှစ်ပေးလျက်ရှိသည်။

ထိုသို့ ဆရာအတတ်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနေခြင်းဖြင့် ပညာရေးလောကသို့ ဝင်ရောက်မည့် ဆရာဆရာမများအနေနှင့် နည်းလမ်း အသွယ်သွယ်မှတစ်ဆင့် ဆရာအတတ်ပညာ အရည်အသွေးပြည့်ဝမြင့်မားစွာ တိုးပွားရောက်ရှိလာစေလျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ၊ သင်တန်းများ ပိုမိုတိုးပွားလာသည့်အတွက် အရည်အသွေးပြည့်ဝသော ဆရာဆရာမများ ပိုမိုလိုအပ်လျက်ရှိရာ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများကို တိုးမြှင့်ဖွင့်လှစ်ပေးပြီး သုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးတက်လုပ်ဆောင်နိုင်ရေးအတွက်အားပေးဆောင်ရွက်နေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို ဖွင့်လှစ်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် One Campus Multi System စနစ်ဖြင့် တက္ကသိုလ်တည်ရှိရာဒေသများတွင် လိုအပ်နေသည့် ပညာရပ်ဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

ကမ္ဘာနှင့်အဝန်းတိုးတက်ပြောင်းလဲလာသည့် သိပ္ပံနှင့် နည်းပညာများအရ လျှင်မြန်ကျယ်ပြန့်စွာပေါ်ထွန်းလာသော သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများကိုလည်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာဆရာဆရာမများအနေနှင့် ကွန်ပျူတာအပါအဝင် အီလက်ထရွန်နစ်စက်ပစ္စည်းများကို သင်ကြားသင်ယူမှုလုပ်ငန်းတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့်အဆင့်အထိ လေ့ကျင့်သင်ယူကြရပြီး ပညာရေးကဏ္ဍသင်ကြားသင်ယူမှု လုပ်ငန်းများအတွက် အပြည့်အဝရယူအသုံးပြု သင်ကြားပေးနေပြီဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်များတွင် e-Education Learning Centre, Resource Centre, Computer Training Centre နှင့် Language Laboratory Room များ ဖွဲ့စည်းအသုံးပြုလျက်ရှိသကဲ့သို့ အခြေခံပညာကျောင်းများတွင်လည်း Computer Aided Instruction Room, Audio-Visual Room, Language Lab စသည့် မာလ်တီမီဒီယာစာသင်ခန်းများကို ဖွဲ့စည်းအသုံးပြုလျက်ရှိသည်။ ထိုသို့ သင်ကြားသင်ယူမှုအဆင့်ကို မြှင့်တင်ပေးနိုင်ခြင်းဖြင့် ဆရာဆရာမများသည် ကျောင်းသားကျောင်းသူများ၏ ကိုယ်တိုင် လေ့လာသင်ယူမှုများကို ပံ့ပိုးကူညီသူများ၊ ဦးဆောင်လမ်းညွှန်မှုပေးရသည့် Facilitator များအဖြစ် ပြောင်းလဲလာလျက်ရှိနေပြီဖြစ်သည်။

ထို့ပြင် အမျိုးသားပညာရည်မြင့်မားရေးအနှစ် ၃၀ နှစ်ရှည်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို နှစ်စဉ်ပညာရေးနှီးနှောဖလှယ်ပွဲများ ကျင်းပလျက် ဆွေးနွေးသုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ဆရာကြီး ဆရာမကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများ၊ ပညာရှင်ကြီးများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်စေလျက်ရှိသည့်အတွက် ပညာရေးမြှင့်တင်မှုအစီအမံများ ချမှတ်ရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဆရာဆရာမများ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိသည်။ သို့ဖြစ်၍ ဆရာဆရာမများအနေနှင့် နိုင်ငံတကာအဆင့်နှင့်လိုက်လျောညီထွေသည့် ပညာရေးအသိအမြင်များ ပြည့်စုံကြွယ်ဝလာပြီး ပညာရေးလုပ်ငန်းများကို ပိုမိုအကျိုးရှိထိရောက်စွာ တက်တက်ကြွကြွအကောင်အထည်ဖော် ဆောင်ရွက်နိုင်လျက်ရှိပြီဖြစ်သည်။

ယခုကဲ့သို့ အခြေအနေအချိန်အခါကောင်းတွင် ဆရာဆရာမများအနေနှင့် အနာဂတ်ကာလ၌ နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြရမည့် ကျောင်းသားကျောင်းသူလူငယ်များအား ပညာရည်ထူးချွန်သူများအဖြစ်သာမက ကျောင်းသင်ဘာသာရပ်သင်ခန်းစာများတွင် ပါရှိသည့် ပညာရပ်များကို ကျောင်းတည်ရှိရာ ရပ်ရွာဒေသ၏ လူမှုစီးပွားရေးဘဝ၌ ဆက်စပ်အသုံးချတတ်ရန်၊ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ဖွံ့ဖြိုးတိုးတက်လာရန်၊ ဒေသ၏လူမှုစီးပွားရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည့်အထိ ဦးဆောင်နိုင်သူများဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးရေးအတွက် ပိုမိုလိုအပ်လာပြီဖြစ်သည်။

လူ့အဖွဲ့အစည်း၏ အသိမ်မွေ့ဆုံးနှင့် အကြီးမားဆုံးလုပ်ငန်းတာဝန်များကို အပ်နှင်းခြင်းခံရသည့် ဆရာဆရာမများသည် ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ စွမ်းရည်၊ အပြည့်အဝစိုက်ထုတ်ပြီး အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများ၊ ကမ္ဘာ့လူရည်မွန်များပြုစုပျိုးထောင်ရေးလုပ်ငန်းများ တွင် မိမိတို့ဘဝကို နှစ်မြှုပ်အကောင်အထည် ဖော်ဆောင်ရွက်နေသည်ကိုလည်း မိဘပြည်သူများဘက်က အသိအမှတ်ပြု အလေးထားဂုဏ်ပြုကြရမည် ဖြစ်သည်။

နှစ်စဉ်ရက်လရှည်ကြာသည့် ပညာသင်ကာလတစ်လျှောက်လုံးတွင် ဆရာ ဆရာမများ၏ လေ့ကျင့်သင်ကြားမှု စွမ်းရည်များ အစဉ်ထက်မြက်မြင့်မားနေစေရေးအတွက် ဒေသအာဏာပိုင်များ၊ ပညာရေးစေတနာရှင်များ၊ ဒေသခံမိဘပြည်သူများက ဆရာ ဆရာမများ၏ လူမှုဘဝလုံခြုံမှုအပြည့်အဝရရှိစေရန်၊ တာဝန်ကျသည့် ကျောင်းများတွင် ပျော်ပျော်ပါးပါး ပူပင်သောကကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် လက်ရှိအားပေးကူညီပံ့ပိုးပေးလျက်ရှိသည့် အခြေအနေထက်ပိုမိုပြီး မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ ဆရာမအားလုံးကလည်း 'မြတ်ဆရာ'ဟူသော ဂုဏ်ဒြပ်နှင့် လုပ်ငန်းတာဝန်များကို မြင့်မြတ်သော သမ္မာအာဇီဝလုပ်ငန်းအဖြစ် ရွေးချယ်တာဝန်ထမ်းဆောင်သူများပီပီ မြတ်ဆရာဟူသည့် ဂုဏ်ဒြပ်နှင့် လျော်ညီစွာ မိမိတို့ဝန်းကျင်လူ့ဘောင်အဖွဲ့အစည်းတွင် လေးစားအတုယူထိုက်သော စံနမူနာပြပုဂ္ဂိုလ်များအဖြစ် ဆရာ့ဂုဏ်သိက္ခာပြည့်ဝ မြင့်မားစွာ ရပ်တည်နေထိုင်ပြီး မိမိတို့၏ တပည့်ကျောင်းသားကျောင်းသူ လူငယ်များအား လိမ္မာယဉ်ကျေး၍ ပညာဉာဏ်ရည်ထူးချွန်ထက်မြက်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်သော နိုင်ငံ့သားကောင်း၊ သမီးမွန်များဖြစ်လာစေရန် ရင်မှဖြစ်သော သားသမီးများသဖွယ်ပြုစုပျိုးထောင် ပေးကြရမည်ဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့တွင် ဆရာ ဆရာမများသည် ချီးမြှင့်ဂုဏ်ပြုမှုများကို ထိုက်တန်စွာခံယူပြီး အနာဂတ်ကမ္ဘာကို ကောင်းမြတ်မှန်ကန်စွာ ပုံသွင်းပေးနိုင်သူများ၊ ကမ္ဘာကြီး၏ အေးချမ်းသာယာမှုကို ဖော်ဆောင်ပေးနိုင်သူများ၊ ကမ္ဘာ့လူနေမှုဘဝကို မြှင့်တင်ပြောင်းလဲပေးနိုင်သူများ၊ ပိုမိုတိုးတက်သာယာသည့် ဘဝသစ်အဖြစ် ဖော်ဆောင်ပေးနိုင်မည့် အသိပညာတံခါးကို ဖွင့်လှစ်ပေးနိုင်သူများ၊ ကမ္ဘာ့လူသားများ၏ ပညာရေးအရည်အသွေးကို မြှင့်တင်ပေးနိုင်သူများအဖြစ်နှင့် မြတ်ဆရာ၏ သန့်ရှင်းမွန်မြတ်သည့် ကျင့်ဝတ်နှင့် တာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်သာဖြစ်သည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် ယူနက်စကို၊ ယူအင်န်ဒီပီ၊ အိုင်အယ်လ်အိုနှင့် ယူနီဆက်တို့၏ အဖွဲ့ခေါင်းဆောင်များထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကိုလူတိုင်းအတွက် ပညာရေးပေါင်းစပ်ညှိနှိုင်းရေးမှူး အမှတ် (၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို က ဖတ်ကြားသည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက အရေးအတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် အခြေခံပညာကျောင်းသားကျောင်းသူများက 'အိုဘယ့်ဆရာ'သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်သည်။

ဆက်လက်၍ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင် ဆရာကြီးလေးဦးနှင့် ထူးချွန်ဆရာဆရာမသုံးဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ဂုဏ်ထူးဆောင် ဆရာကြီးလေးဦး၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးအရည်အသွေးမြင့်မားရေးတို့အတွက် စွမ်းဆောင်ခဲ့မှုများနှင့် ထူးချွန်ဆရာ ဆရာမသုံးဦးတို့၏ ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် ပညာရေးတက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်ဆရာကြီး ဒေါက်တာခင်မောင်ဝင်း၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်ဆရာကြီးဒေါက်တာမောင်ဒီ၊ အခြေခံပညာဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီးဦးခင်မောင်ဖြူ၊ မြန်မာစာအဖွဲ့ဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဆရာကြီးဦးမောင်မောင်စိုးတင့်တို့အား ဂါရဝပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝေါမြို့နယ် သူရဲသမိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာ ဦးတိုးအောင်နိုင်၊ မုဒုံမြို့နယ် ကမာဝက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အက်စတာခင်၊ ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမဒေါ်မြဒွေးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးတို့က တက္ကသိုလ်ကောလိပ်သိပ္ပံအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်ဆရာဆရာမများဆောင်းပါးပြိုင်ပွဲ

အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၊ ပညာရေးတက္ကသိုလ်ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပညာရေးတက္ကသိုလ် ကောလိပ်အဆင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၊အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဂုဏ်ထူးဆောင် ဆရာကြီးများ၊ ဧည့်သည်တော်များ၊ ထူးချွန်ဆရာ ဆရာမများ၊ ဆုရကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးသည်။

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲအခမ်းအနားကို ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် စိန်ရတုခန်းမ၌ ကျင်းပရာ သဘာပတိများအဖြစ် အငြိမ်းစားပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာကျော်စိန်နှင့် ဒေါက်တာခင်မောင်ဝင်းတို့က ဆောင်ရွက်ကြပြီး အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာက 'မြတ်ဆရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာကျော်ဝင်းက 'ဆရာ့ဘဝ၊ ဆရာ့ဂုဏ်၊ ဆရာ့သိက္ခာ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

**စိုးအောင်**

**ကြည်မြ (ခရစ် ၁၉၁၈-၂၀၀၅)**။ ။ မန္တလေးမြို့မှ ထင်ရှားသောစာရေးဆရာ၊ သတင်းစာဆရာတစ်ဦးဖြစ်သည့် 'ကြည်မြ'ကို မန္တလေးမြို့၊ တရုတ်တန်းရပ်၌ အဘ ဦးစိန်နှင့် အမိ ဒေါ်ရင်တို့က ၁၉၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးမောင်ကြည်ဖြစ်သည်။

မန္တလေးမြို့ရှိ အောင်နန်းရိပ်သာအလယ်တန်းကျောင်း၊ ပေါက်မြိုင် အထက်တန်းကျောင်း ဗဟိုအမျိုး


စာရေးဆရာ
ကြည်မြ

သားအထက်တန်းကျောင်းနှင့် တံတားဦးမြို့ရှိ ဗဟိုနော်မန်ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

ကျောင်းသားဘဝ၊ ၁၉၃၆ ခုနှစ်တွင် မန္တလေးတရုတ်တန်း တို့ဗမာအစည်းအရုံးသို့ဝင်ကာ လွတ်လပ်ရေးလှုပ်ရှားမှုများ၌ ပါဝင်ခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် အင်းဝ၌ ကျောင်းဆရာလုပ်သည်။ ကျောင်းအုပ်မှာ အမ်အေဒေါ်အုန်းဖြစ်သည်။ ၁၉၄၄ တွင် ရန်ကုန်ဗဟန်းသုံးထပ်ကျောင်း၌ ဂျပန်ကင်ပေတိုင်၏ အဖမ်းခံရသည်။ ၁၉၄၄ တွင် မန္တလေးလေယာဉ်ပစ်အမြောက်တပ်၌ သင်တန်းတက်သည်။

မန္တလေး ၁၃၀၀ ပြည့် (၁၉၃၈-၃၉) အရေးတော်ပုံ၌ ကျောင်းသားခေါင်းဆောင်လုပ်ခဲ့သဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏ ဖမ်းဆီးခြင်းကို နှစ်ကြိမ်ခံရသည်။ ဒုတိယအကြိမ်၌ ထောင်ဒဏ်အပြစ်ပေးခံရသည်။ အင်္ဂလိပ်တော်လှန်ရေး၊ ဂျပန်တော်လှန်ရေးများတွင် ပါဝင်ခဲ့ပြီး စစ်ပြီးသောအခါ မန္တလေးခရိုင် ဗမာပြည်လူငယ်များအစည်းအရုံး (ဗလစ)၌ အမှုဆောင်အဖြစ် ၁၉၄၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။

စာစရေးသော စာပေလက်ရာမှာ 'ပြာဖုံးတဲ့နန်း'ဟူသော ကဗျာဖြစ်သည်။ ၁၉၄၅ ခုနှစ်က ရေးခဲ့သည့် ကဗျာဖြစ်သည်။

၁၉၄၆ တွင် သုတဖြန့်ချိရေး (မန္တလေး)က ထုတ်ဝေသော 'သဲ(သည်း)ကြွေလုဖန်' ဟူသည့် လုံးချင်း ဝတ္ထုရှည်

ကို ရေးသားခဲ့သည်။ ထိုစဉ်က ကြည်မြ၏ အသက်သည် ၂၅ နှစ် ဖြစ်သည်။

ထို့နောက် ပြည်ညွန့်မဂ္ဂဇင်း၊ ဘဝသစ်ဂျာနယ်၊ ရှုမဝ၊ သွေးသောက်မဂ္ဂဇင်းတို့တွင် မဂ္ဂဇင်းဝတ္ထုနှင့် ကဗျာများ ရေးသည်။ ထိုစဉ်မှာ 'ပြည်ညွန့်' မဂ္ဂဇင်းတွင် အယ်ဒီတာ ဝင်လုပ်လိုက်သေးသည်။ ထို့အတူ ရောင်နီဂျာနယ်နှင့် မန္တလေးဂျာနယ်တို့တွင်လည်း အယ်ဒီတာဝင်လုပ်ဖူးသည်။

၁၉၄၉ တွင် ဒေါ်မြမြတည်ထောင်သည့် တိုင်းချစ် အလွတ်ပညာသင်ကျောင်းတွင် ကျောင်းဆရာဝင်လုပ် ရင်း မြန်မာ့လမ်းစဉ်သတင်းစဉ်၌ ၁၉၅၇ ထိ ညအယ်ဒီ တာလုပ်သည်။ ထိုစဉ်က ကြည်မြရေးခဲ့သည့်ဝတ္ထုတို များမှ ဂွဂျာနယ်တွင် ပါဝင်သည့် ဩော်. . . စီးကရက်၊ ဘဝသစ်ဂျာနယ်တွင်ပါဝင်သည့်'ဩော်. . . ဒီမို ကရေစီ'၊ ပြည်ညွန့်မဂ္ဂဇင်းတွင်ပါဝင်သည့် 'ကယ်ဖူးတယ်'တို့မှာ စာပေလောကတွင် ထင်ရှားသည်။ ရေးခဲ့သည့် ကဗျာ များမှ 'အတက်နဲ့အဆင်း' နှင့် 'ဒီတချီတော့' ကဗျာများက ထင်ရှားသည်။

၁၉၅၉ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံ၌ ကျင်းပသော အာရှအာဖရိက စာရေးဆရာညီလာခံသို့ စာရေးဆရာ များဖြစ်ကြသည့် စိန်ခင်မောင်ရီ၊ ဒေါင်းနွယ်ဆွေ၊ ကိုဘဝင်း၊ တက္ကသိုလ်မြတ်သူ၊ ဇေယျ၊ ကိုသာညွန့်တို့ နှင့်အတူ တက်ရောက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် မိမိဆန္ဒအရ တရားရိပ်သာ တစ်ခုသို့ ဝင်ပြီးဒုလ္လဘရဟန်းခံသည်။ လူထွက်လာ သောအခါ ဗဟိုရ်စည်သတင်းစာ၌ ရိပ်သာတွင်နေခဲ့စဉ် က အတွေ့အကြုံကို အပတ်စဉ်ရေးသားပြီး မဟာ အောင်မြေမှ သံသရာတိုက်ပွဲအမည်ဖြင့် ဘာသာရေး ပေါင်းချုပ်စာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၅၂ ခုနှစ်တွင် 'သက်ထား' ဟူသော လုံးချင်း ဝတ္ထုရှည်တစ်အုပ်ကိုလည်း ရေးသားခဲ့ရာ ၎င်းကို 'သက်ထားဆိုသော မိန်းမချော'ဟူသော ခေါင်းစဉ်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ထိုအခါကာလက ကြည်မြသည် ရုပ်ရှင်ဇာတ်ညွှန်းများကိုလည်း ရေးသားခဲ့သေးသည်။

တော်လှန်ရေးအစိုးရတက်လာသောအခါ တော်လှန် ရေးကောင်စီ၏ အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်သည်။ ထို့နောက် မန္တလေးအရှေ့မြောက် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံ ရသည်။ လွှတ်တော်တွင် ပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင်အဖြစ် (၁၉၇၄၊၁၉၇၈) ရွေးချယ်တင်မြှောက် ခြင်းခံရသည်။

ကြည်မြသည် နိုင်ငံတော်၏ လွတ်လပ်ရေးမော်ကွန်းဝင် နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ကို ချီးမြှင့်ခံရသည်။

ကြည်မြသည် မကွယ်လွန်မီအထိ မဂ္ဂဇင်း၊ ဂျာနယ် များတွင် ကဗျာနှင့် ဝတ္ထု၊ ဆောင်းပါးများစွာကို ပေဖူး လွှာ၊ ချယ်ရီ၊ မဟေသီမဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ၂၀၀၅ ခုနှစ် မေလ ၂၇ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

နွေသင်နိုင်

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၀၅)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြ သည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့် နယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကေသရ၊ ဘဒ္ဒန္တ

သက်တော် (၉၀)၊ သိက္ခာတော် (၇၁)ဝါ

အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မြိတ်မြို့ ရွှေတောင်ကျောင်းတိုက် ပဓာနနာယက

(၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့၌ ပျံလွန် တော်မူသည်။)

ကေသဝ၊ ဘဒ္ဒန္တ

သက်တော် (၆၈)နှစ်၊ သိက္ခာတော် (၄၈)ဝါ

စူဠဂန္ထဝါစကပဏ္ဍိတ၊ မိုးနဲမြို့ အောင်မြေဘုံသာစာသင် တိုက် သာသနပါလကျောင်း ပဓာနနာယက

(၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်နေ့၌ ပျံလွန်တော် မူသည်။)

ကောလိတ၊ ဘဒ္ဒန္တ
သက်တော် (၁၀၀)၊ သိက္ခာတော် (၈၀)
လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် ကြံခင်းကျောင်း ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောသလ္လ၊ ဘဒ္ဒန္တ
သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၆၅)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နွားထိုးကြီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဖလံကုန်းဘုန်းတော်ကြီးကျောင်းသင်ပညာရေးကျောင်းနာယက၊ ဖလံကုန်းဆူးရစ်ကုန်းကြာပွင့်ကျေးရွာ သန္တာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဂန္ဓမာနန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဆဋ္ဌသံဂီတိကာရကပါဠိဝိသောဓက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဝမြို့နယ် ဆပ်သွားအလယ်ရွာပရိယတ္တိပါရဂူစာသင်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စာရိတ္တ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၁)ဝါ
ကလေးမြို့ မြို့မပရိယတ္တိစာသင်တိုက်ဩဝါဒါစရိယ၊ သက်တော်ရှည်ပန်းတောင်ဆရာတော်ကြီး
(၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇဝနာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကြို့ပင်ကောက်မြို့ ဇဝနာဘိဝံသာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇာဂရိယ၊ ဘဒ္ဒန္တ
သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၂)ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဒ္ဓဇဓမ္မာစရိယ၊ မော်လမြိုင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဟောင်း၊ မော်လမြိုင်မြို့ ပိဋကတ်တိုက်ကျောင်း စာသင်တိုက် အုပ်စု ၂ ပထမစာချ ဆရာတော်
(၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဇောတိကာလင်္ကာရ၊ ဘဒ္ဒန္တ
သက်တော် (၇၄)နှစ်၊ သိက္ခာတော် (၅၄)ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ ကျိုက်ထိုမြို့ ရတနာမာန်အောင်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏ၊ ဘဒ္ဒန္တ
သက်တော် (၆၈)နှစ်၊ သိက္ခာတော် (၄၈)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကျိုင်းတုံမြို့နယ် သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ ကျိုင်းတုံမြို့ တပ်ဦးစိန်ပန်းကျောင်း ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏစာရ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကောလင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကောလင်းမြို့ ကျောင်းသစ် ကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တာမွေမြို့နယ် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တေဇနိယ၊ ဘဒ္ဒန္တ
သက်တော် (၄၆)နှစ်၊ သိက္ခာတော် (၂၆)ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ မော်ဘီမြို့နယ် အင်းလျက်အုပ်စု သာသနာ့ဝန်ဆောင်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တေဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၉၆)နှစ်၊ သိက္ခာတော် (၇၇)ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝမြို့နယ် ကုလားပြင်ကျေးရွာ မဟာဗောဓိဓမ္မဝိဟာရကျောင်းတိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဓမ္မပါလိတ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အလုံမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ၊ အလုံမြို့နယ် သဒ္ဓမ္မဝံသာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဓမ္မပိယ၊ ဘဒ္ဒန္တ
သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ မြောင်းမြမြို့ ဇေယျမေဒနီစာသင်တိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နရိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါ
မဟာဂန္ထဝါစကပဏ္ဍိတ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ဝိနည်းဓိုရ်၊ ပြည်မြို့နယ် ဝိနည်းဓိုရ်၊ ပြည်မြို့ ရတနာပါဒ ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၌ ပျံလွန်တော်မူသည်။)

နရိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကောလင်းမြို့နယ် ဩဝါဒါစရိယ၊ ကောလင်းမြို့ ဆင်ကုန်းကျောင်းတိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာနန္ဒာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနာ့ဇောတိကရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယပါဠိပါရဂူ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမပါဠိတက္ကသိုလ် (အရှေ့တိုက်) မဟာထေရာဝါသတိုက် စာချဆရာတော်
(၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာလင်္ကာရ၊ ဘဒ္ဒန္တ
သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၃)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်သံဃသမ္မုတိရ၊ စစ်တွေမြို့ ရွှေစေတီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် တိုက်အုပ်ဆရာတော်
(၁၃၆၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၇၁)နှစ်၊ သိက္ခာတော် (၅၁)ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ငပုတောမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပြင်ခရိုင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပုညသိပ္ပံ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၆)ဝါ
ကမ္မဋ္ဌာနာစရိယ၊ လှိုင်မြို့နယ် ပုညသိရိအောင်ချမ်းသာ ကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပုပ္ဖရမ္မ၊ ဘဒ္ဒန္တ
သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၆၁)ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကျိုက်မရောမြို့နယ်၊ နိတုံကျေးရွာ နိတုံကျောင်းဟောင်း ကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

မေဓိယာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၃)ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဥက္ကဋ္ဌ၊ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် ပဓာနနာယက (နယားဆရာတော်)
(၁၃၆၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ယုဝိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဘုတလင်မြို့ ကြောင်ပန်းတောရတိုက်၊ ဆဋ္ဌမ ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝါယမသာမိ၊ ဘဒ္ဒန္တ
သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၂)ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဧရာဝတီတိုင်းဝိနည်းဓိုရ်၊ မအူပင်မြို့နယ်ဝိနည်းဓိုရ်၊ မအူပင်မြို့၊ ဓမ္မသိပ္ပံ စာသင်တိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝါရိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိစိတ္တ၊ ဘဒ္ဒန္တ
သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာမုနိကုသိုလ်တော် ကျောင်းတော်ကြီး မြတ်စွာဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ် ဣန္ဒြိယာရာမရွှေဂူတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိစိတ္တသိရီ၊ ဘဒ္ဒန္တ
သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ ချမ်းမြသာစည်မြို့နယ် အသောကာရာမတိုက် တိုက်အုပ်၊ မဏိကာရုံကျောင်းတိုက်ဆရာတော်
(၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိဇယ၊ ဘဒ္ဒန္တ
သက်တော် (၉၀) သိက္ခာတော် (၇၁)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့၌ ပျံလွန်တော်မူသည်။)

ဝိမလာစာရ၊ ဘဒ္ဒန္တ
သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၃)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
(၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စ၊ ဘဒ္ဒန္တ
သက်တော် (၅၅)နှစ်၊ သိက္ခာတော် (၃၅)ဝါ
ဂန္ထဝါစကပဏ္ဍိတ၊ ပဲခူးမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက် တိုက်အုပ်စာချ ဒုတိယနာယက
(၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥက္ကံသာစာရ၊ ဘဒ္ဒန္တ
သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ဇီးကုန်းမြို့ ကန်ဦးကျောင်း မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ကဆုန်လကွယ်နေ့၌ပျံလွန်တော်မူသည်။)

အဂ္ဂဓမ္မာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၁)နှစ်၊ သိက္ခာတော် (၆၂)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ တနင်္သာရီတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ထားဝယ်မြို့ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်
(၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အဂ္ဂဝံသာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနာ့ဇောတိကဓဇ၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ မြင်းခြံမြို့ ကိုးဆောင်တိုက် ဇေယျသုခကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အဂ္ဂါလင်္ကာရ၊ ဘဒ္ဒန္တ
သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၉)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မွန်ပြည်နယ်သံဃနာယကအဖွဲ့ (မဟာဒွါရ) ဥက္ကဋ္ဌ၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယအနုနာယက၊ မော်လမြိုင်မြို့ မေဓာဝီကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥတ္တရ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဟောင်း၊ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုဏ္ဍိက၊ ဘဒ္ဒန္တ
သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၅၁)ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဲခူးတိုင်းသံဃနာယကအဖွဲ့ (ငှက်တွင်း) အကျိုးတော်ဆောင်၊ နတ်တလင်းမြို့ စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇)ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မော်လမြိုင်မြို့ ပြည်ကျောင်းပရိယတ္တိစာသင်တိုက်နှင့် လှိုင်းဘွဲ့မြို့နယ် နောင်ဘိုကြီးကျေးရွာ ဝေဠုဝန်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၆)နှစ်၊ သိက္ခာတော် (၅၆)ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အင်းတော်မြို့နယ် စက်ကုန်းကျောင်းဆရာတော်
(၁၃၆၇ ခုနှစ်၊ ဝါဆိုလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

ကုန္ဒက၊ ဘဒ္ဒန္တ
သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မူလဓမ္မာစရိယ၊ ကျိုက်လတ်မြို့ မငေးကျောင်းတိုက် ပဓာနနာယက
(၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

## လူပုဂ္ဂိုလ်များ

ကျော်ညွန့်၊ ဦး
အသက် (၉၀)
စည်သူ၊ သရေစည်သူ၊ ကနေဒါနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး (အငြိမ်းစား)၊ ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်၊ B.Sc (Hons.),B.C.S
(၅-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်ထွတ်၊ ဦး
အသက်(၉၂)နှစ်
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနာတော်ထွန်းကားပြန့် ပွားရေးဦးစီးဌာန၊ အကြံပေးပညာရှင်
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်၊ အမ်၊ ဘီ၊ အေ) နာယက
(၁၉-၁၂-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ကြည်ကြည်၊ ဒေါ် (ယုဝတီခင်ဘုန်းကြည်)
အသက်(၉၀)
စာရေးဆရာမကြီး၊ ယုဝတီကလောင်ရှင်အသင်းဥက္ကဋ္ဌ ဟောင်း၊ ရွှေဂုံတိုင်ဒေါ်ကြည်ကြည် အလွတ်ပညာသင် ကျောင်း ကျောင်းအုပ်ဟောင်း၊ ကုန်းလမ်းပို့ဆောင်ရေး အငြိမ်းစားငွေတိုက်အရာရှိ၊ B.A (၁၉၃၉)
(၂-၅-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ကြည်မြ၊ ဦး (စာရေးဆရာကြီးကြည်မြ)
အသက် (၈၈)နှစ်
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ ပြည်သူ့တရားသူကြီးအဖွဲ့ အဖွဲ့ဝင် (အငြိမ်းစား)၊ ကန်တော့ခံသက်ကြီးစာပေ ပညာရှင်
(၂၇-၅-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်ညွန့်၊ ဦး (စာရေးဆရာကိုအောင်ငွေသိမ်း)
အသက် (၅၆)နှစ်
စာရေးဆရာ၊ အယ်ဒီတာ၊ စာပေဗိမာန်စာမူဆုရှင်
(၂၄-၃-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မောင်မြင့်၊ ဦး (ကာတွန်းဆွေမင်း-စနေဖြူ)
အသက် (၄၉)နှစ်
မြိုင်ရာဇာတွတ်ပီဇာတ်ကောင်ဖြင့်ထင်ရှားသူ၊ ကာတွန်း ဆရာ၊ စာရေးဆရာ၊ တတိုင်းမွှေးကာတွန်းဂျာနယ် အယ်ဒီတာချုပ်
(၁၁-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်အုန်း၊ ဗိုလ်မှူးချုပ် (ငြိမ်း)
အသက် (၈၃)နှစ်
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ပန်းပုပညာရှင်၊ စာရေးဆရာကြီးသုတေသီ ရာမညကိုကိုနိုင်
(၂-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ချစ်ဆွေ၊ စန္ဒရား
အသက် (၇၁)နှစ်
တေးရေး၊ တေးဆို၊ စန္ဒရားပညာရှင် ဂီတစာဆို၊ အမျိုး သားညီလာခံကိုယ်စားလှယ်၊ မြန်မာ့အသံခေတ်ပေါ် တေးဂီတစိစစ်ရေးအဖွဲ့ အဖွဲ့ဝင်၊ ခေတ်ဟောင်းတေးရေး ပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိ မှတ်တမ်းစိစစ်ရေးကော်မတီအဖွဲ့ဝင်
(၁၀-၇-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ချစ်မောင်၊ သခင် (ဝိဓူရ)
အသက် (၉၀)
နိုင်ငံဂုဏ်ရည် (ပထမဆင့်)
(၃-၃-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

စံရင်၊ ဦး (ပန်းချီဆရာကြီး)
အသက် (၇၉)နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)နာယက
(၂၂-၆-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

စန်းမောင်၊ ဦး (စာရေးဆရာကြီးရွှေတည်စံ)
အသက် (၉၀)
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ ဝတ္ထုဆောင်းပါး နှင့် ကဗျာများကို နှစ်ပေါင်း ၅၀ ရေးသားခဲ့သူ
(၂၅-၇-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

စိန်လွင်လေး၊ ဦး (စာရေးဆရာကြီးစိန်လွင်လေး)
အသက် (၇၆)နှစ်
အငြိမ်းစားဗိုလ်မှူး၊ မင်္ဂလာဘိသေကပညာရှင်၊ B.A (Hons.), D.J
(၁၁-၅-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ဇော်ဇော်မောင်၊ ဦး (သရုပ်ဆောင် ပိုးဇော်ဇော်မောင်)
အသက် (၄၀)
ဇာတ်ညွှန်း၊ ဗီဒီယိုနှင့် ရုပ်ရှင်သရုပ်ဆောင်
(၉-၃-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ညာဏ်၊ ဦး (ဇာတ်သဘင်ပညာရှင် ရွှေဒေါင်းညို)
အသက် (၉၅)နှစ်
ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပညာရှင်၊ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးနာယက၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲဗဟိုအကဲဖြတ်ဒိုင်အဖွဲ့ဝင်
(၄-၁၀-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ညွှန့်မောင်၊ ဦး
အသက် (၇၀)နှစ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အငြိမ်းစားဒုတိယဝန်ကြီး
(၁၅-၅-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

တင်ညွှန့်၊ ဦး (ရုပ်ရှင်မင်းသားကြီးတင်ညွှန့်)
အသက် (၈၆)နှစ်
ရုပ်ရှင်မင်းသားကြီး၊ ရုပ်ရှင်ဒါရိုက်တာ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက
(၂၅-၁၂-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

တင်ဝင်း၊ ဒဂုံ
အသက် (၆၄)နှစ်
သီဟသုဓမ္မမဏိဇောတဓရ၊ ဝဇီရာပြဇာတ်ဒါရိုက်တာ
(၂၂-၉-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

တင့်ရီ၊ ဦး
အသက် (၈၃)နှစ်
သဒ္ဓမ္မဇောတိကဓဇ၊ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန ကမ္ဘာ့ဌာနစရိယ၊ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်ရုံး အငြိမ်းစားညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းအငြိမ်းစားကထိက
(၂၇-၁၂-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

တင့်လွင်၊ ဦး (ကာတွန်းသော်က)
အသက် (၆၆)နှစ်
ကာတွန်းဇာတ်ကောင် 'အရိုင်း'ဖြင့် ထင်ရှားသူ
(၁၉-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ထွန်းမြင့်၊ ဦး (ကဗျာဆရာ တက္ကသိုလ်မင်းမော်)
အသက် (၇၂)နှစ်
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာဗေဒဌာနပါမောက္ခဌာနမှူး (အငြိမ်းစား)၊ ဂုဏ်ထူးဆောင်ပါမောက္ခ၊ M.A, M.Phil (London)
(၂၀-၃-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ထွန်းဝေ၊ ဦး (ရုပ်ရှင်မင်းသားကြီး)
အသက် (၈၅)နှစ်
၁၉၅၇ ခုနှစ်တွင် ဗိုလ်မြဒင် ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု (အကယ်ဒမီ)၊ ၁၉၅၉ ခုနှစ်တွင် ကကြိုးရေက ရုပ်ရှင်ဇာတ်ကားဖြင့် အကယ်ဒမီ၊ ၁၉၈၃ ခုနှစ်တွင် တတိယအရွယ်၏ ဒုတိယဝေဒနာ ရုပ်ရှင်ဇာတ်ကားဖြင့် ဇာတ်ပို့ဆု (အကယ်ဒမီ) ရရှိသူ
(၁၃-၈-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

နီဝင်းထွန်း၊ ဦး
အသက် (၆၆)နှစ်
ရုပ်ရှင်ဒါရိုက်တာ
(၈-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

နေဝင်း၊ ဦး (ဂန္ထဝင်မောင်ဝိုင်း)
အသက် (၆၀)နှစ်
စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာနှင့် ရုပ်ရှင်ဒါရိုက်တာ၊ B.A, M.A, R.L
(၁၆-၈-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

နိုင်ထင်
အသက် (၈၄)နှစ်

မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ
(၁၄-၃-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

မိမိခင်၊ ဒေါ်
အသက် (၆၉)နှစ်
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန် (ပထမဆင့်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်နာယက၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝေါက်သီးရိုက်အဖွဲ့ချုပ် အမျိုးသမီးဝေါက်သီးရိုက်အသင်းဥက္ကဋ္ဌဟောင်း
(၉-၁၂-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်ခ၊ ဒေါက်တာ
အသက် (၉၀)နှစ်
ရန်ကုန်တက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်၊ အငြိမ်းစားရူပဗေဒပါမောက္ခ၊ M.Sc (London), Ph.D (London), DIC, FR Met S (London)
(၁၅-၂-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်မိုး၊ ဦး (စာရေးဆရာကြီး တက္ကသိုလ်ညိုညိုလေး)
အသက် (၈၇)နှစ်
မြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန အငြိမ်းစား တာဝန်ခံစာတည်း၊
စမ်းချောင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ
(၂၉-၁၀-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

လှိုင်ကြွယ်၊ ဦး (ကာတွန်းမောင်ဝဏ္ဏ)
အသက် (၆၁)နှစ်
သမိန်ပေါသွပ်၊ အာဖျံကြီးကာတွန်းဇာတ်ကောင်များရေးဆွဲ၍ ထင်ရှားသူ၊
မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်ကော်မတီဝင်၊ B.Econ (P.D)
(၁၀-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းဖေ၊ ဦး (စာရေးဆရာ ဝင်းဖေဝင်း)
အသက် (၆၂)နှစ်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် (ပြည်တွင်း)
အငြိမ်းစားတာဝန်ခံစာတည်း
(၁၃-၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းနိုင်၊ ဦး
အသက် (၆၇)နှစ်
ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ၊ ၁၉၉၃ ခုနှစ်တွင် သီတာခုနစ်တန် ရုပ်ရှင်ဇာတ်ကားဖြင့် ဒါရိုက်တာဆု (အကယ်ဒမီ) ရရှိသူ
(၁၈-၉-၂၀၀၅ ရက်နေ့၌ ကွယ်

သာကျော်၊ ဦး
အသက် (၈၅)နှစ်
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဥက္ကဋ္ဌ
(၉-၅-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

သာလှ၊ ဒေါက်တာ
အသက် (၉၃)နှစ်
ရန်ကုန်တက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်၊ အငြိမ်းစားဘူမိဗေဒ ပါမောက္ခ၊ Ph.D (London)
(၁၆-၉-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

သောင်းထိုက်၊ ဦး (စာရေးဆရာကြီးသောင်းထိုက်)
အသက် (၇၈) နှစ်
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ အငြိမ်းစားဒုတိယဗိုလ်မှူးကြီး
(၁၂-၁၀-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းဆွေ၊ ဦး (စာရေးဆရာကြီး မောင်သိန်း)
အသက် (၇၈)နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း အငြိမ်းစား တွဲဖက်ညွှန်ကြားရေးမှူး
(၃-၉-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းထွန်း၊ ဒေါက်တာ
အသက် (၈၃)နှစ်
သမိုင်းပညာရှင်၊ မန္တလေးတက္ကသိုလ် အငြိမ်းစားသမိုင်းပါမောက္ခ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသန

သမိုင်းဌာနနှင့် အရှေ့တိုင်းပညာဌာန အချိန်ပိုင်း ပါမောက္ခ၊ စာအုပ်ပေါင်း ၃၀ ကျော်ရေးသားပြုစုသူ၊ ဂျပန်နိုင်ငံ ဖုကုအိုက ယဉ်ကျေး မှုဆုရှင်၊ B.A (Hons:), M.A, B.L, Ph.D (London), D.Lit (London)
(၃၀-၁၁-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

**သိန်းမောင်၊ ဦး (စာပေဂိတရုပ်ရှင်ပညာရှင် ဦးသုခ)**
အသက် (၉၆)နှစ်
မဟာသဒ္ဓမ္မ (၁၉၉၄)၊ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု (၁၉၉၅)၊ အာဆီယံယဉ်ကျေးမှု ရေးရာဆု (၁၉၉၇)၊ စာပေပါရဂူဘွဲ့ (D.Lit) ရန်ကုန် တက္ကသိုလ် (၂၀၀၁) ချီးမြှင့်ခံရသူ၊ ရုပ်ရှင်ဒါရိုက်တာဆု (၆)ဆုရှင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက၊ ကန်တော့ခံသက်ကြီးစာပေ ပညာရှင်
(၇-၁၂-၂၀၀၅ ရက်နေ့၌ ကွယ်လွန်သည်။)

**စိုးအောင်**

## ကွယ်လွန်သူ ထင်ရှားသော ပုဂ္ဂိုလ်များ (နိုင်ငံတကာ)

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၂၀၀၅ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသလောက် ရှာဖွေစုစည်း ဖော်ပြပါသည်။ အက္ခရာစဉ်လိုက် ဖော်ပြထားပါသည်။

**ကီး၊ ဗူ (၈၄ နှစ်)**

ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏ ကိုယ်ရေးအရာရှိနှင့် လူယုံတော်အဖြစ် ၂၄ နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မြို့ပြအုပ်ချုပ်ရေး အရာရှိ မိဘများမှမွေးဖွားခဲ့ပြီး ပြင်သစ်ကိုလိုနီ ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ကျောင်းသားအရွယ်ကပင် စတင်ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်တော်လှန် ရေး ပြီးဆုံးချိန်တွင် ဟိုချီမင်းနှင့် လက်တွဲမိခဲ့သည်။ ထို တော်လှန်ရေးတွင် ဟိုချီမင်းက ဗီယက်နမ်နိုင်ငံသည် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိကြောင်း ကြေညာခဲ့သည်။ ဗူကီသည် ဟိုချီမင်းသေတမ်းစာရေးသည်ကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပြီး ၁၉၆၅ ခုနှစ်မှစ၍ နောင် လေးနှစ်အကြာတွင် ခေါင်းဆောင်ကြီး ကွယ်လွန်ခဲ့ချိန်အထိ ထိုအရေးကြီးစာရွက်စာတမ်းများကို သူ့ထံတွင် ယုံကြည်အပ်နှံခဲ့သည်ဟု အဆိုရှိသည်။

**ဂို၊ ဂေါ့ဒွန် (၈၅ နှစ်)**

လေဆာဟူသော ဝေါဟာရကို စတင်ကြံဆသုံးစွဲ၍ လေဆာနည်းပညာကို တီထွင်သူ ဖြစ်သည်။ သို့သော် နောက်ဆက်တွဲ အကျိုးကျေးဇူးအများအပြားကို လက်လွှတ် ဆုံးရှုံးခဲ့သည်ဟု ဆိုသည်။ ဖြတ်နိုင်ဂဟေဆက်နိုင်သော အားပြင်းအလင်းတန်း ထုတ်လွှင့်နိုင်မည့် ကိရိယာငယ်တစ်ခု အတွက် ၁၉၅၇ ခုနှစ်တွင် စိတ်ကူးရရှိခဲ့သည်။ ထို စိတ်ကူးကို မှတ်စုရေးချ၍ ၎င်းတို့ကိုနိုတြီမှတ်ပုံ တင်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် သူကမူပိုင် နှင့် တောင်းခံလွှာ မတင်သွင်းမီ ရှေဦး ပုံစံထုတ်လုပ်ရေးရဦးမည်ဟုလွဲမှားယူဆ၍ နှောင့်နှေး နေခဲ့သည်။ ထိုအချိန်တွင် ချားလ်စ်၏ တောင်းနက်စ်နှင့် အာသာရှောလိုးတို့က လေဆာအကြောင်းစာတမ်းကို ထုတ်ဝေခဲ့သည်။ ထို့ကြောင့် တောင်းနက်စ်နှင့် အခြားသိပ္ပံ ပညာရှင်နှစ်ယောက်တို့သည် နိုဗဲဆုကို ဆွတ်ခူးရရှိခဲ့ သည်။ စီးပွားရေးလုပ်ငန်းအများအပြားကို ဆယ်စုနှစ် ပေါင်းများစွာ တရားစွဲဆိုပြီးမှ ဂို့သည် မူပိုင်ခွင့်အတော် များများကို ရရှိခဲ့သည်။ ထိုအချိန်တွင် လေဆာကို တွင်ကျယ် စွာအသုံးချနေလေပြီ။ မူပိုင်ခွင့်အတွက် ဂို့သည် ရာခိုင်နှုန်း ငွေ ဒေါ်လာသန်း ၃၀ ခန့်သာ ရရှိခဲ့သည်။


ဂေါ့ဒွန်ဂို့

**ဂျူးစ်၊ ကျော်ဂျီယန်နာ (၉၂ နှစ်)**

အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးသော "ဖန်ပြွန်သန္ဓေသား"အဲလစ်ဇဘက်ဂျောကားရ်၏ အသက်

ကို သူ၏ခင်ပွန်းဟောင်းဝါဒါဂျုံးစ်နှင့်အတူ စတင်စမ်းသပ် ဖန်တီးခဲ့သည့် မျိုးဗီဇပညာရှင်ဖြစ်သည်။

## စတန်းဘက်၊ လီယို (၉၇ နှစ်)

ဓာတုပညာ ရှင်ဖြစ်၍ ယခုအခါတွင်ကျယ်စွာ သုံးစွဲနေသော စိတ်ပင်ပန်းမှုဖြေဆေး ဗဲလီယမ်ကို ဖော်ထုတ်ခဲ့သူ လည်း ဖြစ်သည်။ ဩစတြီးယားနိုင်ငံတွင် မွေးဖွား၍ ပိုလန်နိုင်ငံတွင် ပညာဆည်းပူးခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဟော့ဖမန်း-လာရိုချဲကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ပြီးမှ အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းခဲ့သည်။ မူပိုင်ခွင့် ၂၄၁ မျိုး ရရှိထားသည်။ စိတ်ငြိမ်ဆေး လစ်ဘရီယမ်၊ အိပ်ဆေးလုံး မိုဂဒန်၊ ဝက်ရူးပြန်ရောဂါဆေးခလိုနိုပင်တို့နှင့် ခွဲစိတ်စဉ် သွေးထွက်မှုကို ထိန်းချုပ်ရန် အာဖိုနက်တို့ကိုလည်း ကြံဆထုတ်လုပ်ခဲ့သည်။

## စလစ်ပါ၊ ဂျက် (၈၁ နှစ်)

စကော့တလန်ယာဒ် စုံထောက်အကျော်အမော်တစ်ဦးဖြစ်သည်။ ၁၉၆၃ ခုနှစ်က ဂလတ်စကိုမှ လန်ဒန်သို့ သွားသောစာပို့ရထားကို လုယက်ခဲ့သော မျက်နှာဖုံးစွပ်ဓားပြများအနက် တစ်ဦးဖြစ်သည့် ရွန်နီဘစ်ဂ်စ်ကို ကမ္ဘာတစ်ဝှမ်းလုံးမြေလှန်ရှာခဲ့သူအဖြစ် ထင်ရှားသည်။ ထိုဓားပြမှုကြီးတွင် စတာလင်



ဂျက်စလစ်ပါ

ပေါင် ၂ ဒသမ ၆ သန်း (ထိုစဉ်က တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၇ သန်းဖိုး) ကို လုယက်သွားခဲ့၍ အုတ်အုတ်ကျက်ကျက်ဖြစ်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရီယိုဒီ ဂျနေးရိုးမြို့တွင် စလစ်ပါသည် ဘစ်ဂ်စ်ကို မတွေ့တာကြာပြီနော်၊ ရွန်နီ' ဟု နုတ်ဆက်၍ ဖမ်းဆီးခဲ့သည်။ သို့သော် ဘရာဇီးအရာရှိများက တရားခံကို အင်္ဂလန်သို့ပို့ပေးရန် ငြင်းဆန်ခဲ့၍ ပြန်လွှတ်ပေးခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင်မှ ဘစ်ဂ်စ်က ကိုယ်တိုင် လာရောက်အဖမ်းခံခဲ့သည်။

## တော့တီ၊ အင်ဒရူး (၈၉ နှစ်)

မဲဝက်စ်ထ် လေသွင်းအသက်ကယ်အင်္ကျီကို တီထွင်ခဲ့သူဖြစ်သည်။ ထိုအင်္ကျီဝတ်ထားသူသည် ဝမ်းဗိုက်စူဖောင်းနေသော ရုပ်ရှင်သရုပ်ဆောင် မဲဝက်စ်ထ်နှင့်တူသည်ဟုဆိုကာ ထိုအမည်တွင်ရစ်ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင် ပစ်ချခံရသော မဟာမိတ်လေယာဉ်မှူးအများအပြား အသက်ဘေးမှ ကင်းလွတ်စေခဲ့သည်။ ထိုလေယာဉ်မှူးများတွင်ပါဝင်သော ဂျော့အိတ်ချ်ဒဗလျူဘွတ်ရှ် (နောင်တွင်အမေရိကန်သမ္မတ)က တော့တီကို လူသိရှင်ကြား ကျေးဇူးတင်စကားပြောကြားခဲ့ဖူးသည်။

## ဒီလော်ရီယန်၊ ဂျွန် (၈၀ နှစ်)

ဂျင်နရယ် မော်တာကားကုမ္ပဏီ အမှုဆောင်အရာရှိဖြစ်ခဲ့ပြီးမှ ကိုယ်ပိုင်ကုမ္ပဏီထူထောင်ခဲ့ပြီး ဒီလော်ရီယန်ပြိုင်ကားများကို တီထွင်ထုတ်လုပ်ရောင်းချခဲ့သူဖြစ်သည်။



ဂျွန်ဒီလော်ရီယန်

ယခုအခါ ကားစုဆောင်သူတို့အကြိုက်တွေ့သော ပြိုင် ကားများဖြစ်သည်။ ကားစင်းရေ ၈,၉၀၀ မျှသာ ထုတ်လုပ်ပြီး ကုမ္ပဏီသည် လျှင်မြန်စွာပျက်သွားခဲ့သည်။ ကုမ္ပဏီ၏ ယိုယွင်းနေသော ဘဏ္ဍာရေးကို အဖတ်ဆယ်ရန် မူးယစ်ဆေးဝါးကုတ်ကင်း ဒေါ်လာ ၂၄ သန်းဖိုး ရောင်းချသည်ဟူသော စွဲချက်ဖြင့် ဖမ်းဆီးခံရသည်။ နောက်ပိုင်းတွင် တရားသေလွှတ်ခဲ့သည်။ ထို့နောက် စင်ရော်တောင်ပံသဖွယ် ပင့်တင်ဖွင့်ရသော တံခါးများပါရှိသည့် နှစ်ယောက်စီးသံမဏိပြိုင်ကားကို ထုတ်လုပ်ခဲ့ရာ အရောင်းမတွင်ခဲ့ချေ။ သို့ရာတွင် ၁၉၈၅ ခုနှစ်တွင် "အနာဂတ်သို့ ပြန်သွားခြင်း" ရုပ်ရှင် ကားတွင် ကာလခရီးနှင်မော်တော်ယာဉ်အဖြစ် နာမည်ကျော်ခဲ့သည်။

## ဒေါလ်၊ ရစ်ချက် (၉၂ နှစ်)

စီးကရက် သောက်ခြင်းနှင့် အဆုတ်ကင်ဆာကို ဆက်စပ်ပြသော ပထမဆုံးသိပ္ပံပညာရှင်တစ်ဦးဖြစ်

သည်။ လန်ဒန်မြို့ရှိ ဆေးရုံ ၂၀ တွင် လူနာဆန်းစစ်လေ့လာချက်များပေါ်တွင် အခြေခံသည့် ၁၉၄၉ ခုနှစ်က သူ၏ စူးစမ်းတွေ့ရှိချက်များက မတူကွဲပြားသောလူများတွင် အစဉ်တစိုက်တူညီနေသောတစ်ခုတည်းသော အလေ့အထသည် ဆေးလိပ်သောက်ခြင်းဖြစ်ကြောင်းကို သက်သေပြခဲ့သည်။ ကူးစက်ရောဂါပါရဂူဖြစ်၍ သူ၏တင်ပြချက်များကြောင့် ပိုမိုတိကျခိုင်မာသောလေ့လာချက်များသို့ ဦးတည်စေခဲ့သည်။ သူသည် ဗြိတိသျှဆရာဝန်တစ်စု၏ ရာစုနှစ်ဝက်မျှ လေ့လာချက် တစ်ရပ်ကို ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့သေးသည်။ ဆက်တိုက်ဆေးလိပ်သောက်ခြင်းသည် လူ့သက်တမ်းကို ၁၀ နှစ်လျော့ကျစေခဲ့ပြီး အိုမင်းသည့် အရွယ်မှာပင်ဖြစ်စေ ဆေးလိပ်ဖြတ်လိုက်ခြင်းဖြင့် သိသိသာသာ ပိုမိုအသက်ရှည်နိုင်ကြောင်းကို တွေ့ရှိရသည်ဟု ထိုအစီရင်ခံချက်တွင် ဖော်ပြထားသည်။

**နာကာအုချီ၊ အီဆာအို (၈၃ နှစ်)**

ဂျပန်နိုင်ငံ ဒိုင်အီစူပါမားကက်ကွင်းဆက်ကို စတင်ထူထောင်ခဲ့သူဖြစ်သည်။ ထိုစူပါမားကက်များသည် ဂျပန်နိုင်ငံ၏ အကြီးမားဆုံး လက်လီအရောင်းလုပ်ငန်းဖြစ်လာ၍ အစဉ်အလာဆိုင်ငယ်များနေရာတွင် အစားထိုးဝင်ရောက်ရန် အမေရိကန်လုပ်နည်းလုပ်ဟန်ဖြစ်သော ဈေးနှုန်းလျော့ချရောင်းချသော ဗျူဟာများကို သုံးခဲ့သည်။ မည်မျှပင် လုံ့လထုတ်၍ ဆောင်ရွက်ခဲ့စေကာမူ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း စီးပွားရေးကျဆင်းကာ အမြတ်အစွန်းမရသော ကုမ္ပဏီအများအပြားကို ရောင်းချပစ်ခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် ကုမ္ပဏီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခဲ့ရသည်။

**ပါကျင် (၁၀၀ နှစ်)**

ထင်ရှားသော တရုတ်စာပေပညာရှင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ကွန်မြူနစ်လူ့အဖွဲ့အစည်းမထူထောင်မီခေတ်ကို ဝေဖန်ရေးသားခဲ့သော လူငယ်ပညာတတ်တစ်ဦးဖြစ်ခဲ့သည်။ မြေရှင်ပဒေသရာဇ်စနစ်အကြောင်းကို အပြင်းအထန်ထိုးနှက်ရေးသားသော “မိသားစု” (၁၉၃၁)အမည်ရှိ ဝတ္ထုသည် သူ၏ဆန်းသစ်သောလက်ရာဖြစ်သည်။ ယဉ်ကျေးမှုတော်လှန်ရေးအတွင်း



ပါကျင်

တွင် သူ့ကို တစ်ချိန်ကဂုဏ်ပြုခဲ့ဖူးသော ကွန်မြူနစ်ခေါင်းဆောင်များက သူ့ကို ရှုတ်ချခဲ့သည်။ သို့သော် ၁၉၈၀ ပြည့်လွန်နှစ်များတွင် သူ၏ဂုဏ်သိက္ခာအဆင့်အတန်းကို ပြန်လည်ရရှိခဲ့သည်။ စာတမ်းငယ်အတော်များများကို ရေးသားထုတ်ဝေခဲ့ပြီး တရုတ်နိုင်ငံ စာရေးဆရာအသင်း၏ ခေါင်းဆောင်တစ်ဦးအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

**ပါဂျူး၊ ဖရန့် (၈၄ နှစ်)**

ကြက်မွေးမြူရေးလုပ်ငန်းရှင် ကုဋေကြွယ်သူဌေးကြီးဖြစ်သည်။ ပါဂျူးသည် မိသားစုကြက်ခြံကို ကုန်အမှတ်တံဆိပ်ရ ကြက်မွေးမြူရေးလုပ်ငန်းကြီးအဖြစ်ပြောင်းလဲရန် သူ့သခင်အား ကူညီခဲ့သည်။ ရုပ်မြင်သံကြားအများအပြားတွင် သူ့ကုမ္ပဏီ၏ ကြော်ငြာများကိုတွေ့မြင်နိုင်ပြီး စိတ်ဆတ်သော အမူအရာနှင့် ပါဂျူးက “ကြက်သားနုနုထုတ်ဖို့ လူကြမ်းကြမ်းလိုတာပေါ့” ဟူသောစကားကိုပြော၍ ရောင်းအားမြင့်တက်ခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဒေါ်လာ ၅၆ သန်းဖိုးရောင်းရပြီး ၁၉၉၁ ခုနှစ်တွင် သန်း ၁၂၀၀ ကျော်အထိ ရောက်ရှိသည်။

**ဖေရှောက်တုန်း (၉၄ နှစ်)**

“တရုတ်လယ်သမားဘဝ” နှင့် “မြေဆီမှသည်” စသည့်စာတမ်းများတွင် တရုတ်ကျေးလက်ဘဝကို မှတ်တမ်းမှတ်ရာ အထောက်အထားဖြင့် ပြုစုရေးသားခဲ့ခြင်းအတွက် ကျော်ကြားသော တရုတ်လူမှုသိပ္ပံပညာရှင်နှင့် မနုဿဗေဒပညာရှင်ဖြစ်သည်။ ထူးချွန်ထင်ရှားဆုံး စာရေးအားကောင်းဆုံးပညာရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ တရုတ်နိုင်ငံတွင် လူမှုသိပ္ပံပညာရပ်အတွက် အုတ်မြစ်ချရာတွင် ပါဝင်ကူညီခဲ့သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလကမူ အရင်းရှင်ဝါဒအကျိုးပြုပညာရပ်ကို လေ့လာသည်ဟုဆိုကာ ရှုတ်ချခံခဲ့ရသည်။ နောက်ပိုင်းတွင် ပြန်လည်၍ အသိအမှတ်ပြုခံရပြီး အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် ပါတီအတွင်းရေးမှူးကျန်ဇီမင်း၏ အကြံပေးပုဂ္ဂိုလ် ဖြစ်ခဲ့သည်။

## ဗိုလွန်၊ ယွန်းမစ်ရှယ် (၇၁ နှစ်)

ဗဲလဂျီယန်ဖွားပန်းချီဆရာနှင့်ဂရပ်ဖစ်အနုပညာရှင်ဖြစ်သည်။ နယူးယောက်ကာ၊ အက်စကွိုင်ယာနှင့် တိုင်းမဂ္ဂဇင်းတို့၏မျက်နှာဖုံး များကိုလည်းဖန်တီးခဲ့သည်။ ဗိသုကာပညာ ကိုဆက်လက်သင်ယူ ရန် ဆန္ဒမရှိတော့၍ အသက် ၂၁နှစ်အရွယ် တွင် ဘရပ်ဆဲမြို့ အနီးရှိ ဇာတိမြို့ အွတ်ကဲမှ ထွက်ခွာပြီး ပြင်သစ်နိုင်ငံ ပါရီမြို့သို့ သွားရောက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် အခြေချသောအခါ အောင်မြင်မှုစတင်ရရှိသည်။ အပြောကျယ်သော ရှုမျှော်ခင်းများ ပါဝင်သည့် ပသာဒပြည့်ဝ၍ ဆန်းကြယ် လှပသောပုံများကြောင့် နာမည်ကျော်လာသည်။ တံဆိပ်ခေါင်းများနှင့် မြေအောက်ရထား နံရံပန်းချီကားကြီးများမှသည် ကာတွန်းရုပ်ရှင်ကားများနှင့် ပန်းပုလက်ရာအထိ သူ့လက်ရာနှင့် မကင်းလောက်အောင် ရေးဆွဲဖန်တီးအားကောင်းသူ ဖြစ်သည်။

## ဖာ့ဒ်၊ ဘင်အဗ္ဗဒူအဇစ်အယ်လ်ဆာအွတ် (၈၄ နှစ်)

ဆော်ဒီအာရေဗျနိုင်ငံကို ဒေသဆိုင်ရာနှင့် ပြည်တွင်းအကျပ်အတည်းများကြားက ဆယ်စုနှစ်နှစ်စုအတွင်း



ဟည်ငြိမ်အေးချမ်းစေခဲ့သောဘုရင်ဖြစ်သည်၊ သူ၏ဖအေမတူမအေကွဲညီတော် အိမ်ရှေ့မင်းသားအဗ္ဗဒူလာကို ထီးနန်းလွှဲပေးခဲ့ပြီးဖြစ်သည်။နိုင်ငံ၏ရှေးရိုး ဘင်အဗ္ဗဒူအဇစ်အယ်လ်ဆာအွတ်ဖာ့ဒ်စွဲဝါဒ ဘာသာရေးယုံကြည်သက်ဝင်မှုနှင့် ခေတ်မီနိုင်ငံထူထောင်ရန် လိုလားမှုတို့ကို ထိန်းညှိနိုင်ရန် အားထုတ်ခဲ့ပုံသည် သမိုင်းတင်လောက်သည်။ သူ၏ ဧကရာဇ်နိုင်ငံကို မိုးထိတိုက်များနှင့် ခေတ်မီလှပစေပြီး မက္ကာရှိအစ္စလာမ်ဘာသာ၏ အထွက်မြတ်ဗလီကြီး နှစ်ခုကို တိုးချဲ့ခဲ့သည်။ အမျိုးသမီးများပညာသင်ယူခွင့်ကို လမ်းဖွင့်ပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပထမဆုံးပင်လယ်ကွေ့စစ်ပွဲအတွင်း နိုင်ငံတွင်း အမေရိကန်စစ်သား ငါးသိန်းတပ်စွဲရန် သဘောတူညီခဲ့ခြင်းကြောင့် အခြေခံဝါဒီတို့ကမကျေမနပ်ဖြစ်ခဲ့သည်။

## ယာကော့လက်၊ ယေဂါ (၇၅ နှစ်)

ဂေါ်ဘာချက် ခေတ်ကာလ ရုရှားနိုင်ငံနှင့် မော်စကိုနယူးစ်၏ အယ်ဒီတာဖြစ်သည်။ ပဲရက်စထရွိုင်း ကားပြုပြင်ပြောင်းလဲရေး၏ အာဘော်ကို ဖွင့်ဆိုရှင်းပြတင်ပြခွင့်ရသူအဖြစ် ထင်ရှားသည်။ မော့စကော့စကီယေနိုဗော့စတီ သတင်းစာကို ခေတ်နောက်ပြန်ဆွဲဝါဒဖြန့်ချိရေးယန္တရားအဖြစ်မှ ပြုပြင်ပြောင်းလဲရေးဘက်က ရပ်တည်သော ခံတပ်အဖြစ်သို့ ပြောင်းလဲခဲ့သူအဖြစ် ကျော်ကြားဆုံးဖြစ် သည်။ ၁၉၉၁ ခုနှစ်တွင် နိုင်ငံပိုင် ရုပ်မြင်သံကြား၏ အကြီးအကဲအဖြစ်ဆောင်ရွက်စဉ် ချဲချင်ညာဒေသက လူထုအုံကြွမှုသတင်းတစ်ရပ်ကို ဖော်ပြခွင့်ပြုခဲ့သောကြောင့် သမ္မတယဲ့ဆင်ကသူ့ကိုရာထူးမှ ချက်ချင်းထုတ်ပယ်ခဲ့သည်။

## ယာကော့လက်၊ အလက်ဇန္ဒား (၈၁ နှစ်)

၁၉၈၀ပြည့်လွန်နှစ်များအတွင်း သမ္မတဂေါ်ဘာချက်၏ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုတွင် လက်တွဲလုပ်ဆောင်ခဲ့သူဖြစ်သည်။ ၁၉၄၃ ခုနှစ် တွင် တပ်နီတော်နှင့်အတူ တိုက်ပွဲဝင်ရင်းပြင်းထန်စွာ ဒဏ်ရာရရှိနေခဲ့ပြီးနောက် ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့ရာ လျင်မြန်စွာရာထူးအဆင့်မြင့်မားလာသည်။ ၁၉၆၅ ခုနှစ်တွင် ဝါဒဖြန့်ချိရေးဌာန၏ ခေတ္တအကြီးအကဲဖြစ်လာပြီး ၁၉၇၂ ခုနှစ်တွင် ကနေဒါနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် စေလွှတ်ခြင်းခံရသည်။ ၁၉၈၃ ခုနှစ်တွင် ဂေါ်ဘာချက်နှင့် ယာကာ့လက်တို့ တွေ့ဆုံပြီးနောက် ဂေါ်ဘာချက်၏ယုံကြည်အားထားရသောလက်ရုံးတစ်ဆူဖြစ်လာသည်။ နောက်ပိုင်းတွင် ပေါ်လစ်ဗျူရိုနိုင်ငံရေး ဦးသျှောင်အဖွဲ့ဝင်ဖြစ်လာသည်။

## ရော့ဘလက်၊ ဂျိုးဇက် (၉၆ နှစ်)

ပိုလန်နိုင်ငံဖွား ရူပဗေဒပညာရှင်ဖြစ်သည်။ မန်ဟတ်တန်အဏုမြူဗုံးစီမံကိန်းမှ နုတ်ထွက်ခဲ့ပြီး နျူးကလီးယားစစ်ပွဲကို လူ့ကျင့်ဝတ်အရ ဆန့်ကျင်ခဲ့သူဖြစ်သည်။ ဂတ်ဂဝပ်ရှ်ကွန်ဖရင့်ကို တည်ထောင်ခဲ့ပြီး စစ်အေးခေတ်ကာလအတွင်း နျူကလီးယားဆန့်ကျင်သော သိပ္ပံပညာရှင်များကို စုဝေးစေခဲ့သည်။ အမေရိကန်

နှင့် ဆိုဗီယက်တို့တွင် အစည်းအဝေးများ ကျင်းပ၍ ငြိမ်းချမ်းရေးကို ထောက်ခံဆွေးနွေးခဲ့ကြသည်။ သူ ထူထောင်သောအဖွဲ့၏ကြေညာစာတမ်းကိုအဓိကရေးသား ခဲ့သူဖြစ်ရာ ထိုစာတမ်းတစ်နေရာတွင် “လူလူချင်း စာနာမှုကို နှလုံးသွင်း၍ ကျန်အရေးအရာတို့ကို မေ့ထား လိုက်ပါ” ဟု ဖော်ပြထားသည်။ သူနှင့် ပတ်ဂဝပ်ရှ်အဖွဲ့ သည် ၁၉၉၅ ခုနှစ်တွင် ငြိမ်းချမ်းရေးဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးရရှိခဲ့သည်။

**ရောင်၊ ပါမူလာဗာတီပင်ကက် နာရာဆင်ဟာ (၈၃ နှစ်)**

အိန္ဒိယနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ပြုပြင်ပြောင်းလဲမှုကို ပြတ်သားစွာလုပ်ဆောင်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်းဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှု ကြောင့် နိုင်ငံ၏ စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်ခဲ့ သည်။ ၁၉၉၁ ခုနှစ်တွင် ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီလုပ်ကြံခံ ရပြီးနောက် ရောင်းသည် မူလက အနားယူရန် စီစဉ်ထား ခြင်းကို စွန့်လွှတ်၍ အစိုးရအဖွဲ့ကို ဦးဆောင်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံ၏ နက်ရှိုင်းသော စီးပွားရေးကျပ်တည်း မှုနှင့် အိန္ဒိယနိုင်ငံ၏ ဗလီတစ်ခုအပေါ် ဟိန္ဒူနှင့် မွတ်ဆလင်အဓိကရုဏ်းဖြစ်မှုတို့ကို ငါးနှစ်တာကာလ အတွင်း ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။ အတိုက်အခံ များက ကိုယ်ကျိုးရှာ မသမာမှုကျူးလွန်သူအဖြစ်စွပ်စွဲ သည်ကို ခံခဲ့ရပြီးနောက် ရာထူးမှနုတ်ထွက်ခဲ့သည်။ ၁၉၉၆ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကွန်ဂရက် ပါတီရှုံးနိမ့်ခဲ့ပြီးနောက် ရောင်းသည် ‘အတွင်းလူ’ အမည်ရှိ အိန္ဒိယနိုင်ငံရေးအကြောင်း ကိုယ်ရေးအတ္ထုပ္ပတ္တိ အခြေခံသော လုံးချင်းဝတ္ထုရှည်တစ်ပုဒ်ကို ရေးသားခဲ့ သည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း သူ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းရေးဆွဲရာတွင် ကူညီ ပေးခဲ့သည့် သူ၏ဘဏ္ဍာ ရေးဝန်ကြီးသည် လက်ရှိ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းပင် ဖြစ်သည်။

**ဝီလဆင်၊ ဩဂတ် (၆၀ နှစ်)**

ပူလစ်ဇာပြဇာတ်စာပေဆုကို နှစ်ကြိမ်ဆွတ်ခူးခဲ့ သူဖြစ်သည်။ဆယ်စုနှစ်တစ်စုစီကို ကျောရိုးပြုရေးဖွဲ့သော



ဩဂတ်ဝီလဆင်

သူ၏ပြဇာတ် ဆယ်ပုဒ်အနက် နောက်ဆုံးလက်ရာရေဒီယိုဂေါ့ဖ် ပြဇာတ်စင်တင် သည်ကို ၂၀၀၄ ခုနှစ်က သူတွေ့မြင်ခဲ့ရသည်။ သူ့ပြဇာတ်များတွင် လူမည်းတို့ ၏ အတွေ့အကြုံကို သရုပ်ဖော် သည်။ ၂၀ ရာစုနှစ် အမေရိက တွင် ကျွန်စနစ်၏ အမွေဆိုးကို အာဖရိက- အမေရိကန် လူမျိုးတို့ ဆန့်ကျင်လှုပ်ရှားကြရပုံကိုမီးမောင်းထိုးပြ သည်။ သူ့လက်ရာအများစုသည် သူ၏ဇာတိ ပစ်ဘက် မြို့တွင် ဇာတ်အိမ်တည်သည်။ အချို့ဝေဖန်သူတို့က သူ၏ပြဇာတ်များသည် လူမျိုးရေးကို စူးစိုက်တင်ပြရာ တွင် ထိမိပီပြင်မှုမရှိဟု ထောက်ပြကြသည်။ တစ်ချို့ ကမူ ဝီလဆင်၏ ဇာတ်ပြောစကားနှင့် စိတ်လှုပ်ရှားဖွယ် ရသတို့ကို အမှားအယွင်း၊ အပိုအလိုမရှိဘဲ ကွက်တိ ဖော်ကျူးနိုင်သည်ဟုထောမနာပြုကြသည်လည်းရှိသည်။

**ဝီး၊ ဝီးကင်း (၈၉ နှစ်)**

လူချစ်လူခင်များသော စင်ကာပူနိုင်ငံရေးသုခမိန် ဖြစ်၍ ၁၉၈၅ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ယူခဲ့သူဖြစ် သည်။ ၁၉၉၆ ခုနှစ် တွင် အင်ဒိုနီးရှား နိုင်ငံ၌ သွေးထွက် သံယိုအဓိကရုဏ်းသိမ်း မှု ဖြစ်ပွားပြီးနောက် ဗိုလ်ချုပ်ကြီးဆူဟာ



ဝီးကင်းဝီး

တို့နှင့်တွေ့ဆုံမေးမြန်း ခွင့်ရရှိခဲ့ရာမှ နိုင်ငံတကာတွင် ထင်ရှားသော စာနယ်ဇင်းသမားတစ်ဦးဖြစ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ တောင် ကိုရီးယားနှင့် ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး အဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ထို့နောက် စင်ကာပူနိုင်ငံ၏ စတုတ္ထမြောက် သမ္မတဖြစ်လာခဲ့သည်။

## ဟာနာဒါ၊ မစ်ဆုရု (၅၅ နှစ်)

ရဲရင့်သော ဟန်ပန်၊ တင့်တယ်သော ရုပ်ဆင်းကြောင့် "ဆူမိုမင်းသား"ဟု အမည်တွင်သည့် ဂျပန်ဆူမိုနပန်းချန်ပီယံဖြစ်သည်။ နပန်းပြိုင်ပွဲများတွင် ပထမမြောက် အိုဇေကီတာကာနိုဟာနာအမည်ဖြင့် ယှဉ်ပြိုင်သည်။ အစ်ကိုဖြစ်သူ ဆူမိုဂရင်းချန်ပီယံ ပထမမြောက် ဝါကာနိုဟာနာ၏ နောက်မှ ဒိုယို (ကြိုးဝိုင်း)ထဲသို့ ဝင်လာခဲ့ရာ အသက် ၁၅ နှစ်တွင် တံခွန်စိုက်တန်းသို့ တက်လှမ်းခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အနားယူခဲ့ပြီး ဂျပန်ဆူမိုအဖွဲ့ချုပ်၏ ဒါရိုက်တာဖြစ်လာသည်။



မစ်ဆုရုဟာနာဒါ

## ဟီလမန်း၊ မောရစ် (၈၅ နှစ်)

ကာကွယ်ဆေး ၄၀ ခန့်ကို တီထွင်ထုတ်လုပ်ခဲ့ခြင်းအတွက် ကျော်ကြားသော အဏုဇီဝဗေဒပညာရှင်ဖြစ်သည်။ ၂၀ ရာစုနှစ် သိပ္ပံပညာရှင်များထဲတွင် အသက်အများဆုံးကို ကယ်တင်ပေးခဲ့သူအဖြစ် ထင်ရှားသည်။ မွန်တာနာ လယ်တောတွင် ကြီးပြင်းခဲ့ပြီး သူ၏ ဉာဏ်ရည်ကို ယုံကြည်သောသူ့ အစ်ကိုက သူ့အား ကောလိပ်ကျောင်းသို့တက်ရောက်ရန်အတန်တန်နားချခဲ့ရသည်ဟုဆိုသည်။ မာ့ခ်ဆေးဝါး ကုမ္ပဏီကြီးတွင် ဆယ်စုနှစ်သုံးစုမျှ အမှုထမ်းခဲ့ရာ ယခုမျက်မှောက်ကာလတွင် ကလေးသူငယ်များအတွက် အဆိုပြုထားသော ကာကွယ်ဆေး ၁၄ မျိုးနက် ရှစ်မျိုးကို ဟီလမန်းက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဝက်သက်၊ အသည်းရောင်ရောဂါ အေနှင့်ဘီ၊ ရေကျောက်၊ ပါးချိတ်ရောင်နာ၊ ဦးနှောက်အမြှေးရောင်ရောဂါ ထိုးဆေးများ ပါဝင်သည်။

## အိုဘိုတေ၊ မီလတန် (၈၀ နှစ်)

ယူဂန္ဓာနိုင်ငံကို ၁၉၆၂ ခုနှစ်တွင်ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရရှိအောင် ဦးဆောင်ကြိုးပမ်းခဲ့သူဖြစ်သည်။ ကိုလိုနီခေတ်လွန်တွင်နိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည်။ ယူဂန္ဓာနိုင်ငံတွင် ဂိုဏ်းဂဏခွဲကြီးမားသော ပါတီများ စုစည်းညီညွတ်ရန် ကြိုးပမ်းခဲ့ရာမအောင်မြင်ဘဲ ၁၉၇၁ ခုနှစ်တွင် သူ၏စစ်ဘက်လက်ထောက်အီဒီအာမင်က သူ့ကို ဖြုတ်ချခဲ့သည်။ အာမင်၏ရက်စက်ကြမ်းကြုတ်သော အုပ်ချုပ်မှု ပျက်ပြားသွား၍ ၁၉၈၀ ပြည့်နှစ်တွင် အိုဘိုတေသည် အာဏာပြန်လည်ရရှိခဲ့သည်။ ရွေးကောက်ပွဲ မသမာမှုနှင့် သူ၏ဖိနှိပ်သောအုပ်ချုပ်မှုကြောင့် ရာထူးမှ ပြုတ်ကျခဲ့ပြန်ရာ ၁၉၈၅ ခုနှစ်တွင် ဇမ်ဘီယာနိုင်ငံတွင် ပြည်ပြေးအဖြစ်နေထိုင်ခဲ့ရသည်။

## အက်ပ်စတိုင်း၊ အစ္စရေး (၉၀ နှစ်)

တရုတ်ကွန်မြူနစ်ပါတီကို လှိုက်လှိုက်လှဲလှဲထောက်ခံသော ပိုလန်လူမျိုး စာနယ်ဇင်းသမားဖြစ်သည်။ ပါတီခေါင်းဆောင်အများအပြားနှင့် ရင်းနှီးသည်။ တီအန်ကျင်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့သော ဆိုရှယ်လစ်ဝါဒီဂျူးအနွယ်ဝင်ဖြစ်သည်။ ၁၉၄၄ ခုနှစ်တွင် ပါတီဥက္ကဋ္ဌကြီး မော်စီတုန်းနှင့် တွေ့ဆုံသိကျွမ်းသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ယနေ့တရုတ်ပြည်စာစောင်ကို တည်းဖြတ်ပေးခဲ့သည်။ တရုတ်နိုင်ငံကမပြီးဆုံးသေးသော တော်လှန်ရေးအမည်ရှိစာအုပ်ကို ၁၉၅၇ ခုနှစ်တွင် ရေးသားခဲ့သည်။ တရုတ်နိုင်ငံသားအဖြစ်ခံယူပြီး ယဉ်ကျေးမှုတော်လှန်ရေးအတွင်း အကျဉ်းကျခဲ့စေကာမူ သစ္စာစောင့်သိသော ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့သည်။ ဧပြီလက သူ၏ အသက် ၉၀ ပြည့်မွေးနေ့တွင် သမ္မတ ကျင်တောင်က "တရုတ်နိုင်ငံနှင့် ပြည်သူတို့အပေါ် ရိုးသားဖြူစင်စွာ မေတ္တာထားခြင်းအတွက်" ချီးကျူးခဲ့သည်။

ခြစည်းရိုးကြက်ဆူပင်နှင့် ဘိုင်အိုဒီဇယ်။ ။ လူသားများသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် ယနေ့ခေတ်ကာလအထိ ခေတ်အဆက်ဆက်ကို ကျော်ဖြတ်လာခဲ့ကြရပေသည်။ လူသားဘဝစတင်သည်မှစက်မှုခေတ်မရောက်မီအထိ လူသားတို့သည်လုပ်ငန်းဟူသမျှကို လူ့လုပ်အားသက်သက်ကိုသာ အားကိုးအားထားပြု၍ လုပ်ကိုင်လာခဲ့ကြရသည်။ စက်မှုခေတ်သို့ ကူးပြောင်းရောက်ရှိလာသောအခါတွင်မူ လူ့လုပ်အားပမာဏ အနည်းငယ်စိုက်ထုတ်ရုံမျှဖြင့် ကြီးမားသော လုပ်ငန်းပမာဏများပြီးမြောက်ခဲ့သဖြင့် အထူးအံ့ဖွယ်ဖြစ်ခဲ့ကြရပေသည်။

စက်မှုခေတ်တွင် လည်ပတ်လှုပ်ရှားမှုစွမ်းအင် (ဝါ) စက်မှုစွမ်းအင် (Mechanical Energy) ပေးသော အင်ဂျင်များကို တီထွင်ထုတ်လုပ်အသုံးပြုခဲ့ကြသည်။ ထိုအင်ဂျင်များကို ပထမဦးစွာ ရေနွေးငွေ့စွမ်းအားဖြင့် မောင်းနှင်ခဲ့ကြသည်။ ထို့နောက်တွင် ရုပ်ကြွင်းလောင်စာဖြစ်သော ရေနံမှရရှိသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ဖြင့် အင်ဂျင်များကို မောင်းနှင်ခဲ့ကြသည်။

ယခုအခါတွင် ရေနံထွက်ရှိမှု ပမာဏမှာ လျော့ကျလာနေပြီး နောင်အနှစ် (၇၀)ခန့်ကြာသောအခါတွင် ရေနံများ ကုန်ဆုံးပျောက်ကွယ်သွားမည်ဟု သုတေသီတို့က ခန့်မှန်းကြသည်။

သို့ဖြစ်ရာ ကမ္ဘာတစ်လွှားတွင် ရေနံအစားထိုး အခြားလောင်စာများကို တီထွင်ကြံဆထုတ်လုပ်လာကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမြောက်အမြားရရှိနိုင်သည့် ကုန်ကြမ်းများကို အားကိုးအားထားပြုကာ အစားထိုးလောင်စာများကို ထုတ်လုပ်လာကြခြင်းဖြစ်သည်။ ကြံအများအပြားထွက်ရှိသည့် ဘရာဇီးနိုင်ငံတွင် ကြံမှ အီသနောခေါ် အီသိုင်းအယ်လ်ကိုဟော (Ethyl Alcohol) ထုတ်လုပ်ကာ Flex ခေါ် ယာဉ်တစ်မျိုးတွင် အသုံးပြုရန် စီစဉ်နေကြပြီ။ ကမ္ဘာ့ရေနံကုမ္ပဏီကြီးအချို့ကလည်း အရိုးမာပေါင်းပင်များ၊ မြက်ရိုင်းပင်များနှင့် ကောက်ပဲသီးနှံစွန့်ပစ်ပစ္စည်းများမှ ဇီဝလောင်စာ (Bio Fuel) များကို ထုတ်လုပ်နေကြပေပြီ။

ဇီဝလောင်စာ (Bio Fuel) ကို သစ်ပင်၊ သစ်သား၊ ကောက်ပဲသီးနှံ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ အပါအဝင် ဇီဝဖြစ်စဉ်မှ ထုတ်လုပ်ရယူနိုင်ခြင်းပင်။

မြန်မာနိုင်ငံတွင်မူ မြန်မာ့ရေမြေသဘာဝရာသီဉတုနှင့် ကိုက်ညီသည့် ဖြစ်ထွန်းအောင်မြင်လွယ်သော ခြစည်းရိုးကြက်ဆူရိုင်းပင်မှ ဇီဝလောင်စာထုတ်လုပ်ရန် နိုင်ငံအနှံ့စီမံဆောင်ရွက်လျက်ရှိနေကြပေသည်။

ခြစည်းရိုးကြက်ဆူရိုင်းပင်ဆိုသည်မှာ မြန်မာအမည်ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ Physic Nut (Purging Nut) ဖြစ်၏။ ရုက္ခဗေဒအမည်မှာ Jatropha curcas ဖြစ်သည်။ မျိုးရင်းအမည်မှာ Euphor-biauac ဖြစ်ပြီး ရာဘာနှင့် မျိုးရင်းတူနှစ်ရှည်ပင်ဖြစ်သည်။

ခြစည်းရိုးကြက်ဆူရိုင်းပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သောအပင်မျိုးဖြစ်သည်။ အညာဒေသလယ်ခင်းယာခင်းများ၏ ကန်သင်းများတွင် ခြစည်းရိုးပင်အဖြစ် စိုက်ပျိုးကာရံထားကြသည်ကို တွေ့မြင်နိုင်ပေသည်။ မြေလွတ် မြေရိုင်းများတွင်လည်း အလေ့ကျပေါက်ရောက်နေကြသည်ကို တွေ့မြင်နိုင်သည်။

ခြစည်းရိုးကြက်ဆူရိုင်းပင်သည် မြေကောင်း၊ မြေညံ့မရွေးပေါက်ရောက်ဖြစ်ထွန်းနိုင်ပေသည်။ အပူပိုင်းခြောက်သွေ့သော ဒေသမှသည် စွတ်စိုသော သမပိုင်းဒေသအထိ ဖြစ်ထွန်းအောင်မြင်နိုင်ပေသည်။ နှစ်စဉ်မိုးရေချိန် ၁၈ လက်မမှ ၉၃ လက်မအထိနှင့် အပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်မှ ၂၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိသည့် ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

အီကွေတာနှင့်နီးပြီး စွတ်စိုသော ဒေသများတွင် တစ်နှစ် ပတ်လုံးပန်းပွင့်ပြီး အသီးများသီးနိုင်သည်။ ပုံမှန်အားဖြင့် တစ်နှစ်လျှင် နှစ်ကြိမ်သီးသည်။ ခြစည်းရိုးကြက်ဆူရိုင်းပင်များသည် မြေပြန့်တွင်သာမကအမြင့် ပေ ၅၀၀၀ ကျော်ရှိသည့် တောင်တန်းဒေသများတွင်ပါ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ပေသည်။ အခြားသော အပင်များ စိုက်ပျိုးမဖြစ်ထွန်းနိုင်သည့် မြေညံ့များ (Marginal Soil)တွင်လည်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်သည်။ ဤသည်မှာ ခြစည်းရိုးကြက်ဆူရိုင်းပင်၏အားသာချက်ဖြစ်သည်။



ဖြစ်ထွန်းနေသော ကြက်ဆူပင်

စိုက်ပျိုးရာတွင် နည်းစနစ်နှစ်မျိုးရှိသည်။ ထိုနည်းစနစ်နှစ်မျိုးမှာ-

(၁) အစေ့မှစိုက်ပျိုးနည်းနှင့်

(၂) ကိုင်းဖြတ်မျိုးပွားစိုက်ပျိုးနည်းတို့ဖြစ်လေသည်။

အစေ့မှစိုက်ပျိုးမည်ဆိုလျှင် ချက်ချင်းစိုက်ပျိုး၍ မရပေ။ မျိုးစေ့နားချိန်ကိုစောင့်ရသည်။ မျိုးစေ့ကို မစိုက်ပျိုးမီနေလှန်းရပေမည်။ မျိုးစေ့သက်တမ်းရှည်၍ သာမန်အခန်းအပူချိန်တွင် သိုလှောင်ပါက ၈ လအထိ သိုလှောင်ထားသော်လည်း အပင်ပေါက်ရာခိုင်နှုန်း ကျဆင်းမှုမရှိပေ။

ကြက်ဆူမျိုးစေ့နို့ဆီဘူးတစ်ဘူးတွင် မျိုးစေ့ ၁၅၀ ပါဝင်ပြီး တစ်ပြည်တွင် မျိုးစေ့ ၁၂၀၀ အစေ့ပါဝင်သည်။

အစေ့ချစိုက်ပျိုးနည်းတွင်-

(၁) တိုက်ရိုက်စိုက်ပျိုးနည်းနှင့်

(၂) ပျိုးထောင်စိုက်ပျိုးနည်း

ဟူ၍ နှစ်မျိုးရှိပြန်သည်။

**တိုက်ရိုက်စိုက်ပျိုးနည်း**

မစိုက်ပျိုးမီမျိုးစေ့များကို တစ်ညရေစိမ်ထားရမည်။ စိုက်ပျိုးနိုင်သည့် အခါတစ်ကျင်းနှင့်တစ်ကျင်း ၆ ပေခွာ၍ တစ်ကျင်းလျှင် မျိုးစေ့ ၂ စေ့ချ၍ စိုက်ပျိုးရမည်။ အစိုဓာတ်မပြတ်ပါက ၁၀ ရက်ကြာလျှင် အပင်ပေါက်လာမည်။ အပင်ပေါက်ပြီး ၃ပတ်အတွင်း သန်သောအပင်ချန်၍ လိုသောအပင်ကို နုတ်ပေးရမည်။ ကျင်းတိုင်း ထိုကဲ့သို့ပြုလုပ်ရမည်။ ထိုအချိန်အတွင်းတွင် ကျင်းလပ်များအား အပြီးဖာထေးစိုက်ပျိုးရမည်။ အပင်ပေါက်ပြီး ၈ လသားအရွယ်တွင် ပန်းစတင်ပွင့်လေသည်။ ပန်းပွင့်ပြီး ၂ လ၊ ၃ လအကြာတွင်အသီးစတင်ရင့်မှည့်သည်။ အရွယ်ရောက်ပြီး အပင်၏ အမြင့် မှာ ၁၂ ပေအထိ ရှိနိုင်သည်။

**ပျိုးထောင်စိုက်ပျိုးနည်း**

အစေ့မှပျိုးထောင်စိုက်ပျိုးမည်ဆိုလျှင် ၆ လက်မ× ၄ လက်မအရွယ် ပျိုးအိတ်ကို အသုံးပြုရမည်။ မြေသား ၄ ဆနှင့် မြေဆွေး ၁ ဆရောစပ်ထားသော စပ်မြေကို ပျိုးအိတ်အတွင်းထည့်ရမည်။ ပျိုးအိတ်တစ်အိတ်တွင် တစ်ညရေစိမ်ထားသော မျိုးစေ့ ၂ စေ့ကို ထည့်ရမည်။ မျိုးစေ့များကို စပ်မြေထဲ ၂ လက်မအနက်ထည့်ရမည်။ ပျိုးထောင်ပြီး ၂ လ၊ ၃ လသားအတွင်း ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ စိုက်ခင်းတွင် တစ်ပင်နှင့်တစ်ပင် ၆ ပေခွာ ၁ ကျင်းလျှင် ၁ ပင်ကျ ရွှေ့ပြောင်းစိုက်ပျိုးရပေမည်။ မိုးဦးကျမေလတွင် ရွှေပြောင်းစိုက်ပျိုးရမည်ဖြစ်သည်။

**ကိုင်းဖြတ်မျိုးပွားစိုက်ပျိုးနည်း**

အသီးခူးပြီး အရွက်များကြွေကျချိန်တွင် ပျိုးထောင်ရန်ကိုင်းများကို ဖြတ်ယူနိုင်ပေသည်။ ကိုင်းဖြတ်အရှည်မှာ ၉ လက်မမှ ၁၂ လက်မအထိရှိပြီး လုံးပတ်မှာ ၁. ၅ လက်မမှ ၂ လက်မခန့်အထိ ရှိရမည်။

ပျိုးကိုင်းများကိုလည်း တိုက်ရိုက်ကိုင်းထိုး၍ စိုက်ခြင်းနှင့် ပျိုးအိတ်များတွင် ပျိုးထောင်ပြီးမှ ရွှေ့ပြောင်းစိုက်ပျိုးခြင်းဟူသော နည်းနှစ်နည်းဖြင့်ပင် ပြုလုပ်နိုင်သည်။

ကိုင်းဖြတ်တိုက်ရိုက်စိုက်ပျိုးရာတွင် မိုးများပါက ကိုင်းများပုပ်တတ်သဖြင့် မိုးနှောင်းပိုင်းတွင်မှ ကိုင်းဖြတ်တိုက်ရိုက်စိုက်ပျိုးခြင်းပြုလုပ်ရပေမည်။

ပျိုးထောင်ရာတွင် ကိုင်းဖြတ်များကို ၆ လက်မ× ၄ လက်မအရွယ် မျိုးအိတ်များတွင် စပ်မြေထည့်၍ ကိုင်းများကို ပျိုးအိတ်အတွင်း စပ်မြေထဲထိုးထည့်ပြီး ပျိုးထောင်ရသည်။ ပျိုးထောင်ပြီး နှစ်လသားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။

## အပင်အကွာအဝေးနှင့်တစ်ဧကဝင်ဆန့်အပင်

စိုက်ပျိုးခင်းတွင်တစ်ပင်နှင့်တစ်ပင် ၆ ပေခွာ၍ စိုက်ပျိုးလျှင် တစ်ဧကတွင် အပင်ပေါင်း ၁၂၀၀ ဝင်ဆန့်မည်ဖြစ်သည်။ ကြက်ဆူရိုင်းပင်ကို ခြံစည်းရိုးပင်အဖြစ်စိုက်ပျိုးလျှင် တစ်ပင်နှင့်တစ်ပင် ၄ ပေခွာ၍ စိုက်ပျိုးရမည်။ ယာခင်း ၆ ဧက၏ ခြံစည်းရိုးများတွင် စိုက်ပျိုးပါက အပင်ပေါင်းမှာ စိုက်ခင်းတစ်ဧကစာရရှိမည်ဖြစ်ပေသည်။

## အပင်ပြုစုခြင်း

စိုက်ခင်းတွင် အပင်ငယ်စဉ် ပေါင်းမြက်များကို ရှင်းရန်လိုအပ်လေသည်။ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ ထည့်ပေးပါက သီးထွက်နှုန်းပိုမိုရရှိနိုင်သည်။

## ဆွတ်ခူးခြင်းနှင့် တစ်ဧကအထွက်နှုန်း

ကိုင်းဖြတ်စိုက်လျှင် ၆ လ၊ အစေ့မှစိုက်လျှင် ၈ လအကြာတွင် အသီးစတင်သီးသည်။ တစ်နှစ်လျှင် နှစ်ကြိမ်သီးသည်။ သီးရင့်များကို မေလတွင် တစ်ကြိမ်၊ နိုဝင်ဘာလတွင်တစ်ကြိမ် ဆွတ်ခူးနိုင်သည်။ အနှစ် ၅၀ အထိ သက်တမ်းရှည်ကြာလေသည်။



ဝေဆာလာသော ကြက်ဆူသီးများ

မြေအမျိုးအစားပေါ်မူတည်၍ တစ်ဧကလျှင် အစေ့ ၂ တန်မှ ၃ တန်အထိ ရရှိနိုင်သည်။ ဆီပါဝင်မှုမှာ ၃၈ ရာခိုင်နှုန်းဖြစ်သည်။ ပင်သက်နုစဉ် ၂ နှစ်သားမှ ၅ နှစ်သားအတွင်း တစ်ပင်လျှင် နွေသီးနို့ဆီ ဘူး ၂ ဘူး၊ မိုးသီး ၁ ပြည်ထွက်ရှိသည်။ တစ်ဧကလျှင် သီးထွက် ၉၃ တင်းရရှိ၍ ဆီကြိတ်ပါက ၇၄ ဂါလန်ရနိုင်သည်။ ပင်သက်ရင့်ပြီဖြစ်သည့် ၆ နှစ်သားအရွယ်မှစ၍ တစ်ပင်လျှင် နွေသီး နို့ဆီဘူး ၃ ဘူး၊ မိုးသီး နို့ဆီဘူး ၁၁ ဘူး ထွက်ရှိသဖြင့် တစ်ဧကလျှင် သီးထွက် ၁၃၁ တင်း ရရှိသည်။ ဆီကြိတ်ပါက ဆီဂါလန် ၁၀၀ ရနိုင်သည်။ တစ်ဧကမှ ဆီကြိတ်ဖတ် ၄၆၅ ပိဿာမှ ၆၅၅ ပိဿာ အထိရရှိနိုင်သည်။

## ခြံစည်းရိုးကြက်ဆူဆီအသုံးဝင်ပုံ

ခြံစည်းရိုးကြက်ဆူရိုင်းအစေ့ကို ကြိတ်၍ရသောဆီကို လယ်ယာလုပ်ငန်းသုံး လက်တွန်းထွန်စက်၊ ရေစုပ်စက်နှင့် ဒီဇယ်အင်ဂျင်များတွင် ပြုပြင်ရန်မလိုဘဲ တိုက်ရိုက်ထည့်၍အသုံးပြုနိုင်သည်။

ထို့အပြင် ဝမ်းနုတ်ဆေး၊ ယားနာပျောက်ဆေး၊ အရေပြားလိမ်းဆေးများအဖြစ်လည်း အသုံးပြုနိုင်သေးသည်။

## ကြိတ်ဖတ်

ကြိတ်ဖတ်တွင် နိုက်ထရိုဂျင် ၄.၄ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ်စ် ၂.၁၉ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၁.၇ ရာခိုင်နှုန်းပါဝင်သဖြင့် နွားချေး ကြက်ချေးတို့ကဲ့သို့ သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သည်။ သို့သော် ကြိတ်ဖတ်သည် ကျွဲနွားများကို အဆိပ်ဖြစ်စေတတ်သဖြင့် ကျွေးမွေးခြင်းမှ ရှောင်ကြဉ်ရပေမည်။

## အကျိုးကျေးဇူးများ

ခြံစည်းရိုးကြက်ဆူရိုင်းပင် စိုက်ပျိုးခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းတွေ့ရသည်။

(၁) ဘိုင်အိုဒီဇယ်ဆီအဖြစ် စက်မောင်းဆီအစားထိုး အသုံးပြုနိုင်ခြင်း၊

(၂) သဘာဝမြေဩဇာရရှိခြင်း၊

(၃) ဝမ်းနုတ်ဆေး၊ ယားနာပျောက်ဆေး၊ အရေပြားလိမ်းဆေးများအဖြစ် အသုံးပြုနိုင်ခြင်း၊

(၄) ကျေးလက်နေပြည်သူများ ထင်းမီးလောင်စာ ရရှိခြင်း၊

(၅) ပြုန်းတီးမြေဆီလွှာများအား ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းနှင့်

(၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေခြင်းတို့ဖြစ်သည်။

ခြံစည်းရိုးကြက်ဆူရိုင်းပင်မှရသော ကြက်ဆူဆီလောင်စာသည် ဇီဝလောင်စာ (Bio Fuel) ပင်ဖြစ်သည်။ ကြက်ဆူဆီသည် ဒီဇယ်နှင့် သဘောသဘာဝချင်းတူညီသောကြောင့် ကြက်ဆူဆီကို ဒီဇယ်ဆီသုံးအင်ဂျင်များတွင် အသုံးပြုနိုင်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကြက်ဆူဆီကို ဇီဝဒီဇယ်၊ တစ်နည်းအားဖြင့် ဘိုင်အို ဒီဇယ် (Bio Diesel) ဟုပင်ခေါ်ရပေမည်။

ရေနံအထွက်လျော့ပါးလာသော ဤကာလတွင် မြန်မာနိုင်ငံအဖို့ အလွယ်တကူစိုက်ပျိုးထုတ်လုပ်ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူဆီလောင်စာကို ရေနံအစားထိုး အခြားလောင်စာအဖြစ် အသုံးပြုရန် စီမံဆောင်ရွက်ခြင်းသည် မြန်မာ့ရေမြေသဘာဝရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်လှပေသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြံစည်းရိုးကြက်ဆူရိုင်းပင်များကို မြို့ပြကျေးလက်မကျန် အားမာန်အပြည့်ဖြင့် နေ့စဉ်စိုက်ပျိုးလျက်ရှိနေကြပေပြီ။ မကြာမီသောကာလတွင် Bio Diesel များကို အလျှံပယ်အသုံးပြုနိုင်ပေတော့မည်။

**သိပ္ပံစိုးမြင့်နိုင်**

## ဂရင်းရှိုင်ရယ်နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ။

။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd က ပံ့ပိုးသည့် ဂရင်းရှိုင်ရယ်ဖလားနိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့ ညနေ (၄)နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)အားကစားကွင်း၌ စတင်ကျင်းပသည်။



တိုက်စစ်မှူး ရန်ပိုင်

ပြိုင်ပွဲသို့ မြန်မာ လက်ရွေးစင် ယူ-၂၃ အသင်း၊ ဘင်္ဂလားဒေ့ရှ်လက်ရွေးစင် အသင်း၊ တရုတ်ယူ-၂၀ အသင်းနှင့် အိန္ဒိယ ယူ-၂၀ အသင်းတို့ပါဝင်ယှဉ်ပြိုင်ကြသည်။

ပွဲစဉ် (၁)တွင် ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်တို့ ယှဉ်ပြိုင်ကစားရာ၌ ဘင်္ဂလားဒေ့ရှ်က ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရသည်။ ပွဲစဉ် (၂)တွင် မြန်မာနှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားရာ၌ မြန်မာက ၁၁ ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရသည်။ ပွဲစဉ် (၃)တွင် တရုတ်နှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားကြရာ၌ တရုတ်က ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရသည်။ ပွဲစဉ် (၄)တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့ ယှဉ်ပြိုင်ကစားကြရာ၌ မြန်မာက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရသည်။ ပွဲစဉ် (၅)တွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့ ယှဉ်ပြိုင်ကစားကြရာ၌ ဘင်္ဂလားဒေ့ရှ်က ၂ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရသည်။ ပွဲစဉ် (၆)တွင် မြန်မာနှင့် တရုတ်တို့ ယှဉ်ပြိုင်ကစားကြရာ၌ ဂိုးမရှိသရေကျသည်။ ပွဲစဉ် (၇)တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့ ကစားကြရာ မြန်မာက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရပြီး ဆုဖလားကြီးကို ထိုက်တန်စွာ ရရှိခဲ့သည်။



ဆုချီးမြှင့်ခံရသော စိုးမြတ်မင်း

# ဂရင်းရွိုင်ရယ်နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ




ဗိုလ်စွဲခဲ့သော မြန်မာအသင်း

မြန်မာအသင်းသည် ချန်ပီယံဆုဖလားကြီးအပြင် အခြားချီးမြှင့်သော ဆု (၂)ဆုကိုလည်း ရရှိသေးသည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုနှင့် ဂိုးအများဆုံးသွင်းသူ ရွှေဖိနပ်ဆုကို တိုက်စစ်မှူးရန်ပိုင်က ဆွတ်ခူးရရှိခဲ့သည်။

ကျောနံပါတ် ၉၊ မြန်မာတိုက်စစ်မှူး ရန်ပိုင်သည် စုစုပေါင်း သွင်းဂိုး (၆)ဂိုးဖြင့် ရွှေဖိနပ်ဆုနှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ (၁၀၀၀)ကို ဆွတ်ခူးခဲ့ပြီး အုပ်စုပြိုင်ပွဲတွင် Man of the Match (၂) ကြိမ်ရယူကာ ပွဲစဉ်တစ်လျှောက်ခြေစွမ်းပြခဲ့ပြီး အကောင်းဆုံးဘောလုံးသမားဆုနှင့် ဆုကြေးငွေဒေါ်လာ (၁၀၀၀)ကိုပါထပ်ဆင့် ဆွတ်ခူးခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိုင်ငံခြားဒိုင်လူကြီး(၄)ဦးအား အမှတ်တရလက်ဆောင်များပေးအပ်သည်။ ထို့နောက် အကောင်းဆုံးဘောလုံးသမားဆုနှင့် ရွှေဖိနပ်ဆုများရရှိသော မြန်မာတိုက်စစ်မှူး ရန်ပိုင်အား IBTC ကုမ္ပဏီမှ ဆုတံဆိပ်နှင့် ချီးမြှင့်ကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒုတိယဆုရရှိသော ဘင်္ဂလားဒေ့ရှ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ (၈၀၀၀)အား ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပထမဆုရရှိသော မြန်မာအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာအသင်းအား ချန်ပီယံဆုဖလားနှင့် ဆုကြေးငွေအမေရိကန်ဒေါ်လာ (၁၅၀၀၀) ပေးအပ်ချီးမြှင့်သည်။

မြန်မာအသင်းတွင် ဂိုး အောင်အောင်ဦး၊ ကျော်မင်းလှိုင်၊ နောက်တန်းအားကစားသမားများမှာ ဘိုဘိုအောင်၊ ဇော်လင်းထွန်း၊ ကျော်ဇေယျာမင်း၊ ဇော်လင်းထွန်း၊ ဝင်းမင်းထွဋ်၊ မိုးဝင်းတို့ဖြစ်ပြီး အလယ်တန်းတွင် ကျော်ခိုင်ဝင်း၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုး၊ မာလ၊ စိုးမြတ်မင်း၊ ဇော်ဇော်၊ မျိုးမင်းထွန်း၊ ကျော်သူရ၊ နေဝင်း၊ စိုးသီဟတို့ ကစားကာ ရှေ့တန်းမှ ရန်ပိုင်နှင့် လာကျဲ အိုလွယ်တို့က ကစားခဲ့ကြသည်။

**ဇော်ဝင်းထွန်း**

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၂၀၀၅)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရှပ်ရှပ်ချွံချွံထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ ဝိဇ္ဇာပညာကဏ္ဍ၊ ဆေးပညာကဏ္ဍ၊ နည်းပညာကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားစစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစားပြည်သူ့ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများပြုသည်နှင့်အညီ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ ၅၇ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ အရ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်နှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ အပါး ၂၀၊ အမေရိကန်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၂၁ ပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၃၈ ပါးနှင့် သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၄၂ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၅၁ ပါးနှင့် သီလရှင်ဆရာကြီးသုံးပါး စုစုပေါင်း ၅၄ ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၄ ပါးနှင့် သီလရှင်ဆရာကြီး လေးပါး စုစုပေါင်း ၁၈ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ငါးပါးနှင့် အမေရိကန်နိုင်ငံမှ တစ်ပါး စုစုပေါင်း ခြောက်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၄၈ ပါး၊ နီပေါနိုင်ငံမှတစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊ လာအိုနိုင်ငံမှ တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး၊ အိန္ဒိယနိုင်ငံမှ တစ်ပါး စုစု ပေါင်း ၅၄ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၄၄ ပါး၊ ကမ္ဘောဒီးယားနိုင်ငံမှ တစ်ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊

အိန္ဒိယနိုင်ငံမှ တစ်ပါး၊ ဂျပန်နိုင်ငံမှ တစ်ပါး၊ စုစုပေါင်း ၄၈ ပါး၊ သီလရှင်ဆရာ ကြီးများတွင် မြန်မာနိုင်ငံမှ နှစ်ပါး၊ နီပေါနိုင်ငံမှ တစ်ပါး စုစုပေါင်းသုံးပါး၊ လူပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်း ၅၉ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော်ကြီး ၃၃ ပါး၊ သီလရှင် ဆရာကြီးနှစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၃၆ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၆ ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၂ ပါး၊ ပြင်သစ်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၃ ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးငါးပါး၊ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး သီရိသုဓမ္မဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ရှစ်ဦး၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၃ ဦး၊ သီဟသုဓမ္မဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၁၀ ဦး၊ သီဟ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသောလူပုဂ္ဂိုလ် ကိုးဦး၊ သုဓမ္မဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် သုံးဦး၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ချီးမြှင့် အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် သုံးဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၅ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)၊ ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် နှစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် နှစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် သုံးဦး၊ ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်တစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ရှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ခြောက်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၃၉ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁၈ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၃၁ ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၉၈ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၅၂ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၅၉ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁၀၇ ဦး၊ ရဲသူရိန်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် လေးဦး၊ ရဲကျော်စွာတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ရှစ်ဦး၊ ရဲကျော်သူတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ခုနစ်ဦး စုစုပေါင်း ၄၄၉ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၅ အရ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် စုစုပေါင်း ၈၈၇ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၅ အရစစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များတွင် အငြိမ်းစား ၂၈ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၁,၉၆၇ ဦး စုစုပေါင်း ၁,၉၉၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၅ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀၉ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၅,၇၇၉ ဦး စုစုပေါင်း ၅,၈၈၈ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၅ အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် စုစုပေါင်း ၂၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၅ အရ နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် စုစုပေါင်း ၁၃၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၅ အရ ပြည်သူ့ဝန်ထမ်းတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၁ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၁၅,၇၀၈ ဦး စုစုပေါင်း ၁၅,၇၁၉ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၀ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၂၆,၅၄၃ ဦး စုစုပေါင်း ၂၆,၅၅၃ ဦး ပါဝင်သည်။

**စိုးအောင်**

**ဂျပန်နိုင်ငံ။** ။ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး အစီအစဉ်နှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံနှင့် ဝိရောဓိဖြစ်နေရာပြုပြင်ပြောင်းလဲရေးကိစ္စအတွက် အမေရိကန်ပြည်ထောင်စု၏အဆိုပြုချက်ကို ဂျပန်နိုင်ငံက မထောက်ခံနိုင်ကြောင်း ဝန်ကြီးချုပ် ကိုအိဇုမိက ဇွန်လ ၁၇ ရက်နေ့က ပြောကြားသည်။ ဤ အစီအစဉ်အတိုင်း ဂျပန်နိုင်ငံက မဆောင်ရွက်နိုင်ကြောင်း လေးနိုင်ငံအုပ်စုအတွင်း ပူးပေါင်းဆောင်ရွက်ရေးကို မိမိတို့စဉ်းစားရမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ အရင်းနှီးဆုံးမိတ်ဆွေအမေရိကန်ပြည်ထောင်စုက ထိုအဆိုပြုချက်ကို တင်သွင်းခဲ့ရာ ဂျပန်နိုင်ငံအတွက် အခက်အခဲဖြစ်စေခဲ့ကြောင်း ဂျပန်နိုင်ငံ၏ သဘောထားကို အမေရိကန်ပြည်ထောင်စုက နားလည်သဘောပေါက်စေရန် မိမိအစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်းဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါစစ်အခြေစိုက်စခန်းတည်ရှိရာ ကင်မြို့၌ အမေရိကန်စစ်တပ်က စစ်ရေးလေ့ကျင့်မှု ပြုလုပ်သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် လူ ၁၀၀၀၀ ခန့်က အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများတွင် အိုကီနာဝါအုပ်ချုပ်ရေးမှူး၊ ကိုင်အိချီအီနာမိုင်းလာဒိုင် ပါဝင်ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်ရေးကွင်းမှာ လူနေရပ်ကွက်များနှင့် မီတာ ၃၀၀ ခန့်သာကွာဝေး၍ အလွန်အန္တရာယ်ကြီးမားကြောင်း၊ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ အမေရိကန်စစ်တပ်သည် ဒေသခံပြည်သူများက ဆန့်ကျင်ဆန္ဒပြနေသည့်ကြားမှ ဇူလိုင်လ ၁၂ ရက်နေ့မှစပြီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ



နာဂါဆာကီမြို့တွင် အမေရိကန်အဏုမြူဗုံးကျဲချခဲ့သော အကြိမ် (၆၀)မြောက် နှစ်ပတ်လည်အထိမ်းမှတ်အခမ်းအနားကို ဇူလိုင်လ ၁၂ရက်နေ့က ကျင်းပရာ ပြည်သူ ၆၀၀၀ ခန့် တက်ရောက်ကြသည်။ ဂျပန်အစိုးရအနေဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမှားများအယွင်းယွင်းပြုလုပ်ခဲ့မှုများကို အလေးအနက်ပြန်လည်စဉ်းစားရန် အခမ်းအနားသို့ တက်ရောက်လာသော လူထုပရိသတ်ကြီးက ဆန္ဒပြပြောကြားကြသည်။ ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိအပါအဝင်အခမ်းအနားသို့ တက်ရောက်လာကြသော လူထုပရိသတ်ကြီးကို နာဂါဆာကီ မြို့တော်ဝန်အီတိုက မိန့်ခွန်းပြောကြားရာတွင် နျူးကလီးယားခြိမ်းခြောက်ဟန့်တားခြင်းကို အစဉ်တစိုက်လုပ်နေသော အမေရိကန်ပြည်ထောင်စုအား ဝေဖန်ခဲ့ သည်။ နျူးကလီးယားလက်နက်ပိုင်နိုင်ငံများနှင့်တကွ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာဆိုင်ရာ ပေးထားသော ကတိကဝတ်များကို လျစ်လျူရှုနေပြီး နျူးကလီးယားခြိမ်းခြောက်ဟန့်တားမှုနှင့်စပ်လျဉ်း၍ မလျှော့သော သဘောထားကိုလည်း မပြောင်းလဲကြောင်းစသည်ဖြင့် ပြောကြားသည်။


အီရတ်တွင် တာဝန်ထမ်းဆောင်နေသော ဂျပန်တပ်ဖွဲ့ဝင်အချို့

စက်တင်ဘာလ ၁၁ ရက်နေ့က ကျင်းပသော ဂျပန်နိုင်ငံအထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ကိုအိဇုမိ၏ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) အနိုင်ရရှိခဲ့သည်။ အမတ်ဦးရေ ၄၈၀ ရှိသော ဂျပန်အောက်လွှတ်တော်တွင် အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၂၉၆ နေရာတွင် အနိုင်ရရှိလိုက်သဖြင့် ၁၅ နှစ်တာအတွင်း ပထမဆုံးအကြိမ်အများစုအမတ်နေရာရရှိခြင်းဖြစ်သည်။ အယ်ဒီပီနှင့်ညွန့်ပေါင်းပါတီနှစ်ရပ်ပေါင်း အမတ်ဦးရေ ၂၈၃ နေရာရရှိခဲ့ရာမှ ယခုအခါ စုစုပေါင်းအမတ်ဦးရေ ၃၂၇ နေရာအထိ ပိုမိုရရှိသဖြင့် ဩဇာတိက္ကမကြီးမားသော ဂျပန်အောက်လွှတ်တော်ကို လွှမ်းမိုးထားနိုင်ပြီဖြစ်သည်။ လိုအပ်လျှင် အထက်လွှတ်တော်၏ ဆုံးဖြတ်ချက်ကိုပင် ပဓာနမထားဘဲ ရပ်တည်နိုင်လာသည်။ ရွေးကောက်ပွဲရလဒ်မှာ ဝန်ကြီးချုပ် ကိုအိဇုမိအတွက် ထင်ရှားသောအောင်မြင်မှု မှတ်တိုင်တစ်ခုဖြစ်သည်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်မရိမ်းတပ်ဖွဲ့စခန်းကို ဂူအမ်ကျွန်းသို့ ပြောင်းရွှေ့ရေးအစီအစဉ်များကို ဂျပန်နှင့် အမေရိကန်အစိုးရတို့က မူအားဖြင့်သဘောတူညီထားကြကြောင်း ဂျပန်သတင်းစာတစ်စောင်က အောက်တိုဘာလ ၉ ရက်နေ့က ရေးသားဖော်ပြသည်။ ယင်းအစီအစဉ်အရ အမေရိကန်မရိမ်းတပ်ဖွဲ့အမှတ် (၃) စစ်စခန်းကို အိုကီနာဝါကျွန်းရှိ ကိုတီနီစခန်းမှ ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းတော့မည်ဟု ယူမီယူရီရှင်ဘွန်းသတင်းစာက ရေးသားဖော်ပြသည်။ ယခုလောလောဆယ်တွင် ကိုတီနီစခန်း၌ မရိမ်းတပ်ဖွဲ့ဝင် ၄၀၀၀ ကျော်နှင့် အခြားသူများနေထိုင်လျက်ရှိသည်။ ဂူအမ်ကျွန်းတွင် စစ်ဌာနချုပ်အဆောက်အအုံ များနှင့် အိမ်ရာဆောက်လုပ်ရေးစရိတ်စကများကို ဂျပန်အစိုးရက ကျခံမည်ဖြစ်သည်။ မရိမ်းတပ်ဖွဲ့ဝင် ၁၈၀၀၀ ထဲမှ ၇၀၀၀ မှ ၅၀၀၀ အထိ လျှော့ချရန်ကိုလည်း ဂျပန်နှင့် အမေရိကန်တို့က သဘောတူထားကြသည်။ တပ်ဖွဲ့ဝင် ဦးရေလျှော့ချရေးအစီအစဉ်မှာ ထူးခြားမှုဖြစ်ပြီး လက်တွေ့ကျသော အစီအစဉ်ဖြစ်ကြောင်း သတင်းစာက ရေးသားသည်။ ဂျပန်နိုင်ငံ ကန်ရှာဂါဝါဒေသရှိ ယိုကိုဆူကာရေတပ်အခြေစိုက်စခန်းတွင် တစ်ဘီဟော့စ်အမည်ရှိ သင်္ဘောထားရှိရန် အမေရိကန်နှင့် ဂျပန်အစိုးရတို့ သဘောတူညီခဲ့ပြီးပြီဟု အမေရိကန်အစိုးရက အောက်တိုဘာလ ၃၀ ရက်နေ့က ကြေညာခဲ့ပြီးနောက် လူထုဆန့်ကျင်မှုပေါ်ပေါက်လာသည်။ နျူးကလီးယားအင်အားသုံးသင်္ဘောများမှာ လုံခြုံစိတ်ချရပြီး ယင်းသင်္ဘောဖြန့်ကြက်မှုသည် ဂျပန်နိုင်ငံ၏ နျူးကလီးယားအသုံးမပြုရေးစည်းကမ်းစည်းမျဉ်းများဖြင့် ဆန့်ကျင်ဖီလာမဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ယင်းစည်းမျဉ်းများက နျူးကလီးယား လက်နက်ထုတ်လုပ်ရေးကိုသာ ညွှန်းထားခြင်းဖြစ်ပြီး နျူးကလီးယားစွမ်းအားအသုံးပြုရေးကို ညွှန်းထားခြင်းမရှိဟု အမေရိကန်နှင့် ဂျပန် အစိုးရတို့က ပြောကြားကြသည်။ ယင်းသင်္ဘောဖြန့်ကြက်မှုကြောင့် ဂျပန်-အမေရိကန်မိတ်ဆွေဖြစ်မှု ခိုင်မာ လာနိုင်သည်ဟု ဂျပန်ဝန်ကြီးချုပ်ကိုအိဇုမိက ပြောကြား သည်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် အမေရိကန်လေတပ်အခြေစိုက်စခန်းနေရာရွှေ့ပြောင်းမည့် အမေရိကန်နှင့် ဂျပန်အစိုးရတို့၏ အစီအစဉ်ကို အိုကီနာဝါကျွန်းအုပ်ချုပ်ရေးမှူး ကိုင်ချီကီမီနိုက အောက်တိုဘာလ (၃၁)ရက်နေ့က ပယ်ချခဲ့သည်။ အိုကီနာဝါကျွန်းသို့ အခြေစိုက်စခန်းရွှေ့ပြောင်းရေးအစီအစဉ်မှာ လုံးဝလက်ခံနိုင်စရာမရှိဟု အိုကီနာဝါအုပ်ချုပ်ရေးမှူးက ပြောသည်။

ဂျပန်မဲဆန္ဒရှင်လေးပုံသုံးပုံခန့်က ဂျပန်တပ်ဖွဲ့ဝင်များကိုလာမည့် ခြောက်လအတွင်း အီရတ်မှ ရုပ်သိမ်းရန်လိုလားကြကြောင်း ဒီဇင်ဘာလ ၂၀ ရက်နေ့က ထုတ်ပြန်သောစစ်တမ်းအရ သိရှိရသည်။ တုံ့ပြန်ဖြေကြားသူ ၂၈ ရာခိုင်နှုန်းက ဂျပန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရန်

လိုလားကြသည်။ ၄၆ ရာခိုင်နှုန်းက ဗြိတိန်နှင့်အခြား တပ်ဖွဲ့ဝင်များနှင့်အတူ ၂၀၀၆ ခုနှစ် ပထမနှစ်ဝက် အတွင်း ရုပ်သိမ်းရန် လိုလားကြသည်။ ၁၁ ရာခိုင်နှုန်း ကမူ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အတူ အီရတ်တွင် ဆက်လက်တာဝန်ထမ်းဆောင်သင့်ကြောင်း ဆန္ဒပေးကြသည်။ ဂျပန်တပ်ဖွဲ့ဝင် ၅၅၀ ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအထိ အီရတ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဂျပန်အစိုးရသက်တမ်းတိုးမြှင့်ထားသည်။ ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်တွင် ဖြန့်ကြက်ထားမှုကို ဝန်ကြီးချုပ် ကိုအိဇုမိက လိုလားသောကြောင့် အမေရိကန်သမ္မတ ဂျော့ချ်ဘုရှ်နှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသည်။

**နိုင်ငံတကာဆက်ဆံရေး-** တရုတ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက် နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စု၏နေရာကို အစားထိုးယူခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဟောင်ကောင်အပါအဝင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ကုန်သွယ်ရေးပမာဏမှာ ၂၀၀၃ ခုနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၃ ဘီလီယံ ဖိုးရှိခဲ့ရာ ၁၉၄၇ ခုနှစ် နောက်ပိုင်း အမြင့်ဆုံးဖြစ်သည်။ ဂျပန်နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားကုန်သွယ်ရေးပမာဏတွင် ၂၀ ရာခိုင်နှုန်းခန့်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက ၁၈ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ၂၀၀၄ ခုနှစ်အတွင်း၌ ဂျပန်နိုင်ငံသည် ကမ္ဘာတစ်ဝန်းကုန်သွယ်ရေး ပိုလျှံငွေ ဒေါ်လာ ၁၁၆ ဒသမ ၆ ဘီလီယံရှိခဲ့ရာ ၂၀၀၃ ခုနှစ်က ထက် ၁၇ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ဖြစ်ထွန်းစေရန် တရုတ်နှင့် ဂျပန် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန် အလည်အပတ်ခရီးများကို ပူးပေါင်းဆောင်ရွက်ကြရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က မတ်လ ၁၈ ရက်နေ့က တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ပြောကြားခဲ့သည်။ တရုတ်နှင့် ဂျပန်ဆက်ဆံရေးတိုးတက်စေရန်နှင့်အင်တိုက် အားတိုက် ပူးပေါင်းဆောင်ရွက်ရာတွင် လေ့လာမှုနှင့် သုတေသနပြုမှုများဆောင်ရွက်ကြရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဌာနများကိုလည်း မစ္စတာဝမ်ကျားပေါင်က တိုက်တွန်းခဲ့သည်။ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံတို့သည် ၂၀၀၄ ခုနှစ်မှစ၍ ဆက်ဆံရေး အကောင်းမွန်ဆုံးအနေအထားတွင်ရှိခဲ့ကြောင်း၊ အပြန်အလှန်ဆက်ဆံရေး လည်း ဖြစ်ထွန်းခဲ့ကြောင်း၊ နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုမှာလည်း အမေရိကန် ဒေါ်လာဘီလီယံ ၁၇၀ အထိ ရှိခဲ့ကြောင်း မစ္စတာဝမ်ကျားပေါင်က ပြောကြားသည်။

ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့သည် ရက် ၅၀ မကျော်သော နှစ်နိုင်ငံမှ အထူးတာဝန်ရှိသူနှင့် သံတမန် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ဗီဇာပြည်ဝင်ခွင့် ကင်းလွတ်ခွင့်ကို ကြေညာခဲ့သည်။ ယင်း သဘောတူညီချက်ကို ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သော ဗီယက်နမ်



**စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသည့်**
**ဂျပန်အမျိုးသမီးတစ်ဦး**

နိုင်ငံခြားရေးဝန်ကြီး ငုယင်ဒိုင်နီယံနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နိဘူတာကာမာချီမူရာတို့ အပြန်အလှန် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်ဆေးဂုံ တိုင်းသတင်းစာက မတ်လ ၁၁ ရက်နေ့က ဖော်ပြသည်။ ယင်းဗီဇာကင်းလွတ်ခွင့်မှာ မေလ ၁ ရက်နေ့မှစပြီး အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံက ၂၀၀၄ ခုနှစ် စောစောပိုင်းက ဂျပန်ခရီးသွားများပိုမို

လာရောက်ရန် ရည်ရွယ်လျက် ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းစာက ဖော်ပြသည်။ ဂျပန်နိုင်ငံသို့ သွားရောက် လည်ပတ်သော ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးသည် ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ၊ ဘဏ္ဍာရေးဝန်ကြီးနှင့် အခြားပါလီမန်အမတ်များကိုလည်း တွေ့ဆုံခဲ့သည်။

ကျန်းမာရေး- ဂျပန်နိုင်ငံတွင် ၂၀၀၅ ခုနှစ် ပထမနှစ်ဝက်အတွင်း မွေးဖွားနှုန်းထက် သေဆုံးသူဦးရေက ၃၁၀၃၄ ဦး ပိုခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၆ ရက်နေ့က ကြေညာခဲ့သည်။ ယင်းသို့ကြေညာလိုက်၍ ၂၀၀၅ ခုနှစ်မှစပြီး ဂျပန်နိုင်ငံ၏ လူဦးရေလျော့နည်းလာခြင်းဖြစ်ရာ မကြာမီနှစ်များက ခန့်မှန်းထားသည်ထက် ၂ နှစ်ခန့်စော၍ ဂျပန်နိုင်ငံတွင် လူဦးရေလျော့နည်းလာခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကမ္ဘာတွင် ဒုတိယမြောက်စီးပွားရေးအင်အားအကြီးဆုံးဖြစ်သော ဂျပန်နိုင်ငံတွင် မွေးဖွားနှုန်းကျဆင်းလာ၍ ၂၀၀၇ ခုနှစ်မှစ၍ ဂျပန်နိုင်ငံတွင် လူဦးရေလျော့နည်းလာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းတွက်ချက်ခဲ့ကြသည်။ ဂျပန်နိုင်ငံတွင် ၂၀၀၅ ခုနှစ် ပထမနှစ်ဝက်၌ သေဆုံးသူ စုစုပေါင်း ၅၆၈၆၇၁ ဦးရှိခဲ့ပြီး ထိုကာလအတွင်း တစ်နိုင်ငံလုံး၌ မွေးဖွားသူ ၅၃၇၆၃၅ ဦးရှိခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ အကြိုစစ်တမ်းကိန်းဂဏန်းများက ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းဆရာ၊ ဆရာမများသည် ယခင်ကထက် စိတ်ဖိစီးမှု ပိုမိုများပြားလာသည်။ ထိုသို့ စိတ်ဖိစီးမှုဝေဒနာကြောင့် ခွင့်ရက်ရှည်ယူသော ဆရာ၊ ဆရာမဦးရေ တစ်နှစ်ထက်တစ်နှစ်များပြားလာသည်ဟု ဂျပန်နိုင်ငံပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြုလုပ်သော စစ်တမ်း၌ ဖော်ပြထားသည်။ ၂၀၀၄ ခုနှစ် ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ ၉၂၁၆၀၀ ရှိရာ ခွင့်ရက်ရှည်ယူသော ဆရာ၊ ဆရာမဦးရေမှာ ၆၃၀၀ ရှိသည်။ ခွင့်ရက်ရှည်ယူသူများတွင် ၃၅၅၉ ဦးမှာ စိတ်ဖိစီးမှုဒဏ် ခံစားနေကြရသူများဖြစ်သည်ဟု လေ့လာချက်၌ ဖော်ပြထားသည်။ စိတ်ဖိစီးမှုဒဏ်ကြောင့် ခွင့်ရက်ရှည်ယူသော ဆရာဦးရေမှာ လွန်ခဲ့သော ၁၀ နှစ်ကာလကထက် ၂၀၀၄ ခုနှစ်၌ သုံးဆပိုများလာကြောင်း စစ်တမ်းအရ သိရှိရသည်။

အာကာသယာဉ်စီမံကိန်း- ဂျပန်နိုင်ငံသည် ဘက်စုံသုံးဂြိုဟ်တုတစ်လုံးကို တာနီဂါရှီမာအာကာသစခန်းမှ အိပ်ချ်-၂-အေဒုံးပျံဖြင့် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က အာကာသအတွင်းသို့ လွှတ်တင်ခဲ့သည်။ ၂၀၀၃ ခုနှစ်နိုဝင်ဘာလအတွင်း၌ ပစ်လွှတ်မှု မအောင်မြင်ဖြစ်ခဲ့ပြီးနောက် အိပ်ချ် ၂ အေဒုံးပျံဖြင့် ယခုပစ်လွှတ်ခြင်းမှာ ပထမဆုံးဖြစ်သည်။ မူလက ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုဆိုးရွား၍ လွှတ်တင်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

ဂျပန်နိုင်ငံသည် လာမည့် နှစ် ၂၀ အတွင်း လသို့ လူလိုက်ပါသော အာကာသယာဉ်လွှတ်တင်နိုင်ရန် ဂျပန်နိုင်ငံလုပ် အာကာသယာဉ်ပုံစံတစ်ခုစတင်ရေးဆွဲရန် ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီက ဆောင်ရွက်နေပြီဖြစ်ကြောင်း ဧပြီလ ၈ ရက်နေ့တွင် အရာရှိများက ပြောကြားသည်။ ယင်းစီမံကိန်းတွင် ဂျပန်လုပ် အိပ်ချ် ၂ အေဒုံးပျံကို နည်းပညာတိုးတက်မှုများအပေါ်အခြေခံပြီး ၁၀ နှစ်အတွင်း လူလိုက်ပါနိုင်မည့် ဒုံးပျံယာဉ်တစ်ခုကို ထုတ်လုပ်ပေးရမည်ဖြစ်သည်။

ဦးရဲလွင်

ဂျာမနီနိုင်ငံ။ ။ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဆက်ဇိုနီပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း လက်ယာအစွန်းရောက်အမျိုးသားဒီမိုကရက်တစ်ပါတီမှ အမတ် ၁၂ ဦးတို့သည် လွှတ်တော်တွင်းမှ ထွက်ခွာသွားခဲ့ကြသည်။ ၁၉၄၅ ခုနှစ်တွင် ဗြိတိန်နှင့် အမေရိကန်လေယာဉ်တို့က ဒရက်(စ်)ဒင်မြို့အား ဗုံးကြဲဖျက်ဆီးခဲ့သည့် အနှစ် ၆၀ မြောက် နှစ်ပတ်လည်နေ့ကျင်းပရေးကို ဆွေးနွေးနေစဉ်အတွင်း မိမိတို့၏ ပြင်းထန်စွာရှုတ်ချရေးတင်ပြချက်များကို လက်မခံသဖြင့် ထွက်သွားခဲ့ကြခြင်းဖြစ်သည်။ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်မျှ ငြိမ်သက်ခြင်းမပြုဘဲ ယင်းကဲ့သို့ ထွက်ခွာ

သွားကြခြင်းကြောင့် လွှတ်တော်တွင်း လွှတ်တော်ပြင်ပ၌ ၎င်းတို့အား ဝေဖန်ပြစ်တင်ခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် ဒေသန္တရအဖွဲ့အစည်းများမှ အမတ်များ၊ ကိုယ်စားလှယ်များသည် ယခင် ၎င်းတို့လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီများမှ လစာများကို ရယူနေကြဆဲဖြစ်သည်ဟူသော သတင်းများ ဇန်နဝါရီလအတွင်း ပျံ့နှံ့ထွက်ပေါ်ခဲ့သည်။ အတိုက်အခံခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံပါတီမှ အထွေထွေအတွင်းရေးမှူး လောရင့်သည် ယခင်အလုပ်ရှင်ထံမှ လစာများကို ဆက်လက်ယူနေကြောင်း မဖော်ထုတ်ခဲ့သဖြင့် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် တာဝန်မှနုတ်ထွက်ပေးခဲ့ရသည်။ ဤဖြစ်ရပ်ပေါ်ပေါက်လာပြီးနောက် အထက်တွင်ဖော်ပြခဲ့သော သတင်းများပျံ့နှံ့ထွက်ပေါ်လာခဲ့သည်။



**အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခဲ့သော စီဒီယူပါတီခေါင်းဆောင် အိန်ဂဲလာမာကဲလ်ဂျာမနီနိုင်ငံ**

ဂျာမနီအရှေ့မြောက်ပိုင်းမှ ရှဲလ်ဇဝစ်လက်လ် စတိုင်းပြည်နယ်တွင် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ အာဏာရဆိုရှယ်ဒီမိုကရ တစ်ပါတီနှင့် အစိမ်းရောင်ပါတီတို့၏ညွန့်ပေါင်းအဖွဲ့သည် အမတ်အများစုမရတော့ဘဲ ဖြစ်သွားသည်။ အတိုက်အခံစီဒီယူပါတီက ခြေကုပ်ရလာခဲ့သည်။

ဖေဖော်ဝါရီလတွင် တရားဝင်ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများအရ ဇန်နဝါရီလတွင် အလုပ်လက်မဲ့ဦးရေသည် ၅ သန်းကျော်အထိ ဖြစ်လာခဲ့သည်။ ၁၉၃၃ ခုနှစ်၏ နောက်ပိုင်းတွင် အလုပ်လက်မဲ့ဦးရေအများဆုံးဖြစ်လာခဲ့သည်။ အလုပ်လက်မဲ့ဦးရေ တိုးပွားလာမှုနှုန်းဆက်လက်မြင့်တက်နေသဖြင့် အစိုးရနှင့် အတိုက်အခံပါတီများ ပူးပေါင်းကာ ‘အလုပ်အကိုင်ထိပ်သီးအစည်းအဝေး’ကို မတ်လ ၁၇ ရက်နေ့က ကျင်းပခဲ့သည်။ ထိုထိပ်သီးအစည်းအဝေးတွင် ဝန်ကြီးချုပ်ရှရိုဒါက သဘာပတိအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ထိုအစည်းအဝေးတွင် အတိုက်အခံပါတီများက အလုပ်သမားဈေးကွက်တွင် ချမှတ်ထားသည့် တင်းကျပ်သောစည်းမျဉ်းများကို လျှော့ပေးရန် တောင်းဆိုခဲ့သော်လည်း ဝန်ကြီးချုပ်က ထိုတောင်းဆိုချက်များကို လိုက်လျောမပေးခဲ့ပေ။ သို့ရာတွင် စီးပွားရေးတိုးတက်မှု အားကောင်းလာရေးအတွက် အလုပ်အကိုင်သစ်များ ဖန်တီးရေးတို့အတွက်ဆောင်ရွက်ရန် အဆိုပါအစည်းအဝေး၌သဘောတူညီမှုများ ရရှိခဲ့သည်။

ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်အများစုအနိုင်မရတော့သဖြင့် အက်(စ်)ပီဒီပါတီမှ ဟိုက်ဒီဆိုင်မွန်နစ်သည် ရှဲလ်ဇဝစ်လက်လ်စတိုင်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်မှ မတ်လ ၁၈ ရက်နေ့တွင် နုတ်ထွက်ပေးခဲ့ရသည်။ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်ခန့်ထားရန် မည်သည့်ပါတီကမျှ အများစုမရနိုင်သောကြောင့် အက်(စ်)ပီဒီနှင့် စီဒီယူပါတီတို့သည် ‘မဟာညွန့်ပေါင်း’ဖွဲ့၍ ဆောင်ရွက်ကြရန် ညှိနှိုင်းကြသည်။

အတိုက်အခံအမတ်တစ်ဦးက ဥရောပသမဂ္ဂဆိုင်ရာ အခြေခံဥပဒေကို လွှတ်တော်နှစ်ရပ်ပေါင်းထား သည့် ပြည်ထောင်စုလွှတ်တော်ကသာ အတည်ပြုပေးရုံမဟုတ်ဘဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပေးရန် အခြေခံဥပဒေဆိုင်ရာ ပြည်ထောင်စုတရားရုံးသို့ လျှောက်ထားခဲ့သည်။ ယင်းလျှောက်ထားချက်ကို အဆိုပါ တရားရုံးက ဧပြီလ ၂၈ ရက်နေ့တွင် ပယ်ချခဲ့သည်။ ဂျာမန်အစိုးရသည် ဥရောပသမဂ္ဂဆိုင်ရာ အခြေခံဥပဒေကို မေလတွင် လွှတ်တော်နှစ်ရပ်က အတည်ပြုပေးရန် စီစဉ်ထားသည်။ လွှတ်တော်နှစ်ရပ်က အတည်ပြုထားလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ ထောက်ခံမဲပိုမိုရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဧပြီလ ၂၇ ရက်နေ့တွင် အက်(စ်)ပီဒီနှင့် စီဒီယူတို့ ပူးပေါင်းထားသော မဟာညွန့်ပေါင်းအဖွဲ့က စီဒီယူပါတီမှ ဟယ်ရီကာစတင်ဆင်အား ရှဲလ်ဇ်ဝစ်လက်လ်စတိုင်းပြည်နယ်၏ သဘာပတိဝန်ကြီး (Minister President) အဖြစ် ခန့်အပ်ခဲ့သည်။

ဧပြီလ ၁၁ ရက်နေ့တွင် ရုရှားသမ္မတပူတင်သည် ဟန်နိုဗာနည်းပညာပြပွဲကို ဝန်ကြီးချုပ်ရှရိုဒါနှင့်အတူ ဖွင့်လှစ်ပေးရန် ဂျာမနီသို့ ရောက်ရှိလာခဲ့သည်။ ဤခရီးစဉ်အတွင်း စွမ်းအင်နှင့် အင်ဂျင်နီယာလုပ်ငန်းများအတွက် သဘောတူစာချုပ်များ ပြုလုပ်ခဲ့သည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်မှုကို ဖော်ပြရာရောက်သည်ဟု ရှရိုဒါက ပြောကြားခဲ့သည်။

ဧပြီလ ၁၃ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးအဖွဲ့က ဥပဒေတစ်ရပ်ကို အတည်ပြုပေးခဲ့သည်။ ဤဥပဒေအရ ဂျာမနီတွင် အလုပ်လုပ်နေသော နိုင်ငံခြားကုမ္ပဏီများသည် သတ်မှတ်ထားသည့်အတိုင်း အလုပ်သမားများကို လုပ်ခ၊ လစာအပြည့်အဝပေးကြရမည်ဖြစ် သည်။ ထို့ပြင် ဥပဒေမဲ့ဝင်ရောက်လုပ်ကိုင်နေသည့်အလုပ်သမားများကို ရှာဖွေဖော်ထုတ်ဖယ်ရှားပေးမည့် အဖွဲ့များသို့ လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်သွားတော့မည်ဖြစ်သည်။ ဂျာမန်အလုပ်သမားဈေးကွက်တွင် တင်းကျပ်သော စည်းမျဉ်းများ ချမှတ်ထားမှုနှင့် ပတ်သက်၍ နိုင်ငံတကာ အရင်းရှင်စနစ်သည် ဂျာမနီကို အန္တရာယ်ပြုနေသည်ဟူသော အချက်အပေါ် အချေအတင်ဆွေးနွေးမှုများလည်းဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံတကာယှဉ်ပြိုင်မှုများကြောင့် ကုမ္ပဏီများက အမြတ်ငွေအများဆုံး ရရှိအောင် မဟာဗျူဟာချမှတ်ဆောင်ရွက်လာခြင်းသည် ဂျာမန်ဒီမိုကရေစီကို အန္တရာယ်ပြုနေသည်ဟု အက်(စ်) ပီဒီဥက္ကဋ္ဌက ဧပြီလ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ အမြတ်ရလိုမှုဇောအားကြီးနေသော အရင်းရှင်စနစ်အပေါ် ဝေဖန်မှုများရှိလာသည်။

ရိုင်းမြောက်ပိုင်း ဝက်(စ်)ဖေလီးယားပြည်နယ်၌ မေလ ၂၂ ရက်နေ့က ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲ၌ အာဏာရ အက်(စ်) ပီဒီပါတီက အရေးရှုံးနိမ့်ပြီး စီဒီယူပါတီက အပြတ်အသတ် အနိုင်ရခဲ့သည်။ စက်မှုလုပ်ငန်းဇုံဟု အချက်အချာတွင် ဤသို့ ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဝန်ကြီးချုပ်ရှရိုဒါက ပြည်ထောင်စုလွှတ်တော်ရွေးကောက်ပွဲများကို တစ်နှစ်စော၍ ကျင်းပမည်ဟု မမျှော်လင့်ဘဲ ကြေညာခဲ့သည်။

ဇွန်လ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ်ရှရိုဒါက အောက်လွှတ်တော် ဥက္ကဋ္ဌထံ ပန်ကြားစာပေးပို့ခဲ့သည်။ ထိုပန်ကြားစာ၌ ၎င်း၏အစိုးရအပေါ် အယုံအကြည်ရှိကြောင်း အောက်လွှတ်တော်က မဲခွဲဆုံးဖြတ်ချက်ပေးပွဲကို ဇူလိုင်လ ၁ ရက်နေ့တွင် ပြုလုပ်ပေးစေလိုကြောင်း ဖော်ပြခဲ့သည်။ ရိုင်းမြောက်ပိုင်း ဝက်(စ်)ဖေလီးယားပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ၌ ရှရိုဒါ၏ အက်(စ်)




**အက်(စ်)ပီဒီ ပါတီခေါင်းဆောင် ဂျာမနီဝန်ကြီးချုပ် ရှရိုဒါ**

ပီဒီပါတီက မရှုမလှရှုံးနိမ့်ခဲ့သဖြင့် ဤသို့ပန်ကြားစာပေးပို့ခဲ့ခြင်းဖြစ်သည်။ အောက်လွှတ်တော်က အယုံအကြည်ရှိကြောင်း မဲခွဲဆုံးဖြတ်ရာတွင် ၎င်း၏အဆိုပြုချက် ရှုံးနိမ့်ပါက ပြည်ထောင်စုလွှတ်တော် ရွေးကောက်ပွဲကို အချိန်စော၍ ကျင်းပနိုင်ရန် မျှော်မှန်းချက်ဖြင့် ဤသို့ ပြုလုပ်လိုက်ခြင်းဖြစ်သည်။ ရှရိုဒါသည် ပြည်ထောင်စုလွှတ်တော်ရွေးကောက်ပွဲကို စက်တင်ဘာလ၌ ပြုလုပ်နိုင်ရန် ခန့်မှန်းထားသည်။

ဇွန်လ ၁၀ ရက်နေ့က ကွန်မြူနစ်ပါတီဟောင်းဖြစ်သော ဆိုရှယ်လစ်ဒီမိုကရေစီပါတီနှင့် အလုပ်သမားအရေးနှင့် လူမှုတရားမျှတရေးပါတီတို့ မဟာမိတ်ပြုလျက်လာမည့် ပြည်ထောင်စုလွှတ်တော်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် သဘောတူခဲ့ကြသည်။ လူထုဆန္ဒ ကောက်ခံမှုစစ်တမ်းများအရ ဤလက်ဝဲ

မဟာမိတ်အဖွဲ့သည် စီဒီယူပါတီ၊ အက်(စ်)ပီဒီပါတီတို့ ပြိုင်လျှင် တတိယလူကြိုက်များနေသော ပါတီဖြစ်သည်။

အီရတ်စစ်ပွဲအရေးကိုအကြောင်းပြုပြီး နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှု လျော့ပါးသွားစေရေးအတွက် ဇွန်လ ၂၇ ရက်နေ့တွင် ဝါရှင်တန်၌ သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ်ရှရိုဒါတို့သည် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဤခရီးစဉ်၌ သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ်ရှရိုဒါတို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့ကြသည်။ ဤသတင်းစာရှင်းလင်းပွဲ၌ အီရန်က အဏုမြူလက်နက် မထုတ်လုပ်ရေးအတွက် ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့၏ ကြိုးပမ်းချက်များကို ထောက်ခံကြောင်း ပြောဆိုခဲ့သည်။

အောက်လွှတ်တော်ကို အချိန်စော၍ ဖျက်သိမ်းခြင်းအား ကန့်ကွက်သည့် လျှောက်လွှာနှစ်စောင်ကို အခြေခံဥပဒေဆိုင်ရာပြည်ထောင်စုတရားရုံးက ဩဂုတ်လ ၂၅ ရက်နေ့တွင် ပယ်ချခဲ့သည်။ သို့ဖြစ်ရာ ဝန်ကြီးချုပ်




နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်
ပြုပြင်ပြောင်းလဲရေးကို လိုလားသည့် ဂျာမန်လူမျိုးများ
မိမိတို့ဆန္ဒကို ထုတ်ဖော်ပြသနေပုံ



ဂျာမန်ဖယ်ဒရယ်အလုပ်သမားအေဂျင်စီအကြီးအကဲ
**Frank-Juergen Weise**

ရှရိုဒါလိုလားသည့်အတိုင်း စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရေးအတွက် လမ်းပွင့်သွားခဲ့သည်။

ဂျာမန်ဘာသာစကားကို ပိုမိုရှင်းလင်းလွယ်ကူစေရေးအတွက် စာလုံးပေါင်းနှင့် သဒ္ဒါစည်းမျဉ်းသစ်များ ကို ပြုလုပ်ခဲ့သည်။ ၎င်းစည်းမျဉ်းသစ်များသည် ဂျာမန်ပြည်နယ် ၁၄ ပြည်နယ်တွင်လည်းကောင်း၊ ဩစတြီးယားနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျာမန်စကားပြော ဒေသများတွင်လည်းကောင်း တရားဝင်အတည်ဖြစ်သွားပေမည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သော အောက်လွှတ်တော်ရွေးကောက်ပွဲ၌ အာဏာရအက်(စ်)ပီဒီသည် အစိုးရဖွဲ့နိုင်လောက်အောင် အမတ်ဦးရေအများစုမရဘဲဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်လောင်းအိန်ဂဲလာမာကဲလ်ခေါင်းဆောင်သော စီဒီယူနှင့် စီအက်(စ်)ယူပါတီတို့ကလည်း အစိုးရဖွဲ့နိုင်လောက်အောင် အမတ်ဦးရေအများစုမရဘဲဖြစ်ခဲ့သည်။ သို့ရာတွင် အက်(စ်)ပီဒီနှင့် စီဒီယူတို့သည် အောက်လွှတ်တော်၌ အင်အားကြီးသောပါတီဖြစ်ခဲ့သည်။ ၎င်းနှစ်ပါတီသည် အစိုးရဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်အတွင်းရှိ ပါတီငယ်များနှင့် ဆွေးနွေးသော်လည်း မအောင်မြင်ဘဲဖြစ်ခဲ့သည်။ ထို့ကြောင့် အက်(စ်)ပီဒီ ပါတီခေါင်းဆောင် ရှရိုဒါနှင့် စီဒီယူပါတီခေါင်းဆောင် မာကဲလ်တို့သည် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် 'မဟာညွန့်ပေါင်း' ဖွဲ့စည်းကြရန် အဆက်အသွယ်များ ပြုလုပ်ခဲ့ကြသည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် အက်(စ်)ပီဒီပါတီနှင့် စီဒီယူပါတီတို့သည် 'မဟာညွန့်ပေါင်း'ဖွဲ့စည်းကြရန် သဘောတူခဲ့ကြသည်။ စီဒီယူပါတီခေါင်းဆောင် အိန်ဂဲလာမာကဲလ်အား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ရန်လည်း သဘောတူခဲ့ကြသည်။ ဝန်ကြီးချုပ်မာကဲလ် ခေါင်းဆောင်သော မဟာညွန့်ပေါင်းအဖွဲ့က ဂျာမန်အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းနိုင်တော့မည်ဖြစ်သည်။

ဦးခင်မောင်မြ

**ဂျွန်ပေါ (ပုပ်ရဟန်းမင်း၊ ဒုတိယမြောက်) (ခရစ် ၁၉၂၀-၂၀၀၅)**။ ။ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါကို ပိုလန်နိုင်ငံတောင်ပိုင်း ကရာကိုးမြို့အနီး ဝါဒိုဝိစ်မြို့လေး၌ ၁၉၂၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့တွင်မွေးဖွားသည်။ အမည်ရင်း ကာရိုးဂျိုးဇက်ဝေါ့တိုင်လာဖြစ်သည်။ ၂၆၄ ဦးမြောက် ပုပ်ရဟန်းမင်းကြီးဖြစ်၍ ၄၅၅ နှစ်တာကာလအတွင်း အီတလီလူမျိုးမဟုတ်သော ပထမဆုံးပုပ်ရဟန်းမင်းဖြစ်သည်။ ၁၉၇၈ ခုနှစ်တွင် ပိုလန်နိုင်ငံမှပထမဆုံးပုပ်ရဟန်းအဖြစ်သူ့ကိုရွေးချယ်တင်မြှောက်ခြင်းသည် တော်လှန်ပြောင်းလဲသော ရွေးချယ်မှုဖြစ်ရာ အရှေ့ဥရောပကွန်မြူနစ်ဝါဒပြိုကျခဲ့သည့် ဖြစ်ရပ်တွင် သူ၏အထင်ကရပါဝင်လှုပ်ရှားမှုကြောင့် ရွေးချယ်ခံရခြင်းဖြစ်သည်ဟု ခွဲခြမ်းစိတ်ဖြာလေ့လာသူ အများအပြားက မှတ်ချက်ပြုသည်။ ၁၃၂ နှစ်အတွင်း အသက်အငယ်ဆုံး ပုပ်ရဟန်းမင်းဖြစ်သည်။ အသက် ၅၈ နှစ်အရွယ်တွင် ပုပ်ရဟန်းမင်းအသစ်ဖြစ်လာစဉ် အားမာန်အပြည့်၊ တက်ကြွသွက်လက်သော အသွင်ရှိ၍ ပထမဆုံးနှစ်မှာပင် ပိုလန်နိုင်ငံသို့ သွားရောက်ပြီး လွတ်လပ်ခွင့်ပေးအပ်ရန် တောင်းဆိုတိုက်တွန်းခဲ့သည်။ နောက်ပိုင်းတွင် သွေးစည်းညီညွတ်ရေးလွတ်လပ်သော အလုပ်သမားသမဂ္ဂလှုပ်ရှားမှုကို ထောက်ခံအားပေးသည်။ ၁၉၈၁ ခုနှစ်တွင် တူရကီသေနတ်သမား မာမက်အလီအဂ္ဂာက စိန့်ပီတာရင်ပြင်၌ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါကို သေနတ်ဖြင့် ပစ်ခတ်သည်။ သေနတ်နှင့်ပစ်ခတ်သူ အဂ္ဂာရှိရာ အကျဉ်းထောင်သို့ ၁၉၈၃ ခုနှစ်တွင် သွားရောက်၍ ၎င်းကိုခွင့်လွှတ်ကြောင်း ပြောကြားခဲ့သည်။



ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါ

ခရစ်ယာန်သမိုင်းတွင် ခရီးသွားဆုံးသောပုပ်ရဟန်းမင်းကြီးဖြစ်ပြီး ၁၂၉ နိုင်ငံသို့ ရောက်ရှိခဲ့သည်။ ခရစ်ယာန်နှင့် ရဟူဒီ (ဂျူး)တို့ အာဃာတပြေငြိမ်းရန် တောင်းဆိုသောအားဖြင့် အစ္စရေးနိုင်ငံသို့ တရားဝင်ပထမဆုံးရောက်ရှိခဲ့သော ပုပ်ရဟန်းမင်းလည်းဖြစ်သည်။ သူသည် မွတ်ဆလင်များနှင့် ဆက်ဆံရေးကောင်းမွန်ရန်ကြိုးစားခဲ့ရာ ဗလီဝတ်ကျောင်းတစ်ခုထဲသို့ ပထမဆုံးရောက်ရှိဖူးသော ပုပ်ရဟန်းမင်းလည်းဖြစ်သည်။ လူပေါင်း ၄၈၀ ကျော်ကို အခမ်းအနားဖြင့် သူတော်စင်စာရင်းသွင်းပေးခဲ့ရာ ရှေးယခင်ပုပ်ရဟန်းမင်းများထက် အရေအတွက်ပိုမိုများပြားသည်။

ပုပ်ရဟန်းမင်းကြီးဒုတိယမြောက် ဂျွန်ပေါသည် ၂၀၀၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ဗာတီကန်အိမ်တော်၌ ကွယ်လွန်ခဲ့သည်။

**စုပုံချစ် (ခရစ် ၁၉၈၉- )**။ ။ ဧရာဝတီတိုင်း ညောင်တုန်းမြို့၊ လမ်းမတော်၊ သံလမ်းထိပ်၊ အမှတ် (၁၄၅)တွင် ဒေါက်တာ ဦးအုန်းကျော်နှင့် ဒေါ်ခင်ဆွေလှဲတို့က ၁၉၈၉ ခုနှစ် စက်တင်ဘာလ (၅)ရက် အင်္ဂါနေ့တွင် စုပုံချစ်ကို မွေးဖွားသည်။ သဘာဝအတိုင်း မီးမဖွားနိုင်သဖြင့် ဆေးရုံတွင် ဗိုက်ခွဲ၍ မွေးဖွားခဲ့ရသည်။ သမီးငယ်မှာ မွေးရာပါ လက်နှစ်ဖက်စလုံးမပါဘဲ ညာဘက်လက်သည် အချွန်ကလေးသာပါပြီး ဘယ်ဘက်လက်မှာ တံတောင်ဆစ်နေရာသာပါ၍ ထိုနေရာတွင် လက်အပိုကလေးနှစ်ချောင်းသာပါရှိသည်။ ညာခြေသည်

သေးငယ်တိုတောင်းစွာ ခြေဖဝါးသေးသေးကလေးနှင့် ဒူးဆစ်သာပါရှိပြီး ဘယ်ခြေထောက်မှာမူ သာမန်ခြေထောက်အတိုင်း အကောင်းပကတိရှိသည်။

မိခင် ဒေါ်ခင်ဆွေလှဲသည် ကိုယ်လက်အင်္ဂါမစုံသော သမီးကလေးကို လူ့ဘဝတွင် အများနှင့် ရင်ပေါင်တန်းနိုင်ပြီး ပညာတတ်တစ်ယောက်ဖြစ်လာစေရန် နေ့စဉ်ကြိုးပမ်းအားထုတ်ခဲ့သည်။ နည်းလမ်းရှာဖွေခဲ့သည်။ တစ်ချောင်း




တည်းသာ လောက်လောက်လားလားပါလာသော ဘယ်ဘက်ခြေထောက်ဖြင့် အလုပ်မျိုးစုံလုပ်တတ်အောင် သမီးငယ်ကို သင်ပေးခဲ့သည်။ ဤခြေထောက်ဖြင့်ပင် မျက်နှာသစ်တတ်စေရန်၊ သွားတိုက်တတ်စေရန်၊ ထမင်းစားတတ်စေရန်၊ ရေသောက်တတ်စေရန် သင်ပေးခဲ့သည်။ အထူးသဖြင့် စာရေးတတ်အောင်သင်ပေးနိုင်ခြင်းသည် သမီးလေးစုပုံချစ်အတွက် ထူးချွန်ထက်မြက်သူကလေးဖြစ်စေရေးအတွက် ဘဝတက်လမ်းစပေးခဲ့ခြင်းဖြစ်သည်။

မိခင်ဒေါ်ခင်ဆွေလှဲသည် သမီးစုပုံချစ်ဘယ်ခြေဖြင့် စတင်ရေးနိုင်သည့် ဝလုံးကလေးကိုကြည့်ပြီး အလွန်ပျော်ကြောင်း၊ ထိုဝလုံးကလေးသည် သူနှင့် သမီးလေးတို့အတွက် အလွန်ပင်အဓိပ္ပာယ်ရှိသော ဝလုံးဖြစ်ကြောင်း၊ သမီး၏ ဘဝသစ်ကို အစပြုရန်အတွက် အလွန်ပင်အရေးကြီးသည့် ခြေလှမ်းဟု ပြောရမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်။

သမီးလေးစုပုံချစ်ကို အသုံးလုံးသင်တန်းများတွင် သင်သည့်နည်းစနစ်ကို အသုံးပြု၍ “ဝ” မှ “ထ” “ထ” မှ “က” “က” မှ “လ” အဆင့်ဆင့်သင်ပေးခဲ့ကြောင်း ရှင်းပြသည်။ စုပုံချစ်ကိုယ်တိုင်ကလည်း ဇွဲရှိရှိကြိုးစားခဲ့သောကြောင့် သူငယ်တန်းတွင် သတ္တမရခဲ့ပြီး ပထမတန်းတွင်မူ ပထမရခဲ့သည်။ ရေဝိုင်းပိုင်းမူလတန်းကျောင်းတွင် မူလတန်းပညာကို စတင်သင်ယူခဲ့ခြင်းဖြစ်သည်။ မိဘများ၏ လေ့ကျင့်ပျိုးထောင်ပေးမှု၊ ဆရာဆရာမတို့၏ နွေးထွေးကြင်နာစွာ သင်ကြားပေးမှုနှင့် အတန်းဖော်သူငယ်ချင်းတို့၏ ကူညီဖေးမမှုတို့ကြောင့် စုပုံချစ်သည် ဒုတိယတန်းမှစ၍ အတန်းစဉ် ပထမရရှိခဲ့သည်။ ကျောင်းတက်သည့် ကျောင်းမှာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ညောင်တုန်းတွင်ဖြစ်သည်။ နဝမတန်းနှင့် ဒသမတန်းကို အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း လှိုင်သာယာမြို့နယ်တွင် တက်ရောက်သင်ကြားခဲ့သည်။ စုပုံချစ်သည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (၄) ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ဂုဏ်ထူးရရှိသည့် ဘာသာများမှာ- သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ်များဖြစ်သည်။ ခုံနံပါတ်မှာ ဆသယ-၉၈၉ ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရာတွင် ပုံမှန် (၃) နာရီ ဖြေဆိုရမည်ဖြစ်ရာ စုပုံချစ်ကို မိနစ် (၃၀) အချိန်ပိုဖြေခွင့်ပေးခဲ့သည်။ သို့ရာတွင် ပုံမှန်အချိန် (၃) နာရီအတွင်း၌သာ ပြီးစီးအောင်ဖြေဆိုခဲ့သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ရရှိအမှတ်များမှာ မြန်မာစာ ၆၈၊ အင်္ဂလိပ်စာ ၆၉၊ သင်္ချာ ၈၉၊ ဓာတုဗေဒ ၉၂၊ ရူပဗေဒ ၈၄၊ ဇီဝဗေဒ ၇၇ စုစုပေါင်း ၄၇၉ မှတ်ဖြစ်သည်။

၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မသန်စွမ်းသူကလေးများ၏ အောင်မြင်မှုစာရင်းကိုလေ့လာကြည့်လျှင် အားရကျေနပ်ဂုဏ်ယူဖွယ်ကောင်းလှသည်။ စုပုံချစ်မှာ သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူကလေးဖြစ်သည်။ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဝိဇ္ဇာတွဲ (မြန်မာစာ) ဖြင့် ၄ ဦး အောင်မြင်ခဲ့သည်။ ခဝဲခြံမျက်မမြင်ကျောင်းမှ ဝိဇ္ဇာတွဲ (ဘောဂ)ဖြင့် ၅ ဦး အောင်မြင်သည်။ ကချင်ပြည်နယ်

မချမ်းဘောမှ မောင်ဝွါးအားဖူး၊ ချင်းပြည်နယ် ဟားခါးမှ မောင်ဆန်ဘိ၊ စစ်ကိုင်းတိုင်း ကသာမှ မကြည်ပြာရွှေ တို့သည်လည်း ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲများဖြင့် အောင်မြင်ခဲ့ကြသည်။ မသန်သော်လည်းစွမ်းကြသည့် လေးစားဖွယ် လူငယ်ကလေးများဖြစ်သည်။

စုပုံချစ်သည် ကျောင်းနေစဉ်ကာလတစ်လျှောက်လုံး အထက်တွင်ဖော်ပြထားသည့်အတိုင်း ကျောင်းစာ၌ ထူးချွန်သကဲ့သို့ လူမှုရေးလုပ်ငန်း၊ ကျောင်းတွင်းလှုပ်ရှားမှုလုပ်ငန်း၊ ပန်းချီဆွဲလုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်းတို့တွင်လည်း ထူးချွန်သူကလေးဖြစ်သည်။ မိမိအိမ်တွင်လည်း ဈေးကူရောင်းပေးခြင်း၊ အိမ်မှုကိစ္စများ ကူညီဆောင်ရွက်ပေးခြင်း၊ ဇာထိုးပန်းထိုးခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းစသည်တို့ကို ဆောင်ရွက်သည်။

ကျောင်းနေစဉ်ကာလတစ်လျှောက်လုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုစသည်ဖြင့် ပညာထူးချွန်ဆု၊ ဘာသာစုံထူးချွန်ဆု၊ ဘက်စုံဆု၊ လက်ရေးလှဆု (ခြေဖြင့်ရေးခြင်း)၊ ကျောင်းတက်ရက်မှန်ဆု၊ ဗုဒ္ဓဘာသာအခြေခံသင်တန်းထူးချွန်ဆုနှင့် ပန်းချီဆုတို့ကို ရရှိခဲ့သည်။

စုပုံချစ်သည် နိုင်ငံတော်အဆင့်ဆုများကိုလည်း ရရှိခဲ့ရာ ၂၀၀၁ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့တွင် "စိတ်ဓာတ်ကြံ့ခိုင်ထူးချွန်ဆု"၊ ၎င်းနှစ် စက်တင်ဘာ (၆)ရက်မှ (၁၀)ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည့် ပညာရေးဝန်ကြီး ဌာန၊ "မြန်မာ့သွင်ပြင်အိုင်တီလူငယ့်အမြင်ပြပွဲ"တွင် ပြပွဲတစ်ခုလုံး၏ အထင်ပေါ်ဆုံး ကျောင်းသူဆု၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ပညာရေးစုံညီပွဲတော်၌ "ဆယ်စုနှစ် ထူးချွန်ကျောင်းသူဆု" Student of the Decade တို့ကို ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များတွင် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲ ဂုဏ်ပြုဆုကို ၂ နှစ်ဆက်တိုက် ရရှိခဲ့သည်။

စုပုံချစ်သည် မိမိကဲ့သို့ မသန်စွမ်းကြသူများသည် စိတ်ဓာတ်ရေးရာတွင် ကြံ့ခိုင်ကြရန်၊ ဇွဲသန်ကြိုးပမ်းကြရန် ရည်ရွယ်ချက်များဖြင့် မိမိကိုယ်ကို စံနမူနာပြုကာ ၁၀-၈-၂၀၀၂ ရက်စွဲဖြင့် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် "စုပုံချစ်မှ မိဘပြည်သူများသို့"ဟူသော ဆောင်းပါးကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အမှတ် (၁) အခြေခံပညာဦးစီးဌာနက ထုတ်သည့် "ဘယ်ပန်းမဟူ" စာအုပ်တွင်အိတ်ဖွင့်ပေးစာ တစ်စောင်ကဏ္ဍ၌ "သင်ယူဖော်များသို့" ခေါင်းစဉ်ဖြင့် ဆောင်းပါးကိုလည်းကောင်း ရေးသားခဲ့သည်။ ၎င်းဆောင်းပါးများတွင် မိမိကိုယ်တိုင်ကြိုးစားအားထုတ်ခဲ့ရမှုများ၊ မိဘဆရာများ၏ မေတ္တာဖြင့် နွေးထွေးကူညီမှုများ၊ နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ စိတ်ရောကိုယ်ပါ အားပေးဆောင်ရွက်ပေးမှုများကို ရှင်းလင်းစွာရေးသားဖော်ပြထားသည်။

သူ၏ ဆောင်းပါးများတွင် ရေးသားဖော်ပြထားသည့်အတိုင်းပင် မိမိ၏ အားနည်းချက်ကို အနိုင်မခံ၊အရှုံးမပေးရရှိခဲ့သည့် ဘဝအခြေအနေများကြားမှ အောင်မြင်မှုပန်းတိုင်ကို ရောက်အောင် တက်လှမ်းနိုင်သည့် စွမ်းအားရှင် စုပုံချစ်သည် ဖခင်ဒေါက်တာ ဦးအုန်းကျော်၊ မိခင် ဒေါ်ခင်ဆွေလှ၊ ညီမလေး မအိတုံချစ်၊ မောင်လေး မောင်မင်းသန့်ကျော်တို့နှင့်အတူ ညောင်တုန်းမြို့တွင် နေထိုင်လျက်ရှိသည်။ ၂၀၀၆ ခု ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ် (လှိုင်သာယာ)၌ သုတနည်းပညာအဓိက (IT Major), Information Technology Major ဖြင့် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူလျက်ရှိသည်။

မြသီရိ

စင်ကာပူနိုင်ငံ။ ။ စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် အလည်အပတ်ရောက်ရှိနေသော ဘရူနိုင်းခေါင်းဆောင် ဆူလ်တန်ဟာဂျီဟက်ဆင်နယ်ဘိုကီးယားတို့ ၂၀၀၅ ခု ဇန်နဝါရီ ၂၇ ရက်နေ့က စင်ကာပူ၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ အကောင်းဆုံးနွေးထွေးစွာ ဆွေးနွေးခဲ့ကြောင်း၊ နှစ်နိုင်ငံအကြားတွင်လည်း အထူးပြဿနာမရှိကြောင်း ဇန်နဝါရီ ၂၇ရက်နေ့က သတင်းထုတ်ပြန်ကြေညာခဲ့သည်။

လီနှင့် ဆူလ်တန်တို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း၊ ဒေသဆိုင်ရာအဖွဲ့သည် ဆူနာမီ

ဘေးအန္တရာယ်ကို ထိရောက်စွာ ကူညီပေးခဲ့ကြောင်း အာဆီယံ၏ အဓိကဦးစားပေးအဖြစ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တွန်းအားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားကြသည်။

ဆူလ်တန်သည် သူ၏မိသားစုနှင့်အတူ ဇန်နဝါရီ ၂၇ ရက်နေ့က စင်ကာပူသို့ရောက်ရှိလာပြီး စင်ကာပူအမျိုးသားတက္ကသိုလ်မှ ဥပဒေဒေါက်တာဘွဲ့ကို လက်ခံရယူသွားသည်။

**ပညာရေး-** စင်ကာပူနိုင်ငံတွင် တက္ကသိုလ်များ၊ ဆေးရုံများနှင့် ရောဂါဌာနများတွင် လုပ်ငန်းဆောင်ရွက်မှု အထောက်အကူဖြစ်စေရန် ဇီဝဆေးပညာသုတေသီများအတွက် ငွေကြေးရန်ပုံငွေကို စင်ကာပူအဖွဲ့အစည်း များက ပိုမိုခွဲဝေသတ်မှတ်ထားကြောင်းသိရသည်။ ထိုသို့ ဇီဝဆေးပညာသုတေသီများကို အထောက်အကူပြုရန်အတွက် သိပ္ပံ၊ နည်းပညာနှင့် သုတေသနအေဂျင်စီနှင့် ဇီဝဆေးပညာသုတေသနကောင်စီတို့က စင်ကာပူ ဒေါ်လာ ၄၈ သန်း (အမေရိကန်ဒေါ်လာ ၂၉ သန်းခန့်)နှင့် စင်ကာပူဒေါ်လာ သန်း ၅၀ (အမေရိကန် ဒေါ်လာ သန်း ၃၀ ခန့်) အသီးသီးကတိပြုထားကြောင်း လူထုဆက်သွယ်ရေးက ဇန်နဝါရီ ၁၀ ရက်နေ့၌ ဖော်ပြသည်။

ဇီဝဆေးပညာသုတေသနစီမံကိန်း ၇၄ ခုသည် တစ်နှစ်မှ ငါးနှစ်အထိ စင်ကာပူဒေါ်လာ ၂၅၀၀၀၀ မှ စင်ကာပူဒေါ်လာ ၃ သန်းရမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းများသည် ကင်ဆာ၊ ဦးနှောက်၊ နှလုံးရောဂါ အပြင် ကူးစက်ရောဂါများ အကျုံးဝင်ကြောင်းသိရသည်။ ဇီဝဆေးပညာသုတေသနကောင်စီသည် ဇီဝဆေးပညာ စီမံကိန်း ၁၈၉ ခုကို အထောက်အကူပေးရန် ၂၀၀၁ ခုနှစ်မှစပြီး စင်ကာပူဒေါ်လာ ၁၅၆သန်း ထောက်ပံ့ခဲ့သည်။

စင်ကာပူနိုင်ငံ၌ အကြီးဆုံးပြပွဲအမျိုးအစားဖြစ်သည့် ကမ္ဘာ့စာအုပ်ပွဲတော် (၂၀၀၅)ကို စင်ကာပူနိုင်ငံတကာ ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲဗဟို၌ မေ ၂၈ ရက်က ဖွင့်လှစ်ပြသခဲ့သည်။ အဆိုပါ ကမ္ဘာ့စာအုပ်ပြပွဲတွင် စာအုပ်အမျိုးပေါင်း သုံးသိန်းကျော် ပြသထားကြောင်း၊ ယမန်နှစ်ကထက် နှစ်ဆတိုးလာကြောင်း သိရသည်။ ဇွန် ၅ ရက်ထိ လာရောက်ကြည့်ရှုသူ ၇၅၀၀၀၀ လာရောက်ခဲ့သည်ဟု ဆိုသည်။

ရင်းပြပွဲ၌ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ က ကလေးများနှင့် သက်ဆိုင်သည့် စာအုပ်များ၊ ကုန်ပစ္စည်းနှင့် မဂ္ဂဇင်းများ၊ ကိုးကားစာအုပ်များပါ ပြသခဲ့ကြောင်း သိရသည်။ အဆိုပါ စာအုပ်ပြပွဲတွင် တရုတ်နိုင်ငံမှ ရှားပါးတံဆိပ်ခေါင်းများ၊ စင်ကာပူအကြောင်း ရေးသားထားသည့် စာအုပ်များလည်း ထည့်သွင်းပြသထားသည်။

**ကျန်းမာရေး-** စင်ကာပူနိုင်ငံအစိုးရသည် လူကို အဆင်မသင့်လျှင် သေစေနိုင်သော တုပ်ကွေးအဖျား ကူးစက်ဖြစ်ပွားစေသည့် ခြင်ကောင်များအား အစွမ်းကုန်နှိမ်နင်းကြရန် ပြည်သူလူထုကို တိုက်တွန်းထားသည်။ စင်ကာပူနိုင်ငံတွင် တုပ်ကွေးများ ကူးစက်ဖြစ်ပွားမှုသည် ယမန်နှစ်



စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း ညစာစားပွဲတစ်ခုသို့ တက်ရောက်လာစဉ်

၌ နှစ်ဆနီးပါးမျှဖြစ်ပွားခဲ့ပြီးနောက် ထိုသို့ တပ်လှန့်နှိုးဆော်လိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၂၀၀၄ ခုနှစ်၌ လူဦးရေ လေးသန်းမျှရှိသော စင်ကာပူနိုင်ငံတွင် တုပ်ကွေးဖျားနာကူးစက်ဖြစ်ပွားမှု ၉၄၅၉ မှုရှိခဲ့ရာ ၁၉၉၀ ပြည့်နှစ်များ၏ အလယ်ပိုင်း၌ စတင်မှတ်တမ်းတင်ခဲ့ချိန်မှစ၍ အမြင့်ဆုံးဖြစ်ခဲ့ကြောင်းလူသုံးဦးထက်မနည်းသေဆုံးခဲ့ရကြောင်း တရားဝင်ကိန်းဂဏန်းများက ဖော်ပြသည်။ စင်ကာပူ၌ လွန်ခဲ့သည့်နှစ် ဇန်နဝါရီလတစ်လတည်း၌ပင် တုပ်ကွေးဖြစ်ပွားမှု ၁၁၄၅ မှုမျှ ရှိခဲ့ရာ လွန်ခဲ့သည့်သုံးနှစ် ဇန်နဝါရီလအတွင်းဖြစ်ပွားခဲ့သည့် တုပ်ကွေးဖြစ်မှုထက်လေးဆကျော်ရှိသည်ဟု အေဂျင်စီ၏ ပြောခွင့်ရအမျိုးသမီးက

ပြောကြားသည်။ တုပ်ကွေးဖျားခြင်းသည် စင်ကာပူ၌ အများအားဖြင့် ပူနွေးသောလများဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလအထိ ဖြစ်လေ့ဖြစ်ထရှိသည်ဟုဆိုသည်။

ဝမ်းဗိုက်နှင့် တင်ပါးဆုံရိုးများဆက်နေကြသော အင်ဒိုနီးရှားအမြွှာညီအစ်မကို တသီးတခြားစီဖြစ်အောင် စင်ကာပူနိုင်ငံ ဂလင်းအီးဂဲလ်ဆေးရုံ၌ ခွဲစိတ်ကုသမှုသည် ၂၀၀၅ ခုနှစ် မေလ ၂၁ ရက်နေ့ ညနေပိုင်းက အောင်မြင်စွာပြီးစီးသည်။ ၁၅ လ သားအရွယ်အမြွှာမိန်းကလေးနှစ်ဦးကို ဆရာဝန် ၁၅ ဦးသည် ၁၀ နာရီ ကျော်ကြာမျှ ခွဲစိတ်ကုသပေးခဲ့ကြရသည်။ ခွဲစိတ်မှုကို နံနက် ၈ နာရီတွင် စတင်ခဲ့ခြင်းဖြစ်သည်။

ခွဲစိတ်မှုအောင်မြင်စွာပြီးဆုံးကြောင်း ခွဲစိတ်မှုအပြီး ဆေးရုံ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆရာဝန်များက ကြေညာသည်။ ထိုအမြွှာမိန်းကလေးများသည် စိုးရိမ်ရသည့် အခြေအနေ၌ရှိနေဆဲဖြစ်၍ အရေးပေါ်ကုသခန်း၌ ထားရှိပေးထားကြောင်း ဆရာဝန်များက ဆက်လက်ပြောကြားသည်။

ယခု ခွဲစိတ်ပေးခဲ့သောအမြွှာညီအစ်မကို စင်ကာပူနိုင်ငံ၌ ခွဲစိတ်ခြင်းသည် စတုတ္ထမြောက်ခွဲစိတ်ခြင်းဖြစ်သည်။ စင်ကာပူဆရာဝန်များသည် ခေါင်းချင်းဆက်နေသော နီပေါမှ ၁၁ လအရွယ် အမြွှာမိန်းကလေးများကို ၂၀၀၁ ခုနှစ် ဧပြီလထဲ၌ လေးရက်ကြာအောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့သည်။ နှစ်ပတ်အကြာ၌ တောင်ကိုရီးယားမှ လေးလသားအရွယ် ကျောအောက်ပိုင်းဆက်အမြွှာညီအစ်မအား ခွဲစိတ်မှုမှာလည်း အောင်မြင်မှုရရှိခဲ့သည်။

စင်ကာပူနိုင်ငံတွင် ခွဲစိတ်ကုသမှုများအတွက်ဆေးရုံများတွင် သွေးများလိုအပ်ခဲ့၏။ အထူးသဖြင့် ခရစ်စမတ်နှင့် တရုတ်နှစ်သစ်ကူးကာလများ၌ သွေးလှူသူ နည်းပါးသဖြင့် ထိုကာလများ၌ ဆေးရုံများတွင် သွေးလိုအပ်မှုဖြစ်ခဲ့၏။ ထို့ကြောင့် စင်ကာပူ ကျန်းမာရေးဝန်ကြီး ခေါ်ဘွန်ဝမ်ကိုယ်တိုင် တရုတ် နှစ်သစ်ကူးနေ့၌ သွေးလှူဒါန်း၍သွေးလှူရှင်များ ပေါ်ပေါက်လာရန် လှုံ့ဆော်ခဲ့သည်။

**စီးပွားရေး-** လေးနှစ်တာတိုတောင်းသော ကာလအတွင်း စင်ကာပူနိုင်ငံ၏ အီးအက်စ်ဝိုင်ပြည်တွင်းဖြစ် ကွန်ပျူတာ အစိတ်အပိုင်းပြုလုပ်သော ကုမ္ပဏီသည်စင်ကာပူဒေါ်လာ ၂ ဒသမ ၄ ဘီလီယံလုပ်ငန်းပမာဏရှိသော ကမ္ဘာ့ကုမ္ပဏီတစ်ခုဖြစ်လာခဲ့သည်။ လက်ရှိ နိုင်ငံ ၃၃ နိုင်ငံတွင် အီးအက်စ်ဝိုင်ကုမ္ပဏီသည် ကမ္ဘာ့အိပ်ချ်ဒီဒီ ဖြန့်ဖြူးရေးဈေးကွက်၌ ကမ္ဘာတွင် အိပ်ချ်ဒီဒီ ၂၅ ရာခိုင်နှုန်း ဖြန့်ဖြူးပေးသော ဈေးကွက်ကြီးဖြစ်လာခဲ့သည်ဟုဆိုသည်။

အီးအက်စ်ဝိုင်သည် ကမ္ဘာတွင် ဈေးအချိုဆုံး ပီစီများကိုလည်း ထုတ်လုပ်ပြီး ရှေ့လ၌ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်လက်ဆွဲကွန်ပျူတာများ စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။ အမေရိကန်၊ ရုရှားနှင့် တရုတ်ကဲ့သို့ ခိုင်မာသောဈေးကွက်များတွင် အီးအက်စ်ဝိုင်အုပ်စုသည် ၂၀၀၃ ခုနှစ်၌ စင်ကာပူဒေါ်လာ ၁ ဒသမ ၃ ဘီလီယံလုပ်ငန်းပမာဏရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်၌ စင်ကာပူဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ ရှိခဲ့သည်။

စင်ကာပူနိုင်ငံ၏ ထုတ်လုပ်မှုပမာဏသည် လွန်ခဲ့သည့်နှစ်နှင့်နှိုင်းစာလျှင် ၂၀၀၅ ခုနှစ် မတ်လက ၈ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (အီးဒီဘီ)က ဧပြီလ ၂၆ ရက်နေ့၌ ကိန်းဂဏန်းများ ထုတ်ပြန်ဖော်ပြသည်။ ကုန်ထုတ်လုပ်မှုအများစုမှာ ဖေဖော်ဝါရီလက နည်းပါးခဲ့ရာမှ လွန်ခဲ့သည့် မှတ်ပုံတင်ခဲ့မှုအခြေအနေမှာ လအနည်းငယ်တိုးတက်ခဲ့သော်လည်း အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းအများစုမှာ မတ်လက ဆက်လက်ကျဆင်းခဲ့သည်။

ဓာတုဗေဒဆိုင်ရာလုပ်ငန်းစုနှင့် အထွေထွေကုန်ထုတ်လုပ်ငန်းပမာဏသည် ၂၀၀၅ ခုနှစ် တတိယသုံးလတွင် ၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၃ ရာခိုင်နှုန်း



**စင်ကာပူကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Khaw Boon Wan သွေးလှူဒါန်းနေစဉ်**

အသီးသီးမြင့်တက်ခဲ့ပြီး ဇီဝဆေးဘက်ဆိုင်ရာကုန်ထုတ်လုပ်မှုပမာဏသည် ကျဆင်းမှုဘက်သို့ဦးတည်ခဲ့ပြီးနောက် အလားတူလတွင် ၁ ဒသမ ၁ ရာခိုင်နှုန်းကြီးထွားလာခဲ့သည်။ စုစုပေါင်းကုန်ထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ် ပထမသုံးလပတ်တွင် ယခင်နှစ် ယင်းကာလထက် ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ယင်းအပြင် စင်ကာပူကုမ္ပဏီများအုပ်စုသည် ကမ္ဘာ့အကြီးမားဆုံးဈေးဆိုင်တန်းကြီးကို ဒူဘိုင်း၌ စတင်တည်ဆောက်လျက်ရှိသည်။ စင်ကာပူနိုင်ငံ၏ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်ထိုဒေသသို့ မေ ၁၆ ရက်၌ အလည်အပတ်ရောက်ရှိခဲ့စဉ် ၎င်းအား ထိုအထင်ကရစီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက အကျဉ်းချုံးရှင်းလင်းတင်ပြခဲ့သည်။ ဒူဘိုင်းဈေးတန်းကြီးသည် အထပ်လေးထပ်ရှိ အဆောက်အအုံဖြစ်ပြီး စင်ကာပူကုမ္ပဏီ ၁၈ ခုက စင်ကာပူဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်မည် ဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး- စင်ကာပူနိုင်ငံသည် ဒေသတွင်းစီးပွားရေးအင်အားတောင့်တင်းလာသော အိန္ဒိယ၊ တရုတ်နိုင်ငံများသို့ ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေးဆောင်ခြင်းမှ အကျိုးအမြတ်ရရှိနိုင်ကြောင်း စင်ကာပူဝန်ကြီးချုပ်က ဧပြီ ၂၂ ရက်နေ့၌ ပြောကြားသည်။

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားဒုတိယသမ္မတ ယူစွပ်ကာလာတို့သည် နှစ်နိုင်ငံအကြားအနီးကပ်ပူးပေါင်းတည်ဆောက်ကြရေးအတွက် ၎င်းတို့၏ သဘောထားဆန္ဒများကို မေ ၅ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ခေါင်းဆောင်နှစ်ဦးတို့သည် မွန်းလွဲပိုင်း၌ တွေ့ဆုံကြစဉ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးခဲ့ကြသကဲ့သို့ ခရီးသွားလုပ်ငန်း၊ မြို့ပြလေယာဉ်ထုတ်လုပ်မှု နည်းပညာတို့တွင် နှစ်နိုင်ငံအနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရှိသည်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့ပြင် အင်ဒိုနီးရှား၏ စီးပွားရေးအလားအလာများကို ဆွေးနွေးခဲ့ကြသကဲ့သို့ လွန်ခဲ့သော ဒီဇင်ဘာလဆူနာမီလှိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံခဲ့ရသည့် အင်ဒိုနီးရှားနိုင်ငံရှိ အာချေးဒေသ၌ ပြန်လည်တည်ဆောက်လျက်ရှိသည့် ကြိုးပမ်းဆောင်ရွက်မှုအကြောင်းများကိုလည်း ညှိနှိုင်းကြသည်ဟု သိရသည်။

စင်ကာပူနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် လာမည့် ၂၀၀၅ ခုနှစ်၊ ဇွန်လတွင် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (အက်ဖ်တီအေ) အပြန်အလှန်ရရှိရေးအတွက် ဆွေးနွေးမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက မေ ၁၀ ရက်တွင် စင်ကာပူ၌ ပြောကြားလိုက်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ စင်ကာပူနှင့် ပါကစ္စတန်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းလုပ်ဆောင်ရေးကို နှစ်ဦးနှစ်ဖက်စိတ်အားထက်သန်မှုသဘောဆန္ဒများ ကိုယ်စီကိုယ်ငှရှိကြသည်ဟု စင်ကာပူသို့ရောက်ရှိနေသော ပါကစ္စတန်ဝန်ကြီးချုပ် အဇစ်အားတည်ခင်းသော ညစာစားပွဲတွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားသည်။

စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ဂူးက စင်ကာပူနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်ဆံရေး ကောင်းမွန်တိုးတက်မှုကို မေ (၁၇)ရက်က ချီးကျူးပြောကြားလိုက်ပြီး နှစ်နိုင်ငံပါလီမန်များအကြား အပြန်အလှန်တိုးတက်လည်ပတ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

စင်ကာပူနိုင်ငံသို့ သုံးရက်ကြာတရားဝင်လည်ပတ်ရန် ရောက်ရှိလာသော မစ္စတာဝူနှင့် စင်ကာပူလွှတ်တော်ဥက္ကဋ္ဌ အဗ္ဗဒူလာတူမူဂီတို့ ဆွေးနွေးကြရာတွင် ဝူကနှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုရှိကြောင်း သုံးသပ်ပြောကြားလိုက်ပြီး မကြာမီနှစ်များအတွင်း နှစ်နိုင်ငံ ထိပ်တန်းခေါင်းဆောင်များ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တိုးပွားလာကာ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ ပညာရေး၊ လေ့ကျင့်သင်ကြားပေးမှုများနှင့် အခြားကဏ္ဍများတွင် ထူးထူးခြားခြားအောင်မြင်မှုများရရှိခဲ့ကြောင်း ဆက်လက်

ပြောကြားသည်။ စင်ကာပူလွှတ်တော်ဥက္ကဋ္ဌအဗ္ဗဒူလာက ပြန်လည်ပြောကြားရာတွင် မစ္စတာဝူ၏ ခရီးစဉ်ကြောင့် နှစ်နိုင်ငံပါလီမန်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လည်ပတ်မှုများ တိုးတက်များပြားစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

**အထွေထွေ-** ပင်လယ်ပြင်ခြိမ်းခြောက်မှုများကို ဖြေရှင်းသွားရန် ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာဆိုင်ရာအဆင့်နှစ်ရပ်စလုံး ပူးပေါင်းဆောင်ရွက်မှု လိုအပ်သည်ဟု စင်ကာပူကာကွယ်ရေးဝန်ကြီး တိုချီဟင်းက ၂၀၀၅ ခုနှစ် မတ်လ ၂ ရက်နေ့၌ ပြောကြားသည်။ စင်ကာပူကာကွယ်ရေးဝန်ကြီးသည် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ဒေသဖိုရမ် (အေအာရ်အက်ဖ်)၏ ပင်လယ်ပြင်လုံခြုံရေးဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးအဖွင့်၌ မိန့်ခွန်းပြောကြားရာတွင် မလက္ကာနှင့် စင်ကာပူရေလက်ကြားသည် ကမ္ဘာ့ရေနံလိုအပ်ချက်၏



**စင်ကာပူမူလတန်းကျောင်းတစ်ကျောင်း၌ အဝလွန်ကလေးငယ်များ လေ့ကျင့်ခန်းပြုလုပ်နေကြစဉ်**

ထက်ဝက်နှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ လေးပုံတစ်ပုံမျှကို ပို့ဆောင်ပေးလျက်ရှိရာ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်ဖြစ်သော ၂၀၀၄ ခုနှစ် ဇူလိုင်လမှစ၍ သုံးနိုင်ငံညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးတိုချီဟင်းက ပြောကြားသည်။

“လုံခြုံဘေးကင်းမှုကို စဉ်းစားပါ၊ ထပ်မံစဉ်းစားပါ” ဆိုသော ဆောင်ပုဒ်ကို ဖော်ညွှန်းလျက် စင်ကာပူနိုင်ငံ၏ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှစ်ပတ်လည်အခမ်းအနားကို ရဲတပ်ဖွဲ့သီတင်းပတ်ပွဲတော်နှင့်အတူ ၂၀၀၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့က ပူးတွဲကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ဥပဒေနှင့် ပြည်တွင်းရေးအဆင့်မြင့်ဝန်ကြီးဟိုပင်ကီးက မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ သက်ကြီးဝါကြီးများအပြင် မူလတန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများသည် လမ်းပေါ်ရှိ အနာတရ ရနိုင်သူများဖြစ်ကြောင်း ဖော်ထုတ်ပြောကြားသည်။

ထို့ပြင် “စင်ကာပူနိုင်ငံကို အကြမ်းဖက်မှုဘေးမှ လုံခြုံဘေးကင်းအောင် စောင့်ရှောက်ပါ”ဟူ၍ အမည်ပေးထားသည့် အငှားယာဉ်မောင်းများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး လက်ကမ်းကြော်ငြာ တစ်စောင်ကို ဘာသာလေးမျိုးဖြင့် စင်ကာပူ၌ ၂၀၀၅ ခုနှစ် ဇူလိုင် ၁၁ ရက်က ဖြန့်ဝေခဲ့သည်။

စင်ကာပူနိုင်ငံ၌ နိုင်ငံတစ်ဝန်းဆေးလိပ်သောက်သုံးမှုတိုက်ဖျက်ရေးဆောင်ရွက်မှုအဖြစ် အရက်ဆိုင်များ၊ ကလပ်များနှင့် စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်သုံးခြင်း ပိတ်ပင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဆေးလိပ်သောက်သုံးမှု ပိတ်ပင်ခြင်းကို လာမည့်နှစ်တွင် အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ၂၀၀၅ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် ပြောကြားသည်။

အောက်တိုဘာလမှစပြီး ဘတ်စ်ကားမှတ်တိုင်များ၊ ရေကူးကန်များနှင့် သန့်စင်ခန်းများ၌ ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်မည်ဟု ယခင်ကပင် ပြောဆိုခဲ့သည်။ ဆေးလိပ်သောက်သုံးသူများသည် စီးကရက်တစ်ဘူး လျှင် စင်ကာပူဒေါ်လာ ၁၀ ဒေါ်လာခန့် ဈေးကြီးပေးဝယ်စေရန် ဆောင်ရွက်ထားသည်ဟု သိရသည်။

စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းသည် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့က ဘာလီဗုံးခွဲမှု၌ ဒဏ်ရာရသဖြင့် ဆန်ဂလာဆေးရုံသို့ တင်ပို့ကုသခံနေရသူ လူနာများထံ အောက်တိုဘာ ၄ ရက်နေ့က သွားရောက်ကြည့်ရှုအားပေးသည်။ စင်ကာပူဝန်ကြီးချုပ်လီသည် အင်ဒိုနီးရှားနိုင်ငံမှ စင်ကာပူနိုင်ငံသို့ မပြန်မီ အင်ဒိုနီးရှားသမ္မတဘမ်ဘန်းယူဒိုယိုနိုနှင့်အတူ ဒင်ပါဆာရှိဆန်ဂလာဆေးရုံသို့ သွားရောက်ခြင်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝင်နှစ်နိုင်ငံမှ ခေါင်းဆောင်နှစ်ဦးတို့သည် တမ်ပါဆရင်နန်းတော်တွင် အောက်တိုဘာ ၃ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြရာ အနည်းဆုံး

၂၇ ဦး သေဆုံးပြီး၊ ၁၀၂ ဦး ဒဏ်ရာရသည့် ဒုတိယ အကြိမ် ဘာလီဗုံးခွဲမှုတွင် ထိခိုက်သေဆုံးသူများအတွက် များစွာစိတ်မကောင်းဖြစ်မိကြောင်း ဧည့်သည်တော် စင်ကာပူဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံသား ငုယင်သောင်ဗန်အား စင်ကာပူ နိုင်ငံ၌ နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံရေးပျက်ပြား အောင်ပြုလုပ်ခဲ့သည့်အတွက် သေဒဏ်စီရင်ချက်ချမှတ် လိုက်ပြီဖြစ်ကြောင်း ဩစတြေးလျ ဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ် က ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်၌ ပြောကြားသည်။ အသက် ၂၅ နှစ်ရှိ ငုယင်အား ၂၀၀၂ ခုနှစ်က စင်ကာပူ ချန်ဂီလေဆိပ်၌ ဆေးခြောက် ၃၉၆ ဂရမ် သယ်ဆောင် လာမှုဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းအား သေဒဏ်စီရင်မှုမှ လျှော့ပေါ့ပေးရန် တောင်းဆိုမှုကို ပယ်ချခဲ့ပြီးနောက် ဒီဇင်ဘာ ၂ ရက်နေ့ အစောပိုင်းက အကျဉ်းစခန်း၌ ကြိုးပေးသတ်ခဲ့သည်။ မူးယစ်ဆေးဝါးသည် လူအချင်းချင်းဆက်ဆံရေးကို ထိခိုက်လာစေမည်ဟု ဂျွန်ဟောင်းဝပ်က စင်ကာပူ ဝန်ကြီးချုပ်အား ပြောကြားသည်။ မူးယစ်ဆေးဝါးမှု မကျူးလွန်စေရန် သေဒဏ်ချမှတ်သည့် သတင်းကို ဩစတြေးလျလူငယ်များသိရှိသွားရန်လည်း မျှော်လင့် ကြောင်းဖြင့် ၎င်းက ပြောကြားသည်။

**သိန်းဝင်းဇော်**

**စန္ဒရားချစ်ဆွေ (ခရစ် ၁၉၃၅-၂၀၀၅)**။ ။ တေးရေး၊ တေးဆို၊ ဂီတပညာရှင်စန္ဒရားချစ်ဆွေကို ၁၉၃၅ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် ဧရာဝတီတိုင်း ဟင်္သာတမြို့၌ အဘ ဦးဘလှိုင်နှင့် အမိ ဒေါ်ကျင်စိန်တို့က မွေးဖွားခဲ့ သည်။ မွေးချင်းလေးယောက်မှ အကြီးဆုံးသားဖြစ်သည်။

စန္ဒရားချစ်ဆွေကို မွေးဖွားသည့် ညက ဟင်္သာတ မြို့ရှိ ရှုရာဖ်ရုပ်ရှင်ရုံ (နောင်တွင် 'ထွန်းလင်း' စီနီမာရုံ) တွင် အေဝမ်းဖလင်မှ မြန်မာညီအသံတိတ်ရုပ်ရှင်ဇာတ် ကားပြသနေချိန်နှင့် ကြုံကြိုက်၍ ယင်းဇာတ်ကားမှ အမိကဇာတ်ကောင် မင်းသားရဲခေါင်ချစ်ဆွေ (ချစ်ရွှေ) ကို အမှတ်အသားပြုကာ ထိုရုံတွင် တီးဝိုင်းခေါင်းဆောင်



စန္ဒရားချစ်ဆွေ

ဖြစ်သော ဖခင်ဦးဘလှိုင်ကသားကြီးဩရသကို ချစ်ဆွေဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

စန္ဒရားချစ်ဆွေ၏ ဂီတဆရာများမှာ ဖခင် ဦးဘလှိုင်၊ ဟင်္သာတမြို့ ငွေတိုက်ဝန်ထောက် ဦးစု၊ စောင်းနှင့် စန္ဒရား ဆရာကြီး ဦးထွန်းဖေတို့ဖြစ်သည်။

စန္ဒရားချစ်ဆွေသည် ၁၀ နှစ်သားအရွယ်တွင် ဖခင် နှင့်အတူလိုက်ပြီး ရုပ်ရှင်ရုံတွင် စန္ဒရာတီးခတ်သည်။ ၁၉၄၉ ခု၊ အသက် (၁၄)နှစ်အရွယ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ထိုတွင် မစ္စတာဘင်ဟုတ်နှင့် ခတ္တာရာ အေးတို့ထံမှ ဂီတအနုပညာကို ဆည်းပူးသည်။

ထို့နောက် စန္ဒရားချစ်ဆွေသည် ပြဇာတ်ခေတ် ဝင်းဝင်းရုံတွင် ဂီတပညာရှင်ရွှေပြည်အေး၏ ကွပ်ကဲမှု အောက်ဝယ် စန္ဒရားကို ပထမဆုံးဝင်ရောက်တီးခတ် သည်။ ဆက်၍ စန္ဒရားဆရာဂီတာညွှန့်ခေါ် ဦးဘညွှန့် နှင့် စန္ဒရားစစ်ကိုင်းလှရွှေတို့ထံတွင် ရုပ်ရှင်နှင့် ပတ်သက် သော ဂီတအနုပညာရပ်များကို ဆည်းပူးသည်။

ဤသို့နှင့် စန္ဒရားချစ်ဆွေသည် သွင်၊ ဘုရင့်ရုံ၊ ရာဇ် (ရဲရင့်)၊ ရီဂျင့် (ရွှေ့ဆောင်)၊ ဂျမား၊ လွင်လွင်၊ မော် ရုပ်ရှင်ရုံများတွင် လိုက်လံ၍ စန္ဒရားတီးခတ်ခဲ့သည်။ ဤတွင် ဥဩဘသောင်၊ သထုံဘသိန်း၊ ပဲရော့ဘသန်းလေး၊ ကိုသန်းဖေ၊ ကိုစောလှိုင်၊ တေးလုလင်ရဲနောင်၊ ကိုသန်းတင်၊ ကိုနီ၊ စိန်ပါတီ၊ ဟင်္သာကြည်၊ ဒေါ်နု၊ ဒဂုံခင်၊ ခင်ခင်ညွှန့်၊

ရွှေမြိုင်ကြည်စသည့် ဂီတအနုပညာရှင်များနှင့် တွဲဖက်လုပ်ကိုင်ခဲ့၍ ဂီတပညာရပ်များကို လေ့လာသင်ကြားခွင့်ရခဲ့သည်။

စန္ဒရားချစ်ဆွေသည် ထိုခေတ်ထိုအခါက မြန်မာ့အသံတွင် ဓာတ်ပြားရတေးသီချင်းများစွာကို ရေးစပ်သီကုံးခဲ့ပြီး ကေသီပန်တီးဝိုင်းမှနေ၍ အဆိုရှင်မြောက်မြားစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။

ရုပ်ရှင်တစ်ခေတ်ရောက်သောအခါ ရုပ်ရှင်နောက်ခံတေးများကို ရေးစပ်သီဆိုခဲ့သည်။ ဤတွင် ရုပ်ရှင်ကားတစ်ကား၏ ဇာတ်သိမ်းသီချင်းနှင့် စန္ဒရားချစ်ဆွေကို ရုပ်ရှင်ပရိသတ်က ထူးထူးခြားခြားတွဲဖက် မှတ်မိတတ်သည်အထိ အောင်မြင်ခဲ့သည်။

စန္ဒရားချစ်ဆွေသည် စန္ဒရားအတီးပညာနှင့်ပတ်သက်၍ နှောင်းလူများအား ဝေမျှလိုသော စိတ်စေတနာဖြင့် စန္ဒရားသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ခဲ့ရာ ယနေ့ဂီတလောကမှ စန္ဒရားကြယ်တစ်ပွင့်ဖြစ်သည့် စန္ဒရားတင်ဝင်းလှိုင်သည် ထင်ရှားသော တပည့်တစ်ဦးဖြစ်သည်ကို တွေ့ရသည်။

စန္ဒရားချစ်ဆွေသည် ၁၉၆၂ ခုနှစ်တွင် ဒေါ်သန်းသန်းနှင့် လက်ထပ်သည်။ ထိုနှစ်မှာပင် ဖင်လန်နိုင်ငံ၊ ဟယ်လင်စကီမြို့၌ ကျင်းပသော ဂီတလူငယ်ပွဲတော်သို့ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီမြတ်လေး၊ ရုပ်ရှင်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ မောင်နေမျိုးတို့နှင့်အတူတက်ရောက်ခဲ့သည်။

စန္ဒရားချစ်ဆွေသည် ချစ်ဖူးသူတိုင်းရူးကြသည် ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးခဲ့ဖူးသည်။

ဂီတဝိုင်းများအနေနှင့် တေးဗိမာန်၊ လေလှိုင်းသံ၊ တူရိယာအဖွဲ့များတွင် ရေးဆိုအသံလွှင့်ပြီး ကေသီပန်တူရိယာအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ဤတွင် မြန်မာ့ဂီတသံစဉ်၌ အသံ (၇)သံထဲမှ (Minor) ဟုခေါ်သော ထက်ဝက်သံများနှင့် အသံအကူးအဆက်ပြောင်းလဲစပ်ဟပ်ပုံများကို စတင်ရှာဖွေ၍ တီထွင်ခဲ့သည်ဟု ဂီတပညာရှင်များ၏ မှတ်တမ်းပြုခြင်းကို ခံခဲ့ရသည်။

စန္ဒရားချစ်ဆွေ၏ ထင်ရှားသော တေးသီချင်းများမှာ မေ့ကွက်ကိုရှာ၊ မွှေးလွန်းသည့်ပန်း၊ ပိတောက်လမ်း၊ မိုး၊ ပျောင်းနွဲ့ကေခိုင်၊ ပြန်လည်ဆုံစည်းကြမယ်အချစ်ရယ်၊ ခက်ခက်ကိုမှ လိုချင်တယ်၊ ပန်းတံတား၊ ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ၊သဇင်စသည်တို့ဖြစ်သည်။

စန္ဒရားချစ်ဆွေသည် အသက်အရွယ်ရလာသောအခါ ဂီတနယ်ပယ်တွင် နာယကတစ်ဦးအနေနှင့် မြန်မာ့ဂီတဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ခဲ့သကဲ့သို့ နိုင်ငံတော်၏ အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ်လည်း ပါဝင်ဆောင်ရွက်ပေးခဲ့သည်။

စန္ဒရားချစ်ဆွေသည် ၂၀၀၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့က အသက် ၇၀ ပြည့်နှင့် ဂီတသက်တမ်း ၅၆ နှစ်မြောက် အထိမ်း အမှတ်အခမ်းအနားကို ရန်ကုန်မြို့၊ ကန်တော်ကြီးဥယျာဉ်ရှိ Dolphin စားသောက်ဆိုင်၌ ပထမဦးဆုံး အကြိမ် ကျင်းပခဲ့သည်။ သို့သော် ၎င်းအကြိမ်သည်ပင် နောက်ဆုံးအကြိမ်ဖြစ်သွားခဲ့သည်။

ဂီတပညာရှင်စန္ဒရားချစ်ဆွေသည် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ ည ၁၁ နာရီအချိန်တွင် ကွယ်လွန်ခဲ့သည်။ ဇနီး ဒေါ်သန်းသန်းနှင့်အတူ သားသမီး ၅ ယောက် မြေး ၃ ယောက် ကျန်ရစ်ခဲ့သည်။

**ဦးစိုးမြင့်သန်း**




**ဆွေမင်း (ဓနုဖြူ) (ခရစ်နှစ် ၁၉၅၇-၂၀၀၅)။** ။ ကာတွန်းဆွေမင်း (ဓနုဖြူ) ကလောင်နာမည်ဖြင့် မြိုင်ရာဇာတွတ်ပီကာတွန်းဇာတ်ကောင်ကို ဖန်တီးခဲ့သူ ကာတွန်းဆရာဦးခင်မောင်မြင့်ကို ဖခင် ဦးတင်ရွှေ မိခင် ဒေါ်သန်းခင်တို့က ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဓနုဖြူမြို့၌ မွေးဖွားသည်။

မူလတန်းပညာကို ရွှေကူမူလတန်းကျောင်းနှင့် ရေတွင်းကုန်း မူလတန်းကျောင်း တို့တွင်လည်းကောင်း၊

အလယ်တန်းပညာကို ရွှေကူအလယ်တန်းကျောင်းတွင်လည်းကောင်း၊ အထက်တန်းပညာကို ဓနုဖြူအထက်တန်းကျောင်းတွင်လည်းကောင်း သင်ယူသည်။

ငယ်စဉ်ကတည်းက စာရေးစာဖတ်ခြင်းနှင့် ကာတွန်းရုပ်များရေးခြစ်ခြင်းကို ဝါသနာပါသည်။ နဝမတန်းကျောင်းသားဘဝတွင် သောကြာစာစောင်နှင့်အခြားမဂ္ဂဇင်းများ၌ ကလောင်နာမည် မောင်မောင်ဆွေမင်း (ဓနုဖြူ) ဖြင့် ရေးသားသည်။

၁၉၇၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ် အထိ ရန်ကုန်ပန်းချီပန်းပုကျောင်းတွင် ပန်းချီပညာသင်ယူသည်။ ပန်းချီပန်းပုကျောင်းဆင်းပြီးနောက် စာပေလောကသို့ဝင်ရောက်သည်။ ၁၉၈၆ ခုနှစ်မှစ၍ မြိုင်ရာဇာတွတ်ပီဇာတ်ကောင်ကို ရွှေသွေးဂျာနယ်တွင် စတင်ရေးဆွဲသည်။ ၁၉၈၈ ခုနှစ်မှစ၍ မြိုင်ရာဇာတွတ်ပီဇာတ်ကောင်ဖြင့် လုံးချင်းကာတွန်းစာအုပ်များ ရေးဆွဲထုတ်ဝေသည်။ ၁၉၉၇ ခုနှစ်မှစ၍ တတိုင်းမွေးဂျာနယ်ကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ ထုတ်ဝေသည်။ မြိုင်ရာဇာတွတ်ပီဇာတ်ကောင်သည် နိုင်ငံတစ်ဝန်းမသိသူမရှိသလောက် ပေါက်ရောက်အောင်မြင်သည်။ သောကြာစာစောင်တွင်လည်း အမှုဆောင် အယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဘဝတစ်ခု အမှတ်တရအမည်ရှိ ဆောင်းပါးစာစုများကို လစဉ် ရေးသားသည်။ အခြားမဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း ဆောင်းပါးများ ရေးသားသည်။ ၂၀၀၃ ခုနှစ်တွင် ဘဝတစ်ခုအမှတ်တရအမည်ရှိ ဆောင်းပါးစာစုများကို စုစည်းပြီး စာအုပ်ထုတ်ဝေသည်။ ထို့ပြင် မကွယ်လွန်မီ မြိုင် ရာဇာတွတ်ပီကာတွန်းဗီစီဒီကို ဖန်တီးထုတ်လုပ်ခဲ့သည်။

ကာတွန်းဆွေမင်း (ဓနုဖြူ) သည် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ညတွင် ရန်ကုန် မြို့၌ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မို့မို့ဆန်းနှင့် သမီးနှစ်ဦး၊ သားတစ်ဦး ကျန်ရစ်သည်။

**စိုးအောင်**

**တက္ကသိုလ်ညိုညိုလေး (ခရစ်နှစ် ၁၉၁၉-၂၀၀၅)။**

။ တက္ကသိုလ်ညိုညိုလေးကလောင်နာမည်ဖြင့် စာပေများရေးသားပြုစုခဲ့သော ကန်တော့ခံသက်ကြီးစာပေပညာရှင် ဦးမောင်မောင်မိုးကို ဖခင် ဦးမိုက်တင်၊ မိခင် ဒေါ်ဇခင်တို့က ၁၉၁၉ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။




ဦးမောင်မောင်မိုးသည် ၁၀ တန်း အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ဥပစာ(ဝိဇ္ဇာ)အထက်တန်းအထိ ပညာဆည်းပူးသည်။ ဂျပန်ခေတ်တွင် သာယာဝတီခရိုင်၊ စစ်ကွင်းမြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး အာရှလူငယ်အစည်းအရုံး ဉာဏဗလမှူးအဖြစ် ဆောင်ရွက်သည်။ စစ်ပြီးခေတ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာဆည်းပူးခဲ့ရာ ၁၉၄၆ ခုနှစ်တွင် တက္ကသိုလ်စာရေးဆရာအသင်းအမှုဆောင် (ငွေထိန်း)နှင့် တက္ကသိုလ်မြန်မာစာအသင်း ဟောပြောရေးတာဝန်ခံအဖြစ် ဆောင်ရွက်သည်။

ထို့နောက် သစ်ဆန်းစာစောင်၊ စုံထောက်မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ ဒဂုံမဂ္ဂဇင်း၊ အလင်းရောင်ဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ ပဒေသာ၊ နော်ရထာစသည့် စာစောင်များတွင် ကဗျာ၊ ဆောင်းပါး၊ ပုံပြင်နှင့် ဝတ္ထုတိုများ ရေးသားသည်။ ၁၉၄၇-၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ဝင်ရောက်သည်။ ၁၉၅၃ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း လက်ထောက်စာတည်းအဖြစ် ကလေးဂျာနယ်၊ မြတ်လုလင်ဂျာနယ်နှင့် နော်ရထာစာစောင်များ၌လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနှင့် ကမ္ဘာသတင်းမဂ္ဂဇင်း တာဝန်ခံစာတည်းနှင့် ခေတ်ရေးစာစောင်ပုံနှိပ်တာဝန်ခံအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၅၉-၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

တော်လှန်ရေး အစိုးရလက်ထက်တွင် ရှေ့သို့စာစောင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ပြီး ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနတာဝန်ခံစာတည်းအဖြစ်မှ အငြိမ်းစားယူသည်။

တက္ကသိုလ်ညိုညိုလေးသည် ကလေးလူငယ် အကျိုးပြု 'သင်၏နောင်ရေး သင့်ရင်သွေး' စာအုပ်နှင့် 'မွန်ပညာရှိကလေး မောင်ထော်ကဲနှင့် အဖော်များ' စာအုပ်တို့ကို ရေးသားပြုစု၍လည်းကောင်း၊ 'ကမ္ဘာ့ သမဝါယမလှုပ်ရှားမှု' စာအုပ်ကို ဘာသာပြန်ဆို၍ လည်းကောင်း ထုတ်ဝေသည်။

စမ်းချောင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော တက္ကသိုလ် ညိုညိုလေးသည် ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်၌ သားသမီးရှစ်ဦးနှင့် မြေးသုံးဦးကျန်ရစ်သည်။

**စိုးအောင်**



## တက္ကသိုလ်မင်းမော် (ခရစ်နှစ် ၁၉၃၅-၂၀၀၅)။ ။

တက္ကသိုလ်မင်းမော်ကလောင်အမည်ခံယူကာ သူငယ်ချင်း ကဗျာစုများဖြင့် စာပေလောကတွင် ထင်ရှားသူ ဂုဏ်ထူး ဆောင်ပါမောက္ခဦးထွန်းမြင့်ကို ဖခင် အငြိမ်းစား ရဲဝန် ထောက် ဦးတင်မောင်၊ မိခင် ဒေါ်စိန်မြတို့က ၁၉၃၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့၌ တွံတေးမြို့တွင် မွေးဖွား သည်။ မွေးချင်း ခုနစ်ယောက်အနက် တတိယမြောက် ဖြစ်သည်။

ဦးထွန်းမြင့်သည် ၁၉၅၄ ခုနှစ်၌ တက္ကသိုလ်ဝင် တန်းအောင်မြင်ပြီး ၁၉၆၁ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် မှ ဝိဇ္ဇာဘွဲ့နှင့် ၁၉၆၇ ခုနှစ်၌ မဟာဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ ဇွန်လအထိ အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များကျောင်းတွင် ဘာသာဗေဒနှင့် သဒ္ဒဗေဒဘာသာရပ်များ သင်ယူ ဆည်းပူးလေ့လာခဲ့ပြီး M.Phil ဘွဲ့ရရှိသည်။ "Sentence Structure in Myanmar Syntax" စာတမ်း နှင့် စာရေးဆရာကြီး မောင်ထင်၏ 'ငဘ' ဝတ္ထုမှ စကား ပြောဟန်အရေးအသားသဒ္ဒါကို လေ့လာခြင်း (ဘာသာ ဗေဒလေ့လာခြင်း)ဖြစ်သည့် "Grammatical Studies of the Dialogue Passages of the Novel-Nya Ba by Maung Htin." ကျမ်းတို့ကို ပြုစုတင်သွင်းသည်။

ဦးထွန်းမြင့်သည် ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင် ကောလိပ်၊ မန္တလေးတက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်တို့တွင် ကထိက၊ တွဲဖက်ပါမောက္ခ၊ ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်များကို ထမ်းဆောင်ခဲ့ ပြီး ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဂျပန်နိုင်ငံ နိုင်ငံခြား ဘာသာတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက် သည်။

ဦးထွန်းမြင့်သည် ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက် စဉ် အဆိုပါ တက္ကသိုလ်အတွက် "The Sound System in Myanmar" နှင့် "Morphology of Myanmar Words" စာအုပ်နှစ်အုပ် ပြုစုသည်။ မြန်မာနိုင်ငံ တက္ကသိုလ်များပြဋ္ဌာန်းချက်ဖြစ်သော ဘာသာဗေဒ စာအုပ်နှင့် သဒ္ဒဗေဒစာအုပ်တို့ကို ပြုစုသည်။

ဦးထွန်းမြင့်သည် တက္ကသိုလ်မင်းမော်ကလောင် အမည်ဖြင့် 'ဘဝတေးသံကဗျာများ' 'သူငယ်ချင်းကဗျာ စု (၁)' နှင့် 'သူငယ်ချင်းကဗျာစု (၂)'တို့ကို ထုတ်ဝေ သည်။ လောက၏ ကမောက်ကမဖြစ်ပုံများကို နှစ်သက် ဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသောသူငယ်ချင်းကဗျာစုသည် လောကသရုပ်ဖော်ကဗျာများဖြစ်ပြီး သာမန်နေ့စဉ်သုံး၊ လူထုသုံး၊ အရပ်သုံးဝေါဟာရများဖြင့် ဂုဏ်မြောက်အောင် တင်စားဖွဲ့ဆိုထားသည်။

ဦးထွန်းမြင့်သည် အငြိမ်းစားယူပြီးဖြစ်သော်လည်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာဗေဒဌာန တွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ၁၉၉၈ ခုနှစ်၊

ဇူလိုင်လ ၇ ရက်နေ့မှ ကွယ်လွန်သည်အထိ ဆောင်ရွက်သည်။

တက္ကသိုလ်မင်းမော်သည် ၂၀၀၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်တင်တင်ဌေး ကျန်ရစ်သည်။

**စိုးအောင်**

**ထိုင်းနိုင်ငံ။** ။ ထိုင်းနိုင်ငံသည် လယ်ယာမြေပြုပြင်ပြောင်းလဲမှု၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၊ အခြေခံအဆောက်အအုံများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်လုပ်ဆောင်သွားခြင်းဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေး တိုးတက်မှုမှာ ၂၀၀၅ ခုနှစ်တွင် ငါးရာခိုင်နှုန်းအောက် လျော့ကျသွားမည်မဟုတ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ကတိပြုပြောကြားကြောင်းသိရသည်။ ထိုင်းစီးပွားရေးခေါင်းဆောင်များနှင့် အဓိကစီးပွားရေးအေဂျင်စီများအား ၂၀၀၅ ခုနှစ် မေ ၁၂ ရက်က တွေ့ဆုံဆွေးနွေးရာတွင် ထိုင်းဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် လွန်ခဲ့သည့် နှစ် ၂၀၀၄ ၏ ပထမခုနစ်လနှင့် နှိုင်းယှဉ်ပါက ယခု ၂၀၀၅ ခုနှစ် ယင်းကာလတွင် ဘတ် ၈ ဒသမ ၈၇ ဘီလီယံနီးပါး (အမေရိကန်ဒေါ်လာ ၂၂၂ သန်း) ဖြင့် လေးဆတိုးတက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (ဘီအိုအိုင်)က ဖော်ပြထားသည်။

တရုတ်နှင့် ထိုင်းအကြားကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ကျန်ရှိနေသေးကြောင်း အထူးသဖြင့် စိုက်ပျိုးရေးယာဉ်များနှင့် ယာဉ်အစိတ်အပိုင်းထုတ်လုပ်မှုများဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးတွင် ရင်နှီးမြှုပ်နှံမှုဆွဲဆောင်နိုင်ရန် အသင့်ရှိသည့် ကုန်ကြမ်းများ အလျှံပယ်ရှိထားကြောင်း ဘီအိုအိုင်အတွင်းရေးမှူးချုပ်ဆာသစ်ဆီရီရင်ဂါမင်က ပြောကြားသည်။

ထိုင်းနိုင်ငံသည် ၂၀၀၅ ခုနှစ် ပထမကိုးလတာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိအောင်ဆွဲဆောင်ခဲ့ရာ ထိုင်းဘတ်ငွေ ၅၆၀ ဘီလီယံ ပမာဏအထိ ရင်းနှီးမြှုပ်နှံမှုများကို ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (ဘီအိုအိုင်)က ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

**ကုန်သွယ်မှု-** ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ လိုအီပြည်နယ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့ကို ဆက်သွယ်ပေးသော ထိုင်း-လာအိုနမ်ဟူအင်ချစ်ကြည်ရေးတံတားဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း ထိုင်း-လာအိုနယ်စပ်တစ်လျှောက် နှစ်နိုင်ငံကုန်သွယ်မှုသည် ဆက်လက်ကျယ်ပြန့်လာလျက်ရှိကြောင်း အဆင့်မြင့်ကုန်သွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံမဏိနှင့် မော်တော်ကားအစိတ်အပိုင်းကဲ့သို့ နယ်ပယ်များတွင် ကွာဟချက်များရှိနေသော်လည်း ဂျပန်နိုင်ငံက ထိုင်းနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် စေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီး ဟိုက်ဒီဂျီဆူဂီရာမာက ၂၀၀၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့၌ ပြောကြားသည်။



**၂၆ ကြိမ်မြောက် ဗန်ကောက်နိုင်ငံတကာ ကားပြိုင်ပွဲအကြိုခင်းကျင်းပြသရာတွင် ရှေးဟောင်းမာစီးဒီး ဘင့်ဇ်ကားကို တွေ့ရစဉ်**

**ထုတ်ကုန်ပို့ကုန်လုပ်ငန်း-** ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် ထိပ်ဆုံးနိုင်ငံအဖြစ် ၂၀၀၄ ခုနှစ်က ရှိမြဲရှိခဲ့ပြီး ဒုတိယဆန်အများဆုံးတင်ပို့သည့်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ကြောင်း သိရသည်။ ယခု ၂၀၀၅ ခုနှစ်၌လည်း ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ရန်

ထိုင်းနိုင်ငံက မျှော်လင့်ထားကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ၂၀၀၅ ခုနှစ်တွင် အစီးရေတစ်သန်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် (အက်ဖ်တီအိုင်)က ထုတ်ပြန်ခဲ့သည်ဟု ဘီးစီးနက်ဒေးဝက်ဘ်ဆိုဒ်စ်က ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့တွင် ဖော်ပြသည်။ ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၅ ခုနှစ်တွင် မော်တော်ယာဉ် ၁၈ ဒသမ ၃၉ ရာခိုင်နှုန်း စီးရေ ၁,၀၉,၈၇,၅၁ စီးထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယင်းမှ မော်တော်ယာဉ်စီးရေ ၇၀၀,၀၀၀ မှာ ပြည်တွင်းဈေးကွက်အတွက် မျှော်မှန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံအစိုးရများ အခွန်လျှော့ချရေးသဘောတူညီချက်ကြောင့် ၂၀၀၇ ခုနှစ်ကုန်၌ အိန္ဒိယနိုင်ငံသို့ ထိုင်းနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုသည် နှစ်ဆဖြစ်လာမည်ဟု ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က ပြောကြားသည်။ အိန္ဒိယသို့ ထိုင်းမှကုန်ပစ္စည်းတင်ပို့မှုသည် ၂၀၀၅ ခုနှစ်၌ ဒေါ်လာ ၂ ဘီလီယံရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၄ ဘီလီယံထိရှိလာမည်ဟု ဝန်ကြီးချုပ်သက်ဆင်က ပြောကြားခဲ့သည်။

ပြည်ပပို့ကုန်အထည်အလိပ်နှင့် အဝတ်အထည်များ တိုးတက်တင်ပို့နိုင်မှုကြောင့် ထိုင်းနိုင်ငံတွင် အထည်အလိပ်ထုတ်လုပ်မှုနှင့် ဒီဇိုင်းပုံစံသစ်တီထွင်မှုများ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း အလုပ်အကိုင်များလည်း တိုးတက်ဖန်တီးပေးနိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံစီးပွားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပရိချာလောဟာပေါင်ချာနာက ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်နေ့၌ ပြောကြားသည်။ ထိုင်းနိုင်ငံမှ အထည်အလိပ်နှင့် အသင့်ချုပ်အဝတ်အထည်များကို အများဆုံးတင်ပို့သည့် နိုင်ငံများမှာ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြသည်။



ဗန်ကောက်မြို့တွင် ဆက်သွယ်ရေးဝန်ထမ်းတစ်ဦး
တယ်လီဖုန်းလိုင်းတပ်ဆင်နေစဉ်

**မူးယစ်ဆေးဝါးနှိမ်နင်းရေး-** မူးယစ်ဆေးမှောင်ခိုရောင်းဝယ်ခြင်းကို ထိုင်းနှင့် ကမ္ဘောဒီးယားတို့က ပိုမိုခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရာရှိတစ်ဦးက ၂၀၀၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ ပြောကြားလိုက်သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်သည် အလည်ရောက်နေသော ထိုင်းကာကွယ်ရေးဝန်ကြီး သမ်မာရက်စ်အစ်ဆန်ရန်ကူရာနှင့် ဇွန် ၉ ရက်နေ့တွင် မူးယစ်ဆေးဝါးကိစ္စကို ဆွေးနွေးခဲ့သည်။

ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ တရုတ်၊ မြန်မာနှင့် ကုလသမဂ္ဂမူးယစ်ဆေးထိန်းချုပ်ရေးအစီအစဉ် (ယူအင်န်ဒီစီပီ)တို့သည် ဒေသအတွင်း မူးယစ်ဆေးဝါးပူးပေါင်းနှိမ်နင်းရေးသဘောတူစာချုပ်ကို မေလက ချုပ်ဆိုခဲ့ကြောင်းသိရသည်။

ချူလာလောင်ကွန်တက္ကသိုလ်၏ လေးလကြာလေ့လာချက်၌ မူးယစ်ဆေးစွဲသူများကို ကုသရန် ဆေးဖက်ဝင်အပင် ၉၀ ခန့်ကို ထိုင်းနိုင်ငံတစ်ဝန်း၌ အသုံးချလျက်ရှိသည်ကို တွေ့ခဲ့ရပြီး ၁၀ မျိုးကိုသာ နောက်ထပ်လေ့လာရဦးမည်ဟု ဆိုသည်။ ၎င်းဆေးဖက်ဝင်အပင်များသုံးခြင်းဖြင့် တင်သွင်းရသော ဆေးဝါးများအတွက် ကုန်ကျစရိတ်လျော့စေပြီး ပြည်တွင်းမှ ဆေးဖက်ဝင်အပင် စိုက်ပျိုးသူများ တိုးတက်လာမည်ဖြစ်သည်။

**ဆူနာမီနှင့် သဘာဝဘေးအန္တရာယ်-** ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပေါ်ခဲ့သော ဆူနာမီဒီလှိုင်းကြောင့် ဖူးကက်ကျွန်းသည် ပင်လယ်ဘက်ဆီသို့ ပိုရွေ့သွားဖွယ်ရှိကြောင်းကို ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ စူးစမ်းလေ့လာရေးအင်ဂျင်နီယာများက ပြောကြားသည်။ အမှန်အားဖြင့် မိမိအနေဖြင့် ဖူးကက်သာမက ငလျင်ကြောင့် အန်ဒမန်ပင်လယ်အနီးရှိ ကျွန်းအားလုံးနေရာ အနေအထားပြောင်းသွားသည်ဟု ပြောရဖို့ရှိကြောင်း၊ ငလျင်နှင့် ဆူနာမီ၏ ဘူမိအကျိုး

သက်ရောက်မှုလေ့လာရေးအဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာ အစ်သီထရိဆီရီဆာတာဝေါင်က ပြောကြားသည်။

ကုန်းမြေများနှင့် ကျွန်းများ၏ အနေအထား ပြောင်းလဲမှုသည် သဘာဝအားဖြင့် တစ်နှစ်လျှင် မီလီမီတာဝက်မျှ ပြောင်းလဲမှုရှိတတ်ကြောင်း၊ သို့သော် ဖော်ပြပါကျွန်း၏ပြောင်းလဲမှုသည် အလွန်ကြီးမားသော ပြောင်းလဲမှုဖြစ်ကြောင်း အစ်သီက ပြောကြားသည်ဟု ဗန်ကောက်ပို့စ်သတင်းစာက ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်က ဖော်ပြခဲ့သည်။

ဆူနာမီလှိုင်းဒဏ်ကြုံတွေ့ရပြီး ငါးလအကြာတွင် ထိုင်းနိုင်ငံသည် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်ကို ထူထောင်နိုင်ပြီဖြစ်ကြောင်း ဆူနာမီလှိုင်းဒဏ်ရင်ဆိုင်ခဲ့ရသည့် နိုင်ငံများအနက် မိမိတို့သည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတွင် တိုးတက်အောင် ရှေ့ဦးစွာဆောင်ရွက်နိုင်ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က ပြောကြားသည်။

ထိုင်းသဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးဌာနကို ဂျပန်နိုင်ငံနှင့် ဟာဝိုင်ယီရှိ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးရေးဌာနများနှင့် ဆက်သွယ်ထားမည်ဖြစ်ပြီး ဤစနစ်သစ်အရ လှိုင်းလုံးအမြင့် ထိုလှိုင်းများ ရိုက်ခတ်မည့်ဒေသနှင့် အချိန်ဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ကြိုတင်သိရှိနိုင်မည်ဟုဆိုသည်။

**သိန်းဝင်းဇော်**

## ဒေါက်တာမောင်မောင်ခ (ခရစ် ၁၉၁၇-၂၀၀၅)။

။ဆရာခဟုအများကခေါ်ကြသော ဒေါက်တာမောင်မောင်ခကို အဘ ဦးရွှေလွင်နှင့် အမိ ဒေါ်စိန်တို့က ၁၉၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့တွင် မော်လမြိုင်မြို့၌ မွေးဖွားခဲ့သည်။

၁၉၂၄ ခုနှစ်မှ ၁၉၃၂ ခုနှစ်ထိ မော်လမြိုင်မြို့ (ST.AUGUSTINES S.P,G) ကျောင်းတွင် ပညာသင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ရှိ မြို့မအမျိုးသား အထက်တန်းကျောင်းတွင် ၁၉၃၂ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားသည်။ ၁၉၃၉ ခုနှစ်တွင် ရူပဗေဒဘာသာဖြင့် ဘီအက်စ်စီ (ဂုဏ်ထူး)ဘွဲ့ကို ရရှိခဲ့




သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလန်သို့ ပညာတော်သင်အဖြစ် စေလွှတ်ခံရသည်။ စစ်အတွင်းတွင် အင်္ဂလန်၌ပင် (London Imperial College Science and Technology Institute)တွင် ဆက်လက်ကျောင်းတက်သည်။ ရူပဗေဒပညာရပ်များ သင်ကြားပြီးနောက် ဆက်လက်၍ မိုးလေဝသပညာရပ်များကို သင်ယူသည်။ ထိုကျောင်းမှ M.Sc, D.I.C, Ph.D ဘွဲ့များ ရရှိခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် ပညာသင်ယူမှု ပြီးဆုံးခဲ့သည်။ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်ရှိ ကာလီဖိုးနီးယားတက္ကသိုလ်၌ ဈူးကလီးယားရူပဗေဒဘွဲ့လွန်သင်တန်းကို ထပ်မံတက်ရောက်ဆည်းပူးခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ မြန်မာပြည်သို့ ပြန်ရောက်သဖြင့် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်ထိ မိုးလေဝသဌာနတွင် လက်ထောက်ညွှန်ကြားရေးဝန်အဖြစ် အမှုထမ်းခဲ့သည်။

၁၉၄၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်သို့ ကူးပြောင်းခဲ့သည်။ ကထိကအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ရူပဗေဒပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ထမ်းဆောင်သည်။ ထိုအချိန်က အဆင့်မြင့်ရူပဗေဒပညာကိုသင်ကြားပို့ချနိုင်သူနည်းပါးသဖြင့် အိန္ဒိယဆရာများက လာရောက်

ပို့ချပေးရသည်။ ထို့ကြောင့် ဒေါက်တာမောင်မောင်ခ သည် မြန်မာဆရာများကို မွေးထုတ်နိုင်အောင် ဆောင်ရွက်ခဲ့သည်။ တစ်ဖက်မှလည်း ရူပဗေဒဌာနကို ပြန်လည်ထူထောင်နိုင်ခဲ့သည်။ နျူးကလိယရူပဗေဒနှင့် အီလက်ထရွန်နစ်ပညာများကို ပို့ချပေးခဲ့ပြီး ထူးချွန်သူများကို အနောက်နိုင်ငံများသို့ စေလွှတ်ပညာသင်ကြားပေးနိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနကို မဟာသိပ္ပံတန်း သင်ကြားပေးနိုင်သော အဆင့်ထိမြှင့်တင်နိုင်ခဲ့ပြီး 'မဟာသိပ္ပံဌာနမှူး' တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ဒေါ်ခင်စိုးတင်နှင့် လက်ထပ်သည်။ ရန်ကုန်တက္ကသိုလ် အင်ဂျင်နီယာဌာနမှူး၊ မြန်မာနိုင်ငံ အဏုမြူစွမ်းအင်ဌာန အတိုင်ပင်ခံချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကို ၁၉၅၁ ခုနှစ်တွင် စတင်တည်ထောင်ပြီး အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ဥက္ကဋ္ဌတာဝန်များကို ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်နယ်မြေ၏ သဘာဝအလှကို သစ်ပင်များ (အထူးသဖြင့် ကုံကော်ပင်များ)ဖြင့် အလှဆင်ခဲ့သည်။ မြန်မာနိုင်ငံ သိပ္ပံအသင်း၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ တက္ကသိုလ်ဆရာအသင်းတို့ကို ခေါင်းဆောင်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် အဖြစ် ရာထူးတိုးမြှင့် ခန့်ထားခြင်းခံရသည်။

၁၉၆၄ ခုနှစ် စနစ်သစ်ပညာရေးတွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်သည်။ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၇၀ ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ပွဲ ကျင်းပခဲ့ရာ ဆရာခ ဦးဆောင်မှုပေးခဲ့သည်။ ၁၉၇၇ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့တွင် သက်ပြည့်ပင်စင်ရရှိသည်။

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်နေစဉ် တက္ကသိုလ်စာပေးစာယူသင်တန်း ဖွင့်လှစ်သင်ကြားရန်တာဝန်ပေးအပ်ခြင်းခံရသည်။ တက္ကသိုလ်စာပေးစာယူသင်တန်းဌာန တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာခ၏ နိုင်ငံခြားလေ့လာမှုများကို စုစည်းဖော်ပြရမည်ဆိုလျှင် ကာလကတ္တားမြို့၊ အဂ္ဂရာမြို့နှင့် နယူးဒေလီမြို့များရှိ မိုးလေဝသဆိုင်ရာ လေ့လာရေးစခန်းများတွင် ၁၉၄၆ ခုနှစ်က (၁၀)လကြာ လေ့လာခဲ့ခြင်း၊ ၁၉၅၅ ခုနှစ်က ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ နော်ဝေးနိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် ဟော်လန်နိုင်ငံတို့တွင် တည်ရှိသော အဏုမြူစွမ်းအင်ဌာနများသို့ လေ့လာရေးသွားခဲ့ခြင်း၊ ၁၉၇၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ထရုံဘေမြို့တွင် အဏုမြူစွမ်းအင်ဗဟိုဌာနသို့ သွားရောက်လေ့လာခဲ့ခြင်း၊ ၁၉၇၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဝါရှင်တန်မြို့၊ အော်စတန်မြို့၊ ရိုချက်စတာမြို့၊ မက်ဒီဆင်မြို့၊ ကင်းဆက်စ်တီးမြို့၊ ဘာကလေမြို့၊ လောစ်အိန်ဂျယ်လိစ်မြို့နှင့် ဟိုနိုလူလူမြို့များရှိ ဒေသဆိုင်ရာ ကောလိပ်များသို့ လေ့လာရေးသွားခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။

ဆရာရေးသားပြုစုခဲ့သော စာအုပ်စာတမ်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

၁။ မြန်မာ့ဝါးပတ္တလားတွင် အသုံးပြုမည့်ဝါးဘိုးပြား၏ တုန်ခါနှုန်းအသံဆိုင်ရာ လေ့လာစိစစ်သောစာတမ်းကို ဖတ်ကြားခဲ့သည်။

၂။ မြန်မာ့ကမ်းခြေကို ရေချိန်ခန့်မှန်းခြင်း၊ မြန်မာ့ဂီတနှင့် သိပ္ပံပညာစသော သုတေသနစာတမ်းများကို တင်သွင်းခဲ့သည်။

၃။ အထက်တန်းကျောင်းသားများအတွက် အခြေပြု ရူပဗေဒနှင့် တက္ကသိုလ်ပထမနှစ်၊ ဒုတိယနှစ်များအတွက် အခြေပြု ရူပဗေဒစာအုပ်များကို ဦးစံသာအောင်နှင့် တွဲဖက်၍ မြန်မာဘာသာဖြင့် ပြုစုရေးသားခဲ့သည်။

၄။ ရူပဗေဒသိပ္ပံပညာရပ်ဆိုင်ရာ စာအုပ် (၁၁) အုပ်နှင့် အထွေထွေသိပ္ပံစာအုပ် (၄)အုပ် ပြုစုခဲ့သည်။

၅။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဆောင်းပါးများ ရေးသားခဲ့သည်။

တက္ကသိုလ်ရှိ သိပ္ပံပစ္စည်းစက်ရုံတည်ဆောက်ရေးကို ဆရာဦးစံသာအောင်နှင့် ပူးတွဲဦးဆောင်ခဲ့သည်။ ဆရာသည် အနုပညာကို ခင်တွယ်မြတ်နိုးသည့်အလျောက် ကိုယ်တိုင်လည်း လေ့ကျင့်သည်။ အားလည်းပေးသည်။

ကိုယ်တိုင်တယောထိုးသည်။ အနုပညာအသင်း၏ အဆို အတီး၊ အကများကို အားပေးခဲ့သည်။ တက္ကသိုလ်ညနေ ဆည်းဆာ၊ ဂီတဆည်းဆာများတွင် ဆရာခနှင့် ဇနီး ဒေါ်ခင်စိုးတင်တို့၏ သက်ဝေသီချင်းမှာ အများ၏ပွဲတောင်း မှုကို အမြဲခံရသည်။ မြန်မာ့ပတ္တလားကို သုတေသန ပြုကာ သုတေသနပြုချက်များကို မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ် (J.B.R.S)တွင် ပုံနှိပ်ဖော်ပြခဲ့သဖြင့် နိုင်ငံခြားတိုင်းပြည်များကပါ 'အနောက်တိုင်းဂီတလွှမ်းမိုးမှု မရှိသော မြန်မာ့တူရိယာ' ဖြစ်ကြောင်း သိရှိခဲ့သည်။

၂၀၀၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် တွင် ဂုဏ်ထူးဆောင်မြတ်ဆရာကြီး (၄)ဦးကို ရွေးချယ် ဂါရဝပြုခဲ့ရာ ဒေါက်တာသာလှ၊ ဒေါက်တာမောင်မောင်ခ၊ ဆရာကြီးဦးသန်းဦးနှင့် ဆရာကြီးဦးသောင်းထွန်းတို့ဖြစ် သည်။ အခြေခံပညာအထက်တန်းဆင့်၊ အထွေထွေ သိပ္ပံနှင့် ရူပဗေဒဘာသာရပ်သင်ခန်းစာများကို မြန်မာလို ရေးသားပြုစုခြင်း၊ တက္ကသိုလ်စာပေးစာယူသင်တန်း ဌာနကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် ဂုဏ်ထူး ဆောင်မြတ်ဆရာကြီးအဖြစ် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။

၁၅-၂-၂၀၀၅ ရက်၌ ရန်ကုန်မြို့၊ အမှတ် (၅၅)၊ ရွှေနှင်းဆီလမ်းသွယ် (၆)၊ (၅)ရပ်ကွက်၊ အေဝမ်းခြံ၊ မရမ်းကုန်းမြို့နယ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန် တွင် အသက် (၉၀)နှစ် ရှိပြီဖြစ်ပြီး ဇနီး ဒေါ်ခင်စိုးတင် (Ruby Kha) နှင့် သားသမီး (၅)ယောက်၊ မြေး (၆)ယောက် တို့ ကျန်ရစ်သည်။

**အေးမြင့် (စာကြည့်တိုက်မှူး)**

**ဒေါက်တာ၊ သာလှ (ခရစ်နှစ် ၁၉၁၃-၂၀၀၅)။** ။ ဘူမိဗေဒပါမောက္ခဒေါက်တာသာလှကို ဖခင်ဖြစ်သူ ကုန်သည် ဦးတုတ်၊ မိခင်ဖြစ်သူ ဒေါ်မမတို့က ၁၉၁၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ကျိုက်လတ်မြို့၌ မွေးဖွား သည်။ မွေးချင်းငါးဦးအနက် တတိယမြောက်သား ဖြစ်သည်။

ဒေါက်တာသာလှသည် ၁၉၁၉ ခုနှစ်မှ ၁၉၂၄ ခုနှစ်အထိ ကျိုက်လတ်မြို့အစိုးရ မူလတန်းကျောင်း၌ လည်းကောင်း၊ ၁၉၂၅ ခုနှစ်မှ ၁၉၂၈ ခုနှစ်အထိ ကျိုက်လတ်မြို့ အစိုးရအလယ်တန်းကျောင်း၌လည်း ကောင်း၊ ၁၉၂၉ ခုနှစ်မှ ၁၉၃၂ ခုနှစ်အထိ ဖျာပုံမြို့ အစိုးရအထက်တန်းကျောင်း၌လည်းကောင်း အခြေခံ ပညာကို သင်ယူသည်။ ၁၉၃၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၌ အဆင့်မြင့်ပညာကို သင်ယူပြီး ဘီအက်စ်စီ (ဂုဏ်ထူး)ဘွဲ့ရရှိသည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Imperial College ၌ ပညာတော်သင်အဖြစ် ပညာဆည်းပူးပြီး ပါရဂူဘွဲ့ (Ph.D) ရရှိသည်။

ဒေါက်တာသာလှသည် ၁၉၄၇ ခုနှစ်မှ ၁၉၅၉ ခုနှစ် အထိ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန၌ လက်ထောက် ကထိကအဖြစ်လည်းကောင်း၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၀ ခုနှစ် အထိ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန၌ ပါမောက္ခ အဖြစ်လည်းကောင်း၊ ၁၉၆၀ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်ပါမောက္ခ ချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူ သည်။ ၁၉၆၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ ယူနက် စကို သိပ္ပံနှင့် နည်းပညာဌာန၌ ဒုတိယညွှန်ကြားရေးမှူး အဖြစ် ၁၉၆၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ တာဝန်ထမ်း ဆောင်သည်။



ဒေါက်တာသာလှ

နိုင်ငံတော်က ချီးမြှင့်သည့် သီရိပျံချီဘွဲ့ကို ၁၉၆၂ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံ့ ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) ကို ၁၉၈၀ ပြည့်နှစ်တွင်လည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆုကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း ရရှိသည်။

ဒေါက်တာသာလှသည် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်တွင် ဇနီး ဒေါ်ခင်သန်းကြည်၊ သားတစ်ဦး၊ မြေးနှစ်ဦး ကျန်ရစ်သည်။

**စိုးအောင်**




**ဒေါက်တာသီလာနန္ဒာဘိဝံသ (ခရစ်နှစ် ၁၉၂၇-၂၀၀၅)။** ။ ဆရာတော် လောင်းလျာကို ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ (သောကြာနေ့)တွင် မန္တလေးမြို့၌ ခမည်းတော် ဝဏ္ဏကျော်ထင် ဆရာဆိုင်နှင့် မယ်တော် ဒေါ်မုန်းတို့က မွေးဖွားခဲ့သည်။ ၁၉၄၃ ခုနှစ်၊ ဧပြီလတွင် စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယချောင်၌ ရှင်သာမဏေ အဖြစ် ရောက်ရှိ ခဲ့ပြီး ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ (၁၃၀၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့)တွင် ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ထိုကျောင်း၌ပင် ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

ငယ်စဉ်က မန္တလေးမြို့၊ ကယ်လီအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၄၃ ခုနှစ်၊ ရှင်သာမဏေဘဝမှစ၍ စစ်ကိုင်းတောင်ရိုးတွင် ဗုဒ္ဓစာပေများကို လေ့လာခဲ့သည်။ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၌ ဗုဒ္ဓစာပေများကို ဆက်လက်သင်ကြားတော်မူပြီးသာသနဓဇသိရီ ပဝရဓမ္မာစရိယဘွဲ့နှင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

ထို့ပြင် London General Certificate of Education Examination ကို ပါဠိ/သက္ကတဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ ဂုဏ်ထူးဆောင်စာပေပါရဂူ Doctor of Letters (Honoris Causa) ဘွဲ့တံဆိပ်တော်၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူခဲ့သည်။

၁၉၇၉ ခုနှစ်တွင် မဟာစည်ဆရာတော်ကြီးနှင့် အတူ အမေရိကန်နိုင်ငံသို့ သာသနာပြုခရီးကြွရောက်ခဲ့၍ အမေရိကန်နိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအသင်းကို ထူထောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဓမ္မနန္ဒဝိဟာရကျောင်းကို တည်ထောင်ခဲ့ပြီး ပဓာနနာယကဆရာတော်အဖြစ်လည်းကောင်း၊ ဓမ္မစက္ကကမ္မဋ္ဌာန်းရိပ်သာ၊ တထာဂတကမ္မဋ္ဌာန်းရိပ်သာ၊ ဗောဓိဓမ္မရိပ်သာ၊ မက္ကဆီကို နိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာအသင်း၊ ဂျမေကာထေရဝါဒဗုဒ္ဓဘာသာအသင်းတို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ ရွှေကျင်ဂိုဏ်းလုံး သံဃာ့ဝန်ဆောင်အဖွဲ့ဝင်၊ ပြည်ပသာသနာပြု ရွှေကျင်နိကာယသံဃနာယက၊ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော်၊ မန္တလေးမြို့ အဘယာရာမကျောင်းတိုက်၏ ပဓာနနာယကဆရာတော်၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထို့အတူ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကို၊ ဂျမေကာ၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် အခြေခံဗုဒ္ဓဓမ္မများ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ဓမ္မပဒအဋ္ဌကထာ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတို့ကို သင်တန်းပို့ချခြင်း၊ တရားစခန်းများ ဖွင့်လှစ်တရားပြခြင်းများအစရှိသည့် သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် ဘာသာများဖြင့် ကျမ်းစာအုပ်ပေါင်း မြောက်မြားစွာကိုလည်း ပြုစုရေးသားတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ၁၃-၈-၂၀၀၅ ရက် (၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်) (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန်တွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ Red Wood City မြို့ရှိ Kaiser Hospital ၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**သစ္စာ**



**ဒေါက်တာသန်းထွန်း၊ (သမိုင်းပညာရှင်) (ခရစ် ၁၉၂၃-၂၀၀၅)။** ။ သမိုင်းပညာရှင် သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကို ဖခင် ဦးဘိုးတွေ၊ မိခင် ဒေါ်သင် တို့က ၁၉၂၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့၌ ငါးသိုင်းချောင်းမြို့နယ်၊ ဒေါင့်ကြီးကျေးရွာတွင် မွေးဖွားသည်။ မွေးချင်းငါးယောက်အနက် ဒုတိယမြောက်ဖြစ်သည်။

၁၉၃၈ ခုနှစ်၌ ငါးသိုင်းချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းမှ ၁၀ တန်း အောင်မြင်သည်။ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လမှစ၍ ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူပြီး ၁၉၄၁ ခုနှစ်၊ မတ်လ၌ အိုင်အေ (ဉပစာတန်း) အောင်မြင်သည်။ ၁၉၄၃ ခုနှစ်၌ ငါးသိုင်းချောင်းမြို့ အာရှလူငယ်အစည်းအရုံးတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဆင်နွှဲသည်။ ၁၉၄၅ ခုနှစ်၌ ငါးသိုင်းချောင်းမြို့ ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖ. ဆ. ပ. လ)တွင် ပထမဆုံးဉက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၄၆ ခုနှစ်၊ မတ်လ ၌ ဝိဇ္ဇာဘွဲ့ရရှိပြီး ရန်ကုန် တက္ကသိုလ်သမိုင်းဌာနတွင် အချိန်ပိုင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရင်း ဝိဇ္ဇာ(ဂုဏ်ထူး)တန်းသို့တက်ရောက် ပညာသင်ယူသည်။ ၁၉၄၇ ခုနှစ်၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ဗ. က. သ) ဉက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ထိုနှစ်၌ ဝိဇ္ဇာဂုဏ်ထူး (သမိုင်း)ဘွဲ့၊ ၁၉၅၀ ပြည့်နှစ် မတ်လ၌ မဟာဝိဇ္ဇာ (သမိုင်း)ဘွဲ့ရရှိပြီး နောက်လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၂ ခုနှစ်၌ ဉပဒေဘွဲ့ရရှိသည်။ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလအထိ လန်ဒန်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်ပြီး 'ပုဂံခေတ်သာသနာဝင်' (Buddhist Church in Bagan Period) စာတမ်း တင်သွင်း၍ပါရဂူဘွဲ့ (Ph.D) ရရှိသည်။

ပါရဂူဘွဲ့ရရှိပြီးနောက် ၁၉၅၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနတွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ နိုဝင်ဘာလ ၃ ရက်နေ့မှစ၍ တပ်မတော်မော်ကွန်းတိုက်တွင် သုတေသနအရာရှိချုပ်နှင့် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနတွင် အနောက်တိုင်းရာဇဝင်ကထိကအဖြစ် လည်းကောင်း ထမ်းဆောင်သည်။

ဒေါက်တာသန်းထွန်းသည် မြန်မာနိုင်ငံသုတေသန အသင်းတွင် ရာသက်ပန်အသင်းဝင်ဖြစ်ပြီး ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်ထိ မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ် အယ်ဒီတာနှင့် ၁၉၅၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ မြန်မာ သမိုင်းကော်မရှင်က ထုတ်ဝေသော သမိုင်းတံခွန်ဂျာနယ် တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၆၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ မန္တလေး တက္ကသိုလ်သမိုင်းဌာနတွင် ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်သည်။ ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ၌ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်အရှေ့တောင်အာရှလေ့လာ မှုဌာနတွင် သုတေသနပညာရှင်အဖြစ် ဆောင်ရွက်သည်။ ၁၉၈၃ ခုနှစ်၌ သမိုင်းပါမောက္ခအဖြစ်မှ အငြိမ်းစားယူ သည်။

ထို့နောက် ဂျပန်နိုင်ငံ တိုကျိုနိုင်ငံခြားဘာသာ တက္ကသိုလ် အာရှနှင့် အာဖရိကဘာသာစကားနှင့် ယဉ်ကျေးမှု လေ့လာရေးဌာနတွင် သုတေသနပညာရှင် နှင့် အင်ဒိုတရုတ်ဌာနတွင် မြန်မာဘာသာစကားဧည့် ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၈၇ ခုနှစ်၌ အမေ ရိကန်နိုင်ငံမြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်အရှေ့ တောင်အာရှလေ့လာရေးဌာနတွင် ဧည့်ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၉၈၈ ခုနှစ်၌ အဆိုပါ တက္ကသိုလ် သမိုင်း ဌာနတွင် ဧည့်ပါမောက္ခအဖြစ်လည်းကောင်း ဆောင်ရွက် သည်။

ဒေါက်တာသန်းထွန်းသည် မြန်မာ့သမိုင်းလေ့လာရေးအတွက် ပြုစုသော 'မြန်မာနိုင်ငံအမိန့်တော်များ၊ အေဒီ ၁၅၉၈-၁၈၈၅' (The Royal Orders of Burma, AD 1598-1885) အတွဲ ၁၀ တွဲအတွက် ၁၉၉၀ ပြည့်နှစ်၌ အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်က စာပေပါရဂူဘွဲ့ (D.Lit.) ချီးမြှင့်ခြင်းခံရသည်။ ၂၀၀၀ ပြည့်နှစ်၌ ဂျပန်နိုင်ငံက ချီးမြှင့်သော ၁၁ ကြိမ်မြောက် ဖုကုအိုက အာရှလေ့ဆုပညာရှင်ဆုကို မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ပထမဆုံး ဆွတ်ခူးရရှိသည်။

၁၉၉၁ ခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရ သည်။ မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာ-အင်္ဂလိပ် အဘိဓာန်ပြုစုရာတွင် ပါဝင်သည်။ ၁၉၉၃ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာန အချိန်ပိုင်းပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန အချိန်ပိုင်းပါမောက္ခအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန အချိန်ပိုင်းပါမောက္ခအဖြစ်လည်းကောင်း ကွယ်လွန်သည်အထိ ဆောင်ရွက်သည်။

'ခေတ်ဟောင်း မြန်မာ ရာဇဝင် (၁၉၆၄)'၊ 'နယ်လှည့်ရာဇဝင် (၁၉၆၈)'နှင့် 'ငါပြောချင်သမျှ ငါ့အကြောင်း (၂၀၀၁)' 'အသစ်မြင် မြန်မာသမိုင်း (၁၉၇၅)' အပါအဝင် စာအုပ်ပေါင်း ၃၀ ကျော် ပြုစုရေးသားသည်။

ဒေါက်တာသန်းထွန်းသည် ၁၉၄၈ ခုနှစ်တွင် ဒေါ်ခင်ရီနှင့် လက်ထပ်ခဲ့ပြီး သားသမီးငါးဦးထွန်းကားသည်။

သမိုင်းသုတေသနလုပ်ငန်းများ၊ သမိုင်းပညာသင်ကြားပို့ချမှုများ၊ သမိုင်းစာပေရေးသားမှုများကို ကွယ်လွန်ချိန်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့သော သမိုင်းပညာရှင်သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းသည် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ ၌ မန္တလေးမြို့တွင် ကွယ်လွန်ပြီး ဇနီး ဒေါ်ခင်ရီ၊ သားသမီးငါးဦးနှင့် မြေးကိုးဦး ကျန်ရစ်သည်။

**စိုးအောင်**

**နီပေါနိုင်ငံ။** ။ နီပေါနိုင်ငံတွင် ဖေဖော်ဝါရီလ (၁)ရက်နေ့မှစ၍ ဂျာနန်ဒရာဘုရင်က နိုင်ငံတော်အာဏာအားလုံးကို သိမ်းယူလိုက်သည်။ ကြားဖြတ်အစိုးရကို ဖြုတ်သိမ်းလိုက်သည်။ ဝန်ကြီးချုပ်ရှားဘဟာဒူးဒူးဘာနှင့် ဝန်ကြီးများကို ထိန်းသိမ်းလိုက်သည်။ ရုပ်သံမှနေ၍ ဒီမိုကရေစီနှင့် တိုးတက်အောင်လုပ်ကိုင်မှု ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်နေကြောင်း အားလုံးလွတ်လပ်ခွင့်ရရှိလိုလျှင် စည်းကမ်းရှိဖို့ အရေးကြီးကြောင်း မိန့်ကြားခဲ့သည်။ ယခုကဲ့သို့ အာဏာသိမ်းယူခြင်းမှာ နီပေါနိုင်ငံအတွင်း လက်နက်ကိုင်သောင်းကျန်းနေသူတို့အား ပိုမိုနှိမ်နင်းအပြတ်ရှင်းနိုင်ရန်ဖြစ်သည်ဟု ပြောကြားသည်။

နီပေါနိုင်ငံခတ္တမန္ဒူနှင့် တရုတ်နိုင်ငံ လာဆာမြို့အကြား မေလ ၁ ရက်နေ့မှစ၍ ဘတ်စ်ကားပြေးဆွဲရန် နှစ်နိုင်ငံအစိုးရများအကြား သဘောတူညီချက်တစ်ရပ်



**အာဏာသိမ်းပြီး ပြည်သူကြားသို့ ပထမဆုံးထွက်လာသည့် နီပေါဘုရင် ဂျာနန်ဒရာ**

ကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း နီပေါတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြောကြားသည်။ မိမိတို့သည် ခတ္တမန္ဒူမြို့နှင့် လာဆာမြို့အကြား မေလ ၁ ရက်နေ့မှစ၍ အပတ်စဉ်ဘတ်စ်ကားပြေးဆွဲတော့မည်ဖြစ်ကြောင်း နီပေါအစိုးရပိုင် ပို့ဆောင်ရေးကုမ္ပဏီတစ်ခုမှ အမှုဆောင်အရာရှိက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ဘင်းမ်စတက်)၏ ကုန်သွယ်ရေးညှိနှိုင်းဆွေးနွေးရေးကော်မတီ ၏ တရားဝင်အစည်းအဝေးကို ခတ္တမန္ဒူမြို့တွင် မတ်လ ၉ ရက်နေ့က ကျင်းပခဲ့သည်။ နီပေါနိုင်ငံတွင် ပထမဆုံး

အကြိမ် ကျင်းပသော သုံးရက်ကြာဆွေးနွေးပွဲမှာ လွတ်လပ်သော ကုန်သွယ်ရေးဥပဒေသ (အက်ဖ်တီအေ) သဘောတူစာချုပ်ကို အပြီးသတ်ဖွယ်ရှိကြောင်း နီပေါ၊ စက်မှု၊ ကုန်သွယ်မှုနှင့် ထောက်ပံ့ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားသည်။ အဆိုပါ အက်ဖ်တီအေ သဘောတူစာချုပ်အပြီးသတ်ရေးကော်မတီက သဘောတူညီချက်အစိတ်အပိုင်းသုံးခုအနက် တစ်ခုဖြစ်သော ကုန်ပစ္စည်းကုန်သွယ်ရေးအတွက် ပြဋ္ဌာန်းချက်များကို ပထမဆုံးသတ်မှတ်ပေးမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြုပ်နှံမှု၌ ကုန်သွယ်ရေးက သဘောတူစာချုပ်၏ အခြားအစိတ်အပိုင်းနှစ်ခုဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်များမှာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ၌ သဘောတူညီချက်၏ ပဏာမအခြေခံမူကို သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း ယင်းအရာရှိကပြောကြားသည်။

နီပေါ-တရုတ်သံတမန်ဆက်ဆံရေး ရွှေရတုအထိမ်းအမှတ်နှင့် တရုတ်ရေဒီယိုအင်တာနေရှင်နယ် (စီအာရ်အိုင်)၏ နီပေါနှင့် တရုတ်ဆက်ဆံရေး နှစ် (၃၀) မြောက် နှစ်ပတ်လည်အထိမ်းအမှတ်စာအုပ်ကို ခတ္တမန္ဒူမြို့၌ ဇွန်လ ၂၅ ရက်နေ့က ထုတ်ဝေခဲ့သည်။ နှစ် ၃၀ ခရီးအမည်ရှိ ယင်းအထိမ်းအမှတ်စာအုပ်ကို နီပေါ-စီအာရ်အိုင်သောတရှင်များကလပ်၏ အမျိုးသားကောင်စီက ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး တန်ကာဒါကာလ်နှင့် တရုတ်သံအမတ်ကြီး ဆန်ဟောပင်တို့က ဖြန့်ချိသည်။ လွန်ခဲ့သောနှစ်ပေါင်း (၅၀)အတွင်း နီပေါနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ ချစ်ကြည်ရင်းနှီးပြီး ပူးပေါင်းဆောင်ရွက်သည့် တန်ဖိုးရှိသောနမူနာဖြစ်ကြောင်း ဝန်ကြီးဒါကာလ်က အခမ်းအနား၌ ပြောကြားသည်။

ဂေါတမမြတ်စွာဘုရားအလောင်း ဖွားမြင်တော်မူ ရာ လုမ္ဗိနီဥယျာဉ်ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းစင်ပပျောက်ရေးအတွက် နီပေါအစိုးရက မကြာမီကာလတွင် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရရေဒီယိုက ဩဂုတ်လ ၃၀ ရက်နေ့တွင် ကြေညာခဲ့သည်။ လုမ္ဗိနီဒေသအတွင်း စက်မှုလုပ်ငန်းများမှထွက်ရှိသော ညစ်ညမ်းမှုများ ထိန်းချုပ်ရေးအစီအမံများပြုလုပ်ကာ ပတ်ဝန်းကျင်ညစ်ညမ်းမှု အဆုံးသတ်ရေးဆောင်ရွက်မည်ဟု နီပေါယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဌာနဝန်ကြီး၊ ဟာရာချာယားက ပြောကြားကြောင်း ရေဒီယိုက ကြေညာသည်။

တတိယအကြိမ်မြောက် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သတင်းအချက်အလက်နည်းပညာညီလာခံကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပညာရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကျေးလက်ရေးရာကဏ္ဍတို့တွင် သတင်းနည်းပညာရရှိမှုအခွင့်အလမ်းမှတစ်ဆင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျော့ပါးအောင် ဆောင်ရွက်ရေးဟူသော ဦးတည်ချက်ဖြင့် သုံးရက်ကြာကျင်းပမည့် ညီလာခံကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ နီပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ သတင်းနည်းပညာလုပ်ငန်းနှင့် ဆက်နွယ်နေသူ ၈၀ နီးပါး ညီလာခံသို့ တက်ခဲ့သည်။ အဆိုပါ ညီလာခံကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နီပေါသတင်းနည်းပညာကောလိပ်နှင့် ခတ္တမန္ဒူစက်မှုသိပ္ပံတို့က ပူးတွဲကျင်းပခြင်းဖြစ်သည်။

စီးပွားရေး- နီပေါနိုင်ငံ၏ လက်ရှိအသားထုတ်လုပ်မှုမှာ တစ်နှစ်လျှင် တန် ၁၉၇၀၀၀ ရှိကြောင်း၊ လွန်ခဲ့သော ၁၀ နှစ်ကထက် အသားထုတ်လုပ်မှု ၂ ဒသမ ၂ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း၊ မတ်လ ၂၃ ရက်နေ့က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အစိုးရမဟုတ်သော နီပေါအဖွဲ့တစ်ဖွဲ့၏ လေ့လာချက်အရ နီပေါလူမျိုးတစ်ဦး ပျမ်းမျှအသားစားသုံးမှုမှာ ၉ ဒသမ ၄ ကီလိုရှိပြီး အဓိကစားသုံးသောအသားများမှာ ကျွဲ၊ ဆိတ်၊ ကြက်၊ ဝက်နှင့် သိုးများဖြစ်ကြောင်း သိရသည်။ ယင်းလေ့လာချက်အရ ကျွဲသားတန် ၁၁၃၀၀၀၊ ဆိတ်သား တန် ၃၅၀၀၀၊ ကြက်သား တန် ၂၀၂၀၀၊ ဝက်သား တန် ၁၂၀၀၀နှင့် သိုးသား တန် ၃၀၀၀ တို့ကို ထုတ်လုပ်နိုင်ခဲ့သည်။ နီပေါနိုင်ငံမှ ထွက်ရှိသောအသားများအပြင် အခြားနိုင်ငံများမှ အသားနှင့် အသားထွက်ပစ္စည်း တစ်နှစ်လျှင် တန် ၂၃၀ တင်သွင်းနေရဆဲဖြစ်ကြောင်း သိရှိရသည်။

နီပေါနိုင်ငံ၏ လက်မှုအနုပညာပစ္စည်းတင်ပို့မှုမှာ ၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမ ၉ လအတွင်း ခုနစ်ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း နီပေါလက်မှုအနုပညာပစ္စည်းတင်ပို့ရောင်းချရေးအသင်းက ခတ္တမန္ဒူမြို့၌ ဧပြီလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ နီပေါလက်မှုအနုပညာပစ္စည်းတင်ပို့မှုမှာ ၂၀၀၄ ခုနှစ် ဇူလိုင်လမှ ဧပြီလအလယ်အတွင်း နီပေါရူပီးငွေ ၂ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၃၀)ဖိုးရှိရာ ၂၀၀၃ ခုနှစ် အလားတူကာလကထက် ရူပီးငွေ ၁ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ သန်း)ဖိုးနှင့် နှိုင်းယှဉ်ရာတွင် တိုးတက်ခဲ့ကြောင်း နီပေါအစိုးရမဟုတ်သောအဖွဲ့၏ကြေညာချက်တွင် ဖော်ပြထားသည်။

နီပေါနိုင်ငံတွင် လွန်ခဲ့သော ဘဏ္ဍာရေးနှစ် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှ ၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့အတွင်း လက်ဖက်ခြောက်နှင့် ကော်ဖီထွက်ကုန်မြင့်တက်ခဲ့ကြောင်း နီပေါနိုင်ငံလက်ဖက်ခြောက်နှင့် ကော်ဖီထွက်နှုန်း ဖွံ့ဖြိုးရေးအဖွဲ့က ခတ္တမန္ဒူမြို့တွင် ဩဂုတ်လ ၂၁ ရက်နေ့က ပြောကြားသည်။ ဘဏ္ဍာရေးနှစ်အတွင်း လက်ဖက်ခြောက်ထွက်နှုန်းမှာ ၇ ဒသမ ၇၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ကော်ဖီအထွက်နှုန်းမှာ ၅၀ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် လက်ဖက်ခြောက်ကီလို ၁၂ ဒသမ ၅ သန်း ထွက်ရှိခဲ့ကြောင်းထွက်နှုန်းတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့မှ စီမံခန့်ခွဲရေးဌာန ညွှန်ကြားရေးမှူး ကရစ်နာပရာဆတ်ဒါကီကပြောကြားသည်။



**နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပသည့် ရိုးရာပွဲတော်တစ်ခု**

**ကျန်းမာရေး-** ရောဂါပျောက်ရန် မျှော်လင့်ချက်ဖြင့် နီပေါနိုင်ငံအနောက်ပိုင်းရှိ သဘာဝရေပူစမ်းအတွင်း၌ ရေငုပ်၍ ရောဂါအမျိုးမျိုးကို လာရောက်ကုသသူ ရောဂါဝေဒနာရှင်များ ပိုမိုများပြားလာသည်။ ယင်းရေပူစမ်း "တာတိုပါနီ"သို့ လာရောက်သူအရေအတွက်မှာ ၂၀၀၅ ခုနှစ်အထိ ၁၀၀၀၀ ကျော်ရှိကြောင်း ရေပူစမ်းစီမံအုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ဒဲဗ်ဗဟာဒူးက ပြောကြားသည်။ ၂၀၀၄ ခုနှစ်က ရေပူစမ်းသို့ လာရောက်သူ ၈၀၀၀ ခန့်ရှိခဲ့သည်။ ယင်းရေပူစမ်းမှာ ခတ္တမန္ဒူမြို့အနောက်ဘက်ကီလိုမီတာ ၂၅၀ ခန့်အကွာရှိ မိအက်ဒီခရိုင်၏မြို့တော် ဘီနီဘာဆာအနီး၌ရှိသည်။ ရေပူစမ်းမှ ထွက်သော ရေအပူချိန်မှာ ၅၂ မှ ၅၈ ဒီဂရီ ဆဲလ်စီယာစ်ဖြစ်ပြီး အရေပြားရောဂါ၊ ပန်းနာရောဂါနှင့် အစာအိမ်အူရောင်ငန်းဖျားရောဂါများ ပျောက်ကင်းသည်ဟုဆိုသည်။

ဒီဇင်ဘာလ ၁ ရက်နေ့သည် ၂၀၀၅ ခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ဖြစ်ပြီး ၂၀၀၅ ခုနှစ်၏ ဆောင်ပုဒ်မှာ "အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်ကြပါစို့"ဟု သတ်မှတ်ထားသည်။ ၂၀၀၅ ခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအထိမ်းအမှတ်အခမ်းအနားကို နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူမြို့ရှိ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပခဲ့သည်။ နီပေါနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါများကို တိုက်ဖျက်ရာတွင် ဖြစ်စေ၊ နိုင်ငံအတွင်းရောဂါကူးစက်မှုနှင့် ပြုမူနေထိုင်ပုံ ပြောင်းလဲရာတွင်ဖြစ်စေ၊ အဖွဲ့အစည်းအားလုံးနှင့် ပြည်သူများ ပူးပေါင်း၍ အားကြိုးမာန်တက်ဆောင်ရွက်ကြရန် ကုလသမဂ္ဂကိုယ်စားလှယ်က တိုက်တွန်းစကားပြောကြားသည်။ နီပေါနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၄၅ နှစ်အရွယ်ရှိ ပြည်သူ ၆၂၀၀၀ ခန့်တွင် အဆိုပါ ရောဂါများဖြစ်ပွားလျက်ရှိပြီး အများစုမှာ လိင်အပျော်အပါး လွန်ကဲမှုကြောင့် ရောဂါကူးစက်ခံရခြင်းဖြစ်သည်။

**သဘာဝဘေးအန္တရာယ်-** ဇူလိုင်လပထမပတ်အတွင်းက မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် နီပေါနိုင်ငံ အလယ်ပိုင်းရှိ မြစ်နှစ်မြစ်၏ကမ်းပါးများ ပြိုကျရာ ထိုဒေသနေပြည်သူများသည် ဘေးလွတ်ရာသို့ရွှေ့ပြောင်း

ခဲ့ရကြောင်း ခရိုင်အရာရှိချုပ်က ခတ္တမန္ဒူမြို့၌ ဇူလိုင်လ ၁၉ ရက်နေ့က ပြောကြားသည်။ ရေကြီးခြင်းကြောင့် နှစ်စဉ်လူနှင့် ဥစ္စာပစ္စည်းများစွာ ဆုံးရှုံးခဲ့ကြရာ ၂၀၀၄ ခုနှစ်က လူ ၁၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။

နီပေါနိုင်ငံအနောက်ပိုင်း၌ တောင်ပေါ်မှ နှင်းထု ပြိုကျပြီးနောက် တောင်တက်သမားအနည်းဆုံး ၁၈ ဦး ပျောက်ဆုံးခဲ့ကြောင်း အထမ်းသမား ၄ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဟိမဝန္တာကယ်ဆယ်ရေးအဖွဲ့က အောက်တိုဘာလ ၂၃ ရက်နေ့က ပြောကြားသည်။ ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၂၀၀ အကွာရှိ မာနန်ဒေသ နာဖြူတောင်ကြားမှ နီပေါအထမ်းသမား လေးဦးကို ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ခဲ့ရသည်။ ပျောက်ဆုံးနေသော တောင်တက်သမားများတွင် ပြင်သစ်နိုင်ငံသား ခုနစ်ဦး၊ နီပေါနိုင်ငံသား ၁၁ ဦးတို့ ပါဝင်သည်။ အမြင့်မီတာ ၆၁၂၀ ရှိသော ကန်ဂူရုတောင်ကို တက်ရန် အောက်တိုဘာလ ၁၉ ရက်နေ့က သွားရောက်စဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ယင်းဒေသတွင် မကြာမီက ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ အပြည့်အဝမဆောင်ရွက်နိုင်ခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်။** ။ ၂၀၀၅ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပသည်။

၂၀၀၅ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်မှာ 'ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဖွံ့ဖြိုးမှုအတွက် စာတတ်မြောက်ရေးဆောင်ရွက်ပေး' (Literacy and sustainable Development) ဖြစ်သည်။ ထို့ပြင် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆယ်စုနှစ်ကာလကို 'ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်' (United Nations Decade on Education for Sustainable Development) အဖြစ်သတ်မှတ်ပြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံအလိုက် အစီအစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်လည်း မိမိနိုင်ငံ၊ မိမိလူမျိုးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုသို့ တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်



၂၀၀၅ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ပို့စကတ်

ရှိရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ဘက်စုံကဏ္ဍစုံတွင် ဖြစ်ထွန်းနေစေရေး၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်ကဏ္ဍစုံ၌ ထုနှင့်ထည်နှင့် အခိုင်အမာပေါ်ထွန်းလာစေရေးတို့အပြင် နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်စေရေးနှင့် စာတတ်မြောက်မှုရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးပေါ်ထွန်းလာစေရေးတို့အတွက်ပါ ဟန်ချက်ညီညီစီမံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တစ်မျိုးသားလုံးပညာရည်မြင့်မားရေးနှင့် လူတိုင်းစာတတ်မြောက်ရေးကို ဦးတည်ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးတက်

ရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် ပညာရေးအရည်အသွေးမြင့်မားစေရန်၊ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ လေ့လာသင်ယူနိုင်စေရန်၊ နိုင်ငံတကာတိုးတက်ပြောင်းလဲမှုများနှင့် လျော်ညီစွာ ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို ရွေးချယ်သင်ယူနိုင်စေရအောင် ပညာရေးမြှင့်တင်မှုအစီအစဉ်များ၊ ပညာရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ယခုအခါ အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ များစွာရရှိနေပြီဖြစ်သည်။ စာမတတ်သူပပျောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာပြီးဆုံးရေးနှင့် သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်များကို စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေးကို ရည်မှန်းချက်တစ်ရပ်အဖြစ် ချမှတ်ပြီး ၁၉၉၉ ခုနှစ် ပညာရေးမြှင့်တင်မှုအစီအစဉ် (ဒုတိယအဆင့်)မှ စတင်၍ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးတက်လာသည်။ ဤသို့တိုးတက်ဖြစ် ထွန်းလာခြင်းသည် ပြည်သူများနှင့် စေတနာရှင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးမှု များကြောင့်လည်းဖြစ်သည်။

နိုင်ငံတော်က ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ကြားနိုင်ရေးနှင့် ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ ဆက်လက်သင်ကြားနိုင်ခွင့်များရရှိအောင် မူလတန်းကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ မူလတန်းလွန်ကျောင်းများ တိုးမြှင့်ခွင့်ပြုပေးခြင်း၊ အလယ်တန်းကျောင်းများအဖြစ် တိုးတက်တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်းပေါင်း ၃၀,၄၁၄ ကျောင်း၊ မူလတန်းလွန်ကျောင်းပေါင်း ၅,၅၄၅ ကျောင်း၊ အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်းခွဲနှင့် တွဲဖက်အလယ်တန်းကျောင်းများအပါအဝင် အလယ်တန်းအဆင့်သင်ကျောင်းပေါင်း ၂,၆၀၄ ကျောင်းနှင့် အထက်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲနှင့် တွဲဖက်အထက်တန်းကျောင်းများအပါအဝင် အထက်တန်းအဆင့်သင်ကျောင်းပေါင်း ၁,၉၆၂ ကျောင်းအထိ ဖြစ်ထွန်းနေပြီဖြစ်ရာ အခြေခံပညာသင်ကျောင်းပေါင်း စုစုပေါင်း ၄၀,၅၂၅ ကျောင်းရှိနေပြီဖြစ်သည်။ ဤသို့ ပုံမှန်ကျောင်းပညာရေး (Formal Education)အပြင် သာမန်ကျောင်းချိန်အတွင်းကျောင်းသို့ ရောက်လာရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက်ကျောင်း ပြင်ပ မူလတန်းပညာရေး အထူးအစီအစဉ် (Nonformal Primary Education Programme)၊ ရွေ့လျားကျောင်းအစီအစဉ် (Mobile School) များဖြင့် အားဖြည့်ဆောင်ရွက်ပေးသကဲ့သို့ သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် တစ်ပြိုင်တည်း စဉ်ဆက်ပညာရေးအစီအစဉ် (Literacy and Continuing Education Programme)တို့ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သည့် မသန်စွမ်းကလေးများ အတွက်လည်း ကျောင်းပညာရေးတွင် အခြားပုံမှန်ကလေးများနှင့် အတူ ပညာသင်ယူခွင့်ရရှိစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးသည့် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ မြန်မာနိုင်ငံတော်တွင် နိုင်ငံသူနိုင်ငံသားတိုင်း စာတတ်မြောက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံးပူးပေါင်း ပါဝင်ပြီး အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် စာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ်မှန်မှန် တိုးတက်မြင့်မားလာလျက်ရှိနေပြီ ဖြစ်သည်။

ဤသို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်စနစ်တကျစီမံဆောင်ရွက်ခဲ့ခြင်းကြောင့် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာသည်၊ ယခုအခါ

ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် မိမိတို့ဒေသ၊ မိမိတို့အခြေအနေနှင့် ဆီလျော်ကိုက်ညီမှုရှိသည့် စာတတ်မြောက်ရေးလုပ်ငန်း စီမံချက်များ ကိုယ်စီကိုယ်စီရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှု များနှင့် ဒေသအခြေအနေကို အခြေခံသည့် စာတတ် မြောက်ရေးလှုပ်ရှားမှုများကို လက်တွေ့ကျကျ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထူးထူးခြားခြား အောင်မြင်မှုများ ဖြစ်ထွန်းနေပြီဖြစ်သည်။



နိုင်ငံတကာစာတတ်မြောက်ရေးနေ့ စာတမ်းဖတ်ပွဲ

၂၀၀၅ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ်ကောင်းများအဖြစ် နယ်စပ်ဒေသ 'အ'သုံးလုံးအစီအစဉ်များအရ ကချင်အထူးဒေသ၊ ရှမ်း ဒေသ၊ ချင်းဒေသ၊ ပအိုးဝ်ဒေသ၊ 'ဝ'ဒေသ၊ ပလောင် ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ကယားကယန်းဒေသ၊ နာဂဒေသတို့ရှိ အစွန်အဖျားကျေးလက်ဒေသများတွင် ယခင်က စာမတတ်ခဲ့သူ ၈,၁၁၅ ဦး စာတတ်မြောက် လာခဲ့ပြီဖြစ်သည်။

ပြည်နယ်နှင့် တိုင်းလုံးကျွတ် စာတတ်မြောက်ရေး ဆောင်ရွက်ပြီးသည့် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများ၌ ကောက်သင်းကောက်စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် စာတတ်မြောက်လာသူ ၁၉၅,၁၇၈ ဦး ရှိလာခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ ၂၀၀၅ ခုနှစ် နွေရာသီစာတတ်မြောက် ရေးအထူးလုပ်ငန်းအစီအစဉ်အရ ယခင်က စာမတတ် သူ ၂၀၃,၂၉၃ ဦး စာတတ်မြောက်လာပြီဖြစ်ပြီး ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်း သည် ၉၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်လာခြင်းကြောင့် တစ်မျိုးသားလုံးဂုဏ်ယူဝင့်ကြွားဖွယ် အကျိုးရလဒ်ကောင်း များ ဖြစ်ထွန်းလျက်ရှိသည်။

ယခုခေတ်သည် စာသင်သားများအား အရေး၊ အဖတ်အတွက်မျှသာ သင်ကြားပေးရုံဖြင့် မလုံလောက်ဘဲ စာသည် ပညာမဟုတ်၊ ပညာရယူသည့်ကိရိယာတစ်ခု ဖြစ်ပြီး တတ်မြောက်ပြီးသည့်စာကို လူ့ဘဝသာယာဖွံ့ဖြိုး ရေးအတွက် ထိရောက်စွာ အသုံးချနိုင်မှသာ ပြည်သူ များ၏ ဘဝအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။ အခြေခံစာတတ်မြောက်ရေးပြီးဆုံးသည်နှင့် တစ်ပြိုင်နက်တည်း စဉ်ဆက်ပညာရေးအရ ဆက်လက် သင်ကြားပေးရမည့် အစီအစဉ်များက စောင့်ကြိုလျက် ရှိသည်။ အခြေခံစာတတ်မြောက်မှုနှုန်းမြင့်မားလာ သည်နှင့်အမျှ တစ်ဖက်ကလည်း စာတတ်မြောက်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြှင့်တင် ရေးအစီအစဉ်များကို ဆက်တိုက်ဆောင်ရွက်ပေးကြရ မည်ဖြစ်သကဲ့သို့ ဝင်ငွေတိုးအစီအစဉ်များနှင့် ဘဝသာယာ ရေးအစီအစဉ်များကိုလည်း စနစ်တကျစီစဉ်ဆောင်ရွက် ပေးကြရမည်ဖြစ်သည်။

ထိုသို့ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေး နှင့် ဘဝသာယာရေးအစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ပေးမည့်နေရာဌာနများသည် ရပ်ရွာ ပညာပဒေသာဌာန (Community Learning Centre) များဖြစ်ပြီး ရပ်ရွာပညာပဒေသာဌာနများသည် မိမိ ဘဝဖွံ့ဖြိုးတိုးတက်အောင် တစ်သက်တာပညာဆက်လက် ဆည်းပူးလေ့လာသူများအတွက် မရှိမဖြစ်လိုအပ်သော နေရာဌာနများ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး သာမက မိမိတို့၏ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက် အကူပြုသည့် ဌာနများဖြစ်သည်။ ယခုအခါစဉ်ဆက် ပညာရေးအစီအစဉ်များကို ရပ်ရွာပညာပဒေသာဌာန ပေါင်း ၈၈၇ ခု တည်ထောင် ဖွင့်လှစ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

လူတိုင်းစာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံက နည်းလမ်းအသွယ်သွယ်နှင့် စီမံဆောင်ရွက်နေသကဲ့သို့ တစ်မျိုးသားလုံးကလည်း အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင် အမျိုးသားရေးတာဝန်အဖြစ် ညီညာဖြိုဖြိုပူးပေါင်းပါဝင်ကြိုးပမ်း စွမ်းဆောင်မှုများကြောင့် အောင်မြင်မှုရလဒ်ကောင်းများကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားအမြင်၊ အမျိုးသားအသိ၊ အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝနှင့် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စာတတ်မြောက်ရေးမှ သည်စဉ်ဆက်ပညာရေးအစီအစဉ်များကို ရေရှည် ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ခြင်းဖြင့် အစဉ်လေ့လာသင်ယူတွေးခေါ်ကြံဆနေသည့် မြန်မာ့လူ့အဖွဲ့အစည်းကြီးဖြစ်ထွန်းလာစေရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်အခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာကို ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးက



**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများ**



လည်းကောင်း၊ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အထွေထွေအတွင်းရေးမှူးက လည်းကောင်း အသီးသီးဖတ်ကြားကြသည်။

ထို့နောက် ၂၀၀၅ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်အထိမ်းအမှတ်အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်း အဆင့်စာစီစာကုံးပြိုင်ပွဲ၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

စာတမ်းဖတ်ပွဲကို စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံပညာရေးဌာန သုတေသနအဖွဲ့ဦးစီးဌာနမှ ဒေါ်စီစီအေးက ‘ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စု နှစ် (၂၀၀၃-၂၀၁၂)နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ပညာရေးဆိုင်ရာ ဆယ်စုနှစ် (၂၀၀၅-၂၀၁၄)’စာတမ်း၊ အမှတ် (၁) အခြေခံပညာဦးစီးဌာနမှ ဒေါ်အေးအေးခိုင်က ‘ရေရှည်တည်တံ့ခိုင်မြဲစေမည့်ဖွံ့ဖြိုးမှုအတွက် လူတိုင်းအကျုံးဝင်ပညာရေး၏ အခန်းကဏ္ဍ’ စာတမ်းနှင့်မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမှ ဦးခင်မောင်ထွေး က ‘ရေရှည်တည်တံ့စေမည့်ဖွံ့ဖြိုးမှုအတွက် ပညာရေးနှင့် ရပ်ရွာပညာပဒေသာဌာနများအခန်းကဏ္ဍ’ စာတမ်းတို့ကို ဖတ်ကြားကြသည်။

**စိုးအောင်**

**၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ။** ။ ၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်အပါအဝင် မြို့တော်ပေါင်း ခုနစ်မြို့၌ကျင်းပရာ အရှေ့တောင်အာရှဒေသရှိ ဘရူနိုင်းနိုင်ငံမှ အားကစားသမား ဦးရေ ၁၁၀၊ ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမား ၈၄ ဦး၊ အရှေ့တီမောနိုင်ငံမှ အားကစားသမား ၃၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ အားကစား

သမား ၉၂၆ ဦး၊ လာအိုနိုင်ငံမှ အားကစားသမား ၁၃၈ ဦး၊ မလေးရှားနိုင်ငံမှ အားကစားသမား ၇၄၅ ဦး၊ မြန်မာနိုင်ငံမှ အားကစားသမား ၅၂၅ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမားဦးရေ ၇၄၀၊ စင်ကာပူနိုင်ငံမှ အားကစားသမား ၅၉၃ ဦး၊ ထိုင်းနိုင်ငံမှ အားကစားသမား ၆၅၂ ဦးနှင့် ဗီယက်နမ်နိုင်ငံမှ အားကစားသမား ၅၀၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မနီလာမြို့တော်ရှိ ရီဆယ်ပါ့ခ်၌ ကျင်းပရာ ဖိလစ်ပိုင်နိုင်ငံ သမ္မတဂလိုရီယာမာဂါပါဂဲလ်အာရိုယို တက်ရောက်ဖွင့်လှစ်ပေးသည်။ 'တစ်ခုတည်းသော အရှေ့တောင်အာရှ၊ တစ်ခုတည်းသော အမွေအနှစ်' ဟူသော ဆောင်ပုဒ်ဖြင့် ဖွင့်လှစ်သော ဖွင့်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှုအကများ၊ ဖိလစ်ပိုင်နာမည်ကြီး အဆိုတော်ဟိုဆေးလ်မာရီချန်း၏ သီဆိုဖျော်ဖြေမှုများ တင်ဆက်ပြီး ဖိလစ်ပိုင် အားကစားမယ် ဗီလီပီနာဆိုပရာနိုက ဖွင့်ပွဲမီးရှူးတိုင်ကို မီးထွန်းညှိပေးသည်။

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ အရှေ့တောင်အာရှ ၁၁ နိုင်ငံရှိ အားကစားသမားဦးရေ ၅,၃၃၆ ဦးတို့က တုတ်သိုင်း၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘော (အမျိုးသမီး)၊ ဘိလိယက်နှင့် စနူကာ၊ ကာယဗလ၊ ဘိုးလင်း၊ မြင်းစီး၊ ဘောလုံး (အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသမီး)၊ ကျွမ်းဘား၊ ရိုးရာလက်ဝှေ့ (မွေထိုင်း)၊ အနောက်တိုင်းလှေလှော်၊ သေနတ်ပစ်၊ ဆော့ဖ်ဘော၊ စကွတ်ရှ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာလှေလှော်၊ နပန်း၊ ဝူရှူး၊ ရေကူး/ဒိုင်ဗင်/ဝါတာပိုလို၊ ဂေါက်သီး (အမျိုးသား)၊ ဘတ်စကက်ဘော (အမျိုးသား)၊ စစ်တုရင်၊ Petanque၊ မြားပစ်၊ ကနူးကယက်၊ ရွက်လှေ၊ သုံးမျိုးစုံ၊ စက်ဘီး (တောင်တက်)၊ ဂျူဒို၊ ကရာတေးဒို၊ လက်သိုင်း၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဘောလုံး (အမျိုးသား)၊ ဘော်လီဘောနှင့် အလေးမစသည့် အားကစားနည်း ၄၁ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၂၈ မျိုး ပါဝင်ဆင်နွှဲသည်။ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ဘေ့စ်ဘော၊ ဘိလိယက်နှင့် စနူကာ၊ ကာယဗလ၊ ဘောလုံး၊ ကျွမ်းဘား၊ ရိုးရာလက်ဝှေ့ (မွေထိုင်း)၊ အနောက်တိုင်းလှေလှော်၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာလှေလှော်၊ ဝူရှူး၊ ရေကူး၊ ဂေါက်သီး၊ စစ်တုရင်၊ မြားပစ်၊ ကနူးကယက်၊ ရွက်လှေ၊ သုံးမျိုးစုံ၊ ဂျူဒို၊ ကရာတေးဒို၊ လက်သိုင်း၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ ဘော်လီဘောနှင့် အလေးမတို့ဖြစ်သည်။ မြန်မာအားကစားအဖွဲ့တွင် အုပ်ချုပ်နည်းပြ ၃၀၀ ဦးနှင့် အားကစားသမား ၄၅၂ ဦး ပါဝင်သည်။



ရွှေတံဆိပ်ဆုရ မောင်ကြူး (သေနတ်ပစ်)

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ် ကို ဆွေဆွေသန့်က အမျိုးသမီး ဝူရှူးနန်းချွမ်ပြိုင်ပွဲ၌ ဆွတ်ခူးပေးသည်။ အလားတူ ရွှေတံဆိပ်များကို ယဉ်ယဉ်ခိုင်က အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ ပြည့်ဝေဖြိုးက အမျိုးသားဝူရှူးထောက်လုပြိုင်ပွဲ၊ မောင်ကြူးက အမျိုးသားသေနတ်ပစ် ၁၀ မီတာ ပြိုင်ပွဲ၊ အမျိုးသမီးပိုက်ကျော်ခြင်းအသင်းလိုက် (Hoop-Takraw) ပြိုင်ပွဲ၊ အမျိုးသမီးပိုက်ကျော်ခြင်းအသင်းလိုက်ပြိုင်ပွဲ ကေခိုင်လွင်က အမျိုးသမီးမီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အောင်သီဟက အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ ယဉ်ယဉ်ခိုင်၊ မြင့်မြင့်အေး၊ လဲ့လဲ့ဝင်းနှင့် ကေခိုင်လွင်တို့က အမျိုး သမီး

မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ ကျော်ဦးနှင့် အောင်ဆန်းဦးတို့က အမျိုးသားဘီလိယက် နှစ်ယောက်တွဲပြိုင်ပွဲ၊ ဇင်လင်းအောင်က အမျိုးသားဂျူဒို ကီလို ၉၀ တန်းပြိုင်ပွဲ၊ အောင်မြင်သူနှင့် စိုင်းပြည့်စုံဟိန်းတို့က အမျိုးသားရွက်လှေနှစ်ယောက်တွဲ အတန်း ၄၇၀ ပြိုင်ပွဲ၊ ဇော်ဝင်းထိုက်က အမျိုးသားမြားပစ် Recurve ပြိုင်ပွဲ၊ မြစန္ဒာဦးက အမျိုးသမီး အလေးမ ၇၅ ကီလိုပြိုင်ပွဲ၊ အောင်ချိုမြင့်နှင့် မောင်မောင်တို့က အမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲ ပြိုင်ပွဲ၊ ဖုန်းမြင့်တေဇာက အမျိုးသားကနူးလှေလှော် တစ်ယောက်ချင်းပြိုင်ပွဲ၊ ခင်မာဦး၊ နော်အားလယ်လာရီး၊ သိန်းဌေးနှင့် အေးမိခိုင်တို့က အမျိုးသမီးကနူးလှေလှော် လေးယောက်တွဲပြိုင်ပွဲတို့တွင် အသီးသီး ဆွတ်ခူးပေးကြသည်။

မြန်မာနိုင်ငံက ရွှေတံဆိပ် ၁၇ ခု ဆွတ်ခူးရရှိသည့်အနက် ပြေးခုန်ပစ်အဖွဲ့က ရွှေတံဆိပ် လေးခု၊ ပိုက်ကျော်ခြင်းအဖွဲ့က ရွှေတံဆိပ် သုံးခု၊ ဝူရှူးအဖွဲ့က ရွှေတံဆိပ် နှစ်ခု၊ ကနူးကယက်အဖွဲ့က ရွှေတံဆိပ် နှစ်ခု၊ သေနတ်ပစ် ဘီလိယက်နှင့် စနူကာ၊ ဂျူဒို၊ ရွက်လှေ၊ မြားပစ်နှင့် အလေးမအဖွဲ့တို့က ရွှေတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိကြသည်။

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ငွေတံဆိပ် ၃၄ ခုနှင့် ကြေးတံဆိပ် ၄၈ ခု ဆွတ်ခူးပေးသည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းသည်



**ငွေတံဆိပ်ဆုရ မြန်မာအမျိုးသမီး ဘောလုံးအသင်း**

လက်ရှိချန်ပီယံဗီယက်နမ်အမျိုးသမီးဘောလုံး အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ငွေတံဆိပ်ရရှိသည်။ မြန်မာ့ရိုးရာလှေအဖွဲ့က ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်သုံးခု၊ မြန်မာလက်ဝှေ့အဖွဲ့က ငွေတံဆိပ် လေးခု၊ မြန်မာဝူရှူးအဖွဲ့က ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်ရှစ်ခု၊ မြန်မာဂျူဒိုအဖွဲ့က ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်ငါးခု၊ မြန်မာပြေးခုန်ပစ်အဖွဲ့က ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်တစ်ခု၊ မြန်မာရွက်လှေအဖွဲ့နှင့် ကာယဗလအဖွဲ့က ငွေတံဆိပ်သုံးခုစီ၊ မြန်မာအလေးမအဖွဲ့နှင့် ကနူးကယက်အဖွဲ့က ငွေတံဆိပ်နှစ်ခုစီနှင့် ကြေးတံဆိပ်တစ်ခုစီ၊ မြန်မာသေနတ်ပစ်အဖွဲ့က ငွေတံဆိပ်နှစ်ခု၊ မြန်မာတိုက်ကွမ်ဒိုအဖွဲ့က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်လေးခု၊ မြန်မာရေကူးအဖွဲ့က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု၊ ကျန်အားကစားအဖွဲ့များက ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ် ၂၂ ခု တို့ကို ဆွတ်ခူးရရှိကြသည်။

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပြီးတွင် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ရွှေတံဆိပ် ၁၁၃ ခု၊ ငွေတံဆိပ် ၈၄ ခုနှင့် ကြေးတံဆိပ် ၉၄ ခု စုစုပေါင်း ဆုတံဆိပ် ၂၉၁ ခုရရှိပြီး နိုင်ငံအလိုက် ဗိုလ်စွဲသွားသည်။

မြန်မာနိုင်ငံက ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၃၄ ခုနှင့် ကြေးတံဆိပ် ၄၈ ခု စုစုပေါင်း ဆုတံဆိပ် ၉၉ ခု ရရှိပြီး နိုင်ငံအလိုက် သတ္တမရရှိသည်။

၂၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၅ ရက်နေ့ညတွင် မနီလာမြို့တော်ရှိ ရီဆယ်ပါခ်၌ ကျင်းပသည်။ ပိတ်ပွဲအခမ်းအနားတွင် ဖိလစ်ပိုင်နိုင်ငံ သမ္မတဂလိုရီယာမာဂါပါဂဲလ်အာရိုယိုက အားကစားသမားများအား မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲပြီးဆုံးကြောင်းကြေညာသည်။ ထို့နောက် အားကစားပွဲတော် မီးရှူးတိုင်ကို ငြိမ်းသတ်၍ အားကစားပွဲတော်အလံကို တိုင်အောက်သို့ချကာ မီးရှူးမီးပန်းများ ပစ်ဖောက်သည်။ အားကစားပွဲတော်အလံကို ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးကိုယွန်ကို ဂျူနီယာက ၂၀၀၇ ခုနှစ်၊ ၂၄ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် အိမ်ရှင်ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆူဝပ်လစ်တာပယ်လော့ထံသို့ လွှဲပြောင်းပေးအပ်သည်။ ။

**ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု။** ။ ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီးဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေစာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ အလှူရှင်ပခုက္ကူဦးအုံးဖေနှင့် ဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ဆုရပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပခုက္ကူဦးအုံးဖေစာပေဆုကို ၁၉၉၃ ခုနှစ်မှစတင်၍ ချီးမြှင့်လာခဲ့သည်မှာ ၁၃ ကြိမ်မြောက်ရှိပြီဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆု၊ တစ်သက်တာစာပေဆု၊ မျိုးဆက်သစ်လူငယ်များအတွက် စာပေဝါသနာရှင်နှင့် စာပေပညာရှင်များ ပေါ်ထွန်းလာစေရန် ရည်သန်၍ တက္ကသိုလ်ဝင်တန်း မြန်မာစာထူးချွန်ဆု၊ ယဉ်ကျေးမှု တက္ကသိုလ်အနုပညာ ထူးချွန်ဆုနှင့် ပညာရေးဝန်ကြီးဌာနက ကြီးကြပ်ရွေးချယ်ပေးသည့် ဘာသာရပ်ဆိုင်ရာ ထူးချွန်ဆုများကိုပါ တိုးမြှင့်ပြီး ဆုများကိုချီးမြှင့်ခဲ့သည်။

၂၀၀၅ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုအတွက် တင်သွင်းသော စာမူပေါင်းမှာ ၅၆ စောင်ဖြစ်သည်။ ယင်းစာမူများကို ပခုက္ကူဦးအုံးဖေစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ရည်ရွယ်ချက်နှင့် အခြေခံမူ ၅ ရပ်ဖြင့် စိစစ်ရွေးချယ်ခြင်းဖြစ်သည်။

ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုကို စာပေလုပ်ငန်းအပေါ် မြတ်နိုးတွယ်တာစွာဖြင့် နှစ်ပေါင်းများစွာ စာပေတာဝန်ကို ကျေပွန်ခဲ့သည့် စာပေပညာရှင်ကိုသာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။ ထို့အပြင် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုမှာ စာပေထုတ်ဝေရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကောင်းပေကောင်းများ အရည်အချင်းပြည့်ဝစွာ ထွက်ရှိလာစေရန် ဂုဏ်ပြုအားပေးသည့်အနေဖြင့် နှစ်စဉ်ထုတ်ဝေသော စာအုပ်များထဲမှ ရွေးချယ်၍ ချီးမြှင့်ခြင်းဖြစ်သည်။

ပညာရည်ချွန်ဆုများကို နှစ်စဉ်ချီးမြှင့်လာခဲ့ရာ ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်း၌ မြန်မာစာအမှတ်အများဆုံးရသူ လေးဦး၊ ပညာရေးဘာသာရပ် ၁၀ မျိုးတွင် အမှတ်အများဆုံးဖြင့် ဘာသာရပ်အလိုက် ထူးချွန်သူ ၁၆ ဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူ နှစ်ဦး၊ စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၂ ဦးကို ရွေးချယ်ခဲ့သည်။

ဆုချီးမြှင့်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)အား ဆုချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆုတွင် ကဗျာပေါင်းချုပ် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ဝတ္ထုရှည် ဒုတိယဆု၊ တတိယဆုရ ပုဂ္ဂိုလ်များအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု၊ တတိယဆုနှင့် ကျမ်းစာပေပထမဆု၊ ဒုတိယဆုရသူပုဂ္ဂိုလ်များအားလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးက ကျမ်းစာပေ တတိယဆုနှင့် သုတေသနစာပေ ပထမဆု၊ ဒုတိယဆု ရသူပုဂ္ဂိုလ်များအားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးက သုတေသနစာပေ တတိယဆုနှင့် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုရ ကျောင်းသူနှစ်ဦးအားလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရ ကျောင်းသူလေးဦးတို့အားလည်းကောင်း ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

## ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုအတွက် မြန်မာစာဘာသာရပ် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အင်္ဂလိပ်စာဘာသာရပ် ပထမဆုရသူ ကျောင်းသား/သူများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိန်းက ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုအင်္ဂလိပ်စာ ဘာသာရပ် ဒုတိယဆု၊ တတိယဆုနှင့် သင်္ချာဘာသာရပ် ပထမဆု၊ ဒုတိယဆုရသူ ကျောင်းသား/သူများအားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု သင်္ချာဘာသာရပ် တတိယဆု၊ ဓာတုဗေဒဘာသာရပ် ပထမဆု၊ ရူပဗေဒဘာသာရပ် ပထမဆုနှင့်ဇီဝဗေဒဘာသာရပ် ပထမဆုရသူ ကျောင်းသား/သူများအားလည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဎင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု သမိုင်းဘာသာရပ် ပထမဆု၊ ဘောဂဗေဒဘာသာရပ် ပထမဆု၊ စိတ်ကြိုက်မြန်မာစာဘာသာရပ် ပထမဆုရသူ ကျောင်းသား/သူများကိုလည်းကောင်း၊ အလှူရှင်ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုရပုဂ္ဂိုလ်များကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

### ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| ၁ | ကဗျာပေါင်းချုပ် | | |
| | (ပထမ) | အမေ့အလှပန်းအလှ | သန်းအောင် (အညာမြေ) |
| | (ဒုတိယ) | နှင်းခွဲမီး | ရွှေမြိုင်မောင်ဖူးဝါ |
| | (တတိယ) | ပွင့်တူရွက်တူ | မောင်အုန်းသောင်း (မကွေး) |
| ၂ | ဝတ္ထုရှည် | | |
| | (ဒုတိယ) | နွယ်ပန်းခွာညိုပွင့်ဝေလို ပြာသိုဆောင်းလလယ် | သိန်းသန်းဝင်း (မလှိုင်) |
| | (တတိယ) | တူနိုင်မယ်မထင်ကြနဲ့ ကိုးဆယ်ဆက္ကာလိမ့်မယ် | ပုသိမ်အောင်သန်းဦး |
| ၃ | ဝတ္ထုတိုပေါင်းချုပ် | | |
| | (ဒုတိယ) | မွေးမေကိုဘယ်လိုပြောရမယ်နှင့် အခြားဝတ္ထုတိုများ | မောင်ချစ်ထွေး (မဟာဝိဇ္ဇာ) |
| | (တတိယ) | ဘဝပုံရိပ်အတိတ်ပန်းချီဝတ္ထုတိုများ | မောင်စိုးထိုက် (သုံးဆယ်) |
| ၄ | ကျမ်းစာပေ | | |
| | (ပထမ) | မြန်မာ့ရိုးရာယဉ်ကျေးမှုဆိုင်းတူရိယာများ | တင်ထွန်းဦး (ယဉ်ကျေးမှု) |
| | (ဒုတိယ) | အညာကျေးက ပညာရေးခရီးသည် | တင်မြင့် |
| | (တတိယ) | တောင်စွန်းရော ရောင်စုံဖြာနှင့် အခြားဆောင်းပါးများ | မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်) |
| ၅ | သုတေသနစာပေ | | |
| | (ပထမ) | အိုးစာ | ထန်လှိုင် |
| | (ဒုတိယ) | အညာကျေးလက်စာပေဥယျာဉ်စာသဘင် | နီငြိမ်း (အညာတက္ကသိုလ်) |
| | (တတိယ) | အထက်အညာဒေသက မြန်မာ့စဉ်လုပ်ငန်း | ခင်ဦးမောင် |
| ၆ | တစ်သက်တာစာပေ | | ဒေါ်သိန်းဆိုင် (မမြတ်လေး) |
| ၇ | ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ် | မြန်မာ့မြို့ဟောင်းတကောင်းရုပ်ပုံလွှာ | ချစ်စံဝင်း |
| | | မြိုင်မြို့နယ်ဖွား စာဆိုများ | ဒေါက်တာသက်လွင် |

## ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု

## ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိသူများ

| စဉ် | ဘာသာရပ် | ရရှိသူ | ကျောင်းအမည် |
|---|---|---|---|
| | မြန်မာစာ | | |
| ၁ | ပထမဆု | မဆွေလီထက် | ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး၊ အထက၊ရန်ကုန်။ |
| ၂ | ဒုတိယဆု | မနွေဦးမွန် | အထက၊ ငါးသိုင်းချောင်း၊ ဧရာဝတီတိုင်း။ |
| ၃ | တတိယဆု | မသိမ့်ဝေဖြိုး | အထက (၁)၊ ကြည့်မြင်တိုင်၊ ရန်ကုန်တိုင်း။ |
| | အင်္ဂလိပ်စာ | | |
| ၁ | ပထမဆု | မောင်ဇင်ဦးမောင် | အထက (၁) ဒဂုံ၊ ရန်ကုန်မြို့။ |
| ၂ | ဒုတိယဆု | မောင်ဇေယျာလင်း | အထက် (၁) ဒဂုံ၊ ရန်ကုန်တိုင်း။ |
| ၃ | တတိယဆု | မစုဇာလှိုင် | အထက (၄) တောင်ကြီး၊ ရှမ်းပြည်နယ်၊ တောင်ပိုင်း။ |
| | သင်္ချာ | | |
| ၁ | ပထမဆု | မသဲမိုမိုမြင့်ဦး | အထက (၄) အောင်မြေသာစံ၊ မန္တလေးတိုင်း။ |
| ၂ | ဒုတိယဆု | မကေသီလွင် | အထက (၂) လမ်းမတော်၊ ရန်ကုန်တိုင်း။ |
| ၃ | တတိယဆု | မခင်သင်းစု | ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက။ |
| | ဓာတုဗေဒ | | |
| ၁ | ပထမဆု | မဖြိုးဖြိုးမေ | အထက (၂) ကမာရွတ်၊ ရန်ကုန်တိုင်း။ |
| | ရူပဗေဒ | | |
| ၁ | ပထမဆု | မစန္ဒာချို | အထက (၈) မော်လမြိုင်၊ မွန်ပြည်နယ်။ |
| | ဇီဝဗေဒ | | |
| ၁ | ပထမဆု | မောင်အောင်ကိုကို | အထက (၁၄) ချမ်းအေးသာစံ၊ မန္တလေးတိုင်း။ |
| | ဘောဂဗေဒ | | |
| ၁ | ပထမဆု | မောင်ဇော်ထူးလွင် | အထက (၂) ပဲခူး၊ ပဲခူးတိုင်း (အရှေ့ပိုင်း) |
| | ပထဝီဝင် | | |
| ၁ | ပထမဆု | မောင်ချစ်ထွေး | အထက (ခွဲ) ဝဲကရင် (အိန္ဒူ) ကရင်ပြည်နယ်။ |
| | သမိုင်း | | |
| ၁ | ပထမဆု | မောင်သက်အောင်ငြိမ်း | အထက-ရွှေမြင်တင် ပုသိမ်၊ ဧရာဝတီတိုင်း။ |
| | စိတ်ကြိုက်မြန်မာစာ | | |
| ၁ | ပထမဆု | မောင်စိုးကျော်သူ | ပြင်ပဖြေ၊ ဧရာဝတီတိုင်း |

## ပခုက္ကူဦးအုံးဖေမြန်မာစာထူးချွန်ဆုရရှိသူများ

| စဉ် | ရရှိသူ | ကျောင်းအမည် |
|---|---|---|
| ၁ | မဆုဇာနည်ဇော် | မိုးညှင်း၊ ဒီဂရီကောလိပ် |
| ၂ | မသင်းသင်းဆွေ | ရတနာပုံတက္ကသိုလ် |
| ၃ | မဇာဇာလှိုင် | မိတ္ထီလာတက္ကသိုလ် |
| ၄ | မသီသီအောင် | ဒဂုံတက္ကသိုလ် |

## ပခုက္ကူဦးအုံးဖေယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုရရှိသူများ

| | | | |
|---|---|---|---|
| ၁ | မဝါဝါအေးကျော် | ဒုတိယနှစ် (ပန်းချီအထူးပြု) | ယဉ်ကျေးမှုတက္ကသိုလ် (ဒဂုံတောင်) |
| ၂ | မချစ်ပုံပုံ | ပထမနှစ် (ဂီတအထူးပြု) | ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) |

မျိုးမျိုးကြည်

ပြင်သစ်သမ္မတနိုင်ငံ။ ။ အယ်(လ်)ကိုးရီးယားနွယ်ဖွား ပြင်သစ်နိုင်ငံသားဖြစ်နေသူ နှစ်ဦးနှင့်အခြားနိုင်ငံသား လေးဦးတို့ကို အယ်(လ်)ကိုင်ဒါကွန်ရက်အဖွဲ့ဝင်များဟု မသင်္ကာမှု၊ ပြင်သစ်နိုင်ငံရှိ အမေရိကန်ပစ်မှတ်များကို တိုက်ခိုက်ရန် ကြံစည်မှုတို့ဖြင့် ဇန်နဝါရီလ ၃ ရက်နေ့က ရုံးတင်စစ်ဆေးခဲ့သည်။ တရားခံများက စွပ်စွဲချက်များမဟုတ်မှန်ကြောင်း ပြောဆိုခဲ့သည်။

လက်ယာအစွန်းရောက် အမျိုးသားတပ်ဦး၏ ခေါင်းဆောင်ယွန်မာရီလာပင်းက ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်တို့က ပြင်သစ်နိုင်ငံကို သိမ်းပိုက်ခဲ့ခြင်းမှာ ကောင်းမြတ်သည်ဟု ပြောကြားခဲ့သည်။ ယင်းသို့ ပြောကြားချိန်မှာ ပိုလန်နိုင်ငံ၌ နာဇီဂျာမန်တို့၏ လက်မှလွတ်မြောက်မှု အနှစ် ၆၀ မြောက် နှစ်ပတ်လည်အခမ်းအနားပြုလုပ်သည်နှင့် တိုက်ဆိုင်နေသည်။ ပြင်သစ်တရားရေးဝန်ကြီးဒိုမိနစ်ပါဘင်က လာပင်းအား ရာဇဝတ်ကြောင်းအရ စစ်ကြောမေးမြန်းရန် ဇန်နဝါရီလ ၁၃ ရက်နေ့က အမိန့်ထုတ်ပြန်ခဲ့သည်။

မိမိ၏ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ကုန်ကျစရိတ်ဖြင့် ပါရီမြို့တော်ရှိ ခမ်းနားကြီးကျယ်သော နေအိမ်ခန်း၌ နေထိုင်ကြောင်း သတင်းဖော်ထုတ်ချက်များအရ စီးပွားရေး၊ ဘဏ္ဍာရေး နှင့် စက်မှုဆိုင်ရာဝန်ကြီး ဟာဗေးသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။ ၎င်း၏ နေရာတွင် တယ်လီကွမ်းကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် သီယာရီဘရက်တန်အား ခန့်အပ်ခဲ့သည်။

၂၀၀၄ ခုနှစ်အတွင်းက ဥရောပသမဂ္ဂခေါင်းဆောင်များသည် ဥရောပသမဂ္ဂဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဥရောပသမဂ္ဂဆိုင်ရာအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ရေးအတွက် ပြင်သစ်အခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်လာခဲ့သည်။ အဆိုပါ ပြင်သစ်အခြေခံဥပဒေ ပြင်ဆင်ချက်များကို ဆီးနိတ်နှင့် အမျိုးသားလွှတ်တော် (အထက်နှင့် အောက်လွှတ်တော်)တို့နှစ်ရပ်ပေါင်း ကျင်းပသည့် အစည်းအဝေးက ထောက်ခံမဲ ၇၃၀ မဲ၊ ကန့်ကွက်မဲ ၆၆ မဲ၊ ပျက်ကွက်မဲ ၉၆ မဲဖြင့် ဖေဖော်ဝါရီ လ ၂၈ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ဤသို့ အတည်ပြုပေးပြီးနောက် သမ္မတဂျက်ချ်ရှီရတ်သည် ဥရောပသမဂ္ဂဆိုင်ရာ အခြေခံဥပဒေကို ထောက်ခံမဲပေးကြရန် စည်းရုံးလှုပ်ရှားခဲ့သည်။

အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ရာဇဝတ်မှုမြောက် ပူးပေါင်းကြံစည်ခဲ့သော အစ္စလာမ်စစ်သွေးကြွများကို ဖမ်းဆီးစစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။ ထို့ပြင် အကြမ်းဖက်မှုများကို ကျူးလွန်နေသော နာဇီလက်သစ်ဝါဒီအဖွဲ့အားလုံးကို ပိတ်ပင်ပစ်ရန် ပြည်ထဲရေးဝန်ကြီးက စီစဉ်ဆောင်ရွက်ခဲ့သည်။

မတ်လ ၄ ရက်နေ့တွင် သမ္မတရှီရတ်က ဥရောပသမဂ္ဂဆိုင်ရာအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒမဲခံယူပွဲကို မေလ ၂၉ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်းကြေညာခဲ့သည်။ အဆိုပါအခြေခံဥပဒေကို လူထုထောက်ခံမှုနည်းလာခြင်းနှင့် ယခင်မတ်(ခ်)ထရစ်(ချ်)သဘောတူညီချက်ကို အချိန်ကြာသည်နှင့်အမျှ ကန့်ကွက်မဲများခဲ့ခြင်း အတွေ့အကြုံများအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် ရက်ကို အချိန်စော၍ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အာဏာရပါတီနှင့်အတိုက်အခံပါတီတို့က အဆိုပါ အခြေခံဥပဒေအား ထောက်ခံမဲပေးမှုကို လိုလားကြသော်လည်းလက်ယာနှင့် လက်ဝဲအင်အားစုများက ကန့်ကွက်ရန် စည်းရုံးလှုပ်ရှားခဲ့သည်။

# ပြင်သစ်သမ္မတနိုင်ငံ

လက်ရှိ သမ္မတရှီရတ် ပါရီမြို့တော်ဝန်အဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလ (၁၉၇၇-၉၅)၌ ပါတီရန်ပုံငွေများကို အဂတိလိုက်စား၍ ကောက်ခံသုံးစွဲခဲ့သည်ဆိုမှုဖြင့် ယခင်ဝန်ကြီးများအပါအဝင် နိုင်ငံရေးသမားနှင့် စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၄၇ ဦးတို့အပေါ် တရားစွဲဆို၍ ကြားနာစစ်ဆေးခဲ့သည်။ ယင်းသို့ ရုံးတင်စစ်ဆေးမှုကို မတ်လ ၂၁ ရက်နေ့က ပြုလုပ်ခဲ့သည်။ နိုင်ငံရေးအကျင့်ပျက်မှုဖြင့် ရုံးတင်စစ်ဆေးမှုအကြီးဆုံးကို ယခုဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်သည်။ ပထမအကြိမ်က ဝန်ကြီးချုပ်ဟောင်း အာလိန်ယင်ပီနှင့် အခြား ၁၅ ဦးကို ဇန်နဝါရီလအတွင်းက ရုံးတင်စစ်ဆေးအပြစ်ပေးခဲ့သည်။



ပြင်သစ်သမ္မတဂျက်ရှီရပ်(စ်)

အမေရိကန်တို့၏ ဂွမ်တာနာမိုအကျဉ်းထောင်တွင် ချုပ်နှောင်ခံထားရသော ပြင်သစ်နိုင်ငံသား အစ္စလာမ်စစ်သွေးကြွသုံးဦးကို မတ်လ ၇ ရက်နေ့က လွှတ်ပေးလိုက်ရာ ပြင်သစ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ၎င်းတို့ သုံးဦးအနက် တစ်ဦးကို ချက်ချင်းလွှတ်ပေးလိုက်ပြီး ကျန်နှစ်ဦးကို ပြင်သစ်နိုင်ငံ အာဏာပိုင်များက ဆက်လက်ချုပ်နှောင်ထားခဲ့သည်။

ကော်ဆီကာအမျိုးသားရေးဝါဒီ ၂၂ ဦးတို့အား ရုံးတင်စစ်ဆေးခြင်းကို ကန့်ကွက်သည့်အနေဖြင့် စစ်သွေးကြွခွဲထွက်ရေးအဓိကဂိုဏ်းဖြစ်သော ကော်ဆီကာအမျိုးသားလွတ်မြောက်ရေးတပ်ဦးက အပစ်အခတ်ရပ်စဲထားမှုကို ရုပ်သိမ်းလိုက်ကြောင်း မတ်လ ၁၀ ရက်နေ့က ကြေညာခဲ့သည်။ ၎င်းတပ်ဦးသည် ကော်ဆီကာလွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်းကို အထောက်အကူပြုသည့်အနေဖြင့် ၂၀၀၄ ခုနှစ်က အပစ်အခတ်ရပ်စဲရေးကို ပြုလုပ်ပေးခဲ့သည်။

ဥရောပသမဂ္ဂဆိုင်ရာအခြေခံဥပဒေကို ထောက်ခံမဲပေးကြရန်အတွက် စည်းရုံးလှုပ်ရှားနေသော ပြင်သစ်သမ္မတရှီရတ်ကို ထောက်ခံအားပေးရန် ဂျာမန်ဝန်ကြီးချုပ်သည် ဧပြီလ ၂၆ ရက်နေ့တွင် ပြင်သစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာခဲ့သည်။ ဧပြီလအတွင်း ကောက်ခံခဲ့သော လူထုဆန္ဒသဘောထားစစ်တမ်းများအရ ၆၀ ရာခိုင်နှုန်းက အဆိုပါ အခြေခံဥပဒေကို ဆန့်ကျင်ခဲ့ကြောင်း သိရှိရသည်။ သို့ရာတွင် ထောက်ခံမဲရရှိရေးလှုပ်ရှားမှုများကြောင့် ဧပြီလကုန်ပိုင်းတွင် ဆန့်ကျင်သူအရေအတွက် လျော့နည်းကျဆင်းသွားခဲ့သည်။

မေလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက ဥရောပသမဂ္ဂဆိုင်ရာ အခြေခံဥပဒေကို အတည်ပြုပေးရန် ငြင်းပယ်ခဲ့သည်။ ဆန္ဒခံယူပွဲတွင် ပါဝင်မဲပေးသူပေါင်း ၆၉. ၃ ရာခိုင်နှုန်းရှိခဲ့သည်။ ထောက်ခံမဲ ၄၅. ၃၂ ရာခိုင်နှုန်းရှိပြီး ကန့်ကွက်မဲ ၅၄. ၆၈ ရာခိုင်နှုန်းရှိခဲ့သည်။ ထောက်ခံမဲရအောင် စည်းရုံးလှုပ်ရှားခဲ့သော ပြင်သစ်သမ္မတရှီရတ်အဖို့ အကြီးအကျယ်ရှုံးနိမ့်ခြင်းဖြစ်ခဲ့သည်။ ဤသို့ဖြင့် မေလ ၃၁ ရက်နေ့တွင် အစိုးရအဖွဲ့အတွင်း ရာထူးနေရာ အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ ပြင်သစ်၌ ရှုံးနိမ့်သွားခြင်းသည် ဥရောပတစ်လွှားသို့ ဂယက်ရိုက်ခတ်သွားခဲ့သည်။

ကော်ဆီကာအမျိုးသားလွတ်မြောက်ရေး တပ်ဦးမှ တပ်မျူးချားလ် (စ်)ပီယာရီအား စီးပွားရေးကလိန်ကျမှု၊ ငွေညစ်မှုများပြုလုပ်ပြီး အကြမ်းဖက်ဝါဒအတွက် ရန်ပုံငွေရှာပေးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် မေလ ၂၀ ရက်နေ့တွင် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ ကြံရာပါအခြားတရားခံ ၁၉ ဦးတို့ကိုလည်း အသီးသီးအပြစ်ပေးခဲ့သည်။ ဤသို့ ပြစ်ဒဏ်များချမှတ်ခဲ့ခြင်းကြောင့် ကော်ဆီကာကျွန်းတွင် ဆန္ဒပြမှုများ၊ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့သည်။

ပြင်သစ်အစိုးရက ပြင်သစ်နိုင်ငံ၌ ဥပဒေမဲ့ဝင်ရောက်နေထိုင်သူပေါင်း နှစ်သိန်းမှ လေးသိန်းခန့်ရှိမည်ဟု ခန့်မှန်းသည်။ သို့ဖြစ်၍ ဥပဒေမဲ့ဝင်ရောက်မှုများကို ပိုမို

တင်းကျပ်စွာဆောင်ရွက်ပြီး ပြည်နှင်ဒဏ်ပေးမှုများ ပြုလုပ်မည်ဟုဆိုသည်။

ဥရောပသမဂ္ဂဆိုင်ရာ အခြေခံဥပဒေပြုရေးပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ရှုံးနိမ့်ခဲ့သော သမ္မတရှီရက်သည် ဒိုမိနစ်ဗီလာပင်ခေါင်းဆောင်သော အစိုးရအဖွဲ့သစ်ကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် အာဏာရပါတီ၏ ဥက္ကဋ္ဌဖြစ်သော နီကိုလပ်(စ်)ဆာကော်ဇီလည်း ပြန်လည်ပါဝင်လာခဲ့သည်။ ဆာကော်ဇီသည် ပြည်ထဲရေးနှင့် ဒေသန္တရဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် ဆောင်ရွက်ရသော်လည်း လက်တွေ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် သြဇာရှိလာခဲ့သည်။

ဇူလိုင်လ ၇ ရက်နေ့တွင် လန်ဒန်၌ ဗုံးကွဲမှုများ ဖြစ်ခဲ့ပြီးနောက် ပြင်သစ်နိုင်ငံသည် အကြမ်းဖက်ဆန့်ကျင်ရေးများကို တိုးချဲ့ပြုလုပ်လာသည်။ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးဥပဒေပြဋ္ဌာန်းလျက် မသင်္ကာသူများအား အချိန်စောစွာ ထောက်လှမ်းရေးနှင့် မိုဘိုင်းဖုန်းကုမ္ပဏီများနှင့် ဝန်ဆောင်မှုအထောက်အကူပြုသော အဖွဲ့များမှ မှတ်တမ်းများကို ထိန်းသိမ်းရန် ဆောင်ရွက်ခဲ့သည်။ မီးရထားဘူတာရုံတိုင်းတွင် အနီးကပ်ရိုက်ကူးသော တီဗွီကင်မရာများတပ်ဆင်ထားလိုက်သည်။

အလုပ်သမားဈေးကွက်ပျော့ပျောင်းလာရေး၊ အလုပ်အကိုင်သစ်များဖန်တီးရေးကို ရှေးရှုလျက် ဝန်ကြီးများကောင်စီက သြဂုတ်လ ၂ ရက်နေ့တွင် စီးပွားရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။ အစိုးရ၏စီးပွားရေးမူဝါဒနှင့် ဆောင်ရွက်ချက်များကို အတိုက်အခံပါတီများနှင့် အလုပ်သမားများ သမဂ္ဂများက ဆန့်ကျင်ခဲ့သည်။




ဥရောပသမဂ္ဂဆိုင်ရာအခြေခံဥပဒေကို အတည်ပြုပေးရမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကန့်ကွက်ကြသည့် ပြင်သစ်နိုင်ငံသားများ

သြဂုတ်လ ၂၆ နှင့် ၂၉ ရက်နေ့များတွင် ပါရီမြို့တော်ရှိ အာဖရိကတိုက်မှ ဝင်လာသူများနေထိုင်ရာ အဆောက်အအုံဟောင်းနှစ်ခု မီးလောင်ခဲ့ရာ ၂၄ ဦး သေဆုံးခဲ့သည်။ မီးလောင်မှုကို အကြောင်းပြုလျက် လူမည်းတို့၏ အကြမ်းဖက်မှုများဖြစ်ပေါ်လာခဲ့သည်။ ပြင်သစ်သို့ ဝင်ရောက်နေထိုင်လာသူများ နေအိမ်ရရှိစေရေးကိစ္စသည် အရေးကြီးသော ကိစ္စဖြစ်လာခဲ့သည်။

အရှုံးပေါ်နေသော ကော်ဆီကာမြေထဲပင်လယ်ကုမ္ပဏီကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန် ပြင်သစ်အစိုးရက စီစဉ်ခဲ့သည်။ ၎င်းကုမ္ပဏီသည် ကော်ဆီကာကျွန်း၌ ကူးတို့လုပ်ငန်းကို လုပ်ဆောင်လျက်ရှိသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် အလုပ်သမားသမဂ္ဂများက ကော်ဆီကာရှိ လေဆိပ်များနှင့် ဆိပ်ကမ်းများကို ပိတ်ဆို့ခဲ့ရာ ပြင်သစ်ပြည်မနှင့် ကော်ဆီကာကျွန်းတို့မှာ လုံးဝအဆက်ပြတ်သွားသလောက် ဖြစ်ခဲ့သည်။ အစိုးရက ရဲကွန်မန်ဒိုများကို အသုံးပြုလျက် အဆက်အသွယ်များ ပြန်လည်ရရှိအောင် အလျင်အမြန် ဆောင်ရွက်ခဲ့သည်။

ဆူပူအုံကြွမှုများ၊ အကြမ်းဖက်မှုများ မဖြစ်ပွားရန် ရည်ရွယ်လျက် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဝန်ကြီးချုပ် ဗီလာပင်သည် ခွဲခြားမှုဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှုကြီးကို စတင်ဖော်ဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်ကို "အခွင့်အလမ်းတန်းတူညီမျှမှုနှစ်"အဖြစ် သတ်မှတ်ခဲ့သည်။ အသားအရောင်၊ လူမျိုးရေး၊ ယဉ်ကျေးမှုတစ်ခုခု အကြောင်းပြချက်အရ ခွဲခြားဆက်ဆံမှုပြုလုပ်သော လုပ်ငန်းရှင်များကို ဒဏ်ငွေယူရို ၂၅၀၀၀ အထိ ချမှတ်မည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ဤအမိန့်သည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ အာဏာသက်ရောက်သည်။ ။

**ဦးခင်မောင်မြ**

**ဖိလစ်ပိုင်နိုင်ငံ။** ။ ဖိလစ်ပိုင်နှင့် ဂျပန်တို့သည်အခြေခံ အဆောက်အအုံစီမံကိန်းခြောက်ခုအတွက် ဂျပန်က ချေးငွေ ပီဆို ၁၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၇၁ သန်း)ကျော်ကို ပယ်ဖျက်ရန် သဘောတူပြီး ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ၏ ပြောခွင့်ရပုဂ္ဂိုလ် အက်နာစီယိုဆန်ရီက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂါလ်အာရိုယို နှင့် ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဆာဒါဘာဇူတာနီဂါဘီတို့ သမ္မတနန်းတော်၌ ဇန်နဝါရီ ၁၀ ရက်နေ့က တွေ့ဆုံ ဆွေးနွေးပြီးနောက် ချေးငွေပယ်ဖျက်ခြင်းကို ထုတ်ဖော် ပြောကြားခဲ့ခြင်းဖြစ်သည်။ စီမံကိန်းများပိုမိုလျင်မြန်စွာ တိုးတက်လာစေရန် အစိုးရနှစ်ဖက်စလုံးက ချေးငွေ ပယ်ဖျက်ခြင်းကို သဘောတူထားကြောင်း ဘန်ရီက ပြောကြားသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု-ဖိလစ်ပိုင်နှင့် ဘရူနိုင်း နိုင်ငံတို့သည် နှစ်နိုင်ငံပညာရေးအဆင့်အတန်းမြှင့်တင် ရန်အတွက် နားလည်မှုစာချွန်လွှာလဲလှယ်သဘောတူညီ ခဲ့ကြကြောင်း မနီလာရုပ်မြင်သံကြားက ၂၀၀၅ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ထုတ်လွှင့်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် သယ်ယူပို့ဆောင်ရေးစီမံကိန်း နှစ်ခုအတွက် ဘဏ္ဍာငွေမတည်ပေးရန် တောင်ကိုရီးယား အစိုးရက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ယင်းစီမံ ကိန်းနှစ်ခုမှာ စီးပွားရေးဇုန်နှစ်ခုကို ဆက်သွယ်ပေးသည့် အဝေးပြေးလမ်းမကြီးတစ်ခု ဖောက်လုပ်ရေးနှင့် ဖိလစ်ပိုင် နိုင်ငံ လူဇုန်ကျွန်းပေါ်တွင် တည်ဆောက်ထားသော မီးရထားလမ်းပြန်လည်ပြုပြင်တည်ဆောက်ရေးတို့ဖြစ် ကြောင်း ဖိလစ်ပိုင်အရာရှိများက ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၌ ပြောကြားသည်။

နှစ်နိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်သော နိုင်ငံခြားသားအလုပ်သမားများအား ကျန်းမာရေးဆိုင်ရာ အာမခံငွေကြေးထောက်ပံ့ပေးရန်လည်း တောင်ကိုရီးယား သမ္မတနိုမူဟွန်းနှင့် ဖိလစ်ပိုင်သမ္မတဂလိုရီရာ မာဂါပါ ဂါလ်အာရိုယိုတို့ ရှေ့မှောက်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက မနီလာသို့ အမေရိကန်ဒေါ်လာ ၇၅ သန်း ချေးငွေထုတ်ပေးမည် ဖြစ်ပြီး ထိုငွေကြေးများဖြင့် အထက်ပါလမ်းစီမံကိန်းများကို ပြုပြင်တည်ဆောက် သွားမည်ဖြစ်သည်။

နိုင်ငံရေး- အကြမ်းဖက်နှိမ်နင်းရာတွင် ထောက်လှမ်း ရေးသတင်းများ ဖလှယ်ရာ၌ ပိုမိုပူးပေါင်းဆောင်ရွက် သွားကြရန် ဖိလစ်ပိုင်နှင့် ပါကစ္စတန်ခေါင်းဆောင်များ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၉ ရက်နေ့က သဘောတူညီလိုက် ကြသည်။ ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာဂါပါဂါလ် အာရိုယိုသည် ဧပြီ ၁၈ ရက်နေ့မှ စတင်ကာ ဖိလစ်ပိုင် နိုင်ငံ၌ သုံးရက်ကြာလည်ပတ်ရန် ရောက်ရှိခဲ့သော ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်နှင့် ဆွေးနွေးအပြီး တွင် အကြမ်းဖက်မှုကို နှိမ်နင်းရန်အတွက် ၎င်းတို့၏ စွမ်းရည်ကို တိုးမြှင့်ရန် သဘောတူညီချက်ရရှိကြကြောင်း ပြောကြားသည်။

ပါကစ္စတန်သမ္မတ၏ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက် သည့်အလည်အပတ်ခရီးသည် ပထမဆုံးခရီးဖြစ်သည်။ ထိုနှစ်နိုင်ငံသည် ၁၉၄၉ ခုနှစ်၌ နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထူထောင်ခဲ့ချိန်မှစပြီး ပါကစ္စတန်နိုင်ငံ၏ ခေါင်းဆောင်တစ်ဦးက ဖိလစ်ပိုင်သို့ ပထမဆုံးလာရောက် ခြင်းဖြစ်သည်။ ပါကစ္စတန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ အကြမ်းဖက် မှုတန်ပြန်ရေး ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံ၏ လုံခြုံရေးနှင့် နိုင်ငံရေးဆက်ဆံမှုများကို မြှင့်တင်ရန် အဆင့်မြင့်ညှိနှိုင်းဆောင်ရွက်မှုလွယ်ကူအဆင်ပြေရန် အတွက် နှစ်နိုင်ငံစလုံး အခွင့်အလမ်းတစ်ရပ်ရမည်ဖြစ် ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအယ်လ်ဘတ်ကို ယိုမြူလိုက ပြောကြားသည်။

ကျန်းမာရေး- ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် အစာ အဆိပ်အတောက်ဖြစ်ပြီး လူ ၁၀၀ ကျော် နာမကျန်း ဖြစ်ခဲ့ကြသည်ဟု ဒေသအုပ်ချုပ်ရေးအဖွဲ့က သတင်း ဖော်ပြသည်။ ဖိလစ်ပိုင်နိုင်ငံ မာဂီဒါနာအိုပြည်နယ် ယူပီ မြို့ရှိ အာဏာပိုင်များက လူ ၁၄၃ ယောက်ထက်မနည်း သည် ငါးပါးနီစားပြီး အစာအဆိပ်သင့်သဖြင့် ဆေးရုံသို့ ပို့ခဲ့ရသည်ဟု ပြောကြားသည်။ ၂၀ ခန့်မှာ အခြေအနေ ဆိုးဝါးသည်ဟု ဆရာဝန်များက ပြောကြားသည်။ ဈေး သည်များထံမှ ငါးပါးနီများ ဝယ်ယူစားသောက်မိကြသူ များသည် ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၌ ခေါင်း

ပြင်းပြင်းထန်ထန်စတင်ကိုက်ခဲကာ အစာအိမ်နာကျင်ပြီး အော့အန်ခဲ့ကြသည်ဟု ယူပီမြို့တော်ဝန်က သတင်းထောက်များကို ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် တုပ်ကွေးရာသီတွင် တုပ်ကွေးရောဂါကူးစက်ခံရပြီး သေဆုံးသူ ၂၈၀ ရှိပြီး အခြားလူပေါင်း ၂၁၅၃၇ ဦး တုပ်ကွေးရောဂါကူးစက်ခံခဲ့ရကြောင်း တာဝန်ရှိသူများက ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်၌ ပြောကြားသည်။

ယခုနှစ်တုပ်ကွေးရောဂါကူးစက်မှုမှာ အဆိုးရွားဆုံးဖြစ်ကြောင်းကပ်ပါးရောဂါဗေဒပညာရှင် အစိုးရဌာနအကြီးအကဲဖရစ်တာရပ်၏ ပြောကြားချက်ကို သတင်းများက ကိုးကားဖော်ပြကြသည်။ ၎င်းရောဂါအဆိုးဆုံးဖြစ်ပွားရာ မင်ဒါနာအိုမြောက်ပိုင်း၌ ရောဂါကူးစက်ခံရသူ ၃၃၀၁ ဦးရှိပြီး ၇၈ ဦး သေဆုံးခဲ့ကြောင်း မနီလာတွင် ၃၂၂၈ ဦးဖြစ်ပွားရာ ၂၉ ဦး သေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

**မူးယစ်ဆေးဝါး-** ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မူးယစ်ဆေးဝါးမှောင်ခိုသည့် သတင်းများအပြန်အလှန်ဖလှယ်ကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းစာက ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့၌ ဖော်ပြသည်။



ဖိလစ်ပိုင်နိုင်ငံ ဆန်တာရိုဆာမြို့ရှိ ဖို့ဒ်မော်တော်ကား ထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်

ဂျပန်နိုင်ငံနှင့် တရားမဝင်မူးယစ်ဆေးဝါးအပေါ် သတင်းဖလှယ်ရန် သဘောတူထားကြောင်း ဖိလစ်ပိုင်အမျိုးသားစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရေနယ်ဒ်ဝိုင်ကိုကို၏ ပြောကြားချက်ကို ဖိလစ်ပိုင်စတားသတင်းစာက ဖော်ပြသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ပထဝီဆိုင်ရာဆက်စပ်နေမှုသည် ဂျပန်နိုင်ငံနှင့် ၂၀၀၃ ခုနှစ်က တရားမဝင်မူးယစ်ဆေးဝါးစက်ရုံများ နှိမ်နင်းဖော်ထုတ်နိုင်ခဲ့ကြောင်း တရားမဝင်မူးယစ်ဆေးဝါးများ ဂျပန်တွင် မရနိုင်တော့ကြောင်း ဝိုင်ကိုကိုက ၎င်းသတင်းစာကို ပြောကြားသည်။ ဂျပန်တာဝန်ရှိသူများသည် ဂျပန်နိုင်ငံတွင်းသို့ မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းရန် ကြိုးပမ်းသည့်သတင်းများကို ဖလှယ်နိုင်မည်ဟု မျှော်လင့်ကြောင်း ဝိုင်ကိုကိုက ပြောကြားသည်ဟု ဆိုထားသည်။

**အကြမ်းဖက်မှု-** ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဂျင်နရယ်ဆန်တို့စ်စီးတီးရှိ ဈေးတစ်ခုအတွင်း ၂၀၀၅ ခုနှစ် ဇူလိုင် ၁၀ ရက်နေ့က ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူသုံးဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုမှာ ပြည်သူများရောင်းဝယ်မှုစည်ကားသော ဈေးတစ်ခု၏ ဂိတ်ပေါက်အနီးတွင် ဇူလိုင် ၁၀ ရက်နေ့ မွန်းလွဲ သုံးနာရီအချိန်ခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ကိုတာဘာပြည်နယ်အုပ်ချုပ်ရေးမှူး ဒိုင်ဆီဖန်တက်စ်က ပြောကြားသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလကလည်း ယင်းဂျင်နရယ်ဆန်တို့စ်စီးတီး၌ပင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၁၃ ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ်ပေါ် ပေါက်ခဲ့ကြောင်း သိရသည်။ ၂၀၀၅၊ ဖေဖော်ဝါရီလအတွင်းတွင်လည်း ယင်းမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် လူလေးဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအင်ဂါမြို့တွင် ၂၀၀၅ ခုနှစ် ဩဂုတ် ၁၀ ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံး လူ ၂၇ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင် ရဲတပ်ဖွဲ့နှင့် ဆေးရုံအရာရှိများက

ပြောကြားသည်။ အဆိုပါ ဗုံးများမှာ လက်လုပ်ဗုံးများဖြစ်ပြီး ဇမ်ဘိုအင်ဂါမြို့လမ်းတစ်လမ်းတွင် ရပ်ထားသော မော်တော်ယာဉ်တစ်စီးအောက်မှနေ၍ ဩဂုတ် ၁၀ နေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ထိုသို့ ဗုံးပေါက်ကွဲမှုကြောင့် ပတ်ဝန်းကျင်နယ်မြေတစ်ဝိုက်တွင် မီးများပြတ်တောက်သွားပြီး အနီးရှိ နေအိမ်တစ်လုံးလည်း ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအနောက်တောင်ပိုင်း ဘာဆီလန်ကျွန်းရှိ ဆိပ်ကမ်းတစ်ခု၌ ခရီးသည်သင်္ဘောတစ်စင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခရီးသည် ၃၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ၂၀၀၅ ခုနှစ်၊ ဩဂုတ် ၂၈ ရက်က ပြောကြားသည်။ ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းဆဲဖြစ်ပြီး ပေါက်ကွဲခံရသည့် သင်္ဘောမှဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ တင်ပို့ကုသပေးထားကြောင်း သိရသည်။ စုံစမ်းစစ်ဆေးသူများက အဆိုပါ သင်္ဘော၏ ရေနံဓာတ်ငွေ့သိုလှောင်ကန်များထားရှိရာ နေရာ၌ ဗုံးထောင်ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် လက်နက်ကိုင်ပြောက်ကျားများ ဝှက်ယူလာသော ဓာတုဖောက်ခွဲရေးပစ္စည်းကီလို ၁၀၀ခန့်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း စစ်ဘက်က ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။ အဆိုပါ ဖောက်ခွဲရေးပစ္စည်းများကို ရီဇယ်လ်ပြည်နယ် တာနေမြို့ အိမ်တစ်အိမ်ရှိသေတ္တာနှစ်လုံးထဲမှ စစ်ဘက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ဗုံးကျွမ်းကျင်သူများက အောက်တိုဘာ ၁၃ ရက်တွင် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးဘာတိုလိုတိုမီဘာကာရီက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာရှိ အမေရိကန်သံရုံး၊ ရုံးခန်းတစ်ခန်းအတွင်း၌ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းက မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။ မီးသတ်အရာရှိများကလည်း မနီလာမြို့ အမေရိကန်သံရုံးဝင်း အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။ အဆိုပါ သံရုံးအတွင်းသို့ ဝင်ရောက်ရန် မလွယ်ကူကြောင်း လုံခြုံရေးအထူးစောင့်ကြပ်ထားရှိကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

အမေရိကန် ရေတပ်စခန်းဟောင်းနေရာဖြစ်သည့် ဆူးဘစ်ပင်လယ်အော်စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးက ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်မှုနှင့် ပတ်သက်၍ မနီလာမြို့ရှိ အမေရိကန်သံရုံးအနီး လမ်းများပေါ်တွင် မကြာမီရက်များက ဆန္ဒပြမှုများဖြစ်ခဲ့သည်ဟု ဆိုသည်။

အလုပ်သမားရေးရာ- ဖိလစ်ပိုင်ပင်လယ်ရပ်ခြားအလုပ်သမားများ (အိုအက်ဖ်ဒဗလျူ)က ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလထဲ၌ လွှဲပြောင်းပေးပို့သော ငွေသည် အမေရိကန်ဒေါ်လာ သန်း ၇၄၀ ထိရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ၂၇ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗဟိုဘဏ်က ဇန်နဝါရီ ၁၄ ရက်နေ့၌ ပြောကြားခဲ့သည်။ ၁၁ လကာလအတွင်း တစ်စထက်တစ်စ ပိုမိုလာအောင်လွှဲပြောင်းပေးပို့သည့် ငွေသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံထိရှိလာခဲ့ကြောင်း သို့မဟုတ် လွန်ခဲ့သည့်တစ်နှစ်က လွှဲပြောင်းပေးပို့ခဲ့သည့် ဒေါ်လာ ၆ ဒသမ ၉ ဘီလီယံထက် ၁၁ ရာခိုင်နှုန်းမြင့်ခဲ့ကြောင်း ဗဟိုဘဏ်က ပြောကြားသည်။

တရားဝင်ထုတ်ပြန်သည့် စာရင်းဇယားများ၌ ၂၀၀၄ ခုနှစ်၏ ပထမ ၁၁ လအတွင်း စုစုပေါင်း ဖိလစ်ပိုင်ပြည်ပအလုပ်သမားအရေအတွက်သည် ၈၁၁၇၇၃ အထိ ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးခဲ့ကြောင်း အရင်နှစ်က ၈၀၁၃၅၁ ဦးရှိခဲ့ကြောင်းဖော်ပြထားသည်။ အဆိုပါ လွှဲပြောင်းပေးပို့သည့် ငွေပမာဏသည် ၂၀၀၄ ခုနှစ်တစ်နှစ်လုံးအတွက် မျှော်မှန်းထားသည့် ၆ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့ကြောင်း ထိုသို့အိုအက်ဖ် ဒဗလျူ လွှဲပြောင်းပို့ငွေ ဆက်လက်မြင့်တက်ခြင်းသည် ဖိလစ်ပိုင် အလုပ်သမားများကို ပြည်ပတောင်းဆိုမှု ပိုများပြားလာခြင်းကြောင်းဖြစ်ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်ကမှတ်ယူခဲ့သည်။

အီရတ်တွင် ဖိလစ်ပိုင်အလုပ်သမား ၆၀၀၀ ခန့်ရှိနေပြီး စစ်ဘက်ဆိုင်ရာများတွင် အစားအသောက်ချက်ပြုတ်ခြင်း၊ အဝတ်အစားလျှော်ဖွပ်ခြင်း၊ မီးဖိုချောင်

အကူနှင့် စာရင်းကိုင်စသည့် နေရာပေါင်းစုံတွင် လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**ခရီးသွားလုပ်ငန်း-** ဖိလစ်ပိုင်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုသည် လွန်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်းမှစ၍ များပြားလာခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုအမြင့်မားဆုံးဖြစ်ကြောင်း၊ ဖိလစ်ပိုင်ခရီးသွားမှတ်တမ်းများက ဖော်ပြကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းဌာန (ဒီအိုတီ)က ပြောကြားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁ ဘီလီယံအထိ ရရှိခဲ့သည်။

**သိန်းဝင်းဖော်**

**ဖုကုအိုကပညာရှင်ဆုရမြန်မာနိုင်ငံသား။** ။ဖုကုအိုကသည် ဂျပန်နိုင်ငံ၏ နာမည်ရလှပသည့် ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ ဂျပန်ကျွန်းလေးကျွန်း၏ တောင်ဘက်အကျဆုံး ကျူးရှူးကျွန်း၏ မြောက်ဘက်ကျကျအနောက်မြောက်မှာရှိသည်။ ပင်လယ်တံခါးဖွင့်ထား၍ အာရှ၏ ဓလေ့ပေါင်းစုံကူးလူးဖလှယ်သည့် ဗဟိုစခန်းဖြစ်သည်။

မြို့တော်စည်ပင်သာယာအမည်ရှိသည့်အဖွဲ့ (မြူနီစီပယ်) ကို တည်ထောင်သည့် ရာပြည့်နှစ်ပွဲတော် အထိမ်းအမှတ်အဖြစ် ယောကတိုပိယားဟု အများခေါ်သည့် အာရှပစိဖိတ်ကုန်စည်ပြပွဲကြီးကို၁၉၈၉ ခုနှစ်က ကျင်းပသည်။ ဓလေ့ဖလှယ်သည့်နေရာတွင် ဂျပန်နှင့် ကမ္ဘာတစ်ဝန်းမှလူများသည် ဖုကုအိုကမြို့ကြီးကို ခြေကုပ်ပြုပြီး ဝင်ကြထွက်ကြသည်။ ၁၉၉၀ ပြည့်နှစ်တွင် ဖုကုအိုကစည်ပင်သာယာနှင့် ယိုကတိုပိယားဖောင်ဒေးရှင်းပေါင်းပြီး ဖုကုအိုက အာရှဓလေ့ဆုကြီးများကို ဆိုင်ရာပညာရပ်တို့တွင် ထိပ်ဆုံးရောက်အောင်ပေါက်မြောက်ပြီး ပညာရှင်နှင့် သဘင်သည်ကြီးများကို ရွေးချယ်၍ ဆုတော်ငွေချီးမြှင့်ခဲ့သည်။ အဆိုပါ ဆုများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆုကြီးရှင်ဆု** (Grand Prize)ဟူသော ဆု-အာရှတစ်တိုက်လုံး၏ ဓလေ့ကို မြင့်သည်ထက်မြင့်အောင် မြှင့်ပေးသူအားချီးမြှင့်သည်။ ဆုငွေ ယန်း ၅,၀၀၀,၀၀၀ (ငါးသန်း)ဖြစ်သည်။

**ပညာရှင်ဆု** (Academic Prize)-အာရှကို ကမ္ဘာကသိအောင် လုပ်ပေးသူ ဂျပန်အမျိုးသားတစ်ဦးနှင့် အာရှတိုက်သားတစ်ဦး၊ တစ်ဦးလျှင် ဆုငွေ ယန်း ၃,၀၀၀,၀၀၀ (သုံးသန်း) ချီးမြှင့်သည်။



ဖုကုအိုကဆုရှင် ဒေါက်တာဦးသော်ကောင်း

**အနုပညာနှင့် ယဉ်ကျေးမှုဆု** (Arts & Culture Prize)- အာရှအနုပညာနှင့် ဓလေ့ကို ထင်ရှားပြောင်မြောက်အောင် တင်ပြနိုင်သူတစ်ဦး၊ တစ်ဖွဲ့ကို ဆုငွေ ယန်း ၃,၀၀၀,၀၀၀ (သုံးသန်း) ချီးမြှင့်သည်။

**၂၀၀၅ ခုနှစ်အတွက် ၁၆ ကြိမ်မြောက် ဖုကုအိုက အာရှ ဓလေ့ဆုရသူများ**

Grand prize ဆုကို ကိုရီးယားရိုးရာဓလေ့ပုံပြင်များကို ပြန်လည်ဖော်ထုတ်ခဲ့သူ ကိုရီးယားနိုင်ငံမှ ပါမောက္ခ Mr Dong-kwon ကလည်းကောင်း၊ အနုပညာနှင့် ယဉ်ကျေးမှုဆုကို လာအိုချည်ထည်လုပ်ငန်းဆိုင်ရာ သုတေသီ Ms Douangdevane Bouny avong နှင့် ဘူတန်ရိုးရာ ဂီတပညာရှင် Mr Tashi Norbu တို့ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိသည်။ ပညာရှင်ဆုကို မြန်မာနိုင်ငံမှ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယကကြီးနှင့် မြန်မာသမိုင်းအဖွဲ့၏ အဖွဲ့ဝင်ဦးသော်ကောင်းက ဆွတ်ခူးရရှိသည်။ ဦးသော်ကောင်းသည် အဆိုပါဆုချီးမြှင့်ခံရသည့် ဒုတိယမြောက်မြန်မာနိုင်ငံမှ ပညာရှင်ဖြစ်သည်။ မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ၂၀၀၀ ပြည့်နှစ်တွင် အဆိုပါဆုကိုလက်ခံရရှိခဲ့သည်။

## ဖုကုအိုကပညာရှင်ဆုရမြန်မာနိုင်ငံသား

ဦးသော်ကောင်းအား မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့် စာကြည့်တိုက်ပညာပို့ချနိုင်ရေးအတွက် ဦးစီးဆောင်ရွက်ခဲ့ခြင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်က မြန်မာ့ရှေးဟောင်းစာပေများ (ပေစာ၊ ပုရပိုက်စာများ အပါအဝင်)ကို ရှာဖွေဖော်ထုတ်သုတေသနပြုစုခဲ့ခြင်း၊ ရေရှည်တည်တံ့ရေးနှင့် ပြန့်ပွားရေးတို့အတွက် တစ်စိုက်မတ်မတ်သုတေသနပြုစုဆောင်ရွက်ခဲ့ခြင်းများကြောင့် ယခုကဲ့သို့ ပညာရှင်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကော်မတီက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ဒေါက်တာဦးသော်ကောင်းကို အဘပညာမင်းကြီးစည်သူ ဦးကောင်း၊ အမိ ဒေါ်သိန်းတို့က ၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ဖွားမြင်သည်။ မွေးချင်း (၃)ဦးအနက် အကြီးဆုံးသားဖြစ်သည်။ ငယ်စဉ်ကလေးဘဝတွင် အရိုးအဆစ်နာကျင်ကိုက်ခဲသောရောဂါကို ခံစားရသဖြင့် အိမ်၌ပင် မိခင်ဖြစ်သူနှင့် ဆရာ၊ ဆရာမများက ပညာသင်ကြားပေးခဲ့သည်။

၁၉၅၂ ခုနှစ်တွင် အင်္ဂလိပ်မက်သဒစ်အထက်တန်းကျောင်း (ယခု ဒဂုံအထက-၁)၌ သတ္တမတန်းနှစ်လယ်မှစ၍ ကျောင်းနေခဲ့သည်။ ၁၉၅၄ တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်္ဂလိပ်စာနှင့် ပထဝီဝင် ဂုဏ်ထူး (၂)ဘာသာဖြင့် ပထမအဆင့်မှ အောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာပေ၊ မြန်မာစာပေ၊ ပထဝီဝင်၊ သမိုင်း၊ မနုဿဗေဒနှင့် နောက်ပိုင်းတွင် နိုင်ငံရေးသိပ္ပံဘာသာတွဲဖြင့် ပညာဆက်လက်ဆည်းပူးခဲ့သည်။ ဝိဇ္ဇာတွဲ အင်္ဂလိပ်စာဂုဏ်ထူးတန်းကို ၁၉၅၉ ခုနှစ်တွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သောကြောင့် ဦးဘိုးနှစ် ရွှေတံဆိပ်ဆု ချီးမြှင့်ခံခဲ့ရသည်။

ဘွဲ့မရသေးမီကပင် ရန်ကုန်တက္ကသိုလ်အင်္ဂလိပ်စာဌာနစာကြည့်တိုက်တွင် အချိန်ပိုင်းစာရေး ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဝိဇ္ဇာတွဲဂုဏ်ထူးတန်းဖြေဆိုပြီး အောင်စာရင်းမထွက်မီ ၁-၄-၁၉၅၉ မှစ၍ ရန်ကုန်တက္ကသိုလ်လက်အောက်ရှိ လူမှုရေးသိပ္ပံမဟာဌာန (ယခုစီးပွားရေးတက္ကသိုလ်)တွင် စာကြည့်တိုက်လက်ထောက်အလုပ်ကို စတင်လုပ်ကိုင်ခဲ့သည်။ ၃-၉-၁၉၅၉ တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သို့ ဒုတိယစာကြည့်တိုက်မှူးအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်။ ထိုရာထူးသည် ထိုအချိန်က လက်ထောက်ကထိကရာထူးနှင့် တူညီသော ပြန်တမ်းဝင်ရာထူးဖြစ်သည်။

၁၉၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ ပညာသင်ဆုအတွက် စာမေးပွဲဝင်ရောက်ဖြေဆိုရာ၊ အင်္ဂလိပ်စာ အမှတ်အများဆုံးနှင့် အောင်မြင်သဖြင့် အစိုးရပညာတော်သင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၁၉၆၀ နှစ်လယ်ပိုင်းတွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်၏ ရှေးအကျဆုံးကောလိပ်ဖြစ်သော University College တွင် စာကြည့်တိုက်ပညာသင်ယူခဲ့သည်။ လန်ဒန်တက္ကသိုလ်ရှိ School of Librarianship and Archives တွင် စာကြည့်တိုက် ဘွဲ့လွန်ဒီပလိုမာအတွက် လေ့လာသင်ကြားခဲ့သည်။ တချိန်တည်းမှာပင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက လေ့လာရေးတက္ကသိုလ်ကျောင်း (School of Oriental and African Studies)တွင် အရှေ့တိုင်းဂန္ထဗေဒ (Oriental Bibliography)ကို အထူးပြုလေ့လာခဲ့ရာ ဂုဏ်ထူးရရှိခဲ့သည်။

လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဘွဲ့လွန်ဒီပလိုမာ ပထမနှစ်စာမေးပွဲဖြေဆိုပြီးနောက် မြန်မာနိုင်ငံသို့ ၁၉၆၁ ခုနှစ်ကုန်ပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော မြန်မာနိုင်ငံအကြောင်း ဆောင်းပါးများအညွှန်း (ဇန်နဝါရီ ၁၉၄၈ ဒီဇင်ဘာလ ၁၉၆၁) (Index to Periodical Articles in English on Burma) ကို လန်ဒန်တက္ကသိုလ်သို့ ၁၉၆၃ တွင် စာကြည့်တိုက်ပညာဘွဲ့လွန်ဒီပလိုမာအပိုင်း (၂)အတွက် တင်သွင်းခဲ့ရာ ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည်။ ဗြိတိန်နိုင်ငံ Library Association တွင် ၁၉၆၀ ပြည့်နှစ်မှစ၍ အသင်းဝင်ဖြစ်ခဲ့ပြီး၊ ၁၉၆၂ ခုနှစ်တွင် တော်ဝင် စာကြည့်တိုက်မှူး (Chartered Librarian) အဖြစ် အသိအမှတ်ပြုခံရသည်။ ၁၉၆၁ မှ ၁၉၈၀ အထိ မြန်မာနိုင်ငံသုတေသနအသင်းတွင် ဂုဏ်ထူးဆောင် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ သုတေသနစာကြည့်တိုက်ရှိစာအုပ်များကို ကက်တလောက် ရေးသားစင်တင်ပေးခဲ့ပြီး ထိုကက်တလောက်စာရင်းကို မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့သည်။

၁၉၆၄ တွင် စနစ်သစ်ပညာရေးပေါ်ပေါက်လာပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ထို့နောက် ဒေါက်တာ ဦးသော်ကောင်းကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူး (Chief Librarian)အဖြစ် ပါမောက္ခအဆင့်ဖြင့် (၁-၈-၁၉၆၉) တွင် ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခဲ့သည်။

၁၉၇၁ တွင် ရန်ကုန်တက္ကသိုလ်လက်အောက်၌ စာကြည့်တိုက်ပညာဌာနကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စာကြည့်တိုက် ပညာဘွဲ့လွန် ဒီပလိုမာသင်တန်းကို ဖွင့်လှစ်သင်ကြားရန် ဦးဆောင်မှုပေးခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ စာကြည့်တိုက်မှူးတာဝန်အပြင် စာကြည့်တိုက်ပညာဌာနမှူးအဖြစ် ၁၉၇၁ မှ ၁၉၉၇ အငြိမ်းစားယူသည်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ စာကြည့်တိုက်အသင်း၏ အမြင့်ဆုံးဘွဲ့ F.L.A (Fellow of the Library Association)ဘွဲ့ကို ချီးမြှင့်ခံခဲ့ရသည်။

၁၉၆၅ ခနှ့မှစ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဌာနခွဲက တာဝန်ယူလျက် စာပေဗိမာန်တွင် စာကြည့်တိုက်သင်တန်းများကို အကြိမ်တော်တော်များများ ဖွင့်လှစ်ခဲ့ရာ၊ သင်တန်းဖြစ်မြောက်ရေးအတွက် ဦးထင်ကြီး၊ ဦးသန်းထွတ် (ဆရာတိုက်စိုး)တို့နှင့် ပူးတွဲပါဝင် သင်ကြားပို့ချပေးခဲ့သည်။ တစ်ဖန် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော "စာကြည့်တိုက်ပညာ (၄)လသင်တန်းများကို ၁၆-၁၁-၁၉၉၂ ခုနှစ်မှ ၁၉၉၇ အထိ တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန "စာကြည့်တိုက် ပြတိုက်နှင့် ပြပွဲကြီးကြပ်စီစစ်ရေးအဖွဲ့" တွင် ပညာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖြစ် ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၇ အထိ တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ၁၉၉၂ တွင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက် တိုက်တွန်းခဲ့ပြီး အသင်း၏ နာယကအဖြစ် ယနေ့ထိ ဆောင်ရွက်လျက်ရှိသည်။

တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူးတာဝန်မှ ၁၇-၁၂-၁၉၉၇ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ဒေါက်တာဦးသော်ကောင်းသည် စာကြည့်တိုက်ဝန်ထမ်းဘဝ၊ စာကြည့်တိုက်မှူးဘဝတို့ဖြင့် ၁၉၅၉ ခုနှစ်မှစ၍ နှစ်ပေါင်း (၄၀)နီးပါး စာကြည့်တိုက်တာဝန်များကို ထမ်းဆောင်ခဲ့သည်နှင့်တစ်ချိန်တည်းမှာပင် အခြားသော စာပေတာဝန်များကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးစသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ယနေ့ထက်တိုင် မြန်မာသမိုင်းအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ပညာတန်ဆောင်တွင်လည်း အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်ဖြစ်သည်။ ဒေါက်တာဦးသော်ကောင်းသည် ပြည်တွင်းပြည်ပ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် စာကြည့်တိုက်ပညာ၊ သမိုင်းနှင့် ယဉ်ကျေးမှု၊ လူမှုရေး၊ ကိုးကွယ်ယုံကြည်မှု၊ ခရီးသွားနှင့် ဒေသန္တရ ပထဝီဝင်ဆိုင်ရာဆောင်းပါးများ တစ်ရာကျော်ရေးသားခဲ့ပြီးဖြစ်သည်။ စာကြည့်တိုက်လက်စွဲစာအုပ်များကိုလည်း ရေးသားခဲ့သည်။ ထို့အပြင် ၁၉၆၂ ခုနှစ်မှစ၍ ယနေ့ထိ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာတမ်း (၂၅)စောင်ကျော် ရေးသားခဲ့ပြီး၊ ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ ပညာရေး၊ သမိုင်းသုတေသနနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့များက ကြီးမှူးကျင်းပသော စာတမ်းဖတ်ပွဲများတွင် တင်သွင်းဖတ်ကြားခဲ့သည်။

၁၉၉၉ ၌ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတေသနပညာဌာနက မဟာဝိဇ္ဇာတန်း(စာကြည့်တိုက်အထူးပြု)ကို ဖွင့်လှစ်သင်ကြားခဲ့ရာထိုမဟာဝိဇ္ဇာသင်တန်းတွင် စတင်ဖွင့်သည့်နေ့မှစ၍ ယနေ့ထိ အချိန်ပိုင်းပါမောက္ခအဖြစ် စာကြည့်တိုက်ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ မြန်မာပြည်တွင်း စာကြည့်တိုက်တာဝန်များ ထမ်းဆောင်နေစဉ်တစ်ချိန်တည်းမှာပင် ပြည်ပနိုင်ငံများတွင်လည်း မိမိကိုယ်တိုင် စာကြည့်တိုက်ပညာသင်ယူခြင်း၊ လေ့လာခြင်း၊ စာကြည့်တိုက်ပညာပြန့်ပွားရေးအတွက် ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ဆိုင်ရာ ပြည်ပအဖွဲ့အစည်းများ၌ ကော်မတီဝင်တာဝန် အဖွဲ့ဝင်တာဝန်များယူ၍ နိုင်ငံ့ဂုဏ်ဆောင်လျက် စာကြည့်တိုက်တာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း အောက်ပါအတိုင်းလေ့လာတွေ့ရှိရသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ စာကြည့်တိုကမှူးအဖြစ် တာဝန်ယူခဲ့စဉ်က ၁၉၈၀ မှ ၁၉၈၈ ခုနှစ်

များတွင် ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ စာကြည့်တိုက်နှင့် စာကြည့်တိုက် ပညာသင်တက္ကသိုလ်များ၊ လေ့လာရေးခရီးများရောက် ခဲ့သည်။

စာကြည့်တိုက်ပညာ သင်ကြားနည်းများကို ဩစတြေးလျနိုင်ငံ Perth မြို့ရှိ Western Australian Institute of Technology တွင် သုံးလလေ့လာခဲ့ပြီး Library Studies Certificate ကို ၁၉၇၆ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် Associate of the Australian Library and Information Association (ALIA) အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ထိုင်းနိုင်ငံ၏ အဓိကသုတေသနအသင်းဖြစ်သော Siam Society ၏ အဝေးရောက်စာပေးစာယူအဖွဲ့ဝင် (Corresponding Member) အဖြစ် ၁၉၉၃ တွင် ရွေးချယ်တင်မြှောက်ခံရပြီး ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။

ဆရာဦးသော်ကောင်းကို ၁၉၉၉ တွင် ဩစတြေးလျနိုင်ငံ အနောက်ဆစ်ဒနီတက္ကသိုလ် University of Western Sydney က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Doctor of Letters) *(Honoris Causa)* D.Litt ဘွဲ့ကို ဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ချီးမြှင့်ပေးအပ်ခဲ့သည်။ အရှေ့တောင်အာရှမှ ပထမဆုံးပညာရှင် စာကြည့်တိုက်မှူးအဖြစ် ရွေးချယ်ခံရသူဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင် CONSAL (Congress of Southeast Asian Librarians) အဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်ခံရပြီး ယနေ့အထိ ထိုကော်မတီဝင်ဖြစ်သည်။ ထို့အပြင် National Coordinator for SEACAP (Southeast Asian Consortium for Access and Preservation of rare manuscripts) ရှားပါးလက်ရေးစာများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖတ်ရှုလေ့လာခွင့်ရရှိရေးဆိုင်ရာ အရှေ့တောင်အာရှအဖွဲ့၏ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်ခဲ့သော ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယအဆင့်)ကို ရရှိခဲ့သည်။

ဦးသော်ကောင်းသည် စာကြည့်တိုက်နှင့် သုတပညာဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင်အချိန်ပိုင်း ပါမောက္ခ၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ရွေးချယ်ရေးအဖွဲ့များတွင် အဖွဲ့ဝင်အဖြစ် အသီးသီး ဆောင်ရွက်လျက်ရှိသည်။

အေး (ရန်ကုန်တက္ကသိုလ်)

**ဗီယက်နမ်နိုင်ငံ။** ။ ဖွံ့ဖြိုးတိုးတက်မှုများကိုထိန်းထား၍ အထူးသဖြင့် ဗီယက်နမ်နိုင်ငံနှင့် ရေပိုင်နက်ထိစပ်နေသော နိုင်ငံများနှင့် ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်ရန် ဗီယက်နမ်သမ္မတထရန်ဒတ်လောင်က ဗီယက်နမ်ရေတပ်ကို တိုက်တွန်းလိုက်ကြောင်း ၂၀၀၅ ခုနှစ်၊ မေလ ၅ ရက်နေ့က သတင်းထုတ်ပြန်သည်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းသည် အခြားနိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကိုလေးစားခြင်း၏ အခြေခံအကြောင်းရင်းဖြစ်ကြောင်း မေ ၇ ရက်က ဗီယက်နမ်ရေတပ် နှစ် (၅၀) ပြည့် အခမ်းအနားတွင် သမ္မတထရန်ဒတ်လောင်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် သုံးရက်ကြာနေထိုင်ရန် အစိုးရဧည့်သည်အဖြစ် ရောက်ရှိနေသော ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်တို့ ဟန္ွိုင်းမြို့၌ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်နေ့က တွေ့ဆုံဆွေးနွေးပွဲတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းတို့တွင် တိုးမြှင့်ဆက်ဆံရန်လည်းကောင်း၊ နှစ်နိုင်ငံနယ်စပ်ရှိ ပြည်နယ်များကို ချမ်းသာကြွယ်ဝပြီး ငြိမ်းချမ်းသော၊ ရေရှည်တည်ငြိမ်သည့်ဒေသအဖြစ် ပြောင်းလဲပစ်ရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်တို့ကို နှစ်နိုင်ငံဝန်ကြီးချုပ်တို့ သဘောတူညီကြသည်။

**စီးပွားရေး-** ဗီယက်နမ်နိုင်ငံ၏ ဗီနာတက်စ်စုပေါင်းကော်ပိုရေးရှင်းတွင် အစုရှယ်ယာများ ဝယ်ယူခွင့်ကို

ဝန်ကြီးဌာနက ပေးသွားမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်း ဒုတိယဝန်ကြီးဘီရွှမ်ခူက ဟန္နိုင်းတွင် ကျင်းပသော နှီးနှောပွဲ၌ ပြောကြားသည်။ နိုင်ငံတော်က ပိုင်ဆိုင်သည့် ဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အထည်ကော်ပိုရေးရှင်း (ဗီနာတက်စ်)အောက်ရှိ အထည်အလိပ်လုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်စေရေးအတွက် ငွေကြေးပိုမိုလိုအပ်လျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်၌ ဗီနာတက်စ်သည် ဗီယက်နမ်ဒေါင်ငွေ (ဗွီအင်ဒီ) ၁ ဒသမ ၅ ထရီလီယံ(အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၄ သန်း) တန်ဖိုးရှိစီမံကိန်း ၃.၅ ခု ထူထောင်ခဲ့ရာ ယင်းတို့အနက် ဗီအင်ဒီ ၈၆၄ ဘီလီယံ (ဒေါ်လာ ၅၅ သန်း)ကို ကုန်ကြမ်းနှင့် ရက်ထည်ထုတ်လုပ်မှုတိုးတက်ရေးအတွက် သုံးစွဲခဲ့သည်ဟု ဗီနာတက်စ် ညွှန်ကြားရေးမှူးချုပ်ဗူဒတ်သင်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဗီယက်နမ်နိုင်ငံက ပိုမိုရင်းနှီးမြှုပ်နှံသွားရန် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်ဆော့ခ်အန်ကတိုက်တွန်းကြောင်းသိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အလားအလာကောင်းသော စီးပွားရေးဖွံ့ဖြိုးမှုကဏ္ဍများမှာ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုကုန်ထုတ်ရေးကဏ္ဍများဖြစ်ကြောင်း၊ ယင်းကဏ္ဍများ ဖွံ့ဖြိုးစေရန် မိမိတို့သည် လျှပ်စစ်၊ ကြေးနန်းဆက်သွယ်မှုများ၊ လူ့အရင်းအမြစ်များနှင့် ငွေကြေးဆိုင်ရာအရင်းအမြစ်များ လိုအပ်ကြောင်း ဟိုချီမင်းစီးတီး၌ ပြုလုပ်သည့် ညီလာခံတွင် ဆော့ခ်အန်က ပြောကြားသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် ဗီယက်နမ်ရုံးကို မတ်လ ၂၂ ရက်နေ့က ဖွင့်လှစ်လိုက်ခြင်းနှင့်အတူ စင်ကာပူနှင့် ဗီယက်နမ်တို့၏ ကုန်သွယ်ရေးဆက်ဆံမှု မြင့်မားတိုးတက်လာခဲ့သည်။ ဟိုချီမင်းစီးတီး၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးတိုးတက်မှုဌာနက စင်ကာပူ၌ ယခုဖွင့်လှစ်လိုက်သော ရုံးသည် ပထမဆုံးဖွင့်လှစ်သော နိုင်ငံခြားရုံးဖြစ်သည်။ အိုင်အီးစင်ကာပူသည် ဟိုချီမင်းကုန်သွယ်ရေးတိုးမြှင့်မှုဌာနနှင့် အနီးကပ်ပူးပေါင်းလျက် ဗီယက်နမ်ရုံးကို ထူထောင်သွားမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်များကိုတိုးမြှင့်ပြီး ကုန်ပစ္စည်းဈေးကြီးမြင့်မှုကို ထိန်းချုပ်သွားမည်ဖြစ်ပြီး ထုတ်လုပ်မှု၊ စီးပွားရေးလုပ်ငန်းကို အဓိကမြှင့်တင်ပေးသွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်၌ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)တိုးတက်မှု ၈ ဒသမ ၅ ရာခိုင်နှုန်းရှိမည့် အခြေအနေရှိကြောင်း ၂၀၀၄ ခုနှစ်က ၇ ဒသမ ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျက် သိရှိရသည်။ ယခုနှစ်၏ ပထမသုံးလအတွင်း၌ ဂျီဒီပီတိုးတက်မှု ၇ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ဤ ၂၀၀၅ ခုနှစ်တွင် ပြည်ပ၌ဒေါ်လာသန်း ၃၀၀ ကျော်ကို ဗီယက်နမ်နိုင်ငံက ရင်းနှီးမြှုပ်နှံဖွယ်ရှိရာ ၂၀၀၁-၂၀၀၄ ၌ ရှိခဲ့သည့် ပေါင်းစပ်ကိန်းဂဏန်းထက် ပိုမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ယခုအချိန်အထိ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၇ ဒသမ ၇ သန်း ရင်းနှီးမြှုပ်နှံထားရာ ယမန်နှစ် ၂၀၀၄ ထက် သုံးဆရှိကြောင်း စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ဧပြီ ၂၀ ရက်နေ့က ပြောကြားသည်။

စီမံကိန်း ၁၇ ခုတွင် ရင်းနှီးမြှုပ်နှံထားရာ အဓိကအားဖြင့် ရေနံနှင့် ဓာတ်ငွေ့စူးစမ်းရှာဖွေရေး၊ အိမ်အသုံးအဆောင်နှင့်ဆောက်လုပ်ရေးပစ္စည်းထုတ်လုပ်မှုတို့၌ဖြစ်ကြောင်းသိရသည်။ စီမံကိန်းအများစုကို ရုရှား၊ လာအို၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့၌ အကောင်အထည်ဖော်ထားသည်ဟုဆိုသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အကြားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို နှစ်စဉ်ဒေါ်လာသန်း ၂၀၀ ကျော် တိုးမြှင့်သွားရန် စီစဉ်ထားသည်။ ၂၀၀၁ မှ ၂၀၀၄ ကာလအတွင်းမှာလည်း ဒေါ်လာသန်း ၂၇၀ ပါဝင်သော ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၁၂၂ ခုကို ဗီယက်နမ်နိုင်ငံက လိုင်စင်ထုတ်ပေးခဲ့သည်။

ဗီယက်နမ်အစိုးရ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး (ဂျီဒီပီ)သည် လောလောဆယ်တွင် ၃၉ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၄၅ ရာခိုင်နှုန်းတိုးတက်လာရေး ဝန်ဆောင်မှုကဏ္ဍအချိုးအစားကို တိုးမြှင့်ဆောင်ရွက် ရန် ရည်မှန်းချက်ထားဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ် ကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်ရေး၊ ခရီး

သွားလုပ်ငန်း၊ ဟိုတယ်နှင့် ပင်လယ်ရပ်ခြားပို့ဆောင်ရေး နှင့် နိုင်ငံတကာစီးပွားရေး၊ ပူးပေါင်းဆောင်ရွက်ထားသည့် လေကြောင်းပို့ဆောင်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ ငွေကြေးနှင့် နည်းပညာလွှဲပြောင်းမှုစသော လုပ်ငန်းများ တိုးတက်လာမည်ဟုသိရသည်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**-ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့သည် ရက် ၅၀ ထက်မနည်းသော နှစ်နိုင်ငံမှ အထူးတာဝန်ရှိသူနှင့် သံတမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ကြေညာလိုက်သည်။ ယင်းသဘောတူညီမှုကို ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး ငုယင်ဒိုင်နီယံနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နိဘူတာကာမာချိမူရာတို့ ၂၀၀၅ ခုနှစ်၊ မတ်လအတွင်း အပြန်အလှန်သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်တာဝန်ရှိသူများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဗီယက်နမ်ဝင်ရောက်ရန် ဂျပန်က ထောက်ခံမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။ နှစ်နိုင်ငံကိုယ်စားလှယ်များအပြန်အလှန် ပိုမိုသွားရောက်လည်ပတ်ရေး၊ အထူးသဖြင့် ခရီးသွားနှင့် ယဉ်ကျေးမှုအဖွဲ့များ လာရောက်ရေးကိုပါ သဘောတူညီခဲ့ကြသည်။

ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်နှင့် အလည်အပတ်ရောက်ရှိနေသော တောင်ကိုရီးယားဝန်ကြီးချုပ် လီဟေချန်းတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အခိုင်အမာပြောဆိုခဲ့ကြကြောင်း သိရသည်။

ဝန်ကြီးချုပ်နှစ်ဦးသည် ၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့က တွေ့ဆုံဆွေးနွေးစဉ်အတွင်း ထုတ်ကုန်လုပ်ငန်းများ၊ ဓာတ်သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဓာတုကုန်ထုတ်လုပ်ငန်း၊ စွမ်းအင်ကဏ္ဍနှင့် ပို့ဆောင်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယားဝန်ကြီးချုပ်ကလည်း ဒဗလျူတီအိုသို့ဝင်ရောက်ရေးအတွက် ဗီယက်နမ်၏ ထောက်ခံမှုကို အလေးအနက်ထားကြောင်း တောင်ကိုရီးယားအစိုးရက ဗီယက်နမ်နှင့် မကြာမီ ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံနှင့်လည်း မဆုတ်မနစ်သော ပေါင်းစည်းမှုနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုပြုလုပ်သွားရန် မျှော်လင့်ထားကြောင်း ဗီယက်နမ်နိုင်ငံသို့ အလည်ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် ၂၀၀၅ ခုနှစ်၊ မေ ၃၀ ရက်က အစည်းအဝေးပြုလုပ်ခိုက်တွင် ဗီယက်နမ်ခေါင်းဆောင်များက ပြောကြားသည်။ သမ္မတ ဆူဆီလိုကလည်း အင်ဒိုနီးရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးသည် အရေးပါသည်ဟု သဘောထားသည့်ပြင် နှစ်နိုင်ငံဆက်ဆံရေး ပြေပြစ်ချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ် လာအိုနှင့် ကမ္ဘောဒီးယားတို့သည် နယ်စပ်ဖြတ်ကျော်မှု မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းကို တိုက်ဖျက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီခဲ့ကြကြောင်း ဗီယက်နမ်ပီးပဲသတင်းစာက ၂၀၀၅ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် ဖော်ပြသည်။

အဆိုပါ သုံးနိုင်ငံအကြား မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ပဉ္စမအကြိမ် အစည်းအဝေးကို ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့ရာ တက်ရောက်လာသော ကိုယ်စားလှယ်များက ဗဟိုနှင့်



ဟိုချီမင်းမြို့တော်တစ်နေရာရှိ ဆင်းရဲသားရပ်ကွက်တစ်ခု

အောက်ခြေအဆင့်နှစ်ရပ်လုံး၌ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း အထူးသဖြင့် ပြည်နယ်နှင့် ခရိုင်များသည် ယင်းတို့၏ နယ်စပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထားဆွေးနွေးကြသည်။

ယင်းတို့သည် ထိုကဲ့သို့ မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆောင်ရွက်ရာတွင် ငွေရေး၊ ကြေးရေးနှင့် နည်းပညာအကူအညီများကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံကိန်းမှတစ်ဆင့် အကူအညီများပေးရန် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးသို့ တင်ပြတောင်းခံရန် သဘောတူညီခဲ့ကြသည်။ တစ်ရက်ကြာပြုလုပ်သောဖင်းအစည်းအဝေး၌ လာအိုနိုင်ငံဒုတိယဝန်ကြီးချုပ်က ယင်း၏အစိုးရအနေဖြင့် ၂၀၀၅ ခုနှစ်ကုန်တွင် ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းရန် ရည်မှန်း၍ လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

လေကြောင်းသွားလာရေး- ဗီယက်နမ်အဲယားလိုင်းအနေဖြင့် လေကြောင်းခရီးစဉ်သစ်တစ်ခုအဖြစ် ဗီယက်နမ်နိုင်ငံတောင်ပိုင်းဟိုချီမင်းစီးတီးနှင့် ဂျပန်နိုင်ငံနာဂိုယာမြို့တို့အကြား ပျံသန်းပြေးဆွဲမှုကို ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၌ စတင်လိုက်ပြီဖြစ်ကြောင်း လေကြောင်းအရာရှိများက ပြောကြားသည်။ ယခုကဲ့သို့ လေကြောင်းခရီးစဉ်အသစ်ပြေးဆွဲနိုင်ခြင်းသည် ဗီယက်နမ်နှင့် ဂျပန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးတိုးမြှင့်ဆောင်ရွက်ရန်အတွက် ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါအရာရှိများက ထပ်လောင်းပြောကြားသည်။

ဗီယက်နမ်အဲယားလိုင်းသည် ဂျပန်နိုင်ငံ တိုကျို မြို့၊ အိုဆာကာမြို့နှင့် ဖူကူအိုကာမြို့များသို့လည်း ပျံသန်းပြေးဆွဲရန် အဆင်သင့်ဖြစ်နေပြီး နာဂိုယာမြို့သို့ ဘိုးရင်း ၇၆၇-၃၀၀ လေယာဉ်များဖြင့် သီတင်းတစ်ပတ် လျှင်သုံးရက်ပြေးဆွဲပျံသန်းပေးမည်ဖြစ်သည်။

ယခု ပျံသန်းပြေးဆွဲနေသည့် လေကြောင်းခရီးစဉ်သစ်သည် နှစ်နိုင်ငံကုန်သွယ်မှုကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာရေးလုပ်ငန်းတို့ကိုလည်း တိုးတက်ရရှိစေမည်ဖြစ်ကြောင်း ဗီယက်နမ်လေကြောင်းအရာရှိနယ်ဥချန်က ပြောကြားသည်။ ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အလုပ်သမားရေးရာ- ဗီယက်နမ်အစိုးရသည် နိုင်ငံအတွင်းအလုပ်လက်မဲ့လူငယ်များ တိုးပွားလျက်ရှိရာ အလုပ်အကိုင်ဖန်တီးပေးရန် အလေးအနက်စဉ်းစားလျက်ရှိကြောင်းသိရသည်။ ဤ ၂၀၀၅ ခုနှစ်မှစပြီး ၂၀၁၀ အထိ နိုင်ငံတစ်ဝန်းမှ လူငယ်အလုပ်သမား ၁၁ ဒသမ ၁ သန်းကို နှစ်စဉ်အလုပ်အကိုင်များ ဖန်တီးရှာဖွေပေးမည်ဖြစ်ကြောင်း နှစ်စဉ်လူငယ်အလုပ်သမားတစ်သန်းခန့်တိုးလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မဟာဗျူဟာတစ်ရပ်အရ လူငယ်အလုပ်သမား ငါးသန်းသည် စက်မှုဇုန်များတွင် အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ သုံးသန်းမှာ ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ကြရမည်ဖြစ်သည်ဟုဆိုထားသည်။ ဗီယက်နမ်အစိုးရသည် မြို့ပြနေလူငယ်များ အလုပ်အကိုင်မဲ့မှုနည်းလာစေရေး၊ ကျေးလက်ဒေသများတွင် အလုပ်ချိန်တိုးလာပြီးဝင်ငွေကောင်းလာကြစေရေး၊ လူငယ်လူသားအရင်းအမြစ်များ ယှဉ်ပြိုင်တိုးတက်လာရေးတို့အတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြို့ပြနေလူငယ် ၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကျေးလက်နေလူငယ် ၃ ရာခိုင်နှုန်းအလုပ်လက်မဲ့ဖြစ်နေကြသည်ဟု သိရသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ယမန်နှစ် ၂၀၀၄ က ပို့ခဲ့သော အလုပ်သမားဦးရေ ၆၇၄၄၇ ထက်ကျော်ကာ ယခုနှစ် ၂၀၀၅ ၌ လူ ၇၀၀၀၀ ကို ပြည်ပသို့ စေလွှတ်ဖွယ်ရှိကြောင်း ဗီယက်နမ်အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ ပင်လယ်ရပ်ခြားအလုပ်သမားအုပ်ချုပ်ရေးဌာန နာမကျန်းနှင့် လူမှုရေးရာက ၂၀၀၅ ခုနှစ်၊ ဇွန် ၁၃ ရက်နေ့၌ ပြောကြားသည်။

မလေးရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးသော အလုပ်သမားဈေးကွက်ဖြစ်လာပြီး တောင်ကိုရီးယားနှင့် ဂျပန်တို့က နောက်မှာရှိကြမည်ဟု ပင်လယ်ရပ်ခြားအလုပ်သမားအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

ဗီယက်နမ်အလုပ်သမားအများစုမှာ အစောင့်အလုပ်၊ အိမ်ဖော်အလုပ်နှင့် အလုပ်သမားများအဖြစ် လုပ်ကိုင်ကြမည်ဖြစ်သည်။ အလုပ်သမားများကို ပြည်ပသို့စေလွှတ်မှုတိုးမြှင့်ရန် ဗီယက်နမ်နိုင်ငံသည် အလုပ်သမားအရည်အသွေးတိုးတက်မှု၊ ဈေးကွက်တိုးချဲ့မှုကို အဓိကလုပ်ဆောင်လျက်ရှိပြီး အလုပ်သမားစေလွှတ်မှုတိုးတက်ရေးကို ပြင်းပြင်းထန်ထန်လုပ်ဆောင်နေကြောင်း အလုပ်သမားဌာနက ပြောကြားသည်။

၂၀၀၅ ခုနှစ်၏ ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့အလုပ်သမား ၂၅၆၀၀ ခန့် စေလွှတ်ခဲ့သည်။ နိုင်ငံနှင့် ဒေသ ၄၀ ကျော်တွင် ဗီယက်နမ်လူမျိုး



**ဗီယက်နမ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတစ်ခု**

၄၀၀၀၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိပြီး တစ်နှစ်ဝင်ငွေသည် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိသည်ဟု ပင်လယ်ရပ်ခြားအလုပ်သမားအုပ်ချုပ်ရေးဌာနက ပြောကြားသည်။

**လူဦးရေထိန်းချုပ်ရေး-** ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ကလေးမွေးဖွားမှုနှုန်း ၀ ဒသမ ၀၄ ရာခိုင်နှုန်းထိလျှော့ချသွားရန် ရည်မှန်းချက်ထားဆောင်ရွက်သွားမည်ဖြစ်ရာ ဗီယက်နမ်လူဦးရေသည် ၂၀၀၆ ခုနှစ်၌ ၈၄ ဒသမ ၂ သန်းခန့်ရှိနေမည်ဖြစ်ကြောင်း ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က သတင်းဖော်ပြသည်။ ၎င်းရည်မှန်းချက်အောင်မြင်စေရန် နိုင်ငံအတွင်းရှိ ကလေးမွေးဖွားနှုန်းမြင့်မားသော ဒေသများနှင့် ကလေးသုံးဦးရှိသော မိသားစုအရေအတွက် မြင့်မားနေသော အရပ်များတွင် ဆွေးနွေးမှုများပြုလုပ်ပြီး မိသားစုစီမံကိန်းအောင်မြင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သော ၂၀၀၃-၂၀၀၄ ခုနှစ်များက လူဦးရေ ၈၃ သန်းကျော်ကို ၇၅ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းစေရန်အတွက် မိသားစုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်းကျော် သုံးစွဲခဲ့ကြောင်းသိရသည်။ ထိုသို့ ဆောင်ရွက်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ ခုနှစ်၌ ပြည်သူလေးသန်းကျော် ပဋိသန္ဓေတားဆီးမှုများ ပြုလုပ်ခဲ့ကြကြောင်း ယင်းမှာ ၂၀၀၅ ခုနှစ်အတွက် ရည်မှန်းချက်အောင်မြင်မှုပင်ဖြစ်သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လူဦးရေတိုးတက်မှုထိန်းချုပ်ရန်နှင့် လူသားတို့၏ အရည်အသွေးတိုးတက်စေရန်အတွက် အမေရိကန် ဒေါ်လာ ၂၂၀ ဒသမ ၁ သန်းခန့် သုံးစွဲသွားရန် စီမံကိန်း ချမှတ်ထားကြောင်းသိရသည်။

**မူးယစ်ဆေးဝါးနှိမ်နင်းရေး-** ဗီယက်နမ်နိုင်ငံ၏အကြီးမားဆုံးမူးယစ်ဆေးမှောင်ခိုရောင်းဝယ်မှုတွင် လူ ၁၇ ဦးအား သေဒဏ်ချမှတ်အပြစ်ပေးလိုက်ကြောင်း တရားရုံးအရာရှိတစ်ဦးက ပြောကြားသည်။ အခြားမူးယစ်ဆေးမှောင်ခိုဂိုဏ်းဝင် ၁၀ ဦးကို ထောင်ဒဏ်တစ်သက်၊ နှစ်ဦးကို ထောင်ဒဏ်လေးနှစ်နှင့် နှစ် ၂၀ အသီးသီးအပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း ဟိုချီမင်းမြို့တော်တရားရုံးအရာရှိက ပြောကြားသည်။

အဆိုပါ အမှုကို နှစ်ပတ်ကြာစစ်ဆေးခဲ့ရာ မူလထက် တစ်ပတ်စောပြီးစီးခဲ့သည်။ ဗီယက်နမ်နိုင်ငံ၌ ရုံးတင်စစ်ဆေးသောအမှုများတွင် အမှုတစ်ခုတည်း၌ သေဒဏ်ပေးသောအရေအတွက်သည် အများဆုံးဖြစ်သည်။ အသက် ၄၅ နှစ်အရွယ်ရှိ ငုယင်ဗန်ဟေး (ခေါ်) ဟေလွမ် ဦးဆောင်သည့် မူးယစ်ဆေးမှောင်ခိုဂိုဏ်းဝင်များအား လက်နက်ပိုင်ဆိုင်ထားရှိမှု လာအိုနယ်စပ်ရှိ ငီအန်ပြည်နယ်အလယ်ပိုင်းမှနေ၍ ဟိုချီမင်းစီးတီးသို့ ဘိန်းဖြူ ၈၂၀ ကီလိုဂရမ် မှောင်ခိုသယ်ဆောင်ရောင်းဝယ်မှုတို့ဖြင့်လည်း တရားစွဲဆိုထားသည်ဟု သိရသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှ မူးယစ်ဆေးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် အချိန်ယူထောက်လှမ်းခဲ့ပြီးနောက်

၂၀၀၅ ခုနှစ်၊ ဩဂုတ်လအတွင်း၌ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကို ပထမဆုံးအကြိမ်အဖြစ် ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

အလားတူ ဗီယက်နမ်တရားရုံးတစ်ရုံးက မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးလက်ဝယ်ပိုင်ဆိုင်မှုဖြင့် အမျိုးသမီးနှစ်ဦးကို သေဒဏ်စီရင်ချက်ချမှတ်လိုက်ကြောင်း သိရသည်။ ဗီယက်နမ် ဖူသိုပြည်နယ်မြောက်ပိုင်း ပြည်သူ့တရားရုံးက အဆိုပါ အမျိုးသမီးနှစ်ဦးကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ သေဒဏ်ချမှတ်ပြီး အခြားခုနစ်ဦးကို ထောင်ဒဏ်နှစ်နှစ်မှ အနှစ် ၂၀ အထိ ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။

၂၀၀၄ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ဆက်စပ်မှုခင်းပေါင်း ၁၂၀၆၈ စုံစမ်းထောက်လှမ်းခဲ့ပြီး ဘိန်းဖြူ ၂၃၉ ဒသမ ၄ ကီလို ဖမ်းဆီးရမိခဲ့ရာ အမှုတွင် ပါဝင်သူ ၁၈၂၆၀ ဦးကိုလည်း ဖမ်းဆီးခဲ့သည်။ ဗီယက်နမ်မူးယစ်ဆေးဝါးဥပဒေအရ ဘိန်းဖြူ ၆၀၀ ဂရမ်ကို လက်ဝယ်ပိုင်ဆိုင်မှု သို့မဟုတ် မှောင်ခိုရောင်းဝယ်မှုဖြစ်ပွားလျှင် သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းစီရင်ချက်ချမှတ်ကြောင်း လေ့လာသိရှိရသည်။

သဘာဝဘေးအန္တရာယ်- ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းသင်္ဘော ၁၁ စင်းနစ်မြုပ်ပြီး ငါးဖမ်းသမားတစ်ဦး သေဆုံးကာ ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့၌ သိရသည်။

ဒမ်ရေးအမည်ရှိ အပူပိုင်းမုန်တိုင်းသည် တရုတ်နိုင်ငံ၌ လူကိုးဦးကို သေဆုံးစေပြီးနောက် ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၇ ရက်က ဗီယက်နမ်နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူသုံးသိန်းကျော် ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာဝန်ရှိသူများနှင့် မီဒီယာများက ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့ အနောက်မြောက် ဘက်ကီလိုမီတာ ၁၈၀ အကွာတွင်ရှိသော ယန်ဘိုင်ပြည်နယ်မြောက်ပိုင်းတွင်လည်း ဒမ်ရေးမုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ လူ ၅၂ ဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ ခန်ဟိုရာပြည်နယ်တွင်လည်း ရေလွှမ်းမှုနှင့် မြေပြိုကျမှုများကြောင့် လူ ၂၅ ဦး သေဆုံးခဲ့ရပြီး တောင်တစ်လုံးပြိုကျမှုကြောင့် လူကိုးဦး သေဆုံးခဲ့ရသည်။ အဆိုပါ ပြည်နယ်တွင် မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုကြောင့် နေအိမ် ၉၇ လုံး ပျက်စီးခဲ့ရပြီး၊ စပါးစိုက်မြေ ဟက်တာ ၅၈၀၀ ကျော် ပျက်စီးခဲ့ရသည်။ ထိုသို့ ပျက်စီးခဲ့ရမှုကြောင့် ဗီယက်နမ်ဒေါ်လာ ၃၅ ဒသမ ၅ ဘီလီယံခန့် ဆုံးရှုံးခဲ့ရပြီး ဒေသဆိုင်ရာ အာဏာပိုင်များက ဒုက္ခသည်များထံ အကူအညီများ ပေးပို့လျက်ရှိသည်ဟု သိရသည်။

ဆက်သွယ်ရေး- ဗီယက်နမ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ပို၍ပို၍များလာလျက်ရှိသည့်အားလျော်စွာ မိမိတို့အတွက် ဝင်ငွေပို၍ရရှိလာကြောင်း ဟန္ဒိုင်းမြို့ ဘက်ချ်မေလမ်းမကြီးရှိ မိုဘိုင်းလ်ဖုန်းအရောင်းဆိုင်ပိုင်ရှင် ငုယင်သီငန်ကပြောကြားသည်။ မိမိသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၉၀၀ နီးပါးအကျိုးအမြတ်ရရှိကြောင်း လွန်ခဲ့သည့်ငါးနှစ်က ဟန္ဒိုင်းဥပဒေတက္ကသိုလ်မှ ဘွဲ့ရခဲ့သူ ငုယင်သီငန်က ပြောကြားသည်။

နှစ်ကီလိုမီတာရှိသော ဘက်ချ်မေလမ်းမကြီးတစ်လျှောက်၌ မိုဘိုင်းလ်ဖုန်းအရောင်းဆိုင်တစ်ဒါဇင်ကျော်မျှရှိပြီး ဝယ်သူများကို ဈေးခေါ်ကာ ရောင်းအားတိုးအောင် ဆွဲဆောင်လျက်ရှိကြသည်။ ဆဲလ်ဖုန်းများသည် အရေးပါသော ခေတ်မီလူသုံးပစ္စည်းဖြစ်လာပြီး ဆဲလ်ဖုန်းရောင်းသည့် ကုန်သည်များသည် ယခုနှစ်၌ ဆဲလ်ဖုန်းအလုံးနှစ်သန်းရောင်းချဖွယ်ရှိသည်။ ၂၀၀၄ ခုနှစ်က ၁ ဒသမ ၆ သန်းရောင်းချခဲ့ရသည်ဟု ဆိုသည်။

လူဦးရေ ၈၂ သန်းကျော်သော ဗီယက်နမ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူဦးရေသည် ယခုအခါ ၅ ဒသမ ၃ သန်းမျှရှိပြီး ၂၀၀၅ ခုနှစ်ကုန်ပိုင်း၌ ၇ ဒသမ ၃ သန်းကျော်ဖွယ်ရာရှိကာ ၂၀၀၈ ခုနှစ်ကုန်ပိုင်း၌ ၂၀ ဒသမ ၂ သန်းရှိမည်ဟု စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးကော်ပိုရေးရှင်းက ပြောကြားသည်။

သူပေါင်း ၈ ဒသမ ၆ သန်းရှိသွားပြီဖြစ်ကြောင်း ယင်းအရေအတွက်သည် လူဦးရေ၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်းဖြင့် ၂၀၀၁ ခုနှစ်က လူဦးရေ ၅ ဒသမ ၅ သန်း အင်တာနက်အသုံးပြုနိုင်ခဲ့မှုနှင့် နှိုင်းယှဉ်လျက်ဖော်ပြသည်။

အင်တာနက်အသုံးပြုနိုင်သူ ၈ ဒသမ ၆ သန်းတွင် အင်တာနက်ငှားရမ်းအသုံးပြုသူမှာ ၂ ဒသမ ၃ သန်းရှိပြီး အများစုမှာ ဘရော့ဘင်အင်တာနက်ဝန်ဆောင်မှုဖြစ်ကြောင်း ဗီယက်နမ်အင်တာနက်ကွန်ရက်ပြန်ကြားရေးဗဟိုဌာနက ပြောကြားခြင်းဖြစ်သည်။ ဗီယက်နမ်ပြန်ကြားရေးနည်းပညာ (အိုင်တီ)နှင့် ဆက်သွယ်ရေးတိုးတက်ရေးမဟာဗျူဟာအရ လူ ၁၀၀ ရှိတိုင်း ဖုန်းရှိသူ ၃၂ ဦးမှ ၄၂ ဦး၊ ကွန်ပျူတာရှိသူ ၁၀ ဦးကျော်မှာ အင်တာနက်ရှိသူ ၈ ဦးမှ ၁၂ ဦးရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဘရော့ဘင်အင်တာနက်အသုံးပြုမှု ၃၀ ရာခိုင်နှုန်းရှိလာမည်ဖြစ်ကြောင်း သိရသည်။

သိန်းဝင်းဇော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီအစည်းအဝေးများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီအစည်းအဝေးများကို ပုံမှန်အားဖြင့် လေးလလျှင်တစ်ကြိမ်၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပရာ ၂၀၀၅ ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါအတိုင်း (၃)ကြိမ် ကျင်းပ၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်တော်မူခဲ့ကြသည်-

(က) ပဉ္စမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး (၁၇-၃-၂၀၀၅ မှ ၁၈-၃-၂၀၀၅ ထိ)

(ခ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး (၁၃-၇-၂၀၀၅ မှ ၁၄-၇-၂၀၀၅ ထိ)

(ဂ) ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသအစည်းအဝေး (၂၂-၁၁-၂၀၀၅ မှ ၂၃-၁၁-၂၀၀၅ ထိ)

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ (၂၀၀၅)။ ။ ဗုဒ္ဓသာသနာတော်မြတ်ကြီးအစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကအလေးထားဆောင်ရွက်ကြရမည့် လုပ်ငန်းရပ်များမှာ သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ပြန့်ပွားရေးဟူသော လုပ်ငန်းများပင်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ဤလုပ်ငန်းကြီးများကို တစိုက်မတ်မတ်ကြိုးပမ်းထမ်းဆောင်တော်မူခဲ့ကြပေသည်။ ၂၀၀၅ ခုနှစ်အတွင်းတွင် သာသနာ့ဦးသျှောင်ဆရာတော်သံဃာတော်မထေရ်မြတ်များနှင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအများတို့၏ သာသနာရေးဆောင်ရွက်ချက်များမှာ အားရဝမ်းမြောက်ဖွယ်ရာဖြစ်ပေသည်။

ပဉ္စမအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို ၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်မှ ၁၃ ရက် (၂၀၀၅ ခုနှစ်၊ မတ်လ ၂၀ရက်မှ ၂၂ ရက်)နေ့အထိ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ တက်ရောက်တော်မူကြသည်။ အစည်း အဝေးပထမနေ့တွင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဒုတိယနေ့အစည်းအဝေးတွင် မဟာဝိဇယစေတီတော်နှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တင်ပြလျှောက်ထားသည်။

# ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်ရွေးချယ်တော်မူခြင်းခံရသော ဆရာတော် ဘဒ္ဒန္တကုမာရ (ဝဲစွန်)



ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကသံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအခန်း (၅) အပိုဒ် (၃၇)နှင့် ယင်းလုပ်ထုံးလုပ်နည်း အခန်း (၁၂)၊ အပိုဒ် (၈၆)တို့နှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် မကွေးဆရာတော်ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ကို ရွေးချယ်ခဲ့သည်။ တဆက်တည်းမှာပင် မကွေးဆရာတော်ဘဒ္ဒန္တကုမာရကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ညောင်တုန်းဆရာတော်ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့သည်။

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးက အောက်ဖော်ပြပါ ကိစ္စရပ်များကို တညီတညွတ်တည်း ဆုံးဖြတ်ဆောင်ရွက်တော်မူကြပါသည်-

- ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်
- မှတ်တမ်းတင်ခြင်း (၈) ရပ်
- အတည်ပြုခြင်း (၆) ရပ်
- ဆုံးဖြတ်ခြင်း (၁) ရပ်

### ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ချမှတ်ပေးအပ်ခဲ့သော လုပ်ငန်းများကို (၁၅)ပါးစီ အဖွဲ့ခွဲ သုံးဖွဲ့ခွဲလျက် အဖွဲ့ခွဲတစ်ခုလျှင် အဖွဲ့ငယ်များ (၃)ဖွဲ့ကျစီ အသီးသီးထပ်မံခွဲဝေ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဟူ၍ လုပ်ငန်း (၃)ရပ်ကို ခွဲဝေသတ်မှတ်ပြီး တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ ဥက္ကဋ္ဌ

ဆရာတော်ဘုရားကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီးတို့သည် အခါအားလျော်စွာ ကိုယ်တိုင်ပါဝင်လျက်ကြီးကြပ်ဆောင်ရွက်ကြသည်။

ဝိနိစ္ဆယရေးရာ

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၂၀၀၅ ခုနှစ် ကာလအတွင်းတွင် ဝိနိစ္ဆယရေးရာဆိုင်ရာအစည်းအဝေးများကိုအောက်ဖော်ပြပါအတိုင်းဆောင်ရွက်ခဲ့ကြသည်-

(က) ပုံမှန်အစည်းအဝေး (၃၇) ကြိမ်
(ခ) ညှိနှိုင်းအစည်းအဝေး (၈) ကြိမ်
(ဂ) အထူးအစည်းအဝေး (၃) ကြိမ်
(ဃ) ၄၇ ပါးစုံညီ တေရသမ၊ စုဒ္ဒသမ၊ ပန္နရသမအစည်းအဝေးများ (၃) ကြိမ်

ဤကဲ့သို့ အစည်းအဝေးများကို ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို အောက်ဖော်ပြပါ အခြေအနေအတိုင်း ဆောင်ရွက်နိုင်ခဲ့သည်-

(က) နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့များ ဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု (၉) မှု
(ခ) ဂိုဏ်းပေါင်းစုံ ပြည်နယ်/တိုင်း သံဃဝိနိစ္ဆယအဖွဲ့များ ရွေးချယ်လျာထားမှု (၇) မှု
(ဂ) အယူခံပြီးပြတ်သည့် မှုခင်းများကို ပြီးငြိမ်းပြီးသော မှုခင်းများအဖြစ် အတည်ပြုမှု (၁၁) ခု
(ဃ) ၄၇ ပါးစုံညီ အစည်းအဝေးများသို့ တင်ပြအဆုံးအဖြတ်ခံယူရန်မှုခင်းများ (၃၀) မှု
(င) ဝိနိစ္ဆယဆိုင်ရာ အထွေထွေမှုခင်းများ (၁၀၀) မှု
(စ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု (၁) မှု

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ (၁၃)ဖြင့် သီရိလင်္ကာနိုင်ငံတွင် ဘိက္ခုနီပြုခဲ့သော မသစ္စဝါဒီကို ဓမ္မအဓမ္မ ဝိနိစ္ဆယဆုံးဖြတ်ခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီကျောင်းနေ စုဒိတက မသစ္စဝါဒီ၏ သီရိလင်္ကာနိုင်ငံတွင် ဘိက္ခုနီပြုခဲ့ကြောင်း ဓမ္မ အဓမ္မအငြင်းပွားမှု မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုဝိနိစ္ဆယမှုခင်း၏ စောဒကပုဂ္ဂိုလ်များမှာ-

(၁) ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) မဟာဝိသုတာရာမတိုက်၊ ဆယ်သိန်းရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း၊
(၂) ဘဒ္ဒန္တထေရိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊
(၃) ဘဒ္ဒန္တဉာဏိဿရ (မဟာဂန္ထဝါစကပဏ္ဍိတ) တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်တို့ဖြစ်ကြသည်။

ထိုဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာစစ်ဆေးအဆုံးအဖြတ်ပေးစေရန် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၃)ကို ၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၉)ရက် (၂-၅-၂၀၀၅)နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့ တွင်ပါဝင်သော အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဘဒ္ဒန္တကုဂန္ဓမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဖက်ပင်အိုင်စာသင်တိုက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း၊ — သဘာပတိ
(၂) ဘဒ္ဒန္တစိန္တာသာရ (အဂ္ဂမဟာပဏ္ဍိတ) သံဃာရာမတိုက်၊ မကွေးမြို့၊ — အဖွဲ့ဝင်

(၃) ဘဒ္ဒန္တသီရိန္ဒာဘိဝံသ အဖွဲ့ဝင်
(အဂ္ဂမဟာပဏ္ဍိတ၊
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက)
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

(၄) ဘဒ္ဒန္တအဂ္ဂဓမ္မ အဖွဲ့ဝင်
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ဓမ္မရောင်ခြည်ကျောင်းတိုက်၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်း။

(၅) ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အဖွဲ့ဝင်
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်
တိုက်သစ်၊ မဟာအောင်မြေ
မြို့နယ်၊ မန္တလေးတိုင်း။

ထိုသီးခြားဝိနည်းခိုရ်အဖွဲ့အမှတ် (၁၃) ဆရာတော်များသည် အပရဂေါယာနကျောင်းဆောင်၌ ရုံးထိုင်၍ မသစ္စဝါဒီ၏ ဘိက္ခုနီပြုမှု ဓမ္မ အဓမ္မဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းဆိုင်ရာ စောဒနာ၊ သောဓနာလွှာများကို အဖန်ဖန်အထပ်ထပ်လေ့လာစိစစ်ညှိနှိုင်းသုံးသပ်တော်မူကြပြီး (၂၇-၅-၂၀၀၅)နေ့တွင် မသစ္စဝါဒီ၏ ဘိက္ခုနီပြုမှု ဓမ္မ အဓမ္မ အငြင်းပွား ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ကိုယ်တိုင်လက်မှတ်ရေးထိုး၍ အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်တော်မူခဲ့ကြသည်-

ဆုံးဖြတ်ချက်

မသစ္စဝါဒီ၏ ဘိက္ခုနီအဖြစ် ပြုမှုခဲ့ခြင်းသည် ဓမ္မဝိနယမှ သွေဖီ၍ မြော်မြင်ဉာဏ်မပါထင်ရာမြင်ရာပြုမှုခြင်းကြောင့် သူမ၏ ဘိက္ခုနီဝါဒနှင့် စပ်လျဉ်းသော အပြုအမူအားလုံးသည်-

(၁) ဓမ္မဝိနယနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ အဝိနယဝါဒသာဖြစ်သည်ဟု လည်းကောင်း၊

(၂) သူမသည် ထိုအဓမ္မဝါဒ အဝိနယဝါဒကို ယုံကြည်သူ ခံယူသူဖြစ်ခြင်းကြောင့် အဓမ္မ ဝါဒီ အဝိနယဝါဒီသာဖြစ်သည်ဟု လည်းကောင်း၊

(၃) သူမသည် မိမိ၏ အဓမ္မအဝိနယဘိက္ခုနီဘဝကိုတရားဝင်အပြီးအပြတ် စွန့်လွှတ်မှုပြုရမည်ဟုလည်းကောင်း၊

(၄) သူမသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက ကြောင်းကျိုးပြလျက် အချိန်မီဩဝါဒပေးခြင်း တားမြစ်ခြင်းကို အလေးမမူ မလိုက်နာသူဖြစ်၍ ထိုအပြစ်များ ပြေပျောက်စေရန် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကို ဝန်ချကန်တော့မှုပြုရမည်ဟုလည်းကောင်း တညီတညွတ်တစ်စိတ်တစ်ဝမ်းတစ်သဘောတည်း ဆုံးဖြတ်တော်မူကြသည်။

သာသနာ့ရေးရာ

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၂၀၀၅ ခုနှစ်ကာလအတွင်းတွင် သာသနာ့ရေးဆိုင်ရာအစည်းအဝေးများကို အောက်ဖော်ပြပါအတိုင်း ကျင်းပနိုင်ခဲ့သည်-

| | | |
|---|---|---|
| (က) | ပုံမှန်အစည်းအဝေး | (၃၇) ကြိမ် |
| (ခ) | ညှိနှိုင်းအစည်းအဝေး | (၈) ကြိမ် |
| (ဂ) | အထူးအစည်းအဝေး | (၃) ကြိမ် |
| (ဃ) | ၄၇ ပါး စုံညီတေရသမ၊ စုဒ္ဒသမ၊ ပန္နရသမအစည်းအဝေးများ | (၃) ကြိမ် |

ဤကဲ့သို့ အစည်းအဝေးများကို ကျင်းပခဲ့ပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များကိုအောက်ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ခဲ့သည်-

(က)သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် အစားထိုးရွေးချယ်ခြင်းနှင့် ထပ်မံရွေးချယ်သတ်မှတ်ခြင်း တွင်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ | ၅ ပါး |
| (၂) | နိုင်ငံတော် သံဃမဟာ | ၁ ပါး |



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်**

နာယကဆရာတော်ကြီး

(၃) နိုင်ငံတော်ဗဟိုသံဃာ ၈ ပါး
ဝန်ဆောင်ဆရာတော်ကြီးများ

(၄) သံဃသမ္မုတိရ သံဃာ ၂၅ ပါး
ကိုယ်စားလှယ်ဆရာတော်များ

**စုစုပေါင်း ၃၉ ပါး**

တို့ကို အစားထိုးရွေးချယ်ပေးခဲ့သည်။

(ခ) သံဃအဖွဲ့အစည်း အဆင့်ဆင့်ဆိုင်ရာ ပြဿနာရပ်များကို စိစစ်ဆောင်ရွက်ခဲ့သည်။

(ဂ) ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ ကျောင်းထိုင်တင်မြှောက်ခြင်း၊ စေတီတော်သစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်မွမ်းမံခြင်းဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခဲ့သည်။

(ဃ) အခွန်လွတ် သာသနာမြေ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အသီးသီးမှ ကျောင်းတိုက်များ၊ ရိပ်သာများ စုစုပေါင်း (၁၇၈)ကျောင်းမြေများအတွက်ထောက်ခံချက်ပေးခဲ့သည်။

(င) ဗဒ္ဓသိမ်သမုတ်ရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ဗဒ္ဓသိမ် (၂၁)ခုအတွက် သာသနာရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံပေးခဲ့သည်။

(စ) နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး (၉)ပါး၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီး (၅)ပါး၊ စုစုပေါင်း (၁၄)ပါး ပျံလွန်တော်မူကြသဖြင့် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်တော်မူခဲ့ကြသည်။

(ဆ) သက်ဆိုင်ရာဂိုဏ်းအလိုက် ဝါဆိုသံဃာစာရင်းပေးသွင်းရန်ကိစ္စ၊ ဘုရားဘဏ္ဍာငွေများ သုံးစွဲထားမှုကိစ္စ၊ ဗုဒ္ဓပူဇနိယပွဲတော်

အခမ်းအနား ကျင်းပရေးကိစ္စ၊ ရဟန်းသာမဏေများ ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးကိစ္စ၊ ညွန်ကြားလွှာများ လိုက်နာရေးကိစ္စ၊ ကျောင်းတိုက်ပစ္စည်းများ အငြင်းပွားမှုကိစ္စ၊ စုံစမ်းရေးအဖွဲ့များစေလွှတ်ရေး ကိစ္စစသည့်သာသနာရေးဆိုင်ရာအထွေထွေ ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။

ပညာရေးရာ

၂၀၀၅ ခုနှစ်အတွင်း ပညာရေးရာဆောင်ရွက်ချက်များတွင် ဗုဒ္ဓဘာသာစာမူစိစစ်ရေးနှင့်စပ်လျဉ်း၍ စိစစ်ပြီးစီးခဲ့သော စာမူတို့မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ပြင်ဆင်ချက်မရှိ ထုတ်ဝေခွင့်ပြုသော စာမူ — ၅၅၀ မူ
(ခ) ပြင်ဆင်၍ ထုတ်ဝေခွင့်ပြုသော စာမူ — ၂၂ မူ
(ဂ) ဖြုတ်ပယ်၍ ထုတ်ဝေခွင့်ပြုသော စာမူ — ၃၉ မူ
(ဃ) ပြင်ဆင်ထုတ်ပယ်၍ ခွင့်ပြုသော စာမူ — ၁၉ မူ
(င) ပြင်ဆင်ဖြည့်စွက်၍ ထုတ်ဝေခွင့်ပြုသောစာမူ — ၁ မူ
(စ) ပြန်လည်တင်ပြစေသောစာမူ — ၆ မူ
(ဆ) သက်ဆိုင်ရာသို့ ပြန်လည်ပေးပို့သောစာမူ — ၃ မူ
(ဇ) ထုတ်ဝေခွင့်မပြုသောစာမူ — ၅ မူ
(ဈ) အသင်းဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးက ထုတ်ဝေခွင့်လျှောက်ထားရန်စာမူ — ၁ မူ

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရ သာသာနာရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးတွင် ကျင်းပပြုလုပ်ပေးလျက်ရှိသော ပရိယတ္တိစာမေးပွဲများအနက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် ခက်ခဲနက်နဲ ကျယ်ဝန်းလျက် ကမ္ဘာပေါ်တွင်အဆင့်အမြင့်ဆုံး ပရိယတ္တိစာမေးပွဲဖြစ်သည်။ စာပေအရလည်းကောင်း၊ စွမ်းဆောင်နိုင်မှုအရလည်းကောင်း၊ အမြင့်မားဆုံးဖြစ်ပေသည်။

(၅၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၆-၁၂-၂၀၀၄ မှ၂၇-၁-၂၀၀၅ အထိ (၃၃)ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ကျင်းပခဲ့ရာ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေအောင်မြင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| | အာဂုံပြန်ဆို ဖြေဆို | အာဂုံပြန်ဆို အောင် | သဘောရေး ဖြေဆို | သဘောရေး အောင် |
|---|---|---|---|---|
| ၁။ အဘိဓမ္မာပထမပိုင်း | ၂ | ၁ | ၃ | - |
| ၂။ အဘိဓမ္မာဒုတိယပိုင်း | - | - | ၂ | - |
| ၃။ ဝိနည်းဒုတိယပိုင်း (ခန္ဓက) | ၂၈ | ၁၃ | ၂၃ | - |
| ၄။ ဝိနည်းပထမပိုင်း (ဥဘတော) | ၇၀ | ၄၂ | ၅၅ | ၃ |
| ၅။ ဒီဃနိကာယ်သုံးကျမ်း | ၅ | ၅ | ၁၉ | ၃ |
| စုစုပေါင်း | ၁၀၅ | ၆၁ | ၉၂ | ၆ |

သို့ဖြစ်ပါ၍ (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အောက်ဖော်ပြ ပါ သံဃာတော် (၆၇)ပါးတို့ အောင်မြင်တော်မူကြသည်-

၁။ သုတ္တန္တပိဋက၊ ဒီဃနိကာယ် ၃ ပါး
သုံးကျမ်းရေးဖြေအောင် ဒီဃနိကာယကောဝိဒ
၂။ ဝိနယပိဋက၊ ဝိနည်းပထမပိုင်း ၃ ပါး
နှစ်ကျမ်းရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒ
၃။ အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ၁ ပါး
ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက
၄။ သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း ၅ ပါး
အာဂုံအောင် ဒီဃဘာဏက
၅။ ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း ၁၃ ပါး
သုံးကျမ်း အာဂုံအောင် ဝိနယဓရ
၆။ ဝိနယပိဋက၊ ဝိနည်းပထမပိုင်း ၄၂ ပါး
နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ

(၅၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် (၆၇)ပါးတို့ကို ချီးကျူးပူဇော်သည့် (၅၇) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနားကို ၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃)ရက် (၄-၆-၂၀၀၅) စနေနေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

## အစိုးရဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက် (၄-၄-၂၀၀၅)မှ ၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက် (၁၂-၄-၂၀၀၅) အထိ ကျင်းပခဲ့ရာ၊ ဖြေဆိုအောင်မြင်သူဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| စာဖြေဌာနပေါင်း | ၃၈ | ဌာန |
| စာရင်းသွင်းသူပေါင်း | ၁၇၀၂၃ | ပါး |
| ဖြေဆိုသူပေါင်း | ၁၃၅၇၇ | ပါး |
| ကျမ်းရင်းသုံးကျမ်းအောင် | ၂၇၃ | ပါး |
| ကျမ်းရင်းနှစ်ကျမ်းအောင် | ၃၀၃ | ပါး |
| ကျမ်းရင်းတစ်ကျမ်းအောင် | ၅၀၈ | ပါး |
| မြန်မာဂုဏ်ထူးအောင် | ၉ | ပါး |
| ပါဠိဂုဏ်ထူးအောင် | ၄ | ပါး |

၁၃၆၆ ခုနှစ် (၂၀၀၅ ခုနှစ်) ဓမ္မာစရိယစာမေးပွဲကို အောင်မြင်၍ သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသော ထေရ်ရှင်များတွင် မန္တလေးတိုင်း၊ ဘေးမဲ့ကျောင်းတိုက်မှ အရှင်ဝါသဝါလင်္ကာရ (သက်တော် ၂၅ နှစ်၊ သိက္ခာတော် ၅-ဝါ)သည် ပထမရရှိသဖြင့် အဂ္ဂမဟာ အကျော်ဖြစ်သည်။

## ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများ ကျင်းပခြင်း

၁၃၆၆ (၂၀၀၅-ခုနှစ်) ပထမပြန်စာမေးပွဲများကို တစ်ပြည်လုံးတွင် ပြည်နယ်/တိုင်းအလိုက် ၁၃၆၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက်၊ တနင်္လာနေ့ (၂၈-၃-၂၀၀၅)မှ တန်ခူးလဆန်း (၄)ရက်၊ အင်္ဂါနေ့ (၁၀-၄-၂၀၀၅)အထိ စာဖြေဌာနပေါင်း (၂၃၃)ဌာန၌ ကျင်းပခဲ့ရာ၊ စာရင်းသွင်းဖြေဆိုသူ၊ အောင်မြင်သူစာရင်းချုပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| စာတန်း | စာရင်းသွင်း | ဖြေဆိုသူ | အောင်မြင်သူ |
|---|---|---|---|
| ပထမငယ် | ၂၉၉၀၅ | ၂၄၈၉၈ | ၁၀၇၄၇ |
| ပထမလတ် | ၂၂၃၀၅ | ၁၉၇၃၂ | ၇၀၀၆ |
| ပထမကြီး | ၁၇၇၁၃ | ၁၄၉၇၈ | ၃၃၃၈ |

## အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

၂၀၀၅ ခုနှစ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၆၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂-ရက်၊ ၃-ရက်၊ ၄-ရက်) (၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၇-ရက်၊ ၁၈-ရက်၊ ၁၉-ရက်)များတွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| | စာရင်းသွင်း | ဖြေဆို | အောင်မြင် |
|---|---|---|---|
| - အဘိဓမ္မာ | ၁၈၄၉၇ | ၁၃၆၀၀ | ၁၀၀၄၃ |
| - ဂုဏ်ထူးဆောင် | ၄၀၇၆ | ၃၂၀၃ | ၂၆၉၆ |
| - ဝိသုဒ္ဓိမဂ် | ၂၂၁၉ | ၁၅၇၇ | ၉၇၇ |

**နိကာယ်စာမေးပွဲ**

၂၀၀၅ ခုနှစ်၊ နိကာယ်စာမေးပွဲကို ၁၃၆၇ ခုနှစ်၊ နယုန်လဆန်း (၇)ရက်မှ (၁၁)ရက်၊ (၂၀၀၅-ခုနှစ်၊ ဇွန်လ ၁၃-ရက်မှ ၁၇-ရက်)အထိ စာဖြေဌာန (၆၄)ဌာနတွင် ကျင်းပခဲ့ရာ၊ စာရင်းသွင်းသူပေါင်း (၂၆၁၇၈)ပါး၊ ဖြေဆိုသူပေါင်း (၁၄၉၁၈)ပါးနှင့် အောင်မြင်သူပေါင်း (၁၉၃၀)ပါးတို့ ဖြစ်သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကျင်းပခြင်း

၂၀၀၅-ခုနှစ်၊ (၂၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကို မြို့နယ်ပေါင်း(၁၆၀)မြို့နယ်တွင် ကျင်းပခဲ့ရာ အောင်မြင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| - စာရင်းသွင်းသူပေါင်း | - | ၁၀၉၇၉၄ ဦး |
| - ဖြေဆိုသူပေါင်း | - | ၁၀၅၄၀၅ ဦး |
| - ရိုးရိုးအောင်မြင်သူပေါင်း | - | ၆၁၁၁၃ ဦး |
| - ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း | | ၂၂၂၀၄ ဦး |
| - သုံးဘာသာဂုဏ်ထူးဖြင့် | - | ၇၂၉၅ ဦး |

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအခြေအနေ

၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ပြည်နယ်/တိုင်းအသီးသီးမှ မြို့နယ်ပေါင်း (၂၄၀)မြို့နယ်၊ ကျောင်း ပေါင်း (၁၂၁၂)ကျောင်း၊ ကျောင်းသားပေါင်း (၁၆၂၄၉၂) ဦးနှင့် ဆရာအင်အား (၄၈၆၀)ဦးရှိသည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်မှုအဖွဲ့များကို မြို့နယ်ပေါင်း (၆၂)မြို့နယ်တွင် ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အလားတူပင် ၂၀၀၅-၂၀၀၆ ခုနှစ်၊ ပညာသင်နှစ်တွင် သီလရှင်သင်အမျိုးသမီးပညာရေးကျောင်း (၂၅) ကျောင်း၊ ကျောင်းသားကျောင်းသူ (၃၂၂၀)ဦးတို့ကို ပညာသင်ကြားပေးလျက်ရှိပြီး၊ ဆရာ ဆရာမအင်အား (၁၂၉)ဦးရှိသည်။ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းများ၏ ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့၏ ဒွါဒသမအကြိမ်အစည်းအဝေး ကို ၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက် (၆-၇-၂၀၀၅) ဗုဒ္ဓဟူးနေ့ နေ့လယ် (၁)နာရီတွင် ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က အဖွင့်သြဝါဒကထာ မိန့်ကြားတော်မူ၍ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

နယ်စပ်နှင့် တောင်တန်းဒေသသာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ် / တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များတွင် သာသနာပြုဌာနများကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ခဲ့ရာ၊ ၂၀၀၅ ခုနှစ်တွင် သာသနာပြုလုပ်ငန်းများအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| | |
|---|---|
| သာသနာပြုဌာန | ၄၇၂ ဌာန |
| သာသနာပြု ရဟန်းတော် | ၅၉၉ ပါး |
| သာသနာပြု သီလရှင် | ၄၀ ပါး |
| သာသနာပြု လူပုဂ္ဂိုလ် | ၉၅၇ ဦး |

သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်မီရေး၊ အသိအမြင်ဗဟုသုတကြွယ်ဝရေး၊ သာသနာပြုလုပ်ငန်းရှင်သန်ထက်မြက်နိုးကြားစေရေးတို့အတွက် သာသနာပြုမွမ်းမံသင်တန်းများကို နှစ်စဉ်ကျင်းပပေးခဲ့ရာ ၂၀၀၅-ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(၁) (၁၆)ကြိမ်မြောက်အထိ သာသနာပြုရဟန်းတော်သင်တန်းကို ဖွင့်လှစ်ခဲ့ပြီး၊ သင်တန်း

သား ရဟန်းတော် (၁၀၈၄)ပါး တက်ရောက်ခဲ့ပြီးဖြစ်သည်။

(၂) (၂)ကြိမ်မြောက် သာသနာပြုသီလရှင် သင်တန်းကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သီလရှင် (၁၄၁)ပါး တက်ရောက်ခဲ့သည်။

(၃) သာသနာပြုလူပုဂ္ဂိုလ်သင်တန်းကို (၄၅)ကြိမ်မြောက် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားလူပုဂ္ဂိုလ် (၃၆၈၅)ဦး တက်ရောက်ခဲ့ပြီးဖြစ်သည်။

(၄) (၇)ကြိမ်မြောက်အထိ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ သင်တန်းသား (၈၃၅)ဦး တက်ရောက်ခဲ့ပြီးဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်မှုအခြေအနေ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ချမှတ်ထားသော ပြဋ္ဌာန်းချက်များနှင့်အညီ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများကို ပြည်နယ်/တိုင်းများတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထိုကျောင်းများတွင် သင်တန်းများကိုတစိုက်မတ်မတ် ဖွင့်လှစ်ခဲ့ရာ ၂၀၀၅ ခုနှစ်အတွင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် (၆) ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၁၉၀)ပါး၊ ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၄)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၃၁)ပါး၊ ကရင်ပြည်နယ် ဘားအံမြို့တွင် (၆)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၇၃)ပါး၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့တွင် (၁၁)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၄၄၀)ပါး၊ ပဲခူးတိုင်း ပဲခူးမြို့တွင် (၇)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၁၁၃)ပါး၊ မကွေးတိုင်း မကွေးမြို့တွင် (၈)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၁၁၇)ပါး၊ မန္တလေးတိုင်း မန္တလေးမြို့တွင် (၁၀)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၅၁၆)ပါး၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် (၅)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၆၃)ပါး၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် (၇) ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၆၂)ပါး၊ ရန်ကုန် တိုင်း မရမ်းကုန်းမြို့နယ်တွင် (၁၂)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၄၁၉)ပါး၊ ရှမ်းပြည်နယ် တောင်ပိုင်း အေးသာယာမြို့တွင် (၈)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၁၈၁)ပါး၊ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့တွင် (၆)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၆၃)ပါး၊ ဧရာဝတီတိုင်း ပုသိမ်မြို့တွင် (၈)ကြိမ်၊ သင်တန်းဆင်းရဟန်းတော်ပေါင်း (၁၇၇)ပါးဖြစ်သည်။

သို့ဖြစ်၍ တစ်ပြည်လုံးတွင် မြို့ကြီး (၁၃)မြို့၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းပေါင်း (၉၈)ကြိမ် ဖွင့်လှစ်သင်ကြားပြီးဖြစ်၍ သင်တန်းဆင်းရဟန်းတော်ပေါင်း (၂၄၄၅)ပါးရှိသည်။

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများ

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများမှာ ပိဋကတ်တော်ကျမ်းများကို တတ်ကျွမ်းတော်မူကြသော မထေရ်မြတ်ကြီးများ၊ ပရိယတ္တိစာပေသင်ပေး သင်ယူကြသော ရဟန်းသာမဏေသီလရှင်များ၊ ပိဋကတ်စာပေလေ့လာသင်ယူကြသော ပုဂ္ဂိုလ်များကိုးကား မှီငြမ်းကြည့်ရှုအားထားရသော စာပေကျမ်းကြီးများပင် ဖြစ်ပေသည်။

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများကို အောက်ဖော်ပြပါအတိုင်း ရေးသားပြုစု ပုံနှိပ်ထားပြီး ဖြစ်ကြောင်း သိရှိရသည်-

| စဉ် | အဘိဓာန်ကျမ်း စာအုပ်တွဲ | ပါဝင်သည့် အက္ခရာပုဒ် |
|---|---|---|
| ၁။ | အတွဲ (၁) | အ မှ အနိဋ္ဌကထိ |
| ၂။ | အတွဲ (၂) | အနီယ မှ အဇ္ဈောတ္တိဂုဇာ |

| | | |
|---|---|---|
| ၃။ | အတွဲ (၃) | အဗျဂ္ဂမှ အဌာရမထိ |
| ၄။ | အတွဲ (၄) အပိုင်း(၁) | အာ မှ ဥဒြဘာ သေထိ |
| ၅။ | အတွဲ (၄) အပိုင်း (၂) | ဥဒ မှ ဥဠုရာဇထိ |
| ၆။ | အတွဲ (၅) | က မှ ကိလေဒနထိ |
| ၇။ | အတွဲ (၆) | ကိလေသမှ ယေရထိ |
| ၈။ | အတွဲ (၇) | စ မှ ဆိဋ္ဌေန |
| ၉။ | အတွဲ (၈) | ဆိန္ဒ မှ ဏထိ |
| ၁၀။ | အတွဲ (၉) | တ မှ ထာလိပါက |
| ၁၁။ | အတွဲ (၁၀) | ဒ မှ ဒွေဠကဇာ |
| ၁၂။ | အတွဲ (၁၁) | ဓ မှ နိက္ခာမေသုံထိ |
| ၁၃။ | အတွဲ (၁၂) | နိက္ခတ္တ မှ နှာရုသုတ္တ နိဗန္ဓန |
| ၁၄။ | အတွဲ (၁၃) | ပ မှ ပဋိဗြူဟနထိ |
| ၁၅။ | အတွဲ (၁၅) | ဖ မှ ဘောဝါဒီထိ |
| ၁၆။ | အတွဲ (၁၆) | မ မှ မိတပုဗ္ဗထိ |
| ၁၇။ | အတွဲ (၁၇) | ယ မှ ရောဟိတထိ |
| ၁၈။ | အတွဲ (၁၈) | လ မှ ဝဠုဂါရတထိ |

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ (ရန်ကုန်/မန္တလေး)

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)၌ ပရိယတ္တိစာပေ ပညာသင်ကြားရေးအတွက် ပညာရေးမူလေးရပ်ကို ချမှတ်ပြဋ္ဌာန်းခဲ့သည်-

(က) ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေခြင်း
(ခ) ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း
(ဂ) ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း
(ဃ) မြန်မာစာပေ အရေးအသားတော်စေခြင်းတို့ ဖြစ်သည်။

၂၆-၆-၈၆ နေ့တွင် ဖွင့်လှစ်ခဲ့သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နှင့် ၂၁-၈-၈၆ နေ့တွင် ဖွင့်လှစ်ခဲ့သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တို့တွင် တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ သင်ကြားစီမံဆရာတော်များမှာ ရန်ကုန်တွင် (၆၈)ပါး၊ မန္တလေးတွင် (၅၆)ပါးရှိသည်။

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များတွင် သာသနတက္ကသိလ ဓမ္မာစရိယတန်း (၄)နှစ် အောင်မြင်ပြီး၍ နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုတာဝန် (၂)နှစ် ထမ်းဆောင်ပြီးသော ရဟန်းတော်များကို သာသနတက္ကသိလဓမ္မာစရိယဘွဲ့ကိုလည်းကောင်း၊ သာသနတက္ကသိလ မဟာဓမ္မာစရိယတန်း အောင်မြင်ပြီး၍ မဟာဓမ္မာစရိယဘွဲ့ယူကျမ်းစာ (၃)နှစ် ပြုစုပြီးသော ရဟန်းတော်များကို သာသနတက္ကသိလမဟာဓမ္မာစရိယဘွဲ့ကိုလည်းကောင်း ဆက်ကပ်သည်။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/ မန္တလေး) တို့တွင် သာသနတက္ကသိလဘွဲ့ရရှိပြီးသော ရဟန်းတော်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| (က) | သာသနတက္ကသိလ မဟာဓမ္မာစရိယဘွဲ့ (ရန်ကုန်) | ၁၀၂ ပါး |
| | သာသနတက္ကသိလ မဟာဓမ္မာစရိယဘွဲ့ (မန္တလေး) | ၈၀ ပါး |
| (ခ) | သာသနတက္ကသိလ ဓမ္မာစရိယဘွဲ့ (ရန်ကုန်) | ၅၁၄ ပါး |
| | သာသနတက္ကသိလ ဓမ္မာစရိယဘွဲ့ (မန္တလေး) | ၃၆၉ ပါး |

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅)နှစ်မြောက် ငွေရတုသဘင် အခမ်းအနားကျင်းပခြင်း

ပထမအကြိမ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို (၁၉၈၀)ပြည့်နှစ်၊ မေလ (၂၄)ရက်မှ (၂၇)ရက်နေ့အထိ၊

## ၄၇ ပါးစုံညီအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်



ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ၌ အောင်မြင်စွာကျင်းပခဲ့ရာ ပြည်နယ်/တိုင်း အလိုက် အခြေခံဒေသအသီးသီးမှ ရွေးချယ်တင်မြှောက် ပေးတော်မူကြသည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၂၆)ပါးတို့ တက်ရောက်တော်မူကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ကို အညီအညွတ်ဖွဲ့စည်းနိုင်ခဲ့ကြသည်။ ထို့ကြောင့်ပင် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးတွင် အမြင့်ဆုံး တာဝန်ကို ဆောင်ရွက်တော်မူကြသည့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကြီးသည်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ၏ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာစသည့် သာသနာ့တာဝန်များကို တစိုက်မတ်မတ်ဆောင်ရွက် တော်မူခဲ့ကြရာ၊ သက်တမ်း (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ပူဇော်ပွဲ အခမ်းအနား ကို ၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း (၄)ရက်၊ (၉-၇-၂၀၀၅) စနေနေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ ကျင်းပခဲ့သည်။

မင်္ဂလာအခမ်းအနားသို့ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ အစည်းကြီးတွင် မူလသံဃာ့ဝန်ဆောင် (၆၆)ပါး၌ ပါဝင်ပြီးသက်ရှိထင်ရှားရှိသော ဆရာတော်ကြီး (၈)ပါး လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီး (၄၇)ပါး၊ နိုင်ငံတော်သံဃ

မဟာနာယကတာဝန်ထမ်းဆောင်ခဲ့ဖူးသော သက်ရှိထင်ရှားရှိသည့် ဆရာတော်ကြီး (၂၃)ပါး၊ သီးခြားဂိုဏ်းအကြီးအကဲဆရာတော် (၈)ပါးအပါအဝင် စုစုပေါင်း ဆရာတော် (၁၀၈)ပါး ကြွရောက်တော်မူကြသည်။

ငွေရတုသဘင်အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ မကွေးဆရာတော်ဘုရားကြီးက ဩဝါဒကထာချီးမြှင့်မိန့်ကြားတော်မူသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ (၂၅)နှစ်တာကာလ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်နိုင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကောင်း သမ္မောဒနီယကထာကို သီးခြားဂိုဏ်းအကြီးအကဲများကိုယ်စား ရွှေကျင်ဂိုဏ်းအကြီးအကဲ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဝါဆိုကျောင်းဆရာတော်ဘုရားကြီးက ချီးမြှင့်မိန့်ကြားတော်မူသည်။

နိုင်ငံတော်သာသနာ့တက္ကသိုလ်ကြီးများ အဆင့်မြင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

သာသနာရေးဝန်ကြီးဌာနက ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ထားသော နိုင်ငံတော်သာသနာ့ တက္ကသိုလ်ကြီးများ အဆင့်မြင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ စွယ်တော်မြတ်စေတီ (ရန်ကုန်)အနီးရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်မှ (၈)ရက်အထိ ကျင်းပခဲ့သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဆိုင်ရာ အောက်ဖော်ပြပါစာတမ်း (၃)စောင်ကို ဖတ်ကြားဆွေးနွေးကြသည်-

| | | |
|---|---|---|
| ၁။ | Tin Hlaing<br>Academic<br>Advisor ITBMU | Thoughts of<br>Teaching English |
| ၂။ | အရှင်ပညာနန္ဒ<br>န-ပ-သ (ရန်ကုန်) | စာကြည့်တိုက်မြှင့်တင်ရေး |
| ၃။ | အရှင်သာဂရဉာဏာဘိဝံသ<br>ပိဋကတ်ဆိုင်ရာမြန်မာ<br>စာပေဌာန<br>န-ပ-သ (ရန်ကုန်) | နိုင်ငံတော်ပရိယတ္တိ<br>သာသနာ့တက္ကသိုလ်ကြီး<br>များ အဆင့်မြှင့်ရေး |

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပခြင်း

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့် (၂၄-၃-၂၀၀၅) ကြာသပတေးနေ့ နေ့လယ် (၁၂)နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြကာ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်အစုစုတို့ကို လောင်းလှူကြသည်။

မခင်နွဲ့ဟန်ကြည်

**မလေးရှားနိုင်ငံ။** ။ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီသည် ၂၀၀၅ ခုနှစ်တွင် စိန်ခေါ်မှုများ နှင့် အခွင့်အလမ်းများကို ရင်ဆိုင်ကြရေးပြင်ဆင်ထား ကြရန် မလေးရှားပြည်သူများအား တိုက်တွန်းပြောကြား လိုက်သည်။ ထို့နောက် မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးကို အကောင်းဆုံးဖြစ်အောင် ဖန်တီးလုပ်ဆောင်ခြင်းဖြင့် မည်သည့်စိန်ခေါ်မှုကိုမဆို ရင်ဆိုင်ကြရန် ပြင်ဆင်ထား ကြရမည်ဖြစ်ကြောင်း မိမိတို့၏ စီးပွားရေးကို လျော့ပါး စေနိုင်သော ဆောင်ရွက်မှုများ လျှော့ချသွားမည်ဖြစ် ကြောင်း အဗ္ဗဒူက ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ၂၀၀၅ ခုနှစ် နှစ်သစ်မိန့်ခွန်းတွင် ပြောကြားသည်။

မလေးရှားနှင့် စင်ကာပူနိုင်ငံတို့သည် အချိန်ကြာမြင့် စွာ အငြင်းပွားမှုများကို ဖြေရှင်းရန် ၂၀၀၅ ခုနှစ်၊ မတ်လ ၁ ရက်တွင် ထိပ်သီးဆွေးနွေးပွဲများ ပြန်လည်စတင်မည် ဖြစ်ကြောင်း မလေးရှားတာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၈ ရက်နေ့၌ ပြောကြားသည်။ စင်ကာပူဝါရင့်ဝန်ကြီး ဂိုချောက်တောင်နှင့် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာတို့သည် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလလယ်က တွေ့ဆုံခဲ့ကြ သည်။ ယင်း တွေ့ဆုံမှုကို ဆန်းစစ်သော် ဆက်ဆံရေး တိုးတက်ရန် ပထမဆုံးသော အဆင့်မြင့်တွေ့ဆုံမှုဖြစ် သည်။

ဆွေးနွေးမှုအသစ်ကို မတ်လ ၁ ရက်တွင် ပူထရာ ဂျာယား၌ ပြုလုပ်ရန်အတည်ပြုထားကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထောက်များအား ပြောကြားသည်။

မလေးရှားနိုင်ငံသည် စီးပွားရေးသုတခေတ်သို့ ဝင်ရောက်လာပြီဖြစ်သည်။ အောင်မြင်မှု၏ အဓိက သော့ချက်သည် ကျွမ်းကျင်မှုပင်ဖြစ်ကြောင်း ဒုတိယ ဝန်ကြီးချုပ်က ပြောကြားသည်။ ယနေ့ခေတ်လူငယ်တို့ သည် သက်ဆိုင်ရာနယ်ပယ်များ၌ တတ်သိကျွမ်းကျင် ထားရန်လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြား သည်။ ယင်းတို့သည် ရုပ်ပိုင်းဆိုင်ရာတောင့်တင်းကြံ့ခိုင် ပြီး စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် မိမိ



**မလေးရှားနိုင်ငံ A 'Famosa သဲတောင်ကုန်း ပျော်ပွဲရွှင်ပွဲ၌ မလေးရှားဝန်ကြီးချုပ်တို့၏ မျက်နှာပုံတူများကိုစ သဲဖြင့် ပန်းပုထု ဂုဏ်ပြုထားပုံ**

ကိုယ်ကိုယုံကြည်မှုရှိကြရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံသည် ဆူမာတြားရေလက်ကြား တွင် ကင်းလှည့်ရာ၌ ကူညီရေးအတွက် နိုင်ငံခြားစစ်ဘက်ဆိုင်ရာတပ်ဖွဲ့များကို မည်သည့်အခါမျှ ချခွင့်ပြုမည် မဟုတ်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီက ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်နေ့တွင်ပြောကြားလိုက်သည်။ မလေးရှားနိုင်ငံသည် နိုင်ငံလည်းဖြစ်သူ ဘာဒါဝီ၏ပြောကြားချက်ကို ဘာနားမား သတင်းဌာနက ကိုးကားဖော်ပြထားကြောင်း သိရသည်။ မလေးရှားရေလက်ကြားတွင် ယခုအခါ မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူပင်လယ်နားနီးနိုင်ငံများက ပူးပေါင်းကာကင်းလှည့်လျက်ရှိနေကြသည်။

**စီးပွားရေး-** ဂျပန်နှင့် မလေးရှားနိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (အက်ဖ်တီအေ)ဆိုင်ရာ အခြေခံသဘောတူညီချက်တစ်ရပ်ကို ၂၀၀၅ ခုနှစ်၊ မေ ၂၅ ရက်က ရရှိခဲ့ရာ ထိုနှစ်ဒီဇင်ဘာလ၌ လက်မှတ်ရေးထိုးရေးအတွက် လမ်းပွင့်သွားသည်။ အဆိုပါ သဘောတူညီချက်အရ မလေးရှားနိုင်ငံက ကားပစ္စည်းအစိတ်အပိုင်းများ၊ မော်တော်ယာဉ်နှင့် သံမဏိထုတ်ကုန်ပစ္စည်းများအပေါ် တွင် အခွန်ပယ်ဖျက်မည်ဖြစ်ပြီး ဂျပန်နိုင်ငံက မလေးရှား စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထုတ်လုပ်အချို့အပေါ် အခွန် ပယ်ဖျက်ရန်နှင့် နယ်ပယ်အမျိုးမျိုးတွင် မလေးရှားလူမျိုးများအား လေ့ကျင့်သင်ကြားပေးရန် ကတိပြုခဲ့ကြောင်း သိရသည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အများသုံးတယ်လီဖုန်း စက်ခလုတ်ခုံများ

မည်မျှသေးငယ်ခြင်းသည် အကြောင်းမဟုတ်သော်လည်း နိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၏ အခြေခံသဘောတရားကို ခိုင်မြဲစွာယုံကြည်ကြောင်း အာဏာရယူနိုက်တက်မလေးအမျိုးသားအဖွဲ့ (ယူအမ်အင်အို)၏ (၅၆)ကြိမ်မြောက် အထွေထွေညီလာခံတွင် အမိကထားကာ ထည့်သွင်းပြောကြားသွားသည်။

မိမိတို့၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားတပ်ဖွဲ့များ ရှိနေခြင်းသည် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မလေးစား၊ မရိုသေခြင်းအဖြစ် စဉ်းစားရမည့် ကျူးကျော်ဝင်ရောက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း ယူအမ်အင်အိုဥက္ကဋ္ဌ

ဂျပန်နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ရိုအိချိနာကာဂါဝါနှင့် မလေးရှားစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ရာဖီဒါ အဇစ်တို့ ကွာလာလမ်ပူ၌အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်၊ မေ ၂၅ ရက်၌ ထိုကဲ့သို့ နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်သည်။

**ကျန်းမာရေး-** မလေးရှားနိုင်ငံ၏ နဝမစီမံကိန်း ၂၀၀၆-၂၀၁၀ အရ ပြည်နယ်အသီးသီးတွင် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးဌာနတစ်ခုစီ တည်ထောင်သွားမည်ဟုဘာနာမာ သတင်းဌာနက ၂၀၀၅ ခုနှစ်၊ ဇွန် ၁၁ ရက်နေ့၌ ဖော်ပြထားကြောင်းသိရသည်။ ကွာလာလမ်ပူ တောင်ဘက်ကီလိုမီတာ ၉၀ ခန့်ရှိ ပို့တ်ဒစ်ဆွန်မြို့တွင် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံစည်းရုံး လှုံ့ဆော်မှုစတင်သည့် အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ယင်းစီမံကိန်းကို ကြေညာခဲ့သည်။

ယင်းကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုဌာနများသည် ပြည်သူများ၏အသိပညာနှင့် ကျန်းမာရေးအရ ညီညွတ်မျှတစွာစားသုံးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အတွေးအခေါ်ရှိခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို ထိန်းချုပ်ခြင်းဆို သောနယ်ပယ်လေးခုတွင် ကျွမ်းကျင်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း ဘာဒါဝီက ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

မလေးရှားနိုင်ငံတွင် ပိုလီယိုရောဂါကင်းစင်ကြောင်း ၎င်းနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးချုပ်ရာဆိုလစ်ခ်က ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၃ ရက်နေ့၌ ပြောကြားကြောင်းသိရသည်။ မလေးရှားတစ်နိုင်ငံလုံးတွင် ပိုလီယိုရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပါဟန်ပြည်နယ်ရှိ ဂျာရန်ကူမြို့ဆေးရုံတစ်ရုံသို့ရောက်စဉ် ကျန်းမာရေး ဝန်ကြီးချုပ်ရာဆိုလစ်ခ်က အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

ထူးခြားသော ကျန်းမာရေးထောက်ပံ့ကူညီမှုမှာ မလေးရှားနိုင်ငံသားကိုယ်အင်္ဂါစုံလှူဒါန်းသူတစ်ဦးသည် ခြောက်နှစ်အရွယ်ယောက်ျားလေးတစ်ဦးအပါအဝင် လူငါးဦးအတွက် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှူဒါန်းကြောင်း ဒေသဆိုင်ရာမီဒီယာက ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်နေ့၌ ဖော်ပြသည်။

ထိုသို့ ကိုယ်အင်္ဂါအစိတ်အပိုင်းများ လှူဒါန်းမှုကို လက်ခံရရှိကြသည့် လူငါးဦးသည် မလေးရှားနိုင်ငံရှိ ဆေးရုံကြီး ၃ ခုတွင် တစ်ပြိုင်တည်း ခွဲစိတ်မှုများ ပြုလုပ်



**ထိုင်း မွတ်ဆလင်စစ်သွေးကြွငါးဦးကို ဖမ်းမိခဲ့သည့် မလေးရှားဘူတာရုံကြီး**

ကာ ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးလဲပေးလိုက်ချိန်တွင် အမြင့်မြတ်ဆုံးဘ၀လက်ဆောင်ကို ရရှိလိုက်ခြင်းဖြစ်ကြောင်း အမျိုးသားနှလုံးဌာနက ပြောကြားသည်။

လှူဒါန်းသူမှာ အသက် (၂၁)နှစ်ရှိ ကွာလာလမ်ပူမြို့မှ အမျိုးသားတစ်ဦးဖြစ်သည်။ ၎င်းသည် နှလုံး၊ အဆုတ်၊ အသည်းနှင့် ကျောက်ကပ်များကို လှူဒါန်းခဲ့




**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ**
**ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု**

ခြင်းဖြစ်သည်။ ၎င်းသည် ဦးခေါင်းတွင် ဒဏ်ရာရရှိရာမှ ဦးနှောက်သေဆုံးခဲ့ခြင်းကြောင့် အဆိုပါကိုယ်အင်္ဂါများကို လူငါးဦးအား ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကုန်ထုတ်စွမ်းအား-** မလေးရှားနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍများမှ ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုပမာဏသည် တိုးတက်ခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုအနေဖြင့် ၂၀၀၅ ခုနှစ်၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၄ ဘီလီယံရှိပြီး ၁၄ ဒသမ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု မလေးရှားနိုင်ငံ စာရင်းအင်းဌာနက ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၌ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုတိုးတက်ခြင်းကို မလေးရှားနိုင်ငံရှိ စက်မှုထုတ်ကုန်လုပ်ငန်း ၄၇ ခုမှ ကွင်းဆင်းလေ့လာပြုစုခဲ့သည်။ မှတ်တမ်းအရ သိရှိရခြင်းဖြစ်သည်။ မလေးရှားနိုင်ငံ၏ အဓိကစက်မှုထုတ်ကုန်လုပ်ငန်းငါးခုဖြစ်သည့် သံနှင့် သံမဏိလုပ်ငန်း၊ ရေနံလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်းနှင့် အီလက်ထရောနစ်ဆိုင်ရာ ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ထုတ်ကုန်များကို သိသိသာသာတိုးမြင့်ရောင်းချခဲ့ရသည်။

မလေးရှားနိုင်ငံ၏ စားအုန်းဆီစုစုပေါင်းတန် ၁ ဒသမ ၃ သန်းအတွက် ဥရောပတွင် ဈေးကွက်သစ်ရှာဖွေသွားမည်ဟု သိရသည်။ ဖြစ်နိုင်စရာအလားအလာရှိသော ဈေးကွက်များမှာ ပိုလန်၊ ချက်သမ္မတနိုင်ငံနှင့် ရိုမေးနီးယားတို့ဖြစ်ကြောင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် လူသုံးပစ္စည်းဝန်ကြီးဌာနဝန်ကြီး ဒါတွတ်ပီတာချင်ဖာကူက ပြောကြားသည်။

လက်ရှိအခြေအနေ၌ မလေးရှားနိုင်ငံ၏ စားအုန်းဆီကို အကြီးအကျယ်တင်ပို့ရောင်းချရသော နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဥရောပသမဂ္ဂနှင့် အနောက်အာရှတို့ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားသည်။ ထို့ပြင် မလေးရှားအစိုးရသည် နိုင်ငံတွင်း၌ စက်မှုလုပ်ငန်းလောင်စာဆီအဖြစ် အသုံးပြုရန်အတွက် စားအုန်းဆီများကို ဇီဝဒီဇယ်ဆီအဖြစ် ပြောင်းလဲပစ်ရန်လည်း စဉ်းစားလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မလေးရှားနိုင်ငံ၏ ပရိုတွန်ကားထုတ်လုပ်မှုကို ဆက်လက်အထောက်အကူပေးသွားမည်ဖြစ်ပြီး ကားတင်ပို့ရောင်းချသော ဈေးကွက်သို့ အရည်အသွေးမြင့်မားသောကားများကို ထုတ်လုပ်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့၌ ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံ၏ ဖောက်စ်ဝက်ဂွန် (ဗွီဒဗလျူ) ကားကုမ္ပဏီကြီးသည် ၂၀၀၅ ခုနှစ်ကုန်၌ မလေးရှားနိုင်ငံတွင် ဖောက်စ်ဝက်ဂွန်ကားများကို စတင်တပ်ဆင်ထုတ်လုပ်တော့မည်ဖြစ်သည်ဟု ယင်းကုမ္ပဏီက ၂၀၀၅ ခုနှစ် မတ်လ ၁၁ ရက်၌ ပြောကြားသည်။ ပထမဆုံးကားပုံစံကို ဗွီဒဗလျူ၏ မလေးရှားလုပ်ဖော်ကိုင်ဖက်ကုမ္ပဏီဖြစ်သည့် ပရိုတွန်နှင့် ပူးပေါင်းတပ်ဆင်ထုတ်လုပ်မည်ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လကားအရောင်းမှာ စီးရေ ၅၀၅၅၈ စီးဖြစ်ပြီး ၂၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း မလေးရှားကားထုတ်လုပ်ရောင်းချရေးအသင်း (အမ်အေအေ)က ဧပြီလ ၁၉ ရက်နေ့တွင် ပြောကြားသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်း- ဂျပန်နှင့် မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်ကိစ္စကို ဆွေးနွေးရန်အတွက် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့ကစတင်ပြီး မလေးရှားနိုင်ငံ တွင် ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း ဂျပန်အရာရှိများက ဇန်နဝါရီ ၁၅ ရက်နေ့၌ ပြောကြားကြောင်းသိရသည်။ နှစ်နိုင်ငံသည် စိုက်ပျိုးရေးနှင့် ရေထွက်ကုန်များနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့်လ၌ သဘောတူခဲ့ကြပြီး လာမည့် ဆွေးနွေးပွဲ သည် မော်တော်ကားသွင်းကုန်များအပေါ် မလေးရှားနိုင်ငံ၏ အခွန်ကောက်ခံမှုကိစ္စရပ်များကို အဓိက ဆွေးနွေးမည်ဖြစ်သည်။

ပြီးခဲ့သည့်လ၌ မလေးရှားအစိုးရသည် မော်တော်ကားများနှင့် ကားအစိတ်အပိုင်းပစ္စည်းသွင်းကုန်များ အပေါ် ' ၁ခုနှစ်ဇန်နဝါရီလမှစ၍ အခွန်နိမ့်ချကောက်ယူမည့် မူ ါဒသစ်ကြေညာခဲ့ပြီး လူသုံးကုန်ပစ္စည်းအခွန်နှုန်းများကို တိုးမြှင့်ခဲ့သည်။

မလေးရှားအမျိုးသားကုမ္ပဏီနှင့် တောင်ကိုရီးယားကော်ပိုရေးရှင်းတစ်ခုသည် ရင်းဂစ်သန်း ၁၅၀ ရင်းနှီးမြှုပ်နှံကြကာ မလေးရှားနိုင်ငံ၏ ပထမဆုံး မယ်လမင်းစက်ရုံတစ်ရုံကို ဖက်စပ်ထူထောင်သွားကြမည်ဖြစ်ကြောင်း မလေးရှားအမျိုးသားကုမ္ပဏီက ပြောကြားသည်။

မယ်လမင်းသည် ယူရီးယားမှ ထုတ်လုပ်ထား သော အော်ဂင်းနစ်ဓာတုဗေဒထုတ်ကုန်တစ်ခုဖြစ်ပြီး သုတ်ဆေးကော်၊ ရေခဲပျဉ်ချပ်နှင့် အထပ်သားကဲ့သို့သော ထုတ်ကုန်များအတွက် အဓိကအားဖြင့် အသုံးပြု သည်။

အာဆီယံနှင့် မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုကို ခြုံငုံကြည့်ရာတွင် ၂၀၀၁ ခုနှစ်က ၂၂ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၀၂ ခုနှစ်က ၂၄ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်က ၂၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း မလေးရှားကုန်သွယ်ရေးနှင့် စက်မှုဒုတိယဝန်ကြီး အာမက်ဟုစ်နီဟာနာဒက်က ကွာလာလမ်ပူ၌ ပြုလုပ်သည့် အက်ဖ်တာအစည်းအဝေးတွင် ပြောကြားသည်။ အာဆီယံသည် လူဦးရေ သန်း ၅၃၀ ကျော် ပေါင်းစပ်မှုနှင့်အတူ ၂၀၀၃ ခုနှစ်က ဂျီဒီပီပမာဏအမေရိကန်ဒေါ်လာ ၆၈၅ ဒသမ ၉ ဘီလီယံရှိကြောင်း မလေးရှားထုတ်ကုန်ဈေးကွက်များ အနာဂတ်တွင် ကျယ်ပြန့်လာနိုင်ကြောင်း အာမက်ဟုစ်နီက ပြောကြားသည်။ ၂၀၀၄ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈၉ ဘီလီယံရှိကြောင်း မလေးရှားနိုင်ငံ၏ ကမ္ဘာတစ်ဝန်းကုန်သွယ်ရေး၏ ၂၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

တည်ဆောက်ရေး- ရေမလုံလောက်သည့်ပြဿနာ လျော့နည်းသက်သာစေရန် ရည်ရွယ်သည့် မလေးရှားအစိုးရ၏ ရေရရှိရေးစီမံကိန်းကို ငွေကြေးကူညီပံ့ပိုးရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အတွက် ဂျပန်ဘဏ်က ထုတ်ချေးသည့် ယန်း ၈၂ ဘီလီယံ (ဒေါ်လာ ၇၅၇ သန်း)ကို မလေးရှားအစိုးရက လက်ခံရရှိခဲ့သည်။ မလေးရှားနိုင်ငံသည် ပါဟန်မှနေ၍ မလေးရှားနိုင်ငံအလယ်ပိုင်း စီလွန်ဂေါ်ပြည်နယ်သို့ ရေပို့လွှတ်ပေးရန်အတွက် ၄၅ ကီလိုမီတာ ရေလွှဲဥမင်

လိုဏ်ခေါင်းနှင့် ရေကာတာတစ်ခုတည်ဆောက်ရန် ငွေကြေးပံ့ပိုးမှု လိုအပ်ခဲ့သည်။ ရေပေးစက်ရုံများနှင့် ရေကာတာများတည်ဆောက်ရန်၊ ရေစိမ်းသောပိုက်များကို အစားထိုးလဲလှယ်ရန်အတွက် နှစ် ၅၀ အတွင်း ရင်းဂစ်ငွေ ၇၇ ဘီလီယံသုံးစွဲခဲ့ကြောင်း မလေးရှားအစိုးရက လွန်ခဲ့သည့် ၂၀၀၄ ခုနှစ် မတ်လ၌ ပြောကြားခဲ့ကြောင်းသိရသည်။

မလေးရှားနိုင်ငံတွင် ယခု ၂၀၀၅ ခုနှစ် ပထမသုံးလပတ်တွင် အီလက်ထရွန်းနစ်ကဏ္ဍ၌ စီမံကိန်း ၂၇ ခုကို မလေးရှားအစိုးရက ခွင့်ပြုခဲ့ရာ ၎င်းစီမံကိန်းများ၏ ရင်းနှီးမှုငွေကြေးသည် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၇၇ သန်းရှိကြောင်း မလေးရှားအစိုးရအဖွဲ့က ၂၀၀၅ ခုနှစ်၊ မေ ၂၄ ရက်တွင် ပြောကြားသည်။

**အာကာသစွမ်းရည်-** မလေးရှားနိုင်ငံသည် အမျိုးသားအာကာသအစီအစဉ်အောင်မြင်မှုကို ဖော်ထုတ်ပြသရန် ၂၀၂၀ ပြည့်နှစ်၌ လကမ္ဘာသို့ အာကာသယာဉ်မှူးတစ်ဦး စေလွှတ်ဖွယ်ရှိကြောင်း မလေးရှားသိပ္ပံနှင့် နည်းပညာဝန်ကြီးဂျမာလူဒင်ဂျာဂျစ်က ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၌ ပြောကြားသည်။ မိမိတို့သည် နိုင်ငံတကာအာကာသစခန်းသို့ ၎င်းတို့၏ ပထမဆုံးသော အာကာသယာဉ်မှူးတစ်ဦးစေလွှတ်နိုင်မှုကို ကမ္ဘာသို့ ပြသရမည်ဖြစ်ကြောင်း မိမိတို့၏ လုပ်နိုင်မှုစွမ်းရည်ကို ပြသရမည်ဖြစ်ကြောင်း ဂျမာလူဒင်၏ ပြောကြားချက်ကို ဘားနားမားသတင်းဌာနက ကိုးကားဖော်ပြထားသည်ကို သိရသည်။

**ဇီဝလောင်စာဆီ-** မလေးရှားနိုင်ငံပိုင် ဒီဇယ်ဆီစွမ်းအင်သုံးသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များဖြစ်သော စစ်ဘက်ဆိုင်ရာ ထရပ်ကားများနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသော မော်တော်ယာဉ်များ အား ဇီဝလောင်စာဆီစတင်အသုံးပြုရန်အတွက် အခြေခံကျသော စမ်းသပ်မှုတစ်ရပ်ကိုပြုလုပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းနိုင်ငံထုတ်သတင်းစာများတွင် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်နေ့၌ ဖော်ပြသည်။

ဇီဝလောင်စာဆီများကို ကာကွယ်ရေးဝန်ကြီး ဌာန၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၏ မော်တော်ယာဉ်များတွင် စတင်သုံးစွဲသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံထုတ် နယူးဆန်းဒေးတိုင်းမ်သတင်းစာက ဖော်ပြ



မလေးရှားနိုင်ငံသို့ ရောက်ရှိလာသည့် တရားမဝင်နိုင်ငံခြားသား
အလုပ်သမားများကို ဖမ်းဆီးစဉ်



**မလေးရှားနိုင်ငံဝန်ကြီးချုပ်**
**ဒါတွတ်စရီအဗ္ဗဒူလာအာမက်ဘာဒါဝီ**

သည်။

**မူးယစ်ဆေးဝါးအန္တရာယ်**-အစိုးရက မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ပြဿနာဖြေရှင်းရေးတွင် အစိုးရအား ပိုမိုအကူအညီပေးကြရန်နှင့် မူးယစ်ဆေးဝါး မသုံးစွဲဘဲ အဓိပ္ပာယ်ပြည့်ဝသည့် ဘဝနှင့် ပျော်ရွှင်မှုကို ရယူရန် နိုင်ငံအတွင်းရှိ လူငယ်များအား တိုက်တွန်းမှုအဖြစ် ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့က အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်လိုက်သည်။

မူးယစ်ဆေးဝါးပြဿနာအဖြေရှာရာတွင် အာဏာပိုင်များနှင့်ဆောင်ရွက်ကြရန် လူငယ်များကို လူငယ်နှင့်အားကစားဝန်ကြီး အဇာလီနာအော့သ်မင်းကပြောကြားသည်။ အစီအစဉ်၏အာဘော်မှာ "သင်သည်ပျော်ရွှင်မှုသို့မဟုတ် ဒုက္ခကိုရွေးချယ်နိုင်သည်"ဟူသည့် အစီအစဉ်တစ်ရပ်တွင် လူငယ်အားလုံး အထူးသဖြင့်အဆင့်မြင့်ပညာသင်ကြားနေသည့် ကျောင်းများမှ ဘွဲ့မရသေးသူလူငယ်များ ပါဝင်မည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၂၅ သန်းကျော်အနက် လူ ၃ သိန်းခန့်သည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်ပြီး ၎င်းတို့အနက် သုံးပုံနှစ်ပုံနီးပါးမှာ လူငယ်များဖြစ်ကြောင်း ဒေသရုပ်မြင်သံကြားသတင်းများအရ သိရှိရပါသည်။

**သိန်းဝင်းဇော်**



**မိမိခင်၊ ဒေါ် (ခရစ် ၁၉၄၆-၂၀၀၅)။** ။ဒေါ်မိမိခင်ကို အဘဦးနု၊ အမိဒေါ်ခင်သန်းတို့က မန္တလေးမြို့၌ မွေးဖွားသည်။ ငယ်စဉ်က ကမာရွတ်မြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ယူသည်။

ဒေါ်မိမိခင်သည် ငယ်စဉ်ကပင် အားကစားထူးချွန်သူ အမျိုးသမီးတစ်ဦးဖြစ်သည်။ ဂေါက်သီးရိုက်ခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ရေကူးခြင်း၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ သေနတ်ပစ်၊ ပြေးခုန်ပစ်၊ ကျွမ်းဘားအားကစားများကို ကျွမ်းကျင်စွာ ကစားနိုင်သည်။ ကလေးဘဝအရွယ်ကတည်းက ကျောင်း၊ ရပ်ကွက်နှင့် မြို့နယ် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ထူးချွန်ဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းက နှစ်စဉ်ချီးမြှင့်သည့်သေနတ်ပစ်၊ ဂေါက်သီး၊ ပြေးခုန်ပစ်၊ ကျွမ်းဘားဘက်စုံစလွယ်နှင့် ဒိုင်းဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်က ချီးမြှင့်သော ဘက်စုံအားကစားထူးချွန်ဆု၊ အမျိုးသမီးတင်းနစ်ချန်ပီယံနှင့် အမျိုးသမီးဂေါက်သီးချန်ပီယံပထမဆုရများကိုလည်းကောင်း ရရှိသည်။

ဒေါ်မိမိခင်သည် ၁၉၉၃ ခုနှစ်မှ ကွယ်လွန်ချိန်အထိ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ထိုအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားကို နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲလျက် အောင်ပွဲဆင်နိုင်ရန် ကိုယ်ပိုင်ငွေဖြင့် အကုန်အကျခံဆောင်ရွက်မြှင့်တင်ပေးသည်။ ထို့ပြင် မြန်မာတို့၏ တိမ်မြုပ်နေသောရိုးရာအားကစားနည်းများဖြစ်သည့် ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ စွန်လွှတ်စသည့် အားကစားနည်းများကိုလည်း စည်းမျဉ်းစည်းကမ်းများ စနစ်တကျရေးဆွဲ၍ နိုင်ငံတကာပါဝင်နိုင်အောင် စုစည်းပျိုးထောင်ပေးသည်။

ဒေါ်မိမိခင်သည် ၁၉၉၅ ခုနှစ်တွင် သူမ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုကြောင့် ကမ္ဘာ့လက်ဝှေ့ကောင်စီ (WBC) က ချီးမြှင့်သည့် Proclamation of Honour ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည်။

**ဒေါ်မိမိခင်**



၁၉၉၇ ခုနှစ်တွင် (International Badminton Federation-IBF)က ချီးမြှင့်သည့် Meritorious Service Award ရရှိသည်။ ယင်းဆုကို မိမိနိုင်ငံကြက်တောင် အားကစားတိုးတက်ရေးတွင် အနည်းဆုံး ၁၅ နှစ် ချီးကျူးဖွယ်ရာလုပ်ရပ်များကို လုပ်ဆောင်သူဖြစ်ပြီး အသက် ၃၀ ထက်မငယ်သူဖြစ်ရန် သတ်မှတ်ထားသည်။ အာရှကြက်တောင်အဖွဲ့ချုပ် ASEAN Badminton Federation-ABFက ချီးမြှင့်သည့် Certificate of Honour ဂုဏ်ထူးဆောင်လက်မှတ်ကိုလည်း ရရှိသည်။

ဒေါ်မိမိခင်သည် အမျိုးဘာသာသာသနာကို ရိုသေကိုင်းရှိုင်းပြီး ဒါန၊ သဒ္ဓါ၊ ကုသိုလ်မပြတ်ပြုလျက် လူမှုရေးတွင်လည်း ထူးချွန်သည်။ ထို့ကြောင့် နိုင်ငံတော် က ချီးမြှင့်သည့် သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ လူမှုထူးချွန်ဆု (ပထမ အဆင့်)ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ကို ၂၀၀၅ ခုနှစ်တွင် လည်းကောင်း ရရှိသည်။

ဒေါ်မိမိခင်သည် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အမှုဆောင်ကော်မတီဝင်၊ ဒဂုံမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့၊ ဒဂုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့တွင် အမှုဆောင်အဖြစ် ဆောင်ရွက်သည်။ မိမိခင် (ရွှေဂုံသမီးတော်)ဟူသော ကလောင်အမည်ဖြင့် အားကစားဆောင်းပါးများ ရေးသားခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဖြစ်သည်။ ဒေါ်မိမိခင်၏ ဘဝအတ္ထုပ္ပတ္တိမိသားစုဘဝ ဦးစီးဆောင်ရွက်မှု၊ သာသနာရေးဆိုင်ရာ လှူဒါန်းမှုများနှင့် မြန်မာ့ရိုးရာ အားကစား တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာစာအုပ်များဖြစ်သည့် မောင်စိုးထိုက် (သုံးဆယ်)ရေးသားသည့် ‘ဘက်စုံထူးချွန်သူ ဒေါ်မိမိခင်’ စာအုပ်နှင့် အောင်ချိန်ဘွားရေးသားသည့် ဒေါ်မိမိခင် (သို့မဟုတ်) ‘မြန်မာ့အားကစားကမ္ဘာကို လွှမ်းအောင် စွမ်းဆောင်သူ’ စာအုပ်နှစ်အုပ်ထုတ်ဝေသည်။ ‘မြန်မာ့အားကစားကမ္ဘာကို လွှမ်းအောင်စွမ်းဆောင်သူ’စာအုပ်မှာ အမေ့ရွာစားပျိုးခင်း စာပေဆုရရှိသည်။

ဒေါ်မိမိခင်သည် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ခင်ပွန်းဖြစ်သူ ဆောက်လုပ်ရေးဝန်ကြီးဌာနအငြိမ်းစား ဒုတိယဝန်ကြီး ဦးခင်မောင်မောင်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ ဒေါ်မိမိခင်ကွယ်လွန်ချိန်တွင် သားသုံးယောက်၊ သမီးနှစ်ယောက် ကျန်ရစ်သည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၅)။** ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ်တွင်လည်း မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

၁၀ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးညီလာခံကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

၄၈ ကြိမ်မြောက် မူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့၌ မတ်လ ၇ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒုတိယအကြိမ် အာဆီယံနှင့် တရုတ်မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနိုင်ငံတကာညီလာခံအကြို အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိယ်မြို့၌ မေလ ၁၅

ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံများ၏ ၁၂ ကြိမ်မြောက် ခြောက် နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအဆင့်မြင့်အရာရှိများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိယိမြို့၌ မေလ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိယိမြို့၌ မေလ ၁၉ ရက်နေ့တွင် ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတက်ရောက်သည်။

Study Programme on Drug Abuse and Narcotic Control လေ့လာမှုအစီအစဉ်ကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ဇွန်လ ၁၂ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဆင့်မြင့် အရာရှိများ အစည်းအဝေးကို ပုဂံမြို့၌ ဇူလိုင်လ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့)အောက်ရှိ ထိန်းချုပ်ခံတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပ သည့် မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ခံတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတက်ရောက်အမှာစကားပြောကြားသည်။

GFATM (Global Fund Round III) နှင့် WHO အထောက်အပံ့ဖြင့် အမျိုးသားအဆင့် မူးယစ်ဆေးဝါးအစားထိုးကုသမှု အလုပ်ရုံဆွေးနွေးပွဲ (National Level Workshop on Drug Substitution) ကို ရန်ကုန် မြို့၊ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပသည်။

GFATM (Global Fund Round III) နှင့် WHO အထောက်အပံ့ဖြင့် Technical Training on Drug Substitution ကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဩဂုတ်လ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကျင်းပသည်။

ASEAN and China Cooperative Operations in Response to Dangerous Drug (ACCORD) Task Force I (Civic Awareness) အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသည်။

Training of Trainers on Methadone Substitution for Prescribers and Dispensers ကို ရန်ကုန်မြို့၊ အလုံလမ်းရှိ ဆမ်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသည်။

ACCORD Task Force III (Law Enforcement) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၊ ဒင်ပါဆာ၌ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပသည်။

၂၆ ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိများအစည်းအဝေး (Meeting of ASEAN Senior Officals on Drug Matter- ASOD) နှင့် အာဆီယံနှင့် တရုတ်နိုင်ငံ မူးယစ်ဆေးဝါး



**ဖမ်းမိမူးယစ်ဆေးဝါးများ ဖျက်ဆီးသည့်အခမ်းအနားသို့ စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးနေသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း)နှင့် တိုင်းရင်းသားအကြီးအကဲများ နိုင်ငံခြားသံတမန်များ**

ထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေး (ACCORD) လုပ်ငန်းအဖွဲ့များ ပူးတွဲအစည်းအဝေးကို စင်ကာပူ နိုင်ငံ၌ စက်တင်ဘာလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရာ မြန်မာအဆင့်မြင့်အရာရှိနှစ်ဦး တက်ရောက်သည်။

၂၀၀၆ ခုနှစ် အရှေ့အာရှဒေသခါတုပစ္စည်း ထိန်းချုပ်ရေးစီမံကိန်းအသစ်အဆိုပြုရေးဆွဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ မြို့၌ အောက်တိုဘာလ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ယူနန်ပြည်နယ် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့တို့၏ ထိန်းချုပ်ခါတုပစ္စည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကျင်းပသည်။

ဒုတိယအကြိမ် အာဆီယံနှင့် တရုတ်မူးယစ်ဆေးဝါး ထိန်းချုပ်ရေး နိုင်ငံတကာညီလာခံကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ပူးပေါင်း၍ မြန်မာ နိုင်ငံ၏ ၂၀၀၅ ခုနှစ် တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင် စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးက ရှင်းလင်းတင်ပြ သည့် အခမ်းအနားကို ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီ လမ်းရှိ ဆီဒိုးနားဟိုတယ်၌ နိုဝင်ဘာလ ၁ ရက်နေ့တွင်

ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တက်ရောက်အမှာစကားပြောကြားသည်။ ၂၀၀၅ ခုနှစ် မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၁၈ မြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၀ မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၂၁ မြို့နယ်နှင့် 'ဝ'ဒေသတွင် ၂၃ မြို့နယ် စုစုပေါင်း ၇၂ မြို့နယ်၌ ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဘိန်းစိုက်ပျိုးမှု ဧရိယာပျမ်းမျှ ၃၂,၈၀၀ ဟက်တာဖြစ်ပြီး ဘိန်းထုတ်လုပ်မှု ခန့်မှန်းချက်မှာ ၃၁၂ မက်ထရစ်တန်ဖြစ်သည်။ ၂၀၀၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဘိန်းစိုက်ပျိုးဧရိယာ ၂၆ ရာခိုင်နှုန်းနှင့် ဘိန်းထုတ်လုပ်မှု ၁၆ ရာခိုင်နှုန်း ကျဆင်းသည်။

အာရှ-ပစိဖိတ်ဒေသ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအကြီးအကဲများ ၂၉ ကြိမ်မြောက် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ACCORD Task Force IV အစားထိုး ဖွံ့ဖြိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအစည်းအဝေးကို ရန်ကုန်မြို့၌ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပပြီး အစည်းအဝေးနှင့် လေ့လာရေးခရီးစဉ် အဖြစ် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့နှင့် ချင်းရိုင်မြို့၌ ဒီဇင် ဘာလ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ တစ်ဆက်တည်း ကျင်းပသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဆင့်မြင့်အရာရှိများ စတုတ္ထအကြိမ်အစည်းအဝေးကို ပြင်ဦးလွင်မြို့၌ ဒီဇင်ဘာလ ၁၂ ရက်နေ့ တွင် ကျင်းပသည်။

၂၀၀၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး



ဖမ်းမိမူးယစ်ဆေးဝါးများအား ဖျက်ဆီးသည့်အခမ်းအနား၌ စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးနေသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် နိုင်ငံခြားသံရုံးတစ်ခုမှ သံတမန်တစ်ဦး

ကာကွယ်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ညီလာခံ သုံးခု၊ ဆွေးနွေးပွဲ ခြောက်ခု၊ သင်တန်း ခုနစ်ခု၊ အလုပ်ရုံဆွေးနွေးပွဲ ၁၀ ခု၊ အစည်းအဝေး ၁၈ ခုနှင့် လေ့လာရေး လေးခုတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှင့် သင်တန်းသား ၁၄၀ တက်ရောက်သည်။

## မူးယစ်ဆေးဝါးဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂ ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဃ)ပါ ဇယား ၄၊ အမှတ်စဉ် ၆၀ နောက်တွင် အောက်ဖော်ပြပါ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှစ်မျိုးကို အမှတ်စဉ် ၆၁ နှင့် ၆၂ အဖြစ် ဖြည့်စွက်သတ်မှတ်လိုက်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ဖြင့် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတကာမူပိုင်မဟုတ်သော အမည်များ- ဇိုပီဒမ် Zolpidem)၊ ကက်တမင်း (Ketamine)၊ အခြားမူပိုင်မဟုတ်သောအမည် သို့မဟုတ် Zolpidemum၊ မထင်ရှားသောအမည်များ Ketaminum၊ ဓာတုပစ္စည်းအမည် bis [N,N-dimethyl-2-[6methyl-2-(4-methylphenyl) imidago [1,2-] pyridin-3yl] ac-etamide၊ (RS)-2-(2-chlorophenyl)-2-(methylamino) cyclohexanone

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) (၂)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဂ)ပါ မြန်မာနိုင်ငံ၏ လိုအပ်ချက်အရထုတ်ပြန်သတ်မှတ်ခဲ့သည့် မူးယစ်ဆေးဝါးဇယား ၃ ကို အောက်ပါအတိုင်း အစားထိုးလိုက်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၅ ဖြင့် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

(၁) ဘိန်းစာပင် (Mitragyna Speciosa)

(၂) ထရာမဒေါလ် (Tramadol)

## ဘိန်းခင်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူ များ ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများဖြစ်လာမည့် ဘိန်းစိုက်ခင်းများအား ရှာဖွေဖော်ထုတ်ဖျက်ဆီးသည်။

၂၀၀၄-၂၀၀၅ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ဘိန်းခင်း ၃,၀၀၂ ဒသမ ၉၈ ဧက (၁,၂၀၅ ဒသမ ၂၉ ဟက်တာ)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ဘိန်းခင်း ၃,၀၂၆ ဒသမ ၀၄ ဧက (၁,၂၂၄ ဒသမ ၆၂ ဟက်တာ)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ဘိန်းခင်း ၃၀၃ ဒသမ ၇၈ ဧက (၁၂၆ ဒသမ ၉၉ ဟက်တာ)၊ ကချင်ပြည်နယ်၌ ဘိန်းခင်း ၃,၃၁၅ ဒသမ ၅၆ ဧက (၁,၃၄၁ ဒသမ ၇၉ ဟက်တာ)၊ ကယားပြည်နယ်၌ ဘိန်းခင်းဧက ၂၀ (၈ ဒသမ ၁ ဟက်တာ)၊ စစ်ကိုင်းတိုင်း၌ ဘိန်းခင်း ၁၅၄ ဒသမ ၉၅ ဧက (၆၂ ဒသမ ၇၁ ဟက်တာ) စုစုပေါင်းဘိန်းခင်း ၉,၈၂၃ ဒသမ ၃၁ ဧက (၃,၉၆၉ ဒသမ ၅၀ ဟက်တာ) ဖျက်ဆီးနိုင်သည်။

## ဘိန်းချက်စခန်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်စက်များ သိမ်းဆည်းရမိခြင်း

တပ်မတော်စစ်ကြောင်းများက ဦးစီး၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ နမ့်မော်ကျေးရွာအနီးရှိ

ဘိန်းချက်စခန်းတစ်ခုကို မေလ ၄ ရက်နေ့တွင်လည်းကောင်း၊ လားရှိုးမြို့နယ်၊ လွယ်ပန်ကော်တောင်အနီးရှိ ဘိန်းချက်စခန်းတစ်ခုကို စက်တင်ဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း၊ ကွတ်ခိုင်မြို့နယ်၊ ပန်ဖိတ်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုကို ဒီဇင်ဘာလ ၂ ရက်နေ့တွင်လည်းကောင်း၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းနိမ့်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းတစ်ခုကို ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်လည်းကောင်း ဝင်ရောက်ရှင်းလင်းရာအဆိုပါဘိန်းချက်စခန်းများမှ ဘိန်း ၂၀ ဒသမ ၆ ကီလို၊ ဘိန်းဖြူ ၃ ဒသမ ၄ ကီလို၊ ဘိန်းစစ်ဖတ် သုည ဒသမ ၅ ကီလို၊ အီသာ ၁,၇၂၉ ဒသမ ၇၅ လစ်တာ၊ လိုင်ဇော ၁၀၈ ဒသမ ၉၆ လစ်တာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၂၈ လစ်တာ၊ အရက်ပြန် ၈၇၅ လစ်တာ၊ အမိုးနီးယမ်းကလိုရိုက် ကီလို ၅၅၀၊ အမ် ၂၂ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်သုံးတောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ဖန်ပေါင်းအိုးလေးလုံး၊ သံပေါင်းအိုးသုံးလုံး၊ ကြွေကတော့ကြီး ၁၆ ခု၊ သံလေအိုး ၁၀ လုံး၊ ကားဂျိုက်ကြီး ငါးခု၊ ဟွန်ဒါမီးစက်သေး (ပျက်)တစ်လုံး၊ လေထိုးတံနှစ်ချောင်း၊ ချိန်ခွင်လေးခု၊ အပူတိုင်းကိရိယာ နှစ်ချောင်း၊ ရေနံဆီမီးဖို (ပျက်) ၁၁ လုံးနှင့် အခြားဆက်စပ်ပစ္စည်း ၂၃ မျိုး၊ တဲ ၁၅ လုံးတို့ကို တရားခံခြောက်ဦးနှင့်အတူ ဖမ်းဆီးရမိသည်။

တပ်မတော်စစ်ကြောင်းများက ဦးစီး၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ အောက်မိုင်းဟဲအုပ်စု၊ ပန်နယ်ကျေးရွာအနောက်ဘက်တစ်မိုင်ကျော်ခန့်ရှိ လျှိုမြောင်အတွင်း၌ မြေကြီးအတွင်းမြှုပ်ထား သည့် Bonny-42 စာတန်းရေးထားပြီး အပေါက် ၁၄၀ ပါ (၂×၁၁/၆×၂ ၁/၂)အရွယ် သံခုံတပ် စိတ်ကြွရူးသွပ်ဆေးပြားစက်တစ်လုံး၊ မော်တာတစ်လုံး၊ အက်ဖီဒရင်းအမှုန့် ၈၇ ဒသမ ၅ ကီလိုနှင့် ဆက်စပ်ပစ္စည်းများကို ဧပြီလ ၂၉ ရက်နေ့တွင်လည်းကောင်း၊ တာချီလိတ်မူးယစ်အထူးအဖွဲ့က ဦးစီး၍ တာချီလိတ်မြို့ မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ ရန်အားဟုန်၏ ခြံမြေကြီးအတွင်း မြှုပ်နှံထားသည့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်စက်တစ်လုံး၊ လက်နက်ခဲယမ်းများ၊ ဘိန်းမည်း ၂၃ ဒသမ ၅ ကီလို၊ ဆေးပြားအခြောက်ခံစက်တစ်လုံး၊ လိုင်ဇောမီလီလစ်တာ ၄၅၀ ဝင် ပုလင်း ၁,၉၀၀၊ အက်ဖီဒရင်းအမှုန့် ၁၈၂ ကီလိုနှင့် အခြားဆက်စပ်ပစ္စည်းများကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း ရှာဖွေသိမ်းဆည်းရမိသည်။

## တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့များက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ ၁,၁၈၃ မှုနှင့် ၈၁၁ ဒသမ ၆၉၂၆ ကီလို၊ ဘိန်း ၄၀၇ မှုနှင့် ၇၇၂ ဒသမ ၇၂၄၅ ကီလို၊ ဘိန်းညိုနှစ်မှုနှင့် ၄၃ ဒသမ ၇၇၂၁ ကီလို၊ ဘိန်းဆီအမှု ၉၀ နှင့် ၂၀ ဒသမ ၅၄၆၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃၉ မှုနှင့် ၁၂၇ ဒသမ ၇၃၇၁ ကီလို၊ ဆေးခြောက် ၁၈၅ မှုနှင့် ၁၂၆ ဒသမ ၃၈၇၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၆ မှုနှင့် ၃,၆၅၁,၅၄၉ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်ငါးမှုနှင့် ၁၉ ဒသမ ၀၉၂၁ ကီလို၊ အက်ဖီဒရင်းလေးမှုနှင့် ၃၂၅ ဒသမ ၀၉၆၅ ကီလို၊ ဘိန်းစာမှုန့် ၅၇ မှုနှင့် ၁၇၈ ဒသမ ၆၇၀၂ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်နှစ်မှုနှင့် ၉ ဒသမ၇၂၂ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) ခုနစ်မှုနှင့် ၂၈၀ ဒသမ ၃၂၂၃ ကီလို၊ အက်စ်တာစီ ဆေးပြား ခြောက်မှုနှင့် ၅,၈၀၇ ပြား၊ ဒိုင်ယာစီပင်ဆေးပြားရှစ်မှု နှင့် ၂၁၃,၇၇၄ ပြား၊ ဒိုင်ယာစီပင်ထိုးဆေး တစ်မှုနှင့် ၃,၀၉၃ ပုလင်း၊ ဖီနိုဘာဘီတယ်ဆေးပြား တစ်မှုနှင့် ၁,၁၇၀ ပြား၊ မော်ဖင်းထိုးဆေး သုံးမှုနှင့် ၁,၆၉၂ ပုလင်း၊ ကေဖင်း တစ်မှုနှင့် ၁၇ ဒသမ ၀၀၂၁ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် တစ်မှုနှင့် ၁,၆၃၈ လစ်တာ၊ ဓာတုဆေးရည် ၁၀ မှုနှင့် ၁၆,၂၂၁ ဒသမ ၄ လစ်တာ၊ ဓာတု

ဆေးမှုန့် တစ်မှုနှင့် ၈၁၂ ဒသမ ၂၇၉၆ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှုခံယူရန် ပျက်ကွက်၍ အရေးယူမှု အမှု ၁၂၀၊ အခြားမူးယစ်ဆေးဝါးအမှု ၁၂၀၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၃,၀၇၉ မှုနှင့် တရားခံ (ကျား) ၃,၈၈၈ ဦး၊ တရားခံ (မ) ၈၆၆ ဦး စုစုပေါင်းတရားခံ ၄,၇၅၄ ဦးဖြစ်သည်။

### မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ်ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီး ရမိမူးယစ်ဆေးဝါးများ ၁၉ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်းအတွင်း မီးရှို့ဆောင်၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအာနိသင်ပါသော ဖမ်းဆီးရမိချောင်းဆိုးပျောက်ဆေးရည်များကို ဖျက်ဆီးပေးကြပြီး မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည်။

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၉ ကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းဖြူ ၇၅၉ ဒသမ ၂၀၁ ကီလို၊ ဘိန်း ၆၂၅ ဒသမ ၀၂၉ ကီလို၊ ဘိန်းညို ၁ ဒသမ ၀၆ ကီလို၊ ဘိန်းဆီ ၁ ဒသမ ၉၀၃ ကီလို၊ ဘိန်းရည် ၅ ဒသမ ၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၄၁ ဒသမ ၅ ကီလို၊ ဆေးခြောက် ၁၃၉ ဒသမ ၉၉၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အပြား ၃,၀၂၉,၀၀၀၊ အက်ဖီဒရင်း ၉၃ ဒသမ ၃၁၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၁၄ ဒသမ ၇၆၃ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၁၄ ဒသမ ၉၉ လစ်တာ၊ ဘိန်းစာမှုန့် ၄၃ ဒသမ ၉၈၃ ကီလို၊ ဒိုင်ယာစီပင်ဆေးပြား ၃၁၀, ၂၈၅ ပြား၊ ဒိုင်ယာစီပင်ထိုးဆေး ၅၅ ပုလင်း၊ ဗြူပရီနော်ဖင်းထိုးဆေး ၄၇၄ ပုလင်း၊ မော်ဖင်းထိုးဆေး ၂၅ ပုလင်း၊ အက်စ်တာစီဆေးပြား အပြား ၂၈၀၊ ကေဖင်းသုညဒသမ ၇၈၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) ၁၇၉ ဒသမ ၆၄၆ ကီလို၊ အက်ဖီဒရင်းထိုးဆေး ငါးပုလင်း၊ အက်ဖီဒရင်းဆေးပြား ၃၆ ပြားနှင့် ပင်တာဇိုဆင်းဆေး ပြား ၂၅ ပြားတို့ကို ဖျက်ဆီးခြင်းဖြစ်သည်။

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ ပဋ္ဌမအကြိမ်ဖျက်ဆီးသည့် အခမ်းအနားကို လားရှိုးမြို့ ပြည်သူ့အားကစားကွင်း၌ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပရာ ဘိန်းမျိုးစေ့ ၃၉၉ ပြည် ခြောက်လုံး (၅၅၄ ဒသမ ၈၁ ကီလို)၊ ဘိန်းဖြူ ၃၃၄ ဒသမ ၅၃ ကီလို၊ ဘိန်းစိမ်း ၂၂၅ ဒသမ ၅၀ ကီလို၊ ဘိန်းညို ၅၇ ကီလို၊ ဘိန်းဆီခဲ ၆ ဒသမ ၉၈ ကီလို၊ ဘိန်းရည် ၄ ဒသမ ၁၉ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၆ ဒသမ ၃၅ ကီလို၊ အက်ဖီဒရင်း ၁၃၇ ကီလို၊ ဓာတုဗေဒဆေးရည် ၁၂,၂၈၂ ဒသမ ၀၄ လစ်တာ၊ ဓာတုဗေဒဆေးမှုန့် ၇,၁၆၃ ဒသမ ၃၀ ကီလိုနှင့် ဆက်စပ်ပစ္စည်းမျိုးစုံအပါအဝင် စုစုပေါင်း ၇၈ မျိုးကိုလည်းကောင်း ဘိန်းမျိုးစေ့များ ဖျက်ဆီးသည့် အခမ်းအနားကို တောင်ကြီးမြို့၌ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပရာ ဘိန်းမျိုးစေ့ ၁၂,၆၃၅ ပြည် (၂၀,၆၃၂ ဒသမ ၉၅၅ ကီလို) ကိုလည်းကောင်း အသီးသီးမီးရှို့ဖျက်ဆီးသည်။

စိုးအောင်

**မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။** ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၂၀၀၅ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့ သည့် ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါ အတိုင်း ဖော်ပြပါသည်။

## နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူဆီလိုဘမ်ဘန်းယူဒိုရိုနို၏ ဖိတ် ကြားချက်အရ အင်ဒိုနီး ရှားသမ္မတနိုင်ငံ ဂျကာတာမြို့ နှင့် ဘန်ဒေါင်းမြို့တွင် ဧပြီလ ၂၂ရက်နေ့မှ ၂၄ ရက် နေ့အထိ ကျင်းပသည့် ၂၀၀၅ ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ- အာဖရိက ကွန်ဖရင့်အထိမ်း အမှတ်ရွှေရတုအခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေသည် ဧပြီလ ၂၃ ရက်နေ့တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟူကျင်တောင်ကို အင်ဒို နီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ Hotel Mulia ရှိ Ball-room၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူဆီလိုဘမ်ဘန်းယူဒိုရိုနိုကို ဂျကာတာမြို့ Jakarta Convention Center ရှိ ဧည့်ခန်းမ၊ ကုလသမဂ္ဂ အထွေထွေအ တွင်းရေးမှူးချုပ် မစ္စတာကိုဖီအေ၊ အာနန်ကို Jakarta Convention Center ရှိ အခန်း အမှတ် ၄ ၌အသီးသီး တွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့် အဖွဲ့ဝင်များကို မတ်လ ၃၀ ရက်နေ့၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ H. E. Mr. W. J. M. Lokubandara နှင့် အဖွဲ့ဝင်များကို မတ်လ ၃ ရက်နေ့၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီးဌာနဝန်ကြီး မစ္စတာကေ၊ နတ်ဝါဆင်းနှင့် အဖွဲ့ဝင်များကို မတ်လ



**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ကျောက်ဂေါ်အား လက်ခံတွေ့ဆုံစဉ်**

၂၆ ရက်နေ့၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ် စားလှယ် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H. E.Dr. Surakiart Sathirathai နှင့် အဖွဲ့ကို ဇူလိုင်လ ၂၅ ရက်နေ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး H. E. Mr. Li Zhaoring နှင့် အဖွဲ့ကို ဇူလိုင်လ ၂၈ ရက်နေ့၊ ကုလသမဂ္ဂပြုပြင် ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ် H. E. Mr. Ali Alatas ကို သြဂုတ်လ ၁၉ ရက်နေ့၊ ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ကန်တသီဆုဖမုန်ခွန်ကို စက်တင်ဘာလ ၁ ရက်နေ့၊ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ်ဆရီဆိုဒ် ဟာမစ်အယ်လ်ဘာဘင်ဆိုဒ်ဂျာဖာအယ်လ်ဘာနှင့် အဖွဲ့ကို အောက်တိုဘာလ ၁၀ ရက်နေ့၊တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ကျောက်ဂေါ် နှင့်အဖွဲ့ကို နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အသီးသီး လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ကို ဖေဖော်ဝါရီလ ၁ရက်နေ့၊ ထိုင်းနိုင်ငံ ဘုရင့်တပ်မတော်စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek (Chairman of the Senate Standing Commettee on Military Affairs) ဦးဆောင် သောအဖွဲ့ကို မေလ ၁၉ ရက်နေ့၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Chaisit Shinawatra နှင့် အဖွဲ့ကို စက်တင်ဘာလ ၂၀ ရက်နေ့၊ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General JJ Singh, PVSM, AVSM, VSM, ADC နှင့် အဖွဲ့ကို နိုဝင်ဘာလ ၂ ရက်နေ့၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်းတပ်ဦးစီးချုပ် Lieutenant General Moeen U Ahmed, psc နှင့် အဖွဲ့ကို နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အသီးသီး လက်ခံတွေ့ဆုံသည်။

## လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ

မြန်မာ့အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်သော သံလွင်မြစ်ကူးသံလွင်တံတား (မော်လမြိုင်)ဖွင့်ပွဲကို မော်လမြိုင်ဘက်ကမ်း အဆိုပါ တံတားကြီးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည်။ မော်လမြိုင်မြို့နှင့် မုတ္တမဘက်ကမ်းဆက်သွယ်ထားသော သံလွင်တံတား (မော်လမြိုင်)သည် ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်းယှဉ်ပြိုင်လျက်ရှိ ပြီး ရထားလမ်းနှင့် ကားလမ်းများကို တံတားသံပေါင်အတွင်းထည့်သွင်းတည်ဆောက်ထားသည်။ တံတားအပေါ်ထည်မှာ သံမဏိသံပေါင် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအောက်ထည်မှာ ကြိုတင်သွန်းလောင်းသံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်အမျိုးအစားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေရှိပြီးတံတားဘေးတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ် ၃၂၈ ပေနှင့် အမြင့် ၄၆ ပေရှိသည်။ ပင်မတံတားအရှည် ၇,၆၉၉ ပေ၊ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားအရှည် ၁,၆၂၄ ပေ၊ မုတ္တမဘက်ကမ်းချဉ်းကပ်တံတားအရှည် ၂,၂၅၂ ပေ စုစုပေါင်းကားလမ်းတံတားအရှည် ၁၁,၅၇၅ ပေရှိသည်။

မံဆောင်းဘေလီကြိုးတံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် တီးတိန်မြို့နယ် တီးတိန်-ရိဒ်ရေကန်လမ်းမိုင်တိုင် ၈/၂ ၌ မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ဘေလီကြိုးတံတား၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ တံတားအရှည်ပေ ၄၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၃၂၀ နှင့် အမြင့်ပေ ၃၀ ရှိသည်။တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၃၀ ဖြစ်သည်။

ကျွန်းတောတံတား (မိုးကောင်း)ဖွင့်ပွဲကို အဆိုပါတံတားအနီး၌ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် မိုးကောင်းမြို့နယ် မန္တလေး-ရွှေဘို- မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် ၂၇၇/၀ ၌ နန့်ရင်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော သံကူကွန်ကရစ်အမျိုးအစားနှစ်လမ်းသွားတံတားဖြစ်သည်။ တံတားအရှည် ၃၆၆ ပေ၊ အကျယ် ၂၆ ပေဖြစ်ပြီး တံတားဘေးတစ်ဖက်တစ်ချက်စီတွင် လေးပေစီကျယ်သော လူသွားလမ်းများပါရှိသည်။ တံတားရေလမ်းကင်းလွတ်နယ်မြေ အကျယ် ပေ ၁၈၀၊ အမြင့်ခုနစ်ပေရှိပြီး ခွင့်ပြုတန်ချိန် တန် ၆၀ ဖြစ်သည်။

သံလွင်တံတား (တာပါး)ဖွင့်ပွဲကို အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မေလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန်လမ်းပေါ်ရှိ သံလွင်မြစ်ကူးတံတားဖြစ်သည်။ တံတားအရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ လေးလက်မရှိသည်။ တံတား၏ အုတ်မြစ်မှာ ပိုင်ဖောင်ဒေးရှင်းအမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်း၊ သံမဏိ

သံပေါင်ကြိုးတံတားဖြစ်သည်။ တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

ဒုဋ္ဌဝတီတံတား (နောင်ချို)ဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၆ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် ရပ်စောက်မြို့နယ်နှင့် နောင်ချိုမြို့နယ် ဆက်သွယ်သော ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း မိုင် ၁၁၅/၄ မိုင်ရှိ ဒုဋ္ဌဝတီမြစ်ကူးတံတားဖြစ်သည်။ တံတားအရှည် ၄၆၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိသည်။ တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မကြမ်းခင်းနှင့် စီအိတ်ချ်သံပေါင်ရက်မကွန်ကရစ်ကြမ်းခင်းအမျိုးအစားနှင့် အောက်ထည်မှာ သံကူကွန်ကရစ်ရေတွင်းခွေအုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်အမျိုးအစားဖြစ်သည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်အကျယ် ပေ ၈၀ နှင့် အမြင့် ၁၈ ပေရှိသည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန် ခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

ကျောက်ရေတွင်းခုံးကျော်တံတားဖွင့်ပွဲကို အဆိုပါခုံးကျော်တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပသည်။ တံတားကို မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းမကြီးတို့ဆုံရာ ရထားလမ်းကူးနေရာ၌ တည်ဆောက်ထားသည်။ တံတားအလျား ၂,၂၅၃ ပေ၊ အကျယ် ၃၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တစ်ဖက်တစ်ချက်စီတွင် လေးပေအကျယ် လူသွားလမ်းများပါရှိသည်။ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်ပေါင်နှင့် တံတားအောက်ထည်မှာ သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။ ခုံးကျော်တံတား၏ ရထားလမ်းကင်းလွတ်အမြင့် ၁၄ ပေ၊ ကား



၆-၆-၂၀၀၅ ရက်နေ့တွင် ဖွင့်လှစ်သော ဒုဋ္ဌဝတီတံတား (နောင်ချို)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အစိုးရအဖွဲ့ဝင်များ ရွှေကိန္နရီရေယာဉ်ပေါ်မှ မန္တလေးရတနာပုံတံတားနှင့် ရေလမ်းကြောင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်



လမ်းကင်းလွတ်အမြင့် ၁၄ ပေ ခြောက်လက်မ၊ ဆင်ခြေလျော ၄ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ တံတားသည် အင်္ဂလိပ်အက္ခရာဝိုင်ပုံသဏ္ဌာန်သုံးပွင့်ဆိုင်တံတားဖြစ်ပြီး ရန်ကုန်ဘက်ချဉ်းကပ်လမ်းအရှည် ၂၈၄ ပေ၊ လေဆိပ်ဘက်ချဉ်းကပ်လမ်းအရှည် ၁၀၄ ပေနှင့် မြောက်ဥက္ကလာပဘက်ချဉ်းကပ်လမ်းအရှည် ၁၈၆ ပေဖြစ်သည်။

ပန်းလှိုင်တံတားဖွင့်ပွဲကို အဆိုပါ တံတားအနီးရှိ လှိုင်သာယာမြို့နယ်ဘက်ခြမ်း မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ တံတားကို လှိုင်သာယာ-ဒလ-တွံတေးကားလမ်းပေါ်ရှိ ပန်းလှိုင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်ပြီး လှိုင်သာယာမြို့နယ်နှင့် ဒလမြို့နယ်တို့ကို ဆက်သွယ်ထားသည်။ ပင်မတံတားအရှည် ပေ ၅၀၀၊ ချဉ်းကပ်တံတားအရှည် ပေ ၁,၄၄၀ စုစုပေါင်းအရှည်ပေ ၁,၉၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီရှိသည်။ ပင်မတံတားအောက်ထည်သည် သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်နှင့် တိုင်၊ အပေါ်ထည်သည် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် အခင်းတို့ဖြစ်သည်။ လှိုင်သာယာမြို့နယ်နှင့် ဒလမြို့နယ်ဘက်ကမ်းရှိ ချဉ်းကပ်တံတားအောက်ထည်သည် သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်နှင့် တိုင်၊ အပေါ်ထည်သည် သံကူကွန်ကရစ်ရက်မနှင့် အခင်းတို့ဖြစ်သည်။ တံတားအောက်ရေလမ်းကင်းလွတ်အကျယ် ၇၅ ပေ နှင့် အမြင့်ပေ ၂၀ ရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန် တန် ၆၀ ဖြစ်သည်။

သံသမချေတံတားဖွင့်ပွဲကို အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ တံတားကို ရမ်းဗြဲမြို့နယ် တောင်ကုတ်-မအီ-ကျောက်ဖြူကားလမ်း မိုင်တိုင် ၆၀/၃ ၌ သံဇစ်မြစ်နှင့် ကလိန်တောင်မြစ် (စပါးကြီးမြစ်)တို့ ဆက်သွယ်နေသည့်

ချောင်းကိုဖြတ်၍ တည်ဆောက်ထားသည်။ တံတား အောက်ထည်ရေတွင်းခွဲပိုင်တိုင်နှင့် ဘိုးပိုင်သံကူကွန်ကရစ်ဖြစ်ပြီး အပေါ်ထည်သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ရက်အမျိုးအစားဖြစ်သည်။ တံတားအရှည် ၇၀၇ ပေ သုံးလက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

ပန်းလောင်တံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ တံတားကို စဉ့်ကူမြို့နယ် ပလိပ်-တံတားဦး လမ်း မိုင်တိုင် ၄/၆ ၌ ပန်းလောင်မြစ်ကို ဖြတ်၍ တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၄၀၀၊ အကျယ် ၂၄ ပေနှင့် တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်းအကျယ်သုံးပေစီရှိသည်။ နှစ်လမ်းမောင်းကြိုတင်အားဖြည့်ကွန်ကရစ်တံတားဖြစ်ပြီး သံကူကွန်ကရစ်ရေတွင်းခွေအုတ်မြစ်နှင့် အောက်ထည်သံကူကွန်ကရစ်ပေါ်တွင် တည်ဆောက်ထားသည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း

ပဒဲရေလှောင်တမံဖွင့်ပွဲကို အဆိုပါ တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံကို အောင်လံမြို့နယ် နတ်မောက်ကျေးရွာအနီး ပဒဲချောင်းပေါ်၌ တည်ဆောက်ထားသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၂,၄၀၀၊ အမြင့် ၁၁၈ ပေရှိသည်။ ရေလှောင်တမံတွင် ရေဧက ၃၂,၉၀၀ သိုလှောင်ထားနိုင်သည်။

ငမိုးရိပ်ရေထိန်းတံခါးဖွင့်ပွဲကို အဆိုပါ ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ကျင်းပသည်။ ရေထိန်းတံခါးကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး ငမိုးရိပ်ချောင်းပေါ်၌ တည်ဆောက်ထားသည်။ ရေထိန်းတံခါးသည် အမြင့် ၁၂ ပေ၊ အကျယ် ရှစ်ပေရှိသည့် ရေတံခါး ၁၈ ပေါက်နှင့် အမြင့် ၁၂ ပေ၊ အကျယ် ခြောက်ပေကိုးလက်မရှိသည့် သဲနုန်းထုတ်ရေတံခါး ရှစ်ပေါက်စုစုပေါင်း ရေတံခါး ၂၆ ပေါက်ဖြင့် ရေသွင်းရေထုတ်နိုင်သည့် ရေတံခါးအမျိုးအစားဖြစ်ပြီး အလျား ပေ ၁,၂၀၀ ရှိ ရေခေါ်မြောင်းမကြီးနှင့် အလျားပေ ၂,၀၀၀ ရှိ ရေထုတ်မြောင်းမကြီးများဖြင့် တည်ဆောက်ထားသည်။ ရေထိန်းတံခါးဖြင့် ရေများသိုလှောင်ပြီး နှစ်စဉ်နွေစပါးဧက ၆,၀၀၀ ခန့် ရေပေးဝေစိုက်ပျိုးနိုင်ပြီး မိုးရာသီတွင် ရေငန်ဝင်ရောက်ခြင်းကို တားဆီးနိုင်မည်ဖြစ်သည်။

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲကို အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ ကျည်တောင်-ခေါ်မကျေးရွာအနီး ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ ပေါင်းလောင်းမြစ်ပေါ်၌ တမံအလျား ပေ ၃,၁၀၀၊ တမံအမြင့် ပေ ၄၃၀ ရှိ ကျောက်ဖြည့်တမံတည်ဆောက်ခြင်းဖြင့် မြေအောက်ဓာတ်အားပေးရုံမှတစ်ဆင့် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ စီ ထုတ်လုပ်နိုင်သည့် စက်လေးလုံးတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ရန်နှင့် ပေါင်းလောင်းမြစ်ရေကြီးမှုကို ကာကွယ်ရန်အပြင် လယ်မြေဧရိယာဧက ၃၅,၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်ရန် အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ရေလှောင်တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၆၀,၀၀၀ ဖြစ်ပြီး ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၄,၁၉၉ ဧက ဖြစ်သည်။

ကွန်ချောင်းရေလှောင်တမံဖွင့်ပွဲကို အဆိုပါ တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံကို ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီး၌ တည်ဆောက်ထားပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ ပင်မတမံအလျားပေ ၁၆,၇၂၀၊ အမြင့် ၁၃၅ ပေရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၉၈,၄၀၀ ဖြစ်ပြီး ဆည်ရေပေးဝေနိုင်သည့် ဧက ၂၀,၀၀၀ ဖြစ်သည်။

ခရမ်းရေထိန်းတံခါးဖွင့်ပွဲကို အဆိုပါ ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မေလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ ရေထိန်းတံခါးကို သန်လျင်မြို့နယ် ချောင်းဝရွာ



ပခုက္ကူတက္ကသိုလ်

ဟောင်းအနီးရှိ ခရမ်းချောင်းပေါ်၌ တည်ဆောက်ထားသည်။ ရေထိန်းတံခါးသည် အမြင့် ၁၆ ပေ၊ အကျယ် ခြောက်ပေရှိသည့် ရေတံခါးပေါက် ၄၀ ပါရှိသည်။ အလျားပေ ၄,၀၀၀ ရှိ ရေခေါ်မြောင်းမကြီး၊ အလျား ပေ ၂,၅၀၀ ရှိ ရေထုတ်မြောင်းမကြီးများဖြင့် တည်ဆောက်ထားသည်။ အကျိုးပြုဧရိယာမှာ ဧက ၃၀,၀၀၀ ဖြစ်သည်။

မိုးယွန်းကြီးရေထိန်းတံခါးဖွင့်ပွဲကို အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ရေထိန်းတံခါးသည် ဝေါမြို့နယ် ကျွဲတဲစု ကျေးရွာအနီးရှိ ဇွဲဘတ်ချောင်းပေါ်၌ တည်ဆောက်ထားသည့် ကွန်ကရစ်ရေတံခါးအမျိုးအစားဖြစ်သည်။ ရေထိန်းတံခါးတွင် အကျယ် ၁၂ ပေရှိ ရေတံခါးခြောက်ပေါက်နှင့် အကျယ်ရှစ်ပေရှိ ရေတံခါးလေးပေါက်ရှိပြီး ပေ ၃,၅၀၀ ရှည် ရေခေါ်မြောင်းမကြီးနှင့် ပေ ၇,၈၀၀ ရှည် ရေထုတ်မြောင်းမကြီးတို့ပါရှိသည်။

မြို့လှ (တပ်ကုန်း) ရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် တပ်ကုန်းမြို့နယ်အတွင်း တည်ရှိသည်။ တမံအလျား ပေ ၂,၁၀၀၊ တမံအမြင့် ပေ ၈၀၊ ရေပိုလွှဲအကျယ်ပေ ၃၀၊ ရေပိုလွှဲအလျား ပေ ၉၄၀ ရှိသည်။

ဖောင်းကတာရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် ဆားလင်းကြီးမြို့နယ် ဆားလင်းကြီးရေလောင်တမံ၏ မြောက်ဘက်နှစ်မိုင်ခွဲအကွာ ဖောင်းကတာချောင်းပေါ်၌ တည်ရှိသည်။ တမံအလျားပေ ပေ ၄,၃၇၀၊ တမံအမြင့် ၇၅ ပေ၊ ကန်ရေလှောင်ပမာဏ ဧကပေ ၇,၄၃၀ ရှိသည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၁၇၆ ပေ၊ အချင်းသုံးပေရှိ သံကူကွန်ကရစ်ပိုက်တပ်ဆင်ထားသည်။ ရေပိုလွှဲသည်

အလျား ၁,၃၆၇ ပေ၊ အကျယ်ပေ ၄၀ ရှိသည်။ ဆည်ရေသောက်ဧက ၁,၅၀၀ ဖြစ်သည်။

ညောင်ကုန်းရေလှောင်တမံဖွင့်ပွဲကို အဆိုပါ ရေလှောင်တမအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် မိတ္ထီလာမြို့နယ် ညောင်ကုန်းချောင်းပေါ်၌ တည်ရှိသည်။မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျားပေ ၆,၄၀၀၊ အမြင့်ပေ ၄၀ နှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃,၅၀၀ ရှိသည်။

အုတ်ဖိုရေလှောင်တမံဖွင့်ပွဲကို အဆိုပါ ရေလှောင်တမံ၌ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကျင်းပ သည်။ ရေလှောင်တမံသည် ဘုတလင်မြို့နယ် အုတ်ဖိုကျေးရွာအုတ်ဖိုချောင်းပေါ်၌ တည်ရှိသည်။ တမံအလျားပေ ၃,၅၅၀၊ အမြင့် ၄၅ ပေရှိသည်။

ကျောက်နဂါးရေလှောင်တမံဖွင့်ပွဲကို အဆိုပါ ရေလှောင်တမံ၌ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် မြောင်မြို့နယ် ဖွားစောကျေးရွာမြောက်ဘက် မိုင်ဝက်ခန့်အကွာ ဆင်ဖြူချောင်းပေါ်၌တည်ရှိသည်။ တမံအလျား ၇၆၅ ပေ၊ အမြင့် ၂၅ ပေရှိသည်။

ဝမ်ပုံရေလှောင်တမံဖွင့်ပွဲကို အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် နမ့်စန်မြို့နယ် အနောက်မြောက်ဘက် ခြောက်မိုင်အကွာ ဝမ်ပုံကျေးရွာအနီး ဝမ်ပုံချောင်းပေါ်၌ တည်ရှိသည်။ ပင်မတံတားအလျားပေ ၆၀၀၊ အမြင့်ပေ ၇၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄,၅၈၀ ရှိသည်။ အလျား ၂၁၇ ပေရှိ သံကူကွန်ကရစ်ရေထုတ်ပြွန်ပါရှိပြီး ရေထုတ်ပြွန်တွင် အချင်းသုံးပေရှိ ပိုက်တစ်ခုနှင့် အချင်းခြောက်လက်မရှိ ပိုက်တစ်ခုတပ်ဆင်ထားသည်။

အရာတော်ရေလှောင်တမံဖွင့်ပွဲကို အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ နိုဝင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပသည်။ ရေလှောင်တမံသည် အရာတော်မြို့၏ အနောက်ဘက်နှစ်မိုင်ခန့်အကွာ အရာတော်ချောင်းပေါ်၌ တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျားပေ ၄,၆၀၀၊ အမြင့်ပေ ၅၀ နှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၆,၈၄၀ ရှိ သည်။ တူးမြောင်းမကြီးအရှည် ၄ ဒသမ ၁၇ မိုင်၊ လက်တံမြောင်းများ ၇ ဒသမ ၂၀ မိုင်ရှိပြီး တူးမြောင်းအဆောက်အအုံစုစုပေါင်း ၁၂၆ ခုပါရှိသည်။ ဆည်ရေပေးဝေနိုင်သည့် ဧက ၁,၀၀၀ ဖြစ်သည်။

သုံးခွရေထိန်းတံခါးဖွင့်ပွဲကို အဆိုပါ ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ ရေထိန်းတံခါးသည် သုံးခွမြို့နယ် ရွာသစ်ကျေးရွာအနီး၌ တည်ရှိသည်။ ရေထိန်းတံခါးတွင် အကျယ်ခြောက်ပေ၊ ၁၂ ပေရှိ ကွန်ကရစ်ရေထုတ်ရေထိန်းတံခါး ၂၀ ပေါက်ပါရှိသည်။ ရေခေါ်မြောင်းမကြီးအလျား ပေ ၇၀၀၊ ရေထုတ်မြောင်းမကြီးအလျား ပေ ၆၀၀ ရှိသည်။ ရေထိန်းတံခါးကို နန်ယောချောင်းနှင့် ကျုံထူချောင်းတို့ဖြင့် ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်သည်။



**၁၄-၅-၂၀၀၅ ရက်နေ့တွင် ဖွင့်လှစ်သော သာပေါင်းမြို့နယ်ရှိ တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း)**

## စက်ရုံသစ်များ ဖွင့်လှစ်ခြင်း

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)ဖွင့်ပွဲကို အဆိုပါ စက်ရုံရှေ့ဥပစာ၌ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ရမည်းသင်းမြို့ မြောက်ဘက် ငါးမိုင်ကျော်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဘေး၌ တည်ရှိပြီး မြေ ဧရိယာ ၂၆ ဒသမ ၄၈ ဧက ကျယ်ဝန်းသည်။ စက်ရုံ မှ တစ်နှစ်လျှင် ပိတ်ညိုကိုက်သိန်းပေါင်း ၃၄ ဒသမ ၅၆ သိန်း၊ အဖြူချက်ပိတ်ကိုက်သိန်းပေါင်း ၁၂ ဒသမ ၉၆ သိန်း၊ ဆေးဆိုးပိတ်ကိုက်သိန်းပေါင်း ၁၂ ဒသမ ၉၆ သိန်းနှင့် ပန်းရိုက်ပိတ်ကိုက်သိန်းပေါင်း ၈ ဒသမ ၆၄ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံဖွင့်ပွဲကို အဆိုပါ စက္ကူစက်ရုံရှေ့၌ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံတွင် ဂုန်လျှော်ပင်မှ စက္ကူထုတ်လုပ်ရာ၌ တစ်ရက်လျှင် မက်ထရစ်တန် ၁၇ တန်၊ တစ်လလျှင် ၄၅၅ တန်၊ တစ်နှစ်လျှင် တန် ၅,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး စာရေးစက္ကူ တန် ၂,၅၀၀ နှင့် အော့ဖ်ဆက်စက္ကူ တန် ၂,၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းချည်မျှင်ဖြင့် အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်ပွဲကို အဆိုပါ စက်ရုံရှေ့၌ မတ်လ ၁၈ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ပွင့်ဖြူမြို့နယ် လယ်ကိုင်း-ပွင့်ဖြူကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး၌ တည်ရှိသည်။ စက်ရုံမှ တစ်နှစ်လျှင် ၁/၄၀ ပီစီချည်နှင့် ဘီးဖီးချည် စုစုပေါင်း ပေါင် ၂ ဒသမ ၈၅၆ သန်းနှင့် ၁/၄၀ ပီစီပိတ်ကြမ်းနှင့် ပေါ်ပလင်ပိတ်ကြမ်းစုစုပေါင်း ကိုက် ၉ ဒသမ ၉၇၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆) ပတ္တမြားနဂါးကုမ္ပဏီပတ္တမြားပေါင်းကြီးသကြားစက်ရုံ Ruby Winery စပျစ်ဝိုင်စက်ရုံနှင့် မြန်မာအင်းလေး စားသောက်ကုန်လုပ်ငန်းကုမ္ပဏီလီမိတက်ခရမ်းချဉ်သီးထွက်စားသောက်ကုန်စက်ရုံဖွင့်ပွဲအခမ်းအနားများကို အဆိုပါ စက်ရုံအသီးသီး၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။ ပတ္တမြားပေါင်းကြီးသကြားစက်ရုံသည်



**Hire Purchase စနစ်ဖြင့် ဝယ်ယူခဲ့သော ဘက်စုံသုံး ကုန်တင်သင်္ဘော "MV-Spring Trader"**

ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာ၌ တည်ရှိပြီး စက်ရုံမှ တစ်ရက်လျှင် ကြံစိမ်းတန် ၂၀၀ ကြိတ်ခွဲနိုင်၍ တစ်ရက်လျှင် သကြား ၁၀ တန် ထုတ်လုပ်နိုင်မည် ဖြစ်သည်။ Ruby Winery စပျစ်ဝိုင်စက်ရုံသည် ညောင်ရွှေမြို့နယ် ရွှေလဖုံးကျေးရွာ၌ တည်ရှိပြီး စက်ရုံမှ တစ်နှစ်လျှင် နိုင်ငံခြားစံချိန်မီ စပျစ်ဝိုင်ပုလင်းငါးသိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ခရမ်းချဉ်သီးထွက်စားသောက်ကုန်စက်ရုံသည် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၌ တည်ရှိပြီး စက်ရုံမှ တစ်ရက်လျှင် ခရမ်းချဉ်သီး ငါးတန်အသုံးပြု၍ ခရမ်းချဉ်သီးအနှစ် ၀ ဒသမ ၇ တန်နှင့် အရည်တစ်တန်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း အလူမီနီယံဝိုင်ယာကြိုးထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲကို အဆိုပါ စက်ရုံ၌ မေလ ၃ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ပဲခူးမြို့နယ်ရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေ၌ တည်ရှိသည်။ စက်ရုံမှ ၆ ဒသမ ၆ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၃၃ ကေဗွီဓာတ်အားလိုင်းသုံး အလူမီနီယံဝိုင်ယာကြိုးများ၊ ၆၆ ကေဗွီ၊ ၁၃၂ ကေဗွီနှင့် ကေဗွီ ၂၃၀ ဓာတ်အားလိုင်းသုံးအလူမီနီယံဝိုင်ယာကြိုးများ၊ လျှပ်စစ်တာဝါတိုင်များ မိုးကြိုးလွှဲနှင့် ထိန်းချုပ်ခြင်းအတွက် စတေးဝိုင်ယာကြိုးများကို တစ်နှစ်လျှင် တန် ၁၆၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း)ဖွင့်ပွဲကို အဆိုပါ စက်ရုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မေလ ၁၄ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် သာပေါင်းမြို့နယ် လေ့တက်ကြီးကျေးရွာအနီး၌ တည်ရှိသည်။ စက်ရုံတွင် သာပေါင်း၊ ရေကြည်၊ လေးမျက်နှာ၊ ငပုတောနှင့် ဂွမြို့နယ်များမှ ဝါးများကို အသုံးပြု၍ တစ်နေ့လျှင် တန် ၂၀၀ အရောင်ချွတ်ပြီး ဝါးပျော့ဖတ်များ ထုတ်လုပ်မည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ) ဖွင့်ပွဲကို အဆိုပါ စက်ရုံ၌ အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ပခုက္ကူမြို့မှ သုံးမိုင်ခန့်အကွာ ဧရာဝတီမြစ်ကူးရွှေတန်းတစ်ဆိပ်ကမ်းသွားကားလမ်းဘေးတွင် တည်ရှိသည်။ စက်ရုံတွင် ရစ်တိုင် ၄၈၀ စီပါရှိသည့် ချည်ငင်စက် ၆၂ စင်နှင့် အလိုအလျောက်လွှန်းပြောင်းရက်ကန်းစင် ၈၂၈ စင်တို့ကို အဓိကတပ်ဆင်ထားသည်။ စက်ရုံမှ တစ်နှစ်လျှင် ၁/၃၂ ချည် ပေါင်ချိန် ၃ ဒသမ ၇၆သန်း၊ ၁/၃၂ ပိတ် ကြမ်းကိုက်ပေါင်း ၁၁ ဒသမ ၃၄ သန်းထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ဆားလင်းကြီး)ဖွင့်ပွဲကို အဆိုပါ စက်ရုံအဝင်ဝ၌ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် ဆားလင်းကြီးမြို့မှ တစ်မိုင်ခန့်အကွာ ပေါင်းဝ-ဆက်ထုံးလမ်းဆုံ၌ တည်ရှိသည်။ စက်ရုံမှတစ်နှစ်လျှင် ၁/၃၂ ချည် ပေါင်ချိန် ၃ ဒသမ ၇၆ သန်း၊ ၁/၃၂ ပိတ်ကြမ်းကိုက်ပေါင်း ၁၁ ဒသမ ၃၄ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့်မီးခံအုတ်စက်ရုံ (ကျောက်ဆည်)ဖွင့်ပွဲကို ကျောက်ဆည်မြို့ အရှေ့ဘက်ငါးမိုင်သုံးဖာလုံအကွာရှိ ကျောက်ဆည်စက်ရုံများနယ်မြေ၌ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံကို မြေဧရိယာအကျယ် ၄၉ ဒသမ ၉၇ ဧကပေါ်၌ တည်ဆောက်ထားသည်။ စက်ရုံမှ တစ်နှစ်လျှင် အဆင့်မြင့်မီးခံအုတ် တန် ၂၅၀၀ ထုတ်လုပ်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံဖွင့်ပွဲကို အဆိုပါ စက်ရုံ၌ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံသည် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ညောင်နှစ်ပင်စခန်းသို့သွားသည့် လမ်းမကြီးနံဘေး၌ တည်ရှိသည်။ စက်ရုံ တွင် ရေခေါ်တူးမြောင်းအရှည်ပေ ၃၂,၄၇၀ ရှိပြီး ငမိုးရိပ်ချောင်း ချောင်းဝတူးမြောင်းနှင့် ကျောက်အိုင်တူးမြောင်းဖြတ် ၇၆ လက်မအချင်းရှိ ရေငုတ်ပြွန်ဆိုင်ဖွန်များ တည်ဆောက်ထားသည်။ အထယုချောင်းကျော်တူးမြောင်းနှင့် ကြာကန်စုတွင် အရှည်ပေ ၈၀ ရှိ တံတားတစ်ခုတည်ဆောက်ထားသည်။ ရေယူအဆောက် အအုံ၊ အကြိုအနည်ထိုင်ကန်၊ ရေစင်နှင့် ဆေးခတ်ကန်၊ အနည်စုဖွဲ့ကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်၊ ရေစုကန်၊

အနိမ့်တင်ရေစက်၊ ရေတွန်းစက်ရုံနှင့် ၃၃ ကေဗွီခါတ်အားခွဲရုံတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ စက်ရုံမှ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသည့် သောက်သုံးရေနေ့စဉ်ဂါလန် ၄၅ သန်းကို ပထမအဆင့် ပေးဝေမည်ဖြစ်သည်။

**စိုးအောင်**

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာ အမျိုးသမီးများနေ့။** ။ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းနှင့် အင်အားများ အရည်အသွေးပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်ရေး အခြားနိုင်ငံများနှင့် တပြေးညီလျှင်မြန်စွာဆက်ဆံနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရသည် အခြားသောနိုင်ငံများကဲ့သို့ အစိုးရမဟုတ်သောအဖွဲ့အစည်း Non-Governmental Organization (NGO) များကို လည်း ဖွဲ့စည်းကာ ပါဝင်လှုပ်ရှားစေခဲ့သည်။

ယနေ့နိုင်ငံတော်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများစွာ တည်ရှိပါသည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည်ဖြင့် သူ့နယ်ပယ်အလိုက် ဖွဲ့စည်းထားရှိပါသည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏
တံဆိပ်အမှတ်အသား

ဤတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည်လည်း (NGO) များထဲမှ တစ်ခုအပါအဝင်ဖြစ်ရုံမက နိုင်ငံတော်၏ အရေးပါသော အဖွဲ့အစည်းအနေနှင့် တည်ရှိနေပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ပြန်ပြောင်းကြည့်လျှင် ၁၉၉၅ ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် စတုတ္ထအကြိမ် အမျိုးသမီးညီလာခံက မြစ်ဖျားခံခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ထိုညီလာခံကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရား (National Mechanism) တစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်ရန် ချမှတ်ခဲ့သည်။

ထိုချမှတ်ချက်ဖြင့်ပင် နိုင်ငံတော်အစိုးရသည် ၁၉၉၆ ခုနှစ် ဇူလိုင်လ (၃)ရက်နေ့က 'မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ'ကို ဖွဲ့စည်းခဲ့သည်။

ထို့ကြောင့် ဇူလိုင်လ (၃)ရက်နေ့သည် မြန်မာအမျိုးသမီးများသမိုင်းတွင် ဂုဏ်ယူထိုက်သည့်မှတ်တိုင်တစ်ခုအဖြစ်တည်ရှိခဲ့ကာ ယနေ့တိုင်း ဇူလိုင်လ (၃) ရက်နေ့ရောက်တိုင်း မြန်မာအမျိုးသမီးများနေ့အဖြစ် ကျင်းပလျက်ရှိသည်။

ဤသို့နှင့်ပင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် Myanmar Women's Affairs Federation (MWAF) ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့က စတင်ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ မြန်မာအမျိုးသမီးများ၏ ဘဝဖွံ့ဖြိုး

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးများနေ့

### မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အလံ




တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်အတွက် အားထားရသည့် အင်အားစုကြီးအဖြစ် ပိုမိုခိုင်မာတောင့်တင်းမှုရှိစေ ရန်နှင့် အမျိုးသမီး၏ ဘဝလုံခြုံမှုရှိစေရန်နှင့် လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

စင်စစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း အချက် (၇) ချက်သတ်မှတ်၍တိကျသေသပ်စွာဖွဲ့စည်းခဲ့ခြင်းလည်းဖြစ်သည်။

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်

(၂) အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်

(၃) အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန် နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်

(၄) တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်မြှင့်တင်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်

(၅) အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို စနစ်တကျဆောင်ရွက်ရန်

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်နိုင်ရန်

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပြည်တွင်းပြည်ပ ဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်နိုင် ရန်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လက်အောက်တွင် လုပ်ငန်းအဖွဲ့များ၊ ဌာနကြီးများနှင့် တိုင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်ကျေးရွာအမျိုးသမီးရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိသည်။

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးများနေ့

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ဌာနကြီး (၆) ခု ရှိသည်။ ၎င်းတို့မှာ

(၁) စည်းရုံးရေးရာဌာနကြီး
(၂) စီမံရေးရာဌာနကြီး
(၃) စည်းကမ်းထိန်းသိမ်းရေးရာဌာနကြီး
(၄) ဘဏ္ဍာရေးဌာနကြီး
(၅) ပြန်ကြားရေးဌာနကြီး
(၆) အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးဌာနကြီး တို့ဖြစ်သည်။

လုပ်ငန်းအဖွဲ့များဖွဲ့စည်းထားရှိမှုတွင်လည်း လုပ်ငန်းအဖွဲ့(၆)ဖွဲ့ ဖွဲ့စည်းထားရှိသည်။ ၎င်းတို့မှာ

(၁) အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့
(၂) လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့
(၃) အမျိုးသမီးများအား လူနေမှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့
(၄) တိုင်းရင်းသားရိုးရာလုပ်ငန်းအဖွဲ့
(၅) ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေး အဖွဲ့
(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ တို့ဖြစ်သည်။

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက် ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ လက်အောက်တွင် အဖွဲ့ခွဲ (၄)ခုကို ဖွဲ့စည်းထားရှိပါသည်။ ၎င်းတို့မှာ-



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ရုံးချုပ်)အဆောက်အအုံ



မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် သစ်ပင်စိုက်ပွဲတော်
ကျင်းပရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး
ဒေါ်ကြိုင်ကြိုင်က သစ်ပင်စိုက်ပျိုးရေလောင်းပေးစဉ်

(၁) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ

(၂) လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ

(၃) ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ

(၄) အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲ တို့ဖြစ်သည်။

လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တွင် (က) ပညာရေးလုပ်ငန်းအဖွဲ့ခွဲ၊ (ခ) ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ၊ (ဂ) ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲဟူ၍ အဖွဲ့ခွဲ (၃)ခုကို ခွဲထားသည်။

ဗဟိုအဆင့်မှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းထားရှိသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့အသီးသီးသည် သက်တမ်း (၂)နှစ်ကျော် ကာလအတွင်း အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များ၊ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များကို သတ်မှတ်ထားရှိသောလုပ်ငန်းများအလိုက် အောက်ခြေအဆင့်ဆင့်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးများနေ့



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စုပေါင်းသွေးလှူဒါန်းပွဲ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနှင့် ချမှတ်ထားရှိသည့် ရည်ရွယ်ချက် (၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ ထုံးစံများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာပြည်ပဆက်ဆံမှုများကိုလည်း အထူးဂရုပြုကာအမျိုးသမီးရေးရာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းလျက်အတွေ့အကြုံဖလှယ်မှုများပြုလုပ်ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ (၅၄)သန်းကျော်ရှိသည့် အနက် ၅၀. ၃ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ပါသည်။ ထိုအမျိုးသမီးများ၏အကျိုးအတွက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ကြီးက ‘အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်စို့’ဟူသော ဆောင်ပုဒ်ထားရှိ၍ ဆောင်ရွက်ပေးလျက်ရှိသည်ကို နှစ်စဉ် ဇူလိုင်လ (၃)ရက်နေ့ မြန်မာအမျိုးသမီးများနေ့တွင်သာမကဘဲ နေ့စဉ်ဆောင်ရွက်လျက်ရှိရာထိုအသင်းကြီး၏ ကျေးဇူးကို သိနားလည်နေကြပြီလည်း ဖြစ်ပါသည်။

ထိုနေ့ရောက်လျှင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို အစိုးရအဖွဲ့အစည်းများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် စည်ကားသိုက်မြိုက်စွာကျင်းပ၍ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် တက်ရောက်

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးများနေ့




**မြန်မာအမျိုးသမီးများနေ့ ထူးချွန်ဆုရ ရဲအုပ်ကြည်ကြည်ဦး**

အားပေးချီးမြှင့်လျက် အားပေးစကားများ ပြောကြားမြဲဖြစ်ပါသည်။

ထိုနေ့တွင်ပင် ထူးချွန်သော မြန်မာအမျိုးသမီးများကိုလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးမြဲဖြစ်ပါသည်။ ထိုဆုကို ၁၉၉၉ ခုနှစ်မှစ၍ ပေးအပ်ချီးမြှင့်ခဲ့ရာတွင် ဒေါ်စောမုံညင်း၊ ဒေါ်သိန်းဆိုင် (မမြတ်လေး)၊ မကြန်၊ ကထိ ဒေါ်မြင့်သန်း၊ စုပုံချစ်၊ အေးမွန်ခင်၊ တင်တင်ခိုင်၊ နန်းစိန်နှင်းဝင်း၊ ဇာခြည်ဝေလင်း၊ ဆွေဆွေဝင်း၊ သီသီထွန်း၊ ချောကလျာ၊ ခင်ထက်ထက်ဇော်၊ နန်းမေသဲအေး၊ နှင်းနှင်းညို၊ ကေသီတင်၊ စန်းစန်းလှ၊ နော်သစ္စာမိုးမြင့်၊ ခိုင်ခိုင်မော်၊ ညွန့်ညွန့်ဝင်း၊ ဒုရဲမှူး ဒေါ်ခင်မြမြ၊ ဒုတပ်ကြပ် ဒေါ်စောဥမ္မာခိုင်၊ ကြည်ကြည်ဦး အစရှိသည့် အမျိုးသမီးများ ရရှိခဲ့ကြသည်ကို တွေ့ရသည်။

ထိုနေ့တွင် မြန်မာအမျိုးသမီးများနေ့နှင့်ပတ်သတ်သော စာတမ်းများကိုလည်း ပညာရှင်၊ သုတေသီ၊ အသီးသီးတို့က ဖတ်ကြားဆွေးနွေးလျက် မြန်မာအမျိုးသမီးများ ကိုယ်တိုင်ပါဝင်သော ပြပွဲပြိုင်ပွဲများကိုလည်း ကျင်းပပေးမြဲဖြစ်ကာ စာပေပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲများ မကျန် ကျင်းပပေးခဲ့သည်။

ယခုဆိုလျှင် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အဖွဲ့ဝင် ၂.၆ သန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သဖြင့် အားရစရာလည်း ကောင်းနေသည်ကို တွေ့ရပါသည်။ ပြန်ကြားရေးဌာနကြီးမှ ကြီးမှူးလျက် နှစ်စဉ်နှစ်တိုင်း မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် အမျိုးသမီးရေးရာမဂ္ဂဇင်း (တစ်နှစ်တစ်ကြိမ်)နှင့် မေမြန်မာဂျာနယ် (နှစ်ပတ်တစ်ကြိမ်)များကိုလည်း ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။

ထိုမဂ္ဂဇင်း၊ ဂျာနယ်များမှတစ်ဆင့် မြန်မာအမျိုးသမီးရေးရာနှင့်ပတ်သက်သော ပညာပေးနှင့် စည်းရုံးရေးစာပေလက်ရာများ ဗဟုသုတအသိအမြင်များကို ရေးသားဖန်တီး၍ ဖြန့်ဝေပေးခဲ့သည်။ ထို့အတူ မြန်မာ

အမျိုးသမီးများနေ့တွင် ဖတ်ကြားခဲ့သော စာတမ်းများအား စာမူအဖြစ် ပြန်လည်ကူးယူ၍ ဖော်ပြပေးခဲ့သည်။

**ဇော်ဝင်းထွန်း**

**မြန်မာ့ရုပ်ရှင်ထူးချွန်ဆု။** ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းကကြီးမှူး၍ ၂၀၀၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။ အခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေး မှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း တက်ရောက်ချီးမြှင့်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားကာ ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုများကို ပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်အစိုးရက မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မြင့်မားရေးကို ရှေးရှုပြီး ၁၉၅၂ ခုနှစ်ကစ၍ နှစ်စဉ်ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုများကို ချီးမြှင့်ခဲ့ သည်။ ယင်းသို့ ချီးမြှင့်ရာတွင် တစ်နှစ်ထက်တစ်နှစ် အကယ်ဒမီ ထူးချွန်ဆု အမျိုးအစားများကို တိုး၍ ချီးမြှင့်ခဲ့ရာ ယခုအခါတွင် ထူးချွန်ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ ချီးမြှင့်ပေးလျက်ရှိသည်။ ချီးမြှင့်ပေးခဲ့သည့် ထူးချွန်ဆုပေါင်းမှာ ၂၇၉ ဆုရှိပြီဖြစ်သည်။ နိုင်ငံတော်က ရုပ်ရှင်လောကနှင့် ရုပ်ရှင်အနုပညာရှင်များဖွံ့ဖြိုး တိုးတက်စေရေးအတွက် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးမြင့်မားရေး၊ ပြည်ပ ရုပ်ရှင်ပွဲတော်များသို့ ပါဝင် တက်ရောက်ပြသနိုင်ရေး၊ မြန်မာဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စိုးမြတ်နန္ဒာအား ဆုချီးမြှင့်စဉ်**



မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်အနုပညာရှင်များက ဆောင်ရွက်ရမည့် ရည်ရွယ်ချက် (၅)ရပ်ရှိသည်။ ယင်းတို့မှာ-

(၁) ရုပ်ရှင်လောကသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကိုအလေးထားဆောင်ရွက်ရန်၊

(၂) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်မှုအပိုင်းတွင် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊

(၃) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ထုတ်လုပ်မှုအဆင့်အတန်း၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး စျေးကွက်ရရှိအောင် ဆောင်ရွက်ရန်၊

(၅) နိုင်ငံတော်၏အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ထမ်းဆောင်ကြရန်တို့ဖြစ်ကြသည်။

မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်လာစေရန်မှာ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင်ထိန်းသိမ်းနိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်လောကသားများကို ဦးဆောင်၍ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင်

(၁) ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်မှန်းချက်

(၂) အတ္တ၊ ပရ မျှတစွာ ဆောင်ရွက်မှု

(၃) ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းဆောင်ရွက်မှု

(၄) စည်းလုံးညီညွတ်မှု

(၅) ပူးပေါင်းဆောင်ရွက်မှုနှင့်

(၆) စိတ်ရှည်၊ သည်းခံ၊ နားလည်ခွင့်လွှတ်မှု စသည့်အချက်များကို အခြေခံပြီး ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ရွေးချယ်ရာတွင် အခြေခံမှု (၇)ရပ်ကို အခြေခံပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ရေးအဖွဲ့အဆင့်ဆင့်က ထူးချွန်ဆုတစ်ခုချင်းစီကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့်အညီ ကြည့်ရှုစိစစ်၍အကဲဖြတ်ကာ ရွေးချယ်ကြရသည်။ ၂၀၀၄ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရေးအဖွဲ့အဆင့်ဆင့်က ရုပ်ရှင်ဇာတ်ကားပေါင်း (၂၇)ကားကို အပြန်ပြန်အထပ်ထပ်ကြည့်ရှုအကဲဖြတ်ပြီးမှ ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) များကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

## ၂၀၀၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အကောင်းဆုံး ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများ

| စဉ် | ဆုအမည် | ရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁ | ရုပ်ရှင်ဇာတ်ကားတည်းဖြတ်ဆု | ဇော်မင်း (ဟံသာမြေ) | လျှို့ဝှက်သောနှင်း |
| ၂ | ရုပ်ရှင်ဇာတ်ညွှန်းဆု | ငြိမ်းမင်း | လျှို့ဝှက်သောနှင်း |
| ၃ | ရုပ်ရှင်ဓာတ်ပုံဆု | ကိုကိုဌေး (ထိပ်တန်း) | လျှို့ဝှက်သောနှင်း |
| ၄ | ရုပ်ရှင်တေးဂီတဆု | စိန်မွတ်တား (မန္တလေး) | ပန်းဒဏ္ဍာရီ |
| ၅ | ရုပ်ရှင်အသံထူးချွန်ဆု | အေးမြင့် (ဇာတ်လမ်းရုပ်ရှင်) | လျှို့ဝှက်သောနှင်း |
| ၆ | အမျိုးသားဇာတ်ပို့ဆု | ညွန့်ဝင်း | လျှို့ဝှက်သောနှင်း |
| ၇ | ရုပ်ရှင်ဇာတ်ကားဆု | စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေး | လျှို့ဝှက်သောနှင်း |
| ၈ | အမျိုးသမီးဇာတ်ပို့ဆု | စိုးမြတ်နန္ဒာ | ချစ်ခြင်းငယ်ပြိုင် |
| ၉ | အမျိုးသမီးဇာတ်ဆောင်ဆု | အိန္ဒြာကျော်ဇင် | မျက်နှာများတဲ့ကောင်းကင် |
| ၁၀ | ရုပ်ရှင်ဒါရိုက်တာဆု | စင်ရော်မောင်မောင် | လျှို့ဝှက်သောနှင်း |
| ၁၁ | အမျိုးသားဇာတ်ဆောင်ဆု | လွင်မိုး | တစ်ခါကရောဝတီညများ |

ခမ်းငယ်

**မြန်မာ့သမိုင်းဝင် မြန်မာနိုင်ငံတွင် အရှည်ဆုံး တံတား။** ။နိုင်ငံတော်အစိုးရသည် တံတားကြီးစာရင်းဝင် တံတားသစ်ကြီးပေါင်း ၂၁၃ စင်းကို နယ်မြေဒေသအနှံ့ တွင် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ဤသို့ တံတားကြီး များ တည်ဆောက်ရာတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကသာမက စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့များ၊ မြန်မာ့မီးရထားအင်ဂျင်နီယာများ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာများစသည့် လမ်းတံတားနှင့် သက်ဆိုင် သည့် အဖွဲ့အစည်းအားလုံးကို တံတားတည်ဆောက်မှု အတွေ့အကြုံနှင့် နည်းပညာရရှိအောင် လေ့ကျင့်ပျိုးထောင် ပေးပြီး တစ်နိုင်ငံလုံးရှိ တံတားကြီးများကို ဝိုင်းဝန်း တည်ဆောက်စေခဲ့ခြင်းဖြစ်သည်။

ယင်းသို့ တည်ဆောက်ခဲ့သော တံတားကြီးများအနက် မြန်မာနိုင်ငံတွင် အရှည်ဆုံးခေတ်အမီဆုံး တံတားကြီး မှာ သံလွင်မြစ်ကူးတံတား (မော်လမြိုင်) မီးရထား ချဉ်းကပ်တံတားကြီးဖြစ်သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်၏ အရှည်လျားဆုံးဖြစ်သည့် အဆိုပါတံတားကြီးကို ဖွင့်လှစ် နိုင်ခဲ့သည်။ ယင်းဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အကြီး အကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက် အားပေး ချီးမြှင့်ခဲ့သည်။ ထိုစဉ်က တံတားကြီး၏ အဓိကပင်မ အပိုင်း ကားလမ်း၊ ရထားလမ်းနှင့် လူသွား လမ်းတို့ကို တည်ဆောက်ပြီးစီးခဲ့သော်လည်း တံတား ကြီးကို ချဉ်းကပ်သည့် ရထားချဉ်းကပ်တံတားများကို တည်ဆောက်နေဆဲကာလဖြစ်သည်။ ထို့နောက် ရထား ချဉ်းကပ်တံတားများ တည်ဆောက်ပြီးစီးသွားပြီ ဖြစ်၍ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁၇)ရက်နေ့ မြန်မာ့နှစ်သစ်ကူး အခါသမယ၌ သံလွင်တံတား (မော်လမြိုင်)မီးရထား




**မြန်မာ့သမိုင်းဝင် မြန်မာနိုင်ငံတွင်အရှည်ဆုံးတံတား (သံလွင်တံတား)**

တံတားကြီးနှင့် ခေတ်မီမော်လမြိုင်ဘူတာရုံသစ်ကြီးကိုပါ ပြီးပြည့်စုံစွာ ဖွင့်လှစ်နိုင်ခဲ့ပေသည်။

ယခုအချိန်တွင် မော်လမြိုင်ဘက်နှင့် မုတ္တမဘက်မှ ပါ ချဉ်းကပ်ရထားတံတားများနှင့် ချဉ်းကပ်ရထားလမ်း များကို ပြည့်စုံစွာ တည်ဆောက်ပြီးစီးသွားသည့်အတွက် မော်တော်ကားရော မီးရထားများပါ သံလွင်တံတားကြီး ပေါ်မှ လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ် သည်။

ထို့ကြောင့် မော်လမြိုင်သံလွင်မြစ်ကျော်ကားလမ်း တံတားကြီးဖွင့်လှစ်ပေးခဲ့ပြီးနောက် တစ်နှစ်အကြာတွင် ဤကဲ့သို့ မီးရထားလမ်းနှင့် ခေတ်မီဘူတာရုံအသစ်ကြီး ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

မြန်မာ့သမိုင်းဝင်တံတားကြီး (မော်လမြိုင်)ကို တည်ဆောက်ရာ၌ မော်လမြိုင်ဘက်ခြမ်းတွင် ချဉ်းကပ် တံတားအရှည် ၁ ဒသမ ၂၂ မိုင်၊ မုတ္တမဘက်ခြမ်းတွင် ချဉ်းကပ်တံတားအရှည် ၁ ဒသမ ၄၂ မိုင် အပါအဝင် စုစုပေါင်း ရထားသံလမ်း ၄ ဒသမ ၇၅ မိုင်ကို မြန်မာ့ မီးရထားနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ခက်ခက်ခဲခဲတည်ဆောက်ခဲ့သည်။တည်ဆောက်ရသည့် ချဉ်းကပ်တံတားတိုင်များသည် မြင့်မားရှည်လျားသည့် အပြင် တံတားတည်ဆောက်မှုလုပ်ငန်းသည် နည်းပညာ အရ အလွန်လက်ဝင်သည့်လုပ်ငန်းမျိုးဖြစ်သည်။ ပင်မ တံတားကြီးကိုသာမက ရထားလမ်းများကိုပါ မြန်မာ အင်ဂျင်နီယာအတတ်ပညာရှင်များက ပင်ပင်ပန်းပန်း ကြိုးကြိုးစားစားကြံစည်လုပ်ကိုင်တည်ဆောက်နိုင်ခဲ့ သည်။ ထို့ကြောင့် ကားလမ်း၊ ရထားလမ်း၊ လူသွားလမ်း တို့နှင့် ပြည့်ပြည့်စုံစုံထည့်သွင်းတည်ဆောက်ထားသည့် သံလွင်တံတား (မော်လမြိုင်)သည် မြန်မာ့သမိုင်းဝင် တံတားကြီးဖြစ်သည်။ တံတားကြီးသည် နည်းပညာအရ အဆင့်အတန်းရှိသည့် တံတားကြီးဖြစ်သည့်အပြင် နိုင်ငံတော်နှင့် ဒေသအတွက်နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေးတို့အရလည်း အရေးပါသည့် တံတားကြီးဖြစ်သည်။

သံလွင်တံတား (မော်လမြိုင်) ရထားတံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအင်ဂျင် နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာများက ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၌ ပြီးစီးခဲ့သောကြောင့် တည်ဆောက်ချိန်ကာလ (၃)နှစ်ကြာမြင့်ခဲ့သည်။

သံလွင်တံတား (မော်လမြိုင်)ကို စတင်တည်ဆောက် ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၉၈) ဆုံးဖြတ်ချက်အရ သံလွင်မြစ်၊ အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်ဆုံတွေ့ရာ၏ အောက်ဘက်တွင် သုံးနေရာလျာထားပြီး အကြံအင်ဂျင် နီယာလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နံပါတ် (၂)နေရာဖြစ် သည့် မော်လမြိုင်ဘက်ကမ်းမှ မုတ္တမဘက်ကမ်းသို့ ခေါင်းဆေးကျွန်း၏ အောက်ဘက်ပေ ၃၀၀ ခန့်အကွာ ၌ တံတားဆောက်လုပ်ရန် ရွေးချယ်ခဲ့သည်။ ရွေးချယ် ရသည့် အကြောင်းရင်းမှာ အခြားတံတားလျာထား အကြောင်းနှစ်ခုထက် ပိုမိုတိုတောင်းပြီး ချဉ်းကပ်လမ်း ကိုလည်း ပေရှည်နည်းနည်းဖြင့် ဆောင်ရွက်နိုင်သည့် အတွက်ဖြစ်သည်။

ရွေးချယ်ပြီးတံတားနေရာကို နိုင်ငံတော်အကြီးအကဲ ထံတင်ပြအတည်ပြုချက်ရယူပြီးနောက် ၁၉၉၈ ခုနှစ် တွင် စတင်မြေစမ်းသပ်ခဲ့သည်။ ရေလယ်တိုင်များအတွက် မြေစမ်းတွင်း ၂၂ တွင်း စမ်းသပ်ပြီး ချဉ်းကပ်တံတား အတွက်မြေစမ်းတွင်း စမ်းသပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး အသေးစိတ်တံတားပုံစံများကို ခြောက်လ အတွင်း အပြီးပုံထုတ်ခဲ့သည်။

ယင်းတံတား၏ ထူးခြားချက်မှာ တည်ဆောက်ပြီး အခြားကား/မီးရထားတံတားများနှင့် မတူဘဲ တံတား သံပေါင်အတွင်း၌ပင် ကားလမ်း ၂၈ ပေ နှစ်လမ်းမောင်း နှင့် မီးရထားလမ်း ၁၆ ပေကို ထည့်သွင်းတည်ဆောက် ထားခြင်းဖြစ်သည်။ ယင်းတံတားကြီး၏ ကားလမ်းအပိုင်း

ချဉ်းကပ်တံတားနှင့် သံပေါင်တံတားကို စတင်ရန် ၂၀၀၀ ပြည့်နှစ် မတ် ၁၈ ရက်တွင် ပန္နက်တင်အခမ်း အနားဖြင့် ဆောင်ရွက်ခဲ့သည်။

ပင်မတံတားသံပေါင်အရှည် ၇၆၉၉ ပေရှိပြီး မော်လမြိုင်ဘက်ကမ်းချဉ်းကပ်တံတားမှာ ၁၆၂၄ ပေ နှင့် မုတ္တမဘက်ကမ်းချဉ်းကပ်တံတားမှာ ၂၂၅၂ ပေ စုစုပေါင်းကားလမ်းတံတား၏အရှည်မှာ ၁၁၅၇၅ ပေရှိသည့်အတွက် မြန်မာပြည်တွင်တည်ဆောက်ပြီးတံတားများအနက် အရှည်ဆုံးတံတားဖြစ်သည်။ ရေလယ်တိုင်များ၏ အောက်ခြေအုတ်မြစ်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဘိုးပိုင် ၂၈ လုံးတွဲ လေးထောင့်ပုံဘိုးပိုင် ချင်းဆက်ခွေအတွင်းသို့ ကွန်ကရစ်အပြည့်ဖြည့်သွင်းသည့် အုတ်မြစ်စနစ်ဖြစ်သော Virtual Caisson Type Foundation နည်းကို မြန်မာပြည်၌ ပထမဆုံးစတင် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ယင်းတံတား၏ ထူးခြားပြီးခက်ခဲသည့်လုပ်ငန်းမှာ ရေလယ်တိုင်များ၏ အောက်ခြေအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည်။ ရေအနက်ပေ ၁၀၀၊ မြစ်ရေစီးနှုန်းက တစ်စက္ကန့်လျှင် ၁၆ ပေကျော်နှုန်း (တစ်နာရီလျှင် ၁၁ မိုင်နှုန်း)စီးဆင်းမှုရှိပြီး ကျောက်လွှာထဲကို ပေ ၄၀ အနက်အထိ ဝင်အောင် ဖောက်လျက် ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည်။ တိုင်တစ်တိုင်ကို ဘိုးပိုင် ၂၈ လုံးတွဲ Virtual Caisson Type Foundation နည်းစနစ်ကို သုံးစွဲထားခြင်း ဖြစ်သည်။

ရေလယ်တိုင် ၂၂ တိုင်ရှိသည့်အနက် ၁၁ တိုင်၌ ရိုးရိုးဘိုးပိုင်တူးစနစ်ကိုသုံးပြီး ကျန်ရေနက်သည့် ၁၁ တိုင်ကို Virtual Caisson Type Foundation နည်းစနစ်ကို သုံးခဲ့ရသည်။ စုစုပေါင်း ရိုးရိုးဘိုးပိုင် ၁၁ တိုင်အတွက် ဘိုးပိုင်အလုံးပေါင်း ၁၆၀ နှင့် Caissson ဘိုးပိုင် ၁၁ တိုင်အတွက် ဘိုးပိုင်အလုံးပေါင်း ၃၀၈ လုံး၊ စုစုပေါင်း ၄၆၈ လုံး ဆောင်ရွက်ရာတွင် အချိန်နှစ်နှစ်ခွဲကြာမြင့်ခဲ့သည်။

ပင်မတံတားကြီး၏ သံပေါင်အရှည် ၇၆၉၉ ပေကို တပ်ဆင်ခဲ့ရာတွင် ၂၀၀၃ ခုနှစ် မတ် ၃၀ ရက်ကစပြီး နှစ်ဖက်စလုံးမှ တစ်ပြိုင်တည်းပေါင်းကူးတပ်ဆင်နည်း ကို အသုံးပြုခဲ့၍ ၃၆၁ ရက်အကြာ ၂၀၀၄ ခုနှစ် မတ် ၂၆ ရက်တွင် ပြီးစီးခဲ့သည်။ ကားလမ်းအချောသတ်လုပ်ငန်းများကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ပြီးစီးခဲ့ပြီး ၅-၂-၂၀၀၅ ရက်တွင် ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနက် ၁၇၉ စင်းမြောက်အဖြစ် ဖွင့်လှစ်ပေးခဲ့သည်။

မီးရထားတံတားချဉ်းကပ်တံတားအပိုင်းကို ဖော်ပြရလျှင် မော်လမြိုင်ဘက်ကမ်းတွင် ၁၉-၁-၂၀၀၃ ရက်က စတင်ဆောင်ရွက်ခဲ့သည်။ ခန်းဖွင့်များမှာ ၃၅ ပေ ၁ ခန်း၊ ပေ ၅၀ ၁ ခန်း၊ ပေ ၆၀-၆ ခန်း၊ ၇၅ ပေ ၁ ခန်း၊ ၈၅ ပေ ၆၉ ခန်း၊ ၉၅ ပေ ၁ ခန်း၊ စုစုပေါင်း ၇၉ ခန်းရှိသည်။

ကားလမ်းတံတားနှင့်တွဲလျက် တံတားတိုင် အပါအဝင် ချဉ်းကပ်တံတားတိုင်ပေါင်း ၇၉ တိုင်ကို ၁ မီတာခွဲအချင်းရှိပြီး မြေဝင်ပျမ်းမျှမီတာ ၂၀ အနက်ရှိသည့် ဘိုးပိုင် ၂၈၀ ကို တူးဖော်ဆောင်ရွက်ခဲ့ပြီး အရှည်မှာ ၆၄၈၁ ပေရှိသည်။ တံတားခန်းဖွင့်များတွင် ၃၅ ပေရှည်သော သံကူကွန်ကရစ်ရက်မလေးချောင်းနှင့် ပေ ၅၀ မှ ၉၅ ပေ ရှည်သည့် Pre.tension နှင့် Post.tension ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ ၃၀၇ ချောင်း၊ ပေါင်း ၃၁၁ ချောင်း ပြုလုပ်အသုံးပြုခဲ့ရသည်။ မော်လမြိုင်ဘက်ကမ်းတွင် တောင်ရိုးတန်းနှင့် ခေါင်းဆေးကျွန်းကြားတွင် ဘိုးပိုင်တူးရသည်မှာ လိပ်သည်းကျောက်လွှာရှိနေ၍ ရိုးရိုးမြေတွင်တူးသကဲ့သို့ မလွယ်ဘဲ ကျောက်လွှာများကို တွင်းပုံစံမပျက်အောင် ပထမအဆင့် Core Barrel ဖြင့် ဖြတ်လှီးရသည်။ ထို့နောက် ကျောက်များ

ကြေသွားအောင် Jumper ဖြင့် ထုချေရသည်။ ကြေသွားသည့် ကျောက်လွှာများကို Carbite bit ခေါ် ကျောက်ဖောက်သွားများတပ်ဆင်ထားသော လွန်သွားဖြင့် ပထမတူးဖွရသည်။ ပြီးနောက် ကျောက်ဖောက်သွားများတပ်ဆင်ထားသည့် Bucket ဖြင့် ဆက်တူးရသည်။ တစ်နေကုန်တူးမှ အနက်မီတာဝက်မှ ၁ မီတာအထိသာလုပ်ငန်းပြီးသည့်အတွက် နေ့ရောညပါ ဆောင်ရွက်ကြရသည်။

မုတ္တမဘက်ကမ်းတွင်လည်း ၂၅-၈-၂၀၀၃ ရက်တွင် လုပ်ငန်းစတင်ခဲ့သည်။ ချဉ်းကပ်တံတားခန်းဖွင့်များမှာပေ ၆၀-၆ ခန်း၊ ၆၂ ပေ-တစ်ခန်း၊ ၈၄ ပေ-လေးခန်း၊ ၈၅ ပေ-၇၇ ခန်း၊ ပေ ၉၀-တစ်ခန်း၊ ၁၀၅ ပေ-တစ်ခန်း၊ စုစုပေါင်းခန်းဖွင့် ၉၀ ရှိသည်။

သံလွင်တံတား (မော်လမြိုင်)ရထားတံတား၏ မုတ္တမဘက်ခြမ်းတွင်မြေသားချဉ်းကပ်လမ်း ၁ ဒသမ ၃၀ မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ ဒသမ ၄၂ မိုင် စုစုပေါင်း (မြေသား+တံတား)ချဉ်းကပ်လမ်း ၂ ဒသမ ၇၂ မိုင်၊ မော်လမြိုင်ဘက်ခြမ်းတွင် မြေသားချဉ်းကပ် လမ်း ၀ ဒသမ ၈၁ မိုင်နှင့် တံတားချဉ်းကပ်လမ်း ၁ ဒသမ ၂၂ မိုင် စုစုပေါင်း (မြေသား+တံတား) ချဉ်းကပ် လမ်း ၂ ဒသမ ၀၃ မိုင် ရှိသည်။ မြေသားချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ သံလမ်းခင်းခြင်းနှင့် မော်လမြိုင်ဘူတာသစ်ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ပြီး ပင်မတံတားကြီးနှင့် အဆိုပါ ပင်မတံတားကြီးသို့ ချဉ်းကပ်သည့် ချဉ်းကပ်တံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်အရှည်ဆုံးတံတားကြီးဖြစ်သည့် မြန်မာ့သမိုင်းဝင် သံလွင်တံတား (မော်လမြိုင်)တံတားကြီးကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ တနင်္သာရီတိုင်းထားဝယ်မြို့အထိ မီးရထားလမ်းတစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်၍ မွန်ပြည်နယ်က ပြည်သူများအတွက်သာမက တစ်နိုင်ငံလုံးကပြည်သူများအတွက်ပါ အဘက်ဘက်က အကျိုးပြုနိုင်တော့မည်ဖြစ်ပေသည်။

ထက်နောင်လွင်

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။ ။ ဗြိတိန်နိုင်ငံသားအများစုက မစ္စတာဂေါ်ဒွင်ဘရောင်းကို တိုနီဘလဲထက်ဝန်ကြီးချုပ်အဖြစ် ပိုမိုလိုလားကြကြောင်း ဇန်နဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော သဘောထားစစ်တမ်းအရ သိရှိရသည်။ အာဏာရလေဘာပါတီက ပြိုင်ဘက်ကွန်ဆာဗေးတစ်များကို ၃၈ ရာခိုင်နှုန်း ၃၁ ရာခိုင်နှုန်းဖြင့် ရွေးကောက်ပွဲမကျင်းပမီလေးလအလို၌ ဦးဆောင်နေကြောင်း ပြသနေသည်ဟု အိုင်စီအမ်စစ်တမ်းတွင် ဖော်ပြထားသည်။ လစဉ်ပြုလုပ်နေကျ ဝန်ကြီးချုပ် တိုနီဘလဲ၏ သတင်းစာရှင်းလင်းပွဲနှင့် အချိန်ကိုက်လျက် ဗြိတိန်နိုင်ငံ၏ ဩဇာအရှိဆုံးပါတီကြီးနှစ်ခုမှ အမတ်များက တင်းမာမှုများ ပြန်ပေါ်လာခဲ့သည်။ သဘောထားဆန္ဒပေးသူ ၂၇ ရာခိုင်နှုန်းက ဘရောင်းကို ဝန်ကြီးချုပ်ဖြစ်စေလိုကြပြီး ၂၆ ရာခိုင်နှုန်းက ဘလဲကို ဝန်ကြီးချုပ်ဖြစ်စေလိုကြသည်။ သတင်းစာရှင်းလင်းပွဲ၌ ဝန်ကြီးချုပ် တိုနီဘလဲ မိန့်ခွန်းပြောကြားချိန်မှာပင် မစ္စတာဘရောင်းက သတင်းစာဆရာများနှင့် တွေ့ဆုံပြီး ကမ္ဘာတွင် ဆင်းရဲသော နိုင်ငံများအား အကူအညီပေးရေးကို ပြောကြားသည်။

ရှက်ဖွယ်ရာနှင့် တုန်လှုပ်ချောက်ချားစရာ အမည်ရှိခေါင်းစဉ်အောက်တွင် မတရားနှိပ်စက်ညှဉ်းပန်းခံရသော အီရတ်လူမျိုးတို့၏ ဓာတ်ပုံများကို ဗြိတိသျှသတင်းစာများ၏ မျက်နှာဖုံး၌ ဖော်ပြသောဓာတ်ပုံအချို့မှာ အဝတ်မပါသော အီရတ်အကျဉ်းသားများဖြစ်ပြီး အခြားဓာတ်ပုံတစ်ပုံမှာ ကြိုးတုပ်ခံထားရသော အကျဉ်းသားတစ်ဦးကို တပ်သားတစ်ဦးက လက်သီးဖြင့် ထိုးရန်ဟန်ပြင်နေပုံဖြစ်သည်။ ယင်းဓာတ်ပုံများက အာရပ်ကမ္ဘာကို ဒေါသထွက်စေပြီး ဗြိတိသျှစစ်ဘက်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေကြောင်း တိုင်းသတင်းစာက ရေးသားဖော်ပြသည်။ ယင်းဓာတ်ပုံများပေါ်ထွက်လာသောကြောင့် ဗြိတိန်နိုင်ငံ၏ ဝါရင့်ဗိုလ်ချုပ်ကြီးဆာမိုက်ခ်ဂျက်ဆင်က ကြေညာချက်ထုတ်ပြန်ခဲ့ရသည်။ မတရားညှဉ်းပန်းမှု လုပ်ရပ်များအားလုံးကို မိမိတို့ပြစ်တင်ရှုတ်ချကြောင်း၊ မတရားညှဉ်းပန်းနှိပ်စက်မှုရှိသောနေရာတွင် ချက်ချင်းအရေးယူစုံစမ်းခဲ့ကြောင်းစသည် ဖြင့် ကြေညာချက်၌ ဖော်ပြထားသည်။

## ယူနိုက်တက်ကင်းဒမ်းနိုင်ငံ

အရပ်သားများ သေဆုံးမှုနှင့်ပတ်သက်၍ စွပ်စွဲချက် အသစ်များကို စုံစမ်းစစ်ဆေးဖော်ထုတ်လိုက်သဖြင့် ဗြိတိသျှစစ်သားများမှာ အီရတ်နိုင်ငံတွင် တရားစွဲဆိုမှု အသစ်များကို ရင်ဆိုင်ရဖွယ်ရာရှိကြောင်း ဖေဖော်ဝါရီ လ ၁၄ ရက်နေ့ထုတ် သတင်းစာတစ်စောင်က ရေးသား ဖော်ပြသည်။ အီရတ်နိုင်ငံတောင်ပိုင်း ဗြိတိသျှတို့ အုပ်ချုပ်သောဒေသတွင် အီရတ်နိုင်ငံသား ခြောက်ဦး သေဆုံးရသော အထောက်အထားများကို တွေ့ရှိရပြီး ဗြိတိသျှစစ်သားများက သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မိသားစုများက စွပ်စွဲထားသည်ဟု အင်ဒီပင်းဒင့်သတင်းစာ က ရေးသားဖော်ပြသည်။

မေလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ ၌ အောင်ပွဲခံရေးအတွက် မဲဆွယ်ပွဲစတင်ချိန်မှစ၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ လေဘာပါတီမှာ

မေလ ၅ ရက်နေ့ အထွေထွေရွေးကောက်ပွဲမတိုင်မီ တွေ့ကြုံနေရသော အခက်အခဲများစွာအနက်တစ်ခုမှာ အီရတ်စစ်ပွဲ၌ ပါဝင်နေခြင်းကြောင့် ပြည်သူတို့ယုံကြည် မှုမရှိခြင်းပင်ဖြစ်ကြောင်း ဧပြီလ ၅ ရက်နေ့က ပြုလုပ် သော တွေ့ဆုံမေးမြန်းခန်းတွင် ဝန်ကြီးချုပ်တိုနီဘလဲ က ပြောကြားခဲ့သည်။

အထွေထွေရွေးကောက်ပွဲမကျင်းပမီ ရက်သတ္တ နှစ်ပတ်ခန့်အလိုတွင် အတိုက်အခံပါတီများက အီရတ် စစ်ပွဲနှင့်ပတ်သက်၍ဝန်ကြီးချုပ်တိုနီဘလဲအား ဧပြီလ ၂၄ ရက်နေ့က တိုက်ခိုက်ဝေဖန်ခဲ့ကြသည်။ စစ်ပွဲကို ထောက်ခံသော ကွန်ဆာဗေးတစ်တို့က အမေရိကန် ဦးဆောင်သော ကျူးကျော်စစ်ကို ဘလဲက တရားမျှတ မှုရှိကြောင်းလုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့ကြသည်။ စစ်ပွဲကို ဆန့်ကျင်ကန့်ကွက်သော ဒီမိုကရက်တို့က



ဗြိတိန်တပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရသည့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ

အတိုက်အခံကွန်ဆာဗေးတစ်ပါတီအား အရှုံးပေးခဲ့ရ သည်ဟု ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ထုတ်ပြန်သော လူထုသဘောထားအရသိရှိရသည်။ ၁၉၉၇ ခုနှစ်တွင် အာဏာရရှိ၍ ၂၀၀၁ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲ ၌ လူများစုထောက်ခံမှုထပ်မံရရှိခဲ့သော ဘလဲအား ထောက်ခံဆဲဖြစ်ပုံပေါ်သော်လည်း တတိယသက်တမ်း အတွက် အောင်ပွဲခံရေးမှာ မသေချာကြောင်း လူထု ဆန္ဒခံယူပွဲအရ သိရှိရသည်။

တရားဥပဒေအရ စုံစမ်းစစ်ဆေးရန် တောင်းဆို၍ ဝန်ကြီးချုပ်ကို ပြည်သူတို့ ယုံကြည်မှုမှေးမှိန်လာပြီဟု ပြောကြားခဲ့သည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်းရိုဘင်ကွတ် ၅၉ နှစ်သည် နှလုံးရောဂါခံစားခဲ့ရပြီးနောက် ဩဂုတ်လ ၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။လေဘာပါတီအမတ် သည် စကော့တလန်နိုင်ငံကုန်းမြင့်ဒေသ ဘင်စတက် တောင်ကုန်းများတွင် မိတ်ဆွေများနှင့် လမ်းလျှောက်စဉ်

လဲကျကွယ်လွန်ခြင်းဖြစ်ကြောင်း သတင်းစာက ရေးသား ဖော်ပြသည်။

ဗြိတိသျှစစ်တပ်အတွင်း ဝင်လိုသူတပ်သားသစ် တစ်ဦးရရှိအောင် ဆောင်ရွက်ပေးသည့်အတွက် ပေါင်ငွေ ၅၀၀ ပေးမည့်အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာလ ၃၀ ရက်နေ့ထုတ်သတင်းစာ တစ်စောင် ၌ ဖော်ပြထားသည်။ ယင်းအစီအစဉ်ကို သီတင်း ခြောက်ပတ်အချိန်ယူကာ စမ်းသပ်ကျင့်သုံးမည်ဖြစ်ပြီး အောင်မြင်မှုရှိပါက ဆက်လက်ကျင့်သုံးသွားမည်ဖြစ် ကြောင်း ဆန်းဒေးတယ်လီဂရပ်သတင်းစာက ရေးသား ခဲ့သည်။ ဗြိတိသျှတပ်ဖွဲ့တစ်ခုလုံးကို ခြုံ၍ကြည့်လျှင် စစ်သားစုဆောင်းရေးရည်မှန်းချက်ပြည့်မှီခြင်း မရှိ ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ရရှိသော အစီရင်ခံ စာကို အခြေခံ၍ အထက်ပါသတင်းကို ရေးသားခြင်း ဖြစ်ကြောင်း တယ်လီဂရပ်သတင်းစာကဆိုသည်။ ကြည်းတပ်အနေဖြင့် တပ်ဖွဲ့ဝင်သစ်စုဆောင်းရာတွင် လူ ၁၈၀၀ မှ ၂၀၀၀ အထိလိုအပ်ချက်ရှိသည်။

**လန်ဒန်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှု-** လန်ဒန်မြို့ မြေအောက်ရထားလမ်းတွင် လေးနေရာဗုံးခွဲတိုက်ခိုက်ပြီး နောက် အနည်းဆုံးလူ ၃၇ ဦး သေဆုံး၍ ၃၅၀ ဒဏ်ရာ ရရှိကြောင်း စကော့တလန်ယတ်ရဲအဖွဲ့က ပြောကြား သည်။ စကော့တလန်နိုင်ငံတွင် ကျင်းပသော (ဂျီ ၈) ထိပ်သီးအစည်းအဝေးမှ လန်ဒန်မြို့သို့ ပြန်အရောက် တွင် ဝန်ကြီးချုပ်တိုနီဘလဲက ရက်စက်သောအကြမ်း



**အကြမ်းဖက်သမားဟု သံသယရှိသူများကို လုံခြုံရေးကင်မရာမှ ရိုက်ယူထားခဲ့ပုံ**

ဖက်မှုဖြစ်ကြောင်း ပြောကြားသည်။ လန်ဒန်တွင် အကြမ်းဖက်ဖောက်ခွဲမှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် က ဇူလိုင်လ ၇ ရက်နေ့တွင် ပြင်းထန်စွာရှုတ်ချခဲ့သည်။ လန်ဒန်၌ အကြမ်းဖက်ဗုံးခွဲမှုကြောင့် ဇူလိုင်လ ၈ ရက် ညနေပိုင်းအထိ လူ ၅၀ ကျော် သေဆုံးပြီး ၇၀၀ ခန့် ဒဏ်ရာရခဲ့သည်။



**ဗုံးဖောက်ခွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေး ဝန်ထမ်းများက ကယ်တင်နေပုံ**

ဇူလိုင်လ ၇ ရက်နေ့က လန်ဒန်မြို့တွင် ဗုံးခွဲ တိုက်ခိုက်မှုများကြောင့် လူ ၅၀ ကျော် သေဆုံးခဲ့ပြီး နောက် ဇူလိုင်လ ၂၁ ရက်နေ့က လန်ဒန်မြို့ မြေအောက် ဘူတာရုံသုံးရုံတွင် ဗုံးခွဲပေါက်ကွဲမှုသတင်းများ ထပ်မံ ထွက်ပေါ်လာခဲ့သည်။ ယင်းဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာ ရသူမရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်မှုနှိမ်နင်းရန်နှင့် အကြမ်းဖက်အဖွဲ့အစည်းများကို ခြေမချနိုင်စေရန် တားဆီးရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီ အစဉ်များမှာ ပြည့်စုံမှုမရှိသည့်အပြင် တလွဲတချော်ဖြစ် နေ၍ အောင်မြင်မှုမရဘဲဖြစ်နေကြောင်း ဝန်ကြီးချုပ် တိုနီဘလဲထံ တင်သွင်းသောအစီရင်ခံစာတွင် ဖော်ပြ ထားသည်။ အကြမ်းဖက်မှုဆိုင်ရာ မူဝါဒများမှာ ပကတိ အခြေအနေများနှင့် ကိုက်ညီမှုမရှိကြောင်း အစီရင်ခံစာ တွင် ဖော်ပြထားသည်။

**အီရတ်စစ်ပွဲဗြိတိသျှတပ်ဖွဲ့ဝင်များအရေး-** ဘဂ္ဂဒက် မြို့အနီး၌ ဇန်နဝါရီလ ၂၉ ရက်နေ့က သယ်ယူပို့ဆောင်







**ဒိုင်ယာနာနှင့် လက်ထပ်ရန် အိမ်ရှေ့မင်းသားချားလ်ကို တိုက်တွန်းခဲ့သည်ဆိုသော ကမ်မီလာနှင့် အိမ်ရှေ့မင်းသားချားလ်အီဒင်ဘတ်ဂါဒင်းပါတီပွဲတွင် တွေ့ရစဉ်**

ရေးလေယာဉ်ပျက်ကျရာ၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၅ ဦး သေဆုံးခဲ့ရာ အီရတ်အရေးအခင်း၌ တစ်နေရာတည်း တစ်ချိန်တည်းတပ်သားအများဆုံးကျဆုံးခြင်းဖြစ်ကြောင်း ဗြိတိသျှစစ်ဘက်က ပြောကြားသည်။

၂၀၀၃ ခုတွင် အီရတ်၌ ကျဆုံးခဲ့သောဗြိတိသျှစစ်ရဲ ၆ ဦး၏ မိသားစုများက စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က လန်ဒန်မြို့တွင် တောင်းဆိုခဲ့ကြသည်။ အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များတိုက်ခိုက်မှုကြောင့် သေဆုံးရသော အီရတ်လူမျိုးအရေအတွက်ကို စာရင်းကောက်ယူရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကို နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးကျွမ်းကျင်သူများက မတ်လ ၁၄ ရက်တွင် တိုက်တွန်းခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်တို့ ယုံကြည်အားထားသော စစ်နှင့်ဆက်နွယ်သော သေဆုံးမှုအရေအတွက်မှာ မယုံကြည်ရကြောင်း ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ စပိန်၊ အီတလီနှင့် ဩစတြေးလျနိုင်ငံတို့မှ ကျွမ်းကျင်သူများ ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့သော



**လန်ဒန်မြေအောက်ဘူတာရုံ ဗုံးကွဲမှုကြောင့် ဒဏ်ရာရသွားသည့် နိုင်ငံသားတစ်ဦး**



**ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ကယ်ဆယ်နေပုံ**

ဒုတိယမြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဥရောပမြို့ကြီးများတွင် စစ်ဆန့်ကျင်သူ ထောင်ပေါင်းများစွာက မတ်လ ၁၉ ရက်နေ့၌ စုစည်းဆန္ဒပြခဲ့ကြသည်။

အီရတ်ကျူးကျော်ရေးစစ်ပွဲတွင် ဗြိတိန်နိုင်ငံက အမေရိကန်ကိုထောက်ခံသည့်အတွက် ဗြိတိန်နိုင်ငံမှ အကြမ်းဖက်တိုက်ခိုက်အန္တရာယ်ပိုမိုများပြားလာရကြောင်း လုံခြုံရေးရာ ကျွမ်းကျင်သူများက ဇူလိုင်လ ၁၈ ရက်နေ့တွင် ဝေဖန်ပြောကြားသည်။ လူ ၅၅ ဦး သေဆုံးရသော ဇူလိုင်လ ၇ ရက်နေ့က လန်ဒန်ဗုံးခွဲမှုများ၏ နောက်ကွယ်တွင်ရှိနေသည်ဟု ယူဆရသော အယ်လ်ကိုင်ဒါအဖွဲ့အနေဖြင့် အီရတ်စစ်ပွဲကြောင့် လူသစ်စုဆောင်းခြင်းနှင့် ရန်ပုံငွေရှာခြင်းတို့ကို တိုးမြှင့်ဆောင်ရွက် လာရသည်။

အီရတ်စစ်ပွဲစရိတ်နှင့် စစ်ပွဲပြီးသည့်နောက် လုံခြုံမှုထိန်းသိမ်းရေးစရိတ်တို့အတွက် ၂၀၀၅ ခုနှစ် မတ်လကုန်ဆုံးချိန် ဘဏ္ဍာရေးနှစ်အထိ ဗြိတိသျှအစိုးရက ပေါင်ငွေ (၃) ဒသမ (၁) ဘီလီယံကုန်ကျခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပြောကြားခဲ့သည်။

**ဦးရဲလွင်**

## ရာမညကိုကိုနိုင် (ခရစ် ၁၉၂၃-၂၀၀၅)။ ။

သုတေသီရာမညကိုကိုနိုင် ကလောင်နာမည်ဖြင့် စာပေများရေးသားခဲ့သူ ကန်တော့ခံသက်ကြီးစာပေပညာရှင် အငြိမ်းစားဗိုလ်မှူးချုပ်ခင်အုန်းကို ဖခင်ဦးအုန်းဖေ၊ မိခင် ဒေါ်ခင်မြင့်တို့က ၁၉၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့၌ ရန်ကုန်မြို့၊ ပုဇွန်တောင်တွင် မွေးဖွားသည်။

ဦးခင်အုန်းသည် စစ်ကြိုခေတ်က မွန်ပြည်နယ်သထုံမြို့ အစိုးရအထက်တန်းကျောင်း၌ အင်္ဂလိပ်-မြန်မာ ၁၀ တန်းအထိ ပညာသင်ယူသည်။ ၁၉၃၈ ခုနှစ်တွင် သထုံမြို့ အစိုးရအထက်တန်းကျောင်း ကျောင်းသားသပိတ်၌ သမဂ္ဂတွဲဖက်အတွင်းရေးမှူး၊ သံမဏိတပ်ဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သည်။

ဦးခင်အုန်းသည် ၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် တော်လှန်ရေးပြီးသည်အထိ ပါဝင်ခဲ့ပြီး တို့ဗမာဆင်းရဲသားအစည်းအရုံးစည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ဖူးသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တပ်မတော်တွင် တပ်သားအဆင့်မှ ဒုတိယ



စာရေးဆရာ သုတေသီရာမညကိုကိုနိုင်

ဗိုလ်မှူးကြီးအဆင့်အထိ လေ့ကျင့်ရေးတပ်၊ ဗိုလ်သင်တန်းကျောင်း၊ ခြေမြန်တပ်ရင်း၊ တပ်မဟာနှင့် တိုင်းစစ်ဌာနချုပ်များ၌ ထမ်းဆောင်သည်။ ၁၉၆၂ ခုနှစ်မှစ၍ ကျောင်းအုပ်ကြီး၊ တပ်မဟာမှူး၊ တပ်မမှူး၊ တိုင်းမှူးတာဝန်များကို ဗိုလ်မှူးကြီးအဆင့်ဖြင့် ထမ်းဆောင် သည်။ တပ်မတော်တွင် ဗိုလ်မှူးချုပ်အဆင့်အထိ တာဝန်ထမ်းဆောင် ပြီး အငြိမ်းစားယူသည်။ ထို့ပြင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဒုတိယ ဝန်ကြီး၊ ဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနတွင် ဝန်ကြီး၊ ပြည်သူ့တရားသူကြီးအဖွဲ့တွင် အဖွဲ့ဝင်၊ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးခင်အုန်းသည် ပန်းချီ၊ ပန်းပု၊ ဂီတသုခုမပညာရပ်များနှင့် မြန်မာစာပေကို လေ့လာလိုက်စားသူဖြစ်သည်။ 'အမွေခံထိုက်သော မြန်မာ့ပန်းပုပညာ'၊ 'ရှေးက မြန်မာ့စောင်းပညာရှင်များနှင့် စောင်းဝေါဟာရ'၊ '၁၉၄၅ ခုနှစ် ဖက်ဆစ်ဝါဒီများကို တော်လှန်တိုက်ခိုက်ခဲ့စဉ်က' စသည့် စာအုပ်များကို ရေးသားထုတ်ဝေသည်။ ၁၉၈၅ ခုနှစ်အတွက် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ)ကို 'မြန်မာ့စောင်း သိကောင်းစရာနှင့် တတ်ကောင်းစရာ' စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသား စာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ)ကို 'မြန်မာ့ရုပ်သေးနှင့် ရုပ်သေးပန်းပုရုပ်ထု ပညာသိကောင်းစရာ' စာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု (စာပဒေသာပထမ ဆု)ကို 'စစ်ပါရဂူနှင့်ကဗျာ့ဝိဒူ' စာမူဖြင့်လည်းကောင်း ဆွတ်ခူးရရှိသည်။

ဦးခင်အုန်းသည် နိုင်ငံတော်က ချီးမြှင့်သော တိုက်ပွဲဝင်တံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊လွတ်လပ် ရေးမော်ကွန်းဝင် (ပထမဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)တို့ကို ရရှိသည်။

ဝတ္ထုတိုများ၊ ယဉ်ကျေးမှုနှင့် ပန်းချီ၊ ပန်းပု၊ ဂီတ အနုပညာဆိုင်ရာဆောင်းပါးများရေးသားခဲ့ဖြစ်သည့် အငြိမ်းစားဗိုလ်မှူးချုပ်ခင်အုန်း (သုတေသီရာမညကိုကိုနိုင်)သည် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီးခြောက်ဦး၊ မြေး ၁၃ ဦးနှင့် မြစ်သုံးဦး ကျန်ရစ်သည်။



စာရေးဆရာရွှေတည်စံ

**ရွှေတည်စံ (ခရစ် ၁၉၁၆-၂၀၀၅)။** ။ကန်တော့ခံသက်ကြီးစာပေ ပညာရှင်စာရေးဆရာကြီး ရွှေတည်စံ ကလောင်နာမည်ခံ ဦးစန်းမောင်ကို ဖခင် ဦးဘိုးငြိမ်း၊ မိခင် ဒေါ်မြခဲတို့က ၁၉၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ပေါင်းတည်မြို့၌ မွေးဖွားသည်။

ဦးစန်းမောင်သည် ဘကြီးတော်စပ်သူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာပေပညာသွန်သင်မှုကို ခံယူလျက် အသက် ၁၈ နှစ်အရွယ်မှစတင်၍ ဒဂုံမဂ္ဂဇင်းတွင် ဆန္ဒနှင့်အညီ ကဗျာကိုစတင်ရေးသားပြီး စာပေလောကထဲသို့ ဝင်ရောက်သည်။ စာပေလောကထဲသို့ ဝင်ရောက်ခဲ့ပြီးနောက် ဒဂုံမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ တောင်သူလယ်သမားဂျာနယ်၊ လုပ်သားဂျာနယ်၊ ကြီးပွားရေးမဂ္ဂဇင်း၊ လူထု၊ အိုးဝေဂျာနယ်၊ ရှေ့သို့စာစောင်နှင့် မှခင်းပေါင်းစုံတို့တွင် ဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာများကို နှစ်ပေါင်း ၅၀ ကြာ ရေးသားသည်။

ဦးစန်းမောင်သည် သူရိယသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ဟံသာဝတီသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဗိုလ်တထောင်သတင်းစာနှင့် အင်္ဂလိပ်သတင်းစာများတွင် ဒိုက်ဦးမြို့နယ် သတင်းထောက်အဖြစ် ဆောင်ရွက်သည်။ ထို့ပြင် ဒိုက်ဦးမြို့နယ်၊ စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌနှင့် ပဲခူးတိုင်း သတင်းထောက်ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်သည်။

ဦးစန်းမောင်သည် ပေါင်းတည်မြို့နယ်နှင့် သဲကုန်းမြို့နယ်တွင် အင်္ဂလိပ်နှင့် ဂျပန်တို့ကို တော်လှန်ရာ၌ အာရှလူငယ်အဖွဲ့၊ ဘီဒီအေ၊ ဘီအိုင်အေနှင့် ဗမာ့တပ်မတော်တို့တွင် ပါဝင်လှုပ်ရှားသည်။ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလှိုဏ်ဂူတော်ကြီးနှင့် မဟာစည်သာသနာ့ရိပ်သာထူထောင်ရာတွင် ညောင်ရမ်းဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်းတိပိဋကဓရဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်၊ ဆာဦးသွင်၊ ဝန်ကြီးချုပ်ဦးနုတို့နှင့်အတူ ပါဝင်ဆောင်ရွက်သည်။ ထို့ပြင် မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် ကမ္ဘာအေးစေတီတော်ပိဋကတ်စာကြည့်တိုက်တို့တွင် အကျိုးတော်ဆောင်အဖြစ်လည်း ဆောင်ရွက်သည်။

ဦးစန်းမောင်သည် မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် ဆရာတော်၏ အံသွားတော်ကို ဆဋ္ဌသင်္ဂါယနာတင် မော်ကွန်းပြတိုက်သို့ လှူဒါန်းသည်။

ဦးစန်းမောင်သည် ၁၉၇၃ ခုနှစ်၊ ဩဂုတ်လတွင် သစ်လုပ်ငန်းကော်ပိုရေးရှင်း (အက်စ်တီဘီ)၏ ကိုယ်စားလှယ်နှင့် ဘားမားအင်ပို့တားစင်ဒီကိတ်မန်နေဂျင်းဒါရိုက်တာအဖြစ် နိုင်ငံရပ်ခြား ၂၁ နိုင်ငံသို့ ကျွန်းသစ်နှင့် ပျဉ်းကတိုးသစ်များ ဈေးကွက်ရှာဖွေရန် လှည့်လည်ဆောင်ရွက်သည်။

ကန်တော့ခံသက်ကြီးစာပေပညာရှင် ဦးစန်းမောင် (စာရေးဆရာရွှေတည်စံ)သည် ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ဦးနှင့် မြေးနှစ်ဦးကျန်ရစ်သည်။

စိုးအောင်

ရွှေဒေါင်းညို၊ ဦး (ခရစ် ၁၉၁၀-၂၀၀၅)။ ။ အဘိဓမ္မာဆိုင်းပညာရှင် ဆရာမြ၊ အမိ ဒေါ်မိတို့က ဖွားမြင်သည်။ ငယ်မည် မောင်ညက်ဖြစ်သည်။ ဆရာမြမှာ ဘခင်လက်ထက်တော်ကလေးနန်းတွင်းလက်ယာဆိုင်းတော်တီးနေမျိုးသီရိကျော်ခေါင်ဘွဲ့ခံ ဆရာမင်းကြီး၏ညီ ဆရာလပ်ကြီးတို့၏ သားဖြစ်သည်။

ဘိုးဘွားမိဘမျိုးရိုးဆိုင်း ပညာဖြင့် အသက်မမွေးလိုသဖြင့် သဘင်ပညာအရပ်ရပ်ကို အစ်ကိုဝမ်းကွဲစိန်မြသွင်ထံမှ ဆည်းပူးခဲ့သည်။ စိန်မြသွင်ဇာတ်တွင်ဆီးသီးကောက်မင်းသားအဖြစ်၊ ထို့နောက် မြခြေကျင်း မငွေမြိုင်အဖွဲ့တွင် ရှေ့ထွက်မင်းသားအဖြစ် ကပြရင်း၊ ပညာဆည်းပူးခဲ့သည်။ ထိုစဉ်က မင်းသားအမည်မှာ (ဘီအေညက်) ဖြစ်သည်။ ထို့နောက် လေဘာတီမြရင်အငြိမ့်တွင် ရှေ့ထွက် မင်းသမီးအဖြစ်လည်းကောင်း၊ နှစ်ပါးခွင် မင်းသားအဖြစ်လည်းကောင်း ကပြခဲ့သည်။ ထို့နောက်

သဘင်ပညာရှင်ကြီး ရွှေဒေါင်းညို



မန္တလေး ငွေဒေါင်းစိန်အမည်ဖြင့် ရန်ကုန်အခြေစိုက်ဇာတ်အဖွဲ့၌ ကပြသည်။ လွတ်လပ်ရေးခေတ်ဦးမှစ၍ သဘင့်တက္ကသိုလ်ရွှေဒေါင်းညို အမည်ဖြင့် ကိုယ်ပိုင်ဇာတ်ထောင်ခဲ့သည်။

(၁၉၅၂-၅၃) မန္တလေးမြို့ ပန်တျာကျောင်း စတင်ဖွင့်လှစ်သောအခါ အကနည်းပြဆရာအဖြစ် တာဝန်ပေးခြင်းခံရသည်။

(၁၉၅၆)၌ မန္တလေးဆရာအတတ်သင်သိပ္ပံတွင် ဂီတနှင့်အက ကထိကအဖြစ် သင်ကြားပြသပေးခဲ့သည်။

၁၉၆၀တွင် တရုတ်မြန်မာ နယ်နိမိတ်သတ်မှတ် ရေးမြန်မာယဉ်ကျေးမှုအဖွဲ့ဝင်အဖြစ်၊ တရုတ်နိုင်ငံသို့ သွားရောက်ကာ 'ဧရာဝတီပြောသောပုံပြင်' အကဇာတ်ကို အကနည်းပြအဖြစ်တာဝန်ယူခဲ့သည်။

၁၉၆၂ မှ ကွယ်လွန်ချိန်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတွင် အကနည်းပြချုပ်၊ ဇာတ်စီးပညာရှင်၊ ဇာတ်သဘင်အကြံပေးပုဂ္ဂိုလ်၊ ယဉ် ကျေးမှုတက္ကသိုလ်ကောင်စီဝင်အဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံသဘင်အစည်းအရုံး နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးရွှေဒေါင်းညို ဖန်တီးတင်ဆက်ခဲ့သောအနုပညာများမှာ အမျိုးသားကဗျာလွတ်၊ အမျိုးသမီးအက အခြေခံ (သီချင်း)၊ မြေဝိုင်း၊ မြိုင်ထနှင့် ခေတ်နှစ်ပါးသွား (သီချင်း+အက)၊ နန်းတွင်းအိုးစည်အက၊ မကိုင်ငှအက၊ ဓားခင်း၊ လေးခင်းအက၊ ရုပ်ကြီးစင်အက၊ ပုဂံနံရံပန်းချီသရုပ်ဖော်အက၊ ခါးပုံဆွဲအက စသည်များဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက တင်ဆက်သော စန္ဒကိန္နရီကဇာတ်၊ ဖိုးရာဇာကဇာတ်၊ ဟံသကုမ္မာကဇာတ်၊ရန်အောင်မြင် ကဇာတ်၊ စဉ့်ကူးမင်းခေါင်းလောင်း တော်ဇာတ်ကြီးတို့တွင် အကနည်းပြချုပ်အဖြစ်လည်းကောင်း၊ ဇာတ်စီးပညာရှင်အဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

မြန်မာယဉ်ကျေးမှုအဖွဲ့ဝင်အဖြစ် ထိုင်း (၁၉၅၄)၊ တရုတ် (၁၉၆၀)၊ လန်ဒန်၊ ရောမ (၁၉၆၂) များသို့ သွားရောက်ခဲ့သည်။

ဦးရွှေဒေါင်းညိုသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ ဇာတ်သဘင်ဗဟိုအကဲဖြတ်အဖြစ် ဆောင်ရွက်ခဲ့သည်။ (၂၀၀၅) ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်ဆု (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။

ဦးရွှေဒေါင်းညို၏ ရင်သွေးများဖြစ်ကြသော စာရေးဆရာ ချစ်ဦးညိုသည် ယနေ့မြန်မာစာပေလောကတွင် ထင်ရှားသော စာရေးဆရာအဖြစ် တည်ရှိနေသည်။ ထို့ပြင် ဇာတ်သဘင်မင်းသမီး ဒေါ်မလေးသည်လည်း ရွှေဒေါင်းညို၏ မျိုးဆက်အဖြစ် မြန်မာ့ဇာတ်သဘင်အနုပညာလောကတွင် ထင်ရှားကျော်ကြားသည်။

မြန်မာ့သဘင်လောကကို အရိုးကို အရွက်မဖုံးစေဘဲ တိုးတက်အောင်ဆောင်ရွက်ခဲ့သော သဘင်ပညာရှင်ကြီး ဦးရွှေဒေါင်းညိုသည် ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ (၄)ရက်နေ့၊ အသက် ၉၆ နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

လက်တင်အမေရိကနိုင်ငံများ။ ။ ၂၀၀၅ ခုနှစ်အတွင်း လက်တင်အမေရိကဒေသတွင် ဖြစ်ပေါ်တိုးတက်ခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးစသည့် အကြောင်းအရာများကို နိုင်ငံအလိုက် စုစည်းတင်ပြထားပါသည်။

ဗင်နီဇွဲလား- တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် အပြန်အလှန်ဆက်သွယ်မှုနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးမြှင့်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဟု ဗင်နီဇွဲလားနိုင်ငံ၌ အလည်အပတ်ရောက်ရှိနေသော တရုတ်ဒုတိယသမ္မတက ကရာကတ်မြို့တွင် ဇန်နဝါရီလ ၃၀ ရက်နေ့၌ ပြောကြားခဲ့သည်။ ဗင်နီဇွဲလားဒုတိယသမ္မတဂျို့စ်ဗီစင်တီရန်ဂယ်နှင့် အစည်းအဝေးပြုလုပ်စဉ် တရုတ်ဒုတိယသမ္မတမစ္စတာဇန်က တရုတ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့မှာ ဆက်သွယ်ရေး၊ အဆင့်မြင့်ပုဂ္ဂိုလ်များအပြန်အလှန်လည်ပတ်ရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တိုးမြှင့်စေရေးအတွက် လုပ်ဆောင်သင့်သည်စသည် ဖြင့် ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် ရေနံစူးစမ်းရှာဖွေရေးနှင့် ရေနံသန့်စင်ချက်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကန့်သတ်ချက်သဘောတူညီမှုတစ်ခုကို မတ်လ ၆ ရက်နေ့က နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနားလည်မှုစာချွန်လွှာကိုဟိုက်ဒြိုကာဗွန်ကဏ္ဍနှင့် ရေနံစူးစမ်းရှာဖွေထုတ်လုပ်ရေး၌ ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယအိုအင်ဂျီစီဗီဒက်ချ်လီမိတက်နှင့် ဗင်နီဇွဲလားနိုင်ငံပိုင် ပက်ထရိုလီယံကုမ္ပဏီတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ မိမိတို့ သည် အထူးသဖြင့် ဟိုက်ဒြိုကာဗွန်နယ်ပယ်တွင်အိန္ဒိယ နှင့် ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို လက်ကမ်းကြိုဆိုပါကြောင်း နယူးဒေလီမြို့သို့ အလည်အပတ်ရောက်ရှိလာသော ဗင်နီဇွဲလားသမ္မတဟူဂို ချာဗက်စ်က ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံက ယင်း၏ရေနံသယံဇာတကြွယ်ဝမှုဖြင့် အိမ်နီးချင်းနိုင်ငံများ မငြိမ်မသက်ဖြစ်အောင် ပြုလုပ်နေကြောင်း အမေရိကန်စွပ်စွဲချက်ကို ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်စ်က ဩဂုတ်လ ၅ ရက်နေ့၌ ပယ်ချခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၁၉၉၉ ခုနှစ် ချာဗက်စ်အာဏာရလာချိန်မှစ၍ ဆက်ဆံရေးတင်းမာမှုများဖြစ်ခဲ့ရသည်။

ဗင်နီဇွဲလားနိုင်ငံနှင့် အဓိကရေနံဖောက်သည်ဖြစ်သော အမေရိကန်ပြည်ထောင်စုတို့၏ တည်ငြိမ်မှုမရှိသော ဆက်ဆံရေးမှာ အိမ်ဖြူတော်တွင် သမ္မတဘုရှ်ဆက်လက်ရှိနေသမျှကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်နိုင်သော အခွင့်အရေးနည်းပါးနေကြောင်း ဗင်နီဇွဲလားက နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။ လက်တင်အမေရိကဆိုင်ရာ ထိပ်တန်းအမေရိကန် သံတမန်က ဗင်နီဇွဲလားသမ္မတချာဗက်စ်မှာ ဒီမိုကရေစီအတွက် အန္တရာယ်ရှိသည်ဟု ဝေဖန်ပြောကြားပြီးနောက် တစ်နေ့တွင်ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးကဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ဗင်နီဇွဲလားပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေခြင်းကို ငြင်းပယ်ရုံမှတစ်ပါး အခြားလုပ်စရာမရှိတော့ကြောင်း ဘုရှ်အစိုးရနှင့် ပုံမှန်ဆက်ဆံနိုင်ရေးသည်ပင် ခက်ခက်ခဲခဲရှိနေကြောင်း အရာရာကပြသနေသည်ဟု ဗင်နီဇွဲလား နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံတွင် ဒီဇင်ဘာလ ၃ ရက်နေ့၌ ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို အတိုက်အခံပါတီက သပိတ်မှောက်မည့်လှုပ်ရှားမှုအား ထောက်ခံမှု



**မက္ကဆီကိုသမ္မတ ဖစ်စင်တီဖောက်နှင့် ဂျော့ဘုရှ်တို့ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်ပြဿနာအဖြေရှာနေကြစဉ်**

ပေးနေခြင်းဖြင့် အမေရိကန်အစိုးရက မိမိနိုင်ငံအား တည်ငြိမ်မှုမရှိစေရန် ကြိုးပမ်းနေကြောင်း ဗင်နီဇွဲလားက စွပ်စွဲခဲ့သည်။

**မက္ကဆီကို-** မက္ကဆီကိုအစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအပေါ် ဝေဖန်နေမှုများကို ရပ်တန့်က ရပ်ရန် မက္ကဆီကို သမ္မတဖစ်စင်တီဖောက်က အမေရိကန်ပြည်ထောင်စုအား ဩဂုတ်လ ၁၆ ရက်နေ့က ပြောကြားခဲ့သည်။ အမေရိကန်အစိုးရက အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်တစ်လျှောက် မက္ကဆီကို အစိုးရ၏ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသော အကြမ်းဖက်မှုများ နှိမ်နင်းရေးဆောင်ရွက်မှုများမှာ စိုးရိမ်ဖွယ်ရာဖြစ်လာသည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ပြဿနာများရှာနေကြောင်း၊ မိမိအစိုးရ၏ဆောင်ရွက်မှုများကို အပြစ်မြင်နေကြောင်း မက္ကဆီကိုသမ္မတက ပြောကြားခဲ့သည်။ ယခုကဲ့သို့ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီးပြဿနာများကို ထောက်ပြနေမည့်အစား မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်အစိုးရကို ပြောကြားလိုကြောင်း ဖောက်စ်က ပြောကြားသည်။ မက္ကဆီကိုနယ်စပ်တွင် ၂၀၀၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူ ၆၀၀ ကျော် သေဆုံးခဲ့ရသည်။

မက္ကဆီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ လူ ၂၁ ဦး သေဆုံးသွားကြောင်း မက္ကဆီကို ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂ ရက်နေ့က ပြောကြားသည်။ စတန်အမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကို ပင်လယ်ကွေ့ကမ်းခြေတစ်လျှောက်တွင် အောက်တိုဘာလ ၄ ရက်နေ့က အပြင်းအထန်တိုက်ခတ်သွားခဲ့ရာ လူများဘေးကင်းရာသို့ ပြောင်းရွှေ့ကြရပြီး ရေနံဆိပ်ကမ်းများ ပိတ်ထားရသည့်အပြင် လူ ၆၅ ဦး သေဆုံးခဲ့ရသည်။ အမေရိကတိုက်အလယ်ပိုင်းနှင့် မက္ကဆီကိုတောင်ပိုင်းဒေသတို့တွင် စတန်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုမှုများ၊ ရေလွှမ်းမှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပွားခဲ့ရာ လူ ၁၆၂ ဦးထက်မနည်း သေဆုံးသည်။

**ဘရာဇီး-** ဘရာဇီးနှင့် ဘူဂေးရီးယားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား အားကစားနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို ဘရာဇီးသမ္မတ လူးဇ်အီနာစီရို လူလာဒါနှင့် ဘူဂေးရီးယားသမ္မတ ဂူရိုရိုင်ပါဗာနော့ဗ်တို့ ဇန်နဝါရီလ ၁၄ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယားရှိ သမ္မတအိမ်တော်၌ဘရာဇီးသမ္မတကဘူဂေးရီးယားသမ္မတကို ပထမအကြိမ်တွေ့ဆုံကြခြင်းဖြစ်သည်။ ဘရာဇီးနှင့် ဘူဂေးရီးယားနိုင်ငံတို့၌ရှိသော သံတမန်ဆိုင်ရာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်လည်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်တွင် နှစ်နိုင်ငံအကြား သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ပညာတော်သင်များ အပြန်အလှန်စေလွှတ်ရေးစီမံကိန်း၌ အထောက်အကူပြုရန်လည်း ပါဝင်သည်။ ထို့ပြင် ဘရာဇီးနိုင်ငံ အားကစားဝန်ကြီးဌာနနှင့် ဘူဂေးရီးယားလူငယ်နှင့် အားကစားဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအတွက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်သည် ကုလသမဂ္ဂပြန်လည်ဖွဲ့စည်းရေးနှင့်စပ်လျဥ်း၍ ထောက်ခံမှုပေးရန် ဘရာဇီးသမ္မတလူဝစ်အင်နာစီရိုလူလာဒါဆီးလ်ဗားနှင့် ဧပြီလ ၁ ရက်နေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးရာ၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂပြန်လည်ဖွဲ့စည်းရေးကိစ္စ ကို ထောက်ခံရန် ယေဘုယျအားဖြင့် သမ္မတက ကတိပြုကြောင်း ဘရာဇီးအစိုးရက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ဇီဝဒီဇယ်လောင်စာအမျိုးအစားကို အခြားနိုင်ငံများထက် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့ဦးဆောင်ဇီဝဒီဇယ်ထုတ်လုပ်သော နိုင်ငံအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း သမ္မတလူဝစ်အင်နာစီရိုလူလာဒါဆီးလ်ဗားက နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ပြောကြားသည်။ လာမည့် ၁၀ နှစ်နှင့် ၁၅ နှစ်တာကာလအတွင်း ဇီဝဒီဇယ်ထုတ်လုပ်ရေးလုပ်ငန်းတွင် ဘရာဇီးနိုင်ငံသည် ရှေ့တန်းမှ ဦးဆောင်သော နိုင်ငံအဖြစ်ရောက်ရှိလာမည်။ ၂၀၀၅ နှစ်ကုန်ပိုင်းတွင် ယင်းလုပ်ငန်းနယ်ပယ်၌ အလုပ်လုပ်နေသော အလုပ်သမား ၃၅၀၀၀၀ မျှရှိလာမည်ဖြစ်သည်ဟု ဘရာဇီးသမ္မတက ပြောကြားသည်။ လက်ရှိအခြေအနေ၌ပင် ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် မက်သနောအများဆုံးထုတ်လုပ်သောနိုင်ငံနှင့် အများဆုံးတင်ပို့သောနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ထိုမက်သနောများကို နိုင်ငံတွင်းထွက်ရှိသော ကြံကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ထုတ်လုပ်နေခြင်းဖြစ်သည်။

ကျူးဘား- စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ကျူးဘားနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့ သဘောတူစာချုပ်ကို ဟာဗားနားမြို့တွင် ဇန်နဝါရီလ၁၉ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူစာချုပ်အရ ကျူးဘားနိုင်ငံက စစ်သင်္ဘောတည်ဆောက်ရေး နည်းပညာပေးရေးအဖြစ် စီးပွားရေးနှင့် သိပ္ပံနယ်ပယ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကျူးဘားနိုင်ငံရေးကို အများယုံကြည်လက်ခံမှု ပျက်ပြားစေရန် ကျူးဘားနိုင်ငံ၌ ကျင့်သုံးနေသော နိုင်ငံရေးစနစ်ကို ကမ္ဘာကမသိအောင် အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းနေသည်ဟု ကျူးဘားပါလီမန် အကြံပေးပုဂ္ဂိုလ် ဂျော်ဂျီလက်ဇ်ကာနီက မတ်လ ၉ ရက်နေ့ကပြောကြားခဲ့သည်။ ကျူးဘားတော်လှန်ရေးအထီးကျန်ပြီး ပျက်စီးစေရန် ကြိုးပမ်းရာတွင် ၂၀၀၄ ခုနှစ် မေလက အမေရိကန်သမ္မတ ဂျော့ချ်ဘုရှ်အတည်ပြုထောက်ခံခဲ့သောအစီအစဉ်တွင် အမေရိကန်ပြည်ထောင်စုသည် ကျူးဘားနိုင်ငံ၏ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို တိုက်ခိုက်ခဲ့သည်ဟု ဟာဗားနားမြို့တွင် ပြုလုပ်သော လူထုအစည်းအဝေး၌ မိန့်ခွန်းပြောကြားစဉ် လက်ဇ်ကာနီက ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် ကျူးဘားခေါင်းဆောင်များမှာ ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ပြီး ဆက်ဆံရေးတိုးတက်စေရန် ပေကျင်းမြို့၌ ဧပြီလ ၂၀ ရက်နေ့က သန္နိဋ္ဌာန်ပြုခဲ့ကြသည်။ ကျူးဘားခေါင်းဆောင်ကက်စထရိုနှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က မကြာသေးမီနှစ်များအတွင်း တရုတ်နှင့် ကျူးဘားနိုင်ငံတို့ နက်ရှိုင်းစွာချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြကြောင်း စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှုများလည်း ရရှိခဲ့ကြကြောင်း ပြောကြားခဲ့သည်။

ကျူးဘားနိုင်ငံအပေါ် နှစ်ပေါင်းများစွာ ပိတ်ပင်ကန့်သတ်မှုပြုလုပ်ခဲ့ခြင်းကြောင့် ကျူးဘားနိုင်ငံ၏ စီးပွားရေးကို ထိခိုက်နစ်နာခဲ့ရသည့်ပြင် ကော်ဖီနှင့် ဆေးရွက်ကြီးစသော ဇိမ်ခံပစ္စည်းများအသုံးပြုမှုနှင့် ဝေးခဲ့ရသော အမေရိကန်များအတွက် နစ်နာဆုံးရှုံးခဲ့ရကြောင်း ကျူးဘားအစိုးရသတင်းစာက အောက်တိုဘာလ ၈ ရက်နေ့၌ ရေးသားဖော်ပြသည်။ အမေရိကန်က ကျူးဘားနိုင်ငံအပေါ် ၁၉၆၀ ပြည့်နှစ်က ပိတ်ပင်ကန့်သတ်မှုများ ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ပြီးနောက် ကုန်သွယ်ရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၈၂



**လူးဇ်အီနာစီရိုလူလာဒါ**

ဘီလီယံ ကျူးဘားနိုင်ငံ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည် ဟု သတင်းစာက ရေးသားသည်။ လက်တင်အမေရိကန် တွင် မတည်မငြိမ်ဖြစ်အောင် ကျူးဘားအစိုးရနှင့် ဗင်နီဇွဲလားအစိုးရတို့က ပြုလုပ်နေကြောင်း အမေရိကန် ပြည်ထောင်စု၏ စွပ်စွဲချက်ကို ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုနှင့် ဧည့်သည်တော်ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်တို့က ဩဂုတ်လ ၂၀ ရက်နေ့တွင် ပယ်ချခဲ့ကြသည်။ နှစ်နှစ်အတွင်း သမ္မတနှစ်ဦးဖယ်ရှား ခံရသော ဘိုလီဗီးယားနိုင်ငံတွင် နိုင်ငံရေး မတည်မငြိမ် ဖြစ်အောင် ဗင်နီဇွဲလားနှင့် ကျူးဘားနိုင်ငံတို့ ကြိုးပမ်း နေကြသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်စဖီးက စွပ်စွဲပြောကြားခဲ့သည်။

နှစ်ပေါင်း ၄၀ ကြာ ကျူးဘားနိုင်ငံအပေါ် စီးပွား ရေးပိတ်ပင်ထားခဲ့မှုကို အမေရိကန်နိုင်ငံက ပြန်လည် ရုပ်သိမ်းပေးရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ရာ ကမ္ဘာ့နိုင်ငံအားလုံး နီးပါးက နိုဝင်ဘာလ ၈ ရက်နေ့တွင် မဲပေးခဲ့ကြသည်။ အမေရိကန်အစိုးရက ကျူးဘားနိုင်ငံအပေါ် ကုန်သွယ် ရေး၊ ဘဏ္ဍာရေးနှင့် ခရီးသွားလာရေးတို့တွင် ပိတ်ပင် အရေးယူထားခြင်းကို ရုပ်သိမ်းရေးဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ထောက်ခံမဲ ၁၈၂ မဲ၊ ကန့်ကွက်မဲ လေးမဲ နှင့် ကြားနေမဲ တစ်မဲဖြင့် အဆုံးအဖြတ်ပေးခဲ့သည်။

**ကိုလံဘီယာ-** ကိုလံဘီယာရဲတပ်ဖွဲ့သည် စက်ချွတ်ယွင်း သဖြင့် ကာရစ်ဘီယံပင်လယ်အတွင်းရှိ ဆန်အင်ဒီဒရီ ကျွန်းပေါ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသော အပေါ့စား လေယာဉ်တစ်စင်းအတွင်းမှ ကိုကင်း (၁) ဒသမ (၅) တန်ဖော်ထုတ်ဖမ်းဆီးမိကြောင်း အာဏာပိုင်များက စက်တင်ဘာလ ၁ ရက်နေ့က ပြောကြားသည်။ လေယာဉ် ဆင်းသက်ပြီးနောက် လေယာဉ်ပေါ်တွင် လိုက်ပါလာ သူသုံးဦးအနက် နှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွား သော်လည်း လေယာဉ်မှူးကိုမူ ဖမ်းဆီးမိခဲ့သည်။

ကိုလံဘီယာ၊ မက္ကဆီကိုနှင့် အီကွေဒေါနိုင်ငံတို့မှ ရဲတပ်ဖွဲ့များသည် ညှိနှိုင်းဆောင်ရွက်သော စစ်ဆင်ရေး လုပ်ငန်းအနေဖြင့် နိုင်ငံတကာမူးယစ်ဆေးဝါးမှောင်ခို ဂိုဏ်းတစ်ဂိုဏ်းကို နိုဝင်ဘာလ ၁၁ ရက်နေ့က ဖြိုခွင်း လိုက်ကြောင်း မူးယစ်ဆေးဝါးဂိုဏ်းတွင် ပါဝင်လှုပ်ရှား နေသူ ၃၆ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီး ကိုကင်း လေးတန်ကိုလည်း သိမ်းဆည်းလိုက်ကြောင်း ကိုလံ ဘီယာရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ ကိုလံ ဘီယာနိုင်ငံမှ မူးယစ်ဆေးဝါများကို မက္ကဆီကိုနှင့် အီကွေဒေါနိုင်ငံတို့မှတစ်ဆင့် အမေရိကန်ပြည်ထောင်စု နှင့် ဥရောပနိုင်ငံများသို့ မှောင်ခိုတင်ပို့နေသော ဒုစရိုက် ဂိုဏ်းကို (ဂျာကွာ)ဟု အမည်ပေးထားသော စစ်ဆင်ရေး လုပ်ငန်းဖြင့် ဒေသဆိုင်ရာရဲတပ်ဖွဲ့များ ပူးပေါင်းကာ ဖြိုခွင်းခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာနိုင်ငံအရှေ့တောင်ပိုင်း၌ ကဲလီရက်စ် မီးတောင်မှာ နိုဝင်ဘာလ ၂၄ ရက်နေ့က ပေါက်ကွဲမှု များဖြစ်ပွားရာ မီးတောင်အနီးပတ်ဝန်းကျင်တွင် နေထိုင် သူ ၉၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အစိုးရ က နှိုးဆော်ထားသည်။ မီးတောင်ပေါက်ကွဲမှု အခြေအနေ မှာ ပြင်းထန်လာနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြား ခဲ့သည်။ လွန်ခဲ့သော တစ်နှစ်ကျော်ကာကလ ဂါလီရက်စ် မီးတောင်က ဓာတ်ငွေ့အနည်းငယ်နှင့် ပြာမှုန့်များထွက်

ရှိခဲ့ပြီး တောမီးလည်းလောင်ကျွမ်းခဲ့သည်။ ထိုသို့ ဖြစ်ပွားခဲ့သော်လည်း ဒဏ်ရာရသူမရှိဟု သိရှိရသည်။ ယင်းမီးတောင်သည် ၁၉၉၃ ခုနှစ်က ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ရဖူးသည်။

ကိုလံဘီယာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ လက်ယာစွန်းရောက် အရပ်သားလက်နက်ကိုင်တပ်ဖွဲ့ဝင်များက နှောင့်ယှက်မည်ကို စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်သံအမတ်ကြီး ဝီလီယံဝုဒ်က ပြောကြားခဲ့ပြီးနောက် အမေရိကန်က ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေကြောင်းကို ကိုလံဘီယာအစိုးရက ပြင်းပြင်းထန်ထန်ဝေဖန်ပြောကြားခဲ့သည်။ တရားမဝင်အရပ်သားလက်နက်ကိုင်များက ကိုလံဘီယာဒေသဆိုင်ရာ ရွေးကောက်ပွဲတွင် မလျော်ကန်သော ဖိအားပေးမှုပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ယင်းသို့ ပြုလုပ်သူများကို အစိုးရက အရေးယူအပြစ်ပေးမည်ဟု မိမိမျှော်လင့်ကြောင်း သံအမတ်ကြီးဝီလီယံဝုဒ်က ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့သည်။

**သုခ၊ ဦး (စာရေးဆရာ၊ ဒါရိုက်တာ၊ အကယ်ဒမီဆုများရှင်) (ခရစ် ၁၉၁၀-၂၀၀၅)**။ ။ အမည်ရင်းမှာ ဦးသိန်းမောင်ဖြစ်သည်။ အဘ သူကြီးဦးစံနိုင်၊ အမိ ဒေါ်မျှင်တို့က ၁၉၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ စာဖြူစုကျေးရွာတွင် မွေးဖွားခဲ့သည်။ ကျိုက်လတ်အမျိုးသားကျောင်းတွင် ၁၉၂၆ အထိ ကျောင်းနေခဲ့ပြီး ဖျာပုံမြို့သို့ ပြောင်းရွှေ့ပညာသင်ခဲ့ရာ ၁၉၂၈ ခုနှစ်တွင် ကျောင်းထွက်ခဲ့သည်။

၁၉၂၉ ခုနှစ်တွင် စိန်သိန်းတန်ကလောင်အမည်နှင့် စံပယ်ပွင့်ဝတ္ထုကို ရေးသားပေးပို့ခဲ့ရာ ကဝိမျက်မှန်မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသည်။ ၁၉၃၀ ပြည့်နှစ်တွင် ရွှင်ပျော်ပျော်တိုက်၌ မောင်သိန်းမောင်အမည်ဖြင့်



ဦးသုခ

မိန်းမသားဝတ္ထုကို ရေးသားသည်။ ၁၉၃၄ ခုနှစ်တွင် ရွှင်ပျော်ပျော်တိုက်နှင့် လိုက်ဖက်သည့် "သုခ"ဟူသော ကလောင်အမည်ကို ခံယူခဲ့သည်။ သုခဝတ္ထုပေါင်းချုပ်ကို ငါးကြိမ်ထုတ်ဝေခဲ့သည်။

ကျောင်းနေစဉ်ကာလက ဖတ်မှတ်လေ့လာခဲ့ရသည့် မဟာဇနက၊ မဟောသဓာ၊ ဝေဿန္တရာဇာတ်တော်ကြီးများမှ ကိုယ်ပိုင်မှတ်စုများ ထုတ်ခဲ့ရာမှ အစပြု၍ နောင်တွင် "သုခမှတ်စု" ဟူသော စာတစ်အုပ်ဖြစ်ပေါ်လာသည်။

ပရိယတ္တိစာပေကို ဆရာများနှင့် စနစ်တကျမသင်ခဲ့ရသော်လည်း ဗုဒ္ဓစာပေကျမ်းဂန် ၂၀၀ ကျော်ကို ကိုယ်ပိုင်ဖတ်ရှုလေ့လာခဲ့သဖြင့် ဓမ္မရသစာပေများကို နိုင်နင်းစွာ ရေးနိုင်ခဲ့သည်။ လုံးချင်းဝတ္ထု (၁၀၀)ကျော်၊ ဝတ္ထုတိုပေါင်း (၂၀၀)ကျော်နှင့် ကျမ်းစာအုပ်ပေါင်း (၁၂)အုပ်တို့ကို ရေးသားနိုင်ခဲ့သည်။ ရာမာခရစ်ရှနာ သုတ္တန်ပုံပြင်များ၊ အကျော်ဒေးယျဗုဒ္ဓသမီးတော်များ၊ မင်္ဂလသုတ်၊ မေတ္တသုတ်၊ ရတနသုတ်၊ လောကနီတိ၊ စိတ်ဆိုသော စိတ်နှင့် ဝဋ္ဋနာဒီပနီ၊ ဓမ္မရသအလှမျိုးစုံ၊ စာမျိုးစုံ၊ သုတရသဓမ္မစာစုံစာအုပ်တို့မှာ ဘာသာရေးစာအုပ်များဖြစ်သည်။

၁၉၃၈ ခုနှစ်တွင် ချစ်အမျှ ရုပ်ရှင်ဇာတ်ညွှန်းကို ရေးသား၍ ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ချစ်အရာမြူဇာတ်ကားကို ဒါရိုက်တာအဖြစ် ပထမဆုံးရိုက်ကူးခဲ့သည်။ ထိုကားအတွက် စာရေးဆရာ အသင်းက ချီးမြှင့်သော ဂုဏ်ထူးဆောင်ရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။ ရုပ်ရှင်ရိုက်ကူးခဲ့သော ဇာတ်ကားပေါင်း (၃၄)ကားအနက် ဒါရိုက်တာအကယ်ဒမီ ဆုကို (၆)ကြိမ် ရရှိခဲ့သည်။ဩော်မိန်းမ (၁၉၅၄)၊ ဘဝသံသရာ (၁၉၅၇)၊ စကားပြောသောအသည်းနှလုံး (၁၉၆၈)၊ ကျွန်မမှာ မိန်းမသား (၁၉၇၀)၊ ဘယ်သူပြိုင်လို့ လှပါတော့နိုင် (၁၉၇၃)၊ ရွှေခြည်ငွေခြည်တန်းပါလို့ (၁၉၇၅) တို့ဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ချီးမြှင့်ခြင်း ခံရသည်။ ဆရာကြီးဦးသုခ၏ ဘဝသံသရာသီချင်းနှင့် ဂုဏ်သီချင်းတို့မှာ ကျော်ကြားသော သီချင်းများဖြစ် သည်။ ဂျပန်ခေတ်တွင် ပြဇာတ်များရေးသားကပြခဲ့ သည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းရန်ပုံငွေအတွက် ဝိဇယ၊ ဦးပေါ်ဦးပြဇာတ်များတွင် ဒါရိုက်တာလုပ်ကာ ကိုယ်တိုင်ပါဝင်ကပြခဲ့သည်။ ရယာန်းစားရသော ဆွမ်း တစ်နပ်နှင့် တစ်ပါးသီလရုပ်မြင်သံကြားဇာတ်လမ်းများ ကို ရိုက်ကူးခဲ့ရာ အထူးပင်အောင်မြင်ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ၊ ဂျာမနီနိုင်ငံ၊ ကိုရီးယားနိုင်ငံများသို့ (၃)လကြာ ရုပ်ရှင်လေ့လာရေး ထွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာ ရုပ်ရှင်ပွဲတော်သို့ (၃)ပတ်ကြာ တက်ရောက်ခဲ့သည်။ ထိုရုပ်ရှင်ပွဲတော်တွင် ဆရာကြီးဦးသုခ ရိုက်ကူးခဲ့သည့် ချစ်အမျှနှင့် ရွှေခြည်ငွေခြည်တန်းပါလို့ ဇာတ်ကားများ ပြသခဲ့ရသည်။ ဆရာကြီးသည် သားဖြစ်သူ အလုပ်လုပ် ရာ ဂျပန်နိုင်ငံသို့ ခေတ္တသွားရောက်လည်ပတ်ခဲ့ရာမှ ဂျပန်လူမျိုးများ မေလ (၁၀)ရက်နေ့တွင် နှစ်စဉ်ကျင်းပ လေ့ရှိသော မိခင်နေ့ (Mother's Day) ပူဇော်ပွဲကို နှစ်ခြိုက်သဘောကျခဲ့သည်။ မြန်မာပြည်သို့ ပြန်ရောက် ရာတွင် ဟောပြောပွဲများတွင်လည်းကောင်း၊ စာပေရေး ရာများတွင်လည်းကောင်း မိခင်များ၏ ကျေးဇူးဂုဏ်ကို ဖော်ကျူးရေးသားဟောပြောလျက် ပြာသိုလပြည့်နေ့ကို မိခင်နေ့အဖြစ် သတ်မှတ်ပူဇော်နိုင်ရန် ကြိုးပမ်းလှုံ့ဆော် ခဲ့သည်။ ဆရာကြီး၏ဆန္ဒမှာ- အမေတစ်ဦးတစ်ယောက် ၏ မွေးနေ့မဟုတ်၊ ပုဂ္ဂလမိဋ္ဌာန်တစ်ဦးတစ်ယောက်၏ မိခင်တစ်ဦးဦးကိုသာ ပူဇော်ခြင်းမျိုးမဟုတ်။ အသိ အမှတ်ပြုခြင်းမျိုးမဟုတ်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသနိုင်ငံမရွေး၊ သားတို့သမီးတို့၏ မိခင်တစ်ဦး စီကို သားသမီးအသီးသီးက ပူဇော်ကန်တော့ခြင်းမျိုး ဖြစ်စေလိုခဲ့သည်။ ထို့အပြင် အမေဟူရာ၌ ဥစ္စာခန ပေါ်များခြင်း၊ ဆင်းရဲခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်မဲ့ခြင်း၊ အမျိုး မြတ်ခြင်း၊ အမျိုးနိမ့်ခြင်း၊ ပညာရှိခြင်း၊ ပညာမဲ့ခြင်း၊ ရုပ် ရည်တင့်တယ်ခြင်း၊ မတင့်တယ်ခြင်း၊ ကိုယ်ကျင့်တရား ပြည့်ဝခြင်း၊ ကိုယ်ကျင့်တရား ချို့ငဲ့ခြင်း၊ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ မိခင်တို့၏ဝတ္တရားကျေပွန်ခြင်း၊ မိခင်တို့ ၏ ဝတ္တရား ပျက်ကွက်ခြင်းစသည်တို့ကို ပဓာနမထား၊ "အမေသည် အမေသာဖြစ်သည်"ဟူသော အနှစ်သာရ ကို ကြည်ညိုခြင်းမျိုး ဖြစ်စေလိုခဲ့ပေသည်။

ဆရာကြီးဦးသုခသည် ဗုဒ္ဓကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)၏ နာယက၊ စေတီယင်္ဂဏအသင်း နာယက၊ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာပကအဖွဲ့ ၏ ဂုဏ်ထူးဆောင်နာယကတာဝန်များဆောင်ရွက်ခဲ့ သည်။ တီ-နိစာအုပ် အနုပညာမော်ကွန်းအဖွဲ့၏ နာယက အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နာယကကြီးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက် ခဲ့သည်။

၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် လွတ်လပ်ရေး နေ့တွင် မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက် နေ့တွင်လည်း ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ အပ်နှင်းခြင်းခံခဲ့ရသည်။

ဆရာကြီးဦးသုခသည် မိမိရေးသားသော စာများတွင်ဖြစ်စေ၊ ဟောပြောပို့ချပွဲများတွင်ဖြစ်စေ "သုခိအတ္တာနံပရိဟရန္တု"ဟူသော စာကြောင်းဖြင့် နိဂုံးအဆုံးသတ်၍ မိမိပရိသတ်ကို ဆုတောင်းမေတ္တာပို့သမြဲဖြစ်သည်။ တောင့်တတိုင်း အလိုပြည့်သည့်အတုအယောင်စိတ်ချမ်းသာမှုမျိုးသာ မဟုတ်ဘဲ လောဘ၊ ဒေါသ၊ မောဟကင်းသော ပီတိသုခဓမ္မချမ်းသာစွာဖြင့် မိမိကိုယ်တိုင် သဘောပေါက်ဆောင်ရွက်ခံစားနိုင်ကြပါစေဟု လေးနက်စွာ မေတ္တာပို့သခြင်းဖြစ်ကြောင်း "သုခနှင့်သုခစာအုပ်"၏ စာမျက်နှာ ၁၃၆ ပါ "သုခိအတ္တာနံပရိဟရန္တု"ဆောင်းပါးတွင် ရေးသားဖော်ပြခဲ့သည်။

ဆရာကြီးဦးသုခရေးသားခဲ့သော စာအုပ်များတွင် သုခမှတ်စု၊ ချယ်ရီအလှစာအလှ၊ ဓမ္မရသအလှမျိုးစုံစာမျိုးစုံ၊ အကျော်ဒေးယျဗုဒ္ဓသမီးတော်များ၊ လောကနီတိ၊ ရာမာခရစ်ရှနာပုံပြင်များ၊ မေတ္တာသုတ်၊ မင်္ဂလသုတ်၊ သုခဝတ္ထုတိုများ၊ ရတနသုတ်၊ စိတ်ဆိုသော စိတ်နှင့်ဝဋ္ဋနာဒီပနီ၊ အမေ၊ သုတရသဓမ္မစာစုံ၊ ကံကံ၏အကျိုးနှင့် အခြားဝတ္ထုတိုများ၊ ဂုဏ်ရည်မတူလို့လား၊ ဇေယျတုသဗ္ဗမင်္ဂလံ၊ သုခနှင့် သုခစာအုပ်များမှာ ထင်ရှားသည်။

ဆရာကြီးဦးသုခသည် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၇)ရက် ဗုဒ္ဓဟူးနေ့ နံနက် (၁၁)နာရီတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သည်။ အသက်အားဖြင့် (၉၆)နှစ်ရှိပြီး ကွယ်လွန်စဉ်တွင် ဇနီးဒေါ်ကျင်မေ၊ သားသမီး (၄)ယောက်၊ မြေး (၁၈) ယောက်တို့ ကျန်ရစ်သည်။

**အေး (ရန်ကုန်တက္ကသိုလ်)**

**အကြိမ် (၃၀)မြောက် ကာတွန်းဆရာကြီးများ ဂါရဝပြုကန်တော့ပွဲ ။** ။ မြန်မာလူမျိုးအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင်အစဉ်အလာများတွင် အသက်အားဖြင့်သော်လည်းကောင်း၊ ဂုဏ်အားဖြင့်သော်လည်းကောင်း



**ကာတွန်းဦးဖေသိန်း**



ကြီးမြတ်ကြသည့် ပုဂ္ဂိုလ်များကို ယယ်ရှယ်သူတို့က ရိုသေလေးစားစွာ ကန်တော့ကြသည့် ဓလေ့သည် မြန်မာ့ယဉ်ကျေးမှုဖြစ်သည်။ ထို့ကြောင့် ဘိုးဘွား မိဘကန်တော့ပွဲများ၊ အာစရိယဆရာကန်တော့ပွဲများသည် အချိန်အခါ အလိုက်တည်ရှိနေသည်။

ဤသို့နှင့်ပင် လောကနယ်ပယ်တစ်ခုအတွင်း၌ ဆရာတော်ခဲ့သူများ၊ ဆရာမတော်ခဲ့သော်လည်း ပညာတစ်စုံတစ်ရာကို ရရှိခဲ့သူများအား တပည့်တပန်းများ၊ ပညာကျေးဇူးရှိခဲ့ဖူးသူများက ပူဇော်ကန်တော့ခဲ့ကြ သည်။

စာပေပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်အစရှိသော အနုပညာလောက၌လည်း ဤအစဉ်အလာများ ထွန်းကားခဲ့လေသည်။ ထို့ကြောင့် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ၊ စာနယ်ဇင်းသရုပ်ဖော်ပန်းချီပညာရှင်များကန်တော့ပွဲ၊ ဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲများကိုယနေ့မျက်မှောက်တွင်အထင်အရှားတွေ့ရသည်။

# အကြိမ် (၃၀)မြောက် ကာတွန်းဆရာကြီးများ ဂါရဝပြုကန်တော့ပွဲ

**ကာတွန်းဦးအောင်ရှိန်**



ထိုတွင် ကာတွန်းပညာရှင်ကြီးများ ဂါရဝပြုကန်တော့ပွဲသည်လည်း တစ်ခုအပါအဝင်အဖြစ် တွေ့မြင်ရသည်။ ထိုကန်တော့ပွဲကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့က ကာတွန်းဆရာကြီး ဦးဖေသိန်း၏နေအိမ်ဖြစ်သော အမှတ် ၅၆၈၊ ဓမ္မာရုံလမ်းမကြီး၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တွင် ကျင်းပခဲ့သည်။

ကန်တော့ပွဲကျင်းပပြုလုပ်သူများမှာ မြန်မာနိုင်ငံ ကာတွန်းဆရာများဟုဆိုထားသည့် လူငယ်ကာတွန်းဆရာများဖြစ်သည်။

ယခုနှစ်ကန်တော့ပွဲ ၂၀၀၅ သည် အကြိမ် (၃၀) မြောက်တိုင်ပြီဖြစ်သည်။ ကာတွန်းဆရာကြီးများ ဂါရဝပြုကန်တော့ပွဲဖြစ်သည်။ အကန်တော့ခံကာတွန်းဆရာကြီးများမှာ ဆရာကြီး ဦးဖေသိန်း၊ ဆရာကြီး ဦးအောင်ရှိန်နှင့် ဆရာကြီး ရွှေမင်းသားတို့ဖြစ်သည်။ ထိုကန်တော့ပွဲကို ဖိတ်ကြားသော ဖိတ်စာ၌ "စုစည်းညီညွတ်တဲ့ အစဉ်အလာကောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့တာ အနှစ် (၃၀) တိုင်ခဲ့ပါပြီ။ ဒီနှစ်မှာလည်း ယခင်နှစ်များနည်းတူ အကြိမ် (၃၀) မြောက် ကာတွန်းဆရာကြီးများအား ဂါရဝပြုကန်တော့ပွဲ ကျင်းပပြုလုပ်မှာမို့ ကျွန်တော်တို့နှင့်အတူ ပါဝင်ဆင်နွှဲဖို့ ရင်းနှီးချစ်ကြည်စွာ ဖိတ်ကြားအပ်ပါတယ်" ဟု ဖော်ပြဖိတ်ခေါ်ထားသည်ကို တွေ့ရသည်။

ဖိတ်စာပါစာအရဆိုလျှင် ထိုကန်တော့ပွဲကို ၁၉၇၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုနှစ် ၂၀၀၅ တွင် အကြိမ် (၃၀) မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

အကန်တော့ခံ ပုဂ္ဂိုလ်ဆရာကြီးများကို ကြည့်လျှင် ဆရာကြီး ဦးဖေသိန်းသည် မြန်မာ့စာနယ်ဇင်းလောက၌ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအတော်များများတွင် ကာတွန်းများစွာကို ရေးဆွဲခဲ့သူဖြစ်သည်။

နေ့စဉ်ထုတ်ဝေလျက်ရှိသော ကြေးမုံသတင်းစာ၏ 'ကြေးမုံ' ဟူသော စာသားဒီဇိုင်းကို ဆရာကြီး ရေးဆွဲခဲ့သည်။ ထို့ပြင် ဆရာကြီးသည် မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာအတွက် ဘာသာရေးကိုယ်စားပြု ယဉ်ကျေးမှုသင်္ကေတကာတွန်းရုပ်ပြများကို



**ကာတွန်း ဦးရွှေမင်းသား**




၂၀၀၅ ခုနှစ် ကာတွန်းဆရာကြီးများ ဂါရဝပြုကန်တော့ပွဲဖိတ်စာ

ရေးဆွဲခဲ့သည်။ ထိုတွင် ၃၈ ဖြာ မင်္ဂလာ ကာတွန်းရုပ်ပြများက ထင်ရှားသည်။

ဆရာကြီး ဦးအောင်ရှိန်သည် ကလေးများ စွဲလမ်းနှစ်ခြိုက်စေသည့် ကာတွန်းရုပ်ပြများကို အများအားဖြင့် ရေးဆွဲခဲ့သူဖြစ်သည်။ တီထွင်မှုပါရဂူ ဖိုးဆိတ်ဖြူ ဦးစိတ်တိုနှင့် မျောက်ညို၊ စုံထောက်ကြီး ဦးစံရှားနှင့် ဦးဒိန်းဒေါင်စသော ဇာတ်ကောင်များကို ဖန်တီး၍ ကလေးဇာတ်လမ်းများစွာကို သရုပ်ဖော်ရေးဆွဲခဲ့သည်။

ဆရာကြီး ဦးရွှေမင်းသားသည် ရုပ်ပြစာအုပ်များထက်၊ ဂျာနယ်မဂ္ဂဇင်းများတွင် တစ်ကွက်ကာတွန်း၊ နှစ်ကွက်ကာတွန်းစသည် ဖြင့် မတော်မတည့်ရာများကို သရော်သည့်အကြောင်းအရာများကို ရေးဆွဲခဲ့သည်။ ထို့ပြင် ကာတွန်းရေးဆွဲနည်းပညာများကိုလည်း **'ရွှေရိုး'** ဟူသော ကာတွန်းဂျာနယ်မှတစ်ဆင့် ရေးဆွဲသင်ကြားပြသပေးခဲ့သည်။ ဦးရွှေမင်းသားသည် ကာတွန်းသာမကဘဲ ပန်းချီကားများကို အမည်ရင်း ဦးမောင်လှိုင်အမည်နှင့်



ကန်တော့ခံကာတွန်းဆရာကြီးများ၏ ထင်ရှားသော ကာတွန်းလက်ရာများ

ရေးဆွဲခဲ့သူဖြစ်သည်။ သို့သော် ဦးရွှေမင်းသားသည် ကာတွန်းကိုသာ တစိုက်မတ်မတ် ရေးဆွဲခဲ့သူဖြစ်သည်။

ထိုကဲ့သို့ ကာတွန်းနှင့် ပတ်သက်လျှင် ပညာရော၊ သဗ္ဗာပါ ပြည့်စုံသည့်ကာတွန်းရေးဆရာကြီးများအား၊ ယနေ့မျက်မှောက် ကာတွန်းလက်သစ်ဆရာများက ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဟု နှလုံးပိုက်၍ ၂၀၀၅ ခုနှစ်၊ အကြိမ် (၃၀) မြောက် ကာတွန်းဆရာကြီးများအား ဂါရဝပြုပွဲကို ထိုနေ့တွင် အောင်မြင်စွာ ကျင်းပခဲ့သည်။

ထိုပွဲသို့ ယနေ့မျက်မှောက် ကာတွန်းဆရာများဖြစ်သည့် ကာတွန်းခင်အောင်၊ အော်ပီကျယ်၊ ဇော်မောင်၊ ကိုရွှေထူး(ပြည်)၊ မောင်ရွှေဝင်း၊ အောက်တိုဘာ အောင်ကြီး၊ ဝလုံး၊ ကာတွန်းငွေကြည်၊ ကာတွန်း မြေဇာ၊ တင်အောင်နီ၊ သစ်ထွဏ်း၊ ထက်မိုး၊ ဗယာကြော်၊ မင်းဦး (ဒဿန)၊ ကာတွန်းဌေးအောင်၊ အောင်အောင်ထွေး၊ စိုးစံ၊ ရွှေရိုး၊ ပီမောင်၊ ကြယ်ကြယ်၊ မောင်မောင်ညွက်၊ မင်းဇော်၊ ကျော်သစ်၊ ကာတွန်းအောင်အောင်၊ စမ်းချောင်း ကိုကိုအောင်၊ နိုင်လင်းစသည့်ပုဂ္ဂိုလ်များ တက်ရောက်ဆင်နွှဲခဲ့ကြသည်။

ကန်တော့ပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများကိုလည်း ကာတွန်းဆရာအချင်းချင်းတစ်စုတစ်ဝေးတွေ့တုန်းဆုံခိုက် ဆင်နွှဲကြကာ၊ ကံစမ်းမဲဖောက်ခြင်းများ ကျင်းပခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု။ ။ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ ရရှိခဲ့သော ဂျော့ဒဗလျူဘုရှ်သည် ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲကို ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့က ကျင်းပခဲ့သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲ၌ သမ္မတဘုရှ်သည် မိနစ် ၂၀ ကြာ မိန့်ခွန်းပြောခဲ့သည်။

သမ္မတဘုရှ်သည် သူ၏ ဒုတိယသက်တမ်းအတွက် သမ္မတအစိုးရအဖွဲ့ဝင်သစ်များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအမည်စာရင်းကို ဆီးနိတ်လွှတ်တော်က အတည်ပြုပေးရန်ဖြစ်သည်။ သူ၏ အစိုးရအဖွဲ့သစ်တွင် လူသစ် ၁၀ ဦး ပါဝင်ခဲ့သည်။ အစိုးရအဖွဲ့ဝင်သစ်များမှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကွန်ဒိုလီဇာရိုက်(ခ်)၊ ရှေ့နေချုပ်အဖြစ် အယ်(လ်)ဘာကို ဂွန်ဇာလက်(ဇ်)၊ ကာကွယ်ရေးဝန်ကြီးအဖြစ် ဒေါ်နယ်(လ်)ရမ်း(ခ်)ဖဲလ်၊ ပြည်တွင်းလုံခြုံရေးဝန်ကြီးအဖြစ် မိုက်ကယ်ချားတော့(ဖ်)၊ ပညာရေးဝန်ကြီးအဖြစ် မာဂရက် စပဲလင်း(ခ်)၊ စိုက်ပျိုးရေးဝန်ကြီးအဖြစ် မိုက်ဂျိုဟန်း(ခ်)၊ ပြည်ထဲရေးဝန်ကြီးအဖြစ် ဂေးလ်နော်ကွန်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ကားလော့(ခ်) ဂုတီးယားရက်(ဇ်)၊ အလုပ်သမားဝန်ကြီးအဖြစ် အီလိန်းချောင်း၊ စွမ်းအင်ဝန်ကြီးအဖြစ် ဆမ်ဘော့(ဒ်)မန်၊ ပို့ဆောင်ရေးဝန်ကြီးအဖြစ် နော်မန်မီနက်ကာ၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းရေးရာဝန်ကြီးအဖြစ် မိုက်ကယ်လဲဗစ်၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဂျွန်စနိုး၊ အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် အယ်(လ်)ဖွန်ဆိုဂျက်ဆင်နှင့် စစ်မှုထမ်းဟောင်းရေးရာဝန်ကြီးအဖြစ် ဂျင်(မ်)နီကိုလ်ဆင်တို့ ဖြစ်ကြသည်။

လွှတ်တော်နှစ်ရပ်ပေါင်းထားသော ကွန်ဂရက်၏ ၁၀၉ ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီလတွင်းက ကျင်းပခဲ့သည်။ လွှတ်တော်နှစ်ရပ်လုံးတွင် ရီပတ်ဘလီကန်ပါတီက အနိုင်ရခဲ့သဖြင့် အထက်လွှတ်တော်ဆီးနိတ်ရှိအမြဲတမ်းကော်မတီများ၏ ဥက္ကဋ္ဌရာထူးများ ကို ရီပတ်ဘလီကန်အမတ်များက ရရှိခဲ့သည်။ ဆီးနိတ်သည် ပြည်ထောင်စုတရားရုံးချုပ် တရားသူကြီးများ၊ အစိုးရအဖွဲ့တွင် ဝန်ကြီးများအပါအဝင်အဆင့်မြင့်အရာရှိများအဖြစ် ခန့်အပ်ထားရေးအတွက် သမ္မတ၏



ရွေးကောက်ပွဲအပြီးတွင် တွေ့ရသော အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်

အဆိုပြုချက်များကို စိစစ်အတည်ပြုပေးရသည်။ ဥပဒေပြုရေးအတွက် လွှတ်တော်အစည်းအဝေးအချိန်ဇယားများကိုလည်း ရေးဆွဲပေးရသည်။ သို့ဖြစ်၍ ဆီးနိတ်လွှတ်တော်သည် အမေရိကန်အုပ်ချုပ်ရေးစနစ်တွင် များစွာအရေးပါပြီး ဩဇာတိက္ကမကြီးသော အဖွဲ့အစည်းဖြစ်သည်။ ဆီးနိတ်တွင် လူနည်းစုအမတ်များ၏ အတိုက်အခံခေါင်းဆောင်အဖြစ် ဒီမိုကရက်တစ်ပါတီမှ ဟယ်ရီရိဒ်ကို ရေးချယ်တင်မြှောက်ခဲ့ကြသည်။

ဇန်နဝါရီလ ၆ ရက်နေ့ထုတ် USA Today ဂျာနယ်၌ ရှေးရိုးစွဲဝါဒီဝေဖန်ရေးသမား အမ်းစထရောင်းဝီလျမ်သည် အစိုးရ၏ ပညာရေးမူဝါဒများ ကောင်းမွန်ကြောင်း ရေးသားပေးဖို့အတွက် ပညာဝန်ကြီးဌာနမှ လာဘ်ငွေဒေါ်လာ ၂၄၀,၀၀၀ ကို လက်ခံရယူခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် သမ္မတဘုရှ်က ဤအစီအစဉ်မှာ မှားယွင်းကြောင်း၊ ဤကိစ္စကို အိမ်ဖြူတော်မှ မည်သူမျှမသိကြောင်း ပြောကြားငြင်းဆိုခဲ့ သည်။ အဆိုပါ ဝေဖန်ရေးသမားကမူ ကြော်ငြာအတွက် ငွေလက်ခံရယူခဲ့ခြင်းသာဖြစ်ပြီး ပညာရေးမူဝါဒများ ကောင်းမွန်ကြောင်းရေးသားခဲ့သည်မှာ တိုက်ဆိုင်မှုသာ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဂွမ်တာနာမိုပင်လယ်အော်ရှိ အကျဉ်းစခန်း၌ အမေရိကန်နိုင်ငံသားမဟုတ်သူများကို ဆက်လက်ချုပ်နှောင်ထားခြင်း၊ ယင်းသို့ ဆက်လက်ချုပ်နှောင်ထားခြင်းအားအမေရိကန်အစိုးရက ကန့်ကွက်ခွင့်မပေးခြင်းတို့ မှာ မှားယွင်းကြောင်း ၎င်းတို့အား "ရန်သူတိုက်ခိုက်ရေးသမား"များဟု သတ်မှတ်ထားခြင်းမှာလည်း "တရားနှင့်

လျော့ညီမှု"မရှိကြောင်း ဝါရှင်တန်ရုံးထိုင်ခရိုင်တရားသူကြီးတစ်ဦးက ဇန်နဝါရီလ ၃၁ ရက်နေ့က စီရင်ဆုံးဖြတ်ခဲ့သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စစ်တရားရုံးတစ်ခုက ချားလ်(စ်)ဂရိန်နာဆိုသူအား အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ ၎င်းသည် စစ်မှုထမ်းဥပဒေအရ ကြည်းတပ်တွင် ကျွမ်းကျင်သူအဖြစ် ဝင်ရောက်စစ်မှုထမ်းနေသူဖြစ်သည်။ ထောက်လှမ်းရေးအရာရှိများ၏ စေခိုင်းချက်အရ အီရတ်အကျဉ်းသားများကို နှိပ်စက်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထွက်ဆိုဝန်ခံခဲ့သည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့ ညနေက သမ္မတဘုရှ်သည် ထုံးတမ်းစဉ်လာအတိုင်း ပြည်ထောင်စုအခြေပြမိန့်ခွန်းကို ပြောကြားခဲ့သည်။ မိန့်ခွန်းပြောကြားချိန် ၅၃ မိနစ်ကြာခဲ့သည်။ စီးပွားရေး၊ လူမှုဖူလုံရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေး၊ ကျင့်ဝတ်နီတိရေး၊ တရားဥပဒေရေး၊ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် အီရတ်အရေးတို့ကို ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သမ္မတဘုရှ်က ၂၀၀၆ ခုနှစ်အတွက် ဒေါ်လာဘီလီယံ ၂၅၆၀ တန်ဖိုးရှိသော ဘတ်ဂျက်ကို ကွန်ဂရက်သို့ တင်ပြခဲ့သည်။ ဘတ်ဂျက်လိုငွေပြမှု ပမာဏဒေါ်လာဘီလီယံ ၃၉၀ ရှိခဲ့သည်။ လိုငွေပြမှုသည် ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းမျှဖြစ်သည်။ ငါးနှစ်ဆက်တိုက်လိုငွေပြခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဘတ်ဂျက်တွင် အထွေထွေကာကွယ်ရေးအသုံးစရိတ်အတွက် ၄.၈ ရာခိုင်နှုန်းတိုးချဲ့သုံးစွဲရန် လျာထားခဲ့သည်။

ဖေဖော်ဝါရီလ ၂၁. ၂၄ ရက်နေ့များအတွင်း သမ္မတဘုရှ်သည် ဘယ်လ်ဂျီယမ်၊ ဂျာမနီနှင့် စလိုဗက်ကီးယားနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့သည်။ ၂၀၀၃ ခုနှစ်က စတင်ဖြစ်ပွားခဲ့သော အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဥရောပခေါင်းဆောင်များအကြား ဆက်ဆံရေးမပြေမလည်ဖြစ်ခဲ့သည်။ အထူးသဖြင့် ဂျာမနီ၊ ပြင်သစ်တို့နှင့် တင်းမာမှုများဖြစ်ခဲ့သည်။ ဤခရီးစဉ်အတွင်း သမ္မတဘုရှ်သည် ဆက်ဆံရေးတင်းမာမှုများ လျော့ပါးရေးအတွက် ကြိုးပမ်းခဲ့သည်။

မတ်လ ၇ ရက်နေ့တွင် သမ္မတဘုရှ်က လက်နက်ထိန်းချုပ်ရေးဆိုင်ရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ဘိုလ်တန်အား အမေရိကန်ပြည်ထောင်စု၏ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြု



**ဝန်ကြီး ကွန်ဒိုလီဇာရိုက်ခ်နှင့် ကောလင်းပါဝဲလ်**

ခဲ့သည်။ ယင်းသို့ အမည်စာရင်းတင်သွင်းမှုကို ဆီးနိတ်က အတည်ပြုပေးရဦးမည်ဖြစ်သည်။ ဘိုလ်တန်သည် အီရတ်စစ်ပွဲကို တစ်ဖက်သတ် ဆုံးဖြတ်ဆင်နွှဲရန် တင်းတင်းမာမာရပ်တည်ခဲ့သူဖြစ်၍ ကုလသမဂ္ဂကိုလည်း ဝေဖန်ပုတ်ခတ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ အမည်စာရင်းတင်သွင်းခြင်းကို ဥရောပရှိ သံတမန်များက အံ့အားသင့်ခဲ့ကြရသည်။ မတ်လ ၂၉ ရက်နေ့တွင် အမေရိကန်ရှိ ဝါရင့်သံတမန် ၅၉ ဦးတို့က ဘိုလ်တန်ကို အမည်စာရင်းတင်သွင်းထားခြင်းကို ငြင်းပယ်ရန် ဆီးနိတ်ရှိ နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ ရစ်ချဒ်လူဂါထံသို့ စာဖြင့်ရေးသားပေးပို့ခဲ့ကြသည်။

ဒုတိယကာကွယ်ရေးဝန်ကြီးပေါလ်ဝုလ်ဖိုဝစ်ကို ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် မတ်လ ၃၁ ရက်နေ့တွင် ဆီးနိတ်က အတည်ပြုပေးခဲ့သည်။ ရှေးရိုးစွဲလက်သစ်ဝါဒီဖြစ်နေသော ဝုလ်ဖိုဝစ်အား ဤမျှအရေးပါသော နိုင်ငံတကာအဖွဲ့အစည်းကြီး၌ တာဝန်ပေးခြင်းကို ဥရောပရှိ သံတမန်များက အံ့အားသင့်ခဲ့ရသည်။

WMD လက်နက်များနှင့်ပတ်သက်၍အမေရိကန်၏ ထောက်လှမ်းရေးစွမ်းရည်များဆိုင်ရာ ကော်မရှင်သည် မတ်လ ၃၁ ရက်နေ့တွင် အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်လိုက်သည်။ သမ္မတ၏ အမိန့်ဖြင့် နှစ်ပါတီပူးပေါင်းဖွဲ့စည်းထားသော ဤကော်မရှင်သည် အီရတ်၌ WMD လက်နက်များမရှိပါဘဲလျက်ရှိပါသည်ဟု မှားယွင်းဖော်ပြမှုကို စုံစမ်းစစ်ဆေးသော အဖွဲ့ဖြစ် သည်။ အဆိုပါ အစီရင်ခံစာတွင် အီရတ်၌ WMD များရှိသည်ဟု မှားယွင်းဖော်ပြခဲ့ခြင်းမှာ အစိုးရ၏ ဖိအားပေးမှုကြောင့် မဟုတ်ဘဲ အမေရိကန်ထောက်လှမ်းရေးအဖွဲ့အစည်းများအတွင်း အချင်းချင်းပြိုင်ဆိုင်နေမှုများ၊ ဗျူရိုကရက်ဆန်မှုများနှင့် စစ်အေးကာလစိတ်ဓာတ်ထားရှိမှုများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။

မတ်လ ၁ ရက်နေ့က အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်က မှတ်တိုင်ထူရမည့် စီရင်ထုံးတစ်ရပ်ကို ချမှတ်ခဲ့သည်။ ဤစီရင်ထုံးအရ အသက် ၁၈ နှစ်မပြည့်မီက ကျူးလွန်ခဲ့သော လူသတ်မှုအတွက် အဆိုပါ လူသတ်သမားအား သေဒဏ်အပြစ်ပေးခြင်းသည် အဋ္ဌမ မြောက် အခြေခံဥပဒေပြင်ဆင်ချက်ကို ဖောက်ဖျက်ရာရောက်ကြောင်း၊ ရက်စက်ပြီး ထူးကဲသော ပြစ်ဒဏ်



**အိမ်ဖြူတော်ရှေ့တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြသူများက လူသေအခေါင်းအတုများကို သယ်ဆောင်ကာ ဆန္ဒပြစဉ်**



ဒုတိယအကြိမ် သမ္မတသက်တမ်းကျမ်းသစ္စာကိုန်ဆိုပွဲတွင်
မိန့်ခွန်းပြောကြားမည့် သမ္မတဂျော့ဒဗလျူဘုရှ်

ချမှတ်ခြင်းဖြစ်ကြောင်း သတ်မှတ်ခဲ့ကြသည်။ အဆိုပါ စီရင်ထုံးကို ၄ မဲ ၅ မဲဖြင့် ဆုံးဖြတ်ခဲ့ကြသည်။

တယ်ရီရှီယာဗို (၄၁)နှစ်၏ အမှုတွင် ပြည်ထောင်စု တရားရုံးများအနေဖြင့် ဝင်ရောက်စွက်ဖက်ခွင့်ရှိကြောင်း ဥပဒေကြမ်းကို သမ္မတဘုရှ်က မတ်လ ၂၁ ရက်နေ့ တွင် အတည်ပြုလက်မှတ်ရေးထိုးပေးခဲ့သည်။ ဖလော်ရီဒါပြည်နယ်မှ တယ်ရီရှီယာဗိုသည် ဦးနှောက်တွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရခဲ့ပြီး စက်ကိရိယာများ ဖြင့်သာ ကြာမြင့်စွာ အသက်ရှင်နေခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်တွင် သူမ၏နှလုံးမှာ ရပ်သွားခဲ့သဖြင့် နှလုံး ခုန်စေရန် စက်ကိရိယာများက ဆောင်ရွက်ပေးနေခဲ့ရ သည်။ သူမ၏ ယောကျ်ားက သူမ၏ မသေမီဆန္ဒအရ စက်ကိရိယာများဖြင့် အသက်ဆက်လက်မရှင်လိုတော့ ကြောင်း၊ သူမအား အသက်ဆက်ပေးနေသည့် ကိရိယာ များကို ဖြုတ်ပေးစေလိုကြောင်း တောင်းခံခဲ့သည်။ ဤကိစ္စတွင် ခရိုင်တရားသူကြီးက အသက်ဆက်ပေး နေသည့် ပြွန်များကို ဖြုတ်ပစ်ရန် ဆုံးဖြတ်ခဲ့သည်။ ဤကိစ္စ၌ ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ဂျက်(ဖ်) ဘုရှ်နှင့် သမ္မတဘုရှ်တို့က ဝင်ရောက်စွက်ဖက်ခဲ့ကြ သည်။ သေပိုင်ခွင့်တောင်းခံသည့်အမှုများ၌ ပြည်ထောင်စု တရားရုံးများ ဝင်ရောက်စွက်ဖက်ခွင့်ရှိသည်ဟု ဤဥပဒေ ကြမ်းက ပြဋ္ဌာန်းခဲ့သည်။

အဝေးပြောဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သော WorldCom သည် ဒေဝါလီခံခွင့်တောင်းခံခဲ့သည်။ ဤသို့ဖြင့် အမေရိကန်သမိုင်းတွင် ဒေဝါလီခံမှုအကြီး ဆုံးဖြစ်ခဲ့သည်။ ဤအမှုနှင့်ပတ်သက်၍ နယူးယောက် ရုံးထိုင်ခုံသမာဓိအဖွဲ့က WorldCom ၏ အမှုဆောင် အရာရှိချုပ်ဖြစ်ခဲ့သူ ဘာနီးအက်ဘား (အသက် ၆၃ နှစ်)အပေါ် အပြစ်ရှိကြောင်းဆုံးဖြတ်ခဲ့သည်။

ဂွန်ဘိုလ်တန်ကို ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီး အဖြစ် ခန့်အပ်ရေးနှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်ရမည့် ရက်ကို မေလအထိ ရွှေ့ဆိုင်းလိုက်ကြောင်း ဆီးနိတ်မှ နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌရစ်ချဒ်လူဂါက ဧပြီလ ၁၉ရက်နေ့တွင် ကြေညာခဲ့သည်။ ကျူးဘား၊ အီရန်နှင့် ဆီးရီးယားတို့၌လက်နက်များ စုပုံရှိနေခြင်းနှင့်ပတ်သက် ၍ ၎င်းနှင့်သဘောထားကွဲလွဲခဲ့သူ နိုင်ငံခြားရေးဝန်ကြီး

## အမေရိကန်ပြည်ထောင်စု

### ကက်ထရီနာဟာရီကိန်းမုန်တိုင်းဒဏ်ခံရသည့် နယူးအော်လီယံတွင် ရေလွှမ်းမိုးမှုအခြေအနေကို လှည့်လည်စစ်ဆေးကြည့်ရှုနေသော သမ္မတဘုရှ်



ဌာနမှ ဝန်ထမ်းတစ်ဦးကို အလုပ်မှ နုတ်ထွက်စေရန် အထိ ဘိုလ်တန်က ခြိမ်းခြောက်ခဲ့ကြောင်း သက်သေ သက်သေများ၏ ထွက်ဆိုချက်အရ သိလာရသဖြင့် လူဂါသည်မဲခွဲဆုံးဖြတ်ရမည့် ရက်နေ့ကို ယင်းကဲ့သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ဘိုလ်တန်ကို အမည်စာရင်း တင်သွင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးရာ ကော်မတီ ဝင်များ ကိုယ်တိုင်က သံသယဝင်ခဲ့ကြသည်။

ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော် (အောက်လွှတ်တော်)သည် အမတ်များ၏ ကျင့်ဝတ်နီတိဆိုင်ရာ ကော်မတီ၏ လုပ်ထုံးလုပ်နည်းများ၌ အပြောင်းအလဲများကို ဇန်နဝါရီလအတွင်းက အတည်ပြုခဲ့ကြသည်။ သို့ရာတွင် ဧပြီလ ၂၇ ရက်နေ့တွင် ပြုလုပ်သည့် အစည်းအဝေးက လုပ်ထုံးလုပ်နည်းအပြောင်းအလဲများကို ၄၀၆ မဲ-၂၀ မဲဖြင့် ပယ်ခဲ့သည်။ ဤလုပ်ထုံးလုပ်နည်း များဖြင့် အောက်လွှတ်တော်မှ အမတ်အများစု၏ ခေါင်းဆောင်ဖြစ်သော ရီပတ်ဘလီကန်အမတ် တွမ်ဒီလေးကို မသက်ဒဖွယ်ရာအပြုအမူများကြောင့် စုံစမ်းနေဆဲဖြစ်သည်။ တွမ်ဒီလေးသည် သူ့သားနှင့် သူ့မိသားစုများအတွက် မလျော်သောဩဇာကို သုံးခဲ့သည်။ လာဘ်ပေးခဲ့သည်။ ပါတီရန်ပုံငွေများကို မမှန်မကန် သုံးစွဲခဲ့သည်။ အမတ်များ၏ ကျင့်ဝတ်နီတိဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ တွမ်ဒီလေးကို ဆက်လက်စုံစမ်းစစ်ဆေးဖွယ်ရှိသည်။

မော်ရိုကိုနွယ်ဖွားပြင်သစ်နိုင်ငံသား ဇာကာရီယပ်(စ်) မူဆော်ဝီ (၃၆ နှစ်)သည် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုနှင့်ပတ်သက်၍ တစ်ဦးတည်းသော စွဲချက်တင်ခံရသူဖြစ်သည်။ ၎င်းအမှုနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့တွင် ဗားဂျင်းနီးယားပြည်နယ်၌ ကျင်းပသော ပြည်ထောင်စုတရားရုံးတွင် ၎င်းက စွဲချက် ၆ ခုလုံး

အတွက် အပြစ်ရှိကြောင်း၊ စက်တင်ဘာ ၁၁ ရက်နေ့ တိုက်ခိုက်မှုတွင် မပါဝင်ခဲ့သော်လည်း အိမ်ဖြူတော်ကို လေယာဉ်စီး၍ တိုက်ခိုက်ရန် အယ်လ်ကိုင်ဒါအဖွဲ့က ၎င်းကို ရွေးချယ်ခဲ့ကြောင်းစသည်ဖြင့် ဝန်ခံထွက်ဆိုခဲ့သည်။ အမှုလိုက်ရှေ့နေများက ၎င်းအပေါ် သေဒဏ်ချမှတ်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောခဲ့ကြသည်။ သေဒဏ်ချမှတ်မည့်နေ့ရက်ကို တရားရုံးက ရွေ့ဆိုင်းထားခဲ့သည်။

အမေရိကန်ကြည်းတပ်မှ စစ်ဆေးရေးအရာရှိချုပ်၏ တွေ့ရှိချက်များကို ဧပြီလ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ အီရတ်ရှိ အဘူဂရိတ်အကျဉ်းထောင်တွင် မတော်မတရားပြုခဲ့မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။ အီရတ်တွင် စစ်မှုထမ်းနေသော အဆင့်မြင့်အရာရှိကြီး ငါးဦးအနက် လေးဦးမှာ အပြစ်မရှိကြောင်းတွေ့ရှိခဲ့သည်။ အပြစ်မရှိသူများတွင် ဒုတိယဗိုလ်ချုပ်ကြီး ရိကာဒိုဆန်ချက်(စ်)လည်း ပါဝင်သည်။ အပြစ်ရှိသော ဗိုလ်မှူးချုပ် ဂျာနစ်(စ်)ကာပင်စကီကို သတိပေးဆုံးမပြီးဖြစ်ကြောင်း သူမကိုလည်း ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အဆိုပါတွေ့ရှိချက်များ၌ ဖော်ပြခဲ့သည်။

ဂွါန်ဘိုလ်တန်ကို ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးအဖြစ် အတည်ပြုရေးကိစ္စမှာ ဆီးနိတ်လွှတ်တော်၌ မပြီးပြတ်နိုင်ဘဲဖြစ်နေသည်။ အတည်ပြုရေးအတွက် အချေအတင်ဆွေးနွေးမှုများ ရပ်စဲကာ မဲခွဲနိုင်ခြင်းပြုနိုင်ရန် လိုအပ်သော မဲအရေအတွက်မှာ ၆၀ ဖြစ်သည်။ မေလ ၂၆ ရက်နေ့က ကျင်းပသော အစည်းအဝေးတွင် မဲ ၆၀ မရဘဲဖြစ်ခဲ့သည်။ ဆီးနိတ်၌ ရီပတ်ဘလီကန်အမတ် ၅၅ ဦးသာရှိရာ ဒီမိုကရက်တစ်အမတ် ၅ ဦးတို့၏ ထောက်ခံမဲရရှိရန်လိုနေသည်။ သို့ရာတွင် နှစ်ပါတီညှိနှိုင်းချက်အရ ဂွါန်ဘိုလ်တန်ကိုအတည်ပြုရေးကိစ္စ တွင်



ကက်ထရီနာဟာရီကိန်းမုန်တိုင်းဒဏ်ခံရသည့် မစ္စစ္စပီမှ ရေလွှမ်းမိုးမှုမြင်ကွင်းတစ်ခု




**အမေရိကန်နိုင်ငံ၏သမိုင်းတွင် အဆိုးရွားဆုံးဒဏ်ခံရသည့် မုန်တိုင်းပြင်းများ**

အချေအတင်ဆွေးနွေးပြီး အချိန်ဆွဲထားခြင်း မပြုတော့ရန် သဘောတူခဲ့ကြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် အီရတ်၊ အာဖဂန်နစ္စတန်တို့ရှိ အခြေအနေများနှင့်ပတ်သက်၍ သတင်းမပေါက်ကြားရေးကို တင်းကျပ်စွာ ပိတ်ဆို့ထားခဲ့သည်။ သို့သော်လည်း သတင်းများပေါက်ကြားပြီး နိုင်ငံတကာ၏ ဝေဖန်ကဲ့ရဲ့ပြစ်တင်မှုကို ခံနေရသည်။ နယူးယောက်ပို့(စ်)သတင်းစာနှင့် ဗြိတိန်မှသည် ဆန်းသတင်းစာတို့က အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန် အကျဉ်းထောင်တွင်း၌ ဂုဏ်သိက္ခာမဲ့စွာ နေထိုင်ရသည့် ဓာတ်ပုံများကို ထုတ်ပြခဲ့သည်။ မေလ ၂၀ ရက်နေ့တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ၎င်းဓာတ်ပုံများပါလာသည့်အတွက် ဒေါသနှင့် စိတ်ပျက်မှုကို ဖော်ထုတ်ပြောဆိုခဲ့သည်။

၁၉၇၄ ခုနှစ် ဩဂုတ်လတွင် သမ္မတနစ်ဆင်သည် ဝါးတားဂိတ်အရှုပ်တော်ပုံကြောင့် သမ္မတရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။ ဤအရှုပ်တော်ပုံဖြစ်ပေါ်လာရေးအတွက် အတွင်းသတင်းများကို ပေါက်ကြားထုတ်ပေးခဲ့သူမှာ မတ်ဖဲ့လ်ဆိုသူဖြစ်သည်။ အတွင်းသတင်းများကို ဝါရှင်တန်ပို့(စ်)သတင်းစာသို့ ထုတ်ပေးခဲ့သည်။ အရှုပ်တော်ပုံဖြစ်ပွားခဲ့စဉ်က မတ်ဖဲ့လ်သည် အက်(ဖ်)ဘီအိုင်အဖွဲ့၌ ဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဤသတင်းပေါက်ကြားမှုမှာ ၂၀၀၂ ခုနှစ်အထိ လျှို့ဝှက်ထားဆဲဖြစ်ခဲ့သည်။ ၂၀၀၅ ခုနှစ် မေလ ၃၁ ရက်နေ့တွင် Vanity Fair မဂ္ဂဇင်းက အသက် ၉၁ နှစ်ရှိပြီဖြစ်သော မတ်ဖဲ့လ်ကသတင်း ပေါက်ကြားစေခဲ့သူမှာ ၎င်းဖြစ်ကြောင်းဝန်ခံခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။ ဝါးတားဂိတ်အရှုပ်တော်ပုံဖြစ်စဉ်က သတင်းပေါက်ကြားသူကို မသိခဲ့သဖြင့် "အာခံတွင်းနက်"ဟု ခေါ်တွင်ခဲ့သည်။ "အာခံတွင်းနက်" (Deep Throat) ဟူသည်မှာ ထိုစဉ်က နာမည်ကြီးရုပ်ရှင်ကား၏ အမည်ဖြစ်သည်။

ဇွန်လ ၂၈ ရက်နေ့တွင် သမ္မတဘုရှ်သည် မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ ဖို့ဘရက်မှ အီရတ်စစ်ပွဲအခြေ

အနေနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးသိစေရန် မိန့်ခွန်းပြောကြားခဲ့သည်။ အီရတ်အရေးကိုင်တွယ်ပုံနှင့်စပ်လျဉ်း၍ သမ္မတဘုရှ်အပေါ် ပြည်သူတို့၏ ယုံကြည်ထောက်ခံမှု ဆက်တိုက် ကျဆင်းလာခြင်းအတွက် ဤသို့မိန့်ခွန်း ပြောကြားခြင်းဖြစ်သည်။ သမ္မတဘုရှ်က အီရတ်စစ်ပွဲကို စက်တင်ဘာ ၁၁ အရေးအခင်း၊ အကြမ်းဖက်ဝါဒအပေါ် စစ်ဆင်နွှဲရေးတို့နှင့် ဆက်စပ်ပြောဆိုခဲ့သည်။ အီရတ်၌ အမေရိကန်တို့ကြောင့် နိုင်ငံရေးတိုးတက်မှုရှိလာကြောင်း၊ အီရတ်၌ အမေရိကန်စစ်သည်တို့၏ အသက်များစွန့်လွှတ်နေရခြင်းသည် အမေရိကန်နိုင်ငံ၏ အနာဂတ်လုံခြုံရေးအတွက် အထူးအရေးပါကြောင်း စသည်တို့ကို ပြောကြားခဲ့သည်။

ဇူလိုင်လ ၂၁ ရက်နေ့တွင် ရီပတ်ဘလီကန်အမတ်များလွှမ်းမိုးထားသော အောက်လွှတ်တော်က ၂၀၀၁ ခုနှစ် ဖြည့်စွက်အက်ဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းချက် ၁၄ ခုကို အတည်ပြုပေးခဲ့သည်။ ပြည်တွင်းလုံခြုံရေးနှင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးတို့ကို အကြောင်းပြကာ သမ္မတဘုရှ်၏အစိုးရသည် ပြည်သူ့လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်မှုများ တိုးချဲ့ပြုလုပ်လျက်ရှိသည်။ ယခု ဖြည့်စွက်ပြဋ္ဌာန်းချက်များအနက် တယ်လီဖုန်းဆက်သွယ်ပြောကြားချက်များကို ပြည်ထောင်စုအစိုးရက ကြားဖြတ်နားထောင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများ၊ စာကြည့်တိုက်မှတ်တမ်းများကိုစစ်ဆေးခွင့်တို့လည်း ပါဝင်ခဲ့သည်။



ဟာရီကိန်းတိုက်ခိုက်ခံရပြီးနောက် တစ်လကျော်အကြာတွင် တွေ့ရသော နယူးအော်လီယံ



**သက်တမ်းကုန်ဆုံးတော့မည့် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂရင်းစပန်း**

အသက် ၇၅ နှစ်ရှိ ပထမဆုံးအမျိုးသမီးတရားရုံးချုပ်တရားသူကြီး စန်ဒရာဒေးအိုကော်နာသည် ဇူလိုင်လ ၁ ရက်နေ့တွင် နုတ်ထွက်စာတင်ခဲ့သည်။ သူမသည် ၁၉၈၁ ခုနှစ်မှစ၍ တရားရုံးချုပ်တရားသူကြီးအဖြစ် သမ္မတရေဂင် လက်ထက်ကခန့်ထားခံခဲ့ရသည်။ သမ္မတဘုရှ်သည် သူမ၏ နေရာတွင် ပဋိသန္ဓေဖျက်ခွင့်ကို တားဆီးပေးမည့် ရှေးရိုးဝါဒီပိုမိုပီသသူတစ်ဦးကို အစားထိုးခန့်ထားမည်ဖြစ်သည်။

ဩဂုတ်လ ၂၉ ရက်နေ့က တိုက်ခတ်ခဲ့သော ကက်ထရီနာဟာရီကိန်းမုန်တိုင်း၏ ဒဏ်ကို ပင်လယ်ကွေ့ဒေသရှိ လူဝီစီးယားနား၊ မစ္စစ္စီပီနှင့် အလာဘားမားပြည်နယ်တို့သည် အမေရိကန်သမိုင်း၌ အပြင်းထန်ဆုံးသဘာဝဘေးဒဏ်ကို ခံခဲ့ကြရသည်။ နယူးအော်လင်းသည် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံရသော်လည်း ရေကြီးမှုကိုတားဆီးထားသော အရံအတားများ ကျိုးပေါက်ခဲ့သဖြင့် မြို့တော်၏ ၈၀ ရာခိုင်နှုန်းမှာ ရေအောက်သို့ နစ်မြုပ်ခဲ့ရသည်။ ဤသို့ဖြစ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်နှင့်မြို့တော်အာဏာပိုင်များသာမက ပြည်ထောင်စုအစိုးရသည်လည်း ဝေဖန်ပြစ်တင်မှုများ ခံခဲ့ရသည်။ တာဝန်ပေါ့လျော့ခြင်း၊ ကြိုတင်ကာကွယ်မှုမရှိခြင်း၊ လူဖြူလူမည်းခွဲခြားကယ်တင်ခြင်းစသည်တို့အတွက် ဝေဖန်ခဲ့ကြသည်။

ဩဂုတ်လ ၁ ရက်နေ့တွင် သမ္မတဘုရှ်သည် ဂျွန်ဘိုလ်တန်ကို အမေရိကန်၏ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ဆီးနိတ်လွှတ်တော်ရပ်နားချိန်အတွင်း အခြေခံဥပဒေအရပေးထားသော သမ္မတ၏ လုပ်ပိုင်ခွင့်အရ ခန့်ထားခြင်း (Recess appointment) ကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၈ ခုနှစ်၏ နောက်ပိုင်းတွင် ဘိုလ်တန်ကို ဤကဲ့သို့ ပထမဆုံးခန့်ထားခဲ့ခြင်းဖြစ်သည်။ ဆီးနိတ်လွှတ်တော်က ဘိုလ်တန်၏ ကိစ္စကိုအချိန်အကြာကြီးဆွဲထားသဖြင့် ဤကဲ့သို့ ပြုလုပ်ခဲ့သည်ဟု သမ္မတဘုရှ်က အကြောင်းပြခဲ့သည်။

စွမ်းအင်ဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို သမ္မတဘုရှ်သည် ဩဂုတ်လ ၈ ရက်နေ့က အတည်ပြုလက်မှတ်ရေးထိုးပေးလိုက်သည်။ ဤဥပဒေအရ အဏုမြူဓာတ်အားပေးစက်ရုံသစ်များ တည်ဆောက်ရေး၊ ကျောက်မီး

သွေးထုတ်လုပ်ရာ၌ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လေစွမ်းအားနည်းပညာများ အသုံးချရေးတို့ကို အားပေးမြှင့်တင်သွားမည်ဖြစ်သည်။ ၎င်းလုပ်ငန်းများအတွက် ကောက်ခံမှုကို ရပ်ဆိုင်းပေးထားမည်ဖြစ်သည်။

စက်တင်ဘာလ ၁၃ ရက်နေ့တွင် သမ္မတဘုရှ်က ကက်ထရီနာမုန်တိုင်းဒဏ်ကို တုံ့ပြန်ရာ၌ မအောင်မြင်မှုများရှိခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရမှ ဒေသခံအာဏာပိုင်များအထိ အဆင့်ဆင့်တွင် ချွတ်ယွင်းအားနည်းမှုများရှိခဲ့ကြောင်း၊ ၎င်းဖြစ်ရပ်များအတွက် မိမိကတာဝန်ယူပါကြောင်းတို့ကို ပြောကြားခဲ့သည်။

ဒုတိယသမ္မတဒစ်ချေနီ၏ ဝန်ထမ်းအဖွဲ့အကြီးအကဲဖြစ်သူ လူးဝစ်လစ်ဘီကို တရားစီရင်မှုကို ဟန့်တားမှု၊ အက်(ဖ်)ဘီအိုင်အဖွဲ့သို့ မမှန်မကန်တင်ပြမှု၊ ခုံသမာဓိရှေ့မှောက်တွင် မုသားထွက်ဆိုမှုစသည့် စွပ်စွဲချက်များဖြင့် စွဲချက်တင်ခဲ့သည်။ စီအိုင်အေက ဖုံးကွယ်လျှို့ဝှက်ထားသည့် စုံထောက်ဗယ်လာရီ၏ ကိုယ်ရေးအချက်အလက်များပေါက်ကြားမှုနှင့်စပ်လျဉ်းပြီး စုံစမ်းရင်းလစ်ဘီ၏အမှုပေါ်ပေါက်လာခဲ့သည်။

အီရတ်တွင် အမေရိကန်စစ်သည်များ အသေအပျောက်များနေခြင်း၊ သမ္မတဘုရှ်အပေါ် အမေရိကန်ပြည်သူများက ယုံကြည်အားထားမှုလျော့နည်းကျဆင်းလာချိန်၌ အောက်တိုဘာလ ၆ ရက်နေ့က အီရတ်စစ်ပွဲနှင့်ပတ်သက်၍ ၎င်း၏သဘောထားကို ပြောပြခဲ့သည်။ အီရတ်စစ်ပွဲသည် အကြမ်းဖက်ဝါဒအား ဆန့်ကျင်ရေးနှင့် ဆက်စပ်နေကြောင်းစသည်တို့ကို ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၂ ရက်နေ့ထုတ် ဝါရှင်တန်ဖို့(စ်) သတင်းစာက စီအိုင်အေသည် အယ်လ်ကိုင်ဒါဟု မသင်္ကာသူများကို အရှေ့ဥရောပရှိ "နေရာမည်းများ" ဟု ခေါ်တွင်သော နေရာများသို့ ပို့ကာစွဲချက် မတင်ဘဲ ချုပ်နှောင်ထားပြီး မေးမြန်းစစ်ကြောနေကြောင်း ဖော်ပြခဲ့သည်။ အဆိုပါ သတင်းစာက စီအိုင်အေ၏ လျှို့ဝှက်အကျဉ်းထောင်များသည် အရှေ့ဥရောပတွင် သာမက အာဖဂန်နစ္စတန်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း ရှိနေကြောင်းဖော်ပြခဲ့သည်။ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကလည်း ယင်းကဲ့သို့ လျှို့ဝှက်အကျဉ်းထောင်များ ရှိကြောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်များအတွင်း ၎င်းမသင်္ကာသူများကို အာဖဂန်နစ္စတန်မှ ပိုလန်နှင့် ရိုမေးနီးယားနိုင်ငံများသို့ ပို့ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဤသတင်းများထွက်ပေါ်လာသဖြင့် သက်ဆိုင်ရာနိုင်ငံများက ၎င်းတို့နိုင်ငံတွင် လျှို့ဝှက်အကျဉ်းထောင်များ မရှိကြောင်း ငြင်းဆိုခဲ့ကြသည်။ အမေရိကန်ဝေဖန်ချက်များမပေးဘဲ အကျဉ်းသားများကို နိုင်ငံတကာဥပဒေနှင့်အညီ ဆက်ဆံပြုမူနေကြောင်းလောက်ကိုသာ ပြောခဲ့ကြ သည်။

ဦးခင်မောင်မြ

အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆု၊ စာပေဗိမာန်စာမူဆု။ ။ ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသားစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော အားပေးမြှင့်တင်မှုတစ်ရပ်ဖြစ်သကဲ့သို့ အရည်အသွေးမြင့်မားသည့် စာပေများမြန်မာ့စာပေ



**အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်**

လောကတွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးကို ရှေးရှုပြီး နိုင်ငံတော်အစိုးရသည်နှစ်စဉ်စာပေဆုများကိုရွေးချယ်ချီးမြှင့်လျက်ရှိသည်။

၁၉၄၉ ခုနှစ်တွင် စာပေဗိမာန်တစ်ထောင်ဆုကို စတင်တီထွင်ချီးမြှင့်ခဲ့ပြီးနောက် ၁၉၆၂ ခုနှစ်တွင် အနုပညာစာပေဆုအမည်ဖြင့် စာပေဆုများကို ဆက်လက်ရွေးချယ်ချီးမြှင့်ခဲ့သည်။ ထိုမှတစ်ဆင့် ၁၉၆၉ ခုနှစ်တွင် အမျိုးသားစာပေဆုအဖြစ် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များစွာထဲမှ ဖတ်ရှုစိစစ်ပြီး ရွေးချယ်ချီးမြှင့်လာခဲ့သည်။

၁၉၆၂ ခုနှစ်မှစ၍ ချီးမြှင့်လာခဲ့သည့် အမျိုးသားစာပေဆုများမှာ ၄၀၆ ဆုရှိပြီဖြစ်သည်။ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၄ ခုနှစ် အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်၍ထုတ်ဝေသည့်စာအုပ်များအနက် အမျိုးသား စာပေဆု စည်းကမ်းအရ အကျုံးဝင်သည့် ဘာသာရပ် ၁၄ မျိုး အလိုက် ထုတ်ဝေသောစာအုပ်ပေါင်း ၁၂၉၈ အုပ်ကို ဖတ်ရှုစိစစ်သည်။

အမျိုးသားစာပေဆုချီးမြှင့်ရန် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ဘာသာပြန် (သုတ)၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ)နှင့် နိုင်ငံရေးစာပေတို့ကို ရွေးချယ်နိုင်ခဲ့ပြီး ဝတ္ထုရှည်၊ ပြဇာတ်၊ ကလေးစာပေနှင့် လူငယ်စာပေတို့ကိုမူ ရွေးချယ်ခြင်းမပြုနိုင်ခဲ့ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေဗိမာန်စာမူဆုများကို ၁၉၆၉ ခုနှစ်မှ စတင်ပြီးချီးမြှင့်လာခဲ့သည်။ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ပြိုင်ပွဲဝင်တင်သွင်းလာသော စာမူများကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးဆိုင်ရာ မူကိုးချက်နှင့်အညီ စိစစ်ရွေးချယ်သည်။

၂၀၀၄ ခုနှစ် စာပေဗိမာန်စာမူဆုအတွက် တင်သွင်းလာသော ပြိုင်ပွဲဝင်စာမူပေါင်းမှာ ၁၄၅ စောင်ရှိသည်။ စာပေဗိမာန်စာမူဆုချီးမြှင့်ရန် သတ်မှတ်ထားသည့် ဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ပြဇာတ်စာပေနှင့် ဘာသာပြန်စာပေတို့တွင် ဆုရွေးချယ်နိုင်ခဲ့ ပြီး နိုင်ငံရေးစာပေဘာသာရပ်ကိုမူ တင်သွင်းယှဉ်ပြိုင်ခြင်းမရှိသဖြင့် ဆုရွေးချယ်ခြင်း မပြုနိုင်ခဲ့ပေ။

# အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆု၊ စာပေဗိမာန်စာမူဆု

## ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆုရရှိကြသူများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၁ | ဝတ္ထုတို ပေါင်းချုပ် | ခံစားမှုသိပ်သည်းဆ အမှတ်တရဝတ္ထုတိုများ | ဒေါ်ဝင်းနေမင်း |
| ၂ | ကဗျာ ပေါင်းချုပ် | ရေကြည်တစ်မှုတ် ပန်းတစ်ဆုပ်ကဗျာများ | ရွှေမြိုင်မောင်ဖူးဝါ |
| ၃ | စာပဒေသာ | မင်းယောကျ်ားတို့၏ စကားရာဇဝင် | ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) |
| ၄ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ | မြန်မာ့ရိုးရာပန်းရန် ပန်းတော့ပညာ | မုံရွာတိုးဝေ (ပန်းရန်) |
| ၅ | ဘာသာပြန် (သုတ) | ဦးနှောက်များကို မီးညှိခြင်း | ဘိုးလှိုင် |
| ၆ | ဘာသာပြန် (ရသ) | တောင်ပံမဲ့သင်းကွဲ တေးဆိုငှက် | တင်မောင်မြင့် |
| ၇ | သုတပဒေသာ (ဝိဇ္ဇာ) | ကုန်းဘောင်ခေတ် ကျေးလက်လူမှုစီးပွား ဘဝ (၁၇၅၂-၁၈၈၅) | ဒေါက်တာတိုးလှ |
| ၈ | သုတပဒေသာ (ရိုးရိုးသိပ္ပံ) | မြန်မာ့ပတ္တမြားနှင့် နီလာ | ဦးဉာဏ်သင်း |
| ၉ | သုတပဒေသာ (အသုံးချသိပ္ပံ) | လိမ္မော်နှင့် နှစ်ရှည် သီးပင်စိုက်ပျိုးရေး | ဒေါက်တာချစ် |
| ၁၀ | နိုင်ငံရေးစာပေ | ကိုယ်တွေ့ဖြစ်ရပ်များ၊ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ | ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) |

## ၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများ

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၁ | ဝတ္ထုရှည် (ပထမဆု) | နှင်းခါးရိုင်း | နေစိုးသော် |
| | ဝတ္ထုရှည် (ဒုတိယဆု) | အလွမ်းခေါ်၍ ကောင်းကင်မျှော်သူများ | အဏ္ဏဝါနေမင်းသိုက် |

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| | ဝတ္ထုရှည် (တတိယဆု) | မိုးခြည်တိမ်ခြေပုံ့နှင့်ချေ | ချစ်ညွန့်ကျော် |
| ၂ | ဝတ္ထုတို ပေါင်းချုပ် (ဒုတိယဆု) | ရှင်မတောင်မိုးညို မှိုင်းတော့ ရင်လှိုင်း ခတ်လို့ လွမ်းမိတယ် | နေမျိုးသန့် |
| | (တတိယဆု) | ပန်းတောတစ်ရွာလုံး မရှေ့ရှိအပျော်ဆုံး ဝတ္ထုတိုများ | သိန်းဇော် (ရွှေလီဦး) |
| ၃ | ကဗျာ ပေါင်းချုပ် (ပထမဆု) | ဇရာဝတီနှင့်အခြား ကဗျာများ | မြေပြန့်ဝင်းသွေး |
| | (ဒုတိယဆု) | မေတ္တာလွှမ်းခြုံပန်း သင်းထုံကဗျာများ | ဇေယျာဘုန်းမြင့် |
| | (တတိယဆု) | နှစ်ဦးဆုမွန်ကဗျာများ | ရွှေဘိုတင်အောင် |
| ၄ | သုတပဒေသာ (ဝိဇ္ဇာပညာရပ်) (ပထမဆု) | ရွှေဘုံရွှေနန်းအမရပူရ ကြဌနန်း | အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်) |
| | (ဒုတိယဆု) | စာပေရေးသား ထုတ်ဝေခြင်းဆိုင်ရာ ဥပဒေရေးရာ | သတင်းထောက် သောင်းညွန့် (ဖျာပုံ) |
| | (တတိယဆု) | မြန်မာ့ရိုးရာစနိ လုပ်ငန်း | ကျိုက်ထော် ခင်မိုးအေး (ဘီအေ) |
| ၅ | သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) (ပထမဆု) | အနာသိကဆေးရှိအံ့ | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) |
| | (ဒုတိယဆု) | မြန်မာနိုင်ငံတွင်တွေ့ရသော မြွေများနှင့် မြန်မာမြွေဆရာများ | ဦးမောင်ချစ် (ရတနာပုံ) |
| | (တတိယဆု) | မွေးမြူရေးလုပ်ငန်း ပိုင်ရှင်များနှင့်မန်နေဂျာများအတွက်ဆောင် ရန် ရှောင်ရန် | ဝင်းလွင်(လက်ပံတန်း) |

| စဉ် | ဘာသာရပ် | စာမူအမည် | စာရေးသူ |
|---|---|---|---|
| ၆ | စာပဒေသာ (ဒုတိယဆု) | ဆိုကရေးတီးခရီး မှတ်တိုင်များ | ဇင်မင်း(သမိန်ထော) |
| | (တတိယဆု) | ဒလတောကြီးတန်း ဒေသရှာပုံတော် | ဒေါက်တာမြင့်လှိုင် |
| ၇ | မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာ ဆိုင်ရာစာပေ (ပထမဆု) | လွှန်းရာကျော် ကြိုးကြိုးချိတ် | ဦးရွှေထွန်း |
| | (ဒုတိယဆု) | မပြတ်တွေ့နိုင်သည့် ဖိနပ်ခလေ့ | ထန်လှိုင် |
| | (တတိယဆု) | မြန်မာ့ပန်းပဲ | မှတ်ကျောက် |
| ၈ | ကလေးစာပေ (ပထမဆု) | စေတနာနှင့် အခြား ဝတ္ထုတိုများ | မြတ်မျိုးမြင့် |
| | (ဒုတိယဆု) | သက်ရှည်ကျန်းမာ ရင်သွေးရတနာ | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) |
| | (တတိယဆု) | ရွှေပြည်စိုးရဲ့ တေးသံသာကလေး ကဗျာများ | မြေလတ် မောင်မြင့်သူ |
| ၉ | လူငယ်စာပေ (ပထမဆု) | အလင်းတံခါးဖွင့်၍ ကြိုမည် | နန္ဒာခင် (သက္ကလမြေ) |
| | (ဒုတိယဆု) | အမေမှသား၊ သားမှ အမေ | ဆန်းအောင်(အညာ မြေ) |
| | (တတိယဆု) | မြန်မာမနှင့် အခြား လူငယ်ဝတ္ထုတိုများ | ရဲဘော်မြသိန်း (ဟိုပုန်း) |
| ၁၀ | ပြဇာတ်စာပေ (တတိယဆု) | အဖေအမေသားတို့ သမီးတို့ | ဇင်မင်း(သမိန်ထော) |
| ၁၁ | ဘာသာပြန် စာပေ (ပထမဆု) | ကမ္ဘာ့ပေါင်းကူး ယှက်နွယ်ဆက်စပ်မှု ဖြစ်စဉ် (ဂလိုဘယ် လိုက်ဇေးရှင်း)သမိုင်း အကျဉ်း | မြနှင်းဆီ |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသူ ဦးလေးမြိုင် (စာရေးဆရာကြီး လေးမြိုင်)အားဆုပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အတွင်းရေးမှူး (၁)သည် အမျိုးသားစာပေဆုရပုဂ္ဂိုလ်များကို ဆုများချီးမြှင့်သည်။

၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဝန်ကြီးများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ခမ်းငယ်

အရှေ့အလယ်ပိုင်းဒေသ။ ။ ပထဝီနိုင်ငံရေးသဘောအရလည်းကောင်း၊ ရေနံပေါကြွယ်ဝမှုအရလည်းကောင်း၊ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကြောင့်လည်းကောင်း၊ မဟာဒီမိုကရေစီအခြေချနိုင်ရေး အတွက် အမေရိကန်၏ ကြိုးပမ်းမှုများကြောင့်လည်း ကောင်း၊ ယဉ်ကျေးမှုပဋိပက္ခသဘောအရ အစ္စလာမ် အုပ်စုများ၏ အမေရိကန်ဆန့်ကျင်ရေးလှုပ်ရှားမှုများအရလည်းကောင်း၊ အီရန်၏ အဏုမြူအကြံကြီးမှုများအရလည်းကောင်း၊ အင်အားကြီးနိုင်ငံ၊ ဖွံ့ဖြိုးပြီးနိုင်ငံ၊ စီးပွားအင်အားတောင့်တင်းသောနိုင်ငံတို့က ဤဒေသတွင် ဩဇာဖြန့်ကြက်ရန် ကြိုးပမ်းနေမှုများအရလည်း ကောင်း၊ အရှေ့အလယ်ပိုင်းဒေသသည် ကမ္ဘာ့ဇာတ်ခုံတွင် အရေးပါသော ဒေသဖြစ်နေသည်။ ဤဒေသတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် ယဉ်ကျေးမှုအရေးတို့သည် ထွေးရောယှက်တင်ဖြစ်လျက် နိုင်ငံတကာဆက်ဆံရေးများ၌ အားပြိုင်နေသော ဒေသလည်းဖြစ်ပေသည်။

အမေရိကန်အထူးတပ်ဖွဲ့များ၏ လေ့လာတွေ့ရှိချက်များအရ အီရန်နိုင်ငံ၊ တီဟီရန်မြို့အနီးရှိ ပါချင်းစစ်စခန်း၌ အဏုမြူဗုံးထုတ်လုပ်ရန် စီစဉ်နေကြောင်း သံသယဝင်ခဲ့သည်။ ဤသံသယကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီနှင့်

အီရန်တို့ ညှိနှိုင်းခဲ့သည်။ အီရန်က ၎င်းအေဂျင်စီအား ပါချင်းစစ်စခန်းကို ဝင်ရောက်စစ်ဆေးခွင့်ပြုရန် သဘောတူခဲ့သည်။ ဤသို့ သဘောတူညီချက်ရမှုကို အဏုမြူအေဂျင်စီက ဇန်နဝါရီလ ၅ ရက်နေ့တွင် ကြေညာခဲ့သည်။

ပါလက်စတိုင်းနယ်မြေများ၌ ဇန်နဝါရီလ ၁၀ ရက်နေ့က သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့ရာ ပါလက်စတိုင်းလွတ်မြောက်ရေးဥက္ကဋ္ဌ မာမွတ်အဘတ်(စ်)အဘူမာဇင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ အဆိုပါ ရွေးကောက်ပွဲကို ဟာမတ်(စ်)အဖွဲ့နှင့် အစ္စလာမ်မစ် ဂျီဟဒ်အဖွဲ့တို့က သပိတ်မှောက်ခဲ့ကြသည်။

ဇန်နဝါရီလ ၂၄-၂၇ ရက်နေ့များတွင် ဆီးရီးယားသမ္မတအာဆဒ်သည် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့ပြီး ရုရှားသမ္မတပူတင်၊ ရုရှားထိပ်တန်းခေါင်းဆောင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒုံးကျည်များဝယ်ယူရန် ညှိနှိုင်းခဲ့ကြောင်း သတင်းများထွက်ခဲ့သည်။

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့ရှိ သံတမန်များ၏ သတင်းစကားကို ကိုးကားလျက် ဇန်နဝါရီလ ၅ ရက်နေ့တွင် ဗြိတိသျှသတင်းစာများက အဏုမြူ လက်နက်ထုတ်လုပ်ရေးသို့ ရှေးရှုနေသော အဏုမြူစမ်းသပ်မှုများကို အီဂျစ်ကလုပ်ဆောင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ အဏုမြူအေဂျင်စီမှ စစ်ဆေးရေးမှူးများသည် အီဂျစ်တွင် ၁၉၈၀၊ ၁၉၉၀ နှစ်များအတွင်း အဏုမြူစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ သို့သော် စိုးရိမ်ရလောက်အောင် အခြေအနေမဟုတ်ဟု မှတ်ယူခဲ့ကြသည်။ အီဂျစ်အစိုးရက အဏုမြူဗုံး ထုတ်လုပ်ရန် ကြံရွယ်ချက်မရှိကြောင်း ပြောဆိုခဲ့သည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လက်ဘနွန် ပြန်လည်ထူထောင်ရေးဗိသုကာဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်းလည်း ဖြစ်သော ရာဖတ်အယ်(လ်)ဟာရီရီသည် ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့သည်။ ဘေရွတ်မြို့တွင်းသို့သွားစဉ် ၎င်း၏ ယာဉ်တန်းအနီး ကားဗုံးပေါက်ကွဲမှုကြောင့် ၎င်းနှင့်အတူ အခြားပုဂ္ဂိုလ် ၁၆ ဦး သေဆုံးခဲ့သည်။ ၁၃၅ ဦး ဒဏ်ရာရခဲ့သည်။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ လက်ဘနွန်ရှိ အတိုက်အခံနိုင်ငံရေးသမားများက ဆီးရီးယားလိုလားသော လက်ရှိအာဏာရ အစိုးရအဖွဲ့နှင့် ဆီးရီးယားအစိုးရအဖွဲ့တို့အပေါ် တာဝန်ရှိကြောင်း စွပ်စွဲခဲ့သည်။ လူထုဆန္ဒပြပွဲများကြောင့် ဝန်ကြီးချုပ်ကာရာမီခေါင်းဆောင်သော အစိုးရအဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်နေ့က နုတ်ထွက်သွားခဲ့သည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အဘတ်(စ်)နှင့် အစ္စရေးဝန်ကြီးချုပ် ရှာရွန်တို့သည် အီဂျစ်ရှိ ရှမ်းအဲလ်ရှိတ်အပန်းဖြေစခန်း၌ တွေ့ဆုံခဲ့ကြသည်။ ထိုထိပ်သီးဆွေးနွေးပွဲသို့ အီဂျစ်သမ္မတမူဘာရက်နှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာတို့လည်း တက်ရောက်ခဲ့သည်။ အကြမ်းဖက်မှုအားလုံး ရပ်ဆိုင်းကြရန် သဘောတူခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြည်ထောင်စုအခြေပြမိန့်ခွန်းကို ပြောကြားရင်း သမ္မတဘုရှ်က အီရန်ပြည်သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုဘက်မှ အမေရိကန်က ရပ်တည်ပေးမည်ဖြစ်ကြောင်း သွေးထိုးလှုံ့ဆော်ပေးခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်(ခ်)ကလည်း ၎င်း၏ပထမဆုံးပြည်ပခရီးစဉ်တွင် အီရန်နိုင်ငံအနေဖြင့် အဏုမြူလက်နက်ထုတ်လုပ်ရေး ကြိုးပမ်းမှုမှန်သမျှနှင့် အကြမ်းဖက်ဝါဒအား ထောက်ခံအားပေးမှုတို့ကို စွန့်လွှတ်ရန် ပြင်းထန်စွာသတိပေးခဲ့သည်၊ အီရန်မှဘာသာရေးခေါင်းဆောင်ချုပ် အယာတိုလာအလီခါမေနီက သမ္မတဘုရှ်၏ ပြောကြားချက်ကို ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

ဖေဖော်ဝါရီလလယ်ပိုင်းက ဥရောပသို့ ရောက်ရှိနေခိုက် သမ္မတဘုရှ်က အီဂျစ်ကို ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အကြံပေးခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးကို လမ်းပြခဲ့သော အီဂျစ်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိုလည်း ရှေ့ဆောင်လမ်းပြရန် တိုက်တွန်းခဲ့သည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အီဂျစ်သမ္မတက ဒီမိုကရေစီ

အသွင်ကူးပြောင်းရေးအတွက် အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဟု ကြေညာခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ပေးရေးအတွက် အခြေခံဥပဒေကို ပြင်ဆင်ပေးတော့မည်ဖြစ်သည်။

မတ်လ ၁ ရက်နေ့တွင် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ပီယာဂိုးလ်ရှမစ်က အီရန်တွင် အဏုမြူထုတ်လုပ်ရေးကိစ္စများနှင့် ပတ်သက်၍ အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးသို့ တင်ပြခဲ့သည်။ ပါချင်းစစ်စခန်းသို့ အဏုမြူအေဂျင်စီမှ စိစစ်ရေးမှူးများ ဝင်ရောက်ကြည့်ရှုစစ်ဆေးရေးကို အီရန်က ချုပ်ချယ်ကန့်သတ်မှုများပြုခဲ့ကြောင်း၊ အာရက်မြို့တွင် အဏုမြူဓာတ်ပေါင်းဖိုကို တည်ဆောက်နေကြောင်း၊ ၎င်းဓာတ်ပေါင်းဖိုမှ အဏုမြူလက်နက်ပြုလုပ်ရာ၌ အရေးပါသော ပလူတိုနီယမ်ကို ထုတ်လုပ်နိုင်ကြောင်း၊ အဏုမြူဆိုင်ရာ ဓာတ်ပစ္စည်းများသိုလှောင်နိုင်ရေးအတွက် အစ္စဖာဟန်မြို့တွင် မြေအောက်လိုဏ်ခေါင်းများ တူးနေကြောင်းတို့ကို တင်ပြခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းရာဖတ်ဟာရီရီလုပ်ကြံခံရပြီးနောက် မတ်လအတွင်း၌ ဆီးရီးယားဆန့်ကျင်ရေးလှုပ်ရှားမှုများ တိုးပွားလာသည်။ ဆီးရီးယားစစ်တပ်များနှင့် ထောက်လှမ်းရေးအဖွဲ့များ လက်ဘနွန်မှ ထွက်ခွာပေးရေးအတွက် နိုင်ငံတကာဖိအားပေးမှုများ တိုးပွားလာခဲ့သည်။ ဆီးရီးယားကို လိုလားသော ဟစ်ဘိုလာအဖွဲ့များက ဆီးရီးယားထောက်ခံရေးလူထုဆန္ဒပြပွဲကြီးကို ပြုလုပ်ခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲသည် ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့ကို ထောက်ခံသည့် ကွန်ဖရင့်တစ်ရပ်ကို မတ်လ ၁ ရက်နေ့က လန်ဒန်၌ ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်သို့ ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အဘတ်(စ်)၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကွန်ဒိုလီဇာရိုက် (စ်)နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးမိချဲလ်ဘာနီယဲတို့ အပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။ ထိုကွန်ဖရင့်ကို အသက်ရှင်သန်ရပ်တည်နိုင်သော ပါလက်စတိုင်းနိုင်ငံထူထောင်ရေးအတွက် နိုင်ငံတကာ၏ ထောက်ခံအားပေးမှုကို စည်းရုံးဆော်သြသွားရန် ကျင်းပခြင်းဖြစ်ပေသည်။

မတ်လ ၁၆ ရက်နေ့တွင် အနောက်ဘက်ကမ်းခြေဒေသမှ ဂျယ်ရီခိုမြို့ လုံခြုံရေးထိန်းချုပ်နိုင်ရေးကို အစ္စရေးက ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သို့ လွှဲအပ်ပေးခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ဂျယ်ရီခိုမြို့တွင် အကြမ်းဖက်မှုများ ကင်းရှင်းခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်ရှာရွန်က ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်းနှင့် ဂျူးတို့အကြားအဆက်အသွယ်ဖြတ်တောက်ရေးအစီအစဉ်ကို တင်ပြခဲ့ရာ အာဏာရပါတီတွင်း၌လည်းကောင်း၊ ဂျူးလူထုများအကြားတွင်လည်းကောင်း အချေအတင်ငြင်းခုံမှုများဖြစ်ခဲ့သည်။ မတ်လ ၂၉ ရက်နေ့တွင် အစ္စရေးလွှတ်တော်က ၂၀၀၅ ခုနှစ်အတွက် ဘတ်ဂျက်ကို အတည်ပြုပေးခဲ့သည်။ ဤသို့အတည်ပြုပေးလိုက်သဖြင့် ဂါဇာမှ ဂျူးအခြေစိုက်စခန်းများ ဆုတ်ခွာပေးရေးအစီအစဉ်အတွက် အဟန့်အတားများ ကင်းရှင်းသွားခဲ့သည်။

နိုင်ငံတကာဖိအားပေးမှုများကြောင့် ဆီးရီးယားတပ်များနှင့် ထောက်လှမ်းရေးအဖွဲ့များသည် ဧပြီလ ၂၆ ရက်နေ့တွင် လက်ဘနွန်မှ အပြီးအပိုင်ဆုတ်ခွာသွားကြသည်။

ဝန်ကြီးချုပ်ဟောင်း ဟာရီရီလုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ လက်ဘနွန်အာဏာပိုင်များက စုံစမ်းစစ်ဆေးရာတွင် ၎င်းတို့အား အထောက်အကူပြုရေးအတွက် သီးခြားလွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့တွင် လက်ဘနွန်အမျိုးသားလွှတ် တော်က

ဝန်ကြီးချုပ်မိကာတီခေါင်းဆောင်သော အစိုးရ အဖွဲ့သစ်ကို အတည်ပြုပေးလိုက်သည်။ အစိုးရအဖွဲ့သစ်၌ ဆီးရီးယားကိုလိုလားသူများနှင့် ဆန့်ကျင်သူများ ပါဝင်ခဲ့ကြသည်။

ဧပြီလအတွင်း အစ္စရေးနိုင်ငံ၌ ဂါဇာမှ ဆုတ်ခွာပေးရေးအစီအစဉ်နှင့်ပတ်သက်၍ အချေအတင်ငြင်းခုံမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့တွင် အစ္စရေးဝန်ကြီးချုပ်ရှာရွန်သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ ထိုသို့ ရောက်ရှိနေစဉ်သမ္မတဘုရှ်က အစ္စရေးတို့အနေဖြင့် အနောက်ဘက်ကမ်းခြေ၌ ဂျူးအခြေစိုက်စခန်းများ တိုးချဲ့ဆောက်လုပ်နေခြင်းကို ပြင်းထန်စွာသတိပေးခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေး လမ်းပြမြေပုံအတိုင်း လိုက်နာဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

အီရန်က အဏုမြူစွမ်းအင်ရရှိရေး ကြိုးပမ်းချက်များသည် စစ်ရေးအတွက်မဟုတ်ကြောင်း ဥရောပသမဂ္ဂမှ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့ ပါဝင်သော သုံးပွင့်ဆိုင်အဖွဲ့နှင့် ဆွေးနွေးရန် သဘောတူကြောင်း ဧပြီလ ၅ ရက်နေ့က ပြောဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ထိုသုံးပွင့်ဆိုင်အဖွဲ့ကို ဖိအားပေးခဲ့သည်။ အီရန်နှင့် အမေရိကန်ဆက်ဆံရေးမှာ ဆက်လက်တင်းမာနေခဲ့သည်။

သမ္မတရွေးကောက်ပွဲတွင် သမ္မတလောင်းအများအပြားဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ရှိရေးအတွက် အီဂျစ်အခြေခံဥပဒေပုဒ်မ ၇၆ ပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်က မေလ ၁၀ ရက်နေ့တွင် အတည်ပြုပေးခဲ့သည်။ ပြည်တွင်းပြည်ပ ဖိအားပေးမှုများကြောင့် အီဂျစ်သမ္မတမူဘာရက်က ဤသို့ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ မေလ ၂၅ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက အခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုပေးလိုက်သည်။ အတိုက်အခံများကမူ ပြုပြင်ပြောင်းလဲမှုနည်းပါးနေသေးကြောင်း အကြောင်းပြလျက်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို သပိတ်မှောက်ခဲ့သည်။

မေလ ၂၆-၂၈ ရက်နေ့များတွင် ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အဘတ်(စ်)သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည်။ ဤခရီးစဉ်တွင် သမ္မတဘုရှ်က ဂါဇာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သို့ ဒေါ်လာသန်း ၅၀ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ မေလဆန်းပိုင်းတွင် အနောက်ဘက်ကမ်းခြေနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ မြူနီစီပယ်ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာ ဟာမတ်(စ်)အဖွဲ့က အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ပါလက်စတိုင်းဥပဒေပြုကောင်စီအတွက် ရွေးကောက်ပွဲများ ကျင်းပမည့်ရက်ကို ရွေးကောက်ပွဲကော်မရှင်က ရွှေ့ဆိုင်းထားခဲ့သည်။

ဂျော်ဒန်၊ အစ္စရေးနှင့်ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့မှ ဝန်ကြီးများသည် မေလ ၉ ရက်နေ့တွင် ဂျော်ဒန်နိုင်ငံအာမန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ပင်လယ်နီနှင့် ပင်လယ်သေတို့အကြား တူးမြောင်းဖောက်လုပ်ရေးအတွက် ဖြစ်နိုင်ခြေရှိ၊ မရှိ စမ်းသပ်မှုများပြုလုပ်ရန် သဘောတူခဲ့ကြသည်။ ၎င်းတူးမြောင်းကို "ငြိမ်းချမ်းရေးရေစင်တင်" စီမံကိန်းဟု ခေါ်တွင်ခဲ့ကြသည်။ အဆိုပါလေ့လာရေးအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း ၂၀ ထောက်ပံ့မည်ဖြစ်သည်။

ဇွန်လ ၁၇ ရက်နေ့တွင် အီရန်၌ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲအတွက် သမ္မတလောင်းပေါင်း ၁၀၁၄ ဦး အမည်စာရင်းတင်သွင်းခဲ့သည်။ ရှေးရိုးစွဲဝါဒီများ လွှမ်းမိုးထားသည့် အခြေခံဥပဒေအကောင်အထည်ဖော်မှုစောင့်ကြည့်ရေးအဖွဲ့ဖြစ်သော စောင့်ကြပ်ကာကွယ်ရေးကောင်စီက သမ္မတလောင်း ၆ ဦးကိုသာ အတည်ပြုပေးခဲ့သည်။ မေလ ၃ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အဏုမြူမပြန့်ပွားရေး စာချုပ်ကိုပြန်လည်သုံးသပ်ခဲ့သည်။ ထိုညီလာခံ၌ အီရန်နိုင်ငံခြားရေးဝန်ကြီးကမားလ်ခါရပ်ဇီက ၂၀၀၄ ခုနှစ်တွင် ရပ်ဆိုင်းထားခဲ့သည့် ယူရေနီယမ်သန့်စင်ရေးကို ပြန်လည်

**သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် ပါလက်စတိုင်းလွတ်မြောက်ရေး အဖွဲ့ခေါင်းဆောင် မာမွတ် အဘတ်(စ်)**



စတင်ပြုလုပ်ရန် ကြံရွယ်နေကြောင်း ပြောကြားခဲ့သည်။ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြုလုပ်မည့် အဏုမြူဆိုင်ရာနည်းပညာကို အဏုမြူလက်နက်ပိုင်ရှင်တစ်စုက လက်ဝါးကြီးအုပ်ထိန်းချုပ်ထားခြင်းကို လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။ အဏုမြူထုတ်လုပ်ရေးနှင့် ပတ်သက်၍ အီရန်နှင့် ဥရောပသမဂ္ဂမှ သုံးပွင့်ဆိုင်အဖွဲ့တို့သည် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အီရန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲများကို ဇွန်လ ၁၇ ရက်နေ့က ကျင်းပခဲ့သည်။ ပထမအကျော့ရွေးကောက်ပွဲတွင် မည်သည့်သမ္မတလောင်းမျှ အများစုထောက်ခံမဲကို မရရှိခဲ့သဖြင့် ဒုတိယအကျော့ရွေးကောက်ပွဲကို ဇွန်လ ၂၅ ရက်နေ့က ကျင်းပခဲ့ရသည်။ ဒုတိယအကျော့ပွင် ပြုပြင်ရေးဝါဒီ ယခင်သမ္မတဟာရှီမီရပ်(ဖ်)ဆန်ဂျာနီနှင့် ရှေးရိုးစွဲအစွန်းရောက်ဝါဒီ တီဟီရန်မြို့တော်ဝန် မာမွတ်အမာဒင်ဂျက်တို့နှစ်ဦးယှဉ်ပြိုင်ခဲ့ရာ မာမွတ်အမာဒင်ဂျက်က အနိုင်ရခဲ့သည်။ အောင်ပွဲရအရွေးချယ်ခံသမ္မတအမာဒင်ဂျက်က အနောက်တိုင်းကို စိန်ခေါ်ခဲ့သည်။ အဏုမြူထုတ်လုပ်ရေးအစီအစဉ်ကိုစွန့်လွှတ်ရန် နိုင်ငံတကာဖိအားပေးမှုကို တွန်းလှန်မည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၌ မတည်မငြိမ်ဖြစ်နေရခြင်း၏ ဇစ်မြစ်မှာ ဇီယွန်ဝါဒီအစ္စရေးကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဇွန်လ ၆-၉ ရက်နေ့များတွင် ဆီးရီးယားနိုင်ငံ၌ ဘာအပ်(သ်)ပါတီ၏ ဒသမအကြိမ်ညီလာခံကို ကျင်းပခဲ့သည်။ ဇွန်လ ၄ ရက်နေ့တွင် ဆီးရီးယားက ကဒ်ဒုံးကျည်သုံးလုံးကို အစမ်းပစ်လွှတ်ခဲ့ရာ စကဒ်ဒုံးကျည်တစ်လုံးသည် တူရကီနယ်မြေပေါ်သို့ ကျရောက်ခဲ့ သည်။ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသတင်းကို အစ္စရေးလ်ထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ်ခဲ့သည်။ အမေရိကန်၏ ခြိမ်းခြောက်မှုကို အန်တုလျက် ဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လ ၁၅-၂၃ ရက်နေ့များတွင် ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းခြေတို့မှ ဂျူးအခြေစိုက်စခန်း ၂၅ ခုကို အပြီးဆုတ်ခွာပေးနိုင်ခဲ့သည်။ အစ္စရေးစစ်တပ်သည် ဂါဇာကမ်းမြောင်လုံခြုံရေးကို ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သို့ လွှဲပြောင်းပေးရန် စီစဉ်ခဲ့သည်။ စစ်တပ်သည် နယ်စပ်ဒေသများတွင်သာ ရှိနေတော့မည်ဖြစ်သည်။ ဤသို့ ဆုတ်ခွာပေးမှုအတွက် ပါလက်စတိုင်းခေါင်းဆောင်မာမွတ်အာဘတ်(ခ်) အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက အစ္စရေးလ်ဝန်ကြီးချုပ် ရှာရွန်အား ချီးကျူးခဲ့ကြသည်။

ဩဂုတ်လ ၁၉ ရက်နေ့တွင် အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်သွယ်ထားသောအုပ်စုတစ်ခုက အက်ကဘာအမည်ရှိ ဂျော်ဒန်ဆိပ်ကမ်း၌ ကပ်ထားသော အမေရိကန်စစ်သင်္ဘောကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည်။ အမေရိကန်စစ်သင်္ဘောကို မထိဘဲ ဆိပ်ကမ်းရှိ ကုန်လှောင်ရုံတစ်ခုကို ထိမှန်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်က အီမင်နိုင်ငံရှိ အေသင်ဆိပ်ကမ်း၌ စစ်သင်္ဘောတိုက်ခိုက်ခံရပြီး

နောက် USS Cole စစ်သင်္ဘောသည် ယခုတစ်ဖန် ဂျော်ဒန်၌ ပထမ ဆုံးတိုက်ခိုက်ခံရခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံတွင် စက်တင်ဘာလ ၇ ရက်နေ့က သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့ရာ လက်ရှိသမ္မတ မူဘာရက်သည် ယှဉ်ပြိုင်ဘက် ၉ ဦးအပေါ် အပြတ် အသတ်အနိုင်ရရှိခဲ့သည်။ ဤသို့ဖြင့် သမ္မတမူဘာရက် သည်နောက်ဆုံးနှင့် ပဉ္စမအကြိမ် သက်တမ်းအတွက် သေချာသွားပြီဖြစ်သည်။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အီရန်သမ္မတသစ် မိန့်ခွန်း ပြောကြားခဲ့သည်။ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အဏုမြူထုတ်လုပ်ရေး အစီအစဉ်သည် အီရန်၏ ကင်းကွာ၍မရနိုင်သော လုပ်ပိုင်ခွင့်ဖြစ်ကြောင်း ပြော ကြားခဲ့သည်။ တစ်ချိန်တည်းတွင် အဏုမြူလက်နက်ပိုင် ဗိုလ်ကျစိုးမိုးနေသော အင်အားကြီးနိုင်ငံတို့ကို လည်း ဝေဖန်ပုတ်ခတ်ခဲ့သည်။ ယူရေနီယမ်သန့်စင်ရေး လုပ်ငန်းကို အစဉ်ထာဝရစွန့်လွှတ်ပေးခြင်းဖြင့် ဥရောပ သမဂ္ဂက အီရန်သို့ပေးထားသော စီးပွားရေးမက်လုံး များကိုလည်း သမ္မတသစ်က ပယ်ချခဲ့သည်။ အင်အား သုံး၊ ခြိမ်းခြောက်အကျပ်ကိုင်လာပါက အီရန်သည် အဏုမြူထုတ်လုပ်ရေးကိစ္စနှင့်ပတ်သက်၍ ချဉ်းကပ် ဆောင်ရွက်နေမှုတစ်ခုလုံးကို ပြန်လည်စဉ်းစားရလိမ့် မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၉ ရက်နေ့က ဂျော်ဒန်နိုင်ငံ၊ အာမန် မြို့တော်၌ အသေခံဗုံးခွဲမှုများ ဖြစ်ပေါ်ခဲ့ရာ ၅၉ ဦး သေဆုံးပြီး ၁၁၅ ဦး ဒဏ်ရာရခဲ့သည်။ ဗုံးခွဲတိုက်ခိုက် ခံရသည့်နေရာများမှာ အနောက်တိုင်းလုံခြုံရေး ကန်ထရိုက် တာများ၊ ထောက်ပံ့ကူညီရေးအေဂျင်စီတို့မှ ပုဂ္ဂိုလ်များ ဝင်ထွက်သွားလာနေကျ ဟိုတယ်များဖြစ်သည်။



အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ထိပ်သီးဆွေးနွေးပွဲကို အီဂျစ်နိုင်ငံတွင် ကျင်းပခဲ့ရာ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်(စ်)၊ အစ္စရေးဝန်ကြီးချုပ် ရှာရွန်နှင့် အီဂျစ်သမ္မတမူဘာရက်တို့ကို တွေ့ရစဉ်

လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဟာရီရီလုပ်ကြံ သတ်ဖြတ်ခံရမှုကို စုံစမ်းစစ်ဆေးနေသော ကုလသမဂ္ဂ ကော်မရှင်က ဆီးရီးယားသည် ပူးပေါင်းဆောင်ရွက်မှု အားနည်းကြောင်း၊ လုပ်ကြံသတ်ဖြတ်မှုတွင် ဆီးရီးယား အရာရှိများပါဝင်နိုင်ကြောင်း အစီရင်ခံခဲ့သည်။ ဆီးရီးယား အနေဖြင့် အဆိုပါ ကုလသမဂ္ဂကော်မရှင်နှင့် ပူးပေါင်း ရန်ပျက်ကွက်ပါက အရေးယူမည်ဟု လုံခြုံရေးကောင်စီ က ဆုံးဖြတ်ခဲ့သည်။ သို့သော် မည်သို့အရေးယူမည်ကို ဖော်ပြခြင်းမရှိခဲ့ပေ။



**အစ္စရေး ဟာဒရာတွင် ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသွားသူနှင့် ညီမဖြစ်သူ၏ ဝမ်းနည်းပူဆွေးမှု**

ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား အကြမ်းဖက်မှုများ၊ အသေခံဗုံးခွဲမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ နှစ်ဖက်စလုံးတွင်လည်း တင်းမာရေးလမ်းကြောင်း လိုက်သူများကြောင့် အကျပ်အတည်းများ ဖြစ်ပေါ်လျက် ရှိသည်။

**ဦးခင်မောင်မြ**

**အီရတ်နိုင်ငံ။** ။ အမတ်ဦးရေ ၂၇၅ ဦး ပါဝင်မည့် အမျိုးသားလွှတ်တော်အတွက် ပြည်လုံးကျွတ်ရွေးကောက် ပွဲများကို ဇန်နဝါရီလ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။ ဤအသွင်ကူးပြောင်းရေး အမျိုးသားလွှတ်တော်သည် ၂၀၀၄ ခုနှစ် ဩဂုတ်လအတွင်း ရွေးကောက်တင်မြှောက် ခဲ့သော ကြားဖြတ်ဥပဒေပြုအဖွဲ့ကို အစားထိုးရန် ဖြစ်သည်။ ထိုအချိန်က မဲဆန္ဒရှင်များသည် ပြည်နယ် ၁၈ ခုမှ အုပ်ချုပ်ရေးကောင်စီများအတွက် ကိုယ်စားလှယ် များကို ရွေးကောက်တင်မြှောက်ရေးအတွက် ဆန္ဒမဲ ပေးခဲ့ကြသည်။ ကားဒစ်(ရှ်)အများစုနေထိုင်ရာ အီရတ် မြောက်ပိုင်းမှ မဲဆန္ဒရှင်များသည် ကားဒစ်(ရှ်)ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ၏ ဥပဒေအဖွဲ့အစည်းဖြစ်သော အီရတ်ကာဒစ္စတန် အမျိုးသားလွှတ်တော်အတွက် အမတ်များကို ရွေးကောက်တင်မြှောက်ရန် ဆန္ဒမဲပေးခဲ့ ကြသည်။ ဤရွေးကောက်ပွဲများကို ၂၀၀၄ ခုနှစ် မေလ အတွင်း ဖွဲ့စည်းပေးခဲ့သည့် အဖွဲ့ဝင် ၉ ဦး ပါဝင်သော သီးခြားလွတ်လပ်သည့် အဆင့်မြင့်ရွေးကောက်ပွဲ ကော်မရှင်က ကြီးမှူးကျင်းပပေးခဲ့သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ဟန့်တားနှောင့်ယှက်ရန် ဆွန်နီသောင်းကျန်းသူများ သည် ဇန်နဝါရီလအတွင်း အကြမ်းဖက်တိုက်ခိုက်ခဲ့ကြ သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို မြို့ပေါင်းများစွာ ၌ ပြုလုပ်ခဲ့ရာ အီရတ်အစောင့်တပ်သားများနှင့် ရဲတပ်ဖွဲ့ ဝင်များ သေဆုံးခဲ့ရသည်။ အကြမ်းဖက်တိုက်ခိုက်ရာတွင် ကားဗုံးများ၊ လမ်းဘေးမြေမြှုပ်ဗုံးများကိုလည်း အသုံးပြု ခဲ့ကြသည်။

ပြင်သစ်နိုင်ငံမှ သတင်းထောက် အမျိုးသမီး ဖလောရင့်အောဘီနတ်(စ်)သည် ဇန်နဝါရီလ ၅ ရက်နေ့ တွင် ၎င်း၏ ယာဉ်မောင်းနှင့်စကားပြန် အီရတ်လူမျိုး တစ်ဦးနှင့် ပျောက်ကွယ်သွားခဲ့ရာ ပြန်ပေးဆွဲသွားသည် ဟု ယူဆခဲ့ကြသည်။ ဇန်နဝါရီလကုန်အထိ ၎င်းတို့ကို ပြန်ပေးဆွဲသွားကြောင်း မည်သည့်အဖွဲ့အစည်းအုပ်စု ကမျှ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။ ဆွန်နီတြိဂံဒေသ

၌လည်း ဇန်နဝါရီလလယ်က တရုတ်အလုပ်သမား ၈ ဦးကို ပြန်ပေးဆွဲသွားပြီး တရုတ်အစိုးရအနေဖြင့် အီရတ်စစ်ပွဲအပေါ် သဘောထားကို ထုတ်ပြန်ရန် တောင်းဆိုခဲ့သည်။ ထိုတရုတ်အလုပ်သမားများကို ဇန်နဝါရီလကုန်ပိုင်းတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လွှတ်ပေးခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သီးခြားလွတ်လပ်သော ရွေးကောက်ပွဲကော်မရှင်က ဇန်နဝါရီလ ၃၀ ရက်နေ့က ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။ ဤရွေးကောက်ပွဲတွင် ရှီးအိုက်မွတ်ဆလင်တို့၏ အဓိကညွန့်ပေါင်းအဖွဲ့ဖြစ်သည့် ညီညွတ်သော အီရတ်မဟာမိတ်အဖွဲ့က အမတ်ဦးရေ ၂၇၅ ဦးရှိမည့် အမျိုးသားလွှတ်တော်တွင် အမတ်ဦးရေ ၁၄၀ အနိုင်ရရှိခဲ့သည်။ ထိုလွှတ်တော်တွင် အမတ်နေရာ ၄၈ ရာခိုင်နှုန်းရရှိခဲ့သည်။ ဤသို့ဖြင့် ရွေးကောက်ပွဲရလဒ်များက အီရတ်တွင် ဆွန်နီမွတ်ဆလင်တို့၏ ကြီးစိုးလွှမ်းမိုးထားမှု အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ဖော်ညွှန်းခဲ့သည်။

အီရတ်မြောက်ပိုင်းရှိ ကာဒစ်စွတန်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် ကာဒစ်(ရှ်)ညွန့်ပေါင်းအဖွဲ့က အမတ်ဦးရေ အများစုဖြင့် ကာဒစ်(ရှ်)အမျိုးသားလွှတ်တော်ကို လွှမ်းမိုးထားနိုင်လောက်အောင် အနိုင်ရရှိခဲ့သည်။ ဆက်ဒမ်ဟူစိန်လက်ထက်က အီရတ်ကို လွှမ်းမိုးထားခဲ့သော ဆွန်နီမွတ်ဆလင်လူနည်းစုသည် ဤရွေးကောက်ပွဲတွင် အရှုံးကြီးရှုံးနိမ့်ခဲ့သည်။ ဤရွေးကောက်ပွဲတွင် လာရောက်ဆန္ဒမဲပေးသူ စုစုပေါင်း ၅၈ ရာခိုင်နှုန်းရှိသည်။ ဆွန်နီများ လွှမ်းမိုးထားပြီး အကြမ်းဖက်တိုက်ခိုက်မှုများ အဆိုးဝါးဆုံးဖြစ်ခဲ့သည့် နေရာတွင် ဆန္ဒမဲပေးမှု လုံးဝမရှိသလောက်ဖြစ်ခဲ့သည်။

ရွေးကောက်ပွဲရလဒ်များကို သိရှိပြီးသည်နှင့် နိုင်ငံရေးခေါင်းဆောင်များသည် အစိုးရသစ်ဖွဲ့စည်းနိုင်ရေးအတွက် ညှိနှိုင်းမှုများ စတင်ပြုလုပ်ခဲ့ကြသည်။ ပုဂ္ဂိုလ်ရေးနှင့် ဂိုဏ်းဂဏအစွဲအလမ်းများကြောင့် အစိုးရသစ်ဖွဲ့စည်းနိုင်ရေးမှာ အချိန်ကြာဦးမည်ဟုဆိုသည်။

အသွင်ကူးပြောင်းရေးအမျိုးသားလွှတ်တော် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို မတ်လ ၁၆ ရက်နေ့က ကျင်းပခဲ့သည်။ ဘဂ္ဂဒက်မြို့လယ်ရှိ လုံခြုံရေး ထူထပ်စွာချထားသော ညီလာခံခန်းမကျယ်ကြီးတွင် အခမ်းအနားကို ကျင်းပခဲ့သည်။ လွှတ်တော်အမတ်များနေရာယူပြီးချိန်တွင် အဆိုပါ ခန်းမအနီးသို့ မော်တာကျည်ဆန်များ တဖွဲဖွဲကျလာခဲ့သည်။ မည်သူမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပေ။ ဤသို့ တိုက်ခိုက်မှုကို အယ်(လ်)ကိုင်ဒါအဖွဲ့ကပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

ဆက်ဒမ်ဟူစိန်ကို ရုံတင်စစ်ဆေးနိုင်ရေးအတွက် စူးစမ်းမေးမြန်းမည့် တရားသူကြီးတစ်ဦးနှင့် ၎င်း၏သားတို့သည် မတ်လ ၁ ရက်နေ့က ၎င်းတို့၏ နေအိမ်အပြင်ဘက်၌ ပစ်သတ်ခံခဲ့ကြရသည်။ ဆက်ဒမ်ဟူစိန်နှင့် အပေါင်းပါများကို တရားရုံးတွင်ကြားနာစစ်ဆေး ရာ၌ အီရတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုပြုဝံ့သူမရှိစေရေးအတွက် ဤသို့သတ်ဖြတ်အကြမ်းဖက်နေခြင်းဖြစ်သည်ဟု ဆိုကြသည်။ အီရတ်နိုင်ငံအနှံ့အပြား၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများစသည့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံခြားသားများကိုလည်း ဓားစာခံများအဖြစ် ဆက်လက်ပြန်ပေးဆွဲလျက်ရှိသည်။

အသွင်ကူးပြောင်းရေး အမျိုးသားလွှတ်တော်သည် အစိုးရအဖွဲ့သစ်ကို မဖွဲ့စည်းနိုင်ဘဲ အချိန်ကြန့်ကြာနေခဲ့သည်။ ဘာသာရေး၊ လူမျိုးရေးဂိုဏ်းဂဏအစွဲအလမ်းများ ပြင်းထန်နေသဖြင့် အစိုးရသစ်ကို ဖွဲ့စည်းရေးအတွက် စျေးဆစ်ငြင်းခုံပွဲများ ဖြစ်နေခဲ့သည်။ စျေးဆစ်ညှိနှိုင်းနေကြရာမှ ဧပြီလ ၃ ရက်နေ့တွင် ဆွန်နီအုပ်စုမှ အလယ်အလတ်ဝါဒီ ဟာဂျင်အယ်(လ်)ဟာဆာနီကို လွှတ်တော်သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်နိုင်ခဲ့သည်။ အမတ်ဦးရေ ၂၇၅ ဦးရှိသော လွှတ်တော်က ၂၁၅ မဲဖြင့်ရွေးကောက်တင်မြှောက်နိုင်ခဲ့ခြင်းဖြစ်၍

**ရွေးကောက်ပွဲအပြီး အီရတ်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည့် အီဘရာဟင်အယ်ဂျာဖာရီ**



စေ့စပ်ညှိနှိုင်းမှုများ တိုးတက်လာသည့် လက္ခဏာဖြစ်သည်။ ရှီအိုက်မွတ်ဆလင်တစ်ဦးဖြစ်သူ ဟူစိန်အယ်(လ်)ရှာရစ္စတာနီနှင့် ကဒ်လူမျိုးတစ်ဦးဖြစ်သူ အာရက်(ဖ်)ကာလ်ဖိုးတို့ကို လွှတ်တော်ဒုတိယသဘာပတိများအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ဧပြီလ ၆ ရက်နေ့တွင် ကဒ်လူမျိုးတစ်ဦးဖြစ်သော ဂျလားလ်ကာလ်ဘာနီကို သမ္မတအဖြစ်လည်းကောင်း၊ ကြားဖြတ်အစိုးရအဖွဲ့တွင် သမ္မတဖြစ်ခဲ့သူ ဆွန်နီခေါင်းဆောင်တစ်ဦးဖြစ်သည့် ဂါဇီမတ်ရှားအဂျီးအယ်(လ်)ယာဝါးနှင့် ဘဏ္ဍာရေးဝန်ကြီးဟောင်းရှီအိုက်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သည့် အဒဲအဗ္ဗဒူမာဒီတို့ကို ဒုတိယသမ္မတများအဖြစ်လည်းကောင်း ကန့်ကွက်သူ မရှိ ရွေးကောက်တင်မြှောက်ခဲ့သည်။ သမ္မတနှင့် ဒုတိယသမ္မတနှစ်ဦးတို့သည် အဖွဲ့ဝင်သုံးဦးပါဝင်သော သမ္မတကောင်စီအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

သမ္မတကောင်စီက ယခင်ကြားဖြတ်အစိုးရအဖွဲ့တွင် ဒုတိယသမ္မတဖြစ်ခဲ့သော အီဘရာဟင်အယ်လ်ဂျာဖာရီကို ဝန်ကြီးချုပ်အဖြစ် ဧပြီလ ၇ ရက်နေ့၌ ခန့်အပ်ခဲ့သည်။ ဆွန်နီ၊ ရှီအိုက်နှင့် ကဒ်အုပ်စုများအကြား အငြင်းပွားနေဆဲဖြစ်၍ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးဌာန ၅ ခုအတွက် ဝန်ကြီးအမည်စာရင်းမတင်သွင်းနိုင်သေးဘဲဖြစ်နေသည်။ အမည်စာရင်းမတင်သွင်းနိုင်ဘဲဖြစ်နေသေးသော ဝန်ကြီးဌာန ၅ ခုတွင် အချက်အချာကျသည့် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ရေနံဝန်ကြီးနေရာတို့လည်း ပါဝင်သည်။

အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အရ မေလ ၃ ရက်နေ့တွင် အစိုးရအဖွဲ့သစ်သည် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အီရတ်ရှိအဓိကအုပ်စု ၃ ခုနှင့် ညှိနှိုင်းပြီးနောက် ဝန်ကြီးချုပ်ဂျာဖာရီသည် မေလ ၈ ရက်နေ့တွင် လစ်လပ်နေသော ဝန်ကြီးဌာန ၅ ခုအတွက် အမည်စာရင်းတင်သွင်းကြေညာခဲ့သည်။ အစိုးရအဖွဲ့သစ်ရှိလာပြီးနောက် အမျိုးသားလွှတ်တော်သည် မေလ ၁၀ ရက်နေ့၌ အခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် ပထမခြေလှမ်းအဖြစ် အဖွဲ့ဝင် ၅၅ ဦး ပါဝင်သော အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့က ဩဂုတ်လ ၁၅ ရက်နေ့တွင် အခြေခံဥပဒေသစ်ကို ရေးဆွဲတင်ပြရန် တာဝန်ပေးခဲ့သည်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ဖရင့်တစ်ရပ်ကို ဘယ်လ်ဂျီယံ



**ဆက်ဒမ်ဟူစိန်၏ သတင်းနှင့်ပတ်သက်၍ စိတ်ဝင်တစားဖတ်ရှုနေသော အီရတ်လူမျိုးတစ်ဦး**



**ဆက်ဒမ်ဟူစိန်ပုန်းခိုခဲ့သော မြေအောက်ဗုံးခိုကျင်းရှိရာ အဆောက်အအုံ**

နိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဇွန်လ ၂၂ ရက်နေ့က ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်(စ်)၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်တို့အပါအဝင် ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသတို့မှ နိုင်ငံခြားရေးဝန်ကြီးများ စုစုပေါင်းကိုယ်စားလှယ် ၈၀ ခန့် တက်ရောက်ခဲ့သည်။ ထိုကွန်ဖရင့်က အီရတ်ရှိ အဖွဲ့အစည်းများအားလုံးကို နိုင်ငံရေးဖြစ်စဉ်တွင် အကြမ်းဖက်မှုများ စွန့်လွှတ်ကြရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်သည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် အီရတ်နိုင်ငံနှင့် သံတမန်အဆက်အသွယ်များ ပြုလုပ်ကြရန်လည်း တိုက်တွန်းလိုက်သည်။ ဂျော်ဒန်နှင့် အီဂျစ်တို့က သံတမန်ဆက်သွယ်မည်ဖြစ်ကြောင်း ကတိပြုခဲ့ကြသည်။

ဆက်ဒမ်ဟူစိန်လက်ထက်က ဒူဂျေးလ်ရွာ၌လူများကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးတရားသူကြီးချုပ်က စုံစမ်းစစ်ဆေးမှုများ ပြီးစီးပြီဖြစ်၍ ၎င်း၏တွေ့ရှိချက်များကို တရားစီရင်မည့်ရုံးသို့ တင်ပို့ခဲ့သည်။ ဇူလိုင်လ ၁၇ ရက်နေ့တွင် အီရတ်အထူးခုံရုံးက ၂၅ နှစ်တာကာလအတွင်း သမ္မတဟောင်းဆက်ဒမ်ဟူစိန်ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူများအပေါ် အပြစ်ကျူးလွန်မှုများအတွက် တရားဝင်စွဲချက်တင်လိုက်သည်။

အီရတ်အခြေခံဥပဒေသစ်မူကြမ်းနှင့်စပ်လျဉ်း၍ အဓိကကျသော ဆွန်နီ၊ ရှီအိုက်နှင့် ကဒ်အုပ်စုသုံးစုတို့သည် ဩဂုတ်လအတွင်း၌ ညှိနှိုင်းခဲ့သော်လည်း သဘောတူညီမှုမရဘဲဖြစ်ခဲ့ကြသည်။ အဆိုပါ အခြေခံဥပဒေသစ်မူကြမ်းကို ရှီအိုက်နှင့် ကဒ်အုပ်စုတို့က ကြီးစိုးလွှမ်းမိုးရေးသားခဲ့သည်။ ထို့ကြောင့် အခြေခံဥပဒေသစ်မူကြမ်း၌ ပါရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖြင့် ပြည်ထောင်စုပုံစံဖွဲ့စည်းရေး၊ ဆွန်နီအာရပ်တို့ကို ဘေးချိတ်ချောင်ထိုးထားရေးများကို အကြောင်းပြလျက် ဆွန်နီအာရပ်များက၎င်းအခြေခံဥပဒေသစ်မူကြမ်းကို ဆန့်ကျင်နေကြသည်။ ၎င်းအခြေခံဥပဒေသစ်မူကြမ်း ကို အောက်တိုဘာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသွားမည်ကို ဆွန်နီအုပ်စုများက မလိုလား



**အမေရိကန်တို့ ဖမ်းဆီးရမိစဉ်က တွေ့ရသော ဆက်ဒမ်ဟူစိန်**

သဖြင့် ၎င်းမူကြမ်းကို ဆန့်ကျင်ကြရန် စည်းရုံးလှုပ်ရှား လျက်ရှိကြသည်။

ဩဂုတ်လ ၄ ရက်နေ့၌ ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၆၁၈ ကို ချမှတ်ခဲ့ သည်။ ထိုဆုံးဖြတ်ချက်ဖြင့် အီရတ်တွင် ဖြစ်ပေါ်နေ သော အကြမ်းဖက်တိုက်ခိုက်မှုများအားလုံးကို အပြင်း အထန်ရှုတ်ချခဲ့သည်။ အီရတ်တွင် အခြေခံဥပဒေသစ် မူကြမ်းအတည်ပြုရေးအပါအဝင် စီးပွားရေး၊ နိုင်ငံရေး အသွင်ကူးပြောင်းမှုများကို အကြမ်းဖက်မှုများ၏ ဟန့်တားနှောင့်ယှက်မှု အပြုမခံရေးကိုလည်း ထည့်သွင်း ဆုံးဖြတ်ခဲ့သည်။ အီရတ်တွင် ကုလသမဂ္ဂထောက်ပံ့ ကူညီနေမှုများ ဆက်လက်ထားရှိရန်လည်း ဆုံးဖြတ် ခဲ့သည်။

အခြေခံဥပဒေသစ်မူကြမ်းကို အတည်ပြုပြဋ္ဌာန်း နိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို အောက်တို ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့ပြီး မဲဆန္ဒပေးမှု ရလဒ် များကို အောက်တိုဘာလ ၂၈ ရက်နေ့က ကြေညာခဲ့ သည်။ ထောက်ခံမဲ ၇၈. ၅၉ ရာခိုင်နှုန်းရှိခဲ့ပြီး ကန့်ကွက် မဲ ၂၁. ၄၁ ရာခိုင်နှုန်းရှိခဲ့သည်။ ဆွန်နီအများစုနေထိုင် သော ပြည်နယ်နှစ်ခုက အခြေခံဥပဒေသစ်မူကြမ်းကို မဲအပြတ်အသတ်ဖြင့် ပယ်ချခဲ့သည်။ လူမျိုးစုံရောပြွမ်း နေထိုင်သော နင်နဲဗေးပြည်နယ်၌ ကန့်ကွက်မဲ ၅၅ ရာခိုင်နှုန်းရှိခဲ့သည်။

## အီရတ်နိုင်ငံ



**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲဆန္ဒပေးရန် စာရင်းပေးနေကြစဉ်**

အီရတ်တွင် အကြမ်းဖက်မှုများသည် နှစ်လုံးပေါက်နေ့စဉ်မပြတ်ဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်ကာကွယ်ရေးဌာန၏ သတင်းထုတ်ပြန်ချက်အရ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိကာလအတွင်း အမေရိကန်စစ်သည်ပေါင်း ၂၀၂၂ ဦး သေဆုံးခဲ့သည်။ တိုက်ခိုက်ရင်းမဟုတ်ဘဲ သေဆုံးသူ ၄၃၇ ဦးရှိသည်။ တိုက်ခိုက်ရင်းဒဏ်ရာရသူပေါင်း ၁၅၀၀၀ ကျော်ရှိခဲ့သည်။ အီရတ်ညွန့်ပေါင်းအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ ၂၀၀၅ ခုနှစ်အတွင်း အီရတ်စစ်သည်နှင့် ရဲသားစုစုပေါင်း ၂၂၁၁ ယောက် သေဆုံးသည်။ အရပ်သားပေါင်း ၄၃၃၇ ဦး သေဆုံးသည်။ ၂၀၀၅ ခုနှစ်အတွင်း အမေ ရိကန်နှင့် အီရတ်နိုင်ငံသား မဟုတ်သော အခြားနိုင်ငံသား စုစုပေါင်း ၁၉၈ ဦး သေဆုံးသည်။

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အမေရိကန်သမ္မတဘုရှ်သည် မေရီလင်းပြည်နယ်၊ အင်နာပိုလစ်မြို့ရှိ ရေတပ်တက္ကသိုလ်တွင် ၎င်း၏အစိုးရသည် အီရတ်စစ်ပွဲတွင် အောင်နိုင်ခြေရှိမှုကို ရှင်းလင်းပြောကြားခဲ့သည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် လေ့ကျင့်သားပိုမိုရရှိလာပြီဖြစ်ကြောင်း၊ အီရတ်တွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးပိုမိုရရှိလာသည်နှင့်အမျှ အမေရိကန်တပ်အင်အားလျှော့ချရေးကိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဝါရှင်တန်မှ နိုင်ငံရေးသမားများက စိတ်ကူးယဉ်မှန်းဆချမှတ်ထားသည့် အချိန်ဇယားအတိုင်း အမေရိကန်တပ်များ ဆုတ်ခွာရေးကို မလုပ်နိုင်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေနှင့် အီရတ်ရှိ အမေရိကန်တပ်မှူးများ၏ မှန်ကန်သောအကဲဖြတ်ချက်များအရသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင် အိမ်ဖြူတော်အစိုးရက "အီရတ်စစ်ပွဲအောင်နိုင်ရေးအမျိုးသားမဟာဗျူဟာ" စာတမ်းကို ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာလတွင် ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက အတည်ပြုပြဋ္ဌာန်းပေးလိုက်သော အခြေခံဥပဒေနှင့်အညီ အမတ်ဦးရေ ၂၇၅ ဦးရှိသော ဥပဒေပြုလွှတ်တော်အတွက် ရွေးကောက်ပွဲများကို ဒီဇင်ဘာလ ၁၅ ရက်နေ့က အီရတ်တွင် ကျင်းပခဲ့ သည်။

**ဦးခင်မောင်မြ**

အင်ဒိုနီးရှားနိုင်ငံ။ ။ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ ကုန်သွယ်မှုသည် ၂၀၀၅ ခုနှစ်၏ ပထမသုံးလအတွင်း ၂၀၀၄ ခုနှစ်ကထက် ၁၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူဒေါ်လာ ၇ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၆ ဘီလီယံ)အထိရှိခဲ့ကြောင်း စင်ကာပူနိုင်ငံက ၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်တွင် ပြောကြားသည်။ အင်ဒိုနီးရှားမှ စုစုပေါင်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂ ဘီလီယံရှိခဲ့ပြီး စင်ကာပူနိုင်ငံက အင်ဒိုနီးရှားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံတန်ဖိုးရှိသော ကုန်ပစ္စည်းများတင်ပို့ပေးခဲ့သည်ဟု စင်ကာပူကုန်သွယ်ရေးတိုးမြှင့်မှုဘုတ်အဖွဲ့က ပြောကြားလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံသည် စင်ကာပူနိုင်ငံ၏ သတ္တမမြောက်အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ခဲ့ကြောင်း စင်ကာပူကုန်သွယ်မှုတိုးမြှင့်ရေးဘုတ်အဖွဲ့က ၂၀၀၄ခုနှစ်၊ဇန်နဝါရီလ၌ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း ယမန်နှစ်အလားတူကာလထက် နှစ်ဆနီးပါးမြင့်တက်ခဲ့ရာ ဒေါ်လာ ၄ ဒသမ ၉၄ ဘီလီယံအထိဖြစ်ကြောင်း နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုအေဂျင်စီက ၂၀၀၅ ခုနှစ်၊ မေ ၁၆ ရက်နေ့၌ ပြောကြားသည်။

၂၀၀၅ ခုနှစ် ပထမသုံးလတွင် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ရင်းနှီးမြှုပ်နှံမှု ခိုင်မာတောင့်တင်းသဖြင့် မျှော်လင့်ထားသော ၆ ဒသမ ၃၅ ရာခိုင်နှုန်းထက်ပိုမိုမြင့်မားခဲ့သည်။

ထုတ်ကုန်/သွင်းကုန်- အင်ဒိုနီးရှားနိုင်ငံ၏ ကားရောင်းချရရှိသည့် ပမာဏသည် ၂၀၀၄ ခုနှစ်အတွင်း၌ ကားစီးရေ ၄၈၃၃၁၇ စီးအထိရှိပြီး ၃၆ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၀၃ ခုနှစ်က ၃၅၄၃၃၁ စီးရောင်းချရရှိခဲ့ကြောင်း အင်ဒိုနီးရှား ကားစက်မှုလုပ်ငန်းအသင်း (ဂေကင်ဒို)က ပြောကြားသည်။

မိမိတို့၏ ကားရောင်းချမှုအလားအလာကို လေးကြိမ်မျှ ပြန်လည်သုံးသပ်ခဲ့ကြောင်း၊ ကနဦးခန့်မှန်းချက်မှာ ထိုမျှမများကြောင်း ဂေကင်ဒိုအတွင်းရေးမှူးချုပ် ဖရက်ဒ်ဒီဆူထရိနိုက ပြောကြားသည်။ စတုတ္ထခန့်မှန်းချက်ဖြစ်သည့် ကားစီးရေ ၄၅၀၀၀၀ သည် အမှန်တကယ်ရောင်းချရရှိမှုပမာဏထက်နိမ့်ဆဲဖြစ်ကြောင်း ၎င်းကဆိုပြန်သည်။ မိမိတို့၏ ပြည်တွင်းကားဈေးကွက်အတွက် အထောက်အကူပေးသော အခြားအကြောင်းအချက်များမှာ အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ရူပီယာငွေကြေးခိုင်မာခြင်းနှင့် ပုံစံသစ်များကြောင့်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ယခု ၂၀၀၅ နှစ်တွင် ရောင်းချရရှိမည့် ကားစီးရေ ၅၂၀၀၀၀ ရှိမည်ဟု ဂေကင်ဒိုက ခန့်မှန်းသည်။

ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီတင်ပို့သည့်နိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် အိန္ဒိယနှင့် တရုတ်ကဲ့သို့သော နိုင်ငံများသို့ ယခု ၂၀၀၅ ခုနှစ်တွင် စားအုန်းဆီ ၁၁ ရာခိုင်နှုန်းပိုမိုတင်ပို့ဖွယ်ရှိကြောင်း စားအုန်းဆီထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒီရွမ်ဘန်ဂန်က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် ယခု ၂၀၀၅ ခုနှစ်၌ စားအုန်းဆီတန် ၇ ဒသမ ၈ သန်း တင်ပို့ဖွယ်ရှိပြီး ၂၀၀၄ ခုနှစ်၌ တန် ၇ သန်း တင်ပို့ခဲ့ကြောင်း မွမ်ဘိုင်၌ ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်း၌ ဘန်ဂန်က ပြောကြားသည်။

၂၀၀၃ ခုနှစ်အတွင်း၌ စားအုန်းဆီတန် ၆ ဒသမ ၃၉ သန်း တင်ပို့ခဲ့ပြီး ၂၀၀၅ ခုနှစ်၌ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှုသည် တန် ၈၀၀၀၀၀ နှင့် တစ်သန်းကြားထိ မြင့်တက်လာဖွယ်ရှိကြောင်း ၂၀၀၄ ခုနှစ်က တန် ၇၀၀၀၀၀ တင်ပို့ခဲ့ကြောင်း ဘန်ဂန်က ပြောဆိုသည်။ ၂၀၀၅ ခုနှစ်တွင် စားအုန်းဆီစိုက်ခင်းနောက်ထပ် ဟက်တာ ၃၀၀၀၀ ခန့်တိုးလာမည်ဖြစ်ပြီး လောလောဆယ်၌ ဟက်တာ ၄ ဒသမ ၁ သန်းရှိသည်ဟု ၎င်းကပြောကြားကြောင်းသိရသည်။

ဂျပန်နိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံက တင်ပို့ခဲ့သော သစ်ပို့ကုန်များတွင် အထပ်သားထုတ်ကုန်ပစ္စည်းများက လွှမ်းမိုးနေရာယူထားဆဲဖြစ်ကြောင်း သစ်တောဝန်ကြီး ဌာနက ထုတ်ပြန်သည့်ကိန်းဂဏန်းများ၌ ဖော်ပြထားကြောင်းသိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၄ ခုနှစ်၌ ဂျပန်နိုင်ငံသို့ အထပ်သားကုဗမီတာ ၂ ဒသမ ၄၂ သန်း တင်ပို့ရောင်းချခဲ့ရာ ဂျပန်နိုင်ငံက စုစုပေါင်းတင်သွင်းမှု၏ ၄၉ ရာခိုင်နှုန်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍမှာ ၂၀၀၅ ခုနှစ် ပထမသုံးလအတွင်း အီလက်ထရွန်းနစ်ထုတ်ကုန်ပစ္စည်းရောင်းချမှုသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ရာ၌ ၁၆ ရာခိုင်နှုန်းနှင့် ၄၀ ဒသမ ၈ ရာခိုင်နှုန်းအကြား တိုးတက်ခဲ့ကြောင်း ၂၀၀၅ ခုနှစ်၊ ဧပြီ ၂၇ ရက်နေ့၌ ဖော်ပြသည်။

အီလက်ထရွန်းနစ်ဈေးကွက်ပြုစုရေး ကလပ်၏ သတင်းအချက်အလက်ပေါ် အခြေခံ၍ ၂၀၀၅ ခုနှစ်၊ ပထမသုံးလတွင် ရေခဲသေတ္တာလုံးရေ ၄၁၈၀၄၄ လုံး ရောင်းချပြီး ၂၀၀၄ ခုနှစ် အလားတူကာလကထက် ၁၆ ရာခိုင်နှုန်းကျော်တိုးတက်ခဲ့ကြောင်း၊ လေအေးပေးစက်ရောင်းချရမှုမှာ ၁၈၅၂၂၄ လုံး ရောင်းချရပြီး ၂၀၀၄ ခုနှစ်ကထက် ၄၈ ဒသမ ၈ ရာခိုင်နှုန်းတိုးတက် ခဲ့ကြောင်း၊ အဝတ်လျှော်စက်ရောင်းချရမှုမှာ လုံးရေ ၁၈၃၅၉၆ လုံးဖြစ်ပြီး ၂၀၀၄ ခုနှစ် အလားတူကာလက ထက် ၂၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် တစ်နေ့ ရေနံစည် ၅၀,၀၀,၀၀ ထုတ်လုပ်ကာ ရေနံတင်ပို့ရောင်းချရေးနိုင်ငံများ (အိုပက်)သို့ ဝေစုတိုးမြှင့်ထုတ်လုပ်သွားရန် ဆုံးဖြတ်ထားကြောင်း ထိပ်တန်းအမှုဆောင်တစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားစွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာဝန်ကြီး ပါနိုမိုရပ်စ်ဂျိုင်းယန့်တိုရို၏ ပြောကြားချက်ကို ဂျကာတာပို့စ်က ကိုးကားဖော်ပြရာတွင် အိုပက်သည် ၎င်း၏ လက်ရှိဝေစုကို ထိန်းထားသင့်ကြောင်း၊ ၂၀၀၄ ခုနှစ် စတုတ္ထမြောက်သုံးလတွင် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်မားပြီး ဝယ်လိုအားမြင့်မားလာခြင်းကို သက်သာစေရန် ရေနံများ တိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြသည်။ အိုပက် (၁၁) နိုင်ငံမှ ဝန်ကြီးများသည် ယင်းတို့၏ ထုတ်လုပ်ရေးမဟာဗျူဟာအတွက် ဆွေးနွေးရန် ၂၀၀၅ ခုနှစ်၊ ဇွန် ၁၅ ရက်တွင် အိုပက်အဖွဲ့ချုပ်တည်ရှိရာ ဗီယင်နာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဂျကာတာအနောက် ဂျာဗားနှင့် ဘင်တင်ဒေသများတွင် ၂၀၀၅ ခုနှစ်၊ မေ ၃၁ ရက်နေ့က စတင်ဆောင်ရွက်ခဲ့သော ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းသည် တစ်ပတ်အတွင်း ပြီးစီးမည်ဟု အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီး ဆီတီပါဒီလာဆူပါရီ က မေ ၃၁ ရက်၌ ပြောကြားသည်။ ဘန်ဒေါင်းမြို့ တော်အနောက်ဂျာဗား၌ မိန့်ခွန်းပြောကြားရာတွင် ပြည်နယ်သုံးခု၌ရှိသော ကလေး ၆ ဒသမ ၄ သန်း ကာကွယ်ဆေးထိုးပြီးမည်ဟု သူမက ပြောကြားလိုက်သည်။

၂၀၀၅ ခုနှစ် မေ ၂၅ ရက်၌ ဂျာဗားဒါဘိုကာနှင့် ဆူကာဘူမီမြို့များနှင့် ဘန်တင်ရှိ လီဘက်ခ်မြို့များတွင် ပိုလီယိုအကြောသေရောဂါဖြစ်သည့် ကလေး ၁၄ ဦး ရှိသည်ဟုဆိုသည်။ ပိုလီယိုအကြောသေရောဂါသည် ကုမရသော ရောဂါဖြစ်ပြီး တစ်ခါတစ်ရံ၌ ဗိုင်းရပ်စ်ပိုးသည် ကလေးငယ်များကို အမှန်တကယ်ထိခိုက်စေပြီး သွက်ချာပါဒနှင့် ကြွက်သားသိမ်ခြင်းတို့ကို ဖြစ်စေသည်။

ဒုတိယအကြိမ် ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးထိုးခြင်းကို ၂၀၀၅ ခုနှစ်၊ ဇွန် ၂၈ ရက်၌ ပြုလုပ်မည်ဟု သူမကပြောကြောင်းအန်တာရာသတင်းဌာနက ကိုးကားဖော်ပြလိုက်ကြောင်း သိရှိရသည်။

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုက အရှေ့ဂျာဗျားပြည်နယ်ပါဆာရူယန်၌ ကြက်၊ ငှက်တုပ်ကွေးပပျောက်အောင် လုပ်ဆောင်ရေးနှင့် မကြာမီက အင်ဒိုနီးရှား၌ ကြက်၊ ငှက်တုပ်ကွေးကြောင့် လူခြောက်

ဦးသေဆုံးခဲ့မှုကြောင့် ရောဂါမပျံ့နှံ့စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်၌ ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာပေါ်၌ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသူ ထက်ဝက်ကျော်မှာ အင်ဒိုနီးရှားနိုင်ငံမှ အသက် (၁၅)နှစ်မှ (၂၄)နှစ်အတွင်း ရှိသူများပါဝင်ကြောင်း လှုံ့ဆော်ရေးသမား ဂျိုင်စီဒီ ဂျေးလ်လာနီဂေါ်ဒန်က ပြောကြားသည်။ အဓိက ရောဂါကူးစက်ဖြစ်ပွားသည့် လမ်းကြောင်းမှာ မူးယစ်ဆေးဝါးထိုးသွင်းခြင်းကြောင့်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတစ်ဝန်းတွင် အနည်းဆုံး ၆၀၀၀၀၀ ရှိကြောင်း သူမက အစိုးရစာရင်းဇယားများကို ကိုးကားလျက် ပြောကြားသည်။

ရောဂါကူးစက်ခံရသည့် ၆၀ ရာခိုင်နှုန်းမှာ လူငယ်အမျိုးသားများဖြစ်ကြောင်း၊ အမျိုးသမီးများမှာလည်း ထိခိုက်မှုရှိကြောင်း ယင်းတို့သည် မူးယစ်ဆေးဝါးမသုံးစွဲသော်လည်း မူးယစ်ဆေးဝါးသုံးစွဲသူ အမျိုးသားများ နှင့် လိင်ဆက်ဆံမှုများဖြင့် ပါဝင်ပတ်သက်နေကြောင်း ဂျိုင်စီက ပြောကြားသည်။ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော စာရင်းများအရ အသက် (၁၄)နှစ်မှ (၁၇)နှစ် အရွယ်ရှိ ၁၀၃၄ ဦးကို မေးမြန်းရာတွင် ၈၄ ရာခိုင်နှုန်းမှာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကို မသိကြောင်း၊ ၇၃ ရာခိုင်နှုန်းမှာ ကွန်ဒုံးဆိုတာ ဘာလဲဟု ရှင်းမပြနိုင်ကြောင်း သူမက သတိပေးပြောကြားခဲ့သည်။

**နိုင်ငံရေး-** အာဆီယံရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် (၂၅)ကြိမ်မြောက် အာဆီယံရဲတပ်ဖွဲ့အကြီးအကဲများကွန်ဖရင့်ကို ၂၀၀၅ ခုနှစ်၊ မေ ၁၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကွန်ဖရင့်သို့ အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုတက်ရောက်ကာ ဒေသဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရေးနှင့် အာဆီယံရဲဌာနများအကြား ဥပဒေထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အဆိုပါကွန်ဖရင့်ကို ချီးကျူးစကားပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံ ကူတာမြို့ရှိ စားသောက်ဆိုင်တစ်ခုတွင်
ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်

ကွန်ဖရင့်ကို သုံးရက်ကြာကျင်းပသည်။ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ပင်လယ်ဓားပြမှုစသော အကြောင်းအရာများကို ဆွေးနွေးသည်။ ကွန်ဖရင့် သို့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ပြင်သစ်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အရှေ့တီမောတို့မှ ရဲတပ်ဖွဲ့ဝင်အကြီးအကဲများလည်း လေ့လာသူများအဖြစ် တက်ရောက်ကြသည်။

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုသည် ဗီယက်နမ်နိုင်ငံသို့ သုံးရက်ကြာလည်ပတ်ရန် ၂၀၀၅ ခုနှစ်၊ မေ ၂၈ ရက်နေ့ ညက ဟန်္နွိုင်းသို့ ရောက်ရှိလာကြောင်း ဗီယက်နမ်နိုင်ငံခြားရေးရာဝန်ကြီးဌာနက ၎င်းမေ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မစ္စတာဆူဆီလိုသည် ဗီယက်နမ်သမ္မတထရန်ဒတ်လွှန်နှင့် ဆွေးနွေးမည်ဖြစ်သည်။ နှစ်နိုင်ငံအကြားဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ပတ်သက်၍ အဓိကဆွေးနွေးရန် ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်၊ လွှတ်တော်ဥက္ကဋ္ဌ ညင်္ဂဖန်အင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးနွှန်ဒတ်မန်တို့နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ဆူဆီလို၏ ယခုအလည်အပတ်ခရီးစဉ်သည် သမ္မတရာထူးရရှိခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် ပထမခရီးစဉ်ဖြစ်သည်။ နှစ်နိုင်ငံအကြား ၂၀၀၅ ခုနှစ် ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိခဲ့သည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး- ဆူဆီလိုသည် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့က မလေးရှားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဆူဆီလိုနှင့် ဘာဒါဝီတို့သည် နှစ်နိုင်ငံကိစ္စရပ်များ၊ မလေးရှားနိုင်ငံတွင် တရားမဝင် အင်ဒိုနီးရှားအလုပ်သမားများကိစ္စ၊ အာချေးပြည်နယ်ပြန်လည်တည်ထောင်ရေး၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် နားလည်မှုစာချွန်လွှာနှစ်ခုကို လက်မှတ်ရေးထိုးရာ စီအင် ၂၃၅ လေကြောင်းပို့ဆောင်ရေးကိစ္စနှင့် မလေးရှားတွင် အင်ဒိုနီးရှားအလုပ်သမားများပြောင်းရွှေ့လုပ်ကိုင်ရေးကိစ္စတို့ဖြစ်သည်။ အင်ဒိုနီးရှားသည် မလေးရှားနိုင်ငံ၏ ဆဌမအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်းလည်း သိရသည်။

ပင်လယ်ဓားပြခြိမ်းခြောက်မှုရန် မကြာသေးမီကမြင့်တက်ခဲ့သည့် မလက္ကာရေလက်ကြား၏ လုံခြုံရေးကိစ္စကို အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ဆွေးနွေးကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ဂျကာတာ၌ ၂၀၀၅ ခုနှစ်၊ မေလ ၆ ရက်နေ့က ပြောကြားသည်။ အဆိုပါ သုံးနိုင်ငံသည် ရေလက်ကြားအတွင်းအကြမ်းဖက်မှုပင်လယ်ဓားပြတိုက်မှုနှင့် မှောင်ခိုမှုပြဿနာများကို ဆွေးနွေးကြမည်ဟု ပြောရေးဆိုခွင့်ရှိသူ ယူရီသမ်ရင်က ပြောကြားသည်။

မကြာမီက အဆိုပါ ကျဉ်းမြောင်းသော ရေလက်ကြားအတွင်း အင်ဒိုနီးရှားနှင့် ဂျပန်သင်္ဘောအချို့ပင်လယ်ဓားပြတိုက်ခြင်းခံခဲ့ကြရသည်။ ယင်းပြဿနာများကို ဆွေးနွေးရန် အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးများ နားလည်သဘောပေါက်မှုရရှိခဲ့ကြသည်ဟု ၎င်းကပြောကြားသည်။ ဧပြီလက စင်ကာပူ၊ ဂျပန်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပင်လယ်ဓားပြနှိမ်နင်းရေးဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး စင်ကာပူ၌ ပြန်ကြားရေးဌာနထူထောင်ရန်လည်း တူညီသော ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။ အဆိုပါ ရေလက်ကြားအတွင်း တစ်နှစ်လျှင် သင်္ဘောအစင်း ၅ သိန်းခန့်ဖြတ်သန်းကာ ကမ္ဘာ့ကုန်သွယ်ရေးအတွက် ရေနံသုံးပုံနှစ်ပုံကို သယ်ပို့ခဲ့ကြသည်။

အင်ဒိုနီးရှားသမ္မတသည် ၂၀၀၅ ခုနှစ်၊ မေလ ၃၁ ရက်မှ ဇွန်လ ၂ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်

လည်ပတ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဂျပန် ရင်းနှီးမြှုပ်နှံမှုပိုမိုရရှိဖွယ်ရှိပြီး နည်းပညာလည်း ရရှိဖွယ်ရှိသည်။

သမ္မတဆူဆီလို ဂျပန်နိုင်ငံသို့သွားရောက်လည်ပတ်စဉ် အီးပီအေ (စီးပွားရေးပေါင်းဖက်သဘောတူညီချက်)ကိစ္စကို ဆွေးနွေးဖွယ်ရှိသည်ဟု ဝန်ကြီးမာရိက ပြောကြားသည်။ စေ့စပ်ဆွေးနွေးမှုသည်ဈေးကွက်ဝင်ရောက်ရေးအခွင့်အလမ်း၊ ဝန်ဆောင်ကုန်သွယ်မှု၊ စီးပွားရေးလုပ်ငန်းယှဉ်ပြိုင်မှုနှင့် ထုတ်ကုန်စံချိန်ကိုက်ရေးတို့ နှင့်ဆက်စပ်မည်ဖြစ်သည်။

**နိုင်ငံခြားအကူအညီ-** အင်ဒိုနီးရှားအစိုးရ၏ ရေသန့်စီမံကိန်းအတွက် ဒတ်ချ်အစိုးရက ဒေါ်လာ ၂၂. ၁ သန်းထောက်ပံ့ကူညီထားကြောင်း ဒီတစ်ခ်အွန်လိုင်း က အင်ဒိုနီးရှားဆိုင်ရာ ဒတ်ချ်သံအမတ်ကြီး၏ ပြောဆိုချက်ကို ကိုးကားလျက် သတင်းတစ်ရပ်အဖြစ် ဖော်ပြလိုက်ကြောင်းသိရသည်။ အဆိုပါ ကူညီထောက်ပံ့မှုသည် ပြည်သူလူထုသို့ ရေသန့်နှင့် ရေဆိုးထုတ်စနစ်အထောက်အပံ့ပစ္စည်းများပေးရန် အင်ဒိုနီးရှားအစိုးရ ကိုအထောက်အကူပေးဖို့ ရည်ရွယ်ကြောင်း ဒတ်ချ်သံအမတ်ကြီးက ၂၀၀၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၌ ပြောကြားခဲ့သည်။

အဆိုပါ အထောက်အပံ့များသည် ဆင်းရဲသောပြည်သူများကို ဦးစားပေးမည်ဟု သံအမတ်ကြီးက ဆက်လက်ပြောကြားသည်။ ထို့ပြင် ကူညီထောက်ပံ့ငွေများကို ဆူနာမီဒဏ်ခံရသော အာချေးပြည်နယ်ရှိ ပြည်သူလူထုအတွက် ရေဆိုးရေနုတ်စနစ်အထောက်အကူပစ္စည်းများနှင့် ရေသန့်ပေးရာတွင် အသုံးပြုမည်ဟု မျှော်လင့်ရကြောင်း ပြောကြားသည်။

လေကြောင်းသွားလာရေး- နိုင်ငံခြားကမ္ဘာလှည့်ခရီးသည်အရေအတွက် တိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်မှုအဖြစ် အင်ဒိုနီးရှားနှင့် စင်ကာပူအစိုးရတို့သည် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအတွက် လေကြောင်းအဆက်အသွယ်ပိုမိုတိုးချဲ့ရန် သဘောတူညီခဲ့ကြသည်။ ယခု ၂၀၀၅ ခုနှစ်တွင် နိုင်ငံသို့ အားလပ်ရက်အပျော်ခရီးထွက်သူ နိုင်ငံခြားသားခြောက်သန်းလာရောက်ရေးအတွက် အစိုးရ၏ ရည်မှန်းချက်ပြည့်မီရန် လေယာဉ်စီးခရီးသည်ထိုင်ခုံအရေအတွက်သည် ၁၂ သန်းအထိရှိသင့်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဟက်တာရာဒီယာဆာက ဆက်လက်ပြောကြားကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံလေကြောင်းလိုင်းတခုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံတန်ဖိုးရှိသော ဘိုးရင်း ၇၃၇ လေယာဉ်အသစ်အစင်း ၆၀ ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဘိုးရင်းလေယာဉ်အသစ်များဝယ်ယူခြင်းသည် အရှေ့တောင်အာရှတွင် စီးပွားရေးဆိုင်ရာလေကြောင်းပျံသန်းမှု၌ အဓိကနေရာကို ရယူရန် အစီအစဉ်အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အဆိုပါလေကြောင်းကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်ဟု အာရှဝေါထရီဂျာနယ်က ၂၀၀၅ ခုနှစ်၊ မေ ၂၆ ရက်တွင် ဖော်ပြကြောင်းသိရှိရသည်။ ထိုသို့ ဘိုးရင်းလေယာဉ်များဝယ်ယူရေးသဘောတူညီချက်စာချုပ်ကို အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနို၏ အမေရိကန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း ဝါရှင်တန်မြို့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဟာဆင်အာဆယ်အယ်ဟတ်ဆီက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနောက်ဘက်ရှိ ဆိုလော့ခရိုင်တောင်ဘက်တွင် လေယာဉ်မှူးတစ်ဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦးပါရှိသော အင်ဒိုနီးရှားရဲတပ်ဖွဲ့ရဟတ်ယာဉ်တစ်စင်းပျံသန်းနေစဉ် ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်ပျောက်ဆုံးသွားမှုမှာ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်ခန့်က ဖြစ်ကြောင်း အင်တာရာသတင်းဌာနက ဖော်ပြသည်။ ယခုပျောက်ဆုံးနေသော ရဟတ်ယာဉ်သည် အနောက်ဆူမားတြားပြည်နယ်မြို့တော် ပါဒေါင်မှ



ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာနှင့် အင်ဒိုနီးရှားသမ္မတယူဒိုယိုနို

ကီလိုမီတာ ၁၅၀ ခန့်အကွာရှိ ကာယူအရိုခရိုင် သစ်တောဇရိယာနယ်မြေများအပေါ် ပျံသန်းနေစဉ် ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း အဆိုပါ ရဲအရာရှိကြီး ကွန်အာရမ်လတ်က ပြောကြားသည်။

အင်ဒိုနီးရှားဘိုးရင်း ၇၃၇-၂၀၀လေယာဉ်တစ်စင်းသည် လေဆိပ်မှ ပျံတက်စဉ် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှာပင် ပီဒန်မြို့ လူနေရပ်ကွက်အတွင်း ပျက်ကျရာ အပိုင်းပိုင်းပြတ်ပြီး နောက်နေအိမ်များပါ မီးကူးစက်လောင်ကျွမ်းသဖြင့် လူ ၁၀၀ ကျော် သေဆုံးမည်ဟု ရိုက်တာသတင်းတွင် ဖော်ပြပါရှိကြောင်း သိရသည်။

မန္ဒလာလေကြောင်း ကုမ္ပဏီပိုင် အဆိုပါဘိုးရင်း ၇၃၇-၂၀၀ လေယာဉ်ကြီးပေါ်တွင် စုစုပေါင်း လူ ၁၁၇ ဦးလိုက်ပါခဲ့ကြောင်း ကုမ္ပဏီက ပြောကြားသည်။ သေဆုံးသူအချို့မှာ မြေပြင်ရှိ လူနေအိမ်များမှဖြစ်ကြောင်း ဆူမားတြားပြည်နယ်မြောက်ပိုင်းရှိ မြို့တော်မီဒန်မှ ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ထိုဘိုးရင်း ၇၃၇-၂၀၀ ခရီးသည်တင်လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးသူဦးရေမှာ စက်တင်ဘာ ၅ ရက် တနင်္လာနေ့ ညနေပိုင်းအထိ စုစုပေါင်း ၁၄၉ ဦးရှိသွားပြီဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီး ဟက်တာရက်ဂျာဆာက ပြောကြားသည်။ သေဆုံးသူများမှာ ခရီးသည် ၁၀၂ ဦးနှင့် ဒေသခံ ပြည်သူ ၄၇ ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ မတော်တဆဖြစ်မှုများကြောင့် ပိုလိုနီရာ လေဆိပ်ကို ရွှေ့ပြောင်းရန် အင်ဒိုနီးရှားအစိုးရက စီစဉ်နေကြောင်းသိရသည်။

**အလုပ်သမားရေးရာ-** မိမိသည် ရှေ့သီတင်းပတ်၌ မလေးရှားနိုင်ငံသို့ သွားသည့်အခါ မလေးရှားရှိ အင်ဒိုနီးရှားသမ္မတဆူဆီလိုက ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့၌ ပြောကြားခဲ့သည်။

ဆူဆီလိုသည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလ၌ သမ္မတတာဝန်စတင်ယူခဲ့ချိန်မှစပြီး မလေးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခြင်းဖြစ်ပြီး မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် မိမိတွေ့ဆုံဆွေးနွေးသည့်အခါ အလုပ်သမားကိစ္စသည် ထိပ်ဆုံးဆွေးနွေးမည့်အကြောင်းအရာဖြစ်မည်ဟု ဆူဆီလိုက ပြောကြောင်း ပြင်သစ်သတင်းဌာနက သတင်းတစ်ရပ် အဖြစ်ဖော်ပြခဲ့သည်။

မလေးရှားရှိ အင်ဒိုနီးရှားအလုပ်သမားသစ်များ စုဆောင်းရေးနားလည်မှုစာချွန်လွှာကို ကွာလာလမ်ပူ၌ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရကြောင်း ယခုသီတင်းပတ်အစောပိုင်း၌အင်ဒိုနီးရှားလူ့စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဖာမီအိုင်ဒရစ်က ပြောကြားသည်။

မိမိတို့၏ လုပ်ခလစာငွေများ နစ်နာဆုံးရှုံးခံထားရသဖြင့် တရားမဝင်အလုပ်သမားများအတွက် ယာယီလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် မလေးရှားနိုင်ငံ၏ ကမ်းလှမ်းချက်ကို မိမိတို့လက်မခံနိုင်ကြောင်း အင်ဒိုနီးရှားနိုင်ငံသားအများအပြားက ပြောဆိုကြသည်။

**လူနေမှုဘဝမြင့်မားရေး-** အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကျဆင်းမှုသည် ကုလသမဂ္ဂက ခန့်မှန်းထားသည် ထက် မြန်ဆန်ပြီး ၂၀၀၉ ခုနှစ်တွင် ၈ ဒသမ ၂ ရာခိုင်နှုန်းလျော့ကျသွားမည်ဖြစ်ကြောင်း အင်ဒို နီးရှား ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး အဘူရီဇာ ဘာကရီက

ပြောကြားလိုက်သည်။ ယိုဂျာကာတာ ပြည်နယ်တွင် ၂၀၀၅ ခုနှစ်၊ ဧပြီ ၂၈ ရက်နေ့ ညပိုင်း၌ ဩစတြေးလျ အစိုးရနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးနောက် ဘာကရီက ကြိုတင်ခန့်မှန်းတွက်ဆချက်သည် နိုင်ငံတလွှား အခြေခံအဆောက်အအုံ လက်ရှိဖွံ့ဖြိုးမှုအပေါ် အခြေခံထားကြောင်း သိရသည်။ အစိုးရအနေဖြင့် အခြေခံ အဆောက်အအုံများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်မှုဖြင့် အရှိန်မြင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘာကရီက ပြောကြားသည်။

သို့သော်လည်း အစိုးရသည် လာမည့်ငါးနှစ် အတွင်း အခြေခံအဆောက်အအုံများတည်ဆောက်မှုအတွက် လိုအပ်သည့် ငွေကြေးစုစုပေါင်းအမေရိကန် ဒေါ်လာ ၁၅၀ ဘီလီယံ၏ ၁၇ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးတိုးတက်မှုသည် မျှော်လင့်ထားသည်ထက် နှေးကွေးသဖြင့် အင်ဒိုနီးရှားအစိုးရသည် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းမှုတစ်ရပ်အဖြစ် အလုပ်သမားများအား နိုင်ငံရပ်ခြားသို့ စေလွှတ်ရန် အလျင်အမြန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

အစိုးရသည် နိုင်ငံအတွင်းအလုပ်လက်မဲ့ကြီးထွားမှုနှုန်းလျော့ကျနိုင်ရေးကြိုးပမ်းမှုအဖြစ် ယခု ၂၀၀၅ ခုနှစ်တွင် ပင်လယ်ရပ်ခြားသို့ အလုပ်သမား ၃ သိန်းထက်မနည်းစေလွှတ်မည်ဟု မျှော်လင့်ရကြောင်း ဂျကာတာပို့စ်သတင်းစာက ၂၀၀၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင် ဖော်ပြသည်။ အလုပ်သမားများ ကျွမ်းကျင်မှုရရှိရန်နှင့် ပင်လယ်ရပ်ခြားတွင် အလုပ်အကိုင်ရှာဖွေရာ၌ လိုအပ်သော ထောက်ခံချက်ပေးနိုင်ရေးအတွက် နိုင်ငံလုံးဆိုင်ရာ အသိအမှတ်ပြုထောက်ခံရေး အေဂျင်စီတစ်ခုထူထောင်ရန် ပြင်ဆင်လျက်ရှိကြောင်း မစ္စတာ အယ်လ်ဝီက ပြောကြားသည်။ စက်မှုကုန်ထုတ်မှုကဏ္ဍမှ အထုတ်ပယ်ခံခဲ့ရသော အလုပ်သမားများသည် အတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိထားသဖြင့် ပင်လယ်ရပ်ခြားအလုပ်အကိုင်ဈေးကွက်အတွက် အလားအလာရှိသူများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အကြမ်းဖက်မှု- အီရတ်နိုင်ငံတွင် ပြီးခဲ့သောသီတင်းပတ်က ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသော အင်ဒိုနီးရှားသတင်းထောက်နှစ်ဦးအား ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ဒုဘိုင်းအခြေစိုက်အယ်အာရေဗျ ရုပ်မြင်သံကြားက ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ကြေညာသည်။

အီရတ်နိုင်ငံအတွင်းသို့ အင်ဒိုနီးရှားသတင်းထောက်များဝင်ရောက်ပြီး သတင်းယူမှုမပြုလုပ်ကြရန် အင်ဒိုနီးရှားအစိုးရက သတိပေးနှိုးဆော်ထားသည်ဟု ဆိုသည်။ အီရတ်တွင် အင်ဒိုနီးရှားသတင်းထောက်နှစ်ဦးအား ပြီးခဲ့သည့်သီတင်းပတ်က အီရတ်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးသွားခဲ့ပြီး ပြန်လည်လွှတ်မြောက်လာသည့်နှစ်ရက်မြောက်နေ့တွင် အဆိုပါ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း အမ်ဘွန်မြို့ရှိဈေးတစ်ခုအတွင်း၌ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်က ဗုံးငယ်တစ်လုံးပေါက်ကွဲခဲ့ရာ လူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက ပြောကြားသည်။ မိုလူကက်(စ်)ပြည်နယ် အမ်ဘွန်မြို့သည် ဂျကာတာမြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၂၃၀၀ (၁၄၄၀ မိုင်) အကွာ၌ရှိကြောင်း သိရသည်။ အဆိုပါ ဗုံးသည် အမ်ဘွန်မြို့ မာနီဆီမာဒီကာဟိုတယ်အနီးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယင်းဗုံးကို ကတ်ထူဘူးဖြင့် ထုပ်ပိုးထားကာ လန်ချားတစ်စီးပေါ်တွင် တင်ထားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေး အရာရှိ၏ ပြောခွင့်ရအမျိုးသမီးတစ်ဦးက ပြောသည်။

ဂျင်းပြင် ပင်လယ်ဓားပြများအပိုင်စီးလုယူသွား သော အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း တန်ဖိုးရှိ သန့်စင်သံဖြူ တင်ဆောင်ထားသော သင်္ဘောကို အင်ဒို နီးရှား ရေတပ်ရေငုပ်သမားများက ရှာဖွေတွေ့ရှိပြီး ဖြစ်ကြောင်း တာဝန်ရှိသူများက ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၌ ပြောကြားသည်။

မလေးရှားနိုင်ငံမှ အင်ဒိုနီးရှားသို့ တင်သွင်းလာ သော ဖောက်ခွဲရေးပစ္စည်းများနှင့် စနက်တံများ အများ အပြားကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးလိုက် ကြောင်း အရှေ့ကာလီမန်တန်ဒေသ ရဲဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် တစ်ဦးက ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၌ ပြောကြားသည်။

အဆိုပါ ဖောက်ခွဲရေးပစ္စည်းများတွင် အမိုနီယမ် နိုက်ထရိတ် ၆၇၅ ကီလိုဂရမ် ကေဘယ်ကြိုး ၁၂၀၀ မီတာနှင့် စနက်တံ ၉၀၀ ပါဝင်သည်။ ယင်းဖောက်ခွဲ ပစ္စည်းများကို လှေတစ်စင်းတွင် တင်ဆောင်လျက် ဆူလာဝီစီကျွန်းသို့ ဦးတည်ထွက်ခွာလာကြောင်း ပြောခွင့် ရပုဂ္ဂိုလ်ဝေယမ်တီဂျာထရာက ပြောကြားသည်။

လူ့ကျင့်ဝတ်ဥပဒေသစ်- အင်ဒိုနီးရှားနိုင်ငံတရားရုံး ကိုဓဥပဒေသစ်သည် အကယ်၍အတည်ဖြစ်လျှင် လူပုံ အလယ်၌ နမ်းရှုပ်ခြင်းပြုလုပ်ကြသောသူများသည် ရာဇဝတ်ပြစ်မှုကျူးလွန်သူများဖြစ်လာနိုင်ကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားကြောင်းသိရ သည်။ ယင်းသို့ ပြစ်မှုကျူးလွန်သူများအား ဒဏ်ငွေနှင့် ထောင် ဒဏ်များ ချမှတ်ရန် ကိုဓဥပဒေမူကြမ်းက အဆိုပြုထား ကြောင်းသိရသည်။

လက်ရှိတည်ဆဲဥပဒေမှာ ချို့ယွင်းချက်များရှိပြီး ခေတ်နှင့် မလျော်ညီတော့ကြောင်း အများစုက ပြော ကြားသော်လည်း လူအချို့က ယင်းအဆိုပြုချက်သစ် များအပေါ် နှစ်ခြိုက်ခြင်းမရှိကြောင်းသိရသည်။ ဂျင်း ဥပဒေမူကြမ်းအရ လူပုံအလယ်၌ နမ်းရှုပ်သည့် ပြစ်မှု ကျူးလွန်သူများသည် ထောင်ဒဏ်နှင့် ငွေဒဏ်ကျခံရ နိုင်ဖွယ်ရှိသည်ဟုဆိုသည်။

လက်မထပ်ရသေးသောအတူနေသည့် စုံတွဲများ သည် ထောင်ဒဏ်နှစ်နှစ်ထိပြစ်ဒဏ်ရနိုင်ပြီး ဒဏ်ငွေ အများဆုံးရူပီသန်း ၃၀ ပေးဆောင်ရမည်။ ယင်းသို့ အတူနေသူများဟု မသင်္ကာသူများကို အိမ်များအတွင်း သို့ ဝင်ရောက်စီးနင်းရှာဖွေနိုင်သည့် အခွင့်အာဏာကို ရဲတပ်ဖွဲ့သို့လည်း ပေးထားမည်ဟု ဆိုပေသည်။

သိန်းဝင်းဇော်

အိန္ဒိယသမ္မတနိုင်ငံ။ ။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အိန္ဒိယသမုဒ္ဒရာအတွင်း၌ဖြစ်ပေါ်ခဲ့ သော ဆူနာမီရေလှိုင်းဒဏ်ကြောင့် အိန္ဒိယပြည်မကြီးရှိ အရှေ့ပိုင်းပြည်နယ်များဖြစ်သည့် တမီလ်နာဒူး၊ ကေရာလာ၊ အန္ဓရာပရဒေ့ရှ်နှင့် ပြည်ထောင်စုနယ်မြေ ဖြစ်သော ပွန်ဒီချယ်ရီတို့တွင် လူပေါင်း ၈၈၀၀ သေဆုံး ခဲ့ရသည်။ တမီလ်နာဒူးပြည်နယ်မှာ အထိအနာဆုံးဖြစ် ခဲ့ပြီး လူပေါင်း ၇၉၆၈ ယောက် သေဆုံးခဲ့ရသည်။ ဘင်္ဂလားပင်လယ်အော်ရှိ အန်ဒမန်ကျွန်းနှင့် နီကိုဘာ ကျွန်းတို့တွင် လူပေါင်းအနည်းဆုံး ၁၈၉၄ ဦး သေဆုံး ပြီး ၅၅၃၇ ဦး ပျောက်ဆုံးသည်။ ဆူနာမီရေလှိုင်းဒဏ် နှင့် နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သော မြေငလျင်ဒဏ်များ ကြောင့် အန်ဒမန်နှင့် နီကိုဘာကျွန်းတို့တွင် ဒေသခံ တိုင်းရင်းသားလူမျိုးနွယ်စုများ ပျောက်ကွယ်သွားကြပြီ ဟု



**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၊ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်တို့နှင့်အတူ တွေ့ရစဉ်**

သတင်းများ ထွက်ပေါ်သည်။ သို့သော် အိန္ဒိယ အစိုးရက အဆိုပါ လူမျိုးနွယ်စုများ မပျောက်ဆုံးဘဲ ကျန်ရှိနေသေးကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းကိုယ်တိုင် အဆိုပါ ကျွန်းသို့သွားကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ထောက်ပံ့ငွေများ ပေးခဲ့သည်။ ဆူနာမီရေလှိုင်းဒဏ်ကြောင့် ဆုံးရှုံးမှုများအတွက် ပြည်ပအကူအညီများကို လက်မခံဟု အိန္ဒိယအစိုးရက ပထမတွင် ကြေညာခဲ့သော်လည်း ရေရှည်ကာလတွင်ဘက်စုံအကူအညီများ ရရှိရေး၊ ဆူနာမီရေလှိုင်းအန္တရာယ်ကြိုတင် သတိပေးစနစ်ထားရှိရေးတို့အတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလအတွင်း ဘီဟာ၊ ဟာရီယာနာနှင့် ဂျာခန်ပြည်နယ်များတွင် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ် မေလတွင် အာဏာရလာခဲ့သော ကွန်ဂရက် (အိုင်) ပါတီဦးဆောင်သည့် ညီညွတ်သော တိုးတက်ရေး မဟာမိတ်အဖွဲ့အတွက် ပွဲဦးထွက်အင်အားစမ်းပွဲဖြစ်ခဲ့သည်။ အနောက်မြောက်ပိုင်း ဟာရီယာနာပြည်နယ်၌ ကွန်ဂရက် (အိုင်) ပါတီက ဒေသခံအိန္ဒိယအမျိုးသား လေ(ဘ်)ဒါးလ်ပါတီအပေါ် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ရှုံးနိမ့်သွားသော ဒေသခံပါတီသည် ယခင်အာဏာရပါတီဖြစ်သည့် ဘီဂျေပီပါတီ၏ မဟာမိတ်ဖြစ်သည်။ အမတ်ဦးရေ ၉၀ ရှိသော ထိုပြည်နယ် လွှတ်တော်တွင် ကွန်ဂရက် (အိုင်)ပါတီက ၆၇ နေရာ အနိုင်ရရှိခဲ့သည်။

ဇန်နဝါရီလ ၈ ရက်နှင့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့များအတွင်း ဂျမ္မူနှင့် ကက်(ရှ်)မီးယားဒေသတွင် မြို့တော်ဝန်၊ မြူနီစီပယ်ကောင်စီ၊ ကော်မတီများ ရွေးကောက်ပွဲတို့ကို ကျင်းပခဲ့သည်။ ၂၇ နှစ်အတွင်း လူထုဆန္ဒပေးရွေးကောက်ပွဲများကို ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ စစ်သွေးကြွခွဲထွက်ရေးအုပ်စုများက အကြမ်းဖက်သတ်ဖြတ်မှုများ၊ ခြိမ်းခြောက်မှုများရှိနေသည့်အကြားမှ ရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့သည်။ ဤကဲ့သို့ ရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့ခြင်းသည် ကွန်ဂရက် (အိုင်)ပါတီနှင့် ပြည်နယ်လွှတ်တော်တွင် အာဏာရပါတီဖြစ်သည့် ဒေသခံကက်(ရှ်)မီးယားပြည်သူ့ဒီမိုကရေစီပါတီတို့ အရှိန်အဝါတက်လာကြောင်းကို ဖော်ညွှန်းနေသည်။ အစွန်းရောက်ခွဲထွက်ရေးသမားတို့၏ ဩဇာကျဆင်းလာပြီး ဒေသန္တရအစိုးရအားကောင်းရေးကို ပြည်သူတို့က လိုလားကြောင်း ပြသရာလည်း ရောက်သည်ဟု အကဲခတ်သမားများက ဝေဖန်သုံးသပ်ခဲ့ကြသည်။

အိန္ဒိယအရှေ့ပိုင်းရှိ ဂျာခန်ပြည်နယ်တွင် ဖေဖော်ဝါရီလအတွင်းက ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အမတ်ဦးရေ၈၁ဦးရှိသောပြည်နယ်လွှတ်တော်၌ အမတ်ဦးရေအများဆုံး ရရှိနိုင်မည်ဟု ဂျာခန်မုက္တိမောချာပါတီခေါင်းဆောင်က တင်ပြခဲ့သဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးဆယစ် ဆစ်(ဘ်)တေးရာဇီက ထိုပါတီခေါင်းဆောင် ဆိုရင်အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် မတ်လ ၂ ရက်နေ့၌ ခန့်အပ်ခဲ့သည်။ ဂျာခန်မုက္တိမောချာပါတီသည် အာဏာရပြည်ထောင်စုအစိုးရဖြစ်နေသည့် ညီညွတ်သော တိုးတက်ရေး မဟာမိတ်အဖွဲ့၏ မဟာမိတ်ပါတီဖြစ်သည်။ အမှန်စင်စစ်ပါတီခေါင်းဆောင်ဆိုရင်သည် ပြည်နယ်လွှတ်တော် တွင် အမတ် ၂၆ ဦး၏ ထောက်ခံမဲသာရရှိခဲ့သည်။ ဤကဲ့သို့ အမတ်အများစု၏ ထောက်ခံမဲမရရှိဘဲ ပြည်နယ်အစိုးရဖွဲ့ခြင်းကို ဘီဂျေပီပါတီက ပြည်နယ်လွှတ်တော်နှင့် ပြည်ထောင်စုအောက်လွှတ်တော်တို့၌ ကန့်ကွက်ခဲ့သည်။ ဤအခြေအနေတွင် ပြည်ထောင်စုအစိုးရအဖွဲ့ကဆိုရင်ကို နုတ်ထွက်စေရန် ဖိအားပေးခဲ့ရသည်။ ဤသို့ဖြင့် ဘီဂျေပီပါတီမှ ပြည်နယ် ဝန်ကြီးချုပ်ဟောင်းဖြစ်သော အာဂျွန်းမွန်ဒါက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆက်လက်တာဝန်ယူခဲ့ရသည်။

ဘီယာပြည်နယ်တွင်လည်း ကွန်ဂရက် (အိုင်)ပါတီ၏ မဟာမိတ်ဖြစ်သော ရပ်(ရှ်)ထရီးယားဂျနာတာဒါးလ်ပါတီသည် ပြည်နယ်လွှတ်တော်တွင် အစိုးရဖွဲ့လောက်အောင် အမတ်အများစု၏ ထောက်ခံမဲကို မရရှိခဲ့ပေ။ ထို့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံတင်ပြချက်အရ အိန္ဒိယသမ္မတက ပြည်နယ်ဝန်ကြီးချုပ်ကို နုတ်ထွက်ပေးရန် အမိန့်ထုတ်ပြန်ခဲ့ရသည်။ ဘီဟာပြည်နယ်သည် အိန္ဒိယ၌ တတိယအကြီးဆုံးပြည်နယ်ဖြစ်ပြီး အုပ်ချုပ်မှုအညံ့ဆုံးပြည်နယ်အဖြစ် နာမည်ဆိုးထွက်ခဲ့သည်။ ဘီဟာ၌ မတ်လ ၇ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ်အပြောင်းအလဲဖြစ်ခဲ့သည်။

ဧပြီလ ၁၆-၁၈ ရက်နေ့များတွင် ပါကစ္စတန်သမ္မတပါဗက်(ဇ်)မူရှာရပ်(ဖ်)သည် အိန္ဒိယသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ဧပြီလ ၁၇ ရက်နေ့တွင် နယူးဒေလီ၌ ကျင်းပသော နိုင်ငံတကာခရစ်ကတ်ပြိုင်ပွဲကို ကြည့်ရှုခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်အသင်းတို့အကြား ဗိုလ်လုပွဲကို ကြည့်ခဲ့ခြင်းဖြစ်သည်။ ထိုပြိုင်ပွဲ အပြီးတွင် ပါကစ္စတန်သမ္မတမူရှာရပ်(ဖ်)နှင့် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ပူးတွဲ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်၌ နှစ်နိုင်ငံအကြားဖြစ်ပေါ်လာသည့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နောက်ပြန်ဆုတ်ရန် မဟုတ်တော့ကြောင်း၊ အကြမ်းဖက်ဝါဒ၏ နှောင့်ယှက်ဖျက်ဆီးမှုကိုခံတော့မည် မဟုတ်ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။ ပြည်နယ်ကို ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းကြောင်းနှင့် ပတ်သက်၍

သဘောတူညီမှုမရကြသေးသော်လည်း နှစ်ဖက်အကြား အပျော့နယ်နိမိတ်မျဉ်းကြောင်း (Soft border) ထားကြရန် သဘောတူခဲ့ကြသည်။

ဧပြီလ ၁၀-၁၂ ရက်နေ့များတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် အိန္ဒိယနိုင်ငံသို့ အလည်အပတ် ရောက်ခဲ့သည်။ သဘောတူစာချုပ် ၁၁ ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူစာချုပ်များတွင် ကုန်သွယ်မှုတိုးချဲ့ရေးနှင့် နှစ်နိုင်ငံအကြားနယ်နိမိတ် အငြင်းပွားနေမှုကို ဖြေရှင်းရေးလမ်းပြမြေပုံတို့လည်း ပါဝင်ခဲ့သည်။ ထိုသဘောတူညီချက်များကို "ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုတို့အတွက် မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှု"ဟု ဖော်ပြခဲ့ကြသည်။ ထို့ပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အိန္ဒိယနိုင်ငံအနေဖြင့် အမြဲတမ်းအဖွဲ့ဝင်နေရာရရှိရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မေလ ၂၁ ရက်နေ့တွင် ဒေလီမြို့ရှိ အဆင့်မြင့်တရားရုံးက ဟင်ဒူဂျာညီနောင်များအား ပူးပေါင်းကြံစည်မှုတွင် ပါဝင်ခဲ့သည်ဆိုသည့် အမှုမှ တရားသေလွှတ်ပစ်ခဲ့သည်။ ဟင်ဒူဂျာညီနောင်တို့သည် အိန္ဒိယနိုင်ငံဖွားများဖြစ်ကြသည်။

မေလ ၂၂ ရက်နေ့က နယူးဒေလီမြို့ရှိ ရုပ်ရှင်ရုံနှစ်ရုံတွင် ဗုံးပေါက်ကွဲခဲ့သဖြင့် အနည်းဆုံးလူတစ်ဦး သေဆုံးပြီး လူပေါင်း ၂၀ ဒဏ်ရာရခဲ့သည်။ ၎င်းရုပ်ရှင်ရုံနှစ်ရုံ၌ ဆစ်(ခ်)ဘာသာရေးနှင့် အမျိုးသားမာန်ကို ထိခိုက်နစ်နာစေသော ရုပ်ရှင်ကားကို ပြသခဲ့သဖြင့် ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။

ဇွန်လ ၂၉ ရက်နေ့တွင် အိန္ဒိယကာကွယ်ရေးဝန်ကြီး မူခါဂျီနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးရမ်း(ခ်)ဖဲလ်တို့သည် ကာကွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၅ ခုနှစ်၏ နောက်ပိုင်းတွင် ဤစာချုပ်သည် နှစ်နိုင်ငံအကြား ပထမဆုံးကာကွယ်ရေးစာချုပ်ဖြစ်သည်။ ဤစာချုပ်တွင် အဏုမြူနည်းပညာမှအပ အခြားကာကွယ်ရေးဆိုင်ရာအချက်အလက်များပါဝင်သည်။ လက်နက်ထုတ်လုပ်ရေး၊ နည်းပညာလွှဲပြောင်းရေး၊ ရေတပ်များကင်းလှည့်ရေး၊ ဒုံးကျည်ကာကွယ်ရေးတို့ ပါဝင်သည်။

ဇူလိုင်လ ၁၈-၂၀ ရက်နေ့များတွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် အမေရိကန်ပြည်ထောင်စုသို့ အလည်အပတ်သွားရောက်ခဲ့သည်။ အဆိုပါ ခရီးစဉ်အတွင်း အမေရိကန်သမ္မတဂျော့ဘုရှ်က အိန္ဒိယနိုင်ငံသို့ အရပ်ဘက်သုံးအဏုမြူဆိုင်ရာနည်းပညာနှင့် ယူရေနီယမ်လောင်စာတို့ကို မျှဝေပေးလိုကြောင်း ပြောကြားခဲ့သည်။ ပူးတွဲကြေညာချက်ထုတ်ပြန်ရာတွင် အဏုမြူစွမ်းအားကို အရပ်ဘက်သုံးပြုလုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ၏စိစစ်မှုကို အိန္ဒိယက ခံယူမည်ဖြစ်ကြောင်း၊ အဏုမြူလက်နက်များ စမ်းသပ်ဖောက်ခွဲမှု ထပ်မံပြုလုပ်မှုကို ထိန်းချုပ်ထားမည်ဖြစ်ကြောင်း၊ အဏုမြူနည်းပညာများကို အခြားနိုင်ငံများသို့ လွှဲပြောင်းပေးမည်မဟုတ်ကြောင်းတို့ကို ထည့်သွင်းဖော်ပြခဲ့သည်။

အောက်တိုဘာလ ၈ ရက်နေ့တွင် ပါကစ္စတန်အုပ်ချုပ်ထားသော ကက်(ရှ်)မီးယားမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ရစ်(ခ်)တာစကေး ၇.၆ ရှိသော မြေငလျင်ကြီးလှုပ်ခဲ့သည်။ လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ခဲ့သည်။ အိန္ဒိယအုပ်ချုပ်သော ကက်(ရှ်)မီးယားဘက်ခြမ်းတွင်လည်း ထိခိုက်မှုရှိခဲ့သော်လည်း ပါကစ္စတန်ဘက်ခြမ်းလောက် မများခဲ့ပေ။ ဤမြေငလျင်ဒဏ်ကို ကယ်ဆယ်ရေးလုပ်ငန်းမှာ ကြီးမားများပြောင်လှသဖြင့် နိုင်ငံတကာအကူအညီများကိုပါရယူခဲ့ရသည်။ ဤမြေငလျင်ကို အကြောင်းပြု၍ အိန္ဒိယနှင့် ပါကစ္စတန်ဆက်ဆံရေးနှင့်



ပြည်ပတွင် အကျဉ်းကျနေသော အိန္ဒိယအကျဉ်းသားများအား စက်တင်ဘာလ ၁၄ ရက်နေ့က အာမက်ဒါဘက်မီးရထားဘူတာရုံ၌ တာဝန်ရှိသူများက အကျဉ်းသားချင်း လဲလှယ်သည့်စနစ်အရ ကြိုဆိုစဉ်

ပူးပေါင်းဆောင်ရွက်ရေးတို့မှာပိုမိုတိုးတက်ကောင်းမွန်လာခဲ့သည်။ ထိန်းချုပ်ရေးမျဉ်းကြောင်းကို ဖြတ်ကျော်လျက်အပြန်အလှန်ကူးလူးဆက်ဆံမှု တိုးပွားလာခဲ့သည်။ အိန္ဒိယဘက်ခြမ်းမှ ပါကစ္စတန်ဘက်ခြမ်းကို အကူအညီများပေးခဲ့သည်။

နိုဝင်ဘာလ ၇ ရက်နှင့် ၁၆ ရက်နေ့များတွင် ကက်(ရှ်)မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်းကြောင်းပေါ်၌ ဖြတ်ကူးရေးစခန်း ၅ ခုကို ဖွင့်ပေးခဲ့သည်။ ဤသို့ဖွင့်ပေးခဲ့ခြင်းကြောင့် မြေငလျင်ဒဏ်သင့်မှုများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို သယ်ပို့နိုင်သည့်အပြင် ဒုက္ခသည်မိသားစုများ ဆက်သွယ်ရေးအတွက်လည်း ကူညီရာရောက်ခဲ့သည်။ ဤသို့ဖြင့် ကက်(ရှ်)မီးယားနှစ်ခြမ်းကွဲဒေသအတွင်းအပြန်အလှန်ဆက်သွယ်သွားလာမှုများ၌ ကန့်သတ်မှုများ လျော့ပါးသွားခဲ့သည်။

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လွှတ်တော်နှစ်ရပ်ပေါင်းထားသော ပြည်ထောင်စုလွှတ်တော်က အမတ် ၁၁ ယောက်ကို ပါလီမန်အမတ်များအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုက ၎င်းအမတ်များသည် အကျိုးအမြတ်ခံစားခွင့်ရရှိရန် သွေးဆောင်နေသည့် အုပ်စုများမှ လာဘ်ယူပြီး ပါလီမန်တွင်း၌ မေးခွန်းများမေးခဲ့သည်ဟု ဖော်ပြခဲ့သည်။ အောက်လွှတ်တော်မှ အမတ် ၁၀ ဦးနှင့် အထက်လွှတ်တော်မှ အမတ်တစ်ဦးတို့ကို အမတ်များအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ အမတ်အများဆုံး ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

**ဦးခင်မောင်မြ**

# အက္ခရာစဉ်အညွှန်း

## မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၀၆)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းအရာများ လွယ်လင့်တကူအလျင်အမြန်ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့်ဆိုင်ရာ စာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။


(က)

**ကာ**တွန်းမောင်ဝဏ္ဏ ၁၂၈၊၁၂၉။
**ကာ**တွန်းသော်က ၁၃၀။
**ကာ**ရာမီ ၂၉၅။
**ကို**ဖီအန်နန် ၁၂၊၁၈၊၁၉၊၂၁၊၂၂၊၂၇၄၊ ၂၉၆၊၃၀၃။
**ကို**ရီးယားသမ္မတနိုင်ငံ ၁၃၁-၁၃၆။
**ကို**အိဇုမိ ၂၇၊၃၅၊၁၆၆၊၁၆၇။
**ကက်**စထရို၊ ဖီဒယ်လ် ၁၀၊၂၀။
**ကောင်း**၊ဦး ၁၃၇-၁၃၉။
**က**မ္ဘာ့ဆရာများနေ့ ၁၃၉-၁၄၄။
**က**မ္ဘာ့မူပိုင်ခွင့်အဖွဲ့ချုပ် ၁၁၉။
**ကျေး**ရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ၅၈-၆၇။
**ကျော်**စိန်၊ ဒေါက်တာ ၁၄၄။
**ကျော်**ဆန်း၊ ဗိုလ်မှူးချုပ် ၁၀၊၁၅၊၂၁၊၂၂၊၂၄၊ ၂၉၊၃၄၊၃၈၊၂၀၀။
**ကျော်**ဟိုး၊ ဦး (မဟာဝိဇ္ဇာ) ၆၇။
**ကြိုင်**ကြိုင်၊ ဒေါ် ၉၊၁၆၊၂၁၊၂၅၊၃၄၊၃၇။
**ကြည်**မြ ၁၄၄၊၁၄၅။
**ကွန်**ဒိုလီဇာရိုက် (စ်) ၂၈၁၊၂၉၆၊၃၀၃။
**ကွယ်**လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ (၂၀၀၅) ၁၄၅-၁၅၃။
**ကွယ်**လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ(နိုင်ငံတကာ) ၁၅၃-၁၅၈။

(ခ)

**ခါ**မေနီ၊ အယာတိုလာအလီ ၂၈။
**ခါ**ရပ်ဇီ၊ ကမား ၂၉၇။
**ခင်**မောင်မြ၊ ဦး ၁၇၃၊၂၀၅။
**ခင်**အုန်း၊ ဦး ၂၆၈၊၂၆၉။
**ခမ်း**ငယ် ၂၆၀။
**ချင်း**တွင်းသင်္ဘောကျင်း (မုံရွာ) ၁၀၀-၁၀၅။
**ခြံ**စည်းရိုးကြက်ဆူပင်နှင့် ဘိုင်အို ဒီဇယ် ၁၅၉-၁၆၂။

(ဂ)

**ဂ**ရင်းရှိုင်းရွယ်နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ၁၆၂၊၁၆၃။
**ဂုဏ်**ထူးဆောင်ဘွဲ့များဂုဏ်ထူးဆောင် တံဆိပ်များ ၁၆၄-၁၆၆။
**ဂို**ချောက်တောင် ၁၇၈။
**ဂျ**ပန်နိုင်ငံ ၁၆၆-၁၆၉။
**ဂျာ**မနီနိုင်ငံ ၁၆၉-၁၇၃။
**ဂျာ**နန်ဒရာ ၁၉၁။
**ဂွမ်**တာနာမိုပင်လယ်အော် ၂၈၂။
**ဂွန်**ပေါ ၃၅၊၁၇၃။

(စ)

**စီ**ရိုလူလာဒါ၊ လူး(စ်)အီနာ ၂၇၃။
**စု**ပုံချစ် ၁၇၃-၁၇၅။
**စိုး**တင့် (IWT) ၁၀၅။
**စိုး**မြင့်သန်း၊ ဦး ၁၈၁၊၁၃၀။
**စိုး**ဝင်း၊ ဗိုလ်ချုပ်ကြီး ၂၃၆၊၁၁၀-၁၂၊၁၅၊၁၆၊ ၁၉-၂၁၊၂၄၊၂၇၊၂၈၊၃၁၊ ၃၃-၃၆၊၃၈၊၄၀၊၄၁။
**စိုး**အောင် ၁၄၄၊၁၅၃၊၁၆၆၊၁၈၂-၁၈၄၊ ၁၈၈၊၁၉၁၊၁၉၇၊၂၄၃၊၂၅၃၊၂၇၀။
**စင်**ကာပူနိုင်ငံ ၁၇၅-၁၈၀။
**စ**န္ဒရားချစ်ဆွေ ၁၈၀၊၁၈၁။
**စန်း**အောင်၊ဦး ၂၆၉၊၂၇၀။
**စိန်**ခင်မောင်ရီ ၁၄၅။
**စိန်**ပါတီ ၁၈၀။

(ဆ)

**ဆာ**ယာကို ၃၇။
**ဆူ**နာမီ ၇၀။
**ဆက်**ဒမ်ဟူစိန် ၂၈၈၊၃၀၁၊၃၀၃။
**ဆွေ**မင်း (ဓနုဖြူ) ၁၈၁။၁၈၂။

(ဇ)

**ဇီ**ဝလောင်စာ ၁၅၉၊၁၆၂။
**ဇော်**ဝင်းထွန်း ၁၆၃။

(ဉ)

**ဉာ**ဏပစ္စည်းများဆိုင်ရာမူပိုင်ခွင့် ၁၁၂-၁၁၉။
**ဉာဏ်**၊ မောင် ၂၇၀။

(တ)

**တ**က္ကသိုလ်ညိုညိုလေး ၁၈၂၊၁၈၃။
**တ**က္ကသိုလ်မင်းမော် ၁၈၃၊၁၈၄။
**တင်**ညို၊ ဦး ၉၉၊၁၄၃။
**တပ်**မတော်အစိုးရလက်ထက်တိုးတက် ၄၄-၅၇။
ဖြစ်ထွန်းလာသည့် တက္ကသိုလ်၊
ဒီဂရီကောလိပ်နှင့် ကောလိပ်များ

(ထ)

**ထ**ရန်ဒတ်လောင် ၂၁၂။
**ထိုင်း**နိုင်ငံ ၁၈၄-၁၈၆။

(ဒ)

**ဒ**ဂုံခင် ၁၈၀။
**ဒေ**ဗင်နဲယား ၄၀
**ဒေါက်**တာမောင်မောင်ခ ၁၈၆-၁၈၈။
**ဒေါက်**တာသာလှ ၁၈၈။
**ဒေါက်**တာသီလာနန္ဒာဘိဝံသ ၁၈၉။
**ဒေါက်**တာသန်းထွန်း ၁၉၀၊၁၉၁။
**ဒေါင်း**နွယ်ဆွေ ၁၄၅။
**ဒစ်**ချေနီ ၂၉၁။

(န)

**နီ**ပေါနိုင်ငံ ၁၉၁-၁၉၄။
**နိုင်**ငံတကာစာတတ်မြောက်ရေးနေ့ ၁၉၄-၁၉၇။
နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး
ဆယ်စုနှစ်
**နွေ**သင်နိုင် ၁၁၁၊၁၂၉၊၁၄၅။
**နွန်**ဒတ်မန် ၃၀၉။
**၂၃** ကြိမ်မြောက်အရှေ့တောင် ၁၉၇-၁၉၉။
အာရှအားကစားပြိုင်ပွဲ

**၂၀၀၅** ခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့ ၆၈-၇၉။
ခဲ့ရသော သဘာဝဘေးဒဏ်များ

(ပ)

**ပ**ခုက္ကူဦးအုံးဖေစာပေဆု ၂၀၀-၂၀၃။
**ပူ**တင်၊ ဗလာဒီမာ ၁၉
**ပက်**(စ်)စီကို၊ မဟင်ဒါရာ ၃၈။
**ပေါင်း**လောင်းရေလှောင်တမံဘက်စုံ ၂၄၈။
စီမံကိန်း
**ပြင်**သစ်သမ္မတနိုင်ငံ ၂၀၃-၂၀၅။

(ဖ)

**ဖိ**လစ်ပိုင်နိုင်ငံ ၂၀၆-၂၀၉။
**ဖု**ကုအိုကပညာရှင်ဆုရ ၂၀၉-၂၁၂။
မြန်မာနိုင်ငံသား
**ဖောက်**၊ ဗစ်စင်တီ ၂၇၃။
**ဖန်**ဗန်ခိုင် ၁၃၄၊၂၁၂၊၂၁၄၊၃၀၉။
**ဖွံ့**ဖြိုးတိုးတက်လာသောမြန်မာ့ ၁၀၆-၁၁၁။
ဂျာနယ်လောက

(ဗ)

**ဗီ**ယက်နမ်နိုင်ငံ ၂၁၂-၂၁၈။
**ဗု**ဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ ၂၁၈-၂၂၉။
ပြန့်ပွားရေးဆောင်ရွက်ချက်များ (၂၀၀၅)
**ဗန်**ကီးမွန် ၁၃၂၊၁၃၃။

(ဘ)

**ဘ**လဲ၊ တိုနီ ၂၆၅၊၂၉၆။
**ဘာ**ဒါဝီ၊ ဒါတိုဆရီအဗ္ဗဒူလာ ၄၀၊၄၁၊၂၃၀၊၂၃၁၊
ဘင်ဟာဂျီအာမက် ၃၀၉၊၃၁၁။
**ဘု**(ရှ်)၊ ဂျော့ ၂၇၄၊၂၈၁၊၂၈၅၊၂၈၈၊၂၈၉၊၂၉၅။
**ဘဲ**(လ်) ဂိတ်(စ်) ၅။
**ဘို**(လ်)တန်၊ ဂျွန် ၂၈၃၊၂၈၆၊၂၈၇။
**ဘိုင်**အိုဒီဇယ် ၁၆၂။

(မ)

**မ**ခင်နွဲ့ဟန်ကြည် ၂၂၉။
**မ**လေးရှားနိုင်ငံ ၂၃၀-၂၃၆။
**မ**သစ္စဝါဒီ ၂၂၀-၂၂၁။
**မာ**မွတ်အမာဒင်ဂျက် ၂၂၊၂၃။
**မိ**မိခင်၊ ဒေါ် ၂၃၆၊၂၃၇။
**မီ**ကာတီ၊ နာဂျစ် ၁၉။
**မူ**ဘာရက် ၂၉၉။
**မူ**ရှာရက်(ဖ်)၊ ပါဗက်(ဇ်) ၃၁၊၃၁၅။

**မူး**ယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေ
သော ဆေးဝါးများအန္တရာယ်
တားဆီးကာကွယ်ရေး
နိုင်ငံ) (၂၀၀၅)
**မောင်**ဆုရှင် ၃၉
**မောင်**မောင်မြင့်သိန်း ၁၂၆။
**မောင်**အေး၊ ဒုတိယဗိုလ်ချုပ်မှူးကြီး ၂၆၊၁၁၊၁၂၊
၁၄-၁၆၊၁၉-၂၁၊၂၈၊၃၂၊
၃၃၊၃၅၊၃၈၊၄၀၊၄၂။
**မန်**မိုဟန်ဆင်း ၁၆၊၂၄၊၃၁၆။
**မျိုး**မျိုးကြည် ၂၀၃။
**မြ**သီရိ ၁၇၅။
**မြင့်**ကြိုင် ၈၇။
**မြန်**မာနိုင်ငံတော်၊ ပြည်ထောင်စု ၂၄၄-၂၅၃။
**မြန်**မာနိုင်ငံအမျိုးသမီးရေးရာ ၂၅၃-၂၅၉။
အဖွဲ့ချုပ်နှင့် မြန်မာအမျိုးသမီးများနေ့
**မြန်**မာ့ရုပ်ရှင်ထူးချွန်ဆု ၂၅၉-၂၆၀။
**မြန်**မာ့သမိုင်းဝင်မြန်မာနိုင်ငံတွင် ၂၆၁-၂၆၄။
အရှည်ဆုံးတံတား

(ယ)

**ယူ**ဒိုယိုနို၊ ဆူဆီလိုဘမ်ဘန်း ၆၊၂၁၄၊၂၄၄၊၃၀၇၊
၃၀၉၊၃၁၀။
**ယူ**နိုက်တက်ကင်းဒမ်းနိုင်ငံ ၂၆၄-၂၆၈။

(ရ)

**ရာ**မညကိုကိုနိုင် ၂၆၈၊၂၆၉။
**ရဲ**လွင်၊ ဦး ၁၃၆၊၁၆၉၊၂၆၈။
**ရို**မူဟွန်း ၁၃၂၊၁၃၅၊၁၃၆။
**ရမ်း**(စ်)ဖဲ(လ်)၊ ဒေါ်နယ်(လ်) ၂၈၁။
**ရှာ**ရွန် ၂၉၅-၂၉၇။
**ရှီ**ယာဗို၊ တယ်ရီ ၂၈၅။
**ရှိ**ရတ် ၂၀၄၊၂၀၅။
**ရွှေ**ကည်စံ ၂၆၉၊၂၇၀။
**ရွှေ**ဒေါင်းညို ၂၇၀-၂၇၂။

(လ)

**လီ**ရှန်လွန်း ၁၅၊၁၇၅၊၁၇၈၊၁၇၉။
**လီ**သောချန် ၁၃၄။
**လီ**ဟောချန်း ၂၁၄။
**လူ**တိုင်းအကျုံးဝင်ပညာရေး ၈၈-၉၉။
**လက်**တင်အမေရိကနိုင်ငံများ ၂၇၂-၂၇၆။

(ဝ)

**ဝါ**တားဂိတ်အရှုပ်တော်ပုံ ၂၈၈။
**ဝိုက်**ပို ၁၁၈။
**ဝမ်**ကျားပေါင် ၄၁၊၁၆၈၊၂၇၄။
**ဝမ်**ကျောက်ဂေါ် ၂၄၄။

(သ)

**သိ**ကောင်းစရာဒစ်ဂျစ်တယ်နည်းပညာ ၁၂၀-၁၂၆။
**သု**ခ၊ ဦး ၂၇၆-၂၇၈။
**သူ**ရရွှေမန်း၊ ဗိုလ်ချုပ်ကြီး ၃၃၊၄၁။
**သ**စ္စာ ၁၈၉။
**သန်း**ရွှေ၊ ဗိုလ်ချုပ်မှူးကြီး ၁၊၂၆၊၇၉၊၁၁၊၁၃၊၁၅၊
၁၆၊၁၉၊၂၂၊၂၃၊၂၅၊၂၆၊
၂၈၊၃၂-၃၄၊၃၆-၃၈၊၄၂၊၂၄၄၊၂၄၅။
**သန်း**ဦး၊ ဦး ၉၉။
**သိန်း**စိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ၁-၅၊၇၊၈၊၁၁၊၁၂၊
၁၅၊၁၈-၂၂၊၂၄-၂၆၊၂၈၊၃၀-၃၂၊
၃၄-၃၆၊၃၈၊၄၁၊၄၂၊၂၀၀၊၂၉၁။
**သိန်း**ဝင်းဇော် ၁၈၀၊၁၈၆၊၂၀၉၊၂၁၈၊၂၃၆၊၃၁၃။
**သီ**ပွဲစိုးမြင့်နိုင် ၁၆၂။

(ဟ)

**ဟူ**ကျင်တောင် ၂၃၊၂၄၄။
**ဟွန်**ဆန် ၁၈၅၊၂၁၂။

(အ)

**အ**ကြိမ် (၃၀)မြောက်ကာတွန်း ၂၇၈-၂၈၁။
ဆရာကြီးများဂါရဝပြုကန်တော့ပွဲ
**အ**ဇစ်၊ ရှောကတ် ၁၉၊၂၃။
**အ**ဘူမာဇင်၊ မာမွတ်အဘတ်(စ်) ၂၉၅-၂၉၈။
**အ**မေရိကန်ပြည်ထောင်စု ၂၈၁-၂၉၁။
**အ**မျိုးသားစာပေဆု၊ တစ်သက်တာ ၂၉၁-၂၉၄။
စာပေဆု၊ စာပေဗိမာန်စာမူဆု
**အ**မျိုးသားပြတိုက်ပြပွဲများ ၈၀-၈၇။
**အ**ရှေ့အလယ်ပိုင်းဒေသ ၂၉၄-၃၀၀။
**အီ**ရတ်နိုင်ငံ ၃၀၀-၃၀၅။
**အေး** (ရန်ကုန်တက္ကသိုလ်) ၂၁၂။
**အေး**မြင့် (စာကြည့်တိုက်မှူး) ၁၈၈။
**အေး**မြင့်၊ ဒေါ် (ပညာတန်ဆောင်) ၁၃၉။
**အေး**အေးမြင့်၊ ဒေါ် ၅၇။
**အင်**ဒိုနီးရှားနိုင်ငံ ၃၀၆-၃၁၃။
**အိန္ဒိ**ယသမ္မတနိုင်ငံ ၃၁၃-၃၁၇။
**အုန်း**လွင်၊ ဦး ၇၉။